a w w k y u u   m e d i a

awwkyuu MEDIA

ဖြစ်ရပ်မှန်ကို အခြေခံသော

# ဝိညာဉ် ဝတ္ထုတိုများ

## အတွဲ(၁)



မောင်ရည်ကျော်(ရှပ)၊ ဂျေးလ်ဆယ်လီကျော်ဝင်း၊ ကိုဦး(လှိုင်ကော်)၊
နီမင်းညို၊ ရဲကျော်၊ ခင်မောင်ထွန်း (အကျဉ်းဦးစီး)၊ မောင်မောင်ဝင်း၊
သီလဝ ၊ ထောင်မှူးကြီးကိုကို၊ ရွှေသုန္ဒရီ (သလ္လာဝတီ)

awwkyuu MEDIA

ဖြစ်ရပ်မှန်ကိုအခြေခံသော

# နရသိန်

ဝတ္ထုတိုများ
အတွဲ(၁)



မောင်ရည်ကျော်(ရှုပ)၊ ဂျေးလ်ဆေးယ်လီကျော်ဝင်း၊ ကိုဦး(လှိုင်ကော်)၊
နီမင်းညို၊ ခိုကျော်၊ ခင်မောင်ထွန်း(အကျဉ်းဦးစီး)၊ မောင်မောင်ဝင်း၊
သီလဝ ၊ ထောင်မှူးကြီးကိုကို၊ ရွှေသုန္ဒရီ(သဏ္ဍာဝတီ)




## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ • ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)
တန်ဖိုး • ၄၅၀၀ ကျပ်
ထုတ်ဝေသူ • ဦးသိန်းဝင်း၊ ပပဝင်း (၀၀၂၈၄)
အမှတ်(၃၇)၊ အနော်မာ၁၉လမ်း၊ သာကေတ။
ပုံနှိပ်သူ • အောင်စည်ပင်း (၀၁၅၀၁)
၂၅၇၊ အောင်ဇေယျာလမ်း၊ ဒဂုံဆိပ်ကမ်း။
အဖုံးနှင့်အတွင်း • သိန်းဝင်း(အောင်မြင့်မိုရ်)
စာအုပ်ချုပ် • ကိုမျိုးသန်း
စီစဉ်သူ • နီမင်းညို
ဖြန့်ချိရေး • နေခြည်သစ်စာပေ
ဖုန်း - ၀၉ ၅၁၉ ၂၄၉၅၊ ၀၉ ၇၆၄ ၇၂၀ ၂၅၆
• အော်ကျူး မီဒီယာ ဖုန်း - ၀၉ ၅၁ ၇၆၉၃၆

# စီစဉ်သူ၏အမှာစာ

အကျဉ်းထောင်နှင့်ပတ်သက်သော အဖြစ်အပျက်များကို အကျဉ်းထောင်စာရေးဆရာများမှ ရေးသားကြပြီး မိမိမှ စီစဉ်၍ စာအုပ်ထုတ်ဝေခဲ့သည်မှာ ၃အုပ်ရှိပြီဖြစ်ပါသည်။ ဤစာအုပ်များကို စီစဉ်ထုတ်ဝေရာတွင် အကျဉ်းဦးစီးဌာနအတွက် သမိုင်းမှတ်တမ်းများအဖြစ် ကျန်ရှိစေရန်၊ အကျဉ်းဦးစီးဌာနနှင့် ပတ်သက်၍ ပြည်သူလူထု သိသင့်သည်များကို အသိပေးရန်၊ ရာဇဝတ်မှုများနှင့် ပတ်သက်၍ ပညာပေးရန်၊ အကျဉ်းဦးစီးဌာနမှ အရာရှိများ၊ ဝန်ထမ်းများ သင်ခန်းစာ ရရှိနိုင်စေရန်နှင့် အသိတိုးပွားစေရန် ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း ယခင်စာအုပ်များတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်စာဖတ်ဝါသနာပါသည်။ ငယ်စဉ်ကလေးဘဝကတည်းကဘားမားစတား၊ ဖလင်စတား၊ ဗိုလ်ပုချို၊ ဒီလုံးတို့မှစပြီး ခေတ်အဆက်ဆက် ဘာသာရပ်အစုံ စာအုပ်များဖြင့် ဖြတ်သန်းခဲ့သည်။ ဖတ်မိသမျှ စာအုပ်တွေထဲမှာ အကျဉ်းဦးစီးဌာနနှင့် ပတ်သက်သော စာအုပ်များလည်းပါသည်။ ဆရာကြီးရန်အောင်မောင်မောင်၊ ဆရာကျော်မြသန်း၊ ဦးနုတို့ခေတ်မှသည် ယနေ့ကာလ ဆရာဖေယျာမင်းသျှင်၊ ထောင်မှူးကြီးသိန်းဝင်း၊ ဆရာကြီးဦးစိန်ငွေးတို့ စာအုပ်များအထိ ကျွန်တော် ဖတ်မိနေခဲ့ပါသည်။

အကျဉ်းထောင်စာရေးဆရာများရေးသော စာများနှင့် ပတ်သက်၍ ထူးခြားမှုတွေ တွေ့ရပါသည်။ အများအားဖြင့် တကယ့်ဖြစ်ရပ်မှန်များကို အခြေခံ၍ ရေးသားကြသည်ကို တွေ့ရပါသည်။ အခြေအနေ အချိန်အခါအရ အချို့ နာမည်ပါထည့်ပြီး ပွင့်လင်းစွာ ရေးသည်။ အချို့က ထိန်းထိန်းသိမ်းသိမ်း ရေးကြသည်။ အချို့က ဖုံးဖုံးဖိဖိနှင့်ရေးသည်။ သူ့ခေတ်နဲ့ သူပင်။ ယခုစာအုပ်မှာ "ဖြစ်ရပ်မှန်ကို အခြေခံသော နရသိန်ဝတ္ထုတိုများ အတွဲ(၁)"ဟု အမည်ပေးထားပါသည်။ ကျွန်တော့် စာရေးသူတွေက အငြိမ်းစား အရာရှိများ၊ ဝန်ထမ်းများ ဖြစ်သဖြင့် သူတို့စာမှ သူတို့ တာဝန်ယူနိုင်ကြပါသည်။ အချို့သော ပြင်ပ စာရေးဆရာ

တွေလို အကြားနဲ့ရေး၊ အပိုဆာဒါးတွေထည့်၊ လိုတိုးပိုလျှော့တွေလုပ်ပြီး ရေးကြတာမျိုးတွေ မဟုတ်ကြပါ။ ဒီတော့ သူတို့ရေးသော သူတို့စာတွေက အဖြစ်မှန်တွေဖြစ်ပြီး ခိုင်၏။ မှတ်တမ်းတွေလည်း ကောင်းကြ၏။ ကျွန်တော် အကျဉ်းဦးစီးဌာနသို့ ရောက်ရှိသည့်အခါ ဝန်ကြီးက "အကျဉ်းဦးစီးဌာနမှာလုပ်မယ်ဆိုရင် အကျဉ်းဦးစီးဌာနအကြောင်း၊ ထောင်အကြောင်း သိဖို့လိုတယ်၊ အဲဒီတော့ မင်းဆရာကြီး ရန်အောင်မောင်မောင်ရေးတဲ့ ထောင့်တစ်သက်အတွေ့အကြုံစာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ပါ"ဟု လမ်းညွှန်သည်။ သို့ဖြစ်ရာ ဆရာကြီး ရန်အောင်မောင်မောင်စာအုပ်ကို ချက်ချင်းဝယ်၍ အလေးထားကာ ဖတ်ရှုလေ့လာခဲ့ပါသည်။ ဖြစ်စဉ်တွေပေါ်မှာ ဆရာကြီး ဘယ်လိုစဉ်းစားသလဲ၊ ဘယ်လိုဆုံးဖြတ်သလဲ၊ ဘယ်လိုပုံစံနဲ့ရေးသလဲ စတာတွေ သိရပါသည်။

အဲဒီမှာ တွေ့ရတာတစ်ခုကတော့ ထောင်နှင့်ပတ်သက်သော စာများ ရေးရ၊ ထုတ်ဝေရသည်မှာ များစွာ တာဝန်ကြီးခြင်းပင် ဖြစ်ပါသည်။ လွတ်အောင်ရေးတတ်၊ စီစဉ်ထုတ်ဝေတတ်ဖို့ လိုပါသည်။ တစ်ခါတလေလည်း ကိုယ်ပေးချင်သော Message အတွက် စွန့်စားရတတ်ပါသည်။ ပြီးတော့ကျင့်ဝတ်တွေကလည်းရှိသည်။ ဒါတွေကိုလည်း လိုက်နာရပါသေးသည်။ ရေရှည်ရပ်တည်သွားနိုင်ဖို့ကလည်း အရေးကြီးပါသည်။ ဒီတစ်ခါတော့ ကျွန်တော့် စာရေးသူများကို တောင်းပန်စရာရှိလာပါသည်။ သူတို့ပေးချင်သော Message တွေက တန်ဖိုးကြီးသဖြင့် ကျွန်တော်လက်မလွှတ်ချင်ပါ။ သုံးချင်ပါသည်။ သို့သော် အထက်ကဖော်ပြထားသော အကြောင်းအချက်များကြောင့် အချို့သော စာပိုဒ်များ၊ စာကြောင်းများကို ဝမ်းနည်းစွာဖြတ်တောက်လိုက်ရခြင်းအား နားလည်ခွင့်လွှတ်ပေးကြစေလိုပါသည်။ စာရှုသူပရိသတ်များအတွက်ကိုမူ အရသာမပျက်အောင် အကောင်းဆုံး ကြိုးစား စီစဉ်ထားပါသည်။ ရင်တွင် တစ်စုံတစ်ရာကို နင့်သီးစွာ ခံစားရလိမ့်မည်ဟု တာဝန်ယူပါသည်။ ပေးရသည်ထက်ပို၍ ရပါလိမ့်မည်ဟုလည်း တာဝန်ယူပါသည်။

ချစ်ခင်လေးစားစွာဖြင့်
နီမင်းညို

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ရွှေပြည်ဌာန ဝေးသော်ငြား | မောင်ရည်ကျော်(ရှုပ) | ၁ |
| ၂။ | အေးချမ်းပါစေ အေးချမ်း | ဂျေးလ်ဆယ်လီကျော်ဝင်း | ၂၇ |
| ၃။ | ကျွန်တော်နှင့်နောက်ပိုးစခန်း | ကိုဦး(လှိုင်ကော်) | ၆၃ |
| ၄။ | ချစ်လှူမိုက်နှင့်ထောင်ပိုင်များ | နီမင်းညို | ၈၁ |
| ၅။ | ဒေးဗစ်ချမ်း | ရဲကျော် | ၉၇ |
| ၆။ | မနောမြေလမ်းစခန်းမှ အတွေ့အကြုံအပိုင်းအစများ | ခင်မောင်ထွန်း(အကျဉ်းဦးစီး) | ၁၁၁ |
| ၇။ | နန်းစံတဲ့နမ့်စန် | မောင်မောင်ဝင်း | ၁၅၇ |
| ၈။ | နရသိန်တောတွင်းတစ်နေရာမှ အသက်လုပွဲ | သီလဝ | ၁၇၃ |
| ၉။ | တစ်ခါကလွန်ကျော်ရက်စွဲများ | ထောင်မှူးကြီးကိုကို | ၁၇၉ |
| ၁၀။ | ကျွန်မနဲ့အဝေးဆုံးသူများ | ရွှေသုနှရီ(သလ္လာဝတီ) | ၂၂၇ |




# ရွှေပြည်ဌာန ဝေးသော်ငြား…

ဝေးကွာခဲ့ရသည်မှာ နှစ်ပေါင်း နှစ်ဆယ်နီးပါးရှိခဲ့ပြီဆိုသည့်တိုင် စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပင် ထင်မှားမိနေဆဲ….။

နေရာအသစ်၊ ဘဝသစ်တွင် နေသားကျစပြုပြီဆိုခဲ့သော်ငြား ရုံဖန်ရံခါ တိုက်ဆိုင်မှုတို့ ကြုံတွေ့လေတိုင်း ရင်လှိုင်းထမျှ ပြန်ပြောင်းသတိရ လွမ်းနေတတ်သေးသည်..။

ကြိုးကြားကာလ စာရေးစာဖတ်မလုပ်ဖြစ်၍ အားလပ်နေချိန်များတွင် ကိုယ်ဖာသာတွေးတော ငေးမောမိလေတိုင်း နှစ်ပေါင်းနှစ်ဆယ်၏ ဟိုဘက်ကာလများ၏ အတိတ်ပုံရိပ်တို့က ရင်မှာ နိမိတ်ထင် တိုးဝှေ့ဝင်ရောက် လာတတ်သေးသည်။ တစ်ခါတလေမှာတော့ သန်းခေါင်ညဉ့်နက် အိပ်မက်ကမ္ဘာဆီသို့ ဝင်လာနှိပ်စက်၍ အိပ်ပျက်ညတွေပေးတတ်ဆဲပါ…။

လူလားမြောက်စ၊ ဘဝခြေလှမ်း၏ ပဏ္ဍာမကာလ တစ်ဆယ့်ရှစ်နှစ်သားအရွယ် အသိမကြွယ် နုနုနယ်နယ်အချိန်မှအစပြုကာ နှစ်ပေါင်းအစိတ် တိုင်တိုင် ရင်းနှီးကျွမ်းဝင် သံယောဇဉ်ကြီးခဲ့ရာ ဆိုပြန်တော့လည်း အလွယ်တကူ မေ့မရ အတိတ်ပြည်ဖုံးကားချမရခြင်းအတွက် ဖာသာအပြစ်ဆို၍ မရစကောင်း။

ကိုယ်တည်ခဲ့သည့်ဘုရား ကိုယ့်ဘာသာ အထွဋ်ထား ထီးတင် ကြည်ညိုချင်မိသည့် ပုထုဇဉ်လူသားစိတ်အပြင် သံယောဇဉ်နှယ် ခင်တွယ်တတ်လွန်းသည့် ပျော့ညံ့ပင်ကိုယ်စိတ်ရင်း ကိုယ့်ရင်တွင်း ဝေဒနာကို ကိုယ်သာလျှင် အသိဆုံး ဆိုပြန်တော့လည်း…

ခက်ပဲ ခက်ရချည်ရဲ့လေ….။

♦ ♦ ♦

လောကသဘာဝ လူ့ဌာနတွင် မစည်ကားအပ်သောနေရာ ဌာနသုံးမျိုးရှိသည်ဟု ကြားဖူးနားဝရှိခဲ့သည့်အထဲတွင် လူအများစုရှောင်ရှားရာအဖြစ် အကျဉ်းထောင်(သို့မဟုတ်)နရသိန် ပါ/မပါဆိုသည်ကို ဂဏာသေချာ မလေ့လာခဲ့စဖူး…။

ဖတ်ဖူးမှတ်ဖူးသမျှ ဆရာ့ဆရာတွေ၏ စာတွေပေတွေထဲမှာတော့ ရှေးပဝေသဏီကာလ မြန်မာဘုရင်များလက်ထက်တော်အခါကပင် ကြေးတိုက်ခေါ်

နရသိန်ဟူ၍ ရှိခဲ့ကာ နှောင်းကာလများတွင် အကျဉ်းထောင်တဖြစ်လဲ ပြောင်းလဲမှုအဖြစ် နယ်ချဲ့တို့၏ ကျူးကျော်စစ်ပွဲသုံးပွဲနှင့်အတူ မြန်မာနိုင်ငံ တစ်နံတစ်လျားအနှံ့အပြား ပေါ်ပေါက်ခဲ့ကြသည်ဟု အဆိုရှိသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အကျဉ်းထောင်အဖြစ် ၁၈၂၅ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် စစ်တွေအကျဉ်းထောင်မှစကာ သူ့ကျွန်ဘ၀ ကိုလိုနီကာလတွင် အလျှိုလျှို ပေါ်ပေါက်တည်ဆောက်ခဲ့သည့် ထောင်ပေါင်းများစွာမှအစ လွတ်လပ်ရေးသည်ဘက်ခေတ် တော်လှန်ရေးကောင်စီကာလ ၁၉၆၂ ခုနှစ်နောက်ပိုင်း သန္ဓေတည်ဖြစ်တည်ခဲ့သည့် ပုလဲ-ဂန့်ဂေါလမ်းဖောက်လုပ်ခဲ့ရာ ပြည်သူ့အကျိုးပြုတပ်ဖွဲ့ (ရဲဘက်)စခန်းများအလယ်၊ မျက်မှောက်ကာလအထိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်အလုပ်စခန်းများအဆုံး အကျဉ်းဌာနသမိုင်းသည် စာတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းပြုချင်စရာ ကောင်းလောက်အောင်ပင် ရှည်လျားကာလတစ်လျှောက် ဖြစ်တည်ပေါ်ထွန်းခဲ့သည်။

ဘ၀၏ မေ့မရသည့် ဖြစ်စဉ်ဖြစ်ရပ် အမှတ်တရများစွာသည် နရသိန်အစ ကုန်ထုတ်စခန်းအဆုံး ရုံးဌာနများနှင့် ဆက်နွယ်သက်ဆိုင် အကြောင်းတိုက်ဆိုင်နေပြန်တော့လည်း····

ချဖူးသည့်ရေစက်··· ပန္နက်ဖူးသည့် သစ္စာသံသရာမှာ ကာလအဆက်ဆက်ကပင် နွယ်ယှက်ဆက်သွယ်ခဲ့သည် ထင်ပါသည်လေ···။

◆ ◆ ◆

သန်းခေါင်ကျော်ခဲ့ပြီ···

နန်းမြင့်မျှော်စင်ဆီမှ ဗဟိုရ်စည်ဆော်ခဲ့ပြီးသည်ပင် အတန်ကြာခဲ့ချေပြီကော···

ကောင်းကင်တွင် ကြည်လင်၍ တိမ်မျှင်တစ်စနှစ်စရှိရာ ဆန်းစလရောင်သည် ငွေချည်မျှင်တို့ ကြဲဖြန့်လျက် အေးချမ်းစွာလင်းလျက်ရှိသော်ငြား ကျော်စွာငယ်၏ ရင်တွင်း၌ မအေးချမ်းနိုင်···။

သန်းခေါင်ယံ လေပြည်နှော့နှော့တွင် ညမွှေးပန်းရနံ့နှင့် ဆိတ်ဖလူးပန်းရနံ့သင်းသင်းအပြင် ရင်ထွေးညို၏ ပါးပြင်မို့မို့မှ ခွေဘိုသနပ်ခါးရနံ့တို့ပါ နှလုံးသွေးအေးချင်စရာ သင်းပျံ့လွင့်မြောနေသော်ငြား နှစ်ဦးသားသတိမမူမိကြ···။

"စဉ်းစားပါဦး လုံမငယ်···ကိုရင့်တွင်သော်ကော···အမိအဘဆွေမျိုးတို့တွင်သော်ကော စိုးစဉ်းမျှ အပြစ်ဆိုစရာ အနာအဆာမရှိခဲ့ပါသော်ကော···"

တိုးညှင်းတိမ်ဝင် ဖျော့တော့သည့် အပယူခံစကားမှန်းသိသော်ငြား လရောင်တွင် တလက်လက်အရောင်ထွက်နေသည့် ရှင်ထွေးညို၏မျက်ဝန်းအစုံ၌ ပြင်းထန်သော စိတ်သဏ္ဍာန်တို့ ထင်ဟပ်နေမှုမှာ လျော့ပါးမသွား…။

"ကိုရင့်ကို လုံမ ပြောပြီးပါပြီကော… ကိုရင့်အနေနဲ့ပဲဖြစ်ဖြစ် မိသားစုညာတကာနဲ့အနေနဲ့ဖြစ်ဖြစ် လုံမအပါအဝင် အဘနဲ့အမိတို့အနေနဲ့ ကဲ့ရဲ့တင်းဆိုငြင်းဖွယ်ရာမရှိပါဘူးလို့…ကိုရင်သာ ကြေးတိုက်တော်အမှုထမ်းဘဝက သံတော်ဦးတင်နှုတ်ထွက်ခဲ့ရင် အားလုံးအဆင်ပြေပြီး ရွှေလမ်းငွေလမ်းဖောက်ရုံပဲဆိုတာ ပြောခဲ့ပြီပဲ"

"ကြေးတိုက်တော် အမှုထမ်းဆိုတာလည်း မင်းခယောက်ျားပေပဲ လုံမယ်… ဦးရီးတော်လည်း ခြောက်ရွာအုပ် သူကြီးမင်းပီပီ သိလောက်ပါပေတယ်…။ ကိုရင်တို့ ထောင်သင်းမှူးကြီး မင်းကြီးနဝဒေးဆိုရင် မင်းတရားကြီး စည်သူကျော်ထင် ကိုယ်တော်တိုင် သက္ကရာဇ် ၉၀၇ ခုနှစ်မှာ ထောင်သင်းမှူးကြီးရာထူးနဲ့ သူကောင်းပြု ချီးမြှောက်ခံခဲ့ရတာပါ…။ အခြားတစ်ဖက်မှာလည်း ပျို့ကဗျာ၊ အလင်္ကာတွေ ရေးဖွဲ့ဆက်သွင်းရာမှာ ပြိုင်စံရှားသူမို့ ပြည်နဝဒေးကြီးရယ်လို့ ကျော်ကြားခဲ့ပေတာဘဲ… ဂုဏ်မနိမ့်ပါဘူး၊ လုံမရယ်…"

"အို…အဲ့ဒါတွေ လုံမ မကြားလိုဘူးကိုရင်… လုံမကတော့ ကြေးတိုက်တော်အမှုထမ်းဆိုတာကလည်း ပါးကွက်အာဏာသားရယ်လို့ပဲ သတ်မှတ်တယ်… ဒီလိုအမှုထမ်းကတော်မျိုးဘဝနဲ့ ရပ်ထဲရွာထဲမှာ မျက်နှာအောက်ချလို့ ညိုးညိုးငယ်ငယ်နဲ့ မနေလိုဘူး ကိုရင်…"

"ရှူး…တိုး တိုး… လုံမငယ်…"

စိတ်ဆောင်သဖြင့် တိတ်ဆိတ်သောညချမ်းတွင် အသံကျယ်သွားသောကြောင့် အလန့်တကြား ကျော်စွာငယ် သတိချပ်သော်ငြား နောက်ကျခဲ့ချေပြီ… အိမ်တော်ပေါ် ဆင်ဝင်ခန်းဆီမှ ရှင်ထွေးညို၏ဖခင် ခြောက်ရွာအုပ်သူကြီးမင်း၏ ချောင်းဟန့်သံနှင့်အတူ ကညင်ဆီမီးတိုင်ထွန်းညှိလိုက်သဖြင့် လက်ကနဲ့ အလင်းရောင်ဖျော့ဖျော့တို့ လင်းလက်လာသည်…

"ခက်ကြပြီကော ကိုရင်… အမြန်ပြန်ပါဘိ…"

ရှင်ထွေးညို ပြောပြောဆိုဆိုဖြင့် အိမ်အောက်ဆီသို့ အပြေးဝင်သည်။

ကျော်စွာငယ် စပါးကျီဘေးမှ ခြံထောင့်မလွယ်ပေါက်ဆီသို့ ပိန္နဲပင်နှင့် သရက်ပင် ရိပ်တို့ကို ခိုကာ သွက်သွက်ပြေးရသည်…

"လုံမ… လုံမ… ရွာဆော်နဲ့ သူရင်းငှား ငပလွေတို့ ထကြစမ်းဟဲ့… ခြံထဲက လူသံကြားသလားလို့… ထွက်ကြစမ်းဟဲ့…"

နောက်ပိုင်းဆီမှ ကျွတ်စီညံသည့် လူသံနှင့် ကညင်ဆီမီးရောင်များကြောင့် ကျော်စွာငယ် မလွယ်ပေါက်ဆီတိုးထွက်သည့်အခိုက် ရှေ့ဆီမှ လှုပ်ရှားသံကြောင့် မော်အကြည့်တွင် လရောင်အောက်မှာ ပျိုးပြက်သွားသည့် ဓားသွား၏ လှုပ်ရှားမှုကို မြင်လိုက်ရ၍ ငုံ့ရှောင်လိုက်သော်ငြား…

"အား….."

◆ ◆ ◆

"ဆရာ… ဆရာ… ဘာဖြစ်တာလဲ…"

"ဆရာ… ဆရာ… ဘာတွေ အော်နေတာလဲ…."

"ဟင်…ဟင် အောင်ရွှေလား"

သတိဝင်လာသည့်အချိန် ဖျပ်ခနဲ လင်းလာသည့် ဘတ္တရီ မီးရောင်အောက်မှ မိမိကို စိုးရိမ်တကြီး ငုံ့ကြည့်နေသည့် တပည့်ကျော် အောင်ရွှေနှင့် တင်ဝင်း…

"ဘာမှမဖြစ်ပါဘူး…အိပ်မက်ဆိုးတွေမက်ပြီး ယောင်နေတာပါကွာ…"

"တင်ဝင်းငှဲ့ပေးသည့် ရေတကောင်းမှ ရေအေးအေးကို သောက်လိုက်တော့မှ တဆတ်ဆတ်ခုန်နေသော နှလုံးခုန်သံတို့ ပုံမှန်ပြန်ဖြစ်စပြုသည်…

"တော်ပါသေးရဲ့ ဆရာရယ်… ဆရာဆီက အော်သံကြားလို့ ကျွန်တော်တို့ နှစ်ယောက်စလုံး လန့်နိုးပြီး ပြေးဝင်လာကြတာ…"

တပည့်ကျော်များကို ပြန်အိပ်စေလိုက်ပြီး အိပ်ယာပေါ်မှ ဆင်းကာ အိမ်ရှေ့ ခန်းဘက်ထွက်ခဲ့တော့ စားပွဲတင်နာရီလက်တံများက သန်းခေါင်ယံ အချိန်သို့ ပြလျက်ရှိသည်။

မနီးမဝေး ဆူးကြိုးဆီမှ ကုလားတက်ခေါက်သံနှင့် ညကင်းဘာယာတို့ သတင်းပို့သံများအဆုံး ဗဟိုကင်းဆီမှ ဆယ့်နှစ်နာရီသံချောင်းခေါက်သံက ပျံ့လွင့် လာသည်။

အိမ်ရှေ့တံခါးမကြီးကိုဖွင့်လျက် ဝရံတာဆီသို့ထွက်လိုက်တော့ အိပ်မက်ထဲ ကလို ဆန်းစလရောင်က ဘော်ငွေရောင်လက်တံတို့ကို ကျဲဖြန့်လျက်၊ ချိုအီနေသည့် မွှေးရနံ့သင်းသင်းက လေပြည်တွင် စီးမျောပါလာရင်း နှာဝဆီတိုးဝင်လာသည်…

ညမွှေးပန်းရနံ့ပါလား…

လူလားမြောက်စအရွယ်မှစ၍ မကြာခဏဆိုသလို မက်ခဲ့သည့် အိပ်မက်သည် ယနေ့ညမှာလည်း ဘယ်နှစ်ခေါက်မြောက်မှန်းမသိ အလည်ရောက်ခဲ့ပြန်ပါပြီ…

မက်လေတိုင်း မက်လေတိုင်း တစ်ဆံချည် တစ်ပါဒ မယွင်း တစ်ထပ်တည်းဖြစ်စဉ်နှင့် အကြောင်းအရာတို့က လုံးဝထပ်တူထပ်မျှ…

ချိုကြည်၍ အီနေအောင်မွှေးသော ညမွှေးပန်းရနံ့သည် အိပ်မက်ကမ္ဘာဆီ အလည်ခေါ်နေပြန်ပြီလားမသိ…

ဘာပဲဖြစ်ဖြစ် ကင်းဝင်စစ်လိုက်ပါဦးမယ်လေဟု တွေးရင်း ခတ်မီးဆွဲကာ ဆူးကြိုးဆီ ထွက်ခဲ့တော့ တပည့်ကျော်နှစ်ဦး၏ အိပ်ခန်းဆီမှ ဖယောင်းတိုင်မီးရောင်ကို ထရံပေါက်မှ လက်လက်တွေ့လိုက်ရသည်…သူတို့ပင်လျှင် တရေးနိုး အိပ်ရေးဝသွားသည် ထင်ပါရဲ့…

ဆူးကြိုးဆီမှာတော့ ဆိုလာမီးရောင်ဖျော့ဖျော့အောက်မှာ ကုလားတက်ခေါက်သံ၊ သတင်းပို့သံ တညံညံနှင့်…။

အကျဉ်းဦးစီးဌာနတွင် တပ်သားအဆင့်ဖြင့် အလုပ်ဝင်ရောက်ရန် လျှောက်လွှာတင်ခဲ့ပြီဆိုသည်နှင့် ကန့်ကွက်တားဆီးသံတွေကို ဆူဆူညံညံရင်ဆိုင်ရတော့သည်….

"မင်းကွာ…လက်နက်ကိုင်ဝါသနာပါတယ်ဆိုရင်လည်း စစ်တပ်တို့ ရဲတို့ဝင်ပါလားကွာ… လူငယ်ပီပီ စွန့်စွန့်စားစားပေါ့… ခုတော့ မင်းဟာက…"

စကားအလွန်နည်းသော အမေ့အစ်ကို ဘကြီးက ဆေးပြင်းလိပ်ကို မီးခိုးထောင်းထောင်းထအောင်ဖွာရင်း မပြောစဖူး အပြစ်တင်သည်…

"အေးပေါ့ကွာ… လောလောဆယ် အိမ်ရဲ့ စီးပွားရေးအခြေအနေနဲ့ မင်းရဲ့ စာပေးစာယူ ပညာရေးအတွက်ဆိုတော့လည်း ခဏတော့မှေးပြီး လုပ်ပေါ့ကွာ… ရေရှည်တော့ မသင့်ဘူးထင်တယ်ကွ… ထောင်ဆိုတာက အနိဋ္ဌာရုံဆိုတော့ မင်းဘွဲ့ရပြီးရင်တော့ တခြားအလုပ်ဌာနတစ်ခုခုကို ပြောင်းဖို့ကြိုးစား ပေါ့ကွာ…"

အိမ်နီးနားချင်း အန်ကယ်ကြီးတစ်ယောက်၏ သုံးသပ်ချက်…

"ဟဲ့…ဖိုးကျော်ရယ်… ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာ အမှတ်ပေါင်းလေးရာကျော်နဲ့ အောင်ပြီးမှ ထောင်ဝါဒါဝင်လုပ်ရမယ်လို့… AGTI လေး ဘာလေး ဖြေပါလားဟယ်…"

ဆယ်တန်းအတန်းပိုင် ဆရာမ၏ နှမြောတသဟန် ဂရုဏာစကား…

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်မို့ မိခင်မုဆိုးမကြီးနှင့် ယှိုင်နဲ့နေသော အိမ်၏ စီးပွားရေး၊ အထွေးဆုံးသားမို့ အချစ်ဆုံးပီပီ မိခင်ရင်ခွင်မှ အဝေးဆီသို့ ပျံသန်းထွက်ခွာသွားပါက စားဝတ်နေရေး ရုန်းကန်လှုပ်ရှားနေရမှုအပြင် အပို ဆောင်း ခံစားရမည့်သားကို လွမ်းဆွတ်သည့် ဝေဒနာ၊ သောက၊ ဒုက္ခ၊ ပရိဒေဝ တို့ကို မိခင်အိုကြီး ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ပါမည်လားဆိုသည့် သံသယ ဇဉ်လွန်ပွဲမှာ ဒူးထောက်အညံ့ခံခဲ့ရသည့် မိမိအဖြစ်ကို မိမိသာအသိဆုံးမို့ ဘာကိုမှ ပြန်လည်ဖြေရှင်းငြင်းချက်ထုတ်မနေချင်တော့ပါ…

မိမိရင်ကို ထိခိုက်ခံစားရဆုံးကတော့ ဆယ်ကျော်နှစ်က ကျွမ်းချစ်ရသူ မသည်းအူ၏ ဒေါသနှင့်ယှဉ် ပေါက်ကွဲသံစဉ်ပါ…"

"စဉ်းစဉ်းစားစားလည်း ဆုံးဖြတ်ပါ ဖိုးကျော်ရယ်… လုပ်စရာရှားလို့လား ဟယ်၊ နင်ကိုယ်တိုင်ပါ အချိန်ပိုင်း ထောင်ကျနေမှာကော တွေးမိရဲ့လား… အဆိုးဆုံးကတော့ နင့်လုပ်ရပ်ကြောင့် နင့်ကိုဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ထား တဲ့ ငါပါ ထောင်မျိုးထောင်နွယ် ထောင်ဝါဒါကတော်ဖြစ်ရမှာလားဟယ်…"

မြို့မျက်နှာဖုံး ကုန်သည်ပွဲစားသူဌေးမိသားစုမှ မွေးဖွားခဲ့ပြီး ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့ကာ အခြွေအရံအထိမ်းတော် အချော့တော်တို့အလယ်တွင် မပူမပင် မကြောင့်မကျ ကြီးပြင်းခဲ့ရသူပီပီ ကြမ်းတမ်းခက်ထန်သော အနိဋ္ဌာရုံသံကို ကြားရုံမျှဖြင့် ဘဝင်လေဟပ် မူးမေ့မတတ်ဖြစ်ရသည်ကို အပြစ်မဆိုရက်… အပြစ်မဆိုသာ…

ချစ်ရဆုံးသူ မသည်းအူ နားလည်စေရန်သာ အဟပ်ကွာခြားသည့် မိမိဘဝ အကြောင်း ဓာတ်ပြားဟောင်းကို ဖွင့်ပြရပေဦးတော့မည်…

"ဒါဖြင့်လည်း ရပ်ကျေးစာရေးလေးဖြစ်ဖြစ်၊ မူလတန်းပြကျောင်းဆရာ ဖြစ်ဖြစ် လုပ်ပါလားဟယ်… အိမ်ကိုဝင်/ထွက်ရင်တောင် အဖေတို့ အမေတို့ကို ပြောလို့ကောင်းတာပေါ့ဟာ…နော်…"

ဌာနဆိုင်ရာအသီးသီးသို့ ခြေတိုအောင်ဝင်ထွက်ခဲ့ရသော မိမိအဖြစ်၊ မူလ တန်းပြဆရာ သင်တန်းတက်ရောက်ရန် လိုအပ်သော ကုန်ကျစရိတ်နှင့် မကြာခင် ဖြေဆိုရတော့မည့် စာပေးစာယူ ပထမနှစ်သင်တန်းအတွက် ခရီးစရိတ်၊ စားစရိတ် တို့ လိုအပ်နေမှု အခြေအနေတို့အား စိတ်ရှည်လက်ရှည် ရှင်းပြတော့မှ စိတ်လျှော့ လိုက်ဟန်ဖြင့် သက်ပြင်းချရင်း…

"အေးပေါ့လေ..နင့်မလည်း မအေမုဆိုးမကြီးရဲ့ စားဝတ်နေရေးအတွက် ခွဲထားလို့မဖြစ်တာလည်းပါတော့ ဘယ်တတ်နိုင်ပါ့မလဲလေ... ယာယီနားခိုရာ တော့ လက်တလော ရှာရမှာပေါ့... အမြဲတော့ မလုပ်ပါနဲ့ဟယ်... ဘွဲ့ရပြီးရင်တော့ အလုပ်ပြောင်းပါနော်..."

အင်းမလှူပ် အဲမလှုပ် အမူအယာကိုကြည့်ရင်း...

"ဒါပဲနော်... လတ်တလောအနေအထားအရနဲ့ နင့်ဆုံးဖြတ်ချက်ကို ငါမသိသလို နေပေးထားမယ်...နှစ်ယောက်လုံးကျောင်းပြီးလို့ လက်တွဲဖို့ ဆုံးဖြတ်ချိန်မှာ နင်ရပ်တည်မှုဟာ ငါမျှော်လင့်သလို ဖြစ်မလာရင်တော့ ငါ့ကို အဆိုး မဆိုဖို့ ကြိုပြီးပြောထားလိုက်မယ်နော်..."

"စိတ်ချစမ်းပါဟာ...ငါလည်းCrazyဖြစ်လွန်းလို့ ဝင်လုပ်တာ မဟုတ်ပါ ဘူးဟာ...နင်ဖြစ်စေချင်သလိုဘဲ ငါလည်းဖြစ်ချင်နေတာပါ... ကျောင်းပြီးမှရယ် လို့ မဟုတ်ပါဘူး၊ အခွင့်အရေးရတာနဲ့ ငါခုန်ထွက်ပြီးသားပဲ.. စိတ်သာချ..."

အလုပ်ကို မိမိက ရွေးချယ်ခွင့်မရှိဘဲ အလုပ်က မိမိကို ရွေးချယ်သွားရသည့် ငွေမရှိ၊ ဂုဏ်မရှိ အညတရမိသားစုတစ်စုတွင်မှ လူလာဖြစ်ရသော အနေအထား အတွက် ခေါင်းမော့ရင်ကော့ပြီး ရင်ဆိုင်နိုင်အောင် ပြင်ဆင်ထားရုံမှတစ်ပါး ဘာများတတ်နိုင်ပါမည်တဲ့လဲလေ...။

လတ်တလောမှာတော့ တက်ကျိုးလို့ လက်ထိုးလော့်ရင်း လိုရာခရီးပန်းတိုင် ကို ရောက်မရောက် စောင့်ကြည့်ရပါဦးမည်။

"ကဲ...ဒီနေ့ကစပြီး မင်းတို့ ညကင်းဝင်ရမယ်... လူသစ်တွေဆိုတော့ အုတ်ရိုးလျှောက်ပေါ့ကွာ... ထောင်ပိတ်ဝင်မှာက ညနေငါးနာရီခွဲ တန်းစီမယ်။ အချိန်မီ ရောက်အောင်လာ... ထုတ်ပေးထားတဲ့ ယူနီဖောင်းနှစ်စုံမှာ အသစ်ကို တနင်္လာတန်းစီနဲ့ နေ့(၁၀)နာရီဝင်တို့၊ တလာစီတို့မှာဝတ်... ညကင်းမှာတော့ အဟောင်းကို ဝတ်...ဘာမရှင်းတာရှိလဲ..."

ပူပူနွေးနွေး ညှပ်ထားသည့် ရှေ့တစ်လက်မ နောက်ပြောင် ကတုံးကေ လေးတွေနဲ့ မိမိတို့ မအူမလည် လူသစ်ကလေး ငါးယောက်ခမျာ ထုတ်ပေးထား သည့် အသစ်ဆိုသည့် အုတ်နီခဲရောင် မာလကျင်စ ယူနီဖောင်းတစ်စုံနှင့် ညှိညစ်ညစ် အစွန်းအထင်းတွေနဲ့ ယူနီဖောင်းအဟောင်းတစ်စုံကို ကိုင်ရင်း ရှေ့လျှောက်ကြုံလာရမည့် အနေအထားတွေကို ရင်ခုန်စွာဖြင့် တပ်သားသစ်ဘဝ ပထမဦးဆုံးနေ့ကို ရင်ဆိုင်ရန် ငေါင်းစင်းစင်းရှိနေကြသည်...

"တလားစီ ဆိုတာ ဘာလဲကွ ဟေ…"

"တလားဆိုတာတော့ အခေါင်းတွေကို ခေါ်တယ်လို့ ကြားဖူးတာဘဲကွ… ထောင်ထဲမှာ အခေါင်းတွေတော့ မရှိလောက်ပါဘူး…"

တီတိုးတီးတိုး သဖန်းပိုးလုပ်နေသော မိမိတို့အဖွဲ့ကြောင့် ဂုတ်စာရေးဆိုသူ လက်မောင်းတွင် သုံးရစ်တပ်ထားသည့် ဆရာကြီးက-

"ဟိုနှစ်ကောင်…ဘာတွေတွတ်ထိုးနေတာလဲ…"

"တလားစီဆိုတာ ဘာလုပ်ရမှာလဲ ဦးလေး…"

အူလည်လည် အမေးကြောင့် တလောကလုံး သူ့လုပ်စာစားနေရသလို ရှုတည်တည်နှင့် သုံးရစ်ဆရာကြီးပင် ပြုံးချင်ချင်ဖြစ်သွားဟန်တူသည်။

"ဘယ်က တလားစီရမှာလဲ‥ တလာစီတယ်လို့ ခေါ်တယ်… ကုလား စကားကွ… ရှာဖွေစစ်ဆေးရေးလုပ်တာကိုခေါ်တယ်…"

တည့်တည့်ပြောမှ ရိပ်မိကြသည်။

"ပြီးတော့ မင်းတို့ကို ပြောထားရဦးမယ်… လုပ်ငန်းခွင်မှာ အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲဖို့ ရာထူးအဆင့်တွေနဲ့ ခွဲခြားသတ်မှတ်ထားတယ်… လက်မောင်းမှာ အရစ်ကပ်ထားတဲ့သူတွေအားလုံးကို ဆရာခေါ်ရမယ်…မင်းတို့ကို အုပ်ချုပ်ကွပ်ကဲမဲ့ ဆရာတွေပဲ… အေး… လက်မောင်းမှာ အရစ်မရှိပေမဲ့ မင်းတို့ထက် လုပ်သက်စောတဲ့ စီနီယာတွေလည်း မင်းတို့ရဲ့ ဆရာတွေပဲ… သူတို့အားလုံးက မင်းတို့ကို လုပ်ငန်းခွင်မှာ လက်တွေ့သင်ပေးလိမ့်မယ်… စီနီယာတွေကိုရော ဆရာတွေကိုပါ ရိုရိုသေသေဆက်ဆံ… ပြန်မပြောနဲ့… မချေမင်၊ ကလန်ကဆန်မလုပ်နဲ့… လုပ်ရင်၅၄(၁)နဲ့ အရေးယူခံရမယ် ကြားလား…"

"ဟုတ်…"

လိုတိုရှင်းအနီးကပ်သင်ခန်းစာက ထိ၊ မိ၊ ငြိသည်။ ၅၄(၁)ဆိုတာရော ဘာကြီးလဲ မသိသော်ငြား အားလုံးဟုတ်လိုက်ရသည်။ တကယ်လည်း လုပ်ငန်းခွင်ဝင်တော့ စီနီယာတွေနှင့် ကင်းမှူးတွေကလက်တွေ့ဆောင်ရန်ရှောင်ရန်တွေကိုသင်ကြားကြသည်။

"မင်းတို့တာဝန်က ထောင်မပိတ်ခင်မှာ မင်းတို့တာဝန်ကျမယ့် အုတ်ရိုးမှာ အချက်ပြ အုတ်ခဲတွေ ခြေရာလက်ရာ ပျက်မပျက်၊ ရေမြောင်းပေါက် သံတိုင်တွေ နိုင်ခန့်မှု ရှိမရှိ၊ အုတ်ရိုးနားက စိုက်ခင်းတွေကြားမှာ ကြိုး၊ ဝါး၊ လှေကား စတာတွေ ရှိမနေဖို့နဲ့ အုတ်ရိုးမီးတွေ လင်းမလင်း စနစ်တကျစစ်ဆေးပြီး ထောင်ပိတ်စာအုပ်မှာ အားလုံးကောင်းမွန်ကြောင်း လက်မှတ်ထိုးရမယ်"

"အုတ်ရိုးလျှောက်တယ်ဆိုတာ ဘာလဲ ဆရာ…"

"အဓိကကတော့ ညအချိန် အိပ်ဆောင်ကို အကျဉ်းသားတစ်စုံတစ်ယောက် ကဖောက်ပြီး ထွက်လာခဲ့ရင် အုတ်ရိုးကိုမကျော်လွှားနိုင်အောင် တားဆီးတဲ့ကင်းပေါ့ကွာ၊ ဒို့ရဲ့ ကင်းတွဲအဖော်က မျှော်စင်ကင်းပဲ။ ထောင်ဖောက်ထွက်ပြေးမှုကို တားဆီးထားတဲ့ အဆင့်ဆင့်သော အတားအဆီးတွေ့ပေါ့ကွာ"

မင်းတို့က အခုမှ စဝင်တဲ့လူသစ်တွေဆိုတော့ အိပ်ဆောင်ကို တာဝန်ယူ စောင့်ကြပ်နိုင်လောက်တဲ့ဥပဒေအသိနဲ့ အတွေ့အကြုံသမ္ဘာတွေမရှိသေးလို့ အုတ်ရိုးစောင့်တာဝန်စပေးတာ… အုတ်ရိုးစောင့်က အိပ်ဆောင်တာဝန်လောက် မကြီးလေးဘူးလေ… အိပ်ဆောင်တာဝန်ဆိုတာ အကျဉ်းသားရာဂဏန်းကို စောင့်ကြပ်ရတာဆိုတော့…ထွက်ပြေးမှုအပြင် သူတို့ရဲ့ဆီး၊ ဝမ်း၊ သွားလာရေး၊ ကျန်းမာရေး၊ ခိုက်ရန်ဖြစ်ပွားတာ၊ အချင်းချင်း ခိုးတာဝှက်တာအဆုံး ကြပ်မတ်ရတာကွ…"

အော်…ဟုသာ တအံ့တသြ ရေရွတ်မိသည်။ အနုစိတ်ကျသော လူလူချင်း အုပ်ချုပ်သည့်ပညာကို စတင်လေးစားမိရင်း အကျဉ်းထောင် ယန္တယား၏ စနစ်ကျနမှုကို စတင်မြည်းစမ်းခွင့်ရမိသည်။ အကျဉ်းထောင်ဥပဒေ ရေးဆွဲခဲ့သည့် ပုဂ္ဂိုလ်ကြီးတွေကို အလေးအခါခါပြုမိသည်။

"တို့ အကျဉ်းထောင်ဝန်ထမ်းဆိုတာ အုတ်ရိုးပေါ် လမ်းလျှောက်ရတဲ့ ဘဝကွ… အုတ်ရိုးပေါ်မှာ တစ်ဘက်စွန်းက တစ်ဖက်စွန်းကို လျှောက်တဲ့အခါ လိုရာမရောက်ခင် ချော်ပြုမကျအောင် သတိကြီးကြီး ထားရတာ… ခြေချော်ပြီး အတွင်းထဲကိုကျရင် ထောင်ထဲရောက်မယ်၊ အပြင်ကိုချော်ကျရင် ပြုတ်တာတို့ ဘာတို့ပေါ့ကွာ…ဒီအလုပ်ကမိဘကိုသာလုပ်ကျွေးကောင်းတာကွ၊ မိန်းမတို့ သားသမီးတွေတို့ကို လုပ်ကျွေးဖို့မသင့်ဘူး… အလွန်အန္တရာယ်များတာကွ… အကျဉ်းသားဆိုတာ ထွက်ပြေးဖို့အပါအဝင် စည်းမျဉ်းစည်းကမ်းချိုးဖောက်ဖို့ အမြဲကြံစည်နေတတ်တော့…ဖြစ်စဉ်တစ်ခုပေါ်ပေါက်ပြီဆိုတာနဲ့ တာဝန်ရှိသူတွေက အရေးယူခံရတော့တာကွ… နေ့စဉ် ဘုရား…တရား…တပြီး လုပ်နေရတာပါကွာ…"

ပြောသူကို သတိထားကြည့်မိတော့ အသက်က ငါးဆယ်ကျော်လို့ ဆံပင်တွေပင်ဖြူစပြုပြီ… လက်မောင်းမှာတော့ အရစ်မကပ်သေးသည့် စီနီယာ့ စီနီယာ ထောင်ချုပ်ကြီး…

"ဆရာကြီး အရစ်လည်း မရသေးဘူးနော်။

မိမိစကားဆုံးတော့ ရယ်စရာ အလွန်ကောင်းသည့် ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ကွမ်းချိုးတွေနှင့် နီရဲနေသည့် သွားများပေါ်အောင် ဟက်ဟက် ပက်ပက်ရယ်သည်။

"တို့က ၈၂ကျပ်စားဘဝထဲက အလုပ်ဝင်ခဲ့တာကွ၊ ခုမှ ၁၀၀-၅-၁၁၀ ဆိုတာရတာ။ ရိက္ခာငွေလေးနဲ့ဆိုတော့ ၂၁၀/-ပေါ့ကွာ။ လုပ်သက်နှစ် ၂၀ကျော် ပြီကွ။ အပြစ်ရယ်လို့ ကြီးကြီးမားမား မရှိခဲ့ပေမဲ့ ဖွဲ့စည်းပုံက ကျဉ်းတော့ တစ်ယောက်ပင်စင်ယူ၊ ထွက်၊ သေမှ နေရာပေါ်တာကွ… ပညာလည်း မရှိခဲ့တော့ ကြာတာပေါ့ကွာ… မင်းကတော့ ဆယ်တန်းအောင်ဆိုတော့ မကြာခင် ထောင်မှူးဖြစ်မှာပေါ့ကွာ… ကြိုးစားကွာ… ဒီကြားထဲ အပြစ်မရှိအောင်နေ…"

စီနီယာထောင်ချုံးကြီး၏ စေတနာစကားကိုတော့ မိမိလေးလေးနက်နက် တန်ဖိုးထားလေးစားမိသည်။

နွမ်းဖတ်သည့် ညကင်းစောင့် ယူနီဖောင်းနှင့် ဘိုသီဖတ်သီ သူ့ပုံစံနှင့် လားလားမျှမဆိုင်သည့် သူ့ရင်တွင်းက ဖြူစင်သည့် မုဒိတာကို ထွင်းဖောက်မြင်ရ သည်နှင့်အမျှ လေးစားကြည်ညိုမိသည်။

သင်တန်းမတက်ရမီတော့ သည်ဆရာကြီးတွေ၏ သင်ကြားပြသမှုဖြင့်သာ ဆည်းပူးလုပ်ကိုင်ရပါမည်။

နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ စိတ်တွင်မသို၊ ဟုတ်တိုင်းဆိုသော ကျိုးလို စိတ်၏ အလှတရားကို ထိုညက ပြတ်ပြတ်ထင်ထင် မြင်လိုက်ရပါသည်။

အညတရ၏ အလှတရားသည် တန်ဖိုးရှိလွန်းပေစွ…။

♦ ♦ ♦

"လုပ်ဖော်ကိုင်ဖက်တို့ သံယောဇဉ်ကိုလည်း ဂဃနဏသိရှိရပြန်သည်။

"ဟိတ်ကောင်… မင်း ညကင်းစောင့်တာ တစ်ပတ်ပဲရှိသေးတယ်… ပါးရိုးနားရိုးတွေပေါ်ပြီး မျက်ကွင်းကျနေပြီ။ ညကင်းစောင့်ရင်း ဆန်ပြုတ်နဲ့ ကုလားပဲပြုတ်ရောသောက်လေကွာ။ ကုလားပဲက အိပ်ရေးပျက်တာကို ခံနိုင် တယ်ကွ… ငါ ဖိုကြီးမှာ သွားယူပေးမယ်…"

တိတ်ဆိတ်အိပ်မောကျနေသော ညကင်းတာဝန် ညလယ်သန်းခေါင်ယံ ကင်းချိန်းတော့ (၂)အုတ်ရိုးတာဝန်ကျ တပ်သားမောင်မောင်တင်က မိမိကို ကြည့်ရင်းပြောသည်…။

"မသောက်တော့ဘူးကွာ… အိပ်ချင်ပြီ…"

ရိုးရိုးသားသား ဝန်ခံရလျှင် ထောင်ထဲတွင် ရေနွေးကြမ်းမှလွဲ၍ ရေပင် မသောက်…စိတ်စနိုးစနောင့်ဖြစ်၍ဖြစ်သည်။ မိမိနှင့်တစ်နေ့ထဲဝင်သည့် ကျန် လေးယောက်ကတော့ ဆန်ပြုတ်၊ (ထောင်အခေါ်ဂန်ဂျီ)သောက်၊ ကုလားပဲပြုတ် စား၊ ပဲထမင်းစားနှင့် နေသားကျနေကြပြီ… မိမိသာ အိမ်ရှင်လိုလို၊ ဧည့်သည် လိုလိုနှင့် ဟိုမရောက် သည်မရောက်…။

"အိပ်ချင်လည်း အိပ်တော့ကွာ၊ ၃/၆ ကင်းချိန်းကျရင်တော့ မင်းကို ငါ ဖိုကြီးက ပဲဆန်ပြုတ်ယူပေးမယ်သိလား…"

စကားနည်း ရန်စဲ ဘာစကားမှ ပြန်မဆိုဘဲ အိပ်ယာပေါ်လှဲချလိုက်သည်။ တစ်ညလျှင် ၆ နာရီဆိုသော ကင်းတာဝန်သည် တစ်ရက်တလေတွက် အကြောင်း မဟုတ်သော်ငြား ရက်ရှည်လများ ကြာလာလျှင်တော့ သိသာလာပါသည်။

ညပိုင်းအိပ်ရေးပျက်မှုကို ကာမိစေရန် နေ့အချိန်တွင် ပြန်အိပ်အစားယူသော် ငြား ဇီဝဟစနစ် ပြောင်းလဲသည့် နေ့/ည အချိန်လွဲနေမှုတွင် အသားမကျသည်က တော့ အမှန်…

သည်လိုနှင့် ရက်ကြာလာသည်နှင့်အမျှ မိမိရုပ်က မျောက်ခေါင်းပုံ ပေါက် လာသည်။ အလုပ်ခွင်နှင့် ရင်းနှီးမှုရှိ နေသားကျလာ၍လားမသိ နောက်ပိုင်းတွင် ပဲဆန်ပြုတ်၊ ပဲထမင်းတို့ စားတတ်လာသည်။

လူ ၈၀၀၊ ၁၀၀၀ ရှိသော အကျဉ်းထောင်ဖြစ်၍ နောက်တနေ့မနက် စောစော ဆန်ပြုတ်တိုက်ရန်နှင့် နေ့လည်စာ အချိန်မီကျွေးနိုင်ရေးအတွက် နေ့မီး/ညမီး ချက်ပြုတ်ရသည်ပင်လျှင် အကျဉ်းသားတို့၏ စားရေးကို အလေး ဂရုပြုသည့် အကျဉ်းထောင်ယန္တယား၏ အနှစ်သာရတစ်ခု…

ည ၉ နာရီ မီးပြန်ပျိုးသည့် ညမီးအဖွဲ့သည် ည ၁၀ နာရီဆိုလျှင် ည ကင်းအဖွဲ့အတွက် အိပ်ချင်ပြေ ရေနွေးကြမ်းရပြီ။

ည ၁၂ နာရီ သန်းခေါင်တိုင်သည်နှင့် ဆန်ပြုတ်နှင့် ကုလားပဲပြုတ်ရပြီ၊ (ဖိုးကျော်တို့ခေတ်က အကျဉ်းထောင်များတွင် ကုလားပဲကျွေးပါသည်။)

နံနက် ၃နာရီဆိုလျှင် ထမင်းပေါင်းပါကျပြီဖြစ်၍ ညကင်းအဖွဲ့ ပဲထမင်း အဆာပြေစား၍ရပါပြီ။

အကျဉ်းထောင် လက်စွဲဥပဒေတွင် ပြဌာန်းထားမှု မပြုလင့်သော်ငြား ထောင်ပိုင်ကြီးမှအစ တာဝန်ရှိသူ လူကြီးများအားလုံး ညကင်းအဖွဲ့ နိုးကြား ဖြတ်လတ်စေရေးအတွက် ဆန်တစ်ပြည်မကျော်သည့် အလေအလွင့်နှင့် နို့ဆီဗူး နှစ်လုံးမပြည့်သည့် ကုလားပဲ အလေအလွင့်အတွက် အခိကနှင့် သာမည ခွဲခြား ကာ မသိသလိုနေပေးပါသည်။ ညအိပ်ချင်ပြေ ရေနွေးကြမ်းအတွက် လက်ဖက် ခြောက်ကတော့ ညကင်းမှူးကြီးများနှင့် မိမိတို့ ကင်းသားတွေ စုဝယ်ကြသည်။

"ညကင်းအဖွဲ့တွေ တန်းစီမယ်ဟေ့… ဖထီးစကားပြောမယ်…"

အုတ်နီခဲရောင် မတောက်ပတော့သည့် အရောင်လွင့်စ အိုဂျီယူနီဖောင်းကို ကွက်တိချုပ်၍ ခါးပတ်ပတ်ထားသည့်ကြားမှ ခါးတစ်ဖက်လိပ်တင်အောင် ဝတ်တတ်သည့် ကွမ်းတဖေါက်ဖေါက်နှင့် ကရင်ဝါဒါအိုကြီး ဖထီးစောတိုတေးကို ဝန်ထမ်းအားလုံး ချစ်ကြသည်။

သည်နေ့ ထောင်မှာ အသားကျွေးသည့်နေ့ဖြစ်သည်။ ညကင်းအဖွဲ့ကို ဖထီးစကားပြောမည်ဆိုသည်နှင့် ညကင်းအဖွဲ့က တက်ကြွစွာ တန်းစီကြသည်…

"ကောင်လေးတွေ နားထောင်၊ ဒီနေ့ လွတ်လူ ၅ ယောက်ပဲရှိလို့ အသား ငါးတုံးပဲ ပိုတယ်။ အဲဒီအသားကို တောင်ယာက မုံညင်းရွက်နဲ့ ပါးပါးလှီးပြီး ကြော်ထားပေးတယ်၊ ထမင်းပုံစံလည်း ဘီရိုထဲမှာ ထားပေးထားတယ်၊ မင်းတို့ ညကင်းမှူးတွေ မျှမျှတတ ဝေပေးလိမ့်မယ်။ ထောင်ပိတ်ပြီးရင် ထမင်းစားကြ… ကင်းသေချာစောင့် ကြားလား…"

"ဟုတ်"

မိမိတို့ ညကင်းအဖွဲ့က တစ်ညီတစ်ညွတ်တည်း တက်ကြွစွာ "ဟုတ်" ကြသည်။ ထောင်ပိတ်ပြီးလျှင် ဝါးတီးဆွဲကြရတော့မည်လေ။

ဖိုကြီးနေ့ တာဝန်ကျ ဖထီးနှင့် ညကင်းအဖွဲ့ ညီညွတ်မျှတစွာ Mouချုပ် ဆိုနေသည်ကို မလှမ်းမကမ်းရှိ ထောင်ပိတ်စားပွဲမှ ထောင်မှူးကြီး အမှူးပြု သည့် အရာရှိတစ်သိုက်က မကြားသလိုနှင့် မသိချင်ယောင်ဆောင်ကြသည်…

အခွင့်အာဏာထဲမှ နိုင်ငံတော်ဘဏ္ဍာငွေ မထိခိုက်နိုင်သည့် အခွင့်အရေး တွေကို ရှာကြံဖန်တီးပေးခြင်းဖြင့် လူကြီးတွေက နာယကဂုဏ်ပြခဲ့ကြပြီ… တပည့်တွေက ညကင်းတာဝန်ကို နိုးကြားစွာ စောင့်ကြပ်တာဝန်ကျေစေခြင်း ဖြင့် တပည့်ဝတ်တွေ ကျေပေးရတော့မည်။

ညကင်းတာဝန်ချိန် အိပ်ငိုက်ခြင်းနှင့် ပေါ့လျော့စွာ တာဝန်ထမ်းဆောင်ခြင်းအတွက်တော့ ထောင်မှူးကြီးနှင့် တာဝန်မှူးတို့၏ "ရုံးတင်"စာအုပ် Deforter Sheet က စောင့်ကြိုနေပါမည်…

"ဖြုတ်ပစ်ရန် ထောက်ခံတင်ပြသည်…"ဆိုသည့် မင်နီရဲရဲဖြင့် တူးအိုင်စီ (ထောင်ပိုင်လေး)မှတ်ချက်ကလည်း အသင့်ဖြည့်စွက်ပေးပါလိမ့်မည်။

တကယ်လည်း တစ်နှစ်အတွင်း ရုံးသို့ သုံးလေးခါရောက်လျှင် ဖြုတ်ပစ်ခဲ့သည့် ဖြစ်စဉ်တွေရှိခဲ့ပါသည်။

မိမိတို့ တပ်သားဘဝကာလ ဖြတ်သန်းမှုတွေပါ။

♦ ♦ ♦

တပ်သားလုပ်သက် တစ်နှစ်ကျော်ကျော်ကာလတွင် အငယ်တန်းစာရေး တိုးမြှင့်ခြင်းခံရပြီး ညွှန်ကြားရေးမှူးချုပ်ရုံး(စီမံကိန်း)သို့ ပြောင်းမိန့်ထွက်သည်။

တစ်နေ့တည်း အလုပ်ဝင်ခဲ့သူ ငယ်ပေါင်းတွေက ဝမ်းသာအားရ ဂုဏ်ပြုစကားဆိုကြ၊ ကျီစယ်ကြဖြင့် အားလုံးဝမ်းသာကြသည်။

"ပိုင်လှချေလားကွ… အထက်ပုဂ္ဂိုလ်တွေ စောင့်ရှောက်ပြီထင်တယ်.. စာရေးလစ်လပ်နေတဲ့ ထောင်စခန်းတွေ ဒီလောက်များတဲ့ကြားကမှ ရန်ကုန်ရုံးချုပ်ဆိုတော့ … မင်းပညာရေးနဲ့ ကွက်တိပေါ့ကွာ…"

သူတို့ပြောလည်း ပြောချင်စရာ ဖြစ်သည်။

ကျင်လည်ရာ အကျဉ်းထောင်အသိုင်းအဝိုင်းမှလွဲ၍ အခြားအဆက်အစပ်၊ အဖေးအမ မရှိ၊ ခင်ရာမင်ကြောင်းနတ္ထိ… ဝင်ခဲ့သည့်အလုပ်ခွင်တွင် ရိုးရိုးကျင့်… မြင့်မြင့်ကြဲ့ အမိန့်နာခံ၊ သစ္စာရှိမှုတို့ကိုသာ အဖော်ပြုအားကိုးခဲ့ပြီး မိခင်အိုကြီးကိုသာ လုပ်ကျွေးပြုစုသူ မိမိတွင် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးမှအပ အခြားမရှိခဲ့ကြောင်း ဖာသာသိသည်။

"ငါတို့နှစ်ယောက်အတွက် ကံကောင်းခြင်းလက်ဆောင်လို့ ထင်တယ်… နင်ဖြစ်ချင်တဲ့ ဘွဲ့ရ ဗိုလ်လောင်းဖြေဖို့ပဲဖြစ်ဖြစ်၊ သဘော် RO စာမေးပွဲဖြေဖို့ပဲဖြစ်ဖြစ် ရန်ကုန်မှာ သင်တန်းတွေတက်ခွင့်ရတာ ဘုရားမတာပဲ… ဒို့နှစ်ယောက်အတွက် ပန်းခင်းလမ်းဖြစ်ဖို့ ကြိုးစားပါဟာ…"

သာလိကာမလေးလို စကားတွေတတွတ်တွတ်ပြောရင်း ပျော်ရွှင်တက်ကြွနေသည့် မသည်းအူကို အားပေးကတိစကားဆိုရသည်။

"စိတ်ချပါဟာ… မုဆိုးမသား ငါ့အတွက် ရွှေဘုံစံမင်းသမီးလေး နင့်ဆီကို ရောက်အောင်လာနိုင်မဲ့ ပန်းမွှေ့ယာကျဲဖြန့်ထားတဲ့ ရွှေလမ်းငွေလမ်းဖောက်နိုင်ဖို့ အစွမ်းကုန် ကြိုးစားမှာပါဟာ…"

အပျော်အပါးမမက်ဖို့ အသောက်အစား၊ လောင်းကစားမဖက်ဖို့တော့ မိမိ ခိုင်ကျည်ပြီး စိတ်ခတ်နှင့် ရည်မှန်းချက်ကို သိပြီးဖြစ်၍ထင်… တစ်စုံတစ်ရာ စကားမဆို…။

ကြည်နူးစွာ ပြုံးနေသည့် ချစ်ရသူ၏ ဆံနွယ်စများကို ယုယုယယ သပ်တင်ပေးရင်း ကတိပေးတော့ ကျေနပ်သွားဟန် အမူအယာက အထင်းသား…။

ညံ့သက်စွာ တိုးဝင်တိုက်ခတ်လာသည့် နူးညံ့လေပြည်တွင် ပန်းမျိုးစုံတို့၏ မွှေးရနံ့တို့ သင်းထုံကြိုင်လှောင်နေသည့်အပြင် ငှက်ကလေးများ၏ တေးဆိုသံဖြင့် ဝန်းကျင်လောကအားလုံးသည် သာယာတင့်မောလွန်းသည်ဟု ထင်ပါသည်…။

ထိုညက အိပ်မက်ကမ္ဘာတွင်လည်း ထူးထူးခြားခြား ညမွှေးပန်းရနံ့နှင့် ဆောင်တော်ကူးပန်းရနံ့တို့ ချိုအီယစ်မူးလောက်အောင် မွှေးထုံနေသည့်အပြင် သဇင်ပန်းခက်တွေ ဝေနေအောင် ပန်ထားသည့် ချစ်ရသူ၏ အလှဆုံး အပြုံးကို ကျော်စွာငယ် ရှားရှားပါးပါး မြင်တွေ့ခဲ့ရဖူးလေသည်…။

♦ ♦ ♦

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး။

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၏ ဝဲဘက်ခြမ်းရှိ ရန်ကုန်ထောင်(ဟောင်း)ကြီးတွင် ရှိနေခဲ့ပါသည်။ ရန်ကုန်မြို့လယ် ဧရိယာ Down Town ဖြစ်သည့် အချက်အခြာနေရာတွင်ရှိခဲ့ရာ ဈေး၊ ရုပ်ရှင်ရုံ၊ ဘူတာကြီး၊ အဝေးပြေးကားဂိတ်(ကီလီ)၊ သင်္ဘောဆိပ်တို့နှင့် အလှမ်းမဝေးသဖြင့် သွားရေးလာရေး၊ ဝယ်ရေးခြမ်းရေး အားလုံးအဆင်ပြေလှသည်။

နေထိုင်ခွင့်ရရှိရာ ဝန်ထမ်းလိုင်းမှာလည်း ဘုန်းကြီးလမ်း၊ သရက်တောကျောင်းတိုက်နှင့် မျက်နှာခြင်းဆိုင် ဗဟိုစည်အိမ်ယာများအနီးတွင်ဖြစ်၍ ရုံးတက်၊ ရုံးဆင်း Ferry မလို၊ လိုင်းကားမတိုးရဘဲ ခြေလျှင်သွားရုံသာ…

တက္ကသိုလ် စာပေးစာယူ တတိယနှစ်သင်တန်းအား ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်မှ ပြောင်းရွှေ့တက်ရောက်ခဲ့ရာ စည်ပင်သာယာနယ်နိမိတ်အတွင်း ကျောင်းသားဖြစ်၍ စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ဝ/သ တက္ကသိုလ် ရန်ကုန်တွင်လက်တွေ့သင်တန်း၊ စာပေသင်တန်းများတက်ရပါသည်။ ကျောင်းစာနှင့် နီးနီးစပ်စပ်ရှိသလို တက္ကသိုလ်၏ ရောင်စုံပန်းခင်းတွေကြားမှာ ပျော်မွေ့ခွင့်ရပါလေ၏။ ဘွဲ့နှင်းသဘင်၊ သစ်ပုတ်ပင်၊ Judson၊ အဓိပတိလမ်း၊ အင်းလျားကန်နှင့် ဦးချစ်ဆိုင်၊ ယမ်းဘီလူးဆိုင်တို့အား ရင်းနှီးကျွမ်းဝင် နေ့ကျောင်းသားတစ်ပိုင်းပင်။

"RASU က မမရယ်.. RASU က မမ..."

သီတင်းကျွတ်လို... သကြံန်လိုကာလတွေမှာ ကားခ-၃ဝ/- ခရီးသာရှိသော ဇာတိမြေသို့ ပြန်လေတိုင်း ချစ်ရလေသူ မသည်းအူနှင့် ဆုံသည့်အခါ ထိုကာလ၏ နာမည်ကျော် စတီရီယိုတေးလေးကို ညည်းပြရင်း ချစ်ခွန်းတုံ့လှယ်ကျီစယ်ဖြစ်တော့ ချစ်ရသူ၏ သဝန်တိုမျက်စောင်းနှင့် စိတ်ဆိုးသယောင် နှုတ်ခမ်းစူ၍ မူနွဲ့ဟန်က ခွဲနေရသည့်ကာလတွေ၏ အလွမ်းတွေကို ဖြေလျော့နွေးထွေးသွားစေသည်။

"Speakingတက်ပြီလား....." "R.O တက်ပြီလား..."ဟု ရည်မှန်းချက်တွေကို မမေ့စေဖို့ တခုတ်တရ သတိပေးမှာကြားသည့်အခါ မှုံနှံ့သာပြေပြေလိမ်းချယ်ထားသည့် နုညက်နဖူးပြင်ကို ညင်သာဖွဖွ နမ်းရှိုက်ရင်း ကတိအထပ်ထပ်ပေး စိတ်အေးစေရသော်ငြား ရုံးလုပ်ငန်း၏ နေ့/ည(overtime) တွေအပြင် ကျောင်းစာသင်ခန်းသာမကလမ်း(၃ဝ)နှင့် မြို့တွင်းတစ်ဝိုက်က မဂ္ဂဇင်းတိုက်တွေကြား ရောက်စပြုနေတတ်သည့် မိမိပကတိအခြေအနေကို မိမိဖာသာသိနေမိပြန်သည်...

ဘာပဲဖြစ်ဖြစ် Final နှစ်မှာတော့ ကျောင်းစာအပြင် သင်တန်းတွေပါ တစ်ပြိုင်နက်တက်ရန် မလွဲမသွေလိုအပ်နေပြီဟု စိတ်ထဲမှာ ဆုံးဖြတ်ကာ ဖြေသိမ့်ရသည်။

လျှောက်လှမ်းနေသူအတွက် ပန်းတိုင်ဟူသည် မဝေးစကောင်းဆိုသည် မဟုတ်ပါလား...။

♦ ♦ ♦

"စာရေးကြီး၊ စာရေးလေး၊ စာရေးသေးသေးအပေါင်းတို့ခင်ဗျာ… မနက်ဖြန် ဝန်ကြီးများရုံး အစည်းအဝေးအမီ အစီရင်ခံစာတွေ ပြုစုရမှာမို့ ယနေ့ည Over Timeရှိပါတယ်။ ညွှန်မှူးနှစ်ပါးရော၊ ဦးစီးအရာရှိနှစ်ပါးပါ Over Time မပြီးမချင်းရှိနေပါမယ်။ ညစာကို ရုံးမှာ ကျွေးမှာမို့..ထုံးစံအတိုင်း"

ဦးစီးအရာရှိရုံးခန်းမှ ထွက်လာသည့် ရုံးအုပ်စာရေးကြီး (အန်ကယ်ကြီး ဦးလှရွှေ)၏ တပ်လှန့်နှိုးဆော်သံအဆုံးတွင် ညွှန်မှူးရုံး ရုံးအကူတပ်သား ကိုထိန်ဝင်းက ရုံးရှေ့မျက်နှာချင်းဆိုင်လမ်းမကြီးတစ်ဖက်ရှိ စီမံကိန်းညွှန်မှူးအိမ်မှ ထမင်းပေါင်းအိုးနှင့် ဆန်ပြေးယူကာ ညစာထမင်းချက်ဖို့ ပြင်ဆင်တော့သည်။ ညမိုးချုပ်၍ စားချိန်နီးလျှင်တော့ ယာဉ်မောင်းတစ်ဦးဦးမှ မဂိုလမ်း ချစ်တီး ထမင်းဆိုင်သို့သွားကာ ဆိတ်ပဲချက် ဝယ်ယူပေလိမ့်မည်။

စီမံကိန်းညွှန်ကြားရေးမှူးရုံးအနေဖြင့် တပြည်လုံးရှိ အလုပ်စခန်းပေါင်း များစွာ၏ လုပ်ငန်းစီမံချက်များ၊ တိုးတက်မှုအစီရင်ခံစာများ၊ ရငွေသုံးငွေ နှစ်ချုပ် စာရင်းနှင့် အရှုံးအမြတ်စာရင်းများ အနာဂတ်စီမံချက်များအား အမြဲတစေ ရေးဆွဲလျက် ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေသည်ဖြစ်ရာ ရုံးရှိ ၁၈ လက်မ Roller တပ် Olympia လက်နှိပ်စက်နှစ်လုံးမှာ မီးခိုးထွက်လုမတတ် ရိုက်နေရ သလို ပြိုက်ကနဲပြိုက်ကနဲ ကုန်သွားတတ်သည့် ဖယောင်းစက္ကူ(Daito Wax Paper) ကဒ်များနှင့် စစ်တောင်းစက္ကူထုတ်များကြားတွင် စာကူးစက်လှည့်သံ၊ လက်နှိပ် စက်ရိုက်သံတို့ဖြင့် ရုံးအဖွဲ့သည် အမြဲတစေအလုပ်များ နေတတ်စမြဲ…။

ဝန်ကြီးများရုံးတွင် ပုံမှန်ကျင်းပသည့် "အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့" အစည်းအဝေးတွင် တင်ပြရမည့် အစီရင်ခံစာ၊ စာရင်း ဇယားစာအုပ်များမှာ တစ်ထပ်ကြီးဖြစ်ရာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် ခန့်တော့ ပုံမှန်အချိန်ပိုဆင်းရလေ့ရှိသည်။ အချိန်ပိုဆင်းရတိုင်း OT ကြေးရသော် ငြား ရုံးမှထမင်းကျွေးလေ့ရှိပါသည်။ OTကြေးမှာ လစာနှုန်းထားပေါ်မူတည်၍ ရခြင်းဖြစ်သောကြောင့် လစာ ၁၃၀ကျပ်ရသော ကျွန်တော့်အတွက် OT ကြေး ၁နာရီလျှင် ၁ကျပ်စွန်းစွန်းသာရှိပါသည်။

ထိုစဉ်က စီမံကိန်းညွှန်ကြားရေးမှူးရုံး၏ ညွှန်မှူးနှစ်ပါးဖြစ်သည့် ဗိုလ်မှူး တင်အုန်းနှင့် ဗိုလ်မှူးမြသိန်း၊ ရုံးဦးစီးအရာရှိများဖြစ်ကြသည့် ငွေစာရင်းအရာရှိ ထောင်ပိုင်အဆင့်(၁) ဦးစိန်ဌေးနှင့် ဒုတိယထောင်ပိုင်ဦးယဉ်မောင်တို့မှာ လုပ်ငန်း ကျွမ်းကျင်မှု၊ စေ့စပ်သေချာမှုတို့တွင် နာမည်တစ်လုံးနှင့် ထင်ရှားကြသူများဖြစ်ရာ

အဆိုပါအရာရှိကြီးများ၏ တင်ပြချက်၊ ပြုစုထားသည့် စာရင်းဇယား ကိန်းဂဏန်းများဆိုပါက ညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့်များက စိတ်ချယုံကြည်သည်ဟု နာမည်ကျော်ကြားလှသည်။

အထက်ပါလူကြီးများ၏ တပည့်ဖြစ်ရသောကြောင့် လုပ်သက်တစ်လျှောက် SD ကျခြင်း၊ သတ်ပုံသတ်ညွှန်း၊ စာရင်းဇယားတိကျခြင်းတို့တွင် အမွေကောင်းရခဲ့ပါသည်။ ထိုစဉ်အခါကတော့ မိမိတို့မှာ ဂျီမနှင့် ပဲခင်းတွေကြသလို ရုံးလုပ်ငန်းများ၊ အစည်းအဝေးမှတ်တမ်းနှင့် စာရင်းဇယားကိန်းဂဏန်းများကြားတွင် ခေါင်းပင်မဖော်နိုင်ကြ…။

အားကျအတုယူဖွယ်အနေဖြင့် မည်မျှညဉ့်နက်သည့် Over Time ဖြစ်စေ ရုံးအဖွဲ့လုပ်ငန်း လက်စမသတ်မခြင်း လူကြီးများပါ ရုံးတွင် အတူစား၊ အတူရှိနေခြင်းပင်…။

ယနေ့ညလည်း ဆိတ်ပဲချက်နှင့်မို့ ထမင်းမြိန်ပါလိမ့်ဦးမည်။

ပင်ပန်းသော်ငြား ပျော်ခဲ့ရသည့် ကာလများပါ…။

ရက်ကိုလစား၍ ကာလယန္တယားတို့ နှစ်ပတ်လည်ခဲ့သည်ပင် နှစ်ကြိမ်တိုင်ခဲ့ပြီ…။

တက္ကသိုလ်စာပေးစာယူ နောက်ဆုံးနှစ်ကျောင်းသားအဖြစ် ရောက်ခဲ့ပြီမို့ စနေ၊ တနင်္ဂနွေနေ့တိုင်း တက်ရောက်ရသည့် လက်တွေ့သင်တန်း၊ စာပေပို့ချမှုသင်တန်းတွေကို ရက်မပျက်ရဲပဲ ကြိုးစားတက်နေရသည်။

ရန်ကုန်ရောက်ပြီးမှ ရေပြောင်းမြေပြောင်းကာလတွင် Life Style အပြောင်းအလဲကြောင့် မဖိတ်မခေါ်ရောက်ရှိလာသည့် အစာအိမ်ရောဂါက သည်နှစ်ထဲမှာ ပိုပြီး ဒုက္ခပေးလာသည်ထင်သည်။

သက်သာပျောက်ကင်းသည်မရှိ၊ အချိန်ပြည့် တမျှင်းမျှင်း နာနေသော ဝမ်းဗိုက်နှင့် အမြဲတစေ အေးစက်နေသည့် ခြေဖျားတွေက လန်းဆန်းတက်ကြွစွာ သွားလာလှုပ်ရှား လုပ်ကိုင်လိုစိတ်တွေကို ချိုးဖဲ့ဖျက်ဆီးပစ်နေသည်။

ကျောင်းသင်ခန်းစာတွင်လည်းကောင်း၊ ရုံးလုပ်ငန်းခွင်တွင်လည်းကောင်း စိတ်ဝင်စားမှုတို့ လျော့ကျကာ အမြဲတစေဆိုသလို နာကျင်နေတတ်သည့် ဝမ်းဗိုက်ဆီသာ စိတ်ရောက်နေရာ ချစ်ရသောသူ မသည်းအူထံသို့ပင် လွမ်းစာမစေမှာချွေမပြုဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီ…။

နိုဝင်ဘာလ အတန်းတင်မေးပွဲကြီးကို ကြိုးစားဖြေဆိုခဲ့သော်ငြား စိတ်ကျေနပ်လောက်အောင်တော့ အားရကျေနပ်မှုမရှိခဲ့… အောင်တော့ အောင်မှာပါလေဟု ဖာသာတွေးတောဖြေသိမ့်ရင်း R.O တက်ဖို့ စီစဉ်ရပြန်သည်…။

နိုဝင်ဘာဆောင်းရက်၏ တစ်နေ့သောညနေစောင်းမှာတော့ ကာလကြာမြင့်စွာ ဝေဒနာခံစားခဲ့ရသည့် အစာအိမ်သည် တောင့်မခံနိုင်တော့သည်အဆုံး ပေါက်ထွက်ခြင်းဖြင့် ဆိုးဝါးပြင်းထန်စွာ နှိပ်စက်လိုက်လေသည်။

အသက်ရှူလိုက်တိုင်း၊ လှုပ်ရှားလိုက်တိုင်း မခံမရပ်နိုင်အောင် စူးရှအောင့်နာသည့် ခံစားချက်ကြောင့် ချွေးစေးများပြန်လျက်သားဖြင့် ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ်ဌာနမှတဆင့် ခွဲစိပ်ခန်းသို့ ရောက်ခဲ့ရလေသည်။

"ရောဂါက အရေးပေါ်ခွဲစိပ်ရမှာမို့ လူနာကိုယ်တိုင်သော်လည်းကောင်း၊ သက်ဆိုင်သူတစ်ဦးဦးသော်လည်းကောင်း သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမယ်…"

မိဝေးဖဝေးမို့ ခွဲစိပ်မည်ကို သဘောတူပါကြောင်း ဒရစ်တန်းလန်းဖြင့် တွန်းလှည်းပေါ်မှာပင် ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့ရသည်။

ခွဲစိပ်ခန်း၏ အရိပ်မထွက်စေသော မျက်နှာကျက်မီးလုံးများကို အထူးအဆန်းငေးမောရင်း မေ့ဆေးအရှိန်ဖြင့် တစ်လောကလုံးအား မေ့လျော့မိန်းမောသွားရသည့်နောက်ပိုင်းတွင်တော့…။

"ရဲဘော်ကွေး…သက်သာရဲ့လား… ဘာမှစိတ်မပူနဲ့ အားလုံးအောင်အောင်မြင်မြင်ခွဲစိပ်ပြီးပြီ…"

နောက်တစ်နေ့ နံနက်အလင်းရောင်နှင့်အတူ မေ့ဆေးပြယ်နိုးထလာတော့ ပထမဆုံးတွေ့ရှိရသူမှာ အတူနေသူငယ်ချင်းနှစ်ဦး။

လူပျိုလိုင်းအခန်းကျဉ်းလေးတစ်ခုမှာ အတူနေအတူစား တစ်ရုံးတည်းသားသူငယ်ချင်းများအား ကျေးဇူးတင်စကားဆိုမိသည်။

"လောလောဆယ်…အနာမကျက်မီတော့ သူငယ်ချင်း ရေတောင်မသောက်ရဘူး… Drip ပဲ ဆက်တိုက်ချိတ်ပေးထားမှာ… သူငယ်ချင်းအတွက် Drip တစ်ဖာလည်း အမြန်လမ်း(မင်းကုန်း) ဆေးရုံက ပို့ပေးလိမ့်မယ်… ရုံးက လူကြီးတွေ စီစဉ်ပေးထားတယ်…"

လစာနည်းဝန်ထမ်း အငယ်တန်းစာရေးဖြစ်သည်မို့ ကျန်းမာရေးကိစ္စအတွက် ငွေပိုငွေလျှံမရှိနိုင်သည်ကို မျှော်မြင်တွေးဆကာ လိုလေသေးမရှိ စီစဉ်ပေးခဲ့သော လူကြီးများကို ဆေးရုံခုတင်ပေါ်မှပင် ရည်မှန်းကန်တော့ဖြစ်သည်။

တပည့်တစ်ဦးအဖြစ်သာမက သားသမီးအရင်းပမာ ကျန်းမာရေးကိစ္စ အဝဝကို လိုလေသေးမရှိ စီစဉ်ပေးမှုကြောင့် နယ်မှာနေသည့်မိခင်ကြီး သတင်းကြား၍ အပြေးတစ်ပိုင်းရောက်လာတော့ မိမိမှာ ချုပ်ရိုးဖြည်ပြီး ထူထူထောင် ထောင်ပင် ရှိနေခဲ့ပြီ။

"အမေကြီး သားလေးကို ဆေးရုံမှာ လိုလေသေးမရှိ ဖြည့်ဆည်းပေးတဲ့ ရုံးကလူကြီးတွေရော…အနီးကပ် ကိုယ်ဖိရင်ဖိပြုစုစောင့်ရှောက်ပေးတဲ့ သူငယ်ချင်း နှစ်ဦးရော… နွားနို့အစ ဆန်ပြုတ်အဆုံး ဂရုတစိုက်ပို့ပေးတဲ့ ရုံးက သမီးလေး ကိုရော ကျေးဇူးတင်လိုက်တာကွယ်…"

ဆေးရုံဆင်းပြီး ဆေးနားခွင့်ဖြင့် အမေတို့နှင့် နယ်တွင်သွားနားမည်ဆို တော့ ရထားလက်မှတ်မှအစ စီစဉ်ပေးပြန်သည်။

နာယကဂုဏ်နှင့် ပြည့်စုံသော ဌာန၏ လူကြီးများအား လေးစားကြည်ညို ရင်း သံယောဇဉ်မရှိ၊ ဆက်စပ်ပတ်သက်သူမရှိဘဲ ဝင်ရောက်ခိုနားခဲ့ရာ အေးရိပ် သာယာသည်… တကယ်ပင်အိုအေစစ်ဖြစ်၍ အေးချမ်းမှုကို ပေးစွမ်းခဲ့ကြောင်း တွေးမိရသည်။

ဌာနအပေါ် တွယ်ရစ်သည့် သံယောဇဉ်သည် တစ်စတစ်စ တင်းစပြုလာ သည်ဟု တွေးမိပြန်တော့ ဝေခွဲရခက်စွာ တွေဝေနေမိပြန်သည်။

လက်တလောမှာတော့ အရာအားလုံးကို မေ့ထားဖြစ်သည်ပဲ ကောင်းမည် ထင်ပါသည်လေ…။

◆ ◆ ◆

သည်နှစ်ထဲမှာအပြောင်းအလဲအချိုးအကွေ့တွေ များလွန်းသည်ထင်သည်…

ဝမ်းဗိုက် ခွဲစိပ်ကုသမှုခံယူခဲ့ရပြီးနောက်ပိုင်း ဆေးနားခွင့်ပြည့်သည်နှင့် ရန်ကုန်ရုံးချုပ်မှ မိခင်ကြီးရှိရာ ဇာတိမြေကို ပြန်လည်ပြောင်းရွှေ့မိန့်ထွက်ခဲ့သည်။

လူကြီးများက စားရေးသောက်ရေးအဆင်ပြေကာ ကျန်းမာရေးပြန်လည် တည်ဆောက်နိုင်ရန်နှင့် မိခင်အိုကြီးနှင့် သားဖြစ်သူတို့ ပြန်လည်တွေ့ဆုံနိုင်ရေး စေတနာဖြင့် စီမံပေးခဲ့ခြင်းဖြစ်သည်။

မိမိအတွက်မူ ဆိုးတဝက် ကောင်းတဝက်…

Speaking နှင့် R.0 သင်တန်းတက်နိုင်ခွင့် အခွင့်အရေးတွေ ဆုံးရှုံးသွားတာက အဆိုးဖြစ်ပြီး စားရေးသောက်ရေးအဆင်ပြေပြီး မိခင်ကြီးရင်ခွင်သို့ ပြန်လည်ဝင်ရောက်ခိုနားခွင့်ရသည့်အပြင် ချစ်ရသူနှင့် ပြန်လည်ဆုံတွေ့ခွင့်ရခြင်းက အကောင်းဖြစ်သည်။

မိမိအတွက် ထိချက်ပြင်းပြင်းဖြင့် မူးမေ့သွားလုနီးပါး ခံစားလိုက်ရသည်ကတော့ တက္ကသိုလ်နောက်ဆုံးနှစ်စာမေးပွဲ ကျရှုံးရခြင်းပင်ဖြစ်သည်။

ကျောင်းစနေချိန်မှစ၍ တစ်ခါမှ စာမေးပွဲမကျဘူးခဲ့သဖြင့် အောင်စာရင်းတွင် မိမိအမည်မပါသည့်အခါ ကြီးမားသည့် ဆုံးရှုံးမှုကြီးတစ်ခုသဖွယ် ခံစားလိုက်ရသည်။

အထူးသဖြင့် ချစ်ရလွန်းသူ မသည်းအူသာ သည်သတင်းကို ကြားသိပါက မည်သို့မည်ပုံ ခံစားသွားရမည်ဆိုသည်ကို မတွေးချင်၊ မမြင်ချင်မိ… မိမိနှင့် ပတ်သက်သမျှ ပျော်ရွှင်ကြည်နူးဖွယ်ရာများသာ ကြားစေလို၊ မြင်စေလိုသည်က မိမိစေတနာ…

စေတနာသည် စေတနာသာဖြစ်၍ ပကတိအခြေအနေကိုတော့ ရှောင်လွှဲဖယ်ခွာ၍မရစကောင်း… ကြုံလာသမျှ ရင်ဆိုင်နိုင်ရန် သတ္တိမွေးရတော့မည်သာ…

"နင့်ကျန်းမာရေးက အရေးကြီးပါတယ်ဟယ်… နစ်နာတာတော့ နစ်နာဆုံးရှုံးတာပေါ့… ဒါပေမဲ့ ဘာတတ်နိုင်မှာလဲဟယ်… တခြားအလုပ်တွေ အများကြီးရှိနေတာပဲလေ…"

စပျစ်သီးချဉ်လိုက်ရသော အနေအထားဟု တွေးမိသော်ငြား မိမိကျန်းမာရေးကို ပိုမိုအလေးပေးသည့် စေတနာနှင့် သံယောဇဉ်ကိုတော့ မှတ်မှတ်ထင်ထင်ရှိရသည်။

"ငါနဲ့ပတ်သက်တဲ့ နင့်ရဲ့သံယောဇဉ်နဲ့ မေတ္တာတရားကိုတော့ မလေးစားပဲ မနေနိုင်လောက်အောင်ပါပဲ… ဆတက်ထမ်းပိုးတိုးပြီး မြတ်နိုးမိလိုက်ပါတယ်လို့ပဲ ပြောပါရစေတော့နော်…"

ရွှန်းစိုသော မျက်ဝန်းအစုံသည် ကြည်နူးမှုအရိပ်တို့ဖြင့် တဖျပ်ဖျပ် တောက်ပရွှန်းလဲ့သွားသည်။ ရှင်းသန့်သော ပါးပြင်မို့မို့တွင် အချစ်၏ နွေးထွေးသောအသွေးတို့ဖြင့် လင်းလက်နုပျိုကာ ကျက်သရေရှိစွာ လှပနေလေသည်။

"ဟဲ… ဘာလို့ ဒီလောက်စိုက်ကြည့်နေတာလဲ… ငါမနေတတ်တော့ဘူး… ကောင်စုတ်…"

နှစ်ဦးသား၏ ကြည်ကြည်နူးနူး ရယ်မောသံကြောင့် ပင်ယံထက်တွင် တေးဆိုနေသော ငှက်ငယ်လေးသည် အဝေးဆီသို့ တီတီတာတာအော်မည်ရင်း ပျံသန်းထွက်ခွာသွားသည်။

လေပြည်ညှင်းကတော့ နူးညံ့ဖျော့တော့စွာ တိုက်ခတ်ဆဲ…

♦ ♦ ♦

လေးနှစ်တက်ရသော တက္ကသိုလ်စာမေးပွဲကို ငါးနှစ်မြောက်တက်၍ နောက်ဆုံးနှစ်စာမေးပွဲကို အောင်မြင်ခဲ့သည်။

ကျောင်းစာမေးပွဲပြီးပြီဆိုသည်နှင့် ဘဝစာမေးပွဲကိုဖြေဖို့ ပြင်ရတော့သည်။

"အဖေနဲ့အမေက နင့်ဆီက ပြတ်သားတဲ့ အဖြေကို လိုချင်နေပြီ ဖိုးကျော်… ငါတို့ နှစ်ယောက်စလုံးလည်း ဘွဲ့ရပြီးပြီ… ပြီးတော့ အသက်တွေကလဲ အစိတ်ပြည့်ပြီလေ… အဲဒီတော့…"

သကာရည် ထုံမွှမ်းသော ရာဇသံမှန်းသိသော်ငြား တစ်စုံတစ်ရာ ပြန်လည်ပြောဆိုရန် ဆွံ့အနေမိသည်။

"တခြားဌာနတွေက အလုပ်ခေါ်တာ မရှိသေးရင် အမေတို့က နင့်ကို အလုပ်ထွက်စေချင်တယ်…အိမ်မှာရှိတဲ့ ပဲခွဲစက်၊ ဆီစက်နဲ့ ပွဲရုံလုပ်ငန်း နင်ကြိုက်တဲ့နေရာမှာ ဦးစီးပြီး ငါတို့စေ့စပ်ထားဖို့ သင့်ပြီလို့ပြောတယ်… နင်နဲ့ငါနဲ့ကိစ္စက တစ်မြို့လုံးက သိနေပြီးသားဆိုတော့လည်း…."

မိန်းကလေးရှင်၏ အခက်အခဲနှင့် ဆန္ဒကို စာနာနားလည်မိသော်ငြား စီးပွားရေးလုပ်ငန်းကို ငယ်စဉ်ကပင် ဝါသနာမပါသော မိမိစိတ်ဆန္ဒနှင့် အစိုးရ အရာထမ်းတစ်နေရာအတွက် ကြိုးစားကြည့်လိုသေးသည့် မိမိအခွင့်အရေးကို ဥပေက္ခာပြုရာကျသလိုဖြစ်သည်ဟု ထင်သည်။

"ငါ့ကို ကြိုးစားဖို့အချိန်နည်းနည်းတော့ ပေးစေချင်တယ်ဟာ… နင့်မိဘတွေအနေနဲ့ ငါ့ဖက်ကလည်း စဉ်းစားပေးစေချင်…"

"နင်တော်တော့ ဖိုးကျော်.. ငါ့မိဘကို အပြစ်မတင်နဲ့… သူတို့စီစဉ်တာက နင့်နဲ့ငါနဲ့ ကောင်းဖို့ပဲလေ… သမီးရှင်တစ်ယောက်အနေနဲ့ သူတို့ရဲ့စိုးရိမ်

သောကကို နင်နည်းနည်းငဲ့ဖို့ကောင်းတယ်… နင့်ကို ဇာစ်ပတ်အချိန်ပေးမယ်… နင်သေသေချာချာစဉ်းစားပါ… ငါနဲ့တခြားအရာတွေ ဘာကိုဦးစားပေးရမှာကို နင်စဉ်းစားပါ… ကဲ ငါသွားမယ်…"

ကျနေပူပူအောက်တွင် ကျောခိုင်းထွက်ခွာသွားလေသူ ချစ်ရသူအား ငေးမောကြည့်ကာ ဆွံ့အစွာ ကျန်နေရစ်ရင်း "ရက်သတ္တပတ်…" ဟူသည့် ပြင်းထန်လှသည့် ရာဇသံက နားစည်မြှေးမှတဆင့် နှလုံးသည်းပွတ်ဆီသို့ ပေါက်ကွဲမြည်ဟီးလျက် ထိုးဖောက်ဝင်ရောက်လာသလို ခံစားမိရသည်။

တိုတောင်းနီးကပ်လွန်းသည့် ကာလကန့်သတ်ချက်တစ်ခုအတွင်း တန်ဖိုးထားမြတ်နိုးရဆုံးသော ချစ်သူနှင့် အေးရိပ်သာယာပေးစွမ်းရာ မိခင်ဌာနကို ယတိပြတ်ရွေးချယ်မှုပြုရန် စေရက်သူကို အပစ်မဆို အမျက်မသိုဝ့်သော်ငြား ဆိုးဝါးရက်စက်လွန်းသည့် ကံကြမ္မာကိုတော့ နာကျည်းစွာ မုန်းတီးမိသည်။

ဝဋ်ကြွေးရှိက သည်ဘဝမှာ သည်မျှနှင့်ပင် ကျေစေချင်လှပါပြီလေ…

ဝေးကွာအရပ်ဆီသို့ ရွေ့ရွေ့တိုးဝင် ထွက်ခွာသွားလေသူနှင့်အတူ ချစ်တတ်လွန်းသည့် နာကျင်နှလုံး သည်းပွတ်တို့ပါ တစ်ပါတည်းပါရှိသွားပြီဖြစ်ကြောင်း ရိပ်စားသိရှိ တစ်ခဏတာတွင် ပူနွေးစီးကျမျက်ရည်စတို့နှင့်အတူ လောကအားလုံး သာယာမှုအပေါင်းတို့ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်ကြောင်း ဝမ်းနည်းကြေကွဲစွာ လက်ခံလိုက်ရချေပြီတည်း။

♦ ♦ ♦

ကျက်လိုက်ရသည့်စာ… ဖြေလိုက်ရသည့် ဝင်ခွင့်စာမေးပွဲပေါင်းများစွာ…

သတင်းစာမှာ ကြော်ငြာလေသမျှ ဌာနအသီးသီး၏ ရာထူးခေါ်စာအားလုံး တစ်ခုမကျန် ဝင်ရောက်ဖြေဆိုခဲ့သော်ငြား ကံကြမ္မာ၏ မျက်နှာသာပေးမှုကို မခံရဖန်များလာသည့်အခါ ယုံကြည်မှုတို့ပင် ပျောက်ဆုံးချင်ချင်…

ချစ်ရသူထံပါး အောင်ပွဲနှင့်အတူ အပြေးသွားရောက်ခစား ဒူးထောက်ချင်သော်ငြား ကြမ္မာဆိုး၏ စိုးမိုးမွေနှောက် ထင်တိုင်းမပေါက်သည့်အပြင် အပြင်းထန်ဆုံးသော ထိုးနှက်ချက်အဖြစ် နှလုံးသားတံခါးကို အပြီးပိတ်၍ အမုန်းတံဆိပ်ခပ်နှိပ်ကြောင်း ကြေငြာမောင်းခတ်ခံလိုက်ရပြန်သည်။

အချစ်ကြီး၍ အမျက်ကြီးခဲ့သည်လား…

ပြေချိန်တန်လို့မှ မပြေငြိုးဘဲ အမုန်းမိုးစွေရွာလေသည်လား.. တိတိပပ ခွဲခြားမသိနိုင်ခဲ့ပါပြီ...

အရာအားလုံးကို အရှုံးပေးလက်မြှောက်ခဲ့လျှင်ပင် ချစ်သူထံပါး နားခိုခွင့် မရှိခဲ့ပြီထင်ပါသည်...

အော်...

အလွမ်းတောင်လိုပုံခဲ့ပါပြီကော မသည်းအူ...

◆ ◆ ◆

မျက်မှန်အောက်မှ စူးရှပြင်းထန်သည့် အကြည့်တစ်စုံကြောင့် မျက်လွှာကို အသာချရင်း ခပ်ယို့ယို့ ဝင်ထိုင်ဖြစ်သည်။

"ရုံးချုပ်စီမံကိန်းက မင်းဆရာက မင်းနဲ့ တိုက်ရိုက်ဖုန်းပြောမယ်လို့ ငါ့ကို ပြောတယ်...အရာရှိဝင်ခွင့်စာမေးပွဲ မဖြေတဲ့အတွက် မင်းဆရာစိတ်ထိခိုက်နေ တယ်... တခြားပြင်ပဌာနတွေ အားလုံးဝင်ခွင့် စာမေးပွဲတွေလိုက်ဖြေနေပြီး ကိုယ်ဌာနကျမှ မဖြေတဲ့မင်းကို ငါလည်း နားမလည်ဘူး... ဒါပေမဲ့ မင်းဆရာကို မင်းနားဝင်အောင်ရှင်းပြပေါ့ကွာ..."

ထောင်ပိုင်ကြီး၏ လေသံက ကရုဏာဒေါသသံပါနေသော်ငြား တုန့်ပြန် စကားမဆိုမိ...

သည်အရိပ်ကို ခိုနား၊ သည်အသီးကိုစားရင်း ဘဝလူလားမြောက်ရာ ဒုတိယမိခင်၏ ရင်ခွင်မှ အတောင်အလက်စုံ၍ စုံကန်ထွက်ခွာမသွားလိုသော်ငြား ဘဝနှင့်နှလုံးသား ရွေးရခက်သူ အပူသည် ဒုက္ခကို ဖာသာသိငြား ဖွင့်ပြောခြင်းငှာ မစွမ်းဝံ့ပါချေ...

ရုံးလုပ်ငန်းအတတ်ပညာသာမက...ဘဝနေနည်းအလယ် သေမင်းခံတွင်းမှ ကယ်ထုတ်ခြင်းအဆုံး... ဆရာလိုသာမက မိဘလိုပါ စောင့်ရှောက်ခဲ့သူ ဆရာ့ ရင်မှ အပူကို တပည့်ကောင်းဝတ္တရားနှင့်အညီ ငြိမ်းသတ်ရန် တာဝန်ရှိခဲ့ချေပြီ ထင်ပါသည်။

တုန်ရီသော လက်အစုံဖြင့် စကားပြောခွက်ကို ကိုင်လိုက်မိချိန်တွင် လမ်းခွဲသို့ ရောက်ခဲ့ပြီဟူသော အသိက နှလုံးသားကို ပြင်းစွာထိုးနှက်လေသည်။

◆ ◆ ◆

သင်တန်းကာလတစ်နှစ်ကို ကာလယန္တယားၡ၏ ဝါးမြို့မှနှင့်အတူ လူးလွန့်ကျော်ဖြတ်ရင်း ကုန်ဆုံးလွန်မြောက်ခဲ့ရသည်။

သင်တန်းဆင်းပြီးနောက် ကျရာနေ… စေရာသွား မင်းခယောက်ျားဘဝနှင့် ထောင်အစုံစုံ… စခန်း အဖုံဖုံ…

နှစ်ကာလများစွာကို အထီးကျန်အဖော်မဲ့စွာ ကုန်ဆုံးလွန်မြောက်ခဲ့ရင်း…

အလုပ်စတင်ဝင်ရောက်ချိန်မှ ရေတွက်သော် ၂၅နှစ် တစ်လနှင့် ၂၅ရက် ကာလ…

အရာရှိလုပ်သက် ၁၉နှစ် ၅လနှင့် ၂၂ရက်…

မိုးနှောင်းရာသီ၏ တိမ်မည်းတစ်ချို့ ငိုသောနေ့။

◆ ◆ ◆

"ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခြင်းမရှိသော်ငြား… ကြီးကြပ်ကွပ်ကဲမှု လျော့နည်းခြင်း (Lack of Supervision) အရ တာဝန်ရှိသဖြင့် ဤအမိန့်စာ ထုတ်ပြန်သည့်နေ့မှစ၍ မယူမနေရ အငြိမ်းစားရယူရန်…"

ဘယ်နှစ်ကြိမ်မှန်းမသိ ထုတ်ယူဖတ်ရှုမိနေသော အမိန့်စာရွက်သည် မှတ်သုန်လေ၏ တသုန်သုန် တိုက်ခတ်နေခြင်းကြောင့်လား… တုန်ရင်နေသော လက်အစုံကြောင့်လားမသိ တဖျပ်ဖျပ်ခါယမ်းနေသည်။

အကြိမ်ကြိမ် အခါခါ ဖတ်ရှုမိသော်ငြား မယုံချင်သလို အိပ်မက်လေလား မကွဲပြားချင်သေး…

အမိန့်နာခံ သစ္စာခံခဲ့ခြင်းနှင့် ဥပဒေနှင့်အညီ မကျိုးမပေါက် မပျောက်မကြား ရှိခဲ့ခြင်းအတွက် နိဂုံးကမ္ပတ် အဆုံးသတ်အဖြေသည် တစ်ကြိမ်တစ်ခါမှ မမျှော်လင့်ခဲ့ရာ… မတွေးတောခဲ့ရာ ပတ်စာခွာ ဇာတ်သိမ်းတဲ့လားလေ။

စနေထောင့်ဆီမှ ညိုမည်းအုံ့ခဲကာ တက်လာသည့် တိမ်မည်းတစ်အုပ်ကြောင့် ကျနေဖျော့ဖျော့သည် လက်တံတို့ကို ရုတ်သိမ်းသွားခဲ့ပြီ။

"တို့ဖြစ်စဉ်မှာ အကျဉ်းသား/အချုပ်သား တစ်စုံတစ်ယောက်မှ ထွက်ပြေးလွတ်မြောက်သွားနိုင်ခြင်း မရှိတာကိုက တို့ရဲ့တာဝန်ကျေပွန်မှု၊ တို့ရဲ့စွမ်းစွမ်းတမံကာကွယ်မှုကွ… အကျဉ်းသား၊ အချုပ်သားများ အားလုံး လုံခြုံစွာထိန်းသိမ်းထားရှိရန်ဆိုတဲ့ အဓိပ္ပာယ်အရ…"

ရက်အနည်းငယ်ကာလက ထောင်ပိုင်ကြီး၏ ပြောသံက နားထဲမှာ ကြား ယောင်လာမိပြန်သည်။

ဝင်းကနဲ လျှပ်တစ်ချက်အပျက်တွင် ဆူညံပြည်ဟိန်းသည့် ထစ်ချုန်းမိုးသံ နှင့်အတူ ဒရကြမ်း တိုးဝှေ့ပြေးဝင်လာသော မိုးသက်လေကြောင့် စိမ်းစိုသစ်ပင် တို့ ယိမ်းထိုးလှုပ်ရှားသွားကြသည်။

"သုံးရက် ၇၂ နာရီအတွင်း မိမိတို့လက်ရှိနေထိုင်ရာ နေအိမ်ခန်းများကို ခြေရာလက်ရာမပျက် ပြန်လည်အပ်နှံပြီး ထွက်ခွာပေးဖို့ ဖြစ်ပါတယ်… သဘော်ာ ဆိပ်၊ ကားဂိတ်နဲ့ မီးရထားဘူတာရုံတို့ကိုသွားဖို့ ဌာနက ကားစီစဉ်ပေးမှာ ဖြစ်ပါတယ်…"

မုတ်သုန်မိုးနှောင်းလေ၏ ပြင်းထန်စွာ ဝှေယမ်းတိုက်ခတ်မှုနှင့်အတူ မိုးစက်မိုးပေါက်တို့ သည်းသည်းမည်းမည်းကျဆင်းလာခဲ့ပြီ။

ခပ်လှမ်းလှမ်း ပိတောက်ပင်ပျိုဆီမှ ကိုင်းတက်တစ်ဖွဲ့ ပွဲကျစင်ထွက်မှု နှင့်အတူ ငှက်ငယ်တစ်သိုက်က ဝရန်းသုန်းကား ဟစ်အော်ပျံသန်းရင်း နီးစပ်ရာ သစ်ပင်ခြုံနွယ်တွေဆီ ကြောက်လန့်တကြား တိုးဝင်သွားကြသည်။

မြေပြင်မှာတော့ ကျိုးပွဲ့သစ်ကိုင်းတို့နှင့်အတူ တစ်စစီကျေမွ ဖရိုဖရဲပြန့်ကျဲ နေသည့် အသိုက်အမြုံ အပျက်အစီးများနှင့် ကျေကွဲဥငယ်တစ်ချို့…

ကျနေကျွယ်ပျောက် ပြင်းထန်မိုးပေါက်များကြောင့် ဝန်းကျင်အားလုံး အမှောင် ဖုံးခဲ့ကာ အမြင်အာရုံတို့ မှုံရီဝေဝါး မထင်ရှားတော့…။

အော်… မပီဝိုးဝါးနှင့် တကယ့်ကို မှောင်ရီသမ်းခဲ့ပြီဘဲလေ…။

♦ ♦ ♦

Let me not pray to be sheltered dangers,
But to be fearless in facing them.
Let me not stilling of my pain,
But for the heart to conquer it.

( Rabindranath Tagore)

အန္တရာယ်တွေ အခက်အခဲတွေကနေ
လွတ်မြောက်ဖို့၊ ဘဝအေးချမ်းဖို့
ငါဆုမတောင်းပါရစေနဲ့…
ဒါပေမဲ့…
ဒီအန္တရာယ်၊ ဒီအခက်အခဲတွေကို
ရင်ဆိုင်ဖို့
ကြောက်ရွံ့ခြင်းမှ ကင်းရပါစေ…။
ငါ့ရဲ့ နာကျင်ခြင်းတွေ ကင်းပျောက်ဖို့
ဆုမတောင်းပါရစေနဲ့…
ဒါပေမဲ့… ဒီနာကျင်ခြင်းတွေကို
အောင်နိုင်တဲ့ နှလုံးသားတော့ ရှိပါရစေ…

**(ရာဘင်ဒြာ နတ်တဂိုး)**

မှတ်မှတ်ရရ နောက်ပိုင်းကာလများတွင် သန်းခေါင်ညဥ့်နက် အိပ်မက်ဆိုးတို့ ဝင်လာနှိပ်စက် အိပ်ပျက်ညတို့ အလည်တစ်ခေါက် မလာရောက်တော့သည့်တိုင်…

ဒီကနေ့ အထိ…

အမှတ် မရှိစွာ လွှမ်းနေတတ်သေးတဲ့ အတိတ်ခြေရာရဲ့ ဝေဒနာ နောက်ကွယ်မှာ ဥပါဒါန်နဲ့ သမုဒယန္တယ်တဲ့ ချစ်ခြင်းတွေမှ ကင်းဝေးရပါစေကြောင်း ဆုတောင်းနေမိဆဲ ဖြစ်ပါသည်။

မုဒိတာဖြင့်
မောင်ရည်ကျော်(ရှုပ)

# အေးချမ်းပါစေ အေးချမ်း

ဒီတစ်ကြိမ် ထောင်ဝင်စာလာတာက နောက်ဆုံးဖြစ်လိမ့်မယ်ထင်ပါတယ်။ ရင်ထဲမှာတော့ မကောင်းပါ။ ဘဝဆိုတာဖြောင့်ဖြူးသာယာတဲ့ ပန်းခင်းလမ်းပဲ မဟုတ်သလို ခယောင်းလမ်း ချည်းပဲလည်းမဟုတ်နိုင်ပါ။ ကိုချမ်းနဲ့လက်ထပ်ခဲ့တော့ အကျဉ်းထောင်တပ်သားလေး ဘဝသာ ရှိပါသေးတယ်။

ရတဲ့ လစာလေးနဲ့ လိုင်းခန်းလေးမှာ အိမ်ထောင်သည်ဘဝစခဲ့ရတာ ရင်ထဲ ကျေနပ်နေပါတယ်။ သူ့ကိုမရှိရှိတာလေးနဲ့ ချက်ကျွေးရတာ သူ့ယူနီဖောင်းလေးတွေ မီးပူတိုက်ပေးရတာ ပျော်စရာတစ်ခုပါပဲ။ ကိုချမ်းကယူနီဖောင်းနဲ့ သိပ်ကြည့်ကောင်းတယ်၊ ကိုယ့်ယောက်ျားမို့ပြောတာ မဟုတ်ဖူးနော်၊ တကယ် အဟုတ် မယုံရင်လာကြည့် လှည့်ပါလား၊ ကိုချမ်းရာထူးတိုးပါတယ်ကြားတော့ ဘယ်လိုပျော်မှန်းမသိဘူး၊ ခန္ဓာကိုယ်တစ်ခုလုံး လေထဲမြောက်တက်သွားသလိုပါ။ ပေါ့ပါးလန်းဆန်းနေတယ်။ လိုင်းထဲမှာနေရတာ အပြင်ကို လမ်းလျှောက်နေရတာကိုက အရသာရှိနေတယ်။

မိစန္ဒာတို့မျက်နှာကိုမော်နေတာပဲ၊ သင်တန်းတက်ရမယ် အင်းစိန်မှာသွားတက်ရတယ်။ သင်တန်းမှာ စားဖို့ကြော်လှော်ထည့်ပေးတယ်။ သူများတွေအလယ်မှာ မျက်နှာမငယ်ရအောင် လိုတာတွေ စဉ်းစားရင်း စီကာစဉ်ကာ လုပ်ပေးရတာလည်း မမောနိုင်မပန်းနိုင်ပါ။ သင်တန်းမှာပင်ပန်းတယ်၊ ဆက်တောင်မလုပ်ချင်တော့ဘူးပြောလို့ သူ့ကိုချော့ရသေးတယ်။ ဘယ်နှစ်ရက်မှာမကျန်တော့ဘူး အားတင်းထား ကြိုးစားလိုက်စမ်းပါ ယောက်ျားရယ်နော်လို့ နဖူးကလေးကိုနမ်းရင်း အားတွေပေးရတယ်။

သင်တန်းကဆင်းတော့လည်း အဟုတ်ကြီးကို မန္တလေး ဗဟိုအကျဉ်းထောင်ကြီးမှာပဲ ပြန်ပြီးတာဝန်ကျတယ်ဆိုတော့ အတိုင်းထက်အလွန် ပျော်ရလွန်းလို့ သေမတတ်ပါပဲ၊ ကုသိုလ်ကံက ကိုယ့်ဖက်ပါလာပြီထင်မိပါတယ်။ အော်…ဘဝ ဘဝ ဖြစ်ချင်တာလည်းမဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ်ရတာပါလား။

အိုးဘိုထောင်ကို ဆိုင်ကယ်ကယ်ရီနဲ့ လာခဲ့တယ်။ တိုင်းရင်းဆေး တက္ကသိုလ်ဘေးကနေ ကွေ့ဝင်ခဲ့တယ်။ ထောင်ရှေ့က တမာပင်ရိပ်မှာ ဆိုင်ကယ်က ရပ်ပေးပါတယ်။ ကယ်ရီသမားကို ပိုက်ဆံထုတ်ပေးတယ်။ ဂူးကနဲ မောင်းထွက်သွားတော့ ဆိုင်ကယ်မီးခိုးလေးတွေနောက်မှာ စိတ်ကဗလောင်ဆူကျန်ခဲ့ တာပါလား။ ထောင်ဖက်ကိုငေးကြည့်လိုက်တော့ အနက်ရောင်ကြွေပြားထက်မှာ ရွှေစာလုံးနဲ့ရေးထားတဲ့ အကျဉ်းထောင်ရဲ့အမည်ဟာ ထင်းကနဲမြင်ရပါတယ်။ ဂိတ်တံခါးကိုဖြတ်ပြီးကြည့်လိုက်တော့ ထုံးဖြူဖြူလေးတွေနဲ့ ကျောက်တုံး ကျောက်ခဲ အုတ်ရိုးကြီးပေါ်မှာ ကနုတ်ပန်းကလေးတွေက ကြွရွလို့ လှပနေတာပါလား။

အုတ်ရိုးနဲ့မျှော်စင်ကိုမြင်ရပါတယ်။ အထဲကနေ ပဋ္ဌာန်းရွတ်သံသဲ့သဲ့ကြားနေရတယ်။ ကိုချမ်း မျော်စင်မှာ တာဝန်ကျတော့ ထမင်းချိုင့်လာပို့တာကို သတိရနေမိတယ်။ လက်တစ်ဖက်က သမီးလေးကိုချီရင်း ဒီည အေးတယ်နော်။ ဂျာကင်ကို သေချာဝတ်ထား၊ စောင်လည်း သေချာခြုံပြီးအိပ်နော်လို့ အကြင်နာတွေ ပိုခဲ့မှာခဲ့တာလေးတွေကို သတိရလို့ ပြုံးမိသေးတယ်။ ဂိတ်မှာအမည်စာရင်းပေးတယ်၊ လုပ်ဖော်ကိုင်ဖက်တွေက နင် နေကောင်းရဲ့လား ကျန်းမာရေးဂရုစိုက်ပါလို့ မှာကြတယ်။

စာရွက်လိပ်ကလေးကိုကိုင်လို့ တဖြည်းဖြည်း လမ်းလျှောက်လာခဲ့တယ်။ ထောင်ဝင်စာ ဈေးတန်းမှာ သွားသူလာသူ ဝယ်သူရောင်းသူတွေနဲ့ ပျားပန်းခတ်စည်ကားနေပါလား။ ရင်ထဲမှာ အပူတွေကြောင့် မန္တလေးရဲ့နေ့အပူကို သတိမထားနိုင်ကြဘူး။ မေ့ပြီးလှုပ်ရှားနေကြတာပါလား။ အထုပ်ကလေးတွေထုပ်ရင်း အမည်နံပါတ်လေးတွေရေးရင်း တန်းစီနေကြတယ်။ တချို့က လူတောင်တန်းမစီနိုင်တော့ဘူး။ ထောင်ဝင်စာပါဆယ်ထုပ်ကိုချစီရင်း ထိုင်စောင့်နေကြတယ်။လူဝင်ပေါက်သံတံခါးလေးကနေဝင်လာလိုက်တာတံတားလေးပေါ် ရောက်လာတယ်။ ဒီတံတားလေးပေါ်မှာ သမီးလေးနဲ့အတူ ကိုချမ်းခါးကို တင်းတင်းလေးဖက်ရင်း ဆိုင်ကယ်စီးလို့ ဖြတ်ခဲ့ဖူးပါလား။ ရွှေကျင်ချောင်းကတော့ တသွင်သွင်စီးနေတုန်းပါ။ လေနုအေးလေးဖြတ်အတိုက်မှာ ဟေးကနဲ အော်လို့ ပျော်မြူးနေတဲ့ သမီးလေး သူ့ရဲ့ရယ်သံလေးက ဆွဲလဲခတ်သံလိုပါလား။ ဖေ့ ဖေ့ပြီးရင် အုန်းဖါလူဒါသွားစားမယ်နော်လို့ ပြောတတ်တဲ့သမီးလေးရဲ့အသံအားလုံးဟာ ရွှေကျင်ချောင်းထဲမှာ မျောပါလို့သွားပါပေါ့လားနော်။

ထောင်ဝင်စာနားနေတဲ့နေရာလေးမှာ ထိုင်ရင်းအမောဖြေမိတယ်။ မော့အကြည့်မှာ ဂါတ်စာရေးကြီးရဲ့ အော်ဟစ်ပြောနေသံ၊ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးတို့အိမ်ပါလား။ မိသားစုတွေနဲ့ သကြင်္ကန်မှာရေကစားခဲ့တာ၊ ကျူးပတ်လို့ပျော်ကြတာလေးတွေကို အမှတ်ရမိပါတယ်။ မုန့်လုံးရေပေါ်စားရင်း ငရုတ်သီးမိတဲ့ ကိုချမ်းရဲ့အဖြစ်ကိုမြင်ယောင်နေမိတယ်။ ခုတော့လည်း ကိုချမ်းရယ် ဘဝပေးဆုလာဒ်တွေကို မယုံနိုင်တော့ဘူး။ မလွယ်တံခါးပေါက်လေးကနေ ခြေကျော်ဝင်မိပါတယ်။ ဒီတစ်ခါ ကိုချမ်းကို ထောင်ဝင်စာလာတွေ့ရတာ ရင်အနာဆုံးပါ၊ စိတ်ထဲမှာ လေးလံနေပါတယ်။ လှချင်ပချင်စိတ်လည်းမရှိတော့ပါ။ ကလေးတစ်ယောက်အမေရဲ့ အလှအပတွေဟာ ကာလအပိုင်းအခြားနဲ့ အတူလျော့ရဲလို့သွားပါလား။ ပါးအထက်မှာ သနပ်ခါးလေးတောင် မတို့နိုင်တာကြာခဲ့ပြီပဲ။ အပျိုပေါက်စဘဝက ကိုချမ်းနဲ့ချိန်းတွေ့ရင်း စနမ်းခဲ့တဲ့ကိုချမ်းရဲ့အနမ်းဟာ ရင်ထဲမှာတဆတ်ဆတ်တုန်အောင် လွမ်းနေတုန်းပါလား။

ထောင်ဝင်စာခန်းထဲရောက်တော့ ဟိုဟိုဒီဒီရှာကြည့်မိတယ်။ ကိုချမ်းရဲ့ ငါဒီမှာဟေ့ဆိုတဲ့ အသံက အတိတ်က လွမ်းစရာလေးတွေကို ကြက်ပျောက်ငှက်ပျောက် လန့်ဖျပ်ထွက်ပြေးသွားစေပါတယ်။ အပျော်လေးတွေ ကြေကွဲပျက်စီးသွားတော့မှာပါလား။ ဒီနေ့ ဒီအချိန် ဒီနေရာမှာ ဒီမိသားစုလေးရဲ့ လှပတဲ့အိမ်မက်ကလေးတွေ ပြိုပျက်သွားကြတော့မှာပါလား။ သမီးလေးမပါဘူးလားလို့ ကိုချမ်းရဲ့ မေးသံကို ပြန်မဖြေနိုင်လွန်းလို့ ခေါင်းကိုခါရမ်းပြမိပါတယ်။ နေကောင်းရဲ့လား ကောင်းပါတယ် ဖြေရပေမယ့် ခြေဖျားလက်ဖျားတွေက နွေခေါင်ခေါင်အေးစက်လို့နေပါလား။ ရင်ထဲကပြောချင်တဲ့စကားတွေ လည်မျိုမှာတစ်ဆို့လို့နေတယ်။ ဒီမှာသူစားဖို့ ငါးကျည်းကြပ်တိုက်ကို ငရုတ်သီးခွဲခြမ်းနဲ့ ကြော်လာတယ်။ ဒါက ထမင်းစားပြီးရင် အချိုတည်းဖို့ ပုသိမ်မြင်းပျံဟာလဝါခြောက်၊ ဆေးလိပ်က ငါးဆယ်ပါခဲ့တယ်။ ဘာလိုသေးလဲဟင်လို့ မေးမိတယ်။

မပြောမဖြစ်လို့ပြောရဦးမယ်။ ကိုချမ်းကမော့ပြီး ကြည့်ပါတယ်။ ဘာများလဲလို့ မျှော်လင့်နေသလိုပါ။ သူလည်းသိနေသလိုပါ။ အကောင်းဆုံးကို ပြင်ဆင်ထားရမယ်လို့ ကြိုသိနေကြတယ်ထင်မိတယ်။ သစ္စာမဲ့တယ်လို့ ဆိုချင်လည်းဆိုပါ။ ကျွန်မပါးကို ဘယ်ပြန်ညာပြန် ရိုက်ချင်လည်း ရိုက်လိုက်ပါ။ မိစန္ဒာက ကျေကျေနပ်နပ်ကြီးခံပေးပါ့မယ်။ အဓိကက သမီးလေးရှေ့ရေး အတွက်ပါ

သမီးလေးဘဝ အေးချမ်းစေချင်တယ်။ ကျွန်မတို့မရခဲ့ဘူးတဲ့ ဘွဲ့တွေပညာတွေ ရစေချင်တယ်။ သမီးလေးကိုဘွဲ့ဝတ်စုံလေးနဲ့ ဓာတ်ပုံရိုက်တာမြင်ချင်မိတယ်။ အခုကျွန်မမှာ စားဝတ်နေရေး အတော်ကျပ်တည်း နေပါတယ်။ အိမ်လခတောင် မနည်းရှာနေရတယ်။

ကျွန်မတစ်ယောက်တည်းအစွမ်းနဲ့ ထမ်းမထားနိုင်တော့ဘူး။ ခြေကုန် လက်ပန်းကျနေပါပြီ။ ကိုချမ်း ကျွန်မကိုခွင့်လွှတ်ပါ။ ကိုချမ်းကို ရိုရိုသေသေ ကန်တော့ပါတယ်။ ဒီကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ။ မထင်မှတ်တဲ့ စကားကိုကြားရလို့ ကိုချမ်း မျက်လုံးပြူးထွက်မတတ်ပါ။ ကျွန်မဘဝသစ်တစ်ခု ထူထောင်ချင်လို့ပါ။ ကိုချမ်း ဒီဘဝရောက်မှ လုပ်ရက်တယ်၊ သစ္စာမရှိတဲ့မိန်းမ မြွေပှောက်မလို့ပြောရင်လည်း ခံပါမယ်။ ဒါဟာ အားလုံးကောင်းဖို့ပါ။

ကမ္ဘာပျက်တဲ့နေ့ပါလား။ ဒီလိုတော့ တစ်နေ့ဖြစ်လာမယ်လို့တွေးမိပါတယ် ဒီလောက် မြန်လိမ့်မယ်လို့မထင်မိတာအမှန်ပါ။ နေ့အလယ်မှာ မိုးကြိုးပစ်ချခံရသူ လိုပါ။ လက်တွေတဆတ်ဆတ် တုန်လာပါတယ်။ ဒေါသနဲ့အတူ မျက်ရည်တွေ ဝဲလာပါတယ်။

အဲဒီအချိန်မှာ ဆရာထောင်မှူး ကျော်ကျော်လွင် အနားရောက်လာပါတယ်၊ ပုခုံးကိုဖက်ရင်း သူငယ်ချင်း အေးအေးဆေးဆေး စဉ်းစားပါ။ အားလုံးအတွက် အကောင်းဆုံးလမ်းကိုရွေးပါ။ ဒေါသနဲ့မဆုံးဖြတ်နဲ့လို့ ပြောပါတယ်။ ပြောချင်တဲ့စကားတွေ ထွက်မလာပါ။ မိစန္ဒာကိုကြည့်တော့ ပါးပြင်မှာ မျက်ရည်စီး ကြောင်းလေးတွေ ဆင်းလို့ပါလား။ သူ ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲပါလား။ လျှောက်ရမယ့်လမ်းကို သေချာစဉ်းစား ရွေးချယ်ပြီး ခွင့်တောင်းရှာပါလား။ အားလုံးဟာ သမီးလေး စုသက်ပုံအတွက်ပဲမဟုတ်ပါလား။ သူပြတဲ့ ကွာရှင်း စာချုပ်ကိုကြည့်မိတယ်။ မျက်ရည်တွေကြောင့် မထင်ရှားပါ။ မှုန်ဝါးလို့နေပါ တယ်။

မိစန္ဒာရယ် နင့်ကိုချစ်ခဲ့တာ ဒီလိုကွာပေးဖို့လားဟင်။ ငါမကြားချင်ပေမဲ့ အရာအားလုံးဟာ သမီးလေးအတွက်မို့ တို့ရင်တွေအကွဲခံကြရမှာပေါ့နော်။ ငါနားလည်ပါတယ် မိစန္ဒာရယ်။ ငါကယောကျ်ားပါ။ နင့်ဘဝ အမောပြေပါစေ။ သမီးလေးဘဝ ပန်းခင်းလမ်းကိုလျှောက်နိုင်ပါစေ။ ငါ ကြည်ကြည်ဖြူဖြူ လက်မှတ်ထိုးပေးလိုက်ပါတယ်။ ဒီလက်မှတ်မှာ ငါ့အသည်းနှလုံးတွေ အားလုံး

ပါသွားပြီလို့မှတ်ပါလို့ ပြောရင်း ထောင်ဝင်စာခန်းက ထွက်လာခဲ့တယ်။ နောက်မှာ မိစန္ဒာရဲ့ငိုရှိုက်သံ ထောင်ဝင်စာသံချောင်းခေါက်သံတွေက ဆူညံလို့လာတယ်။ ငါရဲ့ကမ္ဘာလေး ပျက်စီးတဲ့နေ့ပါလား။ ဖိုကြီးက ရေနွေးအိုးလို ရင်ထဲမှာ ပွက်ပွက်ထနေပါလား၊ ရေနွေးငွေ့တွေကြောင့် အဖုံးဟာ တဆတ်ဆတ်တုန်နေပါလား။ အရင်ကမြတ်မြတ်နိုးနိုးစားခဲ့ရတဲ့ ဟာလဝါခြောက် ချိုချို ဆိမ့်ဆိမ့်လေးဟာ မချိုတော့ပဲ ခံတွင်းပျက်နေမှာတော့ သေချာပါတယ်။

## မအေးချမ်းတဲ့ အေးချမ်း

ကျွန်တော့်နာမည်အေးချမ်းပါ။ အဖေနဲ့အမေက ဘဝအေးချမ်းသာယာရှိစေမယ့်သား၊ သားကြီးဩရသမို့ အတိတ်ကောင်းနိမိတ်ကောင်းနဲ့ပေးခဲ့တာပါ။ ဇာတိကပုသိမ်ပါ။ အဖေကစစ်သားပါ။ အဖေတပ်ပြောင်းရင် ပြောင်းတဲ့မြို့ကို ကျွန်တော်တို့မိသားစု လိုက်နေကြရပါတယ်။ အဖေက တပ်ကြပ်တစ်ဦးပါ အဖေကဦးတင်မြင့်၊ အမေကဒေါ်ကျင်သိန်းပါ။ ကျွန်တော်တို့မောင်နှမ ငါး ယောက်ရှိပါတယ်။ ကျွန်တော်ကအကြီးဆုံးသားပါ။ ယောက်ျားလေးနှစ်ယောက် မိန်းကလေး သုံးယောက်ရှိပါတယ်။ အမေကကျွန်တော်မွေးပြီး မိန်းကလေး နှစ်ယောက် ဆက်တိုက်မွေးပါတယ်။ မခင်သိန်းမြင့်နဲ့ မမြင့်မြင့်ကြည်ပါ။ အမေဝမ်းသာနေပါတယ်။ သားဦးကိုလည်းရပြီ။ ရဟန်းအမလည်း လုပ်နိုင်ပြီ။ တိုးတိုးဖော်ကူဖော်လောင်ဖက် သမီးနှစ်ယောက်လည်းရပြီ။ ငါ့ဘဝပြည့်စုံပြီလို့ ပျော်နေပါတယ်။

သားကြီးကိုလည်း ပညာတတ်စေချင်တယ်။ အဖေမဖြစ်ဖူးတဲ့ အရာရှိတစ်ယောက်လည်း ဖြစ်စေချင်မိတယ်။ ကျောင်းသွားဖို့ အဝတ်အစားလဲ ပေးတိုင်း နမ်းရတာအမော။ အမေကလည်း သူ့သားပဲနမ်းနေတာပဲ သမီးတို့ကိုလည်း နမ်းပါဦးပြောတော့ အမေကရယ်ရင်း သနပ်ခါးပါးကွက်ကျားကွက်ပေးပြီး ယပ်တောင်လေးနဲ့ တဖြတ်ဖြတ် ယပ်ခတ်ပေးတယ်။ လေကလေးမှုတ်ပေးပြီး သနပ်ခါးလေးက မွေးလိုက်တာနော် ပါးကလေးကအေးလိုက်တာနဲ့ နမ်းပေးရှာပါတယ်။ သမီးနှစ်ယောက်မွေးပြီးနောက်မှာသားတစ်ယောက်သမီးတစ်ယောက် မွေးလာတော့ အမေပျော်နေရှာတယ်။ သားငယ်လည်းသားငယ်မို့ ချစ်လိုက်တာ လွန်ရောပဲ။ သူ့နာမည်ကျတော့ အေးနိုင်လို့ အမည်ပေးတယ်။ သားကြီးနဲ့

ဘဝအမောတွေ အေးချမ်းသွားသလို သားငယ်ကြောင့် အရာရာအောင်နိုင်မယ် ဆိုတဲ့သဘောနဲ့မှည့်ထားကြပါတယ်။ မိဘမေတ္တာဆိုတာ အလွန်ကြီးမားပါလား အငယ်ဆုံးလေးက မတင်တင်မြင့်ပါ။ မိသားစုကကြီးလာပြီ၊ စားအိုးကလည်း နင့်နေပြီ။ အမေအဖေလည်း မျက်ဖြူဆိုက်နေပါပြီ၊ အဖေ့ခြေရာနင်းမယ့် သမီးလေးရယ်။ အဖေတို့ဘဝကို မြင့်သထက်မြင့်အောင်မြှင့်တင်ပေးဖို့ တင်တင်မြင့်လို့ အမည်မှည့်ပေးခဲ့ပါတယ်။

အဖေကာ၁၉၇၈ခုနှစ်မှာ တပ်မတော်က အနားယူပြီး အကျဉ်းဦးစီးဌာနကို ပြောင်းပါတယ်။ ထောင်ပိုင်ကြီး ဦးစိန်ဌေးလက်ထက်မှာပါ။ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေချိန်မို့ အဖေလည်းပင်ပန်းပါတယ်။ နေ့ရောညရော ထောင်ထဲကကို မထွက်ရပါ။ ထမင်းစားချိန် ခဏပဲတွေ့ရပါတယ်။ ကျွန်တော်တို့ ကျောင်း သွားနေရင်လည်း မတွေ့ရပါ။ ညကျတော့လည်း ကျွန်တော်တို့အိပ်ချိန် ကျမှ ပြန်ရောက်လာတော့ မတွေ့ရပါ။ အဖေနဲ့တစ်ပတ်နေလို့ တစ်ခါမတွေ့ရပါ။

အကျဉ်းဦးစီးမှာနေတော့ စားဝတ်နေရေးအဆင်ပြေပါတယ်။ အဖေ့လစာနဲ့ လောက်ပါတယ်၊ အဖေ့ထောင်ထဲကယူလာတဲ့ အသီးအနှံတွေနဲ့စားလောက်နေပါ တယ်။ နေ့စဉ်အသားငါးတော့ မစားရပါ။ သားသမီးတွေကြီးလာတော့ အသုံး စရိတ်က ပိုလို့လာပါတယ်။ မိသားစုတွေ အနည်းနဲ့အများဆိုသလို ကျပ်တည်းကြ ပါတယ်။

အမေက ပုသိမ်ဇာတိပါ။ အဖေက ခရမ်းသုံးခွသားပါ။ အဖေကပုသိမ်မှာ တာဝန်ကျရင်း အမေနဲ့တွေ့လို့ မေတ္တာမျှကြရင်း အိမ်ထောင်ပြုခဲ့ကြတာပါ။ အမေ့အမျိုးတွေက ပုသိမ်မှာရှိပါတယ်။ သူတို့ကကြက်သားရောင်းတဲ့လုပ်ငန်း လုပ်ကြပါတယ်။ စားဝတ်နေရေးကျပ်တည်းလာတော့ အမေလည်းမနေနိုင်ပါ။ ဈေးဗန်းခေါင်းပေါ်ရွက်ရင်း ရာသီပေါ်သီးနှံလေးတွေ တစ်နေ့ကုန် ခြေတိုအောင် လျှောက်ရောင်းရတာပါ။ အဖေလည်းပင်ပန်းတယ်။ အမေလည်းဈေးရောင်းရ၊ ထမင်းဟင်းချက်ရနဲ့ အတော်ပင်ပန်းပါတယ်။ ညရောက်တာနဲ့ နောက်တစ်နေ့ ဈေးရောင်းနိုင်ဖို့ အားမွေးအနားယူရပါတယ်။

ဒီကြားထဲအဖေက အသောက်အစားပိုမက်လာပါတယ်။ မူးပြီး အိမ်မှာရစ် တာ ရိုက်တာမျိုးမရှိပေမဲ့ သားသမီးတွေအတွက် လှည့်မကြည့်နိုင်ပါ။ သား သမီးတွေနဲ့ မိဘဟာတစ်နေ့တစ်နေ့ မသိမသာဝေးဝေးလာပါတယ်။ အဲဒါရဲ့အဖြေ

ဟာ ကျောင်းစာမလိုက်နိုင်၊ စာမရတော့ စာမေးပွဲတွေ လပတ်စာမေးပွဲတွေ မအောင်။ မအောင်တော့ ကျောင်းမှာမပျော်၊ တခြားတွေ စိတ်ဝင်စားပြီး ယောက်ျားစောစောရကုန်ကြတာပါပဲ။

အကြီးမ မခင်သိန်းမြင့်က ရတနာပုံတီရစ္ဆာန်ဥယျာဉ်မှာ ဝန်ထမ်းဝင်လုပ်ပါတယ်။ သူ့အမျိုးသားက ဆောက်လုပ်ရေးမှာလုပ်ပါတယ်။ နောက်အငယ်မိန်းကလေး မကြည်ကြည်မြင့်က ငယ်ကတည်းကစာကြိုးစားတယ်။ သူတစ်ယောက်ပဲ ပထဝီမေဂျာနဲ့ဘွဲ့ရပါတယ်။ ကျောင်းဆရာမ ဝင်လုပ်ပါတယ်။ အကျဉ်းဦးစီးက ဝန်ထမ်းတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ အခုတော့ သူတို့လည်း ဝန်ထမ်းအဖြစ်က နုတ်ထွက်ပြီး ရန်ကုန်ပြောင်းသွားကြပါတယ်။ စတုတ္ထမြောက် ညီလေးက အေးနိုင်ပါ။ အမေမျှော်လင့်သလို မဖြစ်လာဘဲ အဖေ့ခြေရာနင်းရင်း သောက်သောက်စားစားဘဝနဲ့ အသက်လေးဆယ်လောက်မှာ အစာအိမ်သွေးအန်ပြီး ကွယ်လွန်ပါတယ်။

အငယ်ဆုံး ညီမလေးကမတင်တင်မြင့်ပါ။ သူလည်းကျောင်းက စောစောထွက်ပြီး အိမ်ထောင်ကျပါတယ်။ အိမ်ထောင်ကျတော့ အသက်က ၁၇နှစ် ၁၈နှစ်လောက်ရှိသေးတာပါ။ ကျောင်းကမပြီး ငယ်ကငယ် အချစ်ကို ကိုးကွယ်မိကြတယ်လေ။ အငယ်မတို့ရဲ့ အိမ်ထောင်ရေးက သိပ်အဆင်မပြေကြတော့ စလယ်ဝင်ဖင်မမည်းခင်က ကွဲခဲ့ကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှုံးပါတယ်။

ကျွန်တော်ရဲ့ပညာရေးလား၊ ပုသိမ်မှာနေတုန်းက မူလတန်းပညာသင်ပါတယ်။ ငါးတန်းရောက်တဲ့နှစ်မှာ အဖေကမန္တလေးပြောင်းရပါတယ်။ ကျွန်တော်တို့မိသားစုလည်း မန္တလေး လိုက်ပြောင်းရတာပေါ့။ အကျဉ်းဦးစီးမှာ အဖေအလုပ်ပြောင်းလုပ်တော့ နန်းတွင်းက ဝန်ထမ်းလိုင်းမှာနေရပါတယ်။ လိုင်းက ၂၅ခန်းရှိပါတယ်၊ မျက်နှာချင်းဆိုင်လိုင်းရှည်ကြီးမို့လိုင်းအမည်ကို လိုင်းရှည်ကြီးလို့ခေါ်ကြပါတယ်။ အင်္ဂလိပ်ခေတ်က အိန္ဒိယလူမျိုးဝန်ထမ်းတွေ နေခဲ့တဲ့လိုင်းမို့ အိမ်ရှေ့မျက်နှာချင်းဆိုင်မှာ မီးဖိုပြီးချက်ကြပြုတ်ကြပါတယ်။ နောက်ပိုင်းအကျင့်ဖြစ်ပြီး မြန်မာဝန်ထမ်းတွေနေတော့လည်း အိမ်ရှေ့မှာပဲ မီးဖိုပြီးချက်စားကြပါတယ်။ မန္တလေးဟာ တကယ်မီးရေးထင်းရေး ကြောက်ရတဲ့မြို့ပါ။ မျက်စိရှေ့မှာ မီးဖိုချက်ရတော့စိတ်ချရတာပေါ့။

ကျွန်တော်ဆယ်တန်းနှစ်မှာ အဖေ့ကျန်းမာရေးက သိပ်မကောင်းဘူး။ ချူချာလာတယ်။ အဖေ့အတွက်ဆေးဖိုးက ပိုကုန်လာပါတယ်။ ကျွန်တော်လည်း ကျူရှင်မယူနိုင်ပါ။ လိုင်းထဲမှာ ကြည့်တော့လည်းပညာရေးကို သိပ်ပြီးတန်ဖိုးထားတာမျိုးမရှိကြပါ။ အချိန်တန်ကျောင်းထွက်၊ မိန်းမယူ၊ ဝါဒါလုပ် ဘဝကို ပျော်နေကြသူများကြပါတယ်။ ၁၉၈၅-၈၆ ပညာသင်နှစ်မှာ ဆယ်တန်းကို 'ခ'နဲ့အောင်ပါတယ်။

အဖေကလည်း မန္တလေးထောင်မှာအနေကြာဆိုတော့စခန်းထွက်ရပါတယ်။ ထောင်မှာ စခန်းထွက်ရင် မိသားစုနေစရာမရှိပါ။ မျက်နှာတအားငယ်ရပါတယ်၊ ထောင်ကနေ ဘာမှ ထောက်ပံ့မှုမရှိတော့ မိသားစုရပ်တည်ဖို့ ခက်ခဲလာပါတယ်။ အဲဒါတွေအားလုံးအဆင်ပြေစေဖို့ အကောင်းဆုံးကတော့ ကျွန်တော်ကျောင်းက ထွက်ပြီး အကျဉ်းဦးစီးမှာ ဝန်ထမ်းဝင်လျှောက်တာ အကောင်းဆုံးထင်မိပါတယ်။ ထောင်ဝန်ထမ်းမိသားစုကနေ ထောင်ဝန်ထမ်းဝင်လုပ်တာဘာမှအခက်အခဲ မရှိပါ။ ဝန်ထမ်းသားသမီးဟာလည်း ဝန်ထမ်းတစ်ပိုင်းပါ။ အဖေတာဝန်ကျတဲ့နေ့ ညမျှော်စင်၊ တောင်ယာ၊ လယ်ထင်းဘုတ်၊ သန့်ရှင်းရေးဘုတ်များမှာ ထမင်းချိုင့်လိုက်ပို့၊ ရေနွေးဓာတ်ဗူးလိုက်ပို့နဲ့ အဖေ့အလုပ်တွေ အကျဉ်းသားရဲ့ဘက်တွေနဲ့ ရင်းနှီးနေတာပါပဲ။ သိပ်လည်း မထူးဆန်းပါ။ မျက်စိရည်နားရည်ဝနေပြီး ဖြစ်နေပါတယ်။

အဖေကကွမ်းဆိုကွမ်း၊ ဆေးလိပ်ဆိုဆေးလိပ်လိုက်ပို့ရင်း အဖေဘုတ်လိုက်တာ၊ အကျဉ်းသားကိုခိုင်းတာ၊ ကင်းချိန်းတာတွေ နားလည်လာသလို ကြည့်တာနဲ့ အချုပ်သား၊ အကျဉ်းသား ခွဲခြားတတ်လာပါတယ်။ တခါတလေ အိမ်ကို လာပြီး ထောင်ဝင်စာလာပေးတဲ့ ပစ္စည်းတွေကိုလည်း လက်ခံတတ်လာပါပြီ။ အဖေ့စာအုပ်လေးမှာ ထောင်နံပါတ်၊ အမည်၊ အဘအမည်၊ ဘာမှုလဲ၊ ဘယ်တရားရုံးကအမိန့်ချလဲ၊ ဘယ်အဆောင်မှာလဲ၊ ဘာဖြစ်ချင်တာလဲလို့မေးပြီး မှတ်သားတတ်နေပါပြီ။ အကျဉ်းဦးစီးမျိုးဆက်သစ်ဖြစ်ဖို့ အခြေခံပညာတွေ တတ်မြောက်ပြီးဖြစ်နေပါတယ်။

စာရေးကြီးကိုအောင်ကျော်ဦးက ဝန်ထမ်းဝင်လျှောက်ဖို့၊ ခန့်ထားနိုင်ဖို့ အစအဆုံး ကူညီပါတယ်။ ညီလေးရေ ဓာတ်ပုံဘယ်နှစ်ပုံရိုက်ခဲ့၊ ဘယ်လိုရိုက်ခဲ့၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ် မိတ္တူမူရင်း၊ အကျင့်

တရုတ်ကွင်းကောင်းကြောင်းထောက်ခံစာ၊ ကျန်းမာရေးကောင်းကြောင်းကတော့ ထောင်ထဲဝင်ပြီး ထောင်ဆေးရုံအုပ်ကြီးဆီမှာ တောင်းပေါ့ကွာတဲ့။ အဲဒါနဲ့ပဲ အကျဉ်းထောင်ဝန်ထမ်း ဖြစ်ခဲ့ရပါတယ်။ ထောင်ပိုင်ကြီးက ကျွန်တော်တို့ကို စဝင်ကတည်းက ထောင်လုပ်ငန်းအခြေခံတွေကို လက်တွေ့သင်ပေးပါတယ်။

နေ့တာဝန်ကျလိုက် ညတာဝန်ကျလိုက် မျှော်စင်တက်လိုက်နဲ့ပဲ အကျဉ်းဦးစီးပါး ဝလာပါတယ်။ ဗိုကြီးမှာ ထမင်းချိုးလေးတောင်းလိုက်၊ ဆားလေးဖြူးလိုက်၊ ဆီလေးဆမ်းလိုက်၊ ပဲပြုတ်လေး နှိုက်စားလိုက်နဲ့ ထောင်ထဲနေကုန်မထွက်ဘဲ ပျော်နေပါပြီ။ ညဆိုရင် ဘာယာတန်းကနေ တန်းစီး ကိုမုတ်တို့ ဘောကြီးတို့ကို လုပ်ကြဦးလေ။ ကိုယ့်ပစ္စည်းနဲ့ ကိုယ်အမုန်းမခံကြနဲ့ဆိုပြီး ကွမ်းယာလည်း တောင်းတတ်ပြီ။ ကော်ဖီမစ်လည်းယူတတ်ပြီ။ အဆာပြေ ထမင်းကြမ်းနဲ့ အကြော်အလျော်လေးနဲ့လည်းလွေးတတ်လာပါပြီ။

သင်တန်းတက်တော့လည်း မန္တလေးဝန်ထမ်းလေ့ကျင့်ရေး ကျောင်းမှာပါ။ ကျောင်းအုပ်ကြီးက တပ်က ပြောင်းလာတဲ့ဆရာကြီးပွန်းလေ။ ဝန်ကြီး ကိုယ်တိုင်ကတောင် ငါ့ဆရာကြီးကွ ဆိုပြီး အလေးပြုမှတော့ ကျန်တဲ့သူတွေ အဖို့တော့ သေပြီဆရာပေါ့။

စစ်ရေးပြကတော့ အတော်ပီပြင်အောင် မောင်းပါပေတယ်။ ဖင်ကြား ချွေးစေးတောက်တောက်ယိုတဲ့ အထိပါလား။ အဖေကထီးခမ်းဘန်းကန်စိုက်ပျိုးရေးစခန်းကို ပြောင်းရပါတယ်။ အသက်ကလည်း ၅၇နှစ် ၅၈နှစ်လောက်ရှိပြီ။ သက္ကရာဇ်ဖြို့ထားလား၊ လောကဓံကြောင့်လား မသိပါ။ အဖေ့ရုပ်ရည်က အသက်ထက်ပိုအိုစာနေတာတော့အမှန်ပါ။

အသည်းကလည်း သိပ်မကောင်းပါ။ အစာအိမ်ကလည်း မကြာခဏ ဆိုသလို သွေးအန်တတ်ပါတယ်။ ရှမ်းဆေး ကြီးတို့၊ နန္ဒင်းခါးဆေးတို့ သောက်ရင်လည်း ခဏတော့သက်သာပါတယ်။ နောက်ကျတော့ ပြန်ပြန်ဖြစ်တာပါပဲ။ အဖေ့ကို အနားယူခိုင်းရပါတယ်။ မန္တလေးမှာဆေးကုပေးရင်း ဆုံးပါးခဲ့ရပါတယ်။ သူများအတွက် ဘာမှမဆိုင်ကြပေမဲ့ ကျွန်တော့်အတွက်တော့ ရွှေတောင်ကြီး ပြိုတာပါပဲ။

## က ၁၅၉၅၃ အကျဉ်းထောင်တပ်သားအေးချမ်း

အဖေမရှိတော့ အိမ်ရဲ့တာဝန်ဟာ ကျွန်တော့်ပခုံးပေါ် ကျလာပါတယ်။ အဖေမျက်စိမှိတ်သွားတော့ အမေကသားကြီး ကျွန်တော်ကို ပိုအားကိုးလာပါတယ်။ ဝန်ထမ်းဘဝစဝင်တော့ အသက်က ၁၉နှစ်ပြည့်စ အသက်၂၀နှစ်ထဲရောက်ပါပြီ။ ထောင်ပိုင်ကြီးဦးစိန်ဌေးက အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြောင်းခါနီး ဆရာကြီးဦးရန်အောင်မောင်မောင်က ပြောင်းလာခါစ အချိန်မှာပါ။ အလုပ်စဝင်တော့ နေ့ထဲမှာဂျူတီ စ,ကျပါတယ်။ ယူနီဖောင်း ဝတ်တတ်အောင်ကြိုးစားရတယ်။ အခြေခံစစ်ရေးပြတွေ ဂါတ်စာရေးကြီးက သင်ပေးပါတယ်၊ ဒါတွေဟာ အကျဉ်းထောင်တပ်သားဘဝရဲ့အစတွေပါ။ နောက်မှ သင်တန်းလွှတ်ပါတယ်။

ငယ်တုန်းက ကျုန်းမာကြံ့ခိုင်တုန်းဆိုတော့လည်း သင်တန်းကဘယ်လောက်မောင်းမောင်း အိမ်ထက်တောင် စားကောင်းအိပ်ပျော်ပါသေးတယ်။ သင်တန်းတက်ရတာ ပျော်လာပါတယ်။ သင်တန်းဆရာတွေကလည်း လိုင်းထဲမှာငယ်ကတည်းက ရင်းနှီးပြီးသားဆိုတော့ ဆရာတွေကို မကြောက်ဘူး။ ဆရာတွေကလည်း ဆရာတင်မြင့်သား လာဦးနဲ့ ခေါ်ခိုင်းရင်းနဲ့ ဆရာတွေရဲ့ လက်ကတုံးတောင်ဖွေးဘဝ ရောက်ရတယ်။

သင်တန်းက မနက်စောစော ထပြီးပီတီပြေးရတယ်။ ရေချိုး ထမင်းကြော်စားပြီး အခြေခံစစ်ရေးပြတက်ရတယ်။ တစ်လလောက် ဘယ်ညာမှန်မှန်နင်းတတ်အောင်၊ ညာညီတတ်အောင်၊ ဘယ်မြှင့်တတ်အောင် မောင်းပါတယ်။ နေ့ခင်းမှာ လက်နက်ငယ်သင်တန်းတွေ တက်ရတယ်။ ဦး၊ ရေး၊ ထောက်၊ စီမံကိန်းလုပ်ငန်းတွေ သင်ရတယ်။ အကျဉ်းထောင်လက်စွဲဥပဒေဆိုတာကလည်း အတော် အသေးစိတ်ပါလား ရေပက်မဝင်ပါ။ သင်တဲ့ဆရာတော်လို့လားမသိပါတော်တော် စိတ်ဝင်စားမိပါတယ်။

ကျောင်းဆင်းကာနီးတော့ စက်ပစ်ကွင်းသွားရတယ်။ ဘုန်းတော်တိုးရပ်မှာပါ။ မနက်အစောကြီးကတည်းကသွားပြီး ကိုက်တစ်ရာ ရပ်ပုံပစ်မှတ် စက်ဝိုင်းပစ်မှတ်တွေပစ်ရပါတယ်။ ပြတဲ့ဆရာကပဲတော်လို့လားမသိ ကျည်စုတွေဘာတွေရပြီး သေနတ်ပစ်ထူးချွန်ဆုတောင် ရလိုက်ပါသေးတယ်။ အိမ်အပြန် မျက်နှာပန်းလှတာပေါ့နော်။

သင်တန်းမတက်ခင်က နေ့/ည အဆောင်၊ တိုက်ကင်း၊ ပတ်ကင်း၊ မျှော်စင်တွေ တစ်လှည့်ပြီးတစ်လှည့် ကျခဲ့ပေမယ့် သင်တန်းဆင်းပြီးတဲ့အခါ ဝင်စာထွက်စာနဲ့ အကျဉ်းရုံး၊ အချုပ်ရုံး၊ ထောင်ပိုင်ကြီးရုံးတွေပါ တာဝန်ချထားခြင်း ခံရပါတယ်။ ဗဟိုကင်းလည်း တက်ရပါတယ်။ ဝန်ထမ်းဘဝမှာ ထူးထူးခြားခြား မှတ်မိတာတော့ သီးသန့် ၂တိုက်ထဲမှာထားတဲ့ ဘိုးတော်တင်ဦးပါ။ သူက အတော်နာမည်ကြီးပါတယ်။ ကျွန်တော်တို့တော့ ကိုယ်တိုင်မမေးဘူးပါ။ သူများ အပြောတွေသာ ကြားဖူးပါတယ်။

ကျွန်တော်တာဝန်ကျတဲ့အချိန်မှာ သူ့ကိုကြည့်ရင် တိုက်ထဲမှာထိုင်နေတာပဲ တွေ့ပါတယ်။ သူဘာများလုပ်နေတာလဲလို့ အနီးကပ်ကြည့်မိတယ်။ တိုက်နံရံမှာ စက်ဝိုင်းလေးတစ်ခု ဝိုင်းထားပါတယ် အဲဒီစက်ဝိုင်းကို ထိုင်ကြည့်နေတာပါ။ ဘာများလုပ်နေတာပါလဲ၊ နောင်ဘုန်းကြီးဝတ်တဲ့အခါမှ ဒါဟာ သမထ ကျင့်စဉ် ပါလား။ ကမ္မဋ္ဌာန်းရှုနေတာပါလားလို့ သိလာပါတယ်၊ သူက တစ်နေ့ လုံးနီးပါး ထိုင်နိုင်တာတွေ့ရပါတယ်၊ ဆရာတွေကပြောတယ်၊ ထောင်ပိုင်ကြီး အမိန့်ထုတ် ထားတယ်။ စကားသွားမပြောနဲ့၊ နံပါတ်သွားမတောင်းနဲ့ ဗီအီး၊ ဒီအီးမစစ်ဘဲ တစ်ခါတည်းဖြုတ်ပစ်မယ်တဲ့။ သင်တန်းတက်တော့ သူငယ်ချင်းက ပြောတယ်။ ဘိုးတော်တင်ဦးက သိပ်စွမ်းတယ်။ ဘာလိုချင်လဲ ဒန်ပေါက်စားချင်လား၊ ဘဲကင် စားချင်လား၊ စီးကရက် ငါးသုံးလုံးသောက်ချင်လား လက်ဖြန့်လိုက်တာနဲ့ ဟချလောင်းဆို ရောက်လာတာပါပဲ။ ထောင်ပိုင်ကြီးက ပြောပါတယ်။ အဲဒါရုက္ခစိုးမှော်အောင်ထားတာတဲ့။ သရဲတစ္ဆေမှင်စာ လေးတွေမွေးပြီး ခိုင်းထားတာပါ။ မြို့ကဈေးဆိုင်တွေ မပိတ်မချင်းရတယ်။ ယူပြီးရင် သူ့ တပည့် တွေက ကျသင့်ငွေလိုက်ရှင်းပေးရတယ်။ မရှင်းပေးရင် အာပတ်သင့်ပြီး နောက် တစ်ခါခေါ်မရတော့ဘူးတဲ့။

မေးခွန်းတွေကိုစာရွက်ပေါ်မှာရေး စာအိတ်ထဲမှာ ထည့်လာတယ်။ ဘိုးတော်တင်ဦးရှေ့ရောက်တော့ စာအိတ်ကိုဖွင့်မဖတ်ဖူး လက်ပေါ် တင်ထား တာကို သူကလက်နဲ့ထိရုံထိပြီး အာရုံပြုလိုက်တယ်။ အရင်မေးထားတာခုနစ် ချက် နောက်မှ မေ့ကျန်ပြီး ထပ်မေးချင်တာက နှစ်ချက် ပေါင်းကိုးချက်ကို အားလုံးဖြေထားပေးတယ်။ အိမ်ရောက်မှဖတ်ကြည့်ပါတဲ့။ ထူးဆန်းနေတယ် ထင်မိပါရဲ့။ စာရွက်ပေါ်မှာဘောပင်နဲ့ရေးပြီး ဖြေပေးထားတယ် အားလုံးမှန်ပါ

တယ်။ အံ့သြစရာပါလား၊ ကက်ဆက်ခွေထဲမှာအသံသွင်းပြီး ဟောတာလဲ ရှိသေးတယ်။ ကက်ဆက်ခွေ အသစ်ကိုသူကထိရုံထိတာပါ၊ အိမ်ကျမှ ဖွင့်နား ထောင်ပါ။ အားလုံးဖြေပေးထားတယ်တဲ့။ ထောင်ပိုင်ကြီးကပြောပါတယ်။

ဒီကောင်ကဖိုးတွမ်တီးလူလိမ် သူလိမ်ပြီးစားသွားတဲ့သူတွေ သူဖျက်ဆီးလို့ ဘဝပျက်ခဲ့တဲ့ သူများသားပျိုသမီးပျိုလေးတွေ အများကြီးဆိုပါလား။ တစ်စက်မှ မယုံနဲ့တဲ့။ ဝန်ထမ်းလုပ်ပြီး အရာရှိလုပ်ပြီး အကျဉ်းသားဘိုးတော်ယောင်ကို ရိုရိုသေသေ ထိုင်ကန်တော့နေတာ အကျဉ်းသားက မောင်းထုတ်တာခံနေရတာ အတော်ရင်နာစရာ ကောင်းတယ်။ လက်တွေ့မြင်မှ ဒီလိုအကျဉ်းသားမျိုးကို ဘယ်လိုဆက်ဆံရမယ်။ ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကို သဘောပေါက် သွားပါတယ်။ ဘဝမှာ သင်စရာတွေ အများကြီးပါလား။

ထောင်ဝန်ထမ်းဘဝမှာ အရေးကြီး အကျဉ်းသားဖြစ်တဲ့ သေဒဏ် အကျဉ်းသားကိုလည်း တာဝန်ယူထိန်းခဲ့ဖူးပါတယ်၊ သေဒဏ်ကြိုးပေးတာကို နှစ်ကြိမ်မြင်ဖူးတယ်။ ပထမဆုံးမြင်ဖူးတဲ့ သေဒဏ်ကြိုးသမားကအုန်းထွန်းပါ။ ဒုကျောင်းအုပ်ကြီး ဗိုလ်မှူးကတော်နဲ့ ဖောက်ပြန်ပြီး လင်ကြီးကိုသတ်၊ အလောင်း ဖျောက်တဲ့အမှုပါ။ ပထမဆုံးကြုံဖူးတာဆိုတော့ အတော် စိတ်ဝင်စားပါတယ်။ မျက်စိထဲမှာမြင်ယောင်ပြီး မှတ်မိနေပါတယ်။ အုန်းထွန်းက ကျွန်တော်တို့နဲ့ အသက်သိပ်မကွာပါ။ မတိမ်းမယိမ်းပါ။ သူလည်း တပ်ကရဲဘော် တစ်ယောက် ပါ။ လူကြီးအိမ်က ကားမောင်းရသူပါ။ သခင်ကအရောဝင်တော့ ပါးလျက်နား လျက်နဲ့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရပါတယ်။ အုန်းထွန်းက အသားညိုတယ်။ အသားလတ်တယ်။ လူရည်သန့်တယ်။ ဗလကောင်းတယ်။ ယောကျ်ားပီသ ပါတယ်။ သူ့ကိုကြိုးတိုက်လို့ခေါ်တဲ့ (၁)တိုက်မှာထားပါတယ်။ ဖိုကြီးဘေး နားကပါ။ သေဒဏ်ပေးမယ့်ညအထိ အုန်းထွန်းက တည်တည်ငြိမ်ငြိမ်ပါ။ အဲဒီညတစ်ညလုံးမအိပ်ပါ။ တိုက်ခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက် ရင်း ဘုရားစာတွေရွတ်နေပါတယ်။ ညသန်းခေါင်ကျော်လာတယ် မနက်အရုဏ် တက်ခါနီးလေ သူ့ရဲ့ဘုရားစာရွတ်သံတွေက မပီတော့ဘူး။ အသံတွေတုန် လာတယ်။ ကြောက်စိတ်တွေ တအားကြီးလာတယ်ဆိုတာသိသိ သာသာမြင်လာ ရပါတယ်။

ကျွန်တော်က ကြိုးစင်စောင့် လုံခြုံရေးတပ်ဖွဲ့ထဲမှာပါ။ ကြိုးစင်ကို ပစောက်ပုံဝိုင်းပြီး ရပ်နေရပါတယ်။ ထောင်မှူးကြီးရဲ့ အမိန့်သံကို နားထောင်ရင်း

လှုပ်ရှားရပါတယ်။ အုန်းထွန်းကို နောက်ကွဲအင်္ကျီဝတ်ပြီး တဖြည်းဖြည်း ခေါ်လာစဉ်မှာ ထောင်မှူးကြီးက တပ်ဖွဲ့သတိလို့ အော်ပါတယ်။ တပ်ဖွဲ့တပ် နောက်သို့ နောက်လှည့်လို့ အမိန့်ပေးပါတယ်။ အားလုံးကြိုးစင်ကို ကျောပေးပြီး အုတ်ရိုးဖက် မျက်နှာမူလိုက်ရတယ်။

ပတ်ဝန်းကျင်ဟာပိုလို့တိတ်ပြီး စိတ်ချောက်ချားစရာ ကောင်းလာပါတယ်။ ဒေါက်ဖြုတ်မယ့်သူဟာ ဆရာဒေါက်ကြီးဆိုတာကို မပြောဘဲနဲ့အားလုံး သိနေပါတယ်။ ဆရာဒေါက်မောင်မောင်ဘဝက ဆိုးလွန်းလှပါတယ်။ မိဘညီအစ်ကို မောင်နှမအားလုံးကို ဓားပြကပက်ပက်စက်စက် သူ့မျက်စေ့ရှေ့မှာ သတ်သွားတာလေ၊ သူစိတ်နာတယ်။ ဒါကြောင့် လူသတ်ဓားပြတွေကို လက်စားချေကြိုးပေးဖို့ အကျဉ်းထောင်ဝန်ထမ်း ဝင်လုပ်တယ်လို့ဆိုပါတယ်။ အမိန့်ချထားပြီးတော့ကို ကျေကျေနပ်နပ်ကြီး ဒေါက်ဖြုတ်တာဝန်ကိုယူနေတာပါ။ ဒါကြောင့်လည်း ဆရာဒေါက်မောင်မောင်ရယ်လို့ အကျဉ်းထောင်လောကမှာ နာမည်ကြီးနေတာပါ။

နောက်တစ်ယောက် ကြိုးသမားက စိန်ပန်းကပါ။ ကလေးတစ်ယောက်ကို ပစ္စည်းလု၊ လူသတ်၊ အလောင်းဖျောက်တဲ့ မြင်းလှည်းမောင်းသမားတစ်ဦးပါ။ သူကတော့ အုန်းထွန်းလောက် စိတ်ဝင်စားစရာမကောင်းပါ။ သိပ်လည်း ကောင်းကောင်းမမှတ်မိပါ။ တပ်သားဘဝမှာ နောက်တစ်ခုကြုံဖူးတာက စစ အရေးအခင်းပါ။ ဝန်ထမ်းဘဝမှာ နေ့ရောညရော မအိပ်ရဘဲ လှည့်ကင်း၊ ပတ်ကင်း၊ မျှော်စင်ကင်းတွေ စောင့်နေကြရပါတယ်။

ညကျရင် အကျဉ်းသားတွေက ထထအော်ပြီး ဆူတတ်ကြပါတယ်။ အဲဒီအခါ အော်တာတိတ်သွားအောင် ချောက်လှန့်ပြီး မိုးပေါ်ထောင် သေနတ်ဖောက်ရပါတယ်။ သေနတ်သံကြားရင် အကျဉ်းသားတွေ ငြိမ်သွားပါတယ်။ ညအဆောင်မှာ တိုက်မှာကျတဲ့ဆရာတွေက ထိန်းပေးသွားကြလို့ အရေးအခင်း ကာလမှာ သွေးထွက်သံယိုမရှိ အသေအပျောက်ထွက်ပြေးမရှိဘဲ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ တရားဝင် လွတ်မိန့်တွေကျလာတဲ့အခါ စနစ်တကျ လွှတ်ပေးနိုင်ခဲ့ပါတယ်။ ထောင်မှာအကျဉ်းသား အနည်းငယ်သာကျန်ခဲ့ပြီး တာဝန်တွေ ပေါ့သွားလို့ခေါင်းပြားအောင် အိပ်နိုင်ခဲ့ပါတယ်။ မကြာပါ ပြန်ဖမ်းထည့်တာနဲ့ ထောင်ကြီးပြန်ပြည့်လာပြီး အလုပ်တွေပုံမှန်လည်ပတ်ရင်း "အားလုံးကောင်းပါသည်ခင်ဗျား" လို့ အော်ကြရပြန်ပါတယ်။

## က ၃၃၁၇ ထောင်မှူးအေးချမ်း

ကျွန်တော်တို့သင်တန်းအမှတ်စဉ်ကို ၁/၉၆လို့ခေါ်ပါတယ်။ ၁၉၉၆ခုနှစ်မှာ ရာထူးခန့်ထားလို့ ခေါ်တာပါ။ ထောင်မှူးရာထူးအတွက် ဒီတစ်ခါခေါ်တာ လူဦးရေအများဆုံးပါ။ အရင်သင်တန်း အမှတ်စဉ်တွေမှာ အများဆုံးငါးဆယ် လောက်ပဲခေါ်ပါတယ်။ အရည်အချင်းသတ်မှတ်ချက်ကို လျှော့ချလိုက်တဲ့အခါ အရေအတွက် များလာပါတယ်။ ဘွဲ့ရဖြစ်ရမယ်လို့ မသတ်မှတ်ဘူး။ လုပ်သက်အရဘောင်ဝင်ရင် ရှစ်တန်းအောင်လည်းဝင်ဖြေနိုင်တယ်။ အသက် ကတော့ လေးဆယ်အောက်ဖြစ်ရမယ်။ ဒါနဲ့ဖြေဆိုခွင့်ရသူတွေများသွားပါတယ်။ နောက်ဆုံးလူရွေးလိုက်တော့ ၁၈၅ယောက်ပါ။ အဲဒီအထဲမှာအမျိုး သမီး၂၀ ယောက်၊ အေဂျီတီအိုင်၁၀ယောက်ပါပါတယ်။ အင်ဂျင်နီယာတွေလိုချင်လို့များ အရည်အချင်းလျှော့သလားထင်မိပါတယ်။ ကျွန်တော်ဆယ်တန်း 'ခ'ပဲအောင်ပါ တယ်။

ပထမဆုံးသင်တန်းကို အင်းစိန်သင်တန်းကျောင်းမှာ တက်ကြရပါတယ်။ ကျောင်းအုပ်ကြီးက တပ်ကပြောင်းလာတဲ့ ရုံးအုပ်ကြီးဦးသန်းချစ်ပါ။ နောက်တော့ လှိုင်ကော် ထောင်ပိုင်ကနေ ပြောင်းလာတဲ့ ဆရာဦးဉာဏ်တင့်ပါ၊ ဦးဉာဏ်တင့်က ရိုးသားသော်လည်း စိတ်က တအားမြန်ပါတယ်။ မဟုတ်မခံစိတ်ကလည်း အင်မတန်ကြီးပါတယ်။ မှန်တယ်ထင်ရင် မည်သူမှ မကြောက်သူပါ၊ ထောင်ပိတ် ပြီးတဲ့အချိန်မှာ လူသစ်လက်မခံနိုင်ဘူးပြောလို့ တိုင်းမှူးကတိုင်လို့ ပြောင်းပေးရ သူပါ။ ငယ်တုန်းကလည်း မတရားဖမ်းဆီး ချုပ်နှောင်ထားပါတယ်ဆိုပြီး နိုင်ငံတော်ကိုတိုင်လို့ ကော့သောင်းမှာ နိုင်ငံတော်ဉာဏ်တင့်လို့ နံမည်တစ်လုံးနဲ့ နေသူပါ။ ခုတော့ကျွန်တော့်အပတ်စဉ်မှာ ဆရာနဲ့တွေ့ကြပြီပေါ့။ သင်တန်း တက်တော့ နှစ်ယောက်လျှော့သွားတယ်၊ အေဂျီတီအိုင်တွေကို ဆောက်လုပ် ရေးကခေါ်လို့ ပြောင်းသွားကြတယ်။ ၁၈၃ယောက်ကျန်ပါတော့တယ်။ အခြေခံ စစ်ပညာ လက်နက်ငယ်သင်ကြားပေးပါတယ်။ ပထမတစ်လကတော့ အတော် မောင်းခံရပါတယ်။ နေ့ခင်းနေပူတဲ့အချိန်မှာ စာသင်ခန်းထဲဝင်ပြီး အကျဉ်းထောင် ဥပဒေတွေကို ဆရာကြီးဦးအောင်နွဲ့ သင်ကြားပါတယ်။ ဆရာကြီးဦးအောင်နွဲ့နဲ့ ထောင်ဥပဒေသင်ရတာ အင်မတန်တန်ဖိုးရှိလှပါတယ်။ အကျဉ်းထောင်လက်စွဲ

ဥပဒေ(BJM)ကို အရည်ကျို သောက်ထားသူမို့ စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ ထောင်ကျရုံးပညာတွေ သင်ပေးတယ်။ ဝါရမ်းတွေကို ခိုအိမ်ပေါက်လေးတွေမှာ အကန့်လိုက် သိမ်းဆည်းပုံ၊ လွှတ်ရက်အလိုက်၊ နှစ်အလိုက်၊ လအလိုက် သိုလှောင်ထားပုံတွေ စိတ်ဝင်တစားသင်ပေးတယ်။ အကျဉ်းသားမှတ်ပုံတင်၊ အချုပ်သားမှတ်ပုံတင်ပုံတွေကို စာတိုင်အလိုက်ရှင်းပြတယ်။

အရေးကြီးတဲ့ အချက်တွေ၊ သတိထားရမယ့်အချက်တွေကို သင်ပေးပါတယ်။ နိုင်ငံသားတိုင်းမှာ နိုင်ငံသားမှတ်ပုံတင်နံပါတ်ရှိကြတယ်။ ရိုက်တော့ရိုက်တယ် မမှတ်မိဆိုတာမဖြစ်သင့်ကြောင်း လုံခြုံရေးအတွက်ရအောင်မေးပြီး မှတ်တမ်းတင်သင့်ကြောင်းရှင်းပြပါတယ်။ ထောင်ကျရုံးရဲ့အသက်က လွှတ်ရက်တွက်ခြင်းပါ။ လျှော့ရက်တွေသိအောင် လုပ်ရတယ်။ လျှော့ရက်ကပ်ပြား (ထပစ ၅၀) နဲ့ နံပတ်ကြီး(ထပစ ၁၀)က အရေးကြီးပုံ၊ ရေးသွင်း မှတ်တမ်းတင်ပုံ၊ ဘောပင်တောင်အပြာနဲ့အနီ ဘယ်လိုအသုံးပြုပုံတွေကို သင်ပေးပါတယ်။ ထောင်လုပ်ငန်းက စိတ်ဝင်စားဖို့ကောင်းလာပါတယ်။ ထောင်ဥပဒေအပြင် အခြားဆက်နွှယ်နေတဲ့ ပြစ်မှုဆိုင်ရာဥပဒေ၊ ကျင့်ထုံးနဲ့တရားရုံးလက်စွဲတွေ၊ အထူးနဲ့အထွေထွေဥပဒေတွေလည်း အလျဉ်းသင့်သလို သင်ပေးပါတယ်။

ရေးနဲ့ထောက်တွေလည်း သင်ပေးကြတယ်။ ရေးကတော့ ရုံးအုပ်ကြီး ဦးစိုးမြင့်ပေါ့။ ထောက်ကတော့ ဆရာဦးကာဟိန်း သင်ပေးပါတယ်။ စီမံကိန်းဘာသာရပ်ကို ရုံးအုပ်ကြီးဦးစန်းမြင့်၊ ငွေစာရင်းကို ဒေါ်ခင်ထားကြည်တို့က သင်ပေးပါတယ်။ ကျောက်ကတော့ ဆရာဦးအေးကိုကို သင်ပေးပြီး ကျောက်စခန်းတွေကိုလေ့လာရေးသွားကြရပါတယ်။ သင်တန်းကာလက ၁၂ပတ်ပါ ၁၉၉၆ မေလမှာ တက်ပြီး ဇူလိုင်လအကုန်မှာ သင်တန်းဆင်းပါတယ်။

သင်တန်းလည်းဆင်းပြီးရော ဖောင်ကြီးသင်တန်းကို သူရိန်(၁၀)နဲ့တက်ဖို့ ပြင်ကြဆင်ကြရပါတယ်။ ဖောင်ကြီးသင်တန်းက ပိုပြီးစနစ်ကျပါတယ်၊ စစ်ပညာအပြင် ရုံးလုပ်ငန်းနဲ့ အုပ်ချုပ်ပညာတွေ၊ စီမံခန့်ခွဲရေးပညာတွေပါ သင်ရတယ်။ ကွန်ပြူတာပညာလည်း သင်ပေးပါတယ်။ ဖောင်ကြီးသင်တန်းမှာပဲ စက်ပစ်ကွင်းသွားလို့ ရုပ်ပုံပစ်မှတ် စက်ဝိုင်းပစ်မှတ်တွေ ပစ်ရပါတယ်။ လှလေးစိန်တွေများလို့ နာမည်သစ်တွေရကြပါတယ်။ ဖောင်ကြီးဆင်းတော့ ဖင်ကြီးစောင်းလာတယ်ပေါ့။ စောင်း၊ ထောက်၊ မှောက်တွေများတာကိုး။

သင်တန်းပြီးတော့ ရဲသင်တန်းတက်ဖို့မရှိပါ။ သင်တန်းသားအားလုံးကို လည်း လက်မခံနိုင်ပါ။ အသက်ကြီးသူတွေများလို့လည်း ရဲသင်တန်းမတက်နိုင် ပါ။ အသက်ငယ်သူတွေ သင်တန်းတစ်ပတ်လျှင် ငါးဦးနှုန်း ဒုရဲအုပ်သင်တန်းကို တက်ကြရပါတယ်။ ကျန်သူတွေကတော့ ထောင်စခန်းတွေခွဲလို့ တာဝန်ချပါ တယ်။ သင်တန်းမနာခြင်းဟာ လုပ်ငန်းပိုင်းမှာ ဘယ်လို ထိခိုက်နိုင်တယ်၊ ဘယ်လိုအားသာနိုင်တယ်ဆိုတာမသိပါ။ သင်တန်းမတက်ရတော့ ပိုက်ဆံကုန် သက်သာတယ်။ ပျော်တာပဲ သိပါတယ်။

ဒုရဲအုပ်သင်တန်းမှာ ထောင်မှူးဇော်ဇော်ဟာ အကောင်းဆုံးသင်တန်းသား ဆု ချီးမြှင့်ခံရတယ်။ သူ့ရဲတွေ ဒီလောက်များတာ လူနည်းတဲ့ထောင်က ဆုရသွား တော့ ရဲချုပ်ကြီးဦးခင်ရီ အတော်စိတ်တိုပုံရပါတယ်။ ရဲတွေ အတော် အဆူ ခံကြရတယ်။ နောက်ဘယ်တော့မှ ရဲသင်တန်းမှာ အခြားဌာနက လာတက်သူကို ဆုမပေးရလို့ အမိန့်စာတစ်ခါတည်း ထုတ်တယ်လို့ ကြားရပါတယ်။ သင်တန်း ထူးချွန်သူကို တစ်ဆင့်မြင့်ရာထူးတိုးပေးဖို့ မှတ်ချက်ပြုတာမို့ ထောင်မှူးကြီး ရာထူးကို ထောင်မှူးလုပ်သက်မရှိဘဲ တိုးမြှင့်ခံရပါတယ်။ အဲဒီအကျိုးကတော့ အကျဉ်းဦးစီး သန္တေဝန်ထမ်းတစ်ဦးအနေနဲ့ အသက်ငါးဆယ်မတိုင်ခင် ညွှန်ကြား ရေးမှူးရာထူးကို ရရှိနိုင်ခဲ့တာပါပဲ။ အပတ်စဉ်ထဲမှာ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သွားရာကနေ ညွှန်ကြားရေးမှူးအများဆုံးထွက်တဲ့ အပတ်စဉ်အဖြစ် သမိုင်း တွင်ခဲ့ပါတယ်။

## အိုးဘိုထောင်

မန္တလေး ဗဟိုအကျဉ်းထောင်ကြီးကို နန်းတွင်းကနေ မြောက်ပြင်အိုးဘိုကို ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၉၃ခုနှစ်မှာ ပြောင်းခဲ့ပေမယ့် တည်ဆောက်ရေး လုပ်ငန်းတွေက မပြီးသေးပါ။ အိပ်ဆောင်တွေပြီးသော်လည်း တိုက်ခန်းများက အားလုံးမပြီးသေးပါ။ ဆောက်လက်စ၊ လုပ်လက်စတန်းလန်း ရှိပါသေးတယ်။ အဲဒီလုပ်ငန်းနဲ့အတူ မန္တလေးမြို့ စိမ်းလန်းသာယာစိုပြေရေးဆိုတဲ့ မြို့ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေရပါသေးတယ်။ မြို့ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဦးစီးဦးစိုးသိန်းက တာဝန်ယူနေသလို ထောင်သစ်တည်ဆောက်ရေးလုပ်ငန်းမှ လည်း ထောင်မှူးကြီးခင်မောင်မြင့်က တာဝန်ယူဆောင်ရွက်နေပါတယ်။ အဲဒီတုန်း က ထောင်မှူးဦးကျော်ဝင်းလည်း ဒုတိယတာဝန်ခံအနေနဲ့ ရှိနေပါတယ်။

အကျဉ်းဦးစီးဌာနမှာ ကျော်ဝင်းတွေ အတော်များပါတယ်၊ ဖိုးလုံးအစ်ကို လည်း ကျော်ဝင်း၊ ဒေါ်တင်တင်အေး အမျိုးသားကလည်း ကျော်ဝင်း၊ အခု တိရစ္ဆာန် ဆေးကုဆရာဝန်ဘွဲ့ရတဲ့ ကိုကျော်ဝင်းတစ်ယောက်ကျတော့ တိရစ္ဆာန် ကျော်ဝင်းလို့ အမည်ခွဲခြားခေါ်ကြပါတယ်။

မန္တလေးထောင်မှာ အလုပ်တွေများပြားလွန်းပါတယ်။ ပင်မ ထောင်လုပ်ငန်း အပြင်၊ အဲဒီမြို့ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် ဘုတ်တွေကို တာဝန်မှူးကျရင် လိုက်စစ်ရ ပါတယ်။ ကျုံးပြန်လည်တူးဖော်ရေးလုပ်ငန်း၊ မန္တလေးတောင် ပြန်လည်စိမ်းလန်း စိုပြေရေးလုပ်ငန်း၊ မြို့ပတ်လမ်းဖောက်လုပ်ရေးလုပ်ငန်း၊ တန်ခိုးကြီးဘုရားတွေ သန့်ရှင်းလှပရေး လုပ်ငန်းတွေကို ကူညီစစ်ဆေးဆောင်ရွက် ပေးရပါတယ်။ တာဝန်မှူးကျတဲ့နေ့တွေဆိုရင် မအားရမနားရပါ။ အတော်ပင်ပန်းပါတယ်။ ဒီကြားထဲ ပြင်ပဆေးရုံတက်တဲ့ လူနာရှိရင်လည်း ပြည်သူ့ဆေးရုံကြီးရော၊ အမျိုးသမီးဆေးရုံကြီး၊ ကူးစက်ဆေးရုံတို့ကိုပါ သွားစစ်ပေးရပါတယ်။

ဘုတ်တွေရောက်တော့လည်း ဆေးလိပ်တို့၊ ကွမ်းယာတို့၊ ထန်းလျက်ခဲတို့ လက်ဖက်ရည်ကအစ ပံ့ပိုးပေးရပါတယ်။ တခါတလေ သူငယ်ချင်းတွေက လက်ဖက်ရည်ချည်းပဲလား၊ အာပူတယ် လုပ်သေးတယ်။ မုန့်အပြင်ဖွာတော်အဖြူ လည်း ဆက်သရပါသေးတယ်။ ထောင်မှာအလုပ်တွေ တာဝန်တွေ ရှိသေးတယ်။ ကိုယ်တိုင်မရှိတော့ တပည့်တွေနဲ့လွှဲရတယ်။ တပည့်တွေဆိုတာ ကိုယ်တိုင် လုပ်သလောက် ဘယ်သေချာပါ့မလဲ။

အဲဒီတုန်းက ထောင်ပိုင်ကြီးက ဦးထွန်းအောင်ကျော်၊ ထောင်ပိုင်လေးက ဦးထွန်းလှစိန်၊ ဦးစီးက ဦးအောင်လင်းပါ။ ထောင်ကျရုံးကဦးခင်မောင်ကြီး၊ အချုပ်ရုံးက ဦးအောင်မြင့်နိုင်ပါ။ ထောက်ကတော့ ဦးသိန်းရွှေပေါ့။ ဆေးရုံ အုပ်ကြီးက ဦးမြင့်ဆွေ၊ လက်ထောက်ဆရာဝန်က ဦးမြင့်အောင်ပါ။ ကုတင်သုံး ဆယ်ဆံ့ဆေးရုံရှိပါတယ်။ တိုက်နဲ့သီးသန့်အတွက် သီးသန့်ဆေးရုံထားပါတယ်။ ဆေးရုံကိုသွားဖို့မလိုဘဲ သီးသန့်ဆေးခန်းမှာ ဆရာဝန်တွေ လာကြည့်ပေးပါတယ်။ ဆရာကြီးဒေါက်တာမြင့်ဆွေက တခါတရံလာတတ်ပေမယ့် များသောအားဖြင့် ဒေါက်တာမြင့်အောင် လာကြည့်ပေးပါတယ်။ ထောင်မှာ ၅(ည)တွေ နိုင်ငံတော်နဲ့ ပတ်သက်သူတွေကို သီးသန့်လို့ အဲဒီအချိန်က ခေါ်ခဲ့ကြတယ်။ အရင်ကတော့ ၅(ည)မို့ ဂေါ်နိုက်ခေါ်ကြပါတယ်။ အဲဒီတုန်းက သီးသန့်အဖြစ် ဝဏ္ဏအောင်၊

ဇာနည်အောင်၊ ရှေ့နေခင်မောင်သန်း၊ ခွန်မြင့်ထွန်း၊ ဒေါက်တာမြင့်လှိုင် စသည်ဖြင့် ရှိကြပါတယ်။

တစ်နေ့တစ်နေ့ သူတို့ပြဿနာရှာတာကို မနည်းရှင်းပေးနေရပါတယ်။ ထောင်မှာ အမြဲတမ်းမရှိ ဟိုပြေးဒီပြေးဆိုတော့ အကျဉ်းသားရဲ့အကြောင်း အသေးစိတ်မသိတော့ဘူး၊ သေသေချာချာကြပ်မတ်တာလည်း အားနည်းလာပါတယ်။ ရေချိုးချတာ ကျန်းမာရေးအရ အပြင်ထွက်လမ်းလျှောက်တာတွေကို ဥပဒေစာအုပ်ကြီးပါအတိုင်း မလုပ်နိုင်ကြတော့ပါ။ မနက် ထောင်ဖွင့်တာနဲ့ သူတို့ကလည်း အပြင်ထွက်ချင်တယ်။ လက်အောက်ဝန်ထမ်းတွေကိုစည်းရုံးတယ်။ ဝန်ထမ်းကလည်း ဆရာတိုက်ထောင်မှူးမရှိရင် လုပ်ပေးမယ်ဖြစ်လာကြတော့တာပါပဲ။

တစ်နေ့ မန္တလေးမြို့မှာ ဖောက်ထွင်းဝိဇ္ဇာအဖြစ် နာမည်ကြီးတဲ့ ရမ်ဘိုခေါ် တရုတ်ကြီးက တိုက်ဖောက်ထွက်ပြေးပါတယ်။ သူက အခြေအနေလေ့လာတယ်။ တိုက်တံခါးသံတိုင်တွေဖြတ်ဖို့ သံဖြတ်လွှကို ဖိနပ်အောက်မှာခွဲထည့်ပြီး သွင်းခိုင်းပါတယ်။ သူ့ထံသံဖြတ်လွှရတော့ တရုတ်ကြီးက သံတိုင်ကို တဖြည်းဖြည်းချင်းဖြတ်ပါတယ်။ ဖြတ်လို့မပြီးခင် ဝန်ထမ်းမမြင်အောင် ဖြတ်ရာကို လုပ်သားမောင်ဝမ်းနှုတ်ဆေးနဲ့ငုံပြီး ပြန်ပိတ်ထားတယ်။ မကျီးသီးအရောင်နဲ့ သံတိုင်အရောင်က သိပ်မကွာပါ။

သံတိုင်ပြတ်သွားတဲ့အခါ သံတိုင်ကိုလှန်ကွေး ပါတယ်။ ဘေးတိုင်ကိုဆွဲပြီး ချဲ့တယ်။ ခေါင်းဝင်ရင်ကိုယ်ဆန့်ပြီပေါ့၊ တိတ်ဆိတ်တဲ့ ညအချိန် တစ်နာရီနှစ်နာရီလောက်မှာ တိုက်ထဲက ထွက်တယ်။ အုတ်ရိုးကျော်ပြေးဖို့ အခင်းကွပ်ပျစ်ပြားတွေကိုယူတယ်။ စောင်တွေ ပုစံလုံချည်တွေနဲ့ ပတ်ချည်တယ်။ တရုတ်ကြီးခြားရိုးကို ကျော်ထွက်နိုင်ခဲ့ပေမယ့် အုတ်ရိုးကြီးကို ကျော်ထွက်ဖို့ ကြိုးစားနေစဉ်မှာ တာဝန်မှူး ကင်းလိုက်စစ်တာနဲ့ တိုးပြီး ဖမ်းမိပါတယ်။ တော်သေးတာပေါ့။ အုတ်ရိုး ကျော်ပြေးသွားရင် ပြုတ်ရဦးမယ့် ထောင်ပိုင်တွေ ထောင်မှူးတွေ မတွေးရဲပါလား။

နောက်တစ်ခါလူသတ်မှုဖြစ်တယ်၊ စည်းကမ်းထိန်းကို အကျဉ်းသားက ဂန်ဖလားနဲ့ ခုတ်လို့သေသွားတယ်။ အဲဒီတုန်းက ဂန်ဖလားစနစ်ရှိသေးတယ်။ စဉ့်ဂန်ဖလားဆိုတော့ သိပ်သိပ်သည်းသည်းနဲ့အလေးချိန်စီးတယ်။ လက်နဲ့ကိုင်ပြီး

ခုတ်လို့ကောင်းတာပေါ့။ စည်းကမ်းထိန်းတွေကလည်း ငွေရဖို့အမျိုးမျိုးရစ်တယ်။ တိုက်ထဲပြစ်ဒဏ်ကျလာတဲ့ အကျဉ်းသားဆိုတာ အချဉ်မှ မဟုတ်ပဲ။ ရိုးရိုးအကျဉ်းသားဆိုတာက ထောင်အပြင်တန်းကိုကြောက်တာပေါ့။ ကြောက်တော့ သက်သာအောင် လိုင်းဝင်ရတယ်။ ပြစ်ဒဏ်တိုက်ရောက်တဲ့ လက်ကောက်တွေက ဘယ်ကြောက်လိမ့်မလဲ။ ပြန်ချတော့ စည်းကမ်းထိန်းအကျဉ်းသား သေတဲ့အထိကိုဖြစ်တော့တာပါပဲ။

အဲ့ဒီအချိန်ကစပြီး စဥ့်ဂန်ဇလားနေရာမှာ ပလပ်စတစ်မိလ္လာခွက်တွေ အစားထိုးခဲ့ပါတယ်။ အဲဒီအချိန်မှာ ထောင်ပိုင်ကြီးတို့ လန့်ဖျပ်သွားကြတယ်၊ထောင်မှူးတွေ ဘာလုပ်နေလဲ၊ အဆောင်မှူးတွေ ဘာလုပ်နေလဲ၊ တိုက်ထောင်မှူးတွေ ဘာလုပ်နေလဲ၊ ရှာဖွေရေးတွေမလုပ်ဖူးလား၊ သတင်းရအောင် မယူတတ်ဖူးလား၊ ဒီလောက်တောင် အကျဉ်းသားတွေက ကြိတ်ကြံစီမံနေတာကို မင်းတို့ဘာလုပ်နေလဲ၊ ဆူကြဆဲကြတယ်။ နောက်ဆုံး ဆုံးဖြတ်ချက်ချတဲ့အခါ ဝါရင့်အတွေ့အကြုံရှိတဲ့ ထောင်မှူးတွေလိုအပ်တယ် ဖြစ်ပြန်ပါလေရောပေါ့။

အကျဉ်းဦးစီးဌာနမှာ အတော်ခက်တယ်။ အရေးကြီးတဲ့နေရာတွေမှာ အဂတိတရားကင်းစွာ ဆောင်ရွက်တတ်ဖို့လိုပါတယ်။ ထောင်မှူးကနေ ထောင်မှူးကြီးရာထူးကို လွယ်လွယ်တိုးမပေးသင့်ပါ။ ထောင်မှူးကြီးဆိုတာ ထောင်တစ်ခုမှာ အဓိကကစားရသူ key player တစ်ယောက်ပါ။ သူဟာ အတွေ့အကြုံများဖို့လိုတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေ သိဖို့တတ်ဖို့လိုတယ်။ ဒီနေရာကို ရောင်းစားရင် ကိုယ့်ထိုင်ခုံလှူပ်ပြီ ပြုတ်ကျတော့မယ်မှတ်ပါ။ ထူးခြားဖြစ်စဉ်တွေ ဖြစ်မှ ဘာကြောင့်ညာကြောင့် ဌာနသိက္ခာကျတယ် မပြောပါနဲ့။ စောစောကထဲက စဉ်းစားပါလား။ ကိုယ့်ထိုင်ခုံ ကိုယ့်ရာဇပလ္လင်ကိုလှူပ်အောင်လုပ်တာ ဘယ်သူမှ မဟုတ် ကိုယ်တိုင်လုပ်တာပဲဖြစ်ပါတယ်။ အရင်ရှေးထောင်ပိုင်ကြီးတွေက ထောင်မှူးဘဝကို အနှစ်နှစ်ဆယ်နီးပါး လုပ်ခဲ့ကြရပါတယ်။ ဆရာကြီးဦးအောင်နွဲ့တို့၊ ဆရာကြီးဦးရန်အောင်မောင်မောင်တို့၊ ဆရာကြီးဦးစိန်ဌေးတို့ ထောင်မှူးဘဝနဲ့အကြာကြီး လုပ်ခဲ့ရပါတယ်။ အဲဒီလိုလုပ်ငန်း အတွေ့အကြုံရှိသူတွေ အနီးကပ်စီမံတာမို့ တည်ငြိမ်တယ်။ ထောင်ငြိမ်ပါတယ်။

အဲဒါနဲ့ အတွေ့အကြုံရှိတဲ့ က ၂၈၈၃ ထောင်မှူးကျော်ဝင်းတို့ကို ထောင်ဖက်ပြောင်းပေးပြီး တိုက်ကိုကိုင်ခိုင်းပါတယ်။ ဦးကျော်ဝင်းရောက်လာတော့ ရမ်ဘို

(ခေါ်)တရုတ်ကြီးက တိုက်ထဲမှာပါ။ သူ့ကိုကြောက်လို့ အပြင်မထုတ်ရဲပါ။ ထောက်ခြေချင်း ခတ်ထားတယ်။ ထောင်ဝင်စာပိတ်ထားတယ်။ ဗိုကြီးက ကျွေးတာပဲစားရတော့ ထမင်းသိပ် စားမကောင်းပါ။ ကျန်းမာရေးသိပ်မကောင်းပါ။ ခြေချင်းပေါက်လို့ အနာတွေဖြစ်နေတယ်။ အပြင်ထွက်ရေမချိုးရတော့ ယားနာတွေ ဝဲတွေ စွဲလာပါတယ်။ သူဟာကျားနာတစ်ကောင်လို ထောင်အတွက် အင်မတန်အန္တရာယ်ရှိနေပါတယ်။

ဦးကျော်ဝင်းရောက်တဲ့အခါ ရမ်ဘိုကိုစည်းရုံးပါတယ်။ ရမ်ဘိုဆိုတာခေတ့် ကောင်မှမဟုတ်တာ အထူးသတိထားရမယ့်အကျဉ်းသားပါ။ သူ့ကိုကိုင်တတ်ဖို့ လိုတယ်။ ဖြစ်နိုင်ရင် ကိုယ့်လူဖြစ်ဖို့လိုပါတယ်။ ဦးကျော်ဝင်းက ရမ်ဘိုကို ဆေးကုပေးတယ်။ ခြေချင်းပေါက်လို့အနာတွေဖြစ် အဖျားတွေ တက်နေတာကို ပျောက်အောင် ဆေးကုပေးတယ်။ တစ်ကိုယ်လုံးပေါက်နေတဲ့ ယားနာတွေဝဲတွေကို ကုပေးတယ်။ ထမင်းထိုးတဲ့အခါ ပဲဟင်းပိုရအောင် ထိုးပေးတယ်။ ရေချိုးပေးတယ် တခါတလေ ထန်းလျက်လေး၊ ဆေးလိပ်လေးပေးတယ်။ တဖြည်းဖြည်းနဲ့ အကျဉ်းသားနဲ့တိုက်ထောင်မှူးဟာ သဟဇာတဖြစ်လာတယ်။ ရမ်ဘိုကပြောပါတယ်။ ဆရာကျော်လက်ထက်မှာ ကျွန်တော်မပြေးဘူး။ ဆရာကျော်ကို ဘယ်တော့မှဒုက္ခမပေးဘူးတဲ့။ ကျွန်တော့်ကိုယုံပါ။ ကျွန်တော့်မှာ သံဖြတ်လွှတစ်ချောင်း ရှိပါသေးတယ်ဆရာတဲ့။ တိုက်ထောင်မှူး မျက်လုံးပြူးသွားတယ်။

ဘုရား…ဘုရား…ကံသီလို့ပါလား။အဲဒါကိုင့ါကိုအပ်လေကွာ။ ကျွန်တော် အပ်ရင်ကျွန်တော် ဒုက္ခရောက်သွားမှာပေါ့။ ကိုယ့်သေတွင်းတော့ ကိုယ်ဘယ်တူးပါ့မလဲ။ အဲလိုလည်းမဟုတ်သေးဘူး။မင်းအပ်ရင်မင်းဆီကရတယ်ဘယ်ပြောမလဲ၊ မင်းကိုအပြစ်ရအောင် ဘယ်လုပ်ပါ့မလဲ၊ တောင်ယာထဲက ရှာဖွေတွေ့တယ် လုပ်မှာပေါ့။ မင်းဘာမှမဖြစ်စေရဘူး ငါအာမခံတယ်လို့ပြောတဲ့အခါ ရမ်ဘိုက သံဖြတ်လွှကို ထုတ်ပေးပါတယ်။ တကယ့် လွှအသစ်စက်စက်ကြီးပါ မြနေတာပါပဲ။ တိုက်ထဲမှာ ရှာဖွေရေး တွေလုပ်တယ်။ သုံးရက်တစ်ခါ လေးရက် တစ်ခါ တိုက်ခန်းတွေပြောင်းတယ်၊ ရေချိုးထုတ်တဲ့အခါ အကျဉ်းသားတစ်ယောက်နဲ့ တစ်ယောက် စကားမပြောနိုင်အောင် အဆက်အသွယ်မလုပ်နိုင်အောင် စီမံပါတယ်။ အလုပ်လုပ်တော့ ဝန်ထမ်းတွေ ပင်ပန်းပါတယ်။ ဇိမ်နဲ့ငြိမ့်နေလို့ မရဘူးပေါ့။ ဆရာဝန်ရောင်းလှည့်ရင် ကိုယ်တိုင်လိုက်ရတယ်။ အကျဉ်းသား

တစ်ယောက်ချင်း ဘာဖြစ်နေတယ်ဆိုတာ သိအောင်လုပ်ရတယ်။ ပြီးရင်ဖြည့်ဆည်းပေးရပါတယ် လုပ်တတ်ရင် အိပ်စိုက်စရာမလို စနစ်တကျ စီမံတတ်ဖို့ပဲ လိုအပ်ပါတယ်။

ဒါတွေအားနည်းတော့ အကျဉ်းသားကျော်မြင့်ရဲ့ စည်းရုံးခြင်းကိုခံရတယ်၊ အကျဉ်းသားဆိုတာ ဘယ်ဆရာဘာလိုနေသလဲ ဆိုတာကြည့်နေတာပါ။ အိမ်မှာမိန်းမနဲ့ အဆင်ပြေရဲ့လား၊ သားသမီးတွေ အဆင်ပြေရဲ့လား၊ ဘာအခက်အခဲတွေရှိနေလဲ၊ သားသမီးတွေ ဆေးရုံတင်ထားရလား၊ ကျူရှင်ဖိုးမရှိဘူးလား၊ အမြဲနားထောင်နေတယ်၊ ကြည့်နေတယ်၊ အပျော့ရှာနေတယ်၊ တွေ့ရင်မျှော့သွေးစမ်းတော့တာပါပဲ။ သီးသန့်တိုက်ထောင်မှူးက အေးချမ်းပါ။ သူ့မှာသီးသန့်ဆေးခန်းဖွင့်ထားတယ်၊ ဆရာဝန်လာတဲ့အခါ ရောဂါတစ်ခုမဟုတ်တစ်ခုပြပြီး ရင်းနှီးအောင် လုပ်ယူရပါတယ်။

အဲဒီအချိန်မှာ ဆရာချမ်း ဘာလုပ်နေပါသလဲ။ ထောင်ပိုင်လေးနဲ့ကနန်းတွင်းထောင်ထဲမှာ အတူနေခဲ့တယ်။ အခြားအဆင့်ဝန်ထမ်းဘဝကတည်းက မျက်မှန်းတန်းမိတယ်လေ။ အရာရှိဖြစ်ပြီး အိုးဘိုထောင်ရောက်တော့ ထောင်ပိုင်လေးနဲ့ ပြေလည်အောင်ပေါင်းရပါတယ်။ ထောင်ပိုင်လေးက ဘာလုပ်ချင်ပါသလဲ၊ ဘာကြိုက်ပါသလဲ အကဲခတ်ကြည့်နေရပါတယ်။ အကုန်အဆင်ပြေအောင်လုပ်ရင်း တပည့်ရင်းဖြစ်အောင် တိုးကပ်ရပါတယ်။ ထောင်ပိုင်လေးက တခါတရံ ရွှေမန်းတောင်ကွင်းမှာ ဂေါက်ရိုက်တတ်ပါတယ်။ ထောင်ပိုင်လေးနဲ့နီးစပ်ချင်ရင် ဂေါက်ရိုက်တတ်ဖို့ လိုတာပေါ့။ ဂေါက်ရိုက်တတ်ဖို့ဆိုတာ ဂေါက်ရိုက်ပစ္စည်းရှိဖို့လိုသလို နည်းစနစ်ကျကျ ရိုက်နည်းတတ်ဖို့လည်းလိုပါသေးတယ်။ ဘူတာံခါးအဝနားကနေ မိန်းမဆောင်နား၊ဆေးရုံထောင့်နားမှာ ဂရင်းခုံတစ်ခုလုပ်ထားတယ်။ အားတဲ့အချိန်မှာ မူးယစ်မှုနဲ့ထောင်ကျလာတဲ့ ဂေါက်ဖါတစ်ယောက်ကို အနီးကပ်သင်ခိုင်းပါတယ်။ သူကပရိုနီးနီးတော်ပါတယ်။ ဂေါက်တုတ်တစ်ချောင်းချင်းစီရဲ့သဘော တစ်ချောင်းချင်းစီရဲ့ရိုက်နည်း၊ ဆွင်းသဘောပလိမ်းသဘော ချစ်နည်း ပတ်နည်းတွေကို သင်ပေးပါတယ်။ အားတိုင်းကြိုးစားတော့ ကွင်းပတ်နိုင်တဲ့ အခြေအနေရောက်လာပါတယ်။

ဒါပေမဲ့ ဂေါက်အိတ်အိတ်ကောင်းကောင်းမရှိပါ။ အစုတ်ကလေးပဲ သုံးနေရပါတယ်။ ဒရိုက်ဘာတုတ်ကလည်း ကောင်းကောင်းမရှိပါ။ အဲဒါတွေလိုသေး

တယ် ဝယ်ရအုံးမယ်။ ပိုက်ဆံကမရှိသေးဘူးလို့ညည်းမိပါတယ်။ တိုးတိုးလေး ညည်းမိပေမယ့် အကျဉ်းသားကျော်မြင့်ဆီမှာ ကျယ်ကျယ်ကြီးကြားရပါတယ်။ ဆရာချမ်းနောက်တစ်ခါ ထောင်ဝင်စာလာရင် မှာပေးမယ်စိတ်ချတဲ့၊ရပါတယ် မလုပ်ပါနဲ့ ကျွန်တော်ဖာသာ မဦးတို့ဆီက ဝယ်ပါ့မယ်။

ဆရာချမ်း ကျွန်တော့်ပေးတဲ့ ဒရိုက်ဘာနဲ့သာရိုက် ဆရာ့လက်နဲ့ဆို ကိုက်ဥဝဝနီးပါး သေချာပါတယ်တဲ့။ တကယ် အဟုတ်လား မဖြစ်နိုင်တာဗျာ၊ ထောင်ပိုင်လေးကလည်း အေးချမ်း မင်းလက်တွေ အတော်ကောင်းလာပါလား။ ဒီတစ်ပတ်ရွှေမန်းတောင်ကွင်း တစ်ချီလောက် ချကြရအောင် ဘယ်သူတွေ ရှိသေးလဲ လူစုကွာ သွားချကြရအောင်။ ကယ်ရီကောင်မလေးတွေလည်း ချိတ်ထားအုံးနော်။ ကယ်ရီမလေးကလည်း ချစ်စရာပါ။ အပျိုတော့မဟုတ်ပါ။ ကလေးတစ်ယောက်အမေပါ။ ယောကျာ်းနဲ့ကွဲလာပြီး မန္တလေးကအစ်မဆီမှာ လာနေရင်း ရွှေမန်းတောင်ကွင်းမှာ ကယ်ရီလာလုပ်နေတာပါ။

ညီအစ်မနှစ်ယောက်က တစ်ယောက်တစ်မျိုးစီ လှကြပါတယ်။ ရုပ်ရည်က အချောအလှကြီး မဟုတ်ပေမယ့် အရွယ်ကရှိသေးတယ်။ ပင်ပင်ပန်းပန်းမလုပ်ရ ကိုယ့်ကိုယ်ကို သနေသူတွေမို့ ကြည့်ကောင်းနေပါတယ်။ သူတို့ကိုအရင်ဘိုကင် ချိတ်ထားရတယ်။ အကြီးကိုယူမလား၊ အငယ်ကိုယူမလား၊ ထောင်ပိုင်လေး အတွက်သီးသန့်ပေါ့။ နေမထိုးအောင်လည်း ထီးတော်မိုး အလှတစ်ပါး ထပ်ခေါ်ပြီး ကြိုတင်ညှိထားရတယ်။ ထောင်ပိုင်လေးအတွက် ဆန်းခရင်မ်၊ ခြေအိတ်၊ လက်အိတ်၊ တီ၊ မျက်နှာသုတ်ပဝါ၊ လန်းဆန်း၊ ရေဗူး၊ ဂေါက်သီးကအစ လိုလေသေးမရှိအောင် စီမံထားရပါတယ်။ ထောင်ပိုင်လေး လမ်းမလျှောက်ချင်ရင် ဘတ်ဂီကလည်း အဆင်သင့်ပေါ့။ သွေးတိုးလို့ ရိုင်ရယ်ဒီ မသောက်ရင် ဘာသောက်ပါ့မလဲ။ ဆီးချိုကြောင့် အချိုရည်မသုံးဆောင်ရင် ဘာများကြိုက်တတ်ပါလိမ့်နော်။ ကွင်းတစ်ဝက် ခဏနားမှာ အဆာပြေသုံးဆောင်ဖို့ စီမံထားရတယ်။ မသီတာနဲ့မနီလာကို သေချာမှာထားရတယ်။ ငါ့ဆရာက ကျေနပ်တယ်ပြောရင် နင်တို့ညီအစ်မကို ဘောက်ဆူးပေးမယ်ပြောတော့ ဒါမှ တို့အစ်ကိုကြီး အာဘွားတဲ့ ပျော်နေကြတယ်။

ဂေါက်ရိုက်တတ်သူတွေ စုရသေးတယ်။ ဦးကျော်ဝင်းရယ်၊ ဦးအောင်မြင့်နိုင် ရယ်ရတယ်။ နောက်တစ်ယောက် အဘလေးခေါ်နိုင်အောင် တစ်ယောက်လောက်

ချန်ထားရသေးတယ်။ နောက်တစ်ပတ်ထောင်ဝင်စာမှာ ဒရိုင်ဘာတစ်ချောင်းနဲ့ ဂေါက်အိတ်တစ်လုံးရပါတယ်။ ဦးကျော်မြင့်ကလည်းဗျာ စိတ်မကောင်းစရာတွေ လုပ်လာပြန်ပါပြီ။ ရတယ် ကျွန်တော် မဦးတို့ဆီမှာ မှာထားပြီးသား။ ဘယ်ဟုတ်မလဲ ဆရာချမ်းရယ် နောက်တစ်ခါပတ်တာ ကောင်းကောင်း ရှာခိုင်းထားတယ်။ အဲဒီပတ်တာနဲ့ဆိုရင်တော့ ဆရာချမ်း ပါတွေဘာဒီတွေ အောတိုက်နေမှာပဲ ဆိုပါလား။

ဦးကျော်မြင့်က အရပ်ကသိပ်မရှည်ဘူး။ ပုပြတ်ပြတ်နဲ့ပါ။ မျက်နှာကလေး ဒေါင့်ခပ်ကျကျပါ။ စကားပြောလေးပေမယ့် တစ်လုံးချင်း အေးအေးဆေးဆေး သေချာပြောတတ်ပါတယ်။ အသက်ကတော့ ငါးဆယ်နီးပါးလောက် ထင်ရပါတယ်။ ကျန်းမာပါတယ်။ ရန်ကုန်ကနေထောင်ဝင်စာလာပါတယ်။ ငွေကြေးလည်း တော်တော်သုံးနိုင်ပါတယ်။ အိုးဘိုထောင်မှာသူနေတာက သီးသန့်ဆေးခန်းမှာနေပါတယ်။

တစ်နေ့ ဗိုက်တအားအောင့်တယ် ပြောပါတယ်။ ဆရာဝန်ခေါ်ပေးပါပြောလို့ ဆေးရုံအုပ်ကြီးသတင်းပို့ပါတယ်။ မိန်းဂျေးလ်ကိုလည်း ပြောပါတယ်။ ထောင်ကျရုံးကိုလည်း ပြောပါတယ်။ လက်ထောက်ဆရာဝန် ဒေါက်တာမြင့်အောင် လာပြီး စမ်းသပ်ကြည့်ပါတယ်။ အူအတက်ယောင်တာ ဖြစ်နိုင်ပါတယ်။ ဒီအကျဉ်းသားကို ပြင်ပဆေးရုံကြီးကို ချက်ချင်းတင်ပို့ကုသသင့်ကြောင်း ဆေးမှတ်ချက်ရေးပေးသွားပါတယ်။ ဆရာဝန်ပြန်သွားတော့ ကျွန်တော်ဦးကျော်မြင့်ကို မေးကြည့်ပါတယ်။ ဘာအစားမှားသလဲ အခုနေသာလားဆိုတော့ ဗိုက်ကစူးကနဲ စူးကနဲအောင့်တယ်။ ရင်ဘတ်ကိုလည်း ဆွဲဆုပ်ထားသလိုပဲ မောကျပ်နေတယ်။ ဖြစ်နိုင်ရင် ကျွန်တော့်ကို ဆေးရုံပို့ပေးပါ။ ဆရာချမ်းကျေးဇူး မမေ့ပါဘူးတဲ့။ ကျွန်တော်လည်း ဆရာဝန်ဒေါက်တာမြင့်အောင်ရဲ့ဆေးစာကိုမိန်းဂျေးလ် ဦးစီး ဦးအောင်လင်းနဲ့ ထောင်ကျရုံးထောင်မှူးကြီးဦးခင်မောင်ကြီးထံ ဆက်လက်တင်ပြပါတယ်။ ဦးကျော်မြင့်ကိုလည်း ဗိုက်နာသက်သာအောင် ရေခဲကပ်ထားမလားမေးပါတယ်၊ ရတယ်ဆရာချမ်း ခုနဒေါက်တာမြင့်အောင် ဆေးတစ်လုံးထိုးပေးထားတယ်၊ စားဆေးလည်းပေးထားပါတယ်။ နည်းနည်းတော့ နေသာပါတယ်ဆိုလို့ စိတ်အေးရပါတယ်။

အကျဉ်းသားတစ်ယောက် ပြင်ပဆေးရုံထုတ် ကုသပေးတယ်ဆိုတာ သိပ်လွယ်တဲ့ကိစ္စတော့ မဟုတ်ပါ။ အကျဉ်းသားဆိုတာ ဗီဒီယိုရိုက်တတ်ကြပါတယ်။ သိပ်မယုံရဲပါ လေဖြတ်နေပါတယ်။ ဆေးရုံထုတ်ကုပေးပါပြောတယ် ဆေးရုံပေါ်ရောက်လို့မကြာပါဘူး လူကောင်းဖြစ်ပြီး ထွက်ပြေးတာ လိုက်မမီပါ၊ လေဖြတ်သူလည်း အပ်နဲ့ထိုးပြီးစစ်ကြည့်ရပါတယ်။ သွေးပေါင်တွေ တကယ်တက်နေတာလား ချိန်ကြည့်ရပါတယ်။ အကျဉ်းသားဆိုတာ ကိုယ့်အဖေမဟုတ်ပါ။ အကျဉ်းသူဆိုရင်လည်း ကိုယ့်အမေမဟုတ်ပါ။ အမျိုးသမီးဗိုက်ကြီးသည်တွေလည်း ကလေးမွေးပြီး ဆေးရုံမှာကလေးထားလို့ တချိုးတည်း ထွက်ပြေးတဲ့ အကျဉ်းသူက အများကြီးမဟုတ်ပါလား။

လူသားချင်းစာနာဖို့ အတော်ခက်ပါတယ်။ ပြည်သူတွေကတော့ ဒါတွေကို နားမလည်ပါ။ အပြစ်ပြောဖို့သာ များပါတယ်။ လူသားချင်း မစာနာဘူးပေါ့။ ဒီမှာလူနာကသေတော့မယ် ဘယ်တော့ ထုတ်ပေးမှာလဲ၊ မင်းအဖေဆို ဒီလိုလုပ်မလား စသည်ဖြင့် ဆဲကြပါတယ်။

ဦးကျော်မြင့်ကို ပြင်ပဆေးရုံတင်ကုသပေးဖို့ ခွင့်ပြုကြောင်း ရုံးချုပ်နဲ့ပြည်ထဲရေးက စာထုတ်ပေးပါတယ်။ ပြည်ထဲရေးကစာရမှသာ တိုင်းဒေသကြီးရဲ့ ရဲလုံခြုံရေး အစောင့်အရှောက်ရမှာပါ။ မရခင်ပြင်ပဆေးရုံ ပို့ရင်တော့ အကျဉ်းဦးစီးဝန်ထမ်းများက လုံခြုံရေးစောင့်ရမှာပါ။ အရာရှိတစ်ယောက်နဲ့ အခြားအဆင့်ဝန်ထမ်းလေးယောက် စီစဉ်ပေးပါတယ်။

ဆေးရုံတင်ဖို့ ထောင်ထဲကအပြင်ထုတ်တာနဲ့ အကျဉ်းသားကိုခြေချင်းရိုက်ပေးလိုက်ရပါတယ်။ ဆေးရုံဆရာဝန်တွေက လက်မခံပါ။ သူတို့အနေနဲ့ အကျဉ်းသားလည်း လူနာပါပဲ။ လူနာကို ခြေချင်းခတ်ထားရင် ဆေးကုလို့မရနိုင်ပါ ပြောကြပါတယ်။ ဆရာဝန်တွေကို သေချာရှင်းပြရပါတယ်။ ဆေးရုံမှာ အကျဉ်းသားထား ဆေးကုဖို့ ဂါတ်ဝပ်မရှိပါ။ ရှိရင်လည်း ဆရာဝန် ဆရာမတို့က ဂါတ်ဝပ်ထဲဝင်ပြီး ဆေးမကုချင်ကြပါ။ အခုက ဖျားနာဆောင်မှာပါ။ ဒီအကျဉ်းသားဟာ ဘယ်လောက် အရေးကြီးတယ်။ လုံခြုံရေးအရ ခြေချင်းခတ်ထားမှဖြစ်မယ်ဆိုတာကို ကျွန်တော်တို့ပဲ နားလည်ပါတယ်။ ဆရာတို့ နားလည်ပေးစေချင်ပါတယ်။ ဒါကခင်ဗျားတို့အပိုင်းလေ ဆရာဝန်တွေအပိုင်းက လူနာဟာပုံမှန် အခြေအနေမရရှိဘဲနဲ့စစ်ရင် အဖြေတွေမှားမှာပေါ့။ မှားရင် ရောဂါ

ခန့်မှန်းတာမှားမယ်။ ဆေးကုသချက်မှားမယ်။ ခင်ဗျားတို့ကို ရှင်းရှင်းပြောမယ်။ လူနာသေမှ ဆေးရုံကိုအပြစ်လာမရှာနဲ့ ခင်ဗျားတို့သဘော ခတ်ချင်ခတ်မခတ်ချင် နေတဲ့။ မောလိုက်တာနော် အခြေအနေတွေကတင်းမာပါလား။ ရဲအစောင့် အရှောက်က နောက်လေးငါးရက်ကြာမှရပါတယ်။

အကျဉ်းသားလူနာကို အကျဉ်းဦးစီးဌာနဝန်ထမ်းများ စောင့်ရှောက်နေရာ ကနေ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကစေလွှတ်ပေးတဲ့ ဒုရဲအုပ်တစ်ယောက် အခြားအဆင့် ဝန်ထမ်းလေးယောက်ပါတဲ့အဖွဲ့ကို ထောက်လှမ်းရေး၊ သတင်းတပ်ဖွဲ့၊ ရဲစခန်းမှူးတို့ သက်သေနဲ့ တရားဝင်လွှဲပေးခဲ့ပါတယ်။ အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသားရဲ့ လုံခြုံရေးကိုတာဝန်မယူပါ ရဲရဲ့တာဝန်သာဖြစ်ပါတယ်။ ခြေချင်းခတ်ချင်ခတ်ပါ ချွတ်ချင်ချွတ်ပါ မြန်မာနိုင်ငံ ရဲအစောင့်အရှောက်တာဝန်ယူသူ၏ သဘောပါ။

အကျဉ်းဦးစီးဌာနအနေနဲ့ ဆေးမရှိရင်ဆေးဝယ်ပေးပါမယ်၊ အကျဉ်းသား လူနာစားဖို့ မနက်၊ နေ့လယ်၊ ညစာတွေ လာပို့ပေးပါမယ်။ နေ့စဉ်အလုပ်ညွှန်ကြား တာဝန်မှူးတစ်ဦး လာရောက်စစ်ဆေးကြည့်ရှုပြီး သက်ဆိုင်ရာကိုတင်ပြအစီရင်ခံပါမယ်။ ရှင်းအောင်ပြောပြပါတယ်။ စာရွက်စာတမ်းနဲ့ လက်မှတ်ရေးထိုးပြီး ပြန်ခဲ့ပါတယ်။ အပြန်မှာ အမေ့အတွက် စံပြကိတ်မုန့်တိုက်က မုန့်လေးဝင်ဝယ် သွားရတယ်။ အမေနေမကောင်းတာတောင် မကြည့်နိုင် ဆေးခန်းမပို့နိုင်တဲ့ သားပါလား။

## မန္တလေးဆေးရုံကြီးပေါ်ဝယ်

ဦးကျော်မြင့်က အင်းစိန်ထောင်မှာ ထောင်ကျတာပါ။ မန္တလေးထောင်ကို ရထားနဲ့ပို့လိုက်တဲ့ အကျဉ်းသားအယောက်နှစ်ရာနဲ့အတူ ပါလာပါတယ်။ အကျဉ်းသားတစ်ရာကို မြစ်ကြီးနားထောင် ဆက်ပို့ပြီး ကျန်တစ်ရာကို မန္တလေး ထောင်မှာ ထားပါတယ်။ စရောက်ကတည်းက သူဟာ ၅ညဖြစ်လို့ သီးသန့်မှာ ထားပါတယ်။ သီးသန့်ဆေးခန်းမှာ လူနာ၁၀ယောက်လောက်ရှိပါတယ်။ ကျောင်းသားတွေလည်းပါတယ်။ နိုင်ငံတော်ကိုအတိုက်အခံပြုနေသူလည်းပါ တယ်။ အပြင်မှာနေတုန်း ကိုယ့်ကျန်းမာရေးကို ဂရုမစိုက်ခဲ့ကြပါ။ အကျဉ်း ထောင်ထဲမှာ ရောဂါတွေ အမျိုးမျိုးပေါ်ကြပါတယ်။ ဇော်မောင်မောင်ဝင်းက နှလုံးရောဂါနဲ့တက်နေတာပါ။ ထွန်းအောင်ကျော်က တီဘီရောဂါနဲ့ပါ။ အလုပ်ညွှန်ကြား ဆေးလာကုပေးပါတယ်။

ဆေးရုံအုပ်ကြီးကဒေါက်တာမြင့်ဆွေပါ။ သူကတစ်ခါတလေ ရောင်းလှည့်ပြီး လူနာကြည့်ပါတယ်။ များသောအားဖြင့်တော့ ဒေါက်တာမြင့်အောင်ပဲ လာကြည့်တာ များပါတယ်။ ဦးကျော်မြင့်က ဗိုက်အောင့်တယ်ဆိုပြီး ဆရာဝန်ခေါ်ပေးပါပြောလို့ ဒေါက်တာမြင့်အောင် လာစစ်ဆေးပေးပါတယ်။ အူအတက်ယောင်တာလို့ယူဆလို့ ပြင်ပဆေးရုံသို့ တင်ပို့ကုသသင့်ကြောင်း မှတ်ချက်ပြုပါတယ်။ ဆက်လက်ခွင့်ပြုမိန့်တင်ပြတောင်းခံပြီးပြင်ဆေးရုံကို ထုတ်ပေးလိုက်တာပါ၊ အဲဒီအချိန်က ဦးကျော်မြင့်ဟာ အသက်ငါးဆယ်နီးပါးရှိနေပါပြီ။ ပုံစံအင်္ကျီလုံချည် ဝတ်ဆင်ထားပါတယ်။ ခြေထောက်မှာခြေချင်းခတ်ထားပါတယ်။

မန္တလေးပြည်သူ့ ဆေးရုံကြီးကို အကျဉ်းထောင်က ရိမ်းဂျားကားနဲ့လိုက်ပို့ပေးပါတယ်။ ဆေးရုံမှာဂါတ်ဝပ်မရှိပါ။ အမျိုးသား ဖျားနာဆောင်(၃)မှာ တက်ရပါတယ်။ ဖျားနာဆောင်(၃)က တစ်ထပ်ဆောင်ပါ။ ကော်ရစ်တာဘက်မှာ သီးခြားထား ဆေးကုပေးပါတယ်။ ဆေးရုံရောက်တော့ ရဲအစောင့်အရှောက်မရသေးပါ။ တင်ပြတောင်းခံထားဆဲဖြစ်ပါတယ်။ အကျဉ်းထောင်ကပဲ အရာရှိတစ်ဦး အခြားအဆင့် ဝန်ထမ်းလေးဦးနဲ့ နှေညလုံခြုံရေးယူပေးပါတယ်။ ဆေးရုံရောက်ပြီးလေးငါးရက်လောက်ကြာမှ ရဲလုံခြုံရေးအစောင့်အရှောက်ရပါတယ်။

အကျဉ်းဦးစီးက လုံခြုံရေးတာဝန်ယူထားတာကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စာရွက်စာတမ်းမှာ လက်မှတ်ရေးထိုးပြီး တာဝန်လွှဲကြပါတယ်။ အားလုံးအေးဆေးပါ၊ခြေကျဉ်းခတ်ထားကြောင်းလည်း ပြောပါတယ်၊ ပြပါတယ်။ လုံခြုံရေးက အကျဉ်းဦးစီးနဲ့မဆိုင်ကြောင်း၊ ကျန်တဲ့အုပ်ချုပ်လုပ်ငန်းများဖြစ်တဲ့ အကျဉ်းသားဆေးကုသရေး၊ စားသောက်ရေးတို့ကို ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း၊ ညှိတွေ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးအရသာခွင့်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အိုးဘိုအကျဉ်းထောင်အနေဖြင့် နေ့စဉ်တာဝန်မှူး လာရောက်စစ်ဆေးပေးပါတယ်။ ထောင်မှူး အေးချမ်းအနေဖြင့် ဦးကျော်မြင့်ကို သူပင်ဆေးရုံတင်ခဲ့ကြောင်း၊ ထွက်ပြေးသောနေ့တွင်လည်း ဦးကျော်ကျော်လွင် တာဝန်မှူးကျသော်လည်း ယင်းနေ့မှာအစ်နေ့ဖြစ်သဖြင့် ခွင့်ယူခဲ့ပါတယ်။ သူ့အစား နောက်လူဖြစ်တဲ့ ထောင်မှူးအေးချမ်းက အစားဝင်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီထွက်ပြေးတဲ့နေ့က ဆေးရုံကို လာစစ်စဉ် ဦးကျော်မြင့်သည်

လူနာကုတင်တွင်မရှိပါ။ ရဲအစောင့်အရှောက်ကို မေးကြည့်သောအခါ ဓာတ်မှန် သွားရိုက်ကြောင်းသိရပါတယ်။

ကျွန်တော်အနေဖြင့် အခြားနေရာများကို သွားရောက် စစ်ဆေးရန်ရှိပါသဖြင့် ကြာကြာမစောင့်နိုင်ပါကြောင်း ရှိတာသေချာလားဟုမေးရာ ရှိကြောင်းသိရသဖြင့် ဆေးရုံမှပြန်ခဲ့ပါတယ်။ ညနေကျမှသာ အကျဉ်းသားဦးကျော်မြင့် ထွက်ပြေး ကြောင်း သိရပါတယ်။

ဦးကျော်မြင့်ရဲ့ အခြားအမည်များမှာ ဟူးဝါး(ခေါ်) စခုံချူဆောင်း ဖြစ်ပါတယ်။ သူ့မိဘများမှာ အဖဦးဇော်ဂမ်နှင့် အမိဒေါ်ဝမ်သူဖန် တို့ဖြစ်ပါတယ်။ မိဘများမရှိကြတော့ပါ။ ကွယ်လွန်သွားပြီးဖြစ်ပါတယ်။ ဇာတိမှာ မုံးပေါ်ကျေးရွာ မူဆယ်မြို့ဖြစ်ပါတယ်။ မွေးချင်းညီအစ်ကိုမောင်နှမ၃ယောက်အနက် အငယ် ဆုံးသားပါ။ အတန်းပညာအနေဖြင့် မုံးပေါ်ကျေးရွာ မူလတန်းကျောင်းမှာ ငါး တန်းအထိ ပညာသင်ခဲ့ပါတယ်။

ကျောင်းကထွက်ပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ မိုလ်ချုပ်ကျော်ဇော အဖွဲ့မှာ ရဲဘော်အဆင့်နဲ့ဝင်ရောက်ခဲ့ပါတယ်။ ၁၉၈၉ခုနှစ်မှာ ဗမာပြည်ကွန်မြူ နစ်ပါတီ အမှတ်၈ဂုတပ်တွင် တပ်မှူးအဖြစ် တာဝန်များ ဆောင်ရွက်ခဲ့ပါတယ်။ မန်ဟီးရိုး၊ မုံးကိုး၊ မုံးဟွန်၊ လောက်ကိုင်၊ ကုန်းကြမ်း၊ တာရွှေထမ်၊ ပန်ဆန်း၊ မိုင်းမော စတဲ့ ဒေသများတွင် တာဝန်ထမ်းခဲ့ပါတယ်။ ဗကပမှခွဲထွက်၍ 'ဝ'အထူးဒေသ(၂)တွင် ဘဏ္ဍာရေးဌာနကြီးမှူးတာဝန် ထမ်း ဆောင်ခဲ့ပါတယ်။ ၁၉၉၃ခုနှစ်အထိ ဆက်လက်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ မူဆယ်မြို့ မုံးပေါ်ကျေးရွာနေ ဦးဇော်မန်း၏သမီး ဒေါ်အိမ်ခွန်နမ်ဘောက်နှင့် အိမ်ထောင်ကျပြီး သားတစ်ဦး သမီးသုံးဦး ထွန်းကားခဲ့ပါတယ်။

သားသမီးအားလုံး ကနေဒါနိုင်ငံတွင် နေထိုင်ကြပါတယ်။ ဦးကျော်မြင့်က ၁၉၉၃ခုနှစ်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်မှာနေပါတယ်။ မြန်မာကျုံယွမ်ကုမ္ပဏီအား တည်ထောင်ခဲ့ပါတယ်။ ကုမ္ပဏီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆောက်လုပ်ရေး လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါတယ်။ ထို့နောက်ပိုင်းမှာ တည်ဆဲဥပဒေများ ချိုးဖောက်မှုဖြင့် အရေးပေါ်စီမံချက်ဥပဒေပုဒ်မ၅ညဖြင့် ထောင်၇နှစ်၊ ရာ/၁၈၉ဖြင့် ထောင်၂နှစ် စုစုပေါင်းထောင်ဒဏ်၉နှစ်ကို သီးခြားချမှတ်ခံရပါတယ်။ အင်းစိန်ထောင်မှာ

ဖလခန့်နေထိုင်ရပြီး ၁၉၉၈ဧန္နဝါရီလမှာ မန္တလေးထောင်သို့ပြောင်းရွှေ့ခဲ့ပါတယ်၊ မန္တလေးထောင်တွင် ပြစ်ဒဏ်ကျခံနေစဉ် အူမကြီးနာကျင်ဝေဒနာဖြင့် အကျဉ်းထောင်ဆေးရုံတွင် တစ်လခန့်ကုသခဲ့ပါတယ်။ မသက်သာသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာဆောင်(၃)တွင် ဆက်လက် ကုသခဲ့ပါတယ်။ တစ်လလောက်ကြာမယ်ထင်ပါတယ်။ ရောဂါသက်သာလာပါတယ်။ ဆရာဝန်က လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ရန် ညွှန်ကြားသဖြင့် ဆေးရုံအတွင်းနေစဉ် လမ်းလျှောက် လေ့ကျင့်ခန်းပြုလုပ်ခဲ့ပါတယ်။ ၁၉၉၉ခုနှစ်ဇန်နဝါရီလ ရက်တစ်ရက်တွင် ရဲလုံခြုံရေး တပ်သားတစ်ဦးနှင့် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်နေစဉ် ဆေးရုံကြီးအောက်ထပ်သို့အရောက် ရဲတပ်သားအား ခဏစောင့်ရန်ပြောပြီး ထွက်ခဲ့ပါတယ်။ မြောက်ဖက် အမည်မသိဘုန်းကြီးကျောင်းသို့ ထွက်ပြေးခဲ့ပါတယ်။ ဦးကျော်မြင့်ထွက်ပြေးစဉ်မှာ ထူးခြားတာက ခြေချင်းပါမသွားပါ။ ခြေချင်းပြုတ်လျက်ရှိပါတယ်။ ဘယ်သူကဖြုတ်ပေးတာပါလဲ၊ သူ့ဘာသာဖြုတ်တာလား၊ ရဲကပဲ ဖြုတ်ပေးတာလား။ ဒီအတိုင်းထွက်သွားလို့ရအောင် မည်သူကခွင့်ပြုခဲ့တာပါလဲ။

မန္တလေးဆေးရုံကြီးပေါ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ထွက်ပြေးမှုကြီးဟာ အကျဉ်းသားထွက်ပြေးပြီ လိုက်ဟ လိုက်ဟ မပြေးနဲ့ရပ် ပြေးရင်ပစ်လိုက်မယ်လို့ အော်သံများလည်းမကြားခဲ့ရပါ။ ရှန်းရင်းဆန်ခတ်မှုများလည်း မမြင်တွေ့လိုက်ရပါ။ အကျဉ်းသားကတော့ တစ်ဖက်နိုင်ငံသို့ ရောက်သွားခဲ့ပါတယ်။ ရဲနှင့်ထောင်ဝန်ထမ်းကိုအရေးယူထောင်ချခဲ့ပါတယ်။ ၁၉၉၉ခုနှစ်တွင် ထွက်ပြေးခဲ့သော ဦးကျော်မြင့်သည် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် ခိုလှုံကာ ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်တွင် ညီညွတ်သောဒီမိုကရက်တစ်ပါတီကို ထူထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

သူ့ရဲ့ပါတီဟာ ၂၀၁၀ခုနှစ်နှင့်၂၀၁၅ခုနှစ် ရွေးကောက်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ တစ်နေရာမှအနိုင်ရခြင်းမရှိခဲ့ပါ။ မီဒီယာတွေက စုံစမ်းသိရှိချက်အရ နှင်းဆီပါတီရဲ့ ပါတီဥက္ကဋ္ဌဦးကျော်မြင့်ဟာ ထောင်ပြေးတစ်ယောက် ဖြစ်တယ်။ တရားမဝင် ငွေကြေးသုံးစွဲခြင်းများ ရှိနေတယ်ဆိုတဲ့အတွက် မီဒီယာတွေမှာ သတင်းတွေတက်ပြီးသောအခါမှသာ စစ်ဆေး၍ သူ့ရဲ့ပါတီကို ၂၀၂၀ ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခဲ့

ပါတယ်။ တရားမဝင် ငွေကြေးသုံးစွဲခြင်းများရှိနေတဲ့အတွက် နိုင်ငံတော်အဆင့် သီးသန့်အဖွဲ့ဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်ပနိုင်ငံကြီးတစ်ခုမှ တရားမဝင် ထောက်ပံ့ငွေများအပါအဝင် ဝင်ငွေရလမ်းများမဖော်ပြနိုင်သည့် ငွေကြေးကျပ်ငွေဘီလျံ ပေါင်းများစွာပါဝင်နေတဲ့အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံရေး ပါတီမှတ်ပုံတင်ခြင်း ဥပဒေတို့ဖြင့် ဆက်လက်အရေးယူမှာဖြစ်ပါတယ်။ အင်းစိန် ထောင်ရှေ့က အချုပ်ကားပြာပြာ တစ်စင်းပေါ်ကနေ ထောင်ပုံစံအင်္ကျီပြာပြာ ကြီးဝတ်လို့ လက်ထိပ် ခြေကျဉ်းခတ် ထားပြီးဆင်းလာတဲ့ ဦးကျော်မြင့်ကို ပြန်လည်မြင်လာရပါတယ်။ ရာဇဝတ်ဘေးဆိုတာ ဘယ်ပြေးလို့လွတ်မှာပါလဲ၊ လုပ်တဲ့အကျိုးကိုတော့ ခံစားရမှာပါ၊ ဝဋ်ကြွေးမကုန်သရွေ့ပါ။

## အမွေသား မပဋ္ဌာအေးချမ်း

အကျဉ်းထောင်ထဲကဆေးရုံပေါ်မှာ လူနာအမျိုးမျိုးတွေ့ရပါတယ်။ တချို့က အသက်အန္တရယ် မစိုးရိမ်ရဘူး။ တချို့က ရောဂါဝေဒနာကိုပြင်းထန်စွာ ခံစား နေကြရတယ်။ တချို့က ကူးစက်တတ်တယ်။ တချို့ကမကူးစက်သော တစ်ဦး တည်းခံစားရတဲ့ရောဂါတွေ၊ တချို့ကအိပ်ချ်အိုင်ဗွီကူးစက်ခံရသူတွေ၊ အဆုပ်ရောင် အဆုပ်နာရောဂါရှင်တွေ၊ လိင်ပိုင်းဆိုင်ရာကူးစက်ရောဂါတွေ အမျိုးမျိုး တွေ့ရပါ တယ်။ သူတို့ကိုဆေးဝါးကုသပေးတယ်၊ ထောင်ကဆေးကုသမှုအပြင် INGO အဖွဲ့တွေနဲ့ ချိတ်ဆက်ကုသပေးပါတယ်။ INGO ကုသမှုက စနစ်ကျတယ်။ မှတ်တမ်းတွေသေချာထားတယ်။ တိုးတက်မှုအလိုက် ဆက်လက် ဆေးကုပေး တယ်။ နောက်ဆုံးလွတ်မြောက်သွားရင်တောင် နေရပ်လိပ်စာနဲ့လိုက်ပြီး ဆေး ရရှိရေး ဆက်လက်စီမံပေးတယ်။ အကျဉ်းထောင်တွင်း ဆေးကုသပေးမှုတွေ က အရင်နဲ့မတူဘဲတိုးတက်လာတယ်ဆိုတာ ငြင်းလို့မရပါ။ ပူးတွဲဆောင်ရွက် နေသော ဆေးဖက်ဆိုင်ရာဝန်ထမ်းတွေအနေနဲ့ အတုယူပြီး ကိုယ်တိုင်လုပ်တတ် ကြဖို့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ဖို့ပဲ လိုအပ်ပါတယ်။

အေအိုင်ဒီအက်လူနာတွေနဲ့တွေ့တဲ့အခါ ပြောဖြစ်ပါတယ်။ ဘာပြောပြော ရောဂါကတော့ ဖြစ်ပြီးပေါ့။ ဘယ်သူ့မှအပြစ်ဆိုလို့မရဘူး၊ ရောဂါဖြစ်နေ တယ်ဆိုတာကို လက်ခံရမယ်။ ရောဂါရှိရင် တစ်နေ့သေရတော့မယ်ဆိုတာ သဘာဝဖြစ်မြဲတရားပါ၊ လက်ခံပေးရမှာပါ။ မသေတဲ့သူ ဘယ်သူရှိပါ့မလဲ လူတိုင်းသေရမှာပါ။ သေဖို့ရင်ဆိုင်ရတဲ့အခါ မကြောက်ဘဲရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ဖို့

ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။ မင်းတို့မှာပြင်ဆင်ဖို့အချိန်ရှိနေတယ်။ စဉ်းစားကြည့်ရင် မင်းတို့ဘဝကပိုကံကောင်းပါတယ်။ ကွေးသောလက်မဆန့်ခင် ဆန့်သောလက် မကွေးခင် သေခြင်းတရားဆိုတာ ဝင်လာနိုင်ပါတယ်။ ငါတို့ကိုငါတို့မပိုင်ပါ။ နိုင်ငံတော်က ပိုင်ပါတယ်။ ၂၄ နာရီ တာဝန်ရှိနေပါတယ်။ သားကျွေးမှု မယားကျွေးမှုတွေရှာနေရတယ်။ ဘယ်မှာလဲ သေမင်းနဲ့ရင်ဆိုင်ဖို့ ပြင်ဆင်ချိန် ငါတို့မရခဲ့ဘူး မင်းတို့ကရနေတယ်။ အဲဒါကိုသိပြီး တန်ဖိုးထားတတ်ဖို့လိုအပ်ပါတယ်။

မျက်စေ့ရှေ့မှာ သေသွားသူတွေအများကြီးပါ။ ထောင်ပိုင်ဦးဇော်အုံး ရုံးဆင်းလို့အိမ်ပြန်တယ်၊ အိမ်ရောက်တော့မူးတယ်မူးတယ်ဖြစ်တယ်၊ ဆေးရုံ အမြန်ပို့တယ်၊ စမ်းကြည့်တော့ အသက်မရှိတော့ဘူး၊ နောက်တစ်ယောက် ထောင်မှူးအောင်ဌေးမြင့်၊ ဘားအံထောင်မှာ ထောင်ကျုံး တာဝန်ခံလုပ်နေတုန်း၊ ဝရမ်တွေစစ်နေတုန်း အလုပ်စားပွဲမှာ ထိုင်လျက် အသက်ထွက်သွားတယ်။ မန္တလေးထောင်မှာ ထောင်မှူးထွန်းလွင် သူ့အမျိုးသမီးက ကင်ဆာရောဂါ ခံစားနေရတယ်။ အမျိုးသမီးကိုဆေးခန်းပြ ဆေးစစ်သွေးစစ်၊ အာထရာဆောင်းရိုက် ကြိုးစားကုပေးတယ်။ မိန်းမအတွက်စိတ်ပူပြီး မနက်ထောင်ဖွင့်သွားပါတယ်။ ထောင်ဖွင့်ပြီးစားပွဲမှာ ထိုင်နေရင်း မူးတယ်မူးတယ် ဖြစ်တယ်။ ထောင်ပိုင်ကြီး သတင်းပို့ပြီးကားတောင်းလို့ ချက်ချင်းဆေးရုံပို့ပါတယ်။ လမ်းမှာအသက်ဆုံးရှာတယ်။ ကဲ ငါတို့ကိုဘယ်သူကအချိန်ပေးလို့လဲ၊ ပြင်ဆင်ချိန်ဘယ်လိုရမလဲ၊ ဒါကြောင့် ပြောတာပါ။ မင်းတို့က ငါတို့ထက်သေချာစဉ်းစားရင် ပိုကုသိုလ်ကံကောင်းပါတယ်။ ဘာမှစိတ်အားမငယ်ပါနဲ့ ဝိပဿနာတရားကို အားထုတ်ပါလို့မှာရပါတယ်။

အခုလည်းဒီလိုပါပဲ။ အကျဉ်းသားနဲ့ ပေါင်းသင်းဆက်ဆံမိလို့ အရာရှိ တစ်ယောက်ကနေ အကျဉ်းသားဘဝ ရောက်ခဲ့ရတယ်။ ဒါကြောင့် ဝန်ထမ်းနဲ့ အကျဉ်းသားဆိုတာ အုတ်ရိုးတစ်ခုမခြားဘဲ ဘဝပြောင်းသွားတတ်ပါတယ်။ ဒါပေမဲ့ လောကဓံကို ဘယ်လိုမှမခံစားနိုင်ပါ။ အဖေလည်းဆုံး၊ အမေလည်းဆုံး၊ မောင်နှမတွေလည်းဆုံး၊ ရာထူးလည်းပျောက် ထောင်လည်းကျဆိုတော့ ယောက်ျားတစ်ယောက်မို့ မပဋာလိုရူးမသွားတာပါ။ လောကဓံရဲ့နှိပ်စက်မှုကို ရက်ရက်စက်စက်ခံစား ရပါတယ်။ ကျွန်တော် ကိုယ့်တာဝန်ယူရတဲ့အလုပ်ကို

စေတနာထားလုပ်ခဲ့ပါတယ်၊ အကျဉ်းသားထွက်ပြေးတာဟာ လုံခြုံရေးကိစ္စ တရားဝင်လွှဲပြောင်းပေးပြီးဖြစ်တဲ့အတွက် လက်ခံဆောင်ရွက်တဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှ တာဝန်ယူသောသူများသာ တာဝန်ယူဖြေရှင်းရမှာဖြစ်ပါတယ်။ အဲဒါကို ကျွန်တော့် ဌာနက လူကြီးတွေနဲ့ စုံစမ်းရေးအဖွဲ့က ဘယ်လိုသဘောပေါက်ပြီး ကျွန်တော့်ကိုအပြစ် ပေးတယ်ဆိုတာဟာ စဉ်းစားတောင်မရပါဘူး။ အကျဉ်းသားပေးတဲ့ဂေါက်တံနဲ့ ဂေါက်အိတ် လက်ခံခဲ့မိတာကတော့ ကျွန်တော် မစဉ်းစားမိခဲ့တဲ့အမှားပါ။

ကျွန်တော့်မှာ အေးချမ်းနေတဲ့ မိသားစုလေးပြိုကွဲသွားရတယ်။ အမျိုးသမီးက ကွာရှင်း စာချုပ်ကိုယူလာ လက်မှတ်ထိုးခိုင်းပါတယ်။ စဉ်းစားကြည့်ပါဗျာ။ ကိုယ်ချစ်လို့ လက်ထပ်ယူထားတဲ့မိန်းမကို သမီးလေးတစ်ယောက်ရခါမှ ကွာရှင်း ပေးရမယ်တဲ့လား၊ အသင်လောက မင်းငါ့ပေါ်မှာ သိပ်ရက်စက်လွန်းလှတယ်။ ထောင်ထဲမှာ ထောင်ဝင်စာမရှိဘဲနေရတဲ့ အကျဉ်းသားဘဝမှာ တစ်လလောက် နေဖူးကြရင်တော့ စာနာနိုင်ကြမှာပါ။ အပြောသာလွယ်ပါတယ်၊ လက်တွေ့ ခံစားရတဲ့အခါ ခါးသီးတဲ့အရသာဟာ အင်မတန်ဆိုးပါတယ်။ လုပ်ဖော်ကိုင်ဖက် အားလုံးက အထင်အမြင်သေးတဲ့အကြည့်နဲ့ကြည့်ကြတယ်။ "ဒီကောင်ထောင်ပိုင် လေးကိုဖားပြီးစားနေတဲ့ကောင် မိရင်တော့ခံပေါ့ကွာ" လို့ မေးငေါ့ကြပါတယ်။

လွတ်ငြိမ်းချမ်းသာနဲ့မို့ ထောင်ထဲမှာခြောက်နှစ်နေပြီး လွတ်ခဲ့ရပါတယ်။ ထောင်ကလွတ်တော့ ပြန်စရာလမ်းစရိတ်တောင်မရှိဘူး။ ဘုန်းတော်ကြီးရပ်က အမေ့အိမ်ကို လမ်းလျှောက်ပြန်ခဲ့ရတယ်။ ကယ်ရီခမပေးနိုင်လို့လေ။ အိမ်ကို ရောက်တော့ ထောင်ကလွတ်လာတဲ့ ငါ့သားကြီးအမေမသေခင် မျက်နှာမြင်ရသေး တယ်တော့ဆိုပြီး သားကိုဖက်လို့အော်ငိုတာ ကြောက်ခမန်းလိလိပါလား။ မိဘမေတ္တာဆိုတာ တကယ့်ကို ကြီးမားလှပါတယ်။

အမေ့မျက်ရည်တွေကိုသုတ်ပေးတယ်။ အမေ အမေ တိတ်နော်အမေ- တိတ်တိတ် သားပြန်လာပြီပဲ အမေ့ကို သားရှာကျွေးပါမယ်အမေ။ အမေ မောလှပါပြီ နားပါတော့နော်။ အမေ့ကိုချော့ရင်း အဲဒီနေ့ကစပြီးအလုပ်ရှာပါတယ်။ ဘာအလုပ်ရရကွာ ရိုးရိုးသားသားရှာပြီး အမေ့ကိုရှာကျွေးမယ် ရသမျှအလုပ်တွေ လိုက်လုပ်ပါတယ်။ ပန်းရံလက်သမားလိုက်လုပ်ပါတယ်။ အချောရရအကြမ်းရရ၊ နေ့စားရရ၊ အကွက်စားရရ၊ နေ့နေ့ညည နေပူမရှောင်မိုးရွာမရှောင် လိုက်လုပ်ပါ တယ်။ ကိုယ့်ကျန်းမာရေးတောင် သိပ်ဂရုမစိုက်ပါ။ ရတစ်လှည့်မရတစ်လှည့်

အကြားမှာ အမေ့ချက်ကျွေးတဲ့ လျှာရင်းမျက်တဲ့ဟင်းလေးတွေနဲ့ ထမင်းစားရတာ သိပ်ပျော်ပါတယ်။ စိတ်ချမ်းသာပါတယ်။ သားကြီးရေ မောလာလား ရေအေးလေးသောက်အုံးနော်။ ခဏနားပြီးမှ ရေချိုးနော်။ သားကြိုက်တဲ့ ငရုတ်သီးငပိချက်လေး ချက်ထားတယ်။ အတို့အမြုပ်လေးနဲ့ စားကြတာပေါ့တဲ့။

အမေ့လက်ရာကို ဘယ်တော့မှမမေ့ပါ။ ပင်ပန်းသော်လည်း အမေ့မေတ္တာကြောင့် စားဝင်အိပ်ပျော် အမောပြေရပါတယ်။ အမေကိုဥပုသ်နေ့မှာ ဘုန်းကြီးကျောင်းသွားဖို့ ထမီအသစ်လေးတွေ ဝယ်ပေးတယ်။ အင်္ကျီအသစ်လေးတွေချုပ်ပေးတယ်။ စီးဖို့ဖိနပ်လေးကအစ ဝယ်ပေးပါတယ်။ အမေ့အတွက် ထောင်ထဲမှာ ကိုယ်တိုင်ထိုးလာတဲ့ ပုတီးတကုံးပေးတယ်။ အမေ ဘုန်းကြီးကျောင်းသွားရင် ကန်တော့ပွဲထည့်ဖို့ ပိုက်ဆံတစ်ထောင်တန်အသစ်ကလေးတွေ လဲပေးပါတယ်။ အမေလိမ်းဖို့ နံ့သာဖြူကရမက်တုံးလေးတွေ ဝယ်ပေးတယ်။ အမေရေချိုးပြီးလိမ်းဖို့ နံ့သာသွေးပေးတယ်။ အမေ့တစ်ကိုယ်လုံး မွှေးနေအောင် သန့်စင်အောင် ရှိနေစေချင်မိတယ်။ ခန္ဓာကိုယ်သန့်စင်မှ စိတ်လည်းသန့်စင်မယ်။ စိတ်သန့်စင်မှ အမေတရားထိုင်တဲ့အခါ တရားထူး မြန်မြန်ရမှာပါ။ အမေတရားထိုင်ရင် ဘေးကနေထိုင် ယပ်ခတ်ပေးရင် အမေ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရတာ စိတ်ချမ်းသာလိုက်တာတကယ်ပါ။ ထောင်ကပြန်လွတ်လာမှ မိဘကျေးဇူးကို ပိုသိတတ်လာတယ်။ ကျေးဇူးဆပ်စရာ အမေ့ရှိနေသေးခြင်းက ဝမ်းသာစရာပါ အမေ့ကို အသက်ရှည်စေချင်မိတယ်။ အမေ့အတွက် တီတီတာတာပြောမယ့် အမေ့မြေးတွေအနားမှာ ရှိစေချင်မိပါတယ်။ ဒါပေမဲ့ အဲဒါတွေ မဖြစ်နိုင်တော့ပါလား။ ည ည အမေ့ကိုကန်တော့ပြီး အိပ်ရတဲ့ဘဝက တကယ်လုံခြုံပါလားနော်။

အကုသိုလ်ကံတွေဆိုတာ အဖော်နဲ့လာတယ်။ အလုံးအရင်းနဲ့လာတယ်ဆိုတာ ဟုတ်မှာပါ။ ကိုယ့်ဘဝကိုအမေနဲ့အတူအေးအေးချမ်းချမ်း ဖြတ်ကျော်မယ်လို့ စဉ်းစားတုန်းရှိပါသေးတယ်။ ထောင်ကျတဲ့ဘဝဆိုးက လွတ်မြောက်ပြီလို့ ကြံခါစ ရှိပါသေးတယ်။ စိတ်ချမ်းသာမယ်ရှိပါသေးတယ်။ အမေက လူ့လောကကြီးကနေ သားကိုထားလို့ စွန့်ခွာသွားပါတယ်။ မှီခိုစရာရင်ခွင်မဲ့ပါလား ဘယ်လိုမှ မခံစားနိုင်ပါလား အမေရယ်။ အမေဟာကျွန်တော့်ဘဝအတွက် နောက်ဆုံးကြိုးတစ်မျှင်ပါ။ ဒီကြိုးတစ်မျှင်ကိုမှီခိုရင်း ကျွန်တော်ဘဝလေးကိုတည်ဆောက်ယူနေတာပါ။ဒီကြိုးတစ်မျှင်လေးဟာ ကျွန်တော့်ဘဝရဲ့အသက်ပါ ဒီကြိုးလေးတစ်မျှင် မရှိတော့ဘူး

ဆိုရင်တော့ ကျွန်တော်ဘဝဟာ ကြိုးပြတ်တဲ့လေတံခွန်လို လွင့်ချင်ရာလွင့် သွားချင်ရာသွား ကျချင်ရာကျ နောက်ဆုံး ကျွန်တော်ဘဝပျက်စီးခဲ့ရပါတယ်။

သောက်လိုက်၊စားလိုက်၊ မူးလိုက်၊ ရူးလိုက်နဲ့သတိပြန်ရိန်မှာ အိပ်ယာထက်လဲခဲ့ရပါပြီ။ လေတစ်ခြမ်းကလည်းဖြတ်စပြုနေပါပြီ။ ဒီအချိန်မှာသေခြင်းတရားဟာ လက်တစ်ကမ်းမှာ လက်ယပ်လို့ခေါ်နေပါပြီ မင်းဘယ်လိုသေခြင်းကိုရင်ဆိုင်မလဲ ဒီလိုပဲမသိမှုနဲ့ မင်းအသေခံ သွားတော့မှာလား၊ သောက်လိုက်စားလိုက်နဲ့ပဲ ပျော်ပျော်ကြီးသေခြင်းတရားကို ရင်ဆိုင်မှာလား။ ဒါမှမဟုတ် အားလုံးကိုအရှုံးပေးနလုံးအေးတဲ့ဆေးဆိုပြီး ဘဝကိုအရှုံးပေးလို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တော့မှာလား ဒါလည်းမဖြစ်သေးပါဘူး။

ငါ့ကိုယ်ငါ ကျန်းမာအောင် ပြန်ကုမယ်။ ကိုယ့်ကိုယ်ကိုအားပေးတယ်။ မင်းမသေရသေးဘူး။ မင်း လူ့လောကကိုလာတာ ဘာလုပ်ဖို့လာတာလဲ မင်းလူလာဖြစ်ရတာတန်ရဲ့လား၊ သေခြင်းဟာဘဝကိစ္စဟူ သမျှ အဆုံးသတ်သွားပြီလား။ သေခြင်းရဲ့နောက်ကွယ်မှာ ဆက်နွယ်နေတဲ့ဘဝတွေ ချုပ်ငြိမ်းသွားပြီလား။ မင်းစဉ်းစားပါ။ မင်းဘာလုပ်မလဲ။ အိပ်ယာထက်မှာ လဲနေရင်းစဉ်းစားသောအခါ အလင်းတန်းတစ်ခု ကောင်းကင်က ကျလာပါတယ်။ မင်းသာသနာပြုပါ။ ကျန်တဲ့ဘဝကိုအသိသတိလေးနဲ့ နေထိုင်ပြီး သတိပဋ္ဌာန်တရားကိုကျင့်ပါလို့ တိုးတိုးပြောကြားလာပါတယ်။

အဲဒီအသံကြားရတဲ့အခါမှာ လျှပ်စစ်ခလုတ်နဲ့တို့လိုက်သလို ကျည်တက်သွားပြီးဆုံးဖြတ်ချက် တစ်ခုကိုချမိပါတယ်။ လူဝတ်ကြောင်ကို စွန့်လိုက်တော့မယ်။ ချိုးခြံချွေတာ ခေါင်းပါးသော အကျင့်မြတ်ကိုကျင့်လို့ တရားရှာပါတော့မယ်။ ငါ့ရဲ့လူ့ဘဝကို အချည်းနှီး မကုန်ဆုံးစေရဘူး၊ တရားအသိရမှသာ ကုန်ဆုံးခွင့်ပြုမယ်လို့ ဆုံးဖြတ်ပြီး သာသနာဘောင်ထဲကို ဝင်ခဲ့ပါတယ်။

## တစ်ပိုင်းတစ်စနိဂုံး

တည်ငြိမ်တော့မယ့်ကန်ရေပြင်ဟာ သူ့ကို ဖမ်းမိပြီ၊ အကျဉ်းသားထွက်ပြေးမှုနဲ့ တရားစွဲမည်ဟူသော သတင်းကြောင့် လှုပ်ခတ်သွားစေပါတယ်။ အနာဟောင်းတွေက အနာသစ် ဖြစ်လာပါတယ်။ တိတ်စ ပါးပြင်ဟာ မျက်ရည်တို့နဲ့ပြန်စိုလာပါတယ်။ မီဒီယာတွေက ဦးဇင်းကို လာရှာတယ်

မေးကြတယ်။ မြန်းကြတယ်။ ပြန်တွေးရတယ်။ ရင်ထဲမှဝေဒနာတွေပြန်တိုးလာရတယ်။ အမေ အမေ အမေ့ကိုသတိရလိုက်တာ အရမ်းပါပဲ၊ ရဲတပ်ဖွဲ့ကလည်းလာရှာတယ်၊ အကျဉ်းဌာနကလည်း လာရှာပါတယ်။ ကိုဗစ်ကာလကြီးမှာ လူတိုင်း နေ့သေမလား ညသေမလား ထိတ်လန့် တုန်လှုပ်နေချိန်မှာ ဦးကျော်မြင့်ကို နောက်မှုရုံးထုတ်စစ်ပါတယ်။

ဦးဇင်းကိုတရားရုံးကြွဖို့ လျှောက်ပါတယ်။ တရားရုံးမှာ တရားသူကြီးက မေးပါတယ်။ ဦးကျော်မြင့်ကို တပ်ထားတဲ့မတ်စ်ကို ချွတ်စေပါတယ်။ ဦးဇင်းသူ့ကို သေချာကြည့်ပါ။ သူ့ကိုဦးဇင်းသိပါသလား။ နှာခေါင်းစည်း ချွတ်ပြလိုက်တဲ့အခါမှာ မျက်စေ့ထဲမှာတွင်သာမက နှလုံးသားထဲကနေ တဖြစ်ဖြစ်မြည်လို့ ပြောလာပါတယ်။ အသက်ကို သတိထားရှုရင်း ဦးကျော်မြင့်ကိုကြည့်မိတယ်။ စိတ်ကို လျှော့ချလိုက်ပါတယ်။ တည်တည်ငြိမ်ငြိမ် ဖြစ်အောင် မိမိကိုယ်ကိုအချိန်မှီ ထိန်းသိမ်းလိုက်ရတယ်။ မြတ်စွာဘုရား သားတော်တစ်ပါး မဟုတ်ပါလား။

တရားသူကြီးရဲ့အသံထပ်ပေါ်လာပါတယ်၊ ဦးဇင်းဘုရား သည်ရုံးတော်ရှေ့မှာ ရောက်နေသော တရားခံကို သိပါသလား။ သိရင်သူ့အမည်ကိုပြောပြပါ ဘယ်လိုသိသည်ကိုလဲ မိန့်ပါဘုရားဟု ထပ်မံမေးပါတယ်။ ဒကာကြီး သူ့ကို ဦးဇင်းသိပါတယ်။ သူ့အမည်က ဦးကျော်မြင့်(ခေါ်)ဟူးဝါးပါ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က မန္တလေးဆေးရုံကြီးပေါ်မှာ ဆေးကုနေရာကနေ ထွက်ပြေးခဲ့သူပါ။ သူ့အရွယ်အိုဇာလာပေမယ့် သူ့ဆံပင်တွေဖြူလာပေမယ့် ဦးဇင်း သူ့ကိုကောင်းကောင်း မှတ်မိနေပါတယ်။ ဦးဇင်းအမှတ်မမှားပါဘူး။ တရားသူကြီးက ခေါင်းငြိမ့်ပြတယ်။ တရားခွင်ကိုရုတ်သိမ်းပြီး ပြန်လွှတ် လိုက်ပါတယ်။ ဦးဇင်းလည်း အတွေးတွေနဲ့ ကျောင်းကို ပြန်လာခဲ့ပါတယ်။

တစ်ညလုံးအိပ်မရပါ။ တွေးရင်းဒေါသတွေဟာ အလိပ်လိုက်တက် လာပါတယ်။ ကိလေသာ မီးတွေဟာ တစ်ကိုယ်လုံးကို လောင်မြိုက်လာပါတယ်။ ဒီမှာဆရာသခင်ရဲ့ အသံကြားလာရပါတယ်-

•• ချစ်သား

သက်ရှိသက်မဲ့ ဘယ်အရာကိုမဆို

တဏှာနဲ့ချစ်ရင် စိတ်ပူလောင်ရတယ်။

သဒ္ဒါမေတ္တာနဲ့ချစ်ရင် စိတ်အေးချမ်းရတယ်။
ဒေါသနဲ့မုန်းရင် စိတ်ဆင်းရဲရတယ်။
သတိဉာဏ်နဲ့မုန်းရင် စိတ်ချမ်းသာရတယ်။
တဏှာနဲ့ မချစ်တတ်တဲ့သူ
ဒေါသနဲ့မမုန်းတတ်တဲ့သူ
ဘဝတိုင်းဖြစ်ပါစေ တဲ့"

ဆရာသခင်ရဲ့ အဆုံးအမဟာ နှလုံးသားကိုအေးမြစေလာပါတယ်။ ခန္ဓာကိုယ်ဟာလည်း တည်ငြိမ်လာပါတယ်။ လူမှုရေးကိစ္စတွေကို နှလုံးမသွင်းဘဲ အရှုခံလေးတွေအပေါ်မှာပဲ စူးစူးစိုက်စိုက်ရှု ကြည့်နေမိပါတယ်။ အတွေးစိတ်ကလေးဟာ ရှေ့စိတ်၊ ကြည့်လိုက်တာက နောက်စိတ်ပဲ၊ အတွေးစိတ်ကလေးက အရှုခံပဲ။ သူ့ကိုသိပေးလိုက်တာအရှုဉာဏ်ပဲ၊ အတွေးစိတ် ကလေးက ဒုက္ခသစ္စာပဲ။ သူ့ကိုသိပေးလိုက်တာက မဂ္ဂသစ္စာပဲ၊ အရှုခံတရားလို့ သဘောထားပြီး ဉာဏ်ကလေးနဲ့သာ မပြတ်ရှုမှတ်ပေးလိုက်ရင် ဉာဏ်ရဲ့အရှိန် မပျက်တော့ဖူး ဉာဏ်ကလေးတွေ ထက်သထက် ပိုထက်လာတယ်။ ကိလေသာ ကြားဝင်တာ လက်မခံပါနဲ့ သတိကလေး ကပ်မိအောင်ကပ်ပါ သမာဓိလေးနဲ့ စိုက်မိအောင် စိုက်ပေးပါ။ ပညာလေးနဲ့ကြည့်ပေးပါ။ ကောင်းသော လောကုတ္တရာမဂ်ဉာဏ်ကို ကျေးဇူးပြုပါလိမ့်မယ်။

တစ်ကိုယ်လုံး ကြည်လင်လို့ပေါ့ပါးနေပါတယ်။ အဝေးမှအနီးမှ အုန်းမောင်း ခေါက်သံကိုကြားရပါတယ်။ သတိလေးကပ်ပြီး အဆက်မပြတ်ရှုနေမိလို့ ညဥ့်ယံ ဟာ ဘယ်လိုကုန်သွားတယ်ဆိုတာ မသိလိုက်ပါ။ ညကမအိပ်စက်ရသော်လည်း အင်အားလျော့နည်းခြင်းမရှိပါ တရားက စောင့်ရှောက်သဖြင့် ခန္ဓာကိုယ်မနွမ်းဘဲ လန်းဆန်းကြည်လင်နေပါတယ်။

တရားမှခေတ္တထလို့ ရေအိမ်သွားပါတယ်။ ကိုယ်လက်သန့်စင်ပါတယ်။ သင်္ကန်းသပိတ်တို့ကို တင့်တယ်အောင်ပြုပြင်၍ အရဏ်ဆွမ်းအလှူခံရန် ကျောင်း ပေါ်ကနေ ဦးဇင်းဦးအိန္ဒြောဘာသ ဆင်းခဲ့ပါတယ်။ ယနေ့ဆိုရင် သာသနာ ဘောင်ဝင်ခဲ့တာ ခုနစ်ဝါတင်းတင်းပြည့်ခဲ့ပါပြီ။ အပြင်မှာ အမှောင်ကကြီးစိုး နေဆဲပါ။ တံစက်မြိတ်မှ နှင်းရည်ငွေ့ဖွဲ့လို့ တစ်တောက်တောက် ကျသံက ဟိန်းနေပါတယ်။ မန္တလေးတောင်ဖြတ်လမ်းကလေးမှ ဥပုသ်တော်ရပ်ဆီသို့

ဆွမ်းခံကြွလာခဲ့ပါတယ်။ ခြေလှမ်းတိုင်းမှာ ဆက်လက်ပြီး အသိ သတိလေးတွေ ကပ်လို့တစ်လှမ်းချင်း တစ်လှမ်းချင်း အမှောင်ကိုခွင်းလို့ တိုးထွက် လာခဲ့ပါတယ်။ နံနက်ခင်း လေနုအေးဟာ သက်နှံးစကိုဖြတ်လို့ တိုးဝင်လာ ပါတယ်။ ဒါတေဇောပါလား ဖြစ်ပြီးရင်ပျက်နေတာပါလား ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စီးချက်တို့မိနေပါလား စိတ်၌အေးချမ်းမှုသည် ဖြစ်ပေါ်လာ ပါလား။ သင်သည်ဘဝကို အမြိုက်တရားဖြင့် ကျော်ဖြတ်နိုင်အောင် ဆက်လက် ကြိုးစားရပါမယ် အသက်နဲ့ခန္ဓာ တည်မြဲနေသမျှပေါ့။

သတ္တဝါအားလုံး အေးချမ်းသာယာ ရှိကြပါစေ။

*ဂျေးလ်ဆယ်လီကျော်ဝင်း*

*၂၇ မတ်လ ၂၀၂၂*

ဦးဇင်းအေးချမ်း (ဦးဇင်းဦးအိန္ဒြောဘာသ)နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ကူညီပေးကြသော လုပ်ဖော်ကိုင်ဘက်များ၊ မိတ်ဆွေများအားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။



ထောင်မှူးအေးချမ်း(ဦးအိန္ဒြောဘာသ)အား စာရေးသူတွေ့ဆုံလျှောက်ထားစဉ်

# ကျွန်တော်နှင့် နောက်ပိုးစခန်း

ဆောင်းအကုန် နွေအကူးဟုဆိုသော်လည်း ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသကတော့ အအေးဓာတ်ရှိနေဆဲဖြစ်သည်။ နံနက် ၉ နာရီခန့်တွင် မိမိရုံးခန်းအတွင်း ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို တစ်ယောက်တည်းထိုင်၍ လုပ်နေစဉ်အခိုက်မှာပင်····

"ဝေါ···ဝေါ···ဂျုံး···ဂျုံး···ဂျိုင်း···ဂျိုင်း···ဝုန်း···"

ဘာသံကြီးလဲဟု ရုံးခန်းအပြင်ဘက် ထွက်ကြည့်မိတော့ ကျွန်တော်တို့စခန်းကုန်းအနီး ကားလမ်းဘေး ဖုံလုံးများကြားတွင် ခရီးသည်တင်(BM)ကားတစ်စီးလဲနေသည်ကို တွေ့လိုက်ရသည်။ စခန်းတစ်ခုလုံး အထိတ်တလန့် ထွက်ကြည့်ကြစဉ် တပ်ကြပ်ကြီး ကျော်စိန်က-

"ရန်ကုန်-လွိုင်ကော် ခရီးသည်တင်ကား မှောက်သွားပြီဆရာ"

ကူညီသင့်တာ ကူညီရအောင် ဝန်ထမ်းအချို့နှင့် အကျဉ်းသားအချို့ စုစည်းကာ မှောက်နေသော ကားအနီးသို့ ကျွန်တော်တို့ ရောက်သွားကြသည်။

ကားက နောက်ပိုးတောင်အဆင်းလမ်းမှာ ဂီယာရော၊ ဘရိတ်ရော မထိန်းနိုင်ဘဲ ပြေးဆင်းကာ သုံးလေးပတ်လိမ့်၍ မှောက်သွားခြင်းသာ ဖြစ်သည်။ ဘာဖြစ်လို့ ခန့်မှန်းနိုင်သလဲဆိုတော့ ဒီစခန်းရောက်တဲ့ တစ်နှစ်အတွင်း ယခုလိုအဆင်းမှာ မထိန်းနိုင်ဘဲ ကားမှောက်ခြင်းကို နှစ်ကြိမ်တိုင်တိုင် ကိုယ်တွေ့မြင်ခဲ့ပြီးဖြစ်၍ တပ်အပ်ပြောနိုင်ခြင်းသာ ဖြစ်သည်။

ယခုလည်း မြင်နေရသည်က အခြေအနေသိပ်မကောင်းသော အနိဋ္ဌာရုံမြင်ကွင်းတစ်ခုသာ။ ကားတစ်စီးလုံး မြင်မကောင်းအောင် ပျက်စီးနေပြီး၊ သေဆုံးသူ၊ မသေမရှင်ဖြစ်နေသူ၊ ဒဏ်ရာရထားသူတွေက ကားထဲမှာရော ကား အပြင်မှာရော တွေ့မြင်နေရသည်။ ဒီဇယ်လား၊ ဓာတ်ဆီလား၊ မသိနိုင်သော စက်သုံးဆီများကလည်း စီးထွက်၍ မီးခိုးငွေ့များလည်း ထွက်နေရာ၊ မီးထလောင်မှာပင် စိုးရိမ်စရာ ဖြစ်နေသည်။

ကားထဲက ဒဏ်ရာရထားသူ၊ သေဆုံးသူများကို ကိုယ့်အကျဉ်းသားများနှင့် ဖေးဖေးမမ ဆွဲထုတ်ကာ ကိုက်ငါးဆယ်ကွာ မြက်ခင်းပေါ်တွင် ခေတ္တထားရင်း

ဆက်၍ ကူညီနေမိသည်။ ဒီအချိန်မှာ ဖြစ်တတ်တဲ့ ပြဿနာတစ်ခုကိုလည်း သွားသတိရမိစဉ် ကိုယ့်လူတွေကို စိတ်ကတော့ သိပ်မချ။ ဒါကြောင့်…

"ဟော့ကောင်တွေ‥ သေတဲ့သူ၊ ဒဏ်ရာရထားသူတွေဆီက ဘာပစ္စည်း ဘာငွေကြေးမှ မယူမိစေနဲ့။ အဲဒါ အပူစာလို့ ခေါ်တယ်။ မယူကောင်းဘူး။ ယူတဲ့ကောင် သူတို့လို ကံဆိုး ဘေးအန္တရာယ်တွေ့တတ်တယ်။ ဘေးအန္တရာယ် မတွေ့ခင် ငါနဲ့အရင်တွေ့ရမယ်၊ လျှော့ရက်ဖြတ်မယ်၊ ဒေါက်ခတ်မယ်၊ နောက်မှ ဖွင့်မယ်၊ ကြားလား"ဟု ခြောက်လှန့် သတိပေးထားလိုက်သည်။

သတိမပေး၍လည်း မဖြစ်။ ကျွန်တော့်ကိုတော့ အကျဉ်းသားတွေက ဖြူကြသည်။ မဖြူ၍လည်း မဖြစ်ပေ။ ကိုယ့်အထက်က စခန်းတာဝန်ခံက "ရေမှုတ်"ဆိုလျှင် ဒုတိယစခန်းတာဝန်ခံက "မီးစ"မဖြစ်ချင်လည်း ဖြစ်လိုက်ရသည်။ ဒီလိုမှ မအုပ်ချုပ်နိုင်လျှင် မတစ်ထောင်သားက သိပ်မလွယ်ချေ။ ဒီတော့ မကြမ်းချင်လည်း ကြမ်းထားနိုင်မှ တန်ကာကျမည်။

ကားထဲမှ ဒဏ်ရာရသူနှင့် သေဆုံးနေသူများကို ဆွဲထုတ်၍ ဘေးကင်းရာသို့ ပို့ပေးနေစဉ်…

"ကယ်ပါဦး၊ ကျွန်မကို ကယ်ကြပါ"

အလွန်အားပျော့ မေးမှိန်လွန်းသော အသံကို ကြားမိလိုက်၍ အသံကြားရာသို့ ကြည့်မိသည်။ တွေ့ပါပြီ၊ ကားထိုင်ခုံနှစ်ခုကြား ညပ်နေသော ဒဏ်ရာတွေနှင့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ထိုင်ခုံသံပြားများ ပြုတ်ထွက်ပြီး အမျိုးသမီး၏ ဝမ်းဗိုက်ကို ထိခိုက်မိပုံရပါသည်။ ဘေးမှာလည်း သွေးတွေက အိုင်ထွန်းနေသည်။ တပည့်များနှင့်အတူ ထိုင်ခုံကို ရိုက်ချိုးဖယ်ရှား၍ အမျိုးသမီးကို ငြင်သာစွာ ဆွဲထုတ်ယူကြရသည်။ မြက်ခင်းတစ်နေရာမှာ ခေတ္တချထားပြီး၊ အခြားသော ကယ်တင်မှုများကို ဆက်၍ လုပ်ပေးနေကြသည်။

အားလုံးပြီးစီး၍ အမျိုးသမီး၏ အခြေအနေကို သွားကြည့်မိရာ ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်သော ရုပ်အလောင်းအဖြစ်သာ မြင်တွေ့ရပါတော့သည်။ အသက်က ရှိလှမှ နှစ်ဆယ်ကျော် နှစ်ဆယ့်ငါးနှစ်အတွင်းသာ၊ ရုပ်ရည်ချောမောလှပပြီး တိုင်းရင်းသူလေးတစ်ဦးလည်း ဖြစ်ဟန်တူပါသည်။

သူမ၏ဘေးတွင်ကျနေသော သွေးစွန်းကဒ်လေး တစ်ခုကိုလည်း ကောက်ယူကြည့်မိတော့ နော်ချယ်ရီတဲ့။ ဒီမောဆိုမြို့နယ်၊ကျေးရွာတစ်ခုက ကျောင်းဆရာမလေးတစ်ဦးအဖြစ် သိရှိလိုက်ရသည်။ စိတ်မကောင်းခြင်းနှင့်အတူ

မကြာခဏ ကားမှောက်တတ်သော နောက်ပိုးတောင်ကြီးကိုလည်း ကျွန်တော် မော့ကြည့်မိလိုက်သည်။

ကျွန်တော်သည် အောင်ပန်း-လွိုင်ကော် ရထားလမ်းဖောက်လုပ်စဉ်က ထောင်မှူး (ကြယ်တစ်ပွင့်) အဆင့်နှင့် ပင်လောင်းမြို့အနီးက လယ်ကြားစခန်းမှာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကျွန်တော့်အထက်က စခန်းတာဝန်ခံမှာ ထောင်မှူးကြီး(ကြယ်နှစ်ပွင့်) ဦးသန်းထွန်းအောင် ဖြစ်သည်။ အကျဉ်းဦးစီးဌာနဝန်ထမ်းများဖြစ်သော အကြပ်တပ်သား ၂၀ ကျော်နှင့် အကျဉ်းသား (ရဲဘက်)က ၄၀ ကျော်ရှိသော စခန်းဖြစ်သည်။

၁၉၉၃ ခု နှစ်ဦးပိုင်းတစ်နေ့မှာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ရပခ) တိုင်းမှူးသည် ရထားလမ်း ပြီးစီးမှုစစ်ဆေးရင်း ပင်လောင်းမြို့ရှိ ခလရ (၂၄၉) သို့ ရောက်ရှိလာသည်။ ထိုအချိန်က တိုင်းမှူးမှာ ဗိုလ်ချုပ်မောင်အေး (နောင်တွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး) ဖြစ်၏။ တိုင်းမှူးခေါ်ခိုင်း၍ ထောင်မှူးကြီး ဦးသန်းထွန်းအောင်နှင့်ကျွန်တော်တို့ တိုင်းမှူးကို ပင်လောင်းတွင် သွားရောက်တွေ့ဆုံရသည်။

တိုင်းမှူး၏ အဓိကညွှန်ကြားချက်ကတော့ လက်ရှိကျွန်တော်တို့ လုပ်ကိုင်နေသော လယ်ကြားစခန်းတွင် ကျောက်များလုံလောက်သွားပြီး လမ်းအူကြောင်း မလွှတ်သော ကျောက်စွယ်၊ ကျောက်ငုတ်များလည်း ရှင်းလင်းပြီး ဖြစ်ကြောင်း၊ ယခုဖောက်လုပ်နေသော ရထားလမ်း၏ အခက်ခဲဆုံးအပိုင်းမှာ နောက်ပိုးကျောက်တောင်ဖြစ်ကြောင်း၊ ဒါကြောင့် ထိုကျောက်တောင်၏ ခါးလယ်မှဖြတ်၍ ရထားတစ်စီးသွားနိုင်အောင် မိုင်းခွဲ၍ ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ အကျဉ်းဦးစီးဌာန၏ ကျွန်တော်တို့ လယ်ကြားစခန်းတစ်ခုလုံး မိုင်နှစ်ဆယ်ကျော်ဝေးသော နောက်ပိုးရွာသို့ ပြောင်းရွှေ့လုပ်ကိုင်ပေးရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

တိုင်းမှူး၏ သဘောထားအလိုကတော့ ဖြစ်နိုင်လျှင် ချက်ချင်းပြောင်းစေချင်သည်။ သို့သော် အကျဉ်းဦးစီးဌာန၏ သဘာဝအရ အကျဉ်းသားများ၏ လုံခြုံရေးကလည်းရှိနေရာ တပ်ရင်းတပ်ဖွဲ့များလို၊လမ်းအလုပ်သမားများလို ချက်ချင်းပြောင်းဖို့ကတော့ မဖြစ်နိုင်ကြောင်း တင်ပြ၍ ၇ ရက် တစ်ပတ်အတွင်း ပြောင်းရွှေ့ရန် အချိန်ပေးပါသည်။

ကွပ်ကဲမှုတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်သိန်း၏ စီမံညွှန်ကြားမှုဖြင့် နောက်ပိုးစခန်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်

ကျွန်တော်ဦးဆောင်သော ဝန်ထမ်းအချို့နှင့် အကျဉ်းသား ၅၀ တို့က ရှေ့ပြေးအဖြစ် နောက်ပိုးသို့ သွားရောက်ခဲ့ကြသည်။ စခန်း ဆူးကြိုးကာရံခြင်းနှင့် အကျဉ်းသားအိပ်ဆောင်များကို ဦးစားပေး ဆောက်လုပ်ကြရပြီး ကျန်အဆောက်အဦးများကို ဖြည်းဖြည်းချင်း နောက်မှလိုက်၍ ဆောက်လုပ်ရသည်။ လုံခြုံရေးအရ မရှိမဖြစ် လိုအပ်သော အဆောက်အဦများပြီးစီးသည်နှင့် လယ်ကြားစခန်းတစ်ခုလုံး နောက်ပိုးသို့ ပြောင်းရွှေ့ခဲ့ကြသည်။

စခန်းဆောက်လုပ်ထားသောကုန်းမှာ နောင်ပိုးရွာအတွင်းရှိ ဟောင်းနွမ်းယိုင်နဲ့နေသော ဘုန်းကြီးကျောင်းအိုကြီးအစား ကျောင်းအသစ်ဆောက်လုပ်ရန် လျာထားသော မြေဖြစ်သည်။ လောလောဆယ် ကျောင်းမဆောက်နိုင်သေးခင်မှာ၊ ကျောင်းထိုင် ဆရာတော် ဘုန်းကြီး၏ ခွင့်ပြုချက်ဖြင့် ကျွန်တော်တို့က ယာယီစခန်းဆောက်လုပ်နေထိုင်ခြင်းသာ ဖြစ်သည်။

စကားချပ်။ (ယနေ့ အချိန်တွင်တော့၊ ပင်လောင်း - လွိုင်ကော်ကားလမ်း ဘေးရှိ နောင်ပိုးရွာတွင် အသစ်ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော နောက်ပိုးဘုန်းတော်ကြီးကျောင်းကို ခန့်ငြားထယ်ဝါစွာ တွေ့မြင်နိုင်ပါသည်။)

ထိုအချိန်က စခန်းကုန်းပေါ်တွင် အလျားပေ ၈၀၊ အနံပေ ၃၀ ခန့်ရှိသော ဘုန်းကြီးကျောင်းပိုင် ဇရပ်ကြီးတစ်ခု ရှိနေခဲ့သည်။ မိုးလုံလေလုံ သွပ်မိုးပျဉ်ကာသစ်သားကြမ်းခင်း အဆောက်အဦးတစ်ခုဖြစ်သည်။ ကျွန်တော်တို့က ပစ္စည်းသိုလှောင်ရန် ဂိုထောင်အဖြစ် အသုံးပြုခဲ့ကြသည်။ ထိုဇရပ်ကြီးအပေါ်တွင် ရိက္ခာပစ္စည်းများနှင့် မိုင်းခွဲရန် ယမ်းနှင့်ယမ်းကြိုးအပါအဝင် ဆက်စပ်ပစ္စည်းများကို တကန့်စီခွဲကာ ထားရှိသိုလှောင်ထားပါသည်။ ဇရပ်၏ အစွန်ဆုံးထိပ်တွင် ဆယ်ပေပတ်လည်ကျယ်သော အခန်းလေးတစ်ခန်းရှိရာ စခန်းတာဝန်ခံ ထောင်မှူးကြီးက ထိုအခန်းတွင် နေထိုင်လိုက်ပါသည်။ မိုးလုံလေလုံအခန်းဖြစ်၍ အသက်ကြီးသူနှင့်တော့ သင့်တော်ပါသည်။ ကျွန်တော့်ကိုတော့…

"မောင်ဦးရေ .. ရုံးခန်းကိုတော့ ဆူးကြိုးတံခါးမကြီးနဲ့ အနီးဆုံးနေရာမှာ ဆောက်ကွာ။ ရုံးခန်းနဲ့ဆက်လျက်အခန်း တစ်ခန်းဖွဲ့ပြီး အဲဒီမှာမင်းနေပေါ့။ ဒါမှ ရုံးခန်းကိုလည်း ကြီးကြပ်နိုင်မယ်၊ တံခါးမကြီး အဝင်အထွက်နဲ့ အကျဉ်းသားအိပ်ဆောင်တွေကိုလည်း အနီးကပ်မြင်ရပြီး မင်းကြီးကြပ်နိုင်မှာ"

မှန်ပါသည်။ မည်သည့်အကျဉ်းထောင်(သို့မဟုတ်) အလုပ်စခန်းတွင်မဆိုအဝင်အထွက်ပြုလုပ်သော တံခါးမကြီးသည် အဓိကအရေးကြီးဆုံး နေရာတစ်ခုဖြစ်သည်။

လက်ရှိ အသုံးပြုနေသော အကျဉ်းထောင်အများစုမှာ အင်္ဂလိပ်လက်ထက်ကပင် ဆောက်လုပ်ခဲ့သော ထောင်များဖြစ်ကြသည်။ အဆိုပါထောင်များကို ကြည့်ပါက မည်သည့်ထောင်မဆို တံခါးမကြီးကို ထုနှင့်ထည်နှင့် ရဲတိုက်ကြီးသဖွယ် အခိုင်အမာ ဆောက်လုပ်ထားသည်ကိုလည်း တွေ့မြင်နိုင်ပါလိမ့်မည်။

တံခါးမကြီး၏ အထက်တွင်ရှိသော အလယ်ထပ်တွင် ထောင်တစ်ခုလုံးကို ကြီးကြပ်အုပ်ချုပ်ရန် တာဝန်အရှိဆုံး တာဝန်ခံအရာရှိ (ထောင်ပိုင်)အိမ်ကို ထားရှိသည်။ ထောင်ပိုင်အိမ်၏ အထက်က အပေါ်ဆုံးတတိယထပ်တွင် ထောင်တစ်ခုလုံး၏ အဓိကလုံခြုံရေးဖြစ်သော ဗဟိုကင်းကို ထားရှိသည်မှာ အကျဉ်းထောင်တစ်ခု၏ စနစ်ကျသော လုပ်ထုံးလုပ်နည်း အစဉ်အလာတစ်ရပ်ပင် ဖြစ်သည်။

တောထဲက အကျဉ်းစခန်းများသည် မြို့ပေါ်က အုတ်ရိုးလေးဘက် ကာရံထားသော ထောင်ကြီးများကဲ့သို့ ခိုင်ခိုင်မာမာမရှိလှသဖြင့် လုံခြုံရေးအရတော့ သိပ်မကောင်းချေ။ အုတ်ရိုးအစား သံဆူးကြိုးနှစ်ထပ်ကာ၍ အိပ်ဆောင်များကိုလည်း သစ်သားမျှောတိုင် ဝါးထရံကာ၊ ဓနိသက်ကယ်မိုးဖြင့်သာ ဆောက်လုပ်ကြရသည်။ အိပ်စင်ကိုတော့ နှစ်ပေသုံးပေ အမြင့်တွင် ဝါးကြမ်းခင်းနှင့်သာ ဆောက်လုပ်ကြရသည်။

အကျဉ်းထောင်ဥပဒေကတော့ အုတ်ရိုးကာထောင်ကြီးနှင့် ဆူးကြိုးကာအလုပ်စခန်းဟူ၍ ခွဲခြားပြဋ္ဌာန်းထားခြင်းမရှိပါ။ တစ်ခုခုဖြစ်လာလျှင်တော့ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဆုံးဖြတ်ပါလိမ့်မည်။ ပြန်လည် သုံးသပ်ရလျှင်တော့ တည်ဆဲဥပဒေဖြစ်သော ၁၈၉၄ခုနှစ် အကျဉ်းထောင်ဥပဒေကိုအင်္ဂလိပ်များ ရေးဆွဲစဉ်အခါက အုတ်ရိုးကာ အကျဉ်းထောင်များသာရှိခဲ့ပြီး ယခုကဲ့သို့ တောထဲကအလုပ်စခန်းများ မရှိသေး၍ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မည်။

ထို့ကြောင့် ဆူးကြိုးကာ ယာယီစခန်းတစ်ခုပင်ဖြစ်လင့်ကစား၊ လုံခြုံရေးကိုလည်း ဦးစားပေး ဆောင်ရွက်ကြရပါသည်။ အိပ်ဆောင်နံရံအကာကို ဝါးထရံဖြင့်သာ ဝါးခြမ်းဇလီသတ်၍ ကာရံထားသော်လည်း ဝါးထရံကိုအပေါ်မှ သံဆူးကြိုးကပ်၍လည်း ဆောက်လုပ်ကြသည်။

သံဆူးကြိုး ဆူးကြိုးဝန်းကိုလည်း မြေပြင်မှ ချွန်သော ဝါးညှောင့်များစိုက်ကာ အတားအဆီးအဖြစ် ထည့်ရသည်။ နယ်မြေမအေးချမ်းသော ဒေသဖြစ်ပါက စခန်းအတွင်းမှာ ကျည်ကွယ်၊ မျက်ကွယ် ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများပါ ထည့်သွင်း ဆောက်လုပ်ကြရသည်။

နောက်ဝိုးစခန်းလုံခြုံရေးအတွက် ထိုစဉ်အခါက အမှတ်(၆)ရဲတပ်ရင်းမှတပ်စု တစ်စုထားရှိပေးပါသည်။ တပ်စုဟု ဆိုသော်လည်း အယောက် ၂၀ပင် မပြည့်ချင်ပါ။ သူတို့မှာလည်း သူတို့အခက်အခဲနှင့်သူတို့ရှိနေမှာပါ။ လုံထိန်းရဲတပ်စုကိုတော့ အကျဉ်းစခန်းနှင့် ကိုက် ၂၀၀ခန့်ဝေးသော စခန်းကုန်းထက်မြင့်သော အပေါ်စည်းတွင်ထားရှိပါသည်။ သူတို့လည်း နယ်မြေအခြေအနေကို သိထားပြီး ဖြစ်သည့်အတွက် ရောက်သည်နှင့် သံဆူးကြိုးကာရံခြင်း၊ အိုဗာဟက် ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူးခြင်းကို ချက်ချင်း ဆောင်ရွက်ထားကြပြီး ဖြစ်သည်။

ကျွန်တော်က လှိုင်ကော်ဇာတိမဟုတ်သော်လည်း၊ လှိုင်ကော်တွင် ကြီးပြင်းလူလားမြောက်ခဲ့ပြီး နှစ်များစွာ နေထိုင်ခဲ့သူဖြစ်ရာ ဒီဒေသအကြောင်းကိုတော့ ကောင်းကောင်းကြီးသိနေပါသည်။ ဒီကားလမ်းနှင့် ဒီမြို့ဒီရွာတွေကိုလည်း အကြိမ်ကြိမ်ဖြတ်သန်းသွားလာခဲ့ဖူးပါသည်။ ကျွန်တော်သိသော ပထမအချက်အနေနှင့် သတိထားရမည်မှာ-

နာမည်ကြီးသော နောက်ဝိုးတောင်နတ်စင် ဖြစ်သည်။ တောင်ကြီး၊ အောင်ပန်း၊ ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လှိုင်ကော်မြို့များသို့ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ကားများကလည်း ထိုနတ်စင်ဘေးမှ ဖြတ်သန်းသွားကြရသည်။ နတ်စင်နားရောက်လျှင် ကားရပ်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြသည်။ အချို့ကလည်း မုန့်ထုပ်များ၊ ငွေကြေးများပင် ပူဇော်ကြသည်မှာ နှစ်ပေါင်းများစွာသော ကျွန်တော်တို့ ငယ်စဉ်ကပင်ဖြစ်ပါသည်။

ထိုလုပ်ရိုးလုပ်စဉ် အယူအဆဓလေ့၏ အဓိကအကြောင်းရင်းကတော့ ပင်လောင်းဘက်မှလာလျှင် မိုင်တိုင်အမှတ်(၆၁)နှင့် (၆၂)ကြားရှိ နောက်ဝိုးတောင်အဆင်းကားလမ်းသည် နတ်စင်မှအစပြု၍ တစ်မိုင်ခန့်ရှည်လျားပါသည်။ အကွေ့အကောက်မရှိဘဲ တစ်ဖြောင့်တည်းသော တောင်အဆင်းလမ်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်အစတွင် ရေးသားခဲ့သော ကားမှောက်ခြင်း(Accident) မျိုး မကြာခဏ ဖြစ်တတ်သည်။ နှစ်ပေါင်းများစွာကပင် အဖြစ်ဆိုး များစွာလည်း ရှိခဲ့ဖူးသည်။ ဖြစ်လိုက်လျှင်လည်း လူသေဆုံးမှု အနည်းနှင့်အများရှိတတ်သောကြောင့် နောက်ဝိုးနတ်စင် နာမည်ကြီးရခြင်းပင်ဖြစ်ပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာသည်က နာမည်ကြီးလှပါသည်ဆိုသော နောက်ဝိုး နတ်စင်အနီးက ကျောက်တောင်ကြီးကိုမှပင် ကျွန်တော်တို့က ခါးလယ်မှ မိုင်းခွဲဖြိုချပြီး ရထားလမ်းကြောင်းဖော်ရမည့်တာဝန် ဖြစ်နေသည်။

မတတ်နိုင်ပါ။ ( Duty is Duty) ပါပဲ။ နိုင်ငံ့ဝန်ထမ်းများ အဖို့တော့ တာဝန်ပေးလာလျှင် လုပ်ရုံသာ ရှိတော့သည်။ သို့သော် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ နှစ်ပေါင်းများစွာ ကြားထားသိထားရသော အဖြစ်ဆိုးတွေကလည်းရှိနေရာ နာမည်ကြီး နောက်ပိုးကျောက်တောင်ကိုမှ မိုင်းခွဲရမည့် တာဝန်ကို ကျွန်တော်မျိုးကြီးတို့တစ်သိုက် ခပ်လန့်လန့်နှင့် စိုးရိမ်စိတ်တော့ ဖြစ်မိကြသည်။

လုပ်ငန်းစဝင်မည့်နေ့ မတိုင်မီရက်တွင် ကျွန်တော်ကိုယ်တိုင်လိုက်ပါ၍ ငှက်ပျောပွဲ၊ အုန်းပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ လက်ဖက်၊ ကွမ်းယာ အစုံအလင် ကန်တော့ပွဲနှင့် နတ်စင်မှာတင်မြှောက်ပေးခဲ့သည်။ မင်းမိန့်မင်းအာဏာအရ မလွှဲမရှောင်သာ ပြုလုပ်ရခြင်းကို ခွင့်လွှတ်ပေးပါရန်လည်း တောင်းပန်လိုက်သည်။ ကျွန်တော်မှာ ဒီဒေသခံတစ်ဦးလို အကြောင်းကြောင်းကို သိထားသူဖြစ်ရာ မမှားသော်ရှိ မှားသော်ရှိ သံသယကင်းအောင် လုပ်သင့်လုပ်ထိုက်သည်ဟု ထင်မြင်မိပါသည်။

ကျောက်တောင်ကိုမိုင်းခွဲရန် လုပ်ငန်းခွင်စဝင်မည့် နံနက်တွင် မိမိဝန်ထမ်း၊ အကြပ်တပ်သားများအားလုံးနှင့် အကျဉ်းသားများအားလုံးကိုလည်း သတိပေးစကား ပြောရပါသေးသည်။

အဓိက ကျွန်တော်မှာကြားသည်မှာ မြင့်မားမတ်စောက်သော ကျောက်တောင်ပေါ်မှာ စက်ဖောက်၊ မိုင်းခွဲလုပ်ရမှာဖြစ်သည့်အတွက် လုပ်ငန်းခွင် အန္တရာယ်မဖြစ်စေရေး(Safety First )အဖြစ် သတိပြုကြရန်၊ နတ်စင်အနီးအနားတွင် အပိုအပါးမသွားကြရန်၊ ကျောက်တောင်ပေါ်တွင်ဖြစ်စေ နက်စင်အနီးတစ်ဝိုက်တွင်ဖြစ်စေ ဆဲဆိုခြင်း၊ မဖွယ်မရာပြောမှားဆိုမှားများ မပြောဆိုကြရန်၊ နေ့စဉ်အလုပ်မစမီ နတ်စင်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်ပူဇော်ရန်၊ ရုံးခန်းတွင် ဖယောင်းတိုင်၊ အမွှေးတိုင်ထုပ်များ၊ ထားရှိပေးထားမည်ဖြစ်ပြီး နေ့စဉ်နံနက်အလုပ်သွားတိုင်း ယူသွားကြရန်၊ ကြောက်လန့် ရှိသေလေးစားစေရန်အတွက်လည်း မိမိတို့လုပ်ကိုင်ရမည့် နေရာ၏ ယခင်ဖြစ်ခဲ့ဖူးသောထူးခြားဖြစ်စဉ်များနှင့် အဖြစ်ဆိုးများကိုလည်း အားလုံးသိထားရန် ပြောထားလိုက်ပါသည်။

မပြော၍လည်း မဖြစ်ပေ။ လုပ်ဖော်ကိုင်ဖက် ကိုယ့်အမျိုးတွေအကြောင်း ကိုယ်သာအသိဆုံး ဖြစ်သည်။ ကြမ်းတဲ့အခါလည်း ကြမ်းရသည်။ ခြောက်တဲ့ အခါလည်း ခြောက်ရသည်။ မြှောက်တဲ့အခါလည်း မြှောက်စားရသည်။ အသေးအဖွဲကိစ္စလေးတွေကိုလည်း တစ်ခါတစ်ရံ မသိချင်ယောင် ဆောင်နေရ

သည်။ ဖြတ်သန်းသွားသောကားများက နတ်စင်ကိုပူဇော်ရင်း အကျဉ်းသားများကိုလည်း ဆေးလိပ်၊ ကွမ်းယာ၊ မုန့်ပဲသရေစာ အစရှိသည်များ ပေးကမ်းစွန့်ကြဲကြသည်။ စေတနာရှိလို့ ပေးကမ်းသွားရင်တော့ ယူပါ၊ ကိစ္စမရှိပါ။ တောင်းရမ်းသည့်ပုံစံတော့ မဖြစ်စေရန်တော့ ကြိုပြောထားရသည်။

သကောင့်သားများက ဤမျှလောက်နှင့်မကျေနပ်နိုင်ကြသေးပါ။ နတ်စင်ပေါ်တွင် ပူဇော်ထားသော ဖယောင်းတိုင်၊ မုန့်ထုပ်နှင့် ငွေကြေးအတိုအထွာကအစ သိမ်းကြုံးယူငင်ကြသည်။ ဒါလည်း ကိစ္စမရှိ၊ ပြဿနာမရှိပါ။ နတ်စင်အပိုင်စားရယ်လို့မှ မရှိတာပဲ။ တိုင်မည့် တောမည့်သူမရှိ၊ ကန့်ကွက်သူ မရှိလေတော့ ယူစေသတည်း။ ကိစ္စမရှိပါ။ ကိုယ့်တပည့်တွေစားရတာ၊ သောက်ရတာ ပြဿနာမဖြစ် ပြီးရောပေါ့။

တစ်နေ့သား နတ်စင်ကို ပူဇော်ထားသော ပစ္စည်းနှင့်ငွေကြေးမရှိ၍ တပ်သားတစ်ယောက်က မူးကြောင်ကြောင်နှင့် နတ်စင်ကို ပုတ်ခတ်စော်ကားကာ ပြောမှားဆိုမှားလုပ်ခဲ့သည်။ ထိုနေ့ညမှာပင် တပ်သားနှစ်ယောက် အရက်ဝိုင်းမှာ ရန်ဖြစ်ကြရင်း တစ်ယောက်က ပါလာသောဓားနှင့်ထိုး၍ တစ်ယောက်သေဆုံး သွားသည်။ သေဆုံးသွားသူမှာ နတ်စင်ကို ပြောမှားဆိုမှားလုပ်ခဲ့သူ ဖြစ်နေခြင်း ကတော့ အံ့သြစရာတစ်ခုဖြစ်နေသည်။ (ဒီအကြောင်းကို "အမှားမခံပါ" ဝတ္ထုတိုအဖြစ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ကျွန်တော်ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

နောက်ပိုးတွင် နေထိုင်လုပ်ကိုင်ခဲ့သောကာလအတွင်းမှာ အစပိုင်းတွင် ဖော်ပြခဲ့သော ဖြစ်စဉ်ကဲ့သို့ ကိုယ့်မျက်စိရှေ့မှောက်မှာပင် ကားမှောက်ခြင်း (Accident) ကြောင့် လူသေဆုံးမှု အနိဋ္ဌာရုံ သုံးကြိမ်ဖြစ်ပွားခဲ့သည်။ နတ်စင်နှင့်ဆက်နွှယ်သောအမှားဟု ယူဆရသော တပ်သားတစ်ယောက်လည်း ဓားထိုးခံရပြီး သေဆုံးခဲ့ရသည်။ ကျွန်တော်သတိပေး ပြောကြားခဲ့သည်ကို ပိုသည် လွန်သည်ဟုထင်နေသော အမျိုးကောင်းတပည့်များလည်း အဖြစ်ဆိုးများကို လက်တွေ့မြင်ရသောအခါ တော်တော်လေး ကြောက်ရွံ့တုန်လှုပ်သွားကြတော့သည်။

လုပ်ငန်းခွင်မှာ လုပ်ကိုင်နေသော ကျွန်တော်တို့ဝန်ထမ်းများနှင့် အကျဉ်းသားများကတော့ အန္တရာယ်များသော နတ်စင်ကျောက်တောင်ပေါ်မှာ မိုင်းခွဲလိုက်၊ ကျောက်တုံးများဖယ်ရှား၍ လမ်းကြောင်းဖော်လိုက်နှင့် လုပ်နေကြရသော်လည်း ကြီးမားသော အန္တရာယ်ပြဿနာမရှိခဲ့ကြချေ။ သူတို့လုပ်ကိုင်ရသည့် အလုပ်ကလည်း လွယ်သည်ဟု မထင်လိုက်လေနှင့်။ ကျောက်တောင်များကို မိုင်းခွဲရ

သည့်အလုပ်က အန္တရာယ်ကြီးပါသည်။ မိုင်းခွဲပြီးပြန်တော့ ကျလာသော ကျောက်များကို ဖယ်ရှားရသည်။ နန်းအွန်ကျောက်တောင်မှာ အကျဉ်းဦးစီး ဝန်ထမ်းတစ်ဦး ကျောက်တောင်ပေါ်က ပြုတ်ကျပြီး ဒဏ်ရာများစွာနှင့် ဆေးရုံတင် လိုက်ရဖူးသည်။ ပင်ခွန်စခန်းက ကျောက်တောင်မှာလည်း ဝန်ထမ်းတစ်ဦး ဒီတိုနီတာ လက်ထဲမှထကွဲပြီး လက်ချောင်းတစ်ချောင်း ဆုံးရှုံးသွားခဲ့သည်။

အခုခေတ်မှာတော့ (Safety Fuse) ကြိုးကို ဘယ်လိုမီးတို့ပြီး မိုင်းခွဲသလဲ မသိပါ။ ကျွန်တော်တို့ခေတ်ကတော့ ဖြစ်ကြိုး (Fuse) ကို ဆေးလိပ်မီးနှင့်တို့ပြီး လွတ်ရာကျွတ်ရာသို့ ရှောင်ရပုန်းရသည်။ မပုန်း၍လည်းမဖြစ်။ ယမ်းရဲ့ ပေါက်ကွဲ အားနှင့် ထွက်လာသည့် ကျောက်တုံးကျောက်စက ကားတွေလိုစီယာတိုင် မပါတော့ ပြေးချင်ရာပြေး၊ သွားချင်ရာသွားပြီး လွင့်စင်ထွက်လာတာမျိုးဖြစ်သည်။ နတ်စင်ပေါ်က မုန့်ပဲသရေစာနှင့် ငွေကြေး အတိုအထွာများကိုလည်း သူတို့၏ ဈေးဆိုင်ကြီးသဖွယ်၊ ဘဏ်တိုက်ကြီးသဖွယ် ယူငင်နေကြသော်လည်း ဘာမျှ မဖြစ်ခဲ့ကြချေ။

နတ်စင်ကြီးကပဲ နေ့တိုင်းသူတို့အနီးအနားမှာ လာရောက်အလုပ်လုပ်နေ ကြသော ကျွန်တော့်အမျိုးတွေကို သူ့မိတ်ဆွေသူငယ်ချင်းများသဖွယ် ခင်မင်ရင်းနှီး သွားလေခြင်းလားဟု ထင်မှတ်စရာပင် ဖြစ်နေပါသည်။

သို့သော် ပေါ့ဆ၍တော့ မရချေ။ လွတ်ထား၍လည်းမရပါ။ ထောင်မှူးကြီး တစ်လှည့် ကျွန်တော်တစ်လှည့်နှင့် အခါမလပ် ထိန်းသိမ်းကြီးကြပ်နေရသည်။

ကျွန်တော်တို့ သတိထားရမည့် နောက်တစ်ချက်ကလည်း ရှိနေပါ သေးသည်။ ဒီနယ်မြေက ပအိုဝ်းနီအဖွဲ့လှုပ်ရှားသော နယ်မြေဖြစ်ပြီး ခေါင်းဆောင် ကတော့ ထိုအချိန်က ဦးတာကလယ်ဖြစ်သည်။ ယခင်က (ဗကပ) လက် အောက်ခံအဖြစ် ပူးပေါင်းထားသော အဖွဲ့တစ်ခုဖြစ်ပြီး လက်ရဲဇက်ရဲလှုပ်ရှား တတ်သောအဖွဲ့လည်းဖြစ်သည်။ ပအိုဝ့်ဖြူအဖွဲ့ကဲ့သို့ ငြိမ်းချမ်းရေးယူထားသော အဖွဲ့လည်း မဟုတ်သဖြင့် အချိန်မရွေး နှောက်ယှက် အန္တရာယ်ပေးလာနိုင် သည်။

မကြာသေးသော နှစ်အနည်းငယ်ခန့်ကပင် နောက်ပိုးရွာနှင့် နှစ်ဖာလုံမျှသာ ဝေးသော လင်ခံရွာတွင် တပ်မတော်က စခန်းချနေထိုင်ခဲ့ဖူးသော ကုန်းတစ်ခုရှိခဲ့ သည်။ မကြာခဏ လာရောက်နှောင့်ယှက်ပြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အကျအဆုံး အထိအခိုက်ပင် ရှိခဲ့ဖူးသော နယ်မြေတစ်ခုဖြစ်သည်။

နောက်ပိုးစခန်းကို ရောက်စကပင် စခန်းတာဝန်ခံဖြစ်သူ ထောင်မှူးကြီးကိုလည်း ကျွန်တော်သိသမျှ သတိထားရမည့် ထိုအချက်နှစ်ချက်ကို တင်ပြခဲ့ဖူးသည်။ ရှမ်း-ကယား နယ်စပ်ဖြစ်၍ ကယန်း(ပဒေါင်) လက်နက်ကိုင်အဖွဲ့ (KNLP) ကလည်း ရှိနေကြသည်။ ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်သင့်တာ ပြင်ဆင်ရင်း ဘယ်အဖွဲ့နှင့်မျှ အငြိအစွန်းမရှိအောင်လည်း ကိုယ့်အမျိုးတွေကို ထိန်းသိမ်းထားခဲ့သည်။ သို့သော် အန္တရာယ်က လက်တစ်ကမ်းမှ အချိန်မရွေး ပေါ်လာနိုင်သည်မဟုတ်ပါလား။

ပင်လောင်းတွင် ခလရ (၂၄၉) ရှိသည်။ ဖယ်ခုံမှာ ခမရ (၃၃၆)ရှိသည်။ မိုးဖြဲရေကာတာအနီးတွင် ခလရ(၂၂၁)ရှိသည်။ သို့သော် တပ်အသီးသီးက သူတို့တာဝန်နှင့်သူတို့သာ ဖြစ်သည်။ မိမိအကျဉ်းစခန်းအတွက် ရဲတပ်ရင်း (၆)၏ တပ်စုတစ်စုသာ အားကိုးရာဖြစ်သည်။

ယာယီအခြေချထားသော နောက်ပိုးစခန်းနှင့် လုပ်ငန်းခွင်ကျောက်တောင်မှာ တစ်မိုင်ခန့် ဝေးပါသည်။ ကျောက်တောင်ကို ညနေပိုင်းတွင် ယမ်းကြိုးများ တပ်ဆင်၍ အဆင့်သင့်လုပ်ထားပြီး ညအချိန်မှာ မိုင်းခွဲရသည်။ စခန်းတာဝန်ခံ ထောင်မှူးကြီး ဦးသန်းထွန်းအောင်က သူ၏အတွေ့အကြုံအရ ညဘက်မှသာ မိုင်းခွဲရန် အမိန့်ထုတ်ပြီး မှာကြားထားပါသည်။ နေ့အချိန်တွင် ဒေသခံရွာသူ ရွာသားများ တောထဲသို့သွားလာခြင်း၊ တောင်ယာသို့သွားလာခြင်းများ ရှိတတ်သလို လှိုင်ကော် - ပင်လောင်း ကားများကလည်း နေ့အချိန်သွား လာလျက်ရှိရာ ညအချိန်မှသာ ကားရှင်းလူရှင်းတတ်သဖြင့် ကားလမ်းကို ခေတ္တ ပိတ်ထား၍ သတိပေးခရာမှုတ်ကာ အန္တရာယ်မဖြစ်စေရေးကို ကြိုတင်ကာကွယ် ထားခြင်းလည်း ဖြစ်သည်။

ဒီတော့ စက်ဖောက်မိုင်းခွဲတာဝန်ယူကြရသော လက်ထောက်ထောင်မှူး ကိုမြမောင်နှင့် လက်ထောက်ထောင်မှူး ကိုပါတို့က နောက်ပိုးကျောက်တောင်မှာပင် တပည့်များနှင့် တဲထိုး၍ ညအိပ်ကာ မိုင်းခွဲကြရသည်။

"ဝုန်း ... ဂျိမ်း ... ဂျိမ်း..."

ရုတ်တရက်လန့်ပြီး အိပ်ရာထဲကနေ လူးလဲထလိုက်မိသည်။ နောက်ပိုး ကျောက်တောင်က မိုင်းခွဲရန် တာဝန်ပေးထားသော ကိုမြမောင်နှင့် ကိုပါကြီးတို့ မိုင်းခွဲနေကြခြင်းဖြစ်မှာပါဟု စိတ်အေးသွားပြီး ကျွန်တော် ပြန်အိပ်ရန်ပြင်လိုက် သည်။ သို့သော် စိတ်ထဲကတစ်ခုကို သတိရသွားသည်။ စက်ဖောက် မိုင်းခွဲ

လုပ်ငန်းများအားလုံး ပြီးစီး၍ စက်များယမ်းများလည်း စခန်းရှိ ဂိုထောင်ထဲမှာ ပြန်သိမ်းပြီးနေပြီ။ ကိုမြမောင်တို့ပင် စခန်းမှာ ပြန်အိပ်နေကြ သည်မှာ သုံးရက်ပင် ရှိနေပြီပဲ။ ဒါဆို ဒီအသံက ဘာသံပါလိမ့်…။

"ပတောက် … ပတောက် … ဖောင်း … ဖောင်း … ဂျိမ်း…"

မကြာခင်မှာပဲ လက်နက်ငယ်၊ လက်နက်ကြီးအသံတွေ ဆက်တိုက် ထွက်ပေါ်လာပါတော့သည်။

"ဟိုက်…တိုက်ပွဲဖြစ်ပြီဟ…"

လို့ ချက်ချင်းသိလိုက်ပြီး အိပ်ရာက ဒရောသောပါး ထလိုက်သည်။ သေနတ်သံများက ကိုယ်နှင့်သိပ်အနီးကြီး မဟုတ်သလို သိပ်အဝေးကြီးလည်း မဟုတ်သဖြင့် ယူနီဖောင်းအမြန်လဲဝတ်လိုက်သည်။ ခါးပတ်မှာ ပွိုင့် (၃၈) ခြောက်လုံးပြူးချိတ်ကာ ကျောပိုးအိတ်အလွတ်ကိုဆွဲ၍ အိပ်ခန်းက ထွက်ရန် ပြင်လိုက်သည်။ နာရီကြည့်လိုက်တော့ နံနက် ၀၃း၃၀ ဖြစ်သည်။ အိပ်ခန်းက မထွက်မီ ပြူတင်းတံခါးအသာဟ၍ ပြင်ပအခြေအနေကို အကဲခတ် ကြည့်လိုက် မိသေးသည်။

အမှောင်ထုနှင့် လရောင်မသဲမကွဲကြားမှာ၊ ကျည်ဆံထိပ်ဖူးနီနီရဲရဲလေးများ က ရုံးခန်းနှင့် ကျွန်တော့်အိပ်ခန်းရှေ့မှာ ပိုးစုန်းကြူးလေးတွေအလား မြေပြင် ပေါ်ကျလာလိုက်၊ လေထဲမှာဖြတ်သန်းလိုက်နှင့် ခတ်စိပ်စိပ်ကျနေသည်ကို မြင်ရသည်။ သတိမထားမိဘဲ ထွက်လိုက်လို့ကတော့ အရသာဆိုးသွားနိုင် သည်။

လုံထိန်းရဲစခန်းကုန်းပေါ်က လက်နက်ကြီးပေါက်ကွဲသံတစ်ချက်လည်း ထပ်၍ကြားရသည်။ စခန်းဘက်ကလည်း ပြန်လည်ပစ်ခတ်သံနှင့် အော်ဟစ် အမိန့်ပေးသံတွေ မသဲမကွဲကြားရသည်။ ရိက္ခာပစ္စည်း ယမ်းနှင့်ဆက်စပ်ပစ္စည်း ဂိုထောင်အနီးမှလည်း လက်နက်ကြီးပေါက်ကွဲသံတစ်ချက် ထပ်၍ကြားရ ပြန်သည်။

လက်နက်ငယ်ကျည်များက ကျွန်တော်တို့စခန်းကုန်းပေါ်တွင် တစ်ဖွဲဖွဲ ကျနေသည်။ လက်နက်ကြီးကျည်အချို့ပင် စခန်းကုန်းအနီးတဝိုက် လာကျနေ သည်။ ကျွန်တော် စိုးရိမ်သည်မှာ ဆရာထောင်မှူးကြီးနေသောအခန်းသည် ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ထားသော ဂိုထောင်နှင့် တစ်ဆက် တစ်စပ်တည်းရှိနေခြင်းပင် ဖြစ်သည်။ အကယ်၍ လက်နက်ကြီးကျည်များ

ယမ်းအိတ်ပေါ်တွင် ကျရောက်ပါက မတွေးဝံ့စရာ ပေါက်ကွဲကုန်တော့မည်။ ထောင်မှူးကြီးလည်း အနေဆိုးသွားနိုင်သည်ကို စိုးရိမ်စိတ်ဝင်သွားမိသည်။

စခန်းမီးစက်က ည ၁၀ နာရီအထိပဲ မောင်းပေးရာ တိုက်ပွဲဖြစ်ပွားချိန်တွင် မီးအလင်းရောင်မရှိပါ။ မီးများလင်းနေပါက ပစ်ကွင်းကောင်းကြီးတစ်ခု ဖြစ်နေမလားလည်း တွေးမိသည်။ တဒင်္ဂအချိန်လေးအတွင်းမှာပင် လွန်ခဲ့သော ၁၀ နှစ်ခန့်က လှိုင်ကော်ထောင်၏ တပ်သားဘဝက အချိန်ကို သွားသတိရလိုက်မိသည်။

ထိုအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်၏။ ကယား ပြည်နယ် ဒေသပါတီဥက္ကဋ္ဌ၏ နေအိမ်ကို သောင်းကျန်းသူများက မြို့ထဲဝင်၍ ပစ်ခတ်ခဲ့သည်။ ဥက္ကဋ္ဌကြီး၏အိမ်က ပြည်နယ်အရံရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်တို့၏ မနီးမဝေးတွင် ရှိနေသည်။ ရန်သူတစ်ဖွဲ့က ရဲတပ်ဖွဲ့ကိုပစ်ခတ်နေစဉ် တစ်ပြိုင်တည်း တစ်ဖွဲ့က လှိုင်ကော်အကျဉ်းထောင်ကို ပစ်သည်။ အဓိကကျသော ကျန်တစ်ဖွဲ့က တစ်ပြိုင်တည်း ဥက္ကဋ္ဌကြီး၏အိမ်ကိုပစ်သည်။

ဥက္ကဋ္ဌကြီး၏ အိမ်တွင်လည်း တပ်မတော် ခလရ(၅၄)မှတပ်စိတ်တစ်စိတ်က လုံခြုံရေး ယူပေးထားရာ အပြန်လှန်ပစ်ခတ်ပြီး ၁၅ မိနစ်ခန့်အကြာမှာ သောင်းကျန်းသူများ ဆုတ်ခွာသွားကြသည်။ ထိုဖြစ်စဉ်တွင် ကျွန်တော့်အတွက် သင်ခန်းစာတစ်ခု ရခဲ့ဖူးသည်။

ထိုစဉ်က လှိုင်ကော်ထောင်မှာ ယခုလို အုတ်ရိုးမကာရသေးပါ။ သံဆူးကြိုး နှစ်ထပ် ကာရံထားသော ဆူးကြိုးထောင်ဖြစ်၍ အပြင်မှကြည့်လျှင် ထောင်အတွင်းကို အကုန်မြင်နေရသည်။ အကျဉ်းထောင်အား ရန်သူမှပစ်ခတ်နေချိန်တွင် တပ်မှအသွင်ပြောင်းလာသော ထောင်မှူး ဦးမရန်တန်က ထောင်၏လျှပ်စစ်မီးများ ပိတ်ပစ်ရန် စစ်ရေးအမြင်အရ ပြောသည်။

တာဝန်ခံအရာရှိထောင်ပိုင်ကြီး ဦးသောင်းလွင် (က-၂၀၈၅)က ထောင်၏ မီးများကို မပိတ်ရ။

"ကျုပ်တို့ရဲ့ အဓိကတာဝန်က ထောင်ထဲက အကျဉ်းသားများ ထွက်မပြေးရေး" ဟု ထောင်လုံခြုံရေးအမြင်အရ ပြောပါသည်။

ထိုစဉ်အချိန်က တပ်သားပေါက်စလေး ကျွန်တော်ကလည်း သူတို့အနီးတွင်ရှိနေရာ "ဘယ်ဟာ မှန်သည်၊ ဘယ်ဟာမှားသည်" ဟု မဝေခွဲတတ်ခဲ့ပါ။ ယခုလတ်တလော မျက်စိရှေ့မှောက်မှာ ပစ်ခတ်တိုက်ခိုက်နေသော နောက်ပိုး

စခန်း၏ ထောင်မှူးလေး ကျွန်တော်ကတော့ ဒီအမြင်နှစ်ရပ်စလုံး၏ ပြဿနာနှင့် လက်တွေ့ကြုံနေရပါပြီ။ အနားမှာ တာဝန်ခံထောင်မှူးကြီးလည်း မရှိပါ။

"ကဲ..မောင်ဦး မင်းဘာလုပ်မလဲ" ဟုကိုယ့်ကိုယ်ကို မေးမိ..။တော်ပါသေးရဲ့၊ စခန်းမီးစက်ပိတ်ထားလို့ ဆရာဦးမရန့်တန်ပြောသော စစ်ရေးအမြင်တော့ ကိစ္စမရှိတော့ဘူး...။

"ဆရာ ... ဆရာ ... ဆရာ..."

ဂါတ်စာရေးတပ်ကြပ်ကြီး၊ ရှစ်လေးလုံးကျော်စိန်၏အသံဖြစ်ပြီး၊ ကျွန်တော်၏ အခန်းတံခါးကို ပုတ်၍ ခေါ်နေပါသည်။ ရှစ်လေးလုံးဆို၍ အရေးအခင်း ရှစ်လေးလုံးနှင့် ပတ်သက်သူဟု ထင်စရာဖြစ်နေသည်။ မဟုတ်ပါ၊ သူ၏ အကျဉ်းဦးစီး ကိုယ်ပိုင်နံပါတ်ကပင် က-၈၈၈၈ ဖြစ်၍ သူ့ကို ရှစ်လေးလုံးဟု ခေါ်ကြသည်။ ယခုအချိန်တွင်တော့ အကျဉ်းဦးစီး အခြားအဆင့်ကိုယ်ပိုင်နံပါတ်များမှာ ဂဏန်းလေးလုံးတွေ မရှိနိုင်တော့ပါ။ ပင်စင်သွားကုန်ကြပါပြီ။

"အေး... ကြားတယ်၊ ကြားတယ် ... ကိုကျော်စိန် ..."

"ကျွန်တော်တို့ ဘာလုပ်ရမလဲ... ပြောပါဦး"

ဝန်ထမ်း အကြပ်တပ်သားအားလုံး စုစည်းထား၊ ကျွန်တော်အခုလာခဲ့မယ်။ အကြပ်တွေကို လက်နက်နဲ့ကျည် ထုတ်ပေးလိုက်၊ တံခါးကြီးရှေ့က ကတုတ်ကျင်းနဲ့ ဆူးကြိုးပတ်လည် ကတုတ်ကျင်းတွေမှာ လူနဲ့ လက်နက်ခွဲပြီး နေရာယူခိုင်းထား၊ အမိန့်မရမချင်း ဘာကိုမှ မပစ်ခိုင်းနဲ့၊ အကျဉ်းသားတွေ ရုတ်ရုတ်သဲသဲ၊ ကစဉ့်ကလျား မဖြစ်အောင် ထိန်းထား၊ သူတို့ကို အိပ်စင်တွေပေါ်က ဆင်းခိုင်းပြီး မြေပြင်ပေါ်မှာဝပ်ခိုင်းထား၊ ကျွန်တော်အခုချက်ချင်း လိုက်လာခဲ့မယ် ကျန်တာ ကျွန်တော်လာမှ ဆက်လုပ်မယ်... ကြားလား"

"ဟုတ်ကဲ့ .. ဆရာ.."

စခန်းတာဝန်ခံဖြစ်သူ ထောင်မှူးကြီးဦးသန်းထွန်းအောင်ကိုကျော်၍ ကျွန်တော် အမိန့်တွေပေးနေခြင်းတော့ မဟုတ်ပါ။ ထောင်မှူးကြီးရှိနေသော အဆောက်အဦးနှင့် ကျွန်တော်တို့ရှိနေသောနေရာသည် ကိုက် ၁၀၀/၁၅၀ ခန့် ဝေးပါသည်။

လက်နက်ငယ်၊ လက်နက်ကြီးကျည်ဆန်များ တဖွဲဖွဲကျနေသောအချိန်တွင် ထောင်မှူးကြီးလည်း ကျွန်တော်တို့ရှိရာသို့ ကူးမလာနိုင်သလို၊ ကျွန်တော်တို့လည်း သူ့ဆီသို့ ကျည်ဆန်တွေကြားက ကူးမသွားနိုင်ပါ။ အဓိကကျသော အကျဉ်းသားအိပ်ဆောင်များ၊ တံခါးကြီးနှင့် ဆူးကြိုးဝန်းတို့၏ အနီးဆုံးမှာ ကျွန်တော်

နှင့် ဝန်ထမ်းများသာ ရှိနေကြသည်။ ရာထူးအဆင့်အမြင့်ဆုံးဟူ၍ ဒုတိယ စခန်းတာဝန်ခံဖြစ်သူ ကျွန်တော်သာရှိနေရာ ကျွန်တော့်အနေနှင့် တာဝန်ရှိသည့် အလျောက် သင့်တော်မည်ထင်သော ကြီးကြပ်ကွပ်ကဲမှုအမိန့်ကို မလွှဲမရှောင်သာ လုပ်ကိုင်ရခြင်းသာ ဖြစ်ပါသည်။

တပ်ကြပ်ကြီး ရှစ်လေးလုံးကို ပြောပြီးသည်နှင့် အိပ်ခန်းနှင့် ဆက်နေသော ရုံးခန်းအတွင်းသို့ ကျွန်တော်ပြေးဝင်လိုက်သည်။ ရုံးဘီရိုတံခါးဖွင့်ကာ အကျဉ်းသား ၄၀၀ ကျော်တို့၏ ထောင်ကျအမိန့်(ဝါရမ်း)များကို အသင့်ယူလာသော ကျောပိုးအိတ်အတွင်း အကုန်ထိုးထည့်၍ အခိုင်အမာ ချည်နှောင်လိုက်သည်။

ရုံးခန်း၏ဝါးထရံကို ဖောက်ဝင်လာသောကျည်အချို့က "ရွှီး" ခနဲ "ဖောက်" ခနဲ ကြားနေရသည်။ ကျောပိုးအိတ်ကို ဖြစ်သလိုအမြန်ဆွဲပြီး ဆူးကြိုးတံခါးမကြီးရှေ့ရှိ ကတုတ်ကျင်းဆီသို့ အပြေးသွားကာ ကိုယ့်ဝန်ထမ်းများနှင့် ပူးပေါင်းလိုက်ပါသည်။ တပ်ကြပ်ကြီး ရှစ်လေးလုံးက…

"ဆရာ … ကျွန်တော်တို့ ပြန်ပစ်ကြမလား…"

"မပစ်နဲ့… ကိုကျော်စိန်၊ ကျွန်တော့်လက်နက်ကိုင် အကြပ်တွေလည်း တစ်ယောက်မှ မပစ်ခိုင်းနဲ့၊ ကိုယ့်အကျဉ်းသား လုံခြုံရေးကိုပဲစောင့်ကြည့်ရင်း အခြေအနေကို စောင့်ကြည့်ကြမယ် …"

"ဘာဖြစ်လို့လဲ ဆရာ… ဟိုဘက်က ရန်သူပစ်နေတဲ့နေရာက လုံထိန်းရဲစခန်းကုန်းရဲ့ အထက်ကုန်းက ပစ်နေတာ မြင်နေရပြီပဲ …"

"အဲဒါကြောင့် မပစ်ခိုင်းတာ။ ရန်သူပစ်နေတဲ့ကုန်းနဲ့ ကျွန်တော်တို့ စခန်းကုန်းကြားမှာ လုံထိန်းရဲစခန်းရှိနေတယ်။ ရန်သူက ရဲစခန်းကို အပေါ်စီးက ပစ်နေတော့ ကျွန်တော်တို့စခန်းက အောက်ဆုံးမှာဆိုတော့ သူတို့ပစ်တဲ့ လက်နက်ငယ်။ လက်နက်ကြီးကျည်အချို့က ရဲစခန်းကိုကျော်ပြီး ကျွန်တော်တို့ ဘက်ကို ကျနေတာ၊ အကယ်၍ ကျွန်တော်တို့က ရန်သူကိုပစ်တယ်ပဲထားဦး၊ ကြားမှာ ရဲစခန်းခံနေတော့ ပစ်သမျှထိရောက်မှုလည်းရှိမှာမဟုတ်ဘူး၊ ကျည်ဖြုန်းတီးရာပဲ ကျမယ်။ ပိုဆိုးတာက လုံထိန်းရဲစခန်းကို ရန်သူနဲ့ကျွန်တော်တို့က နှစ်ဘက်ညှပ်ပြီး တိုက်သလို ဖြစ်သွားမယ်…"

ကျွန်တော်စကားပြောနေစဉ်အခိုက်မှာလည်း အပြန်အလှန်ပစ်ခတ်သံများ ကတော့ ဆူညံစွာ ကြားနေရဆဲဖြစ်သည်။ ကျည်ဆန်များစွာကလည်း ကျွန်တော်တို့ စခန်းကုန်းပေါ်သို့ အဆက်မပြတ် ဖြတ်သန်းကျရောက်နေသည်။ နောက်နေ့မှ

သိရသည်မှာ ရန်သူဘက်မှ ဘရောင်နင် တရုတ်စက်လတ်ပင်ပါလာပြီး သူတို့ပစ်သွားသော ကျည်ခွံများစွာ တွေ့ခဲ့ရသည်။ ကျွန်တော်က ပြောလက်စ စကားကို ခေတ္တနား၍ ကိုယ့်စခန်းအခြေအနေ၊ ဝန်ထမ်းများအခြေအနေ၊ အကျဉ်းသားများ အခြေအနေကိုလည်း အကဲခတ်ကြည့်ရှုပြီး ဆက်ပြောရာ…

"နောက်ပြီးတော့ … ကျွန်တော်တို့မှာရှိတဲ့ လက်နက်ကလည်း မောင်းပြန်ရိုင်ဖယ်တွေ မဟုတ်ဘူး။ အကြပ်တပ်သား ကိုယ့်ဝန်ထမ်းအားလုံးကိုတောင်မှ ကိုယ်စီမပေးထားနိုင်တဲ့ တစ်ထောင့်ထိုး ရိုင်ဖယ်လောက်ပဲရှိတာ။ ကျည်ကလည်း များများစားစား လုံလောက်အောင် ရှိတာမဟုတ်ဘူး၊ ကိုယ့်အကျဉ်းသားကို ထိန်းသိမ်းရုံလောက်ပဲ ရှိတာ။ ကျွန်တော်တို့ရဲ့ အဓိကတာဝန်က အကျဉ်းသားတွေ ထွက်မပြေးအောင် ထိန်းသိမ်းဖို့ပဲရှိတယ်။ တကယ်လို့ ရဲစခန်းကျသွားပြီး ကျွန်တော်တို့စခန်းဘက်ဝင်လာရင်တော့ ရှိတဲ့လက်နက်နဲ့ပဲ ခုခံကာကွယ်ရုံပဲ ရှိတယ်။ ရဲစခန်းကျဖို့ဆိုတာလည်း သိပ်တော့မလွယ်ဘူး၊ သူတို့လည်း သတင်းတစ်ခု ကြိုရထားလို့ လူအင်အား၊ လက်နက်အင်အား ဖြည့်ထားတယ်၊ ပစ်ကျင်းတွေ၊ ကတုတ်ကျင်းတွေ အားလုံး ပြင်ဆင်ထားပြီး တပ်အသင့်လုပ်ထားတယ်။ ဒီတော့ ကျွန်တော်တို့က အခြေအနေကိုစောင့်ကြည့်ကြတာပေါ့…"

သေနတ်သံများ အနည်းငယ်ပါးသွားသောအချိန်တွင် ထောင်မှူးကြီး ဦးသန်းထွန်းအောင်နှင့်အတူ တပ်သားမျိုးအောင်၊ တပ်သားမြင့်ဆွေတို့ တံခါးကြီးရှေ့ရှိ ကျွန်တော်တို့ကတုတ်ကျင်းကို ရောက်လာကြပါသည်။ ကတုတ်ကျင်းထဲရောက်သည်နှင့် ထောင်မှူးကြီးက …

"ကဲ မောင်ဦး အခြေအနေ ဘာထူးလဲ၊ မင်းဘာတွေ စီစဉ်ထားသလဲ၊ ငါလည်းမင်းတို့ဆီ ကူးလာမလို့၊ ကြည့်လိုက်တော့ ကျည်ဆန် အသွားအလာ များနေလို့ စောင့်ကြည့်နေတာ …."

"ကျွန်တော်လည်း ဆရာဆီကူးလာဖို့မလွယ်လို့၊ ဒီမှာပဲ ထိန်းသိမ်းရင်း စောင့်ကြည့်နေတာ၊ ကျွန်တော် စိုးရိမ်တာက ဆရာ့အခန်းနဲ့ကပ်လျက်ဂိုထောင်ထဲက ယမ်းအိတ်တွေ ဆက်စပ်ပစ္စည်းတွေပေါ်ကို လက်နက်ကြီးကျည်ကျမှာကို စိုးရိမ်နေတာ …"

"အေး … ငါလည်း အစက အိပ်ခန်းထဲက မထွက်သေးဘူး၊ နောက်မှ ယမ်းအိတ်တွေ သတိရလို့၊ အမြန်ပြေးဆင်းပြီး မင်းတို့နဲ့ပေါင်းတာ …"

ကျွန်တော်က ဆောင်ရွက်ထားမှုအခြေအနေကို တပ်ကြပ်ကြီးကျော်စိန်ကို ပြောထားသည့်အစီအစဉ်အတိုင်း ထောင်မှူးကြီးအား တင်ပြလိုက်ပါသည်။

"အေး…မင်းအစီအစဉ် ကောင်းပါတယ်ကွာ၊ ကိုယ့်စခန်းလုံခြုံရေး ထိန်းထားရင်း အခြေအနေ စောင့်ကြည့်ရတော့မှာပေါ့။ မင်းက အဝတ်အစားကျောပိုးအိတ်ကြီး တောင် သယ်လာနိုင်သေးတယ်၊ ငါတော့ ဘာမှ မသယ်နိုင်တော့ဘူး"

"အဲဒီကျောပိုးအိတ်က ကျွန်တော့်အဝတ်အစား တစ်ခုမှမပါဘူးဆရာ၊ အကျဉ်းသားအားလုံးရဲ့ အပြစ်ပေးဝါရမ်းတွေပါ။ အခြေအနေက မပြောနိုင်ဘူး၊ အကျဉ်းသားအားလုံး ထွက်ပြေးလို့ လွတ်ကုန်ရင်ဖြစ်ဖြစ်၊ အခြေအနေအရ ကျွန်တော်တို့စခန်းကို စွန့်ခွာရရင်ဖြစ်ဖြစ်၊ ဒီဝါရမ်းတွေက အရေးကြီးတယ် ဆရာ၊ ပျောက်ပျက်သွားလို့မဖြစ်ဘူး …"

ထောင်မှူးကြီး ဦးသန်းထွန်းအောင်မှာ တောင်သာဇာတိဖြစ်ပြီး အကျဉ်းဦးစီးဌာန၏ သန္ဓေအရာရှိတစ်ဦးမဟုတ်ပါ။ ကျောက်မိုင်းကော်ပိုရေးရှင်းမှ အသွင်ပြောင်းလာသူ တစ်ဦးဖြစ်သည်။ သက်ပြည့်ပင်စင်သွားရန် ထိုအချိန်က တစ်နှစ်ခန့်သာ လိုတော့သည်။ အသက်ကြီးကြီး၊ ဝဝဖိုင့်ဖိုင့် အရာရှိကြီး တစ်ဦးဖြစ်သည်။ ကျောက်မိုင်းဌာနက ကူးပြောင်းလာသူပီပီ မိုင်းကိစ္စ၊ ယမ်းကိစ္စ ကျောက်ထုတ်လုပ်ငန်းကိစ္စများတွင် အထူးကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ဒါကြောင့်လည်း ခက်ခက်ခဲခဲလုပ်ရမည့် မိုင်းကိစ္စများတွင် သူ့ကို ရွေးချယ်တာဝန် ပေးထားခြင်းလည်း ဖြစ်ဟန်တူပါသည်။

BE (Mineing) ဘွဲ့ရ မဟုတ်သော်လည်း နမ္မတူဘော်တွင်းမှာ ဆိုဗီယက် (ရုရှား) မိုင်းပညာရှင်များ သင်ကြားပို့ချသော မိုင်းသင်တန်းဆင်း တစ်ဦးဖြစ်သည်။ မိုင်းကိုလူသားတွေအတွက်အကျိုးပြုလုပ်ငန်းတွေမှာအသုံးပြုလျှင် အခုလို ရထားလမ်းတွေ၊ ရေကာတာကြီးတွေ၊ ရေသွယ်တူးမြောင်းတွေ၊ သတ္တုတွင်း တွေမှာ ထိထိရောက်ရောက် အသုံးဝင်ကြောင်း၊ လူသားတွေအတွက် အန္တရာယ် ဖြစ်စေသော လူသတ်လက်နက်ပစ္စည်းတစ်ခုလည်းဖြစ်ကြောင်း သူက ပြောပြဖူး ပါသည်။ အခုတော့ ကျွန်တော့်ဆရာ ဦးသန်းထွန်းအောင် ၁၉၉၆ ခုနှစ် လောက်က ကွယ်လွန်သွားခဲ့ပါပြီ။ ကျွန်တော်တို့ စတွေ့စဉ်အခါက သူ ကျွန်တော့် ကို ပြောထားသည်မှာ --

"မောင်ဦး… ကျောက်မိုင်းခွဲဖို့ကိစ္စ၊ ကျောက်ထုတ်လုပ်ဖို့ ကိစ္စအတွက် တော့ မင်းဘာမှ မပူနဲ့၊ ငါတာဝန်ထားလိုက်၊ မင်းတို့ အကျဉ်းဦးစီးသန္ဓေလုပ်ငန်း

တွေဖြစ်တဲ့ ဦး၊ ရေး၊ ထောက် ရုံးကိစ္စတွေတော့ ငါသိပ်မကျွမ်းဘူး။ ငါလည်း အသက်ကြီးလာတော့ မျက်စိကလည်း သိပ်မကောင်းဘူး၊ အဲဒါတွေ သိပ်မလုပ်နိုင်တော့ မင်းက တာဝန်ယူပြီးလုပ်ပေးပါ .....''

''စိတ်ချပါဆရာ ... ကျွန်တော် ဦး၊ရေး၊ထောက် ရုံးလုပ်ငန်းကို ခြောက်နှစ်လုံးလုံး လုပ်လာခဲ့ဖူးပါတယ်၊ ဆုံးဖြတ်စရာရှိရင်လည်း ဆရာ့ကိုတင်ပြပြီးမှ ဆရာ့အဆုံးအဖြတ်အတိုင်း လုပ်သွားမှာပါ...''

မိုးသောက်ရောင်နီပျိုးချိန်တွင် သေနတ်သံများလည်း လုံးဝမကြားရတော့ပါ။ အလင်းရောင်မရမီ အချိန်အထိတော့၊ စောင့်ဆိုင်းရင်း အသင့်အနေအထားမှ ကျွန်တော်တို့ တန်းမဖြုတ်ကြသေးပါ။ နံနက်ခြောက်နာရီ အလင်းရောင်ရချိန်တွင် လုံးဝငြိမ်းအေးသွားပြီဖြစ်၍ တန်းဖြုတ်လိုက်ကြပါသည်။

ကျွန်တော်တို့၏ အကြပ်တပ်သားဝန်ထမ်းများရော၊ အကျဉ်းသားများပါ သေဆုံးမှု ထိခိုက်ဒဏ်ရာရမှု တစ်ယောက်မျှ မရှိခဲ့ပါ။ ကျွန်တော့်ရုံးခန်း၊ ထောင်မှူးကြီးနေထိုင်သော ဂိုထောင်သွပ်မိုးနှင့် အိပ်ဆောင်အချို့ ကျည်ဆံထိမှန်မှု အနည်းငယ်ရှိရုံမှအပ စခန်းအဆောက်အဦးအားလုံးလည်း ပျက်စီးမှုမရှိခဲ့ပါ။

လုံထိန်းရဲတပ်စုတွင်လည်း ကျဆုံးသူ ထိခိုက်ဒဏ်ရာရသူ၊ တစ်ဦးတစ်ယောက်မျှမရှိခဲ့။ သူတို့ရဲ့ ကြိုတင်သတင်းရမှုနှင့် ကြိုတင်ပြင်ဆင်ထားမှုက သူတို့အသက်တွေကို ကယ်သွားသည်ဟု ဆိုရပါမည်။ ရဲစခန်း အိပ်ဆောင်နှင့် ထမင်းစားဆောင်တော့ လက်နက်ကြီးဒဏ်ကြောင့် ရစရာမရှိအောင် ပြိုကျပျက်စီးသွားသည်။

ကျွန်တော် နောက်ဝိုးစခန်းသို့ စတင်ရောက်စဉ်ကပင် သတိထားရမည့် အချက်နှစ်ချက်စလုံးက အမှန်တကယ်ပင်ဖြစ်ပွားခဲ့ပြီး ဖြစ်ပါသည်။ အကျဉ်းဦးစီးဌာန လုပ်သက်တစ်လျှောက်လုံးတွင် မှတ်မှတ်ရရ ရန်သူဝင်ရောက်ပစ်ခတ်သည့်တိုက်ပွဲ အတွေ့အကြုံကို လှိုင်ကော်ထောင်တွင် တစ်ကြိမ်နှင့် ယခုနောက်ဝိုးစခန်းတွင် တစ်ကြိမ် ကြုံဆုံခဲ့ရပါသည်။

ကျွန်တော့်အဖို့မှာတော့ သေနတ်သံများနှင့်တိုက်ပွဲတွေက သိပ်အထူးအဆန်း မဟုတ်တော့ပါ။ လှိုင်ကော်မှာ ကြီးပြင်းနေထိုင်ခဲ့စဉ်ကပင် သောင်းကျန်းသူများက မြို့ထဲဝင်ပစ်လိုက်၊ လေယာဉ်ကွင်းကို လက်နက်ကြီးနှင့် အဝေးကလှမ်းထုလိုက်နှင့် တွေ့ကြုံခဲ့ဖူးသည်။ ကျောင်းသားလူငယ်ဘဝကပင် ဒီအသံတွေနှင့် နားရည်ဝခဲ့ဖူးပါသည်။

ကျောင်းပိတ်ရက်များတွင် မော်ချီးသတ္တုတွင်းများမှာ အလုပ်သွား လုပ်စဉ်ကလည်း ပြည်သူ့စစ်အဖွဲ့ဝင်လုပ်ခဲ့ဖူး၍ သေနတ်သံကြားမှာ နေခဲ့ဖူးသည်။ ထောင်မှူးလောင်းသင်တန်း၊ ဒုရဲအုပ်လောင်း သင်တန်းများတက်စဉ်ကလည်း စစ်ဗျူဟာ သင်ခန်းစာတွေ၊ တပ်စိတ်တိုက်ပွဲ သင်ခန်းစာများနှင့် ထိတွေ့သင်ယူခဲ့ရသည်။ ထို့အပြင် ကျွန်တော်က တပ်ထဲမှာမွေး၊ တပ်ထဲမှာကြီးခဲ့တဲ့ စစ်သားသားသမီးတစ်ဦးလည်း ဖြစ်နေသည်။

လှိုင်ကော်ထောင်ဖြစ်စဉ်တွင် ကျွန်တော့်အထက် အရာရှိနှစ်ဦး၏ ထောင်လုံခြုံရေးအမြင်နှင့် စစ်ရေးအမြင်နှစ်ခုကိုလည်း ကိုယ်တိုင်လက်တွေ့ ခံစားရခိုက်တွင် နားလည်ခဲ့ရပါတော့သည်။ စခန်းမီးစက်ကြီး ပိတ်ထားချိန်ဖြစ်၍ စစ်ရေးအမြင်အရ မီးများလင်းထိန်နေသော ပစ်ကွင်းကြီးမဖြစ်ခဲ့ပါ။ ကိုယ့်စခန်းလုံခြုံရေးနှင့် အကျဉ်းသားများ လုံခြုံရေးကို စဉ်းစားရင်း ဆူးကြိုးပတ်ပတ်လည် ကတုတ်ကျင်းများမှာ မိမိဝန်ထမ်း လက်နက်ကိုင်များချထား၍ အခြေအနေကို စောင့်ကြည့်ထိန်းသိမ်းခဲ့ရာ လှိုင်ကော်ထောင်ပိုင်ကြီး ဦးသောင်းလွင်ပြောသော လုံခြုံရေးအမြင်ပင် မဟုတ်ပါလား။ ကိုယ့်ကိုယ်ကို သတိမထားမိလိုက်သော အချိန်အတွင်းမှာပင် ကျွန်တော့်ဆရာနှစ်ယောက်၏ အမြင်နှစ်ခုကို ကျွန်တော် လက်တွေ့အသုံးချပြီးသား ဖြစ်သွားပါသည်။

ကျွန်တော်ကတော့ အမြင်နှစ်ခုစလုံးမှန်သည်ဟု သုံးသပ်ပါသည်။ မည်သည့်ထောင်နှင့် အလုပ်စခန်းမဆို ထောင်လုံခြုံရေးအမြင်သာမကပဲ မအေးချမ်းသော နယ်မြေ အရေးပေါ် အခြေအနေမှာ စစ်ရေးအမြင်ပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်ထားရန် လိုအပ်ကြောင်း၊ နောက်ပိုးစခန်း၏ တိုက်ပွဲက လက်တွေ့သင်ခန်းစာတစ်ခုအဖြစ် ကျွန်တော် သိရှိလိုက်ရပါတော့သည်။ ။

အနန္တော အနန္တငါးပါး ဦးထိပ်ထားလျက်…

*ကိုဦး (လှိုင်ကော်)*

*၂၈-၁၀-၂၀၂၀(၁၅:၀၀)နာရီ*

◆ ◆ ◆

# ချစ်လှူမိုက်နှင့်ထောင်ပိုင်များ

ဆွေထဲမျိုးထဲ၊ မိတ်ဆွေသူငယ်ချင်းများထဲတွင် ဝန်ထမ်းဖြစ်သော ကျွန်တော်က ရာထူးလေးတစ်ခုတော့ ရှိပါသည်၊ အကြောင်းမသိသူများက အထင်တကြီး ရှိတတ်သောရာထူးပါ။ တကယ်တော့ ကိုယ့်ဝမ်းနာ ကိုယ်သာပဲ သိပါသည်။ ကျွန်တော်တို့ ဇာတ်နာသူအချင်းချင်းဆုံလျှင် ပြောလေ့ရှိသော စကားတစ်ခွန်း ရှိပါသည်။ ""ဟော့- ဒုဆိုရင် ဒုတိယမယားကလွဲပြီး ဘာမှမကောင်းဘူးကွနော်"" ဟူ၍ ဖြစ်ပါသည်။ ဒုရုံးအဖွဲ့မှူး၊ ဒုဌာနမှူး၊ ဒုစက်ရုံမှူး၊ဒုအုပ်ချုပ်ရေးမှူး၊ ဒုအဖွဲ့စိတ်မှူး၊ ဒုညွှန်မှူး၊ ဒုညွှန်ချုပ် အစရှိသောရာထူးများဖြစ်ပါသည်။ အများအားဖြင့် ဘာလုပ်ပိုင်ခွင့်မှမရှိဘဲ လူမြင်ကောင်းရုံ ရုံးတစ်ရုံး၊ ဖုန်းတစ်လုံးနှင့်နေရသော ရာထူးများဖြစ်ပါသည်။ လုပ်ပိုင်ခွင့်သာမရှိတာပါ၊ အကျေးခံ၊ အစတေး ခံစရာရှိလျှင်လည်း ခံရပါသေးသည်။ ပုံသဏ္ဌာန်ကတော့ အထက်မီး၊ အောက်မီး ဖြင့် အဖုတ်ခံရသော ဘိန်းမုန့် ပုံစံမျိုးဖြစ်ပါသည်။ တစ်ခါတစ်လေ အမေရိကန် နိုင်ငံက ဒုသမ္မတရော ဘယ်လိုအခြေအနေများရှိပါလိမ့်ဟု တွေးမိပါသည်၊ နိုင်ငံတကာသတင်းတွေမှာတော့ သိပ်မတွေ့ရပါ။

ဤသို့ဤနှယ်ဖြစ်သော်လည်း ကျွန်တော့်ဆွေမျိုးများထဲက တူသား၊ နှောင်မယ်များနှင့် မိတ်ဆွေသူငယ်ချင်းတို့၏ သားသမီးများက အထင်တကြီးဖြင့် အလုပ်အကိုင်နှင့်ပတ်သက်သော အကူအညီတောင်းလေ့ရှိပါသည်။ အခြားရုံး ဌာနမှာ ကိုယ့်အသိမိတ်ဆွေရှိလျှင် လှမ်းပြောပေး၊ မိတ်ဆက်ပေး၊ ကိုယ့်ဌာနက အောက်ဆုံးအဆင့်ရာထူးမျိုးဆိုလျှင်လည်း လျှောက်လွှာရေးပုံ၊ ဖြည့်စွက်ပုံ၊ တင်ပုံတင်နည်းပြောပြပြီး သက်ဆိုင်ရာထောင်ပိုင်၊ ညွှန်မှူးစသူတို့ကို ဖြစ်နိုင်လျှင် ကူညီပေးဖို့ ပြောပေးရခြင်းသာဖြစ်ပါသည်။ အဲဒီမှာစပြီး ထူးခြားမှုတစ်ခုကို တွေ့ရတာဖြစ်ပါသည်။ အလုပ်အကိုင် အတွက် လူငယ်တွေ အကူအညီလာ

တောင်းလျှင် ကျွန်တော်က သူတို့ပညာအရည်အချင်း၊ သူတို့လိုချင်သည့်အလုပ်အကိုင်စသည်တို့နှင့် ပတ်သက်ပြီး သူတို့ရနိုင်သည့် အလုပ်အကိုင်နေရာ၊ လစာနှင့် အခွင့်အလမ်းစသည် တို့ကို ရှင်းပြရပါသည်။ အကျဉ်းဦးစီးဌာနဆိုလျှင် တပ်သားအဆင့်နှင့် စဝင်ရပါမည်၊ ဘွဲ့ရဆိုလျှင် သတ်မှတ်နှစ်ကာလ ပြည့်ပြီး အရာရှိဖြေဆိုရန် ခေါ်သည်နှင့် ကြုံသည့်အခါ ဖြေဆိုခွင့်ရှိပါသည်၊ အလုပ်စဝင်သည်မှ ၄၊၅နှစ်ကြာမှ ဖြေချင်ဖြေရမည်၊ တချို့လည်း ၉ နှစ်၊ ၁၀နှစ်ကြာမှ ဖြေခွင့်ကြုံကြရပါသည်၊ ဒါကတော့ကံပဲဖြစ်ပါသည်၊ လစာကလည်း နည်းပါသည်၊ အရာရှိ တစ်ပွင့်လစာတောင် အရပ်ထဲက ဆိုက်ကားသမား တစ်ယောက်၏ ဝင်ငွေထက် နည်းနိုင်ပါသည်၊ နောင်ရာထူးတွေတိုး၊ လုပ်ပိုင်ခွင့်တွေရမှ အဆင်ပြေနိုင်တာမျိုးဖြစ်ပါသည်။ ဒါလည်းသေချာပေါက်ပြောလို့မရပါ၊ အခြေအနေအကြောင်းကြောင်းက ရှိပါသေးသည်။ ဒီမှာ ကျွန်တော်တွေ့ရသည့်ထူးခြားချက်က တခြားမဟုတ်ပါ၊ အလုပ်လာတောင်းသော လူငယ်များကို အထက်က အတိုင်း ကျွန်တော်ရှင်းပြပြီးသည့်အခါ အများအားဖြင့် ပြန်ပြောလေ့ရှိကြသည်မှာ-

"ရပါတယ် ဆရာကြီးရယ်၊ ကျွန်တော်က လစာကိုဒီလောက် မဟုတ်ပါဘူး၊ အောက်ဆိုက်များများရရင် ပြီးတာပါပဲ"

"အဆင်ပြေတယ်ဘာဘာ၊ လစာက ကျွန်တော်လည်းမေးကြည့်ပြီးပြီ၊ နည်းပါတယ်၊ ဒါပေမဲ့ တစ်နေ့-တစ်နေ့ ဘောပေါက်ရတာတွေရှိတယ်ပြောတယ်၊ အဲဒါတွေက သိပ်မဆိုးဘူး အိုကေတယ်၊ သွင်းသာသွင်းပေးပါ"

"အလုပ်မရှိတာထက်စာရင်တော့ နည်းနည်းအဆင်ပြေမှာပါဦးလေးရယ်၊ အိမ်မှာက သမီးအလုပ်မလုပ်လို့မရတော့ဘူး၊ ပြီးတော့ အလုပ်ထဲမှာက မုန့်ဖိုးတွေဘာတွေ၊ Pocket Money လည်း ရတယ်ပြောတော့ အဆင်ပြေမှာပါ"

"ဟုတ်ကဲ့ပါဆရာကြီး၊ နားလည်ပါတယ်၊ ဒါပေမဲ့ အလုပ်ထဲမှာက အကြံအဖန်နည်းနည်းရှိတယ်ပြောတယ်၊ မိသားစုစားဖို့တော့လောက်တယ်ပြောပါတယ် ခင်ဗျာ၊ ကျွန်တော်လုပ်ပါမယ်"

ဤမျှဆိုလျှင် ထူးခြားမှုကို သဘောပေါက်ကြလောက်ပါပြီ၊ လူငယ်တွေ လုပ်ငန်းခွင်ဝင်ရန်ကြိုးစားကြသည့်အခါ လစာထက် အပိုဝင်ငွေ-ဘောပေါက်၊ အောက်ဆိုက်၊ မုန့်ဖိုး၊ Pocket Money၊ အကြံအဖန်ရသောဌာန၊ နေရာများကို ဝင်နိုင်ရန် ဦးစားပေးကြိုးစားကြသည်၊ ဝင်ကြပါသည်၊ ခေတ်

ကြောင့် ပြောရမလား၊ အခြေအနေကြောင့်ပြောရမလား၊ ယနေ့ကာလ ရုံးဌာနများတွင် ဒါတွေကမကင်း၊ အနည်းနှင့်အများသာကွာမည် အားလုံးရှိကြပါသည်။ တံစိုးလက်ဆောင်၊ လာဘ်သပ်ပကာပေါများသောဌာနဆိုလျှင် လူတိုင်းဝင်ချင်ကြပါသည်၊ လစာနှင့် ကုန်ဈေးနှုန်း ဘယ်လိုမှ အဆင်မပြေသောကာလတွင် ဌာနဆိုင်ရာအကြီးအကဲများကလည်း တင်းကြပ်စွာမကိုင်တွယ်နိုင်၊ မကိုင်တွယ်ရဲကြပါ။ "ဒါတွေတော့ ကျွန်တော်လည်းသိပါတယ် ဝန်ကြီးရယ်၊ သူတို့လည်း တောင်းတာမဟုတ်ပါဘူး၊ လာတဲ့လူတွေကလည်း သူတို့ကို စာရွက်စာတမ်းယူပေး၊ ပုံစံဖြည့်ပေး၊ နေရာလိုက်ပြ၊ ပစ္စည်းဝိုင်းဆွဲပေးလုပ်တော့ ကျေးဇူးတင်ပြီး သဒ္ဒါစိတ်နဲ့ မုန့်ဖိုးသဘောမျိုး၊ ၂၀၀၊ ၅၀၀စသည် ပေးသွားကြတာပါ၊ ၁၀၀၀ ပေးတယ်ဆိုတာမျိုးက မရှိပါဘူး၊ တချို့ဆိုဝန်ထမ်းကတောင် အပြန်လမ်းစရိတ်ပေးရတာမျိုးတွေရှိပါတယ်၊ ပြီးတော့ဒီနေရာတွေက အမြဲနေရတဲ့ နေရာတွေမဟုတ်ပါဘူး၊ ၂လ၊၃လစသည်ဖြင့် နေရာပြောင်းပြီး တာဝန်ပေးနေတာပါ၊ ဒါလေးတွေက လစာနဲ့မလောက်မင ဖြစ်နေတာအတွက် နည်းနည်းအထောက်အကူဖြစ်နေတာပါ၊ ဒါတွေကိုပါလိုက်ကြပ်၊ လိုက်အရေးယူလုပ်ရင်တော့ ကျွန်တော့ဌာနမှာ လုပ်မယ့်လူတောင်ရှာဖို့ အတော်ခက်သွားပါလိမ့်မယ်" လို့ ကျွန်တော်ရှေ့မှာ ညွှန်ကြားရေးမှူးချုပ် တစ်ယောက်က ဝန်ကြီးကိုတင်ပြတာ ကြားခဲ့ရဖူးပါသည်။

နောက်ကျွန်တော်တို့ဝန်ကြီးဌာနမှာ နေ့စဉ်ဝန်ကြီး၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေးရှိပါသည်၊ အများအားဖြင့်တော့ ဝန်ကြီးမှ နိုင်ငံတော် အကြီးအကဲများ၏မိန့်မှာချက်များ မူဝါဒများကို ပြောပြခြင်း၊ ဝန်ကြီးကနေပြီး မူဝါဒ ချမှတ်ပေးခြင်း၊ လုပ်ငန်းစဉ်တွေချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းများပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါသည်၊ ၎င်းအစည်းအဝေးကို ဒုဝန်ကြီး၊ ညွှန်ချုပ်၊ ဒုညွှန်ချုပ်၊ တပ်ဖွဲ့မှူး၊ ဌာနမှူးများ တက်ကြရပါသည်၊ တစ်နေ့မှာတော့ ဝန်ကြီးက ရဲမှူးကြီး တစ်ယောက်ကို လှမ်းမေးပြီး-

"ဟော့-ကိုအုန်းမောင်(အမည်လွှဲ)၊ ခင်ဗျားပြောတာဘာဗျ၊ ခင်ဗျားတို့ရဲမှာလေ အပူစာ၊ အအေးစာဟုတ်လား၊ အဲ့ဒါ ဒီကောင်တွေသဘောပေါက်အောင် ရှင်းပြလိုက်စမ်းပါဗျာ၊ သဘောကို မပေါက်ကြဘူး၊ အစာမြင်အာသာ ငမ်းငမ်းဖြစ်နေတာ ကိုအုန်းမောင်ပြောတာ မင်းတို့အဖွဲ့တွေ ပြန်ပြောပြကြ"

ငှင်းရဲမှူးကြီးမှာ ဝါရင့်ရဲစစ်စစ်ရဲမှူးကြီးဖြစ်ပါသည်၊ အတွေ့အကြုံများပြီး ပင်စင်သွားဖို့ သိပ်မဝေးတော့သဖြင့် ဝန်ကြီးက ယုံကြည်အားထားသူလည်း ဖြစ်ပါသည်။

"ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဝန်ကြီး၊ အပူစာ၊အအေးစာပါ၊ အအေးစာဆိုတာ ကတော့ ကိုယ်ကမတောင်းပဲနဲ့ သူ့ဘာသာသူ စေတနာရှိလို့၊ သဒ္ဒါပေါက်လို့၊ တတ်နိုင်လို့၊ ပေးချင်လို့ပေးသွားတာမျိုးပါ၊ အပူစာဆိုတာကတော့ မတတ် နိုင်တဲ့သူ ဒါမှမဟုတ်လည်း တတ်နိုင်တာထက်ပိုပြီး မပေးမနေရအောင်ညစ်ပြီး၊ ကျစ်ပြီး၊ ရစ်ပြီး၊ ဖျစ်ပြီး တောင်းတာမျိုး၊ ယူတာမျိုးပါ၊ တစ်ဘက်သားစိတ်ဆင်းရဲ၊ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ပေးရတာမျိုးပါ၊ ဒါမျိုးက တစ်သက်လုံးမမေ့ တော့ဘူး၊ ဘယ်အချိန်မေးမေး ဒီလူပဲလို့ ပြောနိုင်တာပါ၊ ဒါကိုအပူစာလို့ ခေါ်တာပါ"

နောက်တစ်ခါ ဒီလိုအစည်းအဝေးမှာပဲ အခြားဝန်ကြီးဌာနတစ်ခုက ငွေကြေးကိစ္စပြဿနာတွေနဲ့ အရေးယူရတာ တွေကိုပြောရင်းမှာပဲ ဝန်ကြီးက ခုလို စကားတစ်ခွန်း ပြောခဲ့ပါသည်-

"အားလုံးကတော့ သူခိုးတွေချည်းပဲဟော့၊ ဘယ်တတ်နိုင်မလဲကွာ၊ မိတဲ့ သူခိုးခံပေါ့"

ဤမျှဆိုလျှင် ရုံးဌာနများတွင် လစာအပြင် ဘေးပေါက်၊ အောက်ဆိုက်၊ မုန့်ဖိုး၊ Pocket Money၊ အကြံအဖန်၊ တံစိုးလက်ဆောင်၊ လာဘ်သပ်ပကာ စသည်များရှိနေပြီး သူ့မှုနဲ့ သူကိုင်တွယ်ထိန်းကျောင်းနေသည်ကို သိမြင်လောက် ပါပြီ၊ ဌာနဆိုင်ရာကိစ္စတစ်ခုတွင် အရာရှိတစ်ဦး ငွေလက်မခံသော်လည်း လာပေး၊ လာကန်တော့သော လက်ဆောင်ခြင်းများထဲမှ အရက်ဝီစကီပုလင်းအရေ အတွက်ကို တန်ဘိုးငွေနှင့်သင့်ကာ အရေးယူထောင်ချခဲ့ကြောင်း ကြားသိခဲ့ရပါ သည်။ ကြောက်စရာကောင်းလေစွ။

♦ ♦ ♦

အမျိုးသားညီလာခံကိုရပ်ထားရာမှ ၂၀၀၄ခုနှစ်တွင် ပြန်လည်ကျင်းပ သည့်အခါ နိုင်ငံ့ဝန်ထမ်းအစုအဖွဲ့မှ ကျွန်တော် ပါဝင်တက်ရောက်ရပါသည်။ အမျိုးသားညီလာခံပြီးဆုံးသော ၂၀၀၈ခုနှစ်အထိ တက်ရောက်ရပါသည်။ အမျိုး သားညီလာခံတက်ရောက်နေသည့်ကာလများတွင် ကျွန်တော်၏ဌာနဆိုင်ရာ

လုပ်ငန်းတာဝန်များနှင့် အတော်ကင်းပြတ်ပါသည်၊ အပတ်စဉ်သောကြာနေ့ ညပြန် တနင်္ဂနွေနေ့ညနေ ညောင်နှစ်ပင်သို့ ပြန်ဝင်ရပါသည်။ သောကြာနေ့ ပြန်သည့်အခါ ဌာနမှလုပ်ငန်းထူးခြားမှုများ ကြားသိရတတ်ပါသည်။ မိမိက သီးခြားတာဝန်နှင့်ဖြစ်သဖြင့် ထဲထဲဝင်ဝင် သိအောင် မလုပ်ခဲ့ပါ၊ စိတ်ကိုအေးချမ်းအောင်ထားပြီး ညီလာခံတာဝန်ကိုသာ အဓိကထားပြီးနေခဲ့ပါသည်။ ၄င်းညီလာခံတွင် ယခင်ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သော မြိတ်မြို့မှ လုပ်ငန်းရှင်ဦးမောင်လှနှင့် ပြန်တွေ့ရာ ၄င်းတို့ မြိတ်၊ ထားဝယ်၊ တနင်္သာရီအဖွဲ့နှင့် တွေ့ဆုံရင်းနှီးခဲ့ရပါသည်။

၂၀၀၅-၂၀၀၆ ခုနှစ်လောက်ကဖြစ်ပါမည်။ အမျိုးသားညီလာခံတက်နေရင်း ညနေဘက်ညီလာခံမှ ဖွင့်ပေးထားသော စားသောက်ဆိုင်တန်း (Canteen) များတွင် ဦးမောင်လှတို့ အုပ်စုနှင့်ဆုံပါသည်။ ၄င်းတို့နှင့်အတူ စားသောက်စကားပြောနေကြစဉ် ထားဝယ်သူဌေးဦးမင်းစိန်(အမည်လွှဲ)က ကျွန်တော့်နာမည်ကိုခေါ်သဖြင့် ကျွန်တော် လှည့်ကြည့်သည့်အခါ-

"ဦးထွန်းရေ၊ ခင်ဗျားတို့ အကျဉ်းဦးစီးက ကြည့်လည်းလုပ်ပါဦးဗျာ၊ ကျွန်တော်တို့ထားဝယ်ထောင်မှာတော့ ကြည့်မကောင်း၊ ရှုမကောင်း၊ ကြားမကောင်းအောင်ဖြစ်နေပြီ၊ တစ်မြို့လုံးကလည်းပြောနေပြီဗျာ" မျက်နှာထားနဲ့လေသံအရတော့ ကောင်းတဲ့သတင်းမဟုတ်လောက်ဘူးဟု တွေးမိသဖြင့် စိတ်ရှုပ်သွားမိပြီး-

"ဘာဖြစ်လို့လဲဗျ၊ ပြောပါဦး"

ဦးမင်းစိန်က ကျွန်တော့်မျက်နှာကိုသေချာကြည့်ပြီးမှ-

"ထားဝယ်ထောင်ကို အင်းစိန်ထောင်ကပြောင်းပို့လိုက်တဲ့ အကျဉ်းသားတစ်ယောက်ရှိတယ်ဗျ၊ အဲ့ဒါဒီကောင် ထောင်ပိုင်နဲ့ဘယ်လို ပေါင်းထားလဲမသိဘူး၊ ထောင်ထဲမှာမနေဘူးဗျ၊ ထောင်ရှေ့က ထောင်ရိပ်သာမှာနေတာ၊ နေ့တိုင်းလည်းကောင်မလေးတစ်ယောက်နဲ့ သူ့အဖွဲ့တွေက စားစရာ၊ သောက်စရာတွေချက်ပြုတ်ပြီး လာပို့ပြီး အဲ့ဒီမှာ တစ်နေကုန်နေတာ"

"ဟင်"

ကျွန်တော်စားနေလက်စထမင်းကြော် လည်ချောင်းထဲတွင် နင်သွားပါသည်။ ဦးမင်းစိန်က တစ်ရှူးတစ်ရွက် ဆွဲယူကာ နှုတ်ခမ်းကိုသုတ်လိုက်ရင်း

"အဲ့ဒီလောက်ဆို ကျွန်တော်မပြောဘူးဗျာ၊ အခုဟာက ခင်ဗျားကောင်က ထားဝယ်မှာ စီးပွားရေးပါလုပ်နေလို့ ပြောရတာ"

"ဟာဗျာ၊ ကျွန်တော့ကောင်တော့မဟုတ်ရပါဘူး၊ ခင်ဗျားပြောမှ အခုသိရတာပါ၊ ပြဿနာမရှာပါနဲ့ ဦးမင်းစိန်ရာ"

ဦးမင်းစိန်က ပြုံလိုက်ပြီးမှ-

"စကားလောသွားလို့ပါဗျာ၊ ခင်ဗျားတို့အကျဉ်းဦးစီးကကောင်လို့ ပြောချင်တာပါ၊ ဒီကောင်က ထားဝယ်မှာ ရာဘာခြံတွေဝယ်၊ မြေတွေဝယ်ပြီး ရာဘာလုပ်ငန်းလုပ်နေတာဗျ၊ ရာဘာစိုက်တာလည်းလုပ်နေတာ"

ဦးမောင်လှတို့အုပ်စုအားလုံးက ဦးမင်းစိန်ပြောသမျှ စိတ်ဝင်တစား နားထောင်ကြရင်း ကျွန်တော့မျက်နှာကို စုပြုံကြည့်နေကြသည်။ မျက်နှာတစ်ခုလုံးပူရှိန်းလာပြီး စိတ်ရှုပ်လာသောကြောင့် ဖွန်း၊ခက်ရင်းကိုဘေးချကာ တစ်ရှူးတစ်ရွက်ဆွဲထုတ်ယူ၍ ပါးစပ်ကို သုတ်လိုက်သည်။ ဦးမင်းစိန်က ကျွန်တော့ မျက်နှာကို အကဲခတ်သလို ကြည့်နေရင်းမှ-

"စိတ်တော့မဆိုးနဲ့ ဦးထွန်းရေ၊ ကျွန်တော်ကခင်ဗျားတို့ဌာနနဲ့ ခင်ဗျားတို့အတွက် ပြောတာပါ၊ ဒီကောင်လုပ်တာ တော်တော်ဆိုးတယ်ဗျာ၊ သူ့ရာဘာခြံမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေက ဘယ်သူတွေမှတ်လို့လဲ၊ ထားဝယ်ထောင်က အကျဉ်းသားတွေနဲ့ ခင်ဗျားဝန်ထမ်းတွေဗျ၊ ကဲဗျာ- လူကြားလို့ ကောင်းသေးရဲ့လား၊ အကျဉ်းသားက ဝန်ထမ်းတွေပါ ခိုင်းစားနေတာဆိုတော့"

ရှေ့၊ နောက်၊ ဝဲ၊ယာ စားပွဲဝိုင်းတွေက လူတွေပါ သိသိသာသာ လှည့်ကြည့် နားထောင်နေကြသဖြင့် ရှိန်း၊ ဖိန်း၊ ပူထူကာ ရှက်စိတ်ဝင်လာသည်။ အကဲခတ်သလို ကြည့်နေသော ဦးမင်းစိန်ကို မချိပြုံး- ပြုံးပြလိုက်ရင်း

"အေးဗျာ-ကျေးဇူးပါပဲ"

ထို့နောက်ဆက်ထိုင်မနေလိုတော့သဖြင့် စားပွဲထိုးကိုခေါ်ကာ ပိုက်ဆံရှင်းဖို့ လုပ်သည်။ ဦးမောင်လှက သူတို့ရှင်းလိုက်ပါမယ်ဆိုသော်လည်း လက်မခံချင်တော့ပါ၊ ခါတိုင်းရင်းနှီးနေသူတွေမို့ သူတို့ကျွေးလျှင် စားဖြစ်သော်လည်း ဒီတစ်ခါတော့ ဘယ်လိုမှမစားချင်တော့ပါ၊ စားပွဲထိုးဆီ ကျသင့်ငွေပေးရှင်းပြီး အားလုံးကိုခြုံ၍ နှုတ်ဆက်ကာ ထွက်လာခဲ့သည်၊ ထိုညက တော်တော်နှင့်အိပ်မရ။

ထိုအပတ်သောကြာနေ့ အိမ်ပြန်ဖြစ်တော့ ထားဝယ်ထောင်မှာ ဖြစ်ပျက်နေသော ကိစ္စများအတွက် အောက်ခြေရုံးအဖွဲ့များတွင် စုံစမ်းမေးမြန်းကြည့်သည်၊ ထားဝယ်ထောင်မှာ ဖြစ်ပျက်နေသည်များကို ဒီကလူတွေ မကြားသိကြသေးပေ၊ ထို့ကြောင့် မိမိကလည်း ဘာမှမပြောဖြစ်တော့။ အကျဉ်းထောင်လောကမှာ ထူးသော်လည်း မဆန်းသောကိစ္စများဟု ဆိုနိုင်သည်။ သို့သော်ဒီကိစ္စမှာ အများထက်ပိုထူးတာကတော့ ဝန်ထမ်းကြီးကြပ်သော အကျဉ်းသားဘုတ်တွေနှင့် သူ့ကိုယ်ပိုင်စီးပွားရေးလုပ်နေတာကတော့ အတော်ထူးခြားသည်မှာ အုံ့မခန်းပင်၊ ထောင်ကျ အကျဉ်းသားကို အိမ်၂ရက် ၃ရက်ပြန်လွှတ်တာ၊ ဆွေမျိုးထဲက မင်္ဂလာဆောင်သွားခွင့်ပြုတာတွေကို အချို့ထောင်ပိုင် တွေက မဆင်မခြင် လုပ်တတ်ကြပါသည်၊ တချို့ အကျဉ်းသားက ဂေါက်ကွင်းမှာ ဂေါက်ရိုက်နေတယ်ဆိုပြီး လာပြောတာ တွေ့ရှိသည်၊ အချို့ဆိုလျှင် ရုံးချုပ်ကိုမတင်ပြဘဲအပြင်ဆေးရုံတက်ခိုင်းတာတွေလည်းရှိသည်၊ အပူစာလား၊ အအေးစာလား သူတို့မစဉ်းစားနိုင်၊ ငါ့ဝမ်းပူစာ မနေသာလို့ စားကုန်ကြပြီလား။

ရုံးမှာစုံစမ်းတော့ အကျဉ်းသားနာမည် အလီဆိုတာ သိခဲ့ရပြီ၊ ဘယ်နေ့ဘယ်ရက်က အင်းစိန်ထောင်မှ ထားဝယ်ထောင်ပြောင်းပို့လိုက်သည်ဆိုတာလည်းသိခဲ့ရပြီ။ ရန်ကုန်မှာက လူစုံသည်၊ မျက်လုံးပေါင်း သောင်းခြောက် ထောင်ရှိသည်၊ ဒီမျက်လုံးတွေအောက်မှာ လွှတ်လွှတ်လပ်လပ်နေဖို့မဖြစ်နိုင်၊ ဒီတော့ အေးချမ်း၊ ငြိမ်သက်၊ တိတ်ဆိတ်ရာ ထားဝယ်ထောင်သို့ သူပြောင်းသွားသည်၊ အစွမ်းထက်ပါပေ့၊ ဗျတ်ဝိ၊ ဗျတ္တအမျိုးပေကိုး၊ ထူးသော်လည်းမဆန်းပါဟု ဆိုခဲ့သည်မှာ အတွေ့အကြုံများကြောင့်ဖြစ်ပါသည်။ ပိုက်ဆံရှိသော၊ အဆက်အသွယ် ကောင်းသော၊ မိုးထက်မြင့်သော အဆက်အနွယ်ဝင်များ ထောင်ကျလာလျှင် အစွမ်းကုန်အားထုတ်၍ ကြိုးစားကြသည်၊ အဆက်အသွယ်များရအောင်ရှာကြသည်၊ အတင်းအမျိုးလိုက်စပ်ကြတော့ပြီ၊ ထောင်မှူး၊ ထောင်မှူးကြီးမှသည် အထက်အဆင့်များ၊ နိုင်ငံတော်အဆင့်အထိ လိုက်ချိတ်သည်၊ ချိတ်မိအောင်ကြိုးစားသည်။ ချိတ်ပုံချိတ်နည်းတွေကတော့ အမျိုးစပ်သည်၊ အတင်းဝင်သည်၊ ထွက်သည်၊ ဘာကြိုက်သလဲ၊ ဘာလိုသလဲ သိအောင်စုံစမ်းသည်၊ ပေးသည်၊ ကန်တော့သည်၊ ဂါရဝပြုကြသည်။ ပထမဆုံးတော့ လွှတ်အောင်ကြိုးစားကြသည်။ အရေးကြီးတာက တစ်ယောက်ယောက်နဲ့ချိတ်မိဖို့ပင်၊ ကြီးကြီးနှင့်

ချိတ်မိလျှင် အခွင့်အရေးကြီးကြီးရမည်၊ ငယ်ငယ်နှင့်ချိတ်မိလျှင်လည်း အထိုက်အလျောက်တော့ အဆင်ပြေပါသည်၊ ချိတ်ကောင်းဖို့တော့လိုပါသည်၊ ချိတ်ကလည်းအမျိုးမျိုးပါ၊ ရွှေချိတ်၊ ငွေချိတ်၊ ကြေးချိတ်၊ ဒန်ချိတ်၊ ပလက်တီနမ်ချိတ် စုံတကာနေသည်၊ စည်းရုံးရေးချိတ်ဆိုတာလည်း ရှိသေးသည်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ထိပ်ပိုင်းခေါင်းဆောင် တစ်ဦး၏သား မူးယစ်မှုဖြင့် ထောင်(၃)ခါကျသည်၊ (၃)ခါလုံး ၄၀၁ဖြင့် ပြန်လွတ်ပေးသည်။

"စည်းရုံးရေးပေါ့ကွာ ဒီလောက်တော့လုပ်ပေးရမှာပေါ့"

ဟု လူကြီးတစ်ဦးပြောသည့်စကားအခုထိ နားထဲကမထွက်။ အမှတ်တရ မကြာသေးသောကာလက မူးယစ်ဆေးဝါးမှုနှင့်ထောင်ကျသော မိုးအောင်ရင် လွတ်သည်၊ သူဘယ်အဆင့်လောက်နဲ့ ချိတ်မိသွားသလဲ၊ သမ္မတအမိန့်အာဏာနှင့်လွတ်သည်ဆိုတော့ များများစဉ်းစားရန် မလိုဟုထင်ပါသည်၊ ဂရုဏာချိတ်လား၊ မေတ္တာချိတ်လား၊ ပဏ္ဏာချိတ်လား၊ အသပြာချိတ်လား၊ စည်းရုံးရေးချိတ်လား ကျွန်တော်တို့မသိနိုင်ပါ၊ ဒါမျိုးက နောက်ဖေးမှာ တိုးတိုးတိတ်တိတ်၊ ကျိတ်ကျိတ်ကလေးတွေပါ။ သူလွတ်ပြီး အလားတူအမှုတွေက မလွတ်တော့ မကျေမနပ်ဖြစ်ကုန်ကြပြီး ထောင် ၇ ထောင်ဆူသွားသည်၊ သေတဲ့သူတွေကတော့ သေကုန်ကြပြီ၊ ပြုတ်တဲ့သူတွေလည်း ပြုတ်ကုန်ပြီ။ လွတ်အောင်လုပ်လို့ မရနိုင်ရင်တော့ ထောင်ထဲမှာမနေရပဲ စခန်းမှာနေရအောင် ကြိုးစားသည်၊ စခန်းရောက်လျှင် ကိုယ်ပိုင်နေရာလေးနဲ့ ကိုယ်ပိုင်အိမ်လေးနဲ့ လွတ်လွတ်လပ်လပ်နေလို့ရအောင် ကြိုးစားသည်။ အဓိက ကတော့ ချိတ်ပါပဲ။ ဘယ်လိုနေချင်လဲ ဘယ်လိုချိတ်နဲ့ ဘယ်လိုချိတ်မလဲ ဒါပဲ အရေးကြီးပါသည်၊ ဒီရက်ပိုင်း ကျွန်တော်နည်းနည်း လိုက်ထောက်ကြည့်လိုက်သည်၊ အလီက ပိုက်ဆံအတော်ချမ်းသာသောသူ ဖြစ်ပါသည်၊ ရုပ်ရည်က ဘောလိဝုဒ် မင်းသားတစ်ယောက်နှင့်ပင် တူပါသည်၊ အပြင်ပန်းအရတော့ လူကြီးလူကောင်းဆန်ပါသည်၊ သူ့အမှုကျတော့ ရယ်ရမှာလား ငိုရမှာလားတောင်မသိ၊ သူ့မှာ ဇနီးကြီးနဲ့ သားသမီးတွေရှိသော်လည်း တခြားမိန်းကလေးတစ်ယောက်နှင့် ထပ်မံငြိစွန်းသည်။ သူတို့နှစ်ယောက် မစွမ်းရင်းကလည်းရှိ၍ ကန့်စွန်းခင်း ကလည်းငြိသွားပါသည်။ အလီ့အတွက် ဒီကိစ္စကပြဿနာမဟုတ်သော်လည်း ကိုးကွယ်ရာဘာသာမတူသော မိန်းကလေးအတွက်က ပြဿနာကြီးပါသည်၊ သို့ဖြစ်၍ မိန်းကလေးက

ရှောင်သည်၊ ပြေးသည်၊ အလီကလိုက်သည်၊ ကမ္ဘာ့ကုန် ကျယ် သ၍ လိုက်သည်၊ နောက်ဆုံးမိမ်းကလေးက ဘာသာတရား၏ အရိပ် အာဝါသအောက် ခိုဝင်လိုက်သည်၊ ဘုန်းကြီးကျောင်း အထိရောက် သွားသည်၊ မျက်စပ်ပိုးဝင်၊ ဆံတစ်ပင် တင်းသည့် ဝေဒနာက အတော်ခံရခက်သည်၊ အလီဘုန်းကြီးကျောင်းထဲအထိ ရောက်သွားပြီး တောင်းပန်သည်၊ ချော့သည်၊ ခေါ်သည်၊ မရတော့ပြီ။ အလီ ဘုန်းတော်ကြီးများနှင့် တွေ့သွားသည်။ ဤသို့ဖြင့် ပုဒ်မများစွာတပ်ခံရပြီး အလီနှစ်ကြီးထောင်ကျခြင်းဖြစ်ပါသည်။ အလီလည်း စွမ်းပါသည်၊ သူ့ချိတ်ကရှည်လည်းရှည်၍ တုတ်လည်းတုတ် ပါသည်၊ သို့ဖြင့် အင်းစိန်ထောင်မှ ထားဝယ်ထောင်သို့ရောက်သွားခြင်းဖြစ်ပါသည်။

နောက်ပိုင်းအမျိုးသားညီလာခံတက်နေရသော်လည်း အတော်စိတ်ရှုပ် စိတ်ညစ်ရသည်၊အလီ၏ပြဿနာက စိတ်ကိုအတော်အနှောက်အယှက်ပေးသည်၊ အမှန်အတိုင်းပြောရလျှင် အခြေအနေသိနေပြီဖြစ်သော ကျွန်တော်က ဒီပြဿနာနှင့် ကင်းကင်းရှင်းရှင်းနေချင်သည်၊ ကျွန်တော်ကဖွသည်၊ ဆွသည်ဟု အပြော မခံနိုင်၊ သူ့အကုသိုလ်နှင့် သူဘာဖြစ်ဖြစ် ကိုယ့်အကုသိုလ်မပါချင်ပါ။ သို့သော် ဦးမင်းစိန်ကတော့ ဒီအလို့ကိစ္စနှင့်ပတ်သက်ပြီး အတော်မကျေလည် ဟန်ရှိပါ သည်၊ အမျိုးသားညီလာခံမှာကျွန်တော်နှင့်တွေ့တိုင်း ဒီကိစ္စပဲပြောသည်၊ ကြာတော့ ထေ့သလို ငေါ့သလိုတောင် ပြောလာသည်၊ ၃ပတ်လောက်ကြာတော့ ကျွန်တော် စဉ်းစားရပြီ၊ ကျွန်တော့လက်ရှိ အခြေအနေက အမျိုးသားညီလာခံ တက်နေသော် လည်း တာဝန်မရှိဘူးဟုလည်း ပြောလို့မရပါ၊ ပြီးတော့ဝန်ကြီးက ထားဝယ်မှာ နေဖူးသူဖြစ်ရာ ဦးမင်းစိန်အနေဖြင့် ဝန်ကြီးနှင့်လည်း တိုက်ရိုက် အဆက်အသွယ် အပြောအဆိုရှိနိုင်သည်၊ တော်ကြာကျမှ ကျွန်တော်-ဦးထွန်းကိုလည်း အကြိမ်ကြိမ် ပြောခဲ့တာပဲ သူဘာမှလုပ်တာမတွေ့ရဟုဆိုလျှင် ခက်မည်၊ သို့ဖြစ်၍ နောက် တစ်ပတ် ကျွန်တော် အိမ်ပြန်ချိန်တွင် သက်ဆိုင်ရာသို့ အခြေအနေအကျိုး အကြောင်း ရှင်းလင်းပြောကြား သတင်းပို့ပါသည်၊ ဒီနောက်ပိုင်း အရေးယူတာ တွေ၊ ဆောင်ရွက်တာတွေကတော့ ကျွန်တော်နဲ့မဆိုင်တော့ပြီ၊ ဘာပဲပြောပြော စိတ်ရှင်းရှင်းနှင့် အမျိုးသားညီလာခံကို ဆက်လက်တက်နိုင်ခဲ့ပါသည်။

တကယ်တမ်း ထားဝယ်ထောင်ပြဿနာတက်တော့ကျွန်တော်ဘာမှ မသိ လိုက်ပါ၊ စုံစမ်းစစ်ဆေးမှု၊ အရေးယူမှုတွေ အားလုံးပြီးမှ လူပြောသူပြော၊

တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ကျွန်တော်ကြားရခြင်းဖြစ်ပါသည်။ ထားဝယ် ထောင်ကို အဖွဲ့စုံဖြင့် ဖွဲ့စည်းစစ်ဆေးသည်ဟုကြားရသည်၊ ဦးမင်းစိန်ပြောသည့် အချက်များအားလုံးမှန်သည်၊ အလီက ထားဝယ်ထောင်အတွက် ပေးကမ်း ထောက်ပံ့ရမှုများ၊ ပုဂ္ဂိုလ်ရေးအရ ပေးကမ်းမှုများပေါ်ပေါက်ပါသည်၊ သို့ဖြင့် တာဝန်ရှိသောထောင်ပိုင်ပြုတ်သည်၊ အောက်လက်ငယ်သားအချို့လည်း အရေး ယူခံကြရပါသည်။ ပြောရလျှင် အကျဉ်းဦးစီးဌာနအတွက် အလွန်နာပါသည်၊ ဌာနနာမည်ပျက်သည်၊ငယ်ရွယ်တက်ကြွ၍ လုပ်ချင်ကိုင်ချင်စိတ်ရှိသော ထောင်ပိုင် တစ်ယောက်ဆုံးရှုံးသည်၊ အောက်ခြေဝန်ထမ်းများစိတ်ဓာတ် ပျက်စီးကုန်သည်၊ ထားဝယ်ထောင်သမိုင်းတွင် အမည်းစက်စွန်းထင်းသွားခဲ့သည်၊ အလီရေ မင်းရဲ့ငွေကျည်ဆံက ပြင်းလွန်းလှသကွာဟုဆိုရမည်ပင်။ ၄င်းနောက်ပိုင်း အလီ့ကို ထောင်ပြောင်းလိုက်သည်၊ သို့သော် ဘယ်ထောင်ပြောင်းလိုက်မှန်း ကျွန်တော် မသိပါ၊ အလီကတော့ ပန်းပန်လျက်ပင်ရှိပါလိမ့်ဦးမည်။

နောက်(၁)နှစ်လောက်ခန့်တွင်ဖြစ်ပါမည်၊ ကျွန်တော်၏မူလတာဝန်အရ ထောင်တွေကို လိုက်စစ်ဆေးရင်း ပူတာအိုထောင်သို့ရောက်ပါသည်။ ပူတာအို ထောင်က မြန်မာပြည်ရှိ အကျဉ်းထောင်များတွင် အဝေးလံဆုံး၊ အဆင်းရဲ ဆုံးနေရာတစ်ခုဖြစ်ပါသည်။ ယခင်ကပူတာအိုထောင်သို့ ဝန်ထမ်းများပို့ရန် မန္တလေးတိုင်းထောင်အုပ်စု၊ ဧရာဝတီတိုင်းထောင်အုပ်စု စသည်ဖြင့် ရှိသမျှ ထောင်အုပ်စုများကို အရာရှိ၊ ဝန်ထမ်း အမည်စာရင်းတောင်း၍ လူစားလဲရန် ပို့ပါသည်။ ၃/၄နှစ်ကြာအောင်နေရသည်ဖြစ်ရာ ဘယ်သူမှလည်း မသွားချင်ပါ၊ ပြောရလျှင်ထောင်ပိုင်များက သူတို့ဆီမှ လူကောင်းများကို မပေးချင်ပါ။

ထို့ကြောင့် ငမူး၊ ငရှူး၊ စိတ်ဓာတ်ညံ့ဖျင်းသူ၊ အကြံအဖန်များသူ၊ ပျော့ညံ့သူစသည် ပစ်ဖဲများကိုသာပေးပို့ကြပါသည်။ ထို့ကြောင့် ပူတာအိုထောင်၏ အခြေအနေမှာ ဘယ်အချိန် သွားကြည့်ကြည့် စိတ်ချစရာအကြောင်းမရှိပါ၊ ပြောလို့မကောင်း၊ အုပ်ချုပ်လို့မကောင်း၊ ပေချင်သလိုပေ၊ နေချင်သလို နေကြသည့်ထောင်ဖြစ်ပါသည်။ အကျဉ်းသားအရေအတွက်နည်းပြီး အစပိုင်းတွင် ပြည်မမှပို့သော အကျဉ်းသားများသာ ဖြစ်၍ ထွက်မပြေးကြပဲ အုပ်ချုပ်၍ ရနေခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် ဝန်ထမ်းများကို တစ်နှစ်သာထားစေခြင်း၊ လူကောင်းများကို ဦးစားပေးပို့စေခြင်း၊ အချိန်တစ်နှစ်စေ့လျှင် သက်ဆိုင်ရာထောင်မှ

လူစားမပျက်မကွက် လဲပေးစေခြင်း များဆောင်ရွက်ခဲ့သဖြင့် စိတ်ဓာတ်ပိုင်းနှင့် အုပ်ချုပ်ရေးပိုင်းတွင် အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပါသည်။ ခန္တီးထောင်ကိုလည်း အလားတူ စီမံပေးခဲ့ရပါသည်။

ယခုတစ်ခေါက် ပူတာအိုထောင်ရောက်ချိန်တွင် အံ့အားသင့်စရာနှစ်ခု ဖြစ်ရပါသည်။ ပထမတစ်ခုမှာ ထောင်ပိုင်ဖြစ်ပါသည်၊ ထောင်ပိုင်မှာ တပ်မှ ဗိုလ်ကြီးအဆင့်နှင့်ပြောင်းလာသူဖြစ်ပြီး အကျဉ်းဦးစီးရောက်သည်မှာ တစ်နှစ်ခန့်ကြာပြီ ဖြစ်ပါသည်၊ သို့သော် အမျိုးသားညီလာခံ တက်ရောက်နေရသည့်ကာလအတွင်း ဌာနနှင့် အနည်းငယ်ကင်းကွာသလိုဖြစ်နေခဲ့သည့်အတွက် သူ့ကို ကျွန်တော် လုံးဝမမြင်ဖူး၊ သိလည်းမသိပါ။ နောက်တစ်ခုမှာ ကျွန်တော်တို့၏ ဇာတ်လိုက်ကျော်ကြီးအလီကို ဤထောင်တွင် တွေ့ရခြင်းဖြစ်ပါသည်၊ ကျွန်တော့ ခေါင်းထဲတွင် အန္တရာယ်အချက်ပေး ခေါင်းလောင်းသံများ တစ်တောင်-တောင်မြည်လာသည်။ ဤသို့ဖြင့် ပူတာအိုထောင်၏ အခြေအနေမှန်ကိုသိရန် ကျွန်တော်နှင့်ရုံးအဖွဲ့ များက အသေးစိတ်စစ်ကြရပါသည်၊ အကျဉ်းသားများထဲမှ ကျွန်တော့စိတ်ကြိုက်လူရွေးကာ နှစ်ယောက်တည်းတွေ့ပြီး အကျဉ်းထောင်တွင်း အုပ်ချုပ်မှု၊ လုံခြုံမှုကိစ္စများမေးပါသည်၊ အလားတူ ဝန်ထမ်းများထဲမှလည်း ကျွန်တော့စိတ်ကြိုက် လူရွေးပြီး နှစ်ယောက်ချင်း တွေ့ဆုံမေးမြန်းပါသည်။

ဒါ့ပြင် ကျွန်တော်မရွေးပဲ ကျန်ရှိသော ဝန်ထမ်းနှင့် အကျဉ်းသားများ ထဲမှလည်း မိမိသဘောအလျောက် ပြောလိုသူများရှိပါက နှစ်ယောက်တည်း တွေ့ပြီး ပြောနိုင်းပါသည်၊ ဤသို့မေးရာတွင် ပြောလိုသူများကတော့ ကရားရေလွှတ် တတွတ်တွတ် ပြောသွားကြပါသည်။ ရုံးအဖွဲ့များကတော့ ရိက္ခာများ၊ အသုံး အဆောင်ပစ္စည်းများ၊ ရုံးလုပ်ငန်းများ၊ စာရွက်စာတမ်းများ စစ်ကြပါသည်။ ဒါ့ပြင်ထောင်ပြင်ပရှိ စိုက်၊ မွေး၊ သက်သာလုပ်ငန်းများကိုလည်း ကျွန်တော်ကိုယ်တိုင် လိုက်လံစစ်ဆေးခဲ့ပါသည်။ နှစ်ရက်ခန့် စစ်လျှင်ပင် အကျဉ်းထောင်၏အခြေအနေကို ၇၀%လောက် စေ့ငုစွာသိနိုင်ခဲ့ပါသည်၊ အလီနှင့်ပတ်သက်၍ သိရသမျှကတော့ ကြီးမားသော အန္တရာယ်များဖြစ်နေပါပြီ။

ပူတာအိုအကျဉ်းထောင်၏ရှေ့တွင် ပျဉ်ထောင် အဆောက်အဦးအသစ် တစ်ခုရှိနေပါသည်၊ ယခင် ကျွန်တော် ရောက်ခဲ့စဉ်က မရှိပါ၊ ထောင်ပိုင်က ၄င်းအဆောက်အဦးမှာ သီးနှံများထွက်ပါက သိုလှောင်ရန်ဆောက်ထားသည်ဟု

ဆိုသော်လည်း စစ်ဆေးချက်များအရ ၄င်းအဆောက်အဦးမှာ အလီ၏ Adminအဖွဲ့မှ မိန်းကလေးက အလီအားထမင်းလာကျွေးပြီး တစ်နေကုန်နေသော နေရာဖြစ်ပြီး အလီမှ အကုန်အကျခံ ဆောက်ထားသည်ဟု သိရပါသည်။ အလီမှာ ထောင်ဖွင့်သည်နှင့် ၄င်းအဆောက်အဦးတွင် တစ်နေကုန်နေလေ့ရှိပြီး ထောင်ပိတ်ချိန်မှ ပြန်ဝင်သည်ဟု အချို့ကပြောပါသည်၊ အချို့ကလည်း အလီက ထောင်အတွင်းသို့ ပြန်မဝင်ပဲ ၄င်းအဆောက်အဦးတွင်ပင် နေသည်ဟုဆိုပါသည်။ ထမင်းချက်တစ်ဦး၊ မိန်းကလေးတစ်ဦးနှင့် လူငယ်တစ်ဦးနှစ်ဦးပါသော အဖွဲ့သည် ထားဝယ်မှာ ကဲ့သို့ပင် ပူတာအိုမြို့တွင်းမှာ အိမ်ငှားနေကြပြီး၊ အလီလိုအပ်သမျှ ဆောင်ရွက်ပေးကြပါသည်။ အလီကလည်း ထောင်ထမင်း၊ ဟင်းကိုမစားပဲ သူ့စားဖိုမှူးချက်သည့် စားကောင်းသောက်ဖွယ်များကိုသာ စားပါသည်။ အကျဉ်းထောင်အတွက် လိုအပ်သော မီးစက်၊ တီဗီ၊ ဆိုင်ကယ်စသည်များ ကိုလည်း ကူညီဖြည့်ဆည်းပေးကြောင်း သိရပါသည်။ ထို့ပြင် အကျဉ်းသား အပ်ငွေစာရင်းကို စစ်ဆေးရာတွင် အလီမှလစဉ် ၄/၅သိန်းအပ်ပြီး သုံးစွဲကြောင်း တွေ့ရပါသည်၊ အကျဉ်းသားအပ်ငွေဆိုသည်မှာ ခရီးဝေးမှ ထောင်ဝင်စာလာ တွေ့ရသူများအနေဖြင့် ၄င်းတို့မလာနိုင်သည့်ကာလအတွင်း သက်ဆိုင်သော အကျဉ်းသားလိုအပ်ရာ ဝယ်ယူစားသုံးနိုင်ရန် ထောင်မှူးထံ တရားဝင်အပ်နှံရသော ငွေဖြစ်ပါသည်။ အကျဉ်းသားလိုအပ်ရာကို ထောင်မှ ဝယ်ပေးပြီး စာရင်းမှတ်သား ထားရပါသည်၊ သာမန်အားဖြင့် တစ်လ ငါးသောင်း၊ တစ်သိန်းလောက်သာ အများဆုံးအပ်နိုင်ကြပါသည်၊ အလီလို ကိုယ်ပိုင်စားဖိုမှူးဖြင့် စားသောက်နေသူက လစဉ် ၄၊ ၅သိန်းအပ်နှံဝယ်ယူသုံးစွဲသည်မှာ ထူးခြားလွန်းသဖြင့် ဝယ်ယူပစ္စည်း စာရင်းကို စစ်ဆေးကြည့်ပါသည်၊ သူ့ဈေးဝယ်စာရင်းက အံ့သြစရာကောင်းသည်၊ အမဲဗူး၊ ငါးဗူး၊ ပဲဗူး၊ ငပိကြော်ဗူး စသည့် စည်သွပ်ဗူးမျိုးစုံ၊ အိမ်သုံး ဆေးဝါး မျိုးစုံ ဝယ်ယူသွင်းထားခြင်းဖြစ်ပါသည်၊ ကျွန်တော့စိတ်တွင် အတွေးများ ဝင်လာသဖြင့် ထောင်ပိုင်ကို မေးရပါတော့သည်။

"ကဲ-ထောင်ပိုင်၊ မင်းကောင်က ပွဲတော်အုပ်နှင့် လာပို့တဲ့ စားကောင်း သောက်ဖွယ်တွေ စားနေတာနော်၊ သူ့ပွဲတော်ကျတောင် မင်းတပည့်တွေ စားနေ တာ၊ ဘာဖြစ်လို့ စည်သွပ်ဗူးတွေ၊ ဆေးတွေ လစဉ် ၄၊၅သိန်းဖိုး ဝယ်သွင်းရတာလဲ ပြောစမ်းပါဦး"

ထောင်ပိုင်မျက်နှာက မည်းသည်းပြီး မှုံတေတေဖြစ်နေပါပြီ။

"အထဲမှာက မကျန်းမာတဲ့လူတွေလည်းရှိတယ်၊ အများစုက ခရီးဝေးတော့ မလာနိုင်ကြဘူး၊ ထောင်ဝင်စာ မလာလို့ စားစရာကောင်းကောင်းမရှိတော့ အာဟာရပြတ်တာတွေရှိပါတယ်၊ ဒါတွေအတွက် ဖြည့်စွက်ကျွေးလို့ရအောင် သူဝယ်ပေးတာတွေပါ၊ ဒါတွေ အကျဉ်းသားတွေ စားရပါတယ်၊ ဝန်ထမ်းတွေလည်းစားရပါတယ်၊ ဆေးဝါးကလည်း ထောင်မှာမပြည့်စုံတော့ ဖျားနာတဲ့သူ၊ မကျန်းမာတဲ့လူတွေရှိရင် သူက အကုန်အကျခံပြီး ဝယ်တိုက်ပေးတာပါ၊ ကြိုက်တဲ့သူမေးကြည့်လို့ရပါတယ်"

ကျွန်တော် သက်ပြင်းချလိုက်မိပါသည်။ အကျဉ်းထောင်မှအရာရှိနှင့် ဝန်ထမ်းတွေရော၊ အကျဉ်းသားတွေကိုပါ အလီပေးကျွေး၍ စည်းရုံးလွှမ်းမိုးထားသည်ကို သူမသိ၊ သဘောမပေါက်လေသလားဟု အံ့ဩမိရပါသည်။

"နေပါဦးကွာ ငါမသိလို့မေးပါရစေဦး၊ မင်းက အလို့ကို ဘာကိစ္စကြောင့် ဒီလောက်တောင်အခွင့်အရေး ပေးနေရတာလဲ"

ထောင်ပိုင်က ကျွန်တော့မျက်နှာကို အကဲခတ်သလိုကြည့်လိုက်ပြီး

"ဟုတ်ကဲ့- ကျွန်တော်တို့ပူတာအိုထောင်ကဝေးလံပြီး မိသားစုတွေလည်း လိုက်မနေကြတော့ ဝန်ထမ်းတွေလည်း အဆင်မပြေကြဘူး၊ အကျဉ်းသားတွေပါအားလုံး အခက်အခဲရှိပါတယ်၊ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးအားလုံးခက်ပါတယ်၊ အဲ့ဒါအလီက အစစအရာရာ ကူညီပါတယ်၊ ဒါကြောင့် ကျွန်တော်ကလည်းသူ့ကို အခွင့်အရေးပေးတာပါ၊ သူကလည်းထွက်ပြေးမယ့်လူမဟုတ်ပါဘူး"

ဒီထောင်ပိုင် သနားစရာပါလားဟု စိတ်ထဲကတွေးလိုက်ရင်း-

"မင်းဒီလိုပြောလို့မရဘူးလေကွာ၊ ရိက္ခာလည်း သတ်မှတ်နှုန်းထားအတိုင်း အခြားထောင်တွေလို မင်းတို့ဆီ ပို့ပေးတာပဲ၊ ဒေသန္တရ ဝယ်ယူခွင့်တွေလည်း ချပေးထားတာပဲ၊ အရင်ကတော့ ချပေးတဲ့ဈေးနဲ့ ပြင်ပပေါက်ဈေးနဲ့ ကွာလွန်းလို့ အခက်အခဲရှိတာတွေ ငါတို့သိပါတယ်၊ ဒါကြောင့် အခုပြင်ချပေးတဲ့ နှုန်းထားတွေက အပြင်ဈေးနဲ့ မကွာပါဘူး မင်းတို့ကျွေးနိုင်ပါတယ်၊ နောက်ဆေးဝါးကိစ္စ မင်းတို့ထောင်တွေကို ကြိုတင်ဆေးဝါးဖိုး ၁၀သိန်း ထုတ်ပေးထားတယ်လေ၊ လစဉ်ဝယ်သုံးလို့ကုန်သွားတဲ့ပိုက်ဆံကို ဘောက်ချာနဲ့ပြန်တင်ရင် ၁၀သိန်းပြည့်

အောင် ပြန်ဖြည့်ပေးနေတာပဲ၊ အရေးပေါ်ကုသမှု ကုန်ကျစရိတ်တွေလည်း ကုန်ကျသလောက် ပြန်ထုတ်ပေးနေတာပဲ"

မျက်နှာမသာမယာနှင့် ကျွန်တော်ပြောသမျှကို ငုတ်တုတ် ထိုင်နားထောင်နေသော ထောင်ပိုင်ကိုကြည့်ပြီး ကျွန်တော်စိတ်မချမ်းမမြေ့ဖြစ်မိသည်၊ ငါးစာသာမြင်ပြီး ဒစ်မမြင်သော သူပါပေ၊

"ဟော့ကောင်- မင်းတော့ဒီတိုင်းသွားရင် ဒုက္ခရောက်တော့မယ်၊ မင်းဝန်ထမ်းတွေရော၊ အကျဉ်းသားတွေကိုရော ဒီကောင် စည်းရုံးလွှမ်းမိုးသွားပြီ၊ ထောင်မှာအကျဉ်းထောင်ဥပဒေတွေရှိတယ်လေကွာ၊ ဥပဒေအတိုင်းလုပ်ပေါ့၊ အခုမင်းဒီကောင်ကို ထောင်ထဲပြန်သွင်း၊ အပြင်မထုတ်နဲ့၊ ထောင်ဝင်စာ သတ်မှတ်ချက်အတိုင်းပေးတွေ့၊ အစားအသောက် သင့်တင့်သလောက်ပဲလက်ခံ၊ အပ်ငွေ တစ်လ တစ်သိန်းထက်ပိုမအပ်စေနဲ့၊ အခုငါပြောတာတွေ မင်းချက်ချင်း လုပ်၊ ချက်ချင်းပြင်ပြီးရင် ငါ့လာသတင်းပို့၊ မင်းတော့ကွာ ထင်ရာ၊ မြင်ရာလျှောက်လုပ်နေတော့တာပဲ၊ တော်ကြာ ပင်စင်တောင်မစားရပဲ နေတော့မယ်"

ကျွန်တော်စစ်ဆေးတွေ့ရှိသမျှနှင့်ပင် ပူတာအိုထောင်အတွက် စိတ်မချတော့သဖြင့် စစ်ဆေးတွေ့ရှိချက်များအတွက် ပြုပြင်လုပ်ဆောင်ရန် အချက်များကို တစ်ချက်ချင်းချရေးပြီး စာရိုက်၍ လက်မှတ်ရေးထိုးကာ ထောင်ပိုင်ကိုပေးခဲ့ပါသည်။ ရှေ့တွင်ပင် တစ်ချက်ချင်းဖတ်ခိုင်းပြီး သဘောပေါက် နားလည်မှုရှိ၊ မရှိမေးကာ သဘောမပေါက်သည်များကို အသေးစိတ်ရှင်းပြခဲ့ပါသည်၊ ရုံးချုပ်သို့ ပြန်ရောက်သည့်အခါ စစ်ဆေးချက်များအတွက် အစီရင်ခံစာတင်သည့်အပြင် ပူတာအိုထောင်ပိုင်နှင့် ပတ်သက်ပြီး နှုတ်ဖြင့်အလေးထား တင်ပြခဲ့ပါသည်။

ကျွန်တော်ပူတာအိုထောင်မှ ပြန်ရောက်ပြီး ၄/၅လခန့်သာကြာပါမည်၊ ပူတာအိုထောင်ကို အဖွဲ့စုံပါဝင်သော စစ်ဆေးရေးအဖွဲ့ ဝင်ရောက်စစ်ဆေးခြင်းခံရပါသည်၊ နယ်မြေခံအဖွဲ့ သတင်းပို့ချက်အရဟုသိရသည်၊ ထုံးစံအတိုင်း အလီ၏ပယောဂက အဓိကပစ်မှတ်ဖြစ်နေပါသည်၊ စစ်တော့လည်းပေါ်သည်၊ တွေ့သည်၊ အရေးယူခံခဲ့ကြရပါသည်၊ ထောင်ပိုင်က ထိပ်ဆုံးကနေပြုတ်ပါသည်၊ အတော်စိတ်မကောင်းစရာဖြစ်ပါသည်၊ တာဝန်ရှိသည့် အောက်အဆင့် အချို့လည်း အရေးယူခံကြရပါသည်၊ စားလို့ရတာအကုန်စားကြသူများအတွက်ကတော့ ကြီးမားသော သင်ခန်းစာ တစ်ရပ်ပင်။ နောက် ၄/၅လခန့်အကြာ ကျွန်တော့်

မြစ်ကြီးနားထောင်ရောက်သည့်အခါ အလီဒီထောင်မှာ ရောက်နေကြောင်းသိရသည်၊ သို့ဖြင့် ထောင်ပိုင်နှင့်အရာရှိဝန်ထမ်းများအား စုစည်းစေပြီး အလီနှင့်ပတ်သက်သော ဖြစ်စဉ်များကို ရှင်းပြရပါသည်၊ ပြီးတော့ပြောရပါသည်-

"ဒီတစ်ခါအလီဆိုတဲ့ အကျဉ်းသားကြောင့် တတိယမြောက် ပြုတ်တဲ့ထောင်ပိုင်နဲ့ အရေးယူခံရတဲ့ ဝန်ထမ်းတွေဟာ မြစ်ကြီးနားအကျဉ်းထောင်က မဖြစ်ပါစေနဲ့၊ မကြားပါရစေနဲ့၊ မင်းတို့အလီနဲ့ ကင်းကင်းရှင်းရှင်းနေကြစမ်းပါ၊ အစားအသောက်တိုင်း စားချင်တိုင်းစားရတာ မဟုတ်ဘူးကွာ၊ အဆင်မသင့်ရင် အစာအဆိပ်ဖြစ်တယ်၊ အစာမကြေဘူး ရင်ပြည့်ရင်ကယ်ဖြစ်တယ်၊ အန္တရာယ်ရှိတယ်၊ ဒါကြောင့်ပြောချင်တာက စားသင့်မှစားပါ၊ မစားသင့်တာ မစားပါနဲ့၊ အေး ငါဒီလောက်ပြောလို့မှ မင်းတို့က လက်မခံပဲ သဘောမပေါက်ပဲ စားဦးမယ်ဆိုရင်လည်းစားကြပေါ့ကွာ-စားကြပေါ့၊ ကဲ-ဒါပဲ ငါ့တာဝန်တော့ကျေပြီ"

ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် အလီကိုတစ်ယောက်တည်း ခွဲထားရာ တိုက်ခန်းသို့ သွားလိုက်ပါသည်။ ဒီလောက်ပြဿနာတွေဖြစ်ပြီးလို့ မြစ်ကြီးနားထောင်ရောက်တာတောင် အလီတို့က အများနှင့်ရော၍ ကြပ်ကြပ် တည်းတည်း၊ နံနံစော်စော်မနေရပါ၊ တစ်ယောက်တည်း တိုက်နှင့်တာနှင့်အဆင်ပြေလေစွ၊ ဒီလောက်တော့စွမ်းပေမပေါ့ ခေသူမှမဟုတ်ဘဲ။ ကျွန်တော်သူ့အခန်း ရှေ့ရောက်ပြီးရပ်လိုက်သည်နှင့် တိုက်ခန်းထဲတွင် ထိုင်နေသောအလီ မော့ကြည့်ပါသည်၊ ဒီတစ်ခါတော့ သူ့အကြည့်က ညှိုးနွမ်းပါသည်။ သူကျွန်တော့ကို ကောင်းစွာမှတ်မိပါသည်၊ အားနာဟန်၊ တောင်းပန်လိုဟန်မျက်နှာထားကို တွေ့ရပါသည်၊ ကျွန်တော်သူ့ကို ထုံးစံအတိုင်း နေကောင်းသလား၊ ဘာသတင်းပို့စရာရှိလဲ မေးပြီးသည်နှင့်-

"အလီရေ-ဒီတစ်ခါတော့ မင်းရပ်ပါတော့၊ မင်းအစွမ်းထက်ပါတယ်၊ လက်တန်ရှည်ပါတယ်၊ ငါသိပါတယ်၊ ဒါပေမယ့်ကွာ မင်းကြောင့် ငါ့ထောင်ပိုင်နှစ်ယောက်ပြုတ်သွားရပြီကွာ၊ မိသားစု၂စုဘဝပျက်သွားခဲ့ရပြီ၊ ဝန်ထမ်းတွေလည်း အရေးယူခံခဲ့ကြရပြီ၊ ဘဝမှာဆုံးရှုံးမှုတွေ ဖြစ်ကုန်ခဲ့ကြပြီ၊ အခွင့်အရေးဆိုတာ ရတိုင်းမယူကောင်းဘူးကွ၊ ရတိုင်းယူရင် မင်းအတွက်လည်းမကောင်းဘူး၊ တို့ဝန်ထမ်းတွေအတွက်လည်းမကောင်းပါဘူး၊ အန္တရာယ်လည်းများပါတယ်၊ မင်းအစွမ်းတွေမပြပါနဲ့တော့ တော်ပါတော့၊ ရပ်ပါတော့ ငါတောင်းပန်ပါတယ်"

ခေါင်းငုံ့နေသော အလီ၏ဦးခေါင်းကပို၍ နိမ့်ကျသွားပါသည်၊ အကျဉ်းထောင်အရာရှိတစ်ယောက်အနေဖြင့် ဘဝမှာ အကျဉ်းသားတစ်ယောက်ကို တောင်းပန်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ၊ သို့သော် အခုတော့ တောင်းပန်ခဲ့ရပြီ၊ ဒါပေမဲ့ ကျွန်တော်ကျေနပ်ပါသည်။ ထိုသည်၏နောက်ပိုင်း ထောင်ပိုင်များ အရေးယူခံရသည့်သတင်း မကြားရတော့ပါ။

**ကျန်းမာချမ်းသာကြပါစေ။**

**နိမင်းညို**

# ဒေးဗစ်ချမ်း

## (၁)

ညကင်းတွေ၊ အိပ်ဆောင်တွေနဲ့ မျှော်စင်တွေ လိုက်စစ်ပြီး ထောင်ဘူးဝ အပေါ်မှာရှိတဲ့ ရဲကျော်ရဲ့ နေအိမ်ကို ပြန်ရောက်ချိန်မှာ နံနက် ၂ နာရီထိုးလုပြီ။ ကင်းတွေ၊ လုံခြုံရေးတွေ အခြေအနေတွေအားလုံး စနစ်တကျရှိနေတာ မြင်ရတော့ နည်းနည်းတော့ စိတ်အေးသွားမိသလိုလို ရှိသား။

ဒါပေမဲ့ ဘဝတူ လုပ်ဖော်ကိုင်ဘက် ထောင်ပိုင်တစ်ယောက်ရဲ့အဖြစ်က ရုတ်တရက်ဆိုသလို ခေါင်းထဲပေါ်လာပြီး စိတ်ထဲလေးလံသွားပြန်တယ်။ သူက အရမ်းတိကျပြီး အလွန်အလုပ်ကြိုးစားတဲ့သူ၊ သူတာဝန်ယူရတဲ့ ထောင်ကို တင်းတင်းကျပ်ကျပ် နိုင်နိုင်နင်းနင်းနဲ့ စည်းကမ်းသေဝပ်အောင် ကိုင်တွယ်တယ်။ လုံခြုံရေးကိုလည်း အထူးဂရုစိုက်တယ်။ ညတိုင်းကိုယ်တိုင် ကင်းတွေစစ်တယ်၊ ထောင်ထဲပတ်တယ်။ သူ့အကျင့်က ညစဉ်ညတိုင်း အချိန်မှန်ကင်းစစ်တာပါပဲ။ ပုံမှန်ညစဉ်ညတိုင်း ညတစ်နာရီဆို သူထောင်ထဲပတ်၊ ကင်းစစ်ပြီးလို့ သူ့အိမ်သူ ပြန်လေ့ရှိတယ်။ ထောင်ပိုင်ကြီးကင်းစစ်ပြီးလို့ ပြန်သွားပြီဆိုရင် တာဝန်ကျတဲ့ ညကင်းသမားတွေလည်း အထိုက်အလျောက် အနည်းနဲ့အများ စိတ်ထဲတော့ ပေါ့ပေါ့ပါးပါးဖြစ်သွားတတ်ကြတာ သဘာဝပဲ။

ဒီအထာကို သိနေတဲ့ အကျင်းသားတစ်စုက သူတို့နေတဲ့တိုက်ကို နေ့စဉ် နည်းနည်းချင်း နည်းနည်းချင်း ကျိတ်ပြီး ဖောက်ထားကြတယ်။ ဖောက်ထားတဲ့ နေရာကိုလည်း ဟန်မပျက် ပိပိရိရိ အသာအယာ ဖုံးကွယ်ထားကြတယ်။ သူတို့က လဝကအက်နဲ့ ကျနေတဲ့ နိုင်ငံခြားသား အကျဉ်းသားတွေ။ သူတို့ လွတ်လမ်းအတွက် အမြဲတမ်း ဆင်ကြံကြံပြီး အခွင့်အလမ်းကို ချောင်းနေကြတဲ့ သဘောရှိတယ်။ အားလုံး အဆင်သင့်ဖြစ်တဲ့တစ်နေ့မှာ ထောင်ပိုင်ကြီး ကင်းစစ်ပြီးသွားလို့ သူ့အိမ်သူ ပြန်သွားတဲ့အချိန်၊ တာဝန်ကျဝန်ထမ်းတွေလည်း ခပ်ပေါ့ပေါ့ဖြစ်သွားတဲ့အချိန်၊ အဲဒီ ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်နေကျ ညတစ်နာရီ

အချိန်မှာ တိတ်တိတ်လေးကျိတ်ပြီး ဖောက်ထားတဲ့ တိုက်ခန်းတွေထဲက ထွက်ပြီး အုတ်ရိုးကျော်ပြေး သွားခဲ့ကြတယ်။ လုံခြုံရေးကင်းတွေ ပေါ့ပေါ့ဆဆဖြစ်သွားလေ့ ရှိတဲ့အချိန်က သူတို့အတွက် အခွင့်ကောင်းပါပဲ။ အဓိကအချက်ကတော့ ပုံမှန် အချိန်မှန်လုပ်နေကျအလုပ်ကို လုပ်ရိုးလုပ်စဉ် သမားရိုးကျ အမှုမဲ့အမှတ်မဲ့လုပ်နေ မိတဲ့ အားနည်းချက်အပေါ် အကျဉ်းသားက အခွင့်ကောင်းယူသွားခဲ့တာပါပဲ။

ရဲကျော်က အဲဒီ သင်ခန်းစာတွေကို ဆင်ခြင်ပြီး အတတ်နိုင်ဆုံး အချိန် မှန်၊ ပုံမှန် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်တာတွေကို ရှောင်တယ်။ ညကင်းစစ် ရင် စိတ်ကူးပေါက်တဲ့အချိန် ထ,စစ်တယ်။ တစ်ညတည်း ၂ ကြိမ် ၃ ကြိမ် ထ,စစ်ချင်လည်း စစ်တယ်။

ဒါပေမဲ့ ဘယ်လိုပင် ဂရုတစိုက် ဆောင်ရွက်ပါစေ၊ ပြဿနာဆိုတာက ဖြစ်ချင်ရင်လည်း သေသေချာချာ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေတဲ့ ကြား ကပဲ ဖြစ်သွားတတ်ကြတာ မဟုတ်လား။

ဒီတော့လည်းကံပါပဲလို့ သဘောထားပြီး ငါလုပ်သင့် လုပ်ထိုက်တာတွေ လုပ်နေတာပဲလေဆိုတဲ့ အသိနဲ့ စိတ်ကို တုံးတုံးချလိုက်ရတာပါပဲ။ ဒါတွေက တာဝန်ခံအရာရှိလို့ခေါ်တဲ့ ထောင်ပိုင်တစ်ယောက်ရဲ့ နိစ္စဓူဝ ကြုံတွေ့ခံစားကြရတဲ့ ဒုက္ခတွေပါပဲ။

အခုလည်းပဲ ရဲကျော်တစ်ယောက် စိတ်ကို တုံးတုံးချပြီး ထောင်ဘူးဝ အပေါ်ထပ်မှာရှိတဲ့ ထောင်ပိုင်ရဲ့ အိမ်ဂေဟာဆီ ပြန်လာခဲ့တယ်။ ထောင်ဘူးဝ အပေါ်ထပ်မှာက ထောင်ပိုင်နဲ့ ဒုထောင်ပိုင်က ဟိုဘက်ဒီဘက် တစ်ခြမ်းစီ နေကြတယ်။ ရဲကျော်တို့အိမ်တွေရဲ့ အပေါ်ထပ်မှာတော့ ဂတ်ကြီးလို့ခေါ်တဲ့ ဗဟိုကင်းပေါ့။ ဗဟိုကင်းပေါ်က မီးမောင်းက အုတ်ရိုး၊ ခြားရိုးတွေဆီ ဝေ့ကာ ဝိုက်ကာ လူးလာကူးသန်းနေတာကို တွေ့လိုက်ရတော့ အော်… ကိုယ့်လူတွေ နိုးနိုးကြားကြား ရှိနေသားပဲဆိုတဲ့ စိတ်နဲ့ ကျေနပ်မိပြန်တယ်။

မနက်ဖြန် တနင်္လာနေ့၊ တာဝန်ခံအရာရှိ စစ်ရေးပြရှိတယ်။ စောစောထရ ဦးမှာမို့ တစ်ရေးတစ်မော အိမ်ရာဝင်ဖို့ ပြင်ရတယ်။ အိပ်ခန်းပြတင်းဝကနေ လှမ်းမြင်နေရတာက မီးရောင်တွေ ထိန်ထိန်ညီးပြီး သပ္ပါယ်ရှုမငြီးစွာ တည် ရှိနေတဲ့ မန္တလေးတောင်တော်ကြီး။

တစ်ခါတုန်းက အကြောင်းလေး ပြန်တွေးမိရင်း စိတ်ထဲ ပြုံးမိရပြန်တယ်။ အဲဒီတုန်းက ရဲကျော်က စစ်မှုထမ်းဘဝ၊ တပ်က တာဝန်နဲ့ မန္တလေးကို ခဏ

ရောက်ခိုက် မန္တလေးတောင်ပေါ် ရောက်ခဲ့တယ်။ တောင်ပေါ်ကနေ လှမ်းမြင်ရတဲ့ မန္တလေးရှုခင်းဟာ တစ်သက်စာ မမေ့ရက်စရာ နတ်ရေးတဲ့ ဆေးပန်းချီလိုပါပဲ။ ဟောဟိုမှာ ရစ်ခွေ စီးဆင်းနေတာက ဧရာဝတီမြစ်ကြီး၊ ဟိုမှာက ရန်ကင်းတောင်ပါလား။ ဟောဟိုက တွေ့နေရတဲ့ အဆောက်အဦး ဖြူဖြူကြီးက တိုင်းရင်းဆေးတက္ကသိုလ်တဲ့။ သူ့ မလှမ်းမကမ်းမှာရှိနေတဲ့ စက်ဝိုင်းခြမ်းပုံ အရာကြီးက ဘာကြီးပါလိမ့်။ အိုးဘိုထောင်လို့ခေါ်တဲ့ မန္တလေးဗဟိုအကျဉ်းထောင်ကြီးမှန်း အဲဒီအချိန်မှ သိခဲ့ရတာပါ။ အဲဒီထောင်ကြီးမှာ တာဝန်ထမ်းဆောင်ရလိမ့်မယ်ဆိုတာ စိတ်ကူးထဲတောင် တွေးမထားခဲ့ဖူးပါဘူး။ ဆန်းကြယ်လှတဲ့ လူ့ဘဝရဲ့ အလှည့်အပြောင်းတွေကို တွေးမိရင်း ရဲကျော် ပြုံးမိခဲ့တာပါ။

(၂)

**"အကျဉ်းထောင်ဆိုသည်မှာ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ထားရန်လိုအပ်သောသူများကို စနစ်တကျ ထိန်းသိမ်းထားရှိသောနေရာဖြစ်သည်"** တဲ့။ မှန်ပါတယ်။

အကျဉ်းထောင်တစ်ခုမှာ အရေးအကြီးဆုံး အလိုအပ်ဆုံးနဲ့ အဓိကအကျဆုံးအချက်က လုံခြုံရေးကိစ္စပဲဖြစ်တယ်ဆိုတာ ငြင်းမရအောင် သေချာနေတဲ့အချက်ပါ။

လုံခြုံရေးကိစ္စက အကျဉ်းထောင်တစ်ခုရဲ့ ပင်မ အသက်သွေးကြောဖြစ်သလို အကျဉ်းထောင်ဝန်ထမ်းအားလုံးရဲ့ ဘဝပါပဲ။

ဒါကြောင့်မို့ ထောင်ပိုင်လို့ ခေါ်တဲ့ တာဝန်ခံအရာရှိကစပြီး သက်ဆိုင်ရာ အဆင့်ဆင့်သော ဝန်ထမ်းတွေအားလုံးက လုံခြုံရေး ကျိုးပေါက်မှုဖြစ်စဉ်တွေ မဖြစ်ပွားရအောင် အထူးဂရုစိုက် ဆောင်ရွက်ကြရပါတယ်။

တကယ်တော့ အကျဉ်းထောင်တစ်ခုမှာ လုံခြုံရေး ကျိုးပေါက်တယ်ဆိုတာက အကျဉ်းသားက ထောင်ဖောက်ပြီး အုတ်ရိုးကျော်တက်ပြီး ထွက်ပြေးသွားမှ၊ ထောင်ဆူမှ မဟုတ်ပါဘူး။ ရှိသင့်ရှိထိုက်တဲ့၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေတစ်ခုကနေ ပျက်ပြယ်ယိုယွင်းလာရင်၊ ဒါမှမဟုတ် အကျဉ်းထောင်လက်စွဲဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေနဲ့ သွေဖည်တဲ့ဖြစ်ရပ်တစ်စုံတစ်ရာ ဖြစ်ပွားပေါ်ပေါက်လာခဲ့ရင် ဒါဟာ လုံခြုံရေးကျိုးပေါက်တာပဲ ဖြစ်ပါတယ်။

ဥပမာအားဖြင့် အကျဉ်းသားဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း အတိုင်း မရှိတာမျိုး၊ ဘုတ်ထုတ်၊ အလုပ်ချ၊ ရေချိုးချ စတဲ့ ကိစ္စရပ်လေးတွေ ကအစ ဆေးခန်းလိုက်၊ ဆေးရုံတက်၊ ထောင်ဝင်စာတွေ့၊ ပါဆယ်ပစ္စည်းသွင်း စတဲ့ ကိစ္စမျိုးတွေအထိ စနစ်တကျမရှိတာမျိုး၊ အိုးစား၊ ဆွယ်တာ၊ အကျဉ်းသား အချင်းချင်း ပုံမှန်မဟုတ်တဲ့ ဆက်ဆံရေးရှိတာ၊ အကျဉ်းသားချင်း ခိုက်ရန်ဖြစ်ပွား တာ၊ အစာငတ်ခံ ဆန္ဒပြတာ၊ အမိန့်မနာခံတာ၊ ဝန်ထမ်းနဲ့ အကျဉ်းသား ဆက်ဆံရေး၊ အကျဉ်းသားရဲ့ မူမမှန်တဲ့ အပြုအမူ စသဖြင့် ကိစ္စရပ်သေးသေးလေး တစ်ခုက အစပြုပြီး မမျှော်လင့်ထားတဲ့ ပြဿနာ ဘာမဆို ဖြစ်သွားနိုင်ပါတယ်။ ကိစ္စကြီးတစ်ခု ဖြစ်သွားပြီးပြီဆိုရင် လူတွေက ပြောလေ့ရှိပါတယ်။

"ဟာ မထင်လိုက်ဘူးကွာ" တဲ့။

ဒီတော့ "မထင်လိုက်ဘူးကွာ"လို့ မရေရွတ် မညည်းတွားရလေအောင် အသေးအဖွဲကိစ္စလေးကအစ သေချာဂရုစိုက် ဆောင်ရွက်နိုင်ပါမှ တန်ကာကျ ပါတယ်။

ဒါတင်ပဲလား။

မဟုတ်သေးပါဘူး။ ဒီထက်မကပါဘူး။

**"အကျဉ်းထောင်တစ်ခု၏ အဓိက ရည်မှန်းချက်မှာ လူ့အဖွဲ့အစည်းတစ်ခု အား ရာဇဝတ်မှုများမှ ကာကွယ်ရန်ဖြစ်သည်"**တဲ့။

ဘယ်လို ကာကွယ်မှာပါလဲ။

အဓိကဆိုလိုရင်းကတော့ လူ့အဖွဲ့ကအစည်းတစ်ခုအတွက် အန္တရာယ်ရှိနိုင်သူ ရာဇဝတ်သားများကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ထားရင်း သူတို့ရဲ့ စိတ်ဓာတ် နဲ့ အကျင့်စာရိတ္တကို ပြုပြင်ပေးရန်ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြစ်မှုတစ်ခုခု၊ ရာဇဝတ်မှု တစ်ခုခုကြောင့် ထောင်ထဲရောက်လာတဲ့ အကျဉ်းသားဟာ ထောင်က ပြန်လွတ်သွားတဲ့ အခါကျရင် လူကောင်းတစ်ယောက် ဖြစ်သွားရမယ်လို့ ဆိုတာ ပါ။ သူ့ရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တကို ပြောင်းလဲပေးလိုက်နိုင်ရမယ်ပေါ့။

အင်မတန် သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်လွန်းလှတဲ့ ကိစ္စလို့ပဲ ရဲကျော် ထင်မြင်ယူဆပါတယ်။

စာမတတ်ရင် စာသင်ပေးမယ်။

သက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးမယ်။ ပုံစံတကျ စည်းနဲ့ကမ်းနဲ့ စနစ်တကျ နေထိုင်ပြုမူတဲ့ အလေ့အကျင့်တွေ လုပ်ပေးမယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ အံဝင်ခွင်ကျ တာဝန်ယူနေထိုင်တတ်တဲ့အလေ့အကျင့် ကောင်းတွေရအောင်လို့ ပြစ်ဒဏ်ကာလအတွင်းမှာ ထိုက်သင့်တဲ့ လုပ်ငန်းတာဝန်တွေ ချထားပေးမယ်။

ဒါတွေက လုပ်ပေးကိုင်ပေးလို့ရတဲ့ အခြေခံအချက်တွေပါ။

ဒါပေမဲ့…

အဲဒီလို လုပ်ပေးလိုက်ရုံနဲ့ လူတစ်ယောက်ဟာ လုံးဝပြောင်းလဲသွားပြီး လူဆိုးတစ်ယောက်က(မန်းမှုတ်လိုက်သလို) လူကောင်းဖြစ်လာနိုင်ပါသလား။

နောက်ပြီး ထောင်ထဲကို ရောက်လာတိုင်း ထောင်ကျလာတိုင်းရော လူဆိုးတွေချည်းပဲလား။

ဘဝပေး အခြေအနေ အထွေထွေအရ ထောင်ထဲကို ရောက်လာကြရသူတွေကို တွေ့မြင်ဖန်များလာတဲ့အခါ၊ ထောင်ထဲကို ဝင်ချည်ထွက်ချည်နဲ့ ကြိမ်ဖန်များစွာ ပြုမူနေသူတွေကို မြင်တွေ့လာရတဲ့အခါ ရဲကျော် သက်ပြင်းရှည်ကြီး ချမိခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ…

တစ်စုံတစ်ယောက်ရဲ့ ပုံရိပ်ဟာ အာရုံမှာ ထင်ဟပ်ပေါ်လွင်လာမြဲ ဖြစ်ပါတယ်။

သူက…

အဲဒီ တစ်စုံတစ်ယောက်က…။

(၃)

မနက် မိုးလင်းပြီဆိုတာနဲ့ နိစ္စဓူဝ ပြုမြဲလုပ်ရတဲ့ အလုပ်တာဝန်ကတော့ ထောင်ဖွင့်ရခြင်းပါပဲ။

နေ့စဉ် ထောင်ဖွင့်ဖို့အတွက် မိုးသောက် အာရုဏ်ကျင်းချိန်ကစပြီး တစ်နေ့တာ ယန္တရားကြီးက စတင် အသက်ဝင် လည်ပတ်ရပါတယ်။

မနက်ခင်းချိန်ခါ အာရုဏ်တက်မှာ ထောင်ထဲက ဘုရားဝတ်ရွတ်သံ ကြားရပြီးချိန်ဆိုရင်…၊ နရီစည်းချက်နဲ့အညီ ခေါက်လိုက်တဲ့ ထောင်ဖွင့်သံချောင်းခေါက်သံ ကြားရပြီဆိုရင်…၊ အကျဉ်းထောင်တစ်ခုအတွက် အလွှန်မင်္ဂလာရှိတဲ့

နံနက်ခင်းပါပဲ။ တစ်နေ့တာလုပ်ငန်းတာဝန်တွေကို အားမာန်အပြည့်နဲ့ ဆက်ဆောင်ရွက်ဖို့ပါပဲ။

အကြောင်းတစ်ခုခုကြောင့်…၊ လူပေါင်းမကိုက်လို့၊ ပြဿနာတစ်ခုခုရှိလို့ ထောင်မဖွင့်နိုင်သေးရင်၊ ထောင်ဖွင့်ခေါင်းလောင်းသံ မကြားရရင် ရင်ဘတ်ထဲက အနက်ရှိုင်းဆုံးနေရာက ဆောင့်ဆောင့်ပြီး တက်လာတဲ့ သောကဝေဒနာဟာလည်း တာဝန်ခံတစ်ယောက်အတွက် အင်မတန် ကသိကအောင့် ဖြစ်ရပါတယ်။

ဒါတွေက ထောင်ဝန်ထမ်းဘဝမှာ နေ့စဉ်တွေ့ကြုံခံစားခဲ့ရတဲ့ ဘဝအစိတ်အပိုင်းလေးတွေပါ။

တစ်နေ့တာလုပ်ငန်းတွေထဲမှာ…ရဲကျော် ထောင်ပိုင်သက်တမ်းတစ်လျှောက် မပျက်မကွက် ပထမဦးစားပေးလုပ်ခဲ့တဲ့ တစ်ခုကတော့ လွတ်လူ(Released Person) ကြည့်ခြင်းပါပဲ။

ပြစ်ဒဏ်ရက် စေ့မြောက်လို့ အကျဉ်းထောင်က ပြန်လည်စေလွှတ်ပေးရမယ့် သူတွေကို မှန်မမှန် တိုက်ဆိုင်စစ်ဆေးပြီး စေလွှတ်ပေးခြင်း ဖြစ်ပါတယ်။

ဒီအလုပ်ကို အခြားအရေးကြီးကိစ္စ တစ်စုံတစ်ရာ မရှိသမျှ ရဲကျော်ကိုယ်တိုင် လုပ်ပါတယ်။ တစ်နေ့တာ ထောင်ဖွင့်ပြီးချိန် ဖတ်ရှု လက်မှတ်ရေးထိုး အတည်ပြုပေးရမယ့် အစီရင်ခံစာတွေ ဖတ်ရှုပြီးတာနဲ့ လွတ်လူ လွှတ်ပေးတဲ့ အလုပ်ကို စလုပ်ပါတယ်။ အခြားအရေးကြီးကိစ္စတစ်ခုခုကြောင့် မတတ်သာ မလွှဲမရှောင်သာမှသာလျှင် ထောင်ပိုင်လေးလို့ခေါ်တဲ့ ဒုတိယတာဝန်ခံအရာရှိကို လွတ်လူကိစ္စ လွှဲအပ်ဆောင်ရွက်စေပါတယ်။

လူတစ်ယောက်ရဲ့ ဘဝအတွက် အရေးကြီးတဲ့ကိစ္စဖြစ်လို့ မမှားမယွင်း မတိမ်းမစောင်းရလေအောင် စေ့စပ်သေချာစွာ စိစစ်ဆောင်ရွက်ရပါတယ်။

ရှင်လိုင်ပြန်တဲ့နေ့။

အိမ်ထောင်ကျတဲ့နေ့။

ထောင်ကလွတ်တဲ့နေ့ ဆိုပြီး လူ့ဘဝမှာ အပျော်ဆုံးနေ့ သုံးနေ့ရှိတယ်လို့ ဆိုရိုးစကားရှိထားတယ် မဟုတ်ပါလား။

အကျဉ်းသား၊ အကျဉ်းသူရဲ့ အမည်၊ ထောင်ဝင်အမှတ်နဲ့ ကိုယ်ရေး အချက်အလက်တွေ၊ ပြစ်မှု၊ ပြစ်ဒဏ်နဲ့ ပြစ်ဒဏ်ချတရားရုံး စတဲ့ အချက်တွေကို ဝရမ်းနဲ့ တိုက်ဆိုင် စစ်ဆေးရပါတယ်။ သူ့ရဲ့ အယူခံကိစ္စ အချက်အလက်တွေကိုလည်း စစ်ဆေးရပါတယ်။

နောက်မှု (နောက်ထပ် တရားစွဲဆိုတင်ပို့သော ထပ်တိုးအမှု) လျှော့ရက်၊ ချုပ်ရက်၊ ပြစ်ဒဏ်ကာလ စတဲ့ အချက်တွေကိုလည်း စစ်ဆေးရပါတယ်။ အကျဉ်းသားမှတ်ပုံတင်စာရင်းမှာ မှတ်သားထားတဲ့ ကိုယ်ပေါ်ထင်ရှား အမှတ်အသား ၃ ခုနဲ့လည်း တိုက်ဆိုင်စစ်ဆေးရပါတယ်။

အမှန်တကယ် လွတ်ရမဲ့လူ၊ အမှန်တကယ် လွတ်ရမဲ့ရက် ဟုတ်မဟုတ် စစ်ဆေးရပါတယ်။

လူမှားပြီး လွတ်လိုက်လို့ မရပါဘူး။

ပြစ်ဒဏ်ကာလ၊ ချုပ်ရက်၊ လျှော့ရက်၊ လွတ်ရက် မမှန်ကန်ဘဲ လွတ်လို့ မရပါဘူး။

အကျဉ်းသား၊ အကျဉ်းသူတစ်ယောက်ကို သူ အမှန်တကယ် ပြစ်ဒဏ်စေ့ရောက်လို့ လွတ်ရမဲ့ရက်ထက် နောက်ကျပြီး မှားယွင်း လွတ်မိတာဟာ စောပြီး မှားယွင်းလွတ်မိတာထက် တာဝန်ရှိသူ ဝန်ထမ်းအဖို့ ပိုလို့ အပြစ်ကြီးလေးပါတယ်။

(၄)

ဒီနေ့ လွတ်လူ အကျဉ်းသား အရေအတွက် အတန်ငယ်များပါတယ်။ လွတ်လူ အကျဉ်းသား အမျိုးသားတွေ လွတ်ပေးနေတာနဲ့တင် အချိန်တစ်နာရီ လောက်ကြာသွားတယ်။

ပြီးရင် အကျဉ်းသူ အမျိုးသမီးတွေ ဆက်လွတ်ပေးရမှာပါ။ ပုံမှန်အားဖြင့် ဆိုရင် အကျဉ်းသားတွေ လွတ်ပြီးတာနဲ့ တစ်ပြိုင်နက် မရှေးမနှောင်းဆိုသလို အကျဉ်းသူ အမျိုးသမီးလွတ်လူတွေ အဆင်သင့် ဖြစ်နေလေ့ ရှိပါပြီ။ အမျိုးသမီး ဆောင်က ထောင်မှူးမမကလည်း အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီးနဲ့ ဝရမ်းတွေကိုင်လို့ ပြုံးပြုံး ပြုံးပြုံးနဲ့ စောင့်နေလေ့ရှိပါတယ်။

ဒီနေ့ကတော့ နည်းနည်းထူးခြားသလိုပဲ။

ရဲကျော် အကျဉ်းသားလွတ်လူတွေကြည့်ပြီးလို့ အားလုံး လွတ်ပေးပြီးချိန် ထိတောင် အမျိုးသမီးလွတ်လူတွေ အဆင်သင့် မဖြစ်ကြသေးပါဘူး။ ရောက် မလာကြပေးဘူး။ ထောင်မှူးမမကိုလည်း မတွေ့ရသေးဘူး။

"အမျိုးသမီးလွှတ်လူတွေ အဆင်သင့် မဖြစ်သေးဘူးလား။ ဆရာမကြီးကို မေးကြည့်ပါဦး"

ရဲကျော် လှမ်းပြောလိုက်ပြီးနောက် တော်တော်လေးကြာတဲ့အထိ ရောက်မလာကြသေးပဲ ရှိနေပါတယ်။

နောက်ထပ် မိနစ်နှစ်ဆယ်ဝန်းကျင်လောက် အချိန်ကုန်သွားပြီးတဲ့နောက် ထောင်မှူးမမနဲ့အတူ လွှတ်လူ အကျဉ်းသူတစ်သိုက် သုတ်သုတ် သုတ်သုတ်နဲ့ ရောက်လာတယ်။

လွှတ်လူ အကျဉ်းသူတွေကို တန်းစီနေရင်းက ထောင်မှူးမမက လှမ်းပြောပါတယ်။

"ဒေးဗစ်ချမ်းတစ်ယောက် ဒုက္ခပေးနေလို့ ဆရာရေ။ ခေါင်းနပန်းကိုကြီးသွားတာပဲ"တဲ့။

ဘုရားရေ။

ဘာ့ကြောင့်များပါလိမ့်။

"ဘာများဖြစ်လို့လဲ"

ရဲကျော်ရဲ့ မေးခွန်းကို ထောင်မှူးမမက တန်းစီထားတဲ့ လွှတ်လူ အကျဉ်းသူတွေထဲက ဆံပင်နီကြောင်ကြောင် အသားမည်းမည်း ပိန်ပိန်ကပ်ကပ် အသက် ၂၀ ဝန်းကျင်လောက်ရှိမယ့် ကောင်မလေးတစ်ယောက်ကို လက်ညှိုးညွှန်ပြရင်း ဖြေပါတယ်။

"ဒေးဗစ်ချမ်းပေါ့ ဆရာ၊ ဒီနေ့ လွှတ်မယ်ဆိုတာကို သူသိပြီးသား၊ မနေ့ကတည်းကလည်း ထပ်ပြောပြီးသား။ အဲဒါ လူခေါ်တော့ သူပျောက်နေလို့"

ဒေးဗစ်ချမ်းဆိုပဲ။ အဲဒီ မည်းမည်းသည်းသည်း ပိန်ပိန်ကပ်ကပ် ကောင်မလေးကို ရဲကျော်တစ်ချက်လှမ်းကြည့်လိုက်မိတယ်။

ဟုတ်တယ်၊ လက်တစ်ဖက်မရှိဘူးပဲ။ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ လက်တစ်ဖက်ပြတ် သိုင်းသမား တရုတ်ရုပ်ရှင်ဇာတ်ကားကို ရုတ်ခြည်း သတိရလိုက်မိတယ်။ ဇာတ်လိုက်မင်းသားက လက်တစ်ဖက်ပြတ် သိုင်းသမားလေ။ သူ့နာမည်က ဒေးဗစ်ချမ်း၊အခုလည်း ဒီတစ်ယောက်က ဒေးဗစ်ချမ်းဆိုပဲ။

ထောင်မှူးမမက ဆက်ပြောပြတယ်။

"အဲဒါနဲ့ ကျွန်မတို့လည်း ပြာယာခတ်သွားတယ်။ ထွက်များပြေးသလား ပေါ့။ ထွက်ပြေးဖို့လည်း မဖြစ်နိုင်ဘူးလေ၊ နောက်ပြီး သူက ထွက်ပြေးမယ့် သူလည်း မဟုတ်ဘူး။ အဲဒါ ဝိုင်းရှာကြတော့မှ သူက ဆန်ရွေးတဲ့ အုပ်စုထဲ ဝင်ရောပြီး ပုန်းနေတာ"

အကျဉ်းသား ရိက္ခာဆန်များကို စပါးလုံးတွေ ခဲတွေရွေးဖို့ အမျိုးသမီး ထောင်ကျဆောင်က အကျဉ်းသူများကို တာဝန်ပေး စေခိုင်းထားပါတယ်။ နေ့စဉ် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒေးဗစ်ချမ်းလို့ သူတို့ပြောတဲ့ ကောင်မလေးက လွတ်လူခေါ်တဲ့အချိန်မှာ အဲဒီဆန်ရွေးတဲ့အုပ်စုထဲ ဝင်ရောပြီး ပုန်းနေတယ်ဆိုပါ လား။

(၅)

အဲဒီနေ့က လွတ်လူအကျဉ်းသူတွေ ဆက်လွတ်ပေးပြီးနောက် ဒေးဗစ်ချမ်း ရဲ့ အကြောင်းက အတွေးထဲ တောက်လျှောက် လိုက်ပါပြီး စိုးမိုးလာတယ်။

"သူက မလွတ်ချင်ဘူးလေ၊ အိမ်ကို မပြန်ချင်ဘူး။ ဒီမှာက ဝဝလည်း စားရတယ်။ လုံလုံခြုံခြုံလည်း အိပ်ရတယ်တဲ့။ ဟိုပြန်ရောက်ရင် သူက ပထွေး နဲ့နေရမှာ"

ထောင်မှူးမမ ပြောပြခဲ့တဲ့ အကြောင်းအရာတွေကိုလည်း ကြားယောင်နေမိ တယ်။

ထောင်က မလွတ်ချင်တဲ့ အကျဉ်းသူတစ်ယောက်။

အိမ်ကို မပြန်ချင်တဲ့ မိန်းကလေးတစ်ယောက်အကြောင်းက ရဲကျော်ရဲ့ အတွေးထဲ တစ်ဝဲလည်လည် ဖြစ်နေပါတော့တယ်။

ဘာတဲ့။

အပျော်ဆုံးရက် ၃ ရက်ထဲက "ထောင်ကလွတ်တဲ့ရက်" သူ့ကျမှ မပျော်ဘူးဆိုပဲ။

ထောင်က မလွတ်ချင်ဘူး ဆိုပဲ။

ဒေးဗစ်ချမ်း။

ဒီနာမည်က အမျိုးသမီးထောင် တာဝန်ခံ ဆရာမကြီးပေးထားတဲ့ နာမည်။ လက်မောင်းရင်းနားက ပြတ်နေတဲ့ သူ့ရဲ့လက်တစ်ဖက်ကို အကြောင်းပြုပြီး

ပေးထားတဲ့ နာမည်ပါ။ တစ်ချိန်က ထင်ရှားခဲ့တဲ့ လက်တစ်ဖက်ပြတ် သိုင်းသမား တရုတ်ရုပ်ရှင်မင်းသားရဲ့ နာမည်ပေါ့။

သူ့လက်တစ်ဖက်က သူ့ရဲ့ဈေးဘူတာမှာ ရထားပေါ်က ပြုတ်ကျပြီး ရထားဘီးနဲ့ ကြိတ်ခံလို့ ပြတ်သွားခဲ့တာလို့ သိရတယ်။ ကြီးကောင်ဝင်စ အရွယ်မှာ ရထားပေါ် ဈေးရောင်းရင်း သူငယ်ချင်းတွေနဲ့ ကလေးသဘာဝ ဆော့ကစားရင်း ဖြစ်ခဲ့တာ။

သူ့မှာ အဖေမရှိတော့ဘူး။ အမေက နောက်အိမ်ထောင်နဲ့ဆိုတော့ သူက ပထွေးနဲ့ နေရတယ်။ အမေက ကျန်းမာရေးမကောင်းဘူး။ ပထွေးက သူ့ရဲ့ဈေး တစ်ဝိုက်မှာ ကုန်ထမ်း၊ တောက်တိုမယ်ရ အကုန်လုပ်တယ်။ အရက်မူးလာရင် သွေးဆိုးတတ်တယ်။

ဒေးဗစ်ချမ်း ငယ်တုန်းကတော့ သိပ်ပြဿနာ မရှိလှပေမယ့် အရွယ်လေး ရလာပြီးတဲ့ နောက်ပိုင်းမှာ ပထွေးက သူ့ကို အလွတ်မပေးချင်တော့ဘူး။ လစ်ရင် လစ်သလို ကြံချင်လာတယ်။ ဒီတော့ ဒေးဗစ်ချမ်းက အိမ်မှာ မပျော်တော့ဘူး။ သူ့အိမ်မှာနေရင်းနဲ့ကို သူ့ဘဝက လုံခြုံမှုမရှိတော့တဲ့ အခြေအနေဖြစ်လာတယ်။

ဒီလိုနဲ့ တစ်ရက်မှာ မူးရူးပြီး သောင်းကျန်းနေတဲ့ ပထွေးဖြစ်သူနဲ့ ပြဿနာ အကြီးအကျယ်တက်ပြီး အိမ်က ထွက်လာခဲ့တယ်။ တစ်နေကုန် ခြေဦးတည့်ရာ သွားလာရင်း ညမိုးချုပ်လာတယ်။ အိမ်မှာ အိမ်ရာထဲ ပက်လက်လေးကျန်ခဲ့တဲ့ အမေ့ကို သတိရပေမယ့်  အိမ်ကို မပြန်ချင်ဘူး။ မပြန်ရဲဘူး။ ဒီလိုနဲ့ ညမိုးချုပ် တဲ့အချိန်အထိ လမ်းပေါ်မှာ ယောင်လည်လည်လုပ်နေရင်း သူ့အဖမ်း ခံလိုက်ရ တယ်။ မှောင်ရိပ်ခိုမှု၊ မသင်္ကာမှုဆိုပါတော့။

အဲဒီအချိန်တုန်းက လမ်းပေါ်မှာ လေလွင့်နေသူတွေ၊ အခြေအနေမဲ့တွေကို စီမံချက်နဲ့ ဖမ်းဆီး အရေးယူတာမျိုးတွေ ရှိတယ်။ မသင်္ကာမှု၊ မှောင်ရိပ်ခိုမှုလို့ လည်း ခေါ်ကြတယ်။ ပုဒ်မ ၃၀(ဃ)ပေါ့။ ရဲကျော်တို့ကတော့ သာတီးဒီလို့ အလွယ် ခေါ်ကြတယ်။

အဲဒီတုန်းကများဆိုရင် စီမံချက်အရ သတ်မှတ်အမှုအရေအတွက် မပြည့် ပြည့်အောင် ဖမ်းကြရတာတွေ ရှိခဲ့ဖူးတယ်။ အများအားဖြင့်တော့ ဒေးဗစ်ချမ်း တို့လို သာတီးဒီတွေပေါ့။ ပြစ်ဒဏ်က အကြာကြီးလည်း ချလို့ မရဘူး။ လွန် ရောက်ျရော လပိုင်းဝန်းကျင်ပဲ။

နယ်ကနေ မြို့တက်လာပြီး နီးစပ်ရာ တည်းခိုရင်း ညှို့စာရင်းမတိုင်လို့ ညှို့စာရင်းပုဒ်မနဲ့ ငြိစွန်းလို့ ထောင်ထဲ ရောက်လာရသူတွေလည်း အများကြီးပဲ။ ညှို့စာရင်းမတိုင်မိလို့ ထောင်ကျပြီး မင်္ဂလာဆောင်မဲ့ရက် နောက်ဆုတ်လိုက်ရတာမျိုးတွေ၊ နယ်ကနေ အဝေးသင်စာမေးပွဲ လာဖြေရင်း ညှို့စာရင်းမတိုင်မိလို့ ထောင်ထဲရောက်လာပြီး စာမေးပွဲမဖြေလိုက်ရသူတွေလည်း တွေ့ဖူးတယ်။

အချို့ကျတော့ အိမ်ထောင်စုစာရင်းမရှိလို့ ရပ်ကွက်ထဲ ညှို့စာရင်းနဲ့ နေကြရင်း ညှို့စာရင်းစာအုပ် သက်တမ်းမတိုးမိလို့ ရောက်လာကြတာလည်း ရှိတယ်။ ဆိုးခိုး လုယက်လို့ မဟုတ်ဘဲ အဲဒီလိုမျိုး ထောင်ထဲ ရောက်လာရသူတွေ အများကြီးရှိခဲ့တယ်။

ဒေးဗစ်ချမ်းအကြောင်း ဆက်ပြောရရင် ထောင်ထဲရောက်လာတော့မှ သူ့ဘဝက လုံခြုံအေးချမ်းသလို ရှိသွားတယ်။ သူ့ကို စော်ကား နှောင့်ယှက်မဲ့သူ မရှိတော့ဘူး။ အန္တရာယ်ကင်းကင်းနေရတယ်။ ကောင်းကောင်း အိပ်ရတယ်။ ကောင်းကောင်းစားရတယ်။

တစ်ခေတ်တစ်ခါက အကျဉ်းထောင်တွေမှာ အကျဉ်းသားကို ထမင်းကျွေးတဲ့အခါ ပုံစံနဲ့ ကျွေးခဲ့တာမျိုး ရှိခဲ့ဖူးတယ်။ ဒီဘက်ခေတ် ပြုပြင်ပြောင်းလဲရေးတွေလုပ်လာတော့ အကျဉ်းသားကို ကျွေးမွေးတဲ့အခါမှာ "ပုံစံမလို၊ အဝစား" ဆိုတာမျိုး ဖြစ်လာတယ်။ ဘဝပေး အခြေအနေအရ ဝဝလင်လင် မစားမသောက်ခဲ့ရတဲ့ ဒေးဗစ်ချမ်းလို လူမျိုးအတွက်ကတော့ ထောင်ဆိုတာဟာ လောကနိဗ္ဗာန်ပဲပေါ့။

ရေတောင် ဝဝမချိုးခဲ့ရတဲ့ ဒေးဗစ်ချမ်းတစ်ယောက် အိုးဘိုထောင်ထဲ ရောက်လာမှ လူမွေးလူတောင် တောက်ပြောင်ပြီး တစ်သွေးတစ်မွေး ဖြစ်လာခဲ့တယ်ဆိုရမယ်။

ပြောရရင် ထောင်ထဲမှာ နေထိုင်စားသောက်ရတဲ့ သူ့အခြေအနေဟာ ဒေးဗစ်ချမ်းအဖို့ ပြင်ပလောကမှာ နေခဲ့ရတဲ့ ဘဝအခြေအနေထက် အပုံကြီး သာလွန်နေတယ်။ ဒီတော့ သူ့ပြစ်ဒဏ်ရက်စေ့ချိန်မှာ ထောင်က မထွက်ချင်တာ တကယ်ဆို မထူးဆန်းဘူး။

ပင်ကိုယ်ကလည်း မူလနေထိုင်မှုဘဝမှာ မပျော်ပိုက်တဲ့အပြင် ထောင်က လွတ်သွားချိန်မှာ လူနေမှုဘဝပုံစံအရ မူလနေထိုင်မှုဓလေ့စရိုက် ပုံစံအတိုင်း

ပြန်လည် နေထိုင်သွားလာရင်း အဖမ်းခံရလိုက်၊ ကာလတိုပြစ်ဒဏ် သာဖြစ်လို့ ပြန်လွတ်သွားလိုက်၊ မကြာမီ စီမံချက်နဲ့ သိမ်းကြုံးဖမ်းဆီးခံရပြီး ထောင်ကို ပြန်ရောက်လာလိုက်နဲ့ သံသရာလည်နေပုံရပါတယ်။

ဒေးဗစ်ချမ်းတစ်ယောက် ထောင်ကလွတ်သွားပြီး သိပ်မကြာခင်မှာပဲ ထောင်ထဲထပ်ရောက်လာပြန်တယ်။ သာတီးဒီလို့ခေါ်တဲ့ ပုဒ်မ ၃၀(ဃ)နဲ့ပါပဲ။ လူတစ်ယောက်ပြစ်ဒဏ်ကာလစေ့လို့ ထောင်ကလွတ်သွားပြီးရင် နောက်ထပ် ထောင်ထဲ ထပ်မရောက်လာစေဖို့ ပြစ်ဒဏ်ကျ အကျဉ်းသားရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပေးဖို့ဆိုတာက ဒေးဗစ်ချမ်းလို လူမျိုးအတွက် အကြုံးဝင်ပါရဲ့လား။ သူထောင်ကျလာရတာက အကျင့်စာရိတ္တကြောင့်တော့ မဟုတ်ဘူးလေ။ ရဲကျော် စဉ်းစားရင်း ဘဝင်မကျ ဖြစ်ခဲ့ဖူးတယ်။

ရဲကျော်တို့ကတော့ ပြစ်ဒဏ်ရက်စေ့လို့ ထောင်က လွတ်သွားသူတိုင်းကို နောက်တစ်ခါ ထပ်မလာကြတော့ဖို့ မှာကြားစေလွှတ်ရစမြဲပါ။ ဒါပေမဲ့…။

ဒီလိုနဲ့ပဲ ရဲကျော် မှတ်မိသလောက် ဒေးဗစ်ချမ်းတစ်ယောက် ထောင်ကို ဝင်ချည်ထွက်ချည် လုပ်နေခဲ့တာ ရဲကျော် အိုးဘိုထောင် တာဝန်ယူခဲ့စဉ် ကာလ အတွင်း ၃/၄ ကြိမ်မကဘူး။

ဒါတောင် ဒေးဗစ်ချမ်းက ထူးခြားတဲ့ ဘဝနောက်ခံအခြေအနေနဲ့ ထင်ရှား လွန်းလှတဲ့ ခန္ဓာကိုယ် အမှတ်အသားဖြစ်တဲ့ တစ်ဖက်တည်းသာ ရှိတဲ့ လက် ကြောင့် ပေါ်လွင်ထင်ရှားပြီး သတိပြုမိခဲ့တာ။ အလားတူ ဒေးဗစ်ချမ်းမျိုးတွေ အများကြီးရှိခဲ့မယ်ဆိုတာ အသေအချာပါပဲ။

နောက်တော့ ဒေးဗစ်ချမ်းကို မတွေ့ရတော့ဘူး။ သူထောင်ထဲကို ၃/၄ ကြိမ်လောက် ဝင်ထွက်နေခဲ့ပြီးနောက်ပိုင်း ထပ်ရောက်မလာခဲ့တော့ဘူး။ သူ့အကြောင်း မေ့လောက်သလို ရှိချိန်မှာပဲ သူ့သတင်းက ထပ်ရောက်လာခဲ့ တယ်။ သတင်းကောင်းတော့ မဟုတ်ဘူး။ ဒေးဗစ်ချမ်းဆုံးသွားပြီတဲ့။ ဒီလိုပဲ သွားလာ လုပ်ကိုင် ရှာဖွေစားသောက်နေထိုင်ရင်း ခြေထောက်ကို သံစူးမိရာက ပိုးဝင်ပြီး ဆုံးသွားတာတဲ့။

ဘဝတစ်ခုတော့ အဆုံးသတ်သွားပြီ ဆိုပေမယ့် တွေးတောစရာတွေက အများကြီး ကျန်ခဲ့တယ်။ သူသာ အသက်ရှင်နေဦးမယ်ဆိုရင် အရင်လိုပဲ ထောင်ထဲကို ဝင်လိုက်ထွက်လိုက် လုပ်နေဦးမှာလားလို့လည်း အတွေးခေါင်မိ တယ်။

တကယ်ဆိုရင်တော့ အကြောင်းအမျိုးမျိုးနဲ့ တည်ဆဲဥပဒေများကို ချိုးဖောက်မိခဲ့ကြပြီး ထောင်ထဲကို ရောက်လာကြပေမယ့် ထောင်ကျသူတိုင်းက ရာဇဝတ်သားတွေ မဟုတ်ကြပါဘူး။ ဘဝပေးအခြေအနေကြောင့်၊ စနစ်ကြောင့် စသဖြင့် အခြေခံအကြောင်းတရားတွေ များစွာရှိခဲ့ကြပါတယ်။

"လူ့အဖွဲ့အစည်းတစ်ခုအား ရာဇဝတ်မှုများမှ ကာကွယ်ရန်" ဆိုတဲ့ ရည်မှန်းချက်အရ ပြစ်ဒဏ်ကျအကျဉ်းသားရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပေးနိုင်သည့်တိုင်အောင် အဲဒီအကျဉ်းသားတစ်ယောက် နောက်ထပ်ပြစ်မှုမကျူးလွန်စေဖို့၊ နောက်တစ်ခါ ထောင်ထဲပြန်ရောက်မလာဖို့၊ ဒေးဗစ်ချမ်းတို့လို ထောင်ထဲ ဝင်လိုက်ထွက်လိုက် မဖြစ်စေဖို့ဆိုတာကတော့ အကျဉ်းဦးစီးဌာနတစ်ခုထဲက စွမ်းဆောင်ဖို့ဆိုတာ…။ ရဲကျော် စဉ်းစားမိပါတယ်။ ဒီပြဿနာဟာ လူ့အဖွဲ့အစည်းနဲ့ဆိုင်တဲ့ ပြဿနာဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရသူများအား နောင်အလားတူ ထပ်မံမဖြစ်ပွား မကျူးလွန်ရလေအောင် ပြုပြင်ပြောင်းလဲပေးခြင်းဆိုတာဟာ အလွန်ပင် ကျယ်ပြန့်လှပြီး အချို့အချို့သော အကြောင်းတရားများဟာ **အကျဉ်းထောင်၌ ပြစ်ဒဏ်ချမှတ် ပြုပြင်ပေးခြင်း**ဆိုတဲ့ နည်းလမ်းတစ်ခုထဲနဲ့ မလုံလောက်ဘဲ သက်ဆိုင်ရာ လူမှုဝန်းကျင်အခြေခံကိစ္စရပ်တွေကအစ လုပ်နည်းလုပ်ဟန် ဥပဒေစည်းမျဉ်း ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံက ကြည့်မြင်သုံးသပ်ပြီး ဖြေရှင်းပေးနိုင်ဖို့၊ လူမှုဘဝဝန်းကျင် အခြေခံများ ပိုင်းဝန်းမြှင့်တင် အဖြေရှာပေးနိုင်ကြဖို့ အားလုံးမှာ တာဝန်ရှိတယ်လို့သာ ဆင်ခြင်တွေးတောမိခဲ့ပါတော့တယ်။

(၇)

ကြာခဲ့ပါပြီ။

ဘဝတစ်ကွေ့မှာ ရဲကျော်တစ်ယောက် အကျဉ်းဦးစီးဌာနကြီးကနေ ကျောခိုင်းနှုတ်ဆက် ထွက်ခွာခဲ့ပါတယ်။ အငြိမ်းစားတစ်ယောက်ဘဝနဲ့ မန္တလာမြေသို့တစ်ခါတစ်ခေါက် ပြန်ရောက်ရင်း မန္တလေးတောင်တော်ပေါ်ကနေ ဝန်းကျင်တစ်ခွင်ကို မျှော်ငေးနေမိခဲ့တယ်။

မြင်တွေ့နေရတဲ့ မြင်ကွင်းက တစ်သက်မမေ့ရက်စရာ နတ်ရေးတဲ့ ဆေးပန်းချီအလားပါပဲ။

ဟော…ဟိုမှာ ရစ်ခွေစီးဆင်းနေတာက ဧရာဝတီမြစ်ကြီး၊ ဟိုမှာက ရန်ကင်းတောင်ပါလား။ ဟောဟိုမှာ တွေ့နေရတဲ့ အဆောက်အဦဖြူဖြူကြီးက ဘာပါလိမ့်၊ သူနဲ့ မလှမ်းမကမ်းမှာ လှမ်းမြင်နေရတဲ့ စက်ဝိုင်းခြမ်းပုံသဏ္ဌာန် အဆောက်အဦးကြီးက…။

လွမ်းမောဖွယ် မြင်ကွင်းများကို တစ်စိမ့်စိမ့်ကြည့်ရှုခံစားရင်း စိတ်အစဉ်က အတိတ်လွင်ပြင်ဆီသို့ ခရီးဆန့်လိုက်၊ ပစ္စုပ္ပန်သို့ ပြန်ရောက်လာလိုက်ဖြင့် အစိုးမရရှိနိုင်လွန်းလှတယ်။

တစ်ခါက အမှတ်တမဲ့ မြင်ခဲ့ရပြီး ဘာကြီးမှန်းမသိခဲ့သော စက်ဝိုင်းခြမ်းပုံသဏ္ဌာန်အဆောက်အဦးကြီးမှာ ကိုယ်တိုင်တာဝန်ထမ်းဆောင်ခဲ့ရပြီး ထဲထဲဝင်ဝင်ပတ်သက်ခဲ့ရဖူးတဲ့ မိမိဖြစ်အင်ကိုလည်း မထူးသော်လည်း ဆန်းလှတယ်လို့သာ ထင်မြင်မိပါတယ်။

ဟိုတစ်ချိန်တုန်းက အဲဒီစက်ဝိုင်းခြမ်းပုံစံ အဆောက်အဦးကြီးထဲမှာ…။

လှုပ်ရှားရုန်းကန် သွားလာဖြတ်သန်းခဲ့ကြရတဲ့ ဘဝများ၊ ကြာခဲ့ပြီဆိုသော်လည်း မနေ့တစ်နေ့ကလို အဖြစ်များ။

အရာရာတိုင်းကတော့ သူ့အစီအစဉ်နဲ့သူ မပြတ်တမ်း မနားတမ်း၊ အဆက်မပြတ် လည်ပတ်လျက်သာ ရှိနေဆဲပါ။

သက်ပြင်းကို မျှဉ်းမျှဉ်းချရင်း တစ်စုံတစ်ယောက်ကို သတိရလိုက်မိပါတယ်။

ဒေးဗစ်ချမ်း…။

တစ်ခါတုန်းက ဒေးဗစ်ချမ်း….။

ကောင်းရာမွန်ရာ ဘုံဘဝမှ အေးချမ်းသာယာစွာ ရှိနေပါစေဟု။

အလားတူ ဒေးဗစ်ချမ်းလေးတွေလည်း ထပ်မံ၍ မပေါ်ပေါက်လာကြပါစေနဲ့ ဟူ၍သာ….။

ကြိုးစားပါဦးမည်

ရဲကျော်

## မနောမြေလမ်းစခန်းမှ အတွေ့အကြုံအပိုင်းအစများ

### ပေးဆပ်ခဲ့ကြရသည့်ဘဝများ

မြစ်ကြီးနား-ရွှေဘို ကားလမ်းဖောက်လုပ်ရေး လုပ်ငန်းတာဝန်နဲ့ မိုးကောင်း အလုပ်စခန်းမှာတာဝန်ကျနေတုန်း မိုးကောင်းမြို့ ကျွန်းတောလမ်း ပြုပြင်လမ်းချဲ့ရန် ကိစ္စအတွက် မြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်တာကြောင့် ချက်ချင်းပဲ ရသမျှ ရဲဘက်တွေကို စုစည်းရပါတယ်။ ရဲဘက် ၄၁ ယောက် ရပါတယ်။ အဲဒီနေ့က လမ်းပြုပြင်တာ ၅၆၀ပေ ပြီးစီးခဲ့ပါတယ်။ မြို့နယ် အကြီးအကဲက ကျွန်တော်တို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုကို သဘောကျပါတယ်။ ကျွန်တော့ကိုလည်း မှာကြားထားတာ ရှိပါတယ်။

"ကောင်လေး ငါလာ လာကြည့်မယ် မင်းအမြဲတမ်း ရှိနေပြီး ကြီးကြပ်ပေးပါ"

"ဟုတ်"ပေါ့။

ဒီတော့ကျွန်တော့မှာ အပေါ့ အပါးသွားချင်တာတောင် အပေါ့အပါး သွားနေတုန်း ရောက်လာရင် အပြစ်ပြောခံရမှာ စိုးလို့ အောင့်ထားခဲ့ရပါတယ်။ ဘယ်လူကြီးရဲ့ အပြစ်ပြောတာကိုမှ မခံချင်လို့ အပြစ် အပြော မခံရအောင် ကြိုးစားနေခဲ့သူမို့ ပိုပြီးအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းခွင်အနီးမှာ အချိန်ပြည့် ရှိနေခဲ့ပါတယ်။ ရက်သတ္တတစ်ပါတ်လောက်ကြာတော့ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လာတယ် ထင်ပါတယ်။ ဝမ်းဗိုက်ကအောင့်အောင့် လာပါတယ်။ သက်သာသွားလိုက်၊ အောင့်လာ လိုက်ဖြစ်လာပါတယ်။ ဒီတော့မှ ဈေးကုန်း ရပ်က ကျွန်တော့အစ်ကိုအိမ်အောက်ထပ်မှာ ဆေးခန်းဖွင့်ထားတဲ့ ဒေါက်တာ မိသန်းနုယဉ်ဆီမှာ ပြရပါတယ်။ ဆရာမက မြစ်ကြီးနားဆေးရုံကိုသာ သွားလိုက် ပါလို့ ပြောတာကြောင့် မီးရထားနဲ့ မြစ်ကြီးနားကိုသွားရပါတယ်။ မြစ်ကြီးနား ရောက်တော့ ဆေးရုံကို ချက်ချင်းမသွားသေးပဲ ကချင်ပြည်နယ်က နာမည်ကြီး

တိုင်းရင်းဆေးဆိုင် "သိနေဟ" ကနေ ဆေးတွေဝယ်ပြီး သောက်ကြည့်ဖို့ မြစ်ကြီးနားထောင်မှာ ရှိနေတဲ့ ကျွန်တော့ မမကြီးက အကြံပြုလို့ ဆေးတွေဝယ်ပြီး သောက်ကြည့်ခဲ့ပါသေးတယ်။ ဒါပေမဲ့ ထူးခြားစွာသက်သာလာမှု မရှိလို့ ၁၀-၅-၁၉၉၂ ရက်နေ့မှာ ဆေးရုံကိုသွားရပါတော့တယ်။ မြစ်ကြီးနားဆေးရုံမှာ ဓါတ်မှန်ရိုက်ပြီး စစ်ဆေးကြည့်တော့ အူမကြီးနံရံမှာ အညစ်အကြေးတွေ ကပ်နေတယ်ပြောပြီး ခွဲစိတ်မယ့်လူနာတွေထားတဲ့အခန်းထဲကို တန်းထည့်လိုက်ပါတယ်။ ခွဲစိတ်ရင်အသင့်ဖြစ်နေအောင် လုပ်သင့်လုပ်ထိုက်တာတွေကို လာရောက်လုပ်ပေးထားကြပါတယ်။ အဲဒီအချိန်မှာ ဇနီးနဲ့ သမီးကြီးက ပြင်ဦးလွင်ကို ရောက်နေကြတာကြောင့် ကျွန်တော့နားမှာ စောင့်မယ့်သူတစ်ယောက်မှ ရှိမနေပါဘူး။ လိုအပ်တာတွေကိုတော့ မြစ်ကြီးနားထောင်မှာ ရှိနေတဲ့ မမကြီးက ဆောင်ရွက်ပေးလို့တော်ပါသေးတယ်။ ဝမ်းဗိုက်ခွဲစိတ်ခံရမှာကိုတွေးကြောက်ပြီး အဲဒီညက ညဥ့်နက်မှ အိပ်နိုင်ခဲ့ပါတယ်။

မြစ်ကြီးနားဆေးရုံ တက်ရောက်နေစဉ် ၁၁-၅-၁၉၉၂ ရက်နေ့မှာ ဆရာဝန်ကြီးက လှည့်လည် စစ်ဆေးပြီး ဝမ်းချုရန်၊ ဆေးထိုးရန်၊ ဆေးများစားရန်တွေ ရေးသွားခဲ့ပါတယ်။ စောင့်ကြည့်မယ်လို့လည်း ပြောသွားပါတယ်။ ဝမ်းချုပေးပါတယ်၊ နေ့စဉ်နှစ်ကြိမ်ဆေးထိုးပေးပါတယ်။ နေ့စဉ်လေးကြိမ်ဆေးတွေ သောက်စေပါတယ်။ ၁၂-၅-၁၉၉၂ ရက်နေ့မှာတော့ ဝမ်းဗိုက်အောင့်တာ သက်သာလာပါပြီ။ မခံမရပ်နိုင်မရှိတော့ပါဘူး။ ဆရာဝန်ကြီးက ခွဲစိတ်စရာမလိုတော့တဲ့သဘော ပြောလာလို့ ဝမ်းသာသွားရပါတယ်။

ဒီလိုနဲ့ ဆေးရုံမဆင်းခင်တစ်ရက် ညနေပိုင်းမှာ ကျွန်တော့ရဲ့ အခန်းဘေးစင်္ကြံလမ်းမှာ လူသွားလူလာတွေ များနေတာကို စာအုပ်ဖတ်ရင်း သတိပြုမိလာလို့ ကြည့်မိတော့ အကျဉ်းဦးစီးယူနီဖောင်းဝတ် ဝန်ထမ်း တွေဖြစ်လို့နေပါတယ်။ တွေ့သမျှကလည်း သပ်သပ်ရပ်ရပ်ရှိမနေကြပဲ စုတ်စုတ်ပြတ်ပြတ် အနေအထားတွေက များနေပါတယ်။ မိမိဘဝရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်တဲ့ ဌာနရဲ့ ဂုဏ်သိက္ခာအတွက် ယူနီဖောင်းလေးတွေကိုတော့ သပ်သပ်ရပ်ရပ် ဝတ်သင့်ကြတာကို ဘာလို့မဝတ်ကြပါလိမ့်လို့ တွေးမိလိုက်ပါတယ်။

အခန်းအပြင်ထွက်ပြီး အကျဉ်းဦးစီးဝန်ထမ်း တစ်ယောက်ကို မေးမြန်းကြည့်တော့မှ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းဖောက်လုပ်ရေးရဲ့ ရှေ့တန်းစခန်းတွေကို

ရိက္ခာသွားပို့တဲ့ ကားတစ်စီးလမ်းမှာမှောက်လို့ သေသူကသေ၊ ဒဏ်ရာ ရသူက ရကြလို့ လူနာတွေ ဆေးရုံရောက်လာကြခြင်းဖြစ်ကြောင်း သိလိုက်ရပါတယ်။ အခြေအနေ အပြည့်အစုံကတော့ မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းဖောက်လုပ်ရေး အလုပ်စခန်းရဲ့ စခန်းတာဝန်ခံရုံး ရုံးစိုက်တဲ့ မြစ်ကြီးနားမြို့ဘက်စုံခြံကနေ ဒရူခ၊ ၆၉ မိုင်စတဲ့ ရှေ့တန်း စခန်းခွဲတွေကို ရိက္ခာတွေပို့ရန်နဲ့ ဝန်ထမ်းတွေ အချိန်းအပြောင်းအတွက် ကပရက TE ကား အပြာတွေနဲ့သွားကြကြောင်း (ဘယ်နှစ်စီးလဲတော့မသိပါ)၊ ဒုတပ်ကြပ်မောင်ရွှေက ခေါင်းဆောင်သွားရကြောင်း၊ မြစ်ကြီးနားမြို့အထွက် အုပင်ရွာအနီး သစ်သားတံတားတစ်ခုမှာ များများ ဝိုက်ပြီးမှတံတားပေါ်ကို တက်ရမယ့်အစား အဝိုက်နည်းသွားတာကြောင့် တံတားရဲ့ တစ်ဖက် စွန်းကိုနင်းမိပြီး ခင်းထားတဲ့ပျဉ်ချောင်းတွေက လန်ကျကုန်ကြောင်း၊ ပျဉ်ချောင်းတွေနဲ့အတူ ကားကြီးတစ်စီးလုံးလည်း ချောင်းထဲကို ပက်လက်အနေ အထားနဲ့ ကျသွားကြောင်း၊ ယာဉ်တန်းကြုံလိုက်လာတဲ့ ထောင်မှူးဇနီးတစ်ယောက် နားရွက်တစ်ဖက် စုတ်ပြဲသွားကြောင်း၊ ဒုတပ်ကြပ် မောင်ရွှေက ဆန်အိတ်တွေပိပြီး ခါးရိုးအက်သွားကြောင်း၊ ဒုတပ်ကြပ်သက်လွင်ဦးက ခြေထောက် တစ်ဖက်ကျိုးသွားကြောင်း၊ သူတို့ကို အခုဆေးရုံတင်ထားကြောင်း၊ ခြေထောက် ကျိုးသွားတဲ့ ဒုတပ်ကြပ်သက်လွင်ဦးရဲ့ ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင် အမျိုးသမီး ကတော့ ကားအောက်မှာပိသွားလို့ နောက်မှအလောင်းကို ဖော်ယူရကြောင်း၊ သရက်ထောင်က တပ်ကြပ်တင်ညိုကတော့ ကပရကားကအင်ဂျင်တုံးကြီး ပြုတ် ထွက်ပြီး အဲဒီအင်ဂျင်တုံးကြီးက ခန္ဓာကိုယ်ကိုပိမိပြီး သေဆုံးကြောင်း၊ နောက်ထပ် တပ်ကြပ်တစ်ယောက်လည်း သေဆုံးကြောင်း၊ သေဆုံးကြသူများရဲ့ ရုပ်အလောင်း တွေ ဆေးရုံရင်ခွဲရုံကိုရောက်နေကြပြီဖြစ်ကြောင်းတွေကို နားမချမ်းသာစွာ စိတ်မကောင်းစွာနဲ့ ကြားသိရလိုက်ရပါတယ်။ ကျွန်တော့်မှာ ခပ်မျှင်းမျှင်းလေး အောင့်နေသေးတဲ့ ဝမ်းဗိုက်ဝေဒနာက ဘာဆေးမှ မစားရပဲ အံ့ဩဖွယ်ရာ လုံးဝလုံးဝ ပျောက်ကင်းသွားပါတော့တယ်။

ကျွန်တော့်ထက် အဆပေါင်းများစွာ ဝေဒနာတွေခံစားရသူတွေရှိလာပြီမို့ ကျွန်တော့်ရဲ့ဝေဒနာက ဘာမှမဟုတ်တော့တဲ့ သဘောပါ။ သေသွားကြသူတွေ ဒဏ်ရာရကြသူတွေအတွက် စိတ်မကောင်း ခြင်းများစွာနဲ့ ဖြစ်မှဖြစ်ရလေခြင်း၊ အဝေးတစ်နေရာ အကျဉ်းထောင်/အလုပ်စခန်း အသီးသီးမှာ ရှိနေကြတဲ့

သူတို့ရဲ့မိသားစုတွေ ကြားသိကြရင် ကြေကွဲဝမ်းနည်း ပူဆွေးကြမယ့် အနေအထား တွေကို ကြိုတင်မှန်းဆပြီး မိသားစုများနဲ့ထပ်တူ ခံစားဝမ်းနည်းနေမိပါတော့ တယ်။

ရိက္ခာပို့တဲ့ကား မှောက်ခဲ့တဲ့အခြေအနေတွေက ဝမ်းနည်းစရာ၊ စိတ်မကောင်း စရာတွေ များလှပါတယ်။ ရင်ထဲခံစားရလွန်းလို့ ဆက်တောင်မရေး ချင်ပါဘူး။ ဒါပေမဲ့ အကျဉ်းဦးစီးဌာနကဝန်ထမ်းတွေလည်း နိုင်ငံတော်တည်ဆောက်ရေး တွေမှာ ဒုက္ခဆင်းရဲတွေ ချွေးတွေ၊ သွေးတွေ၊ ရင်နာစရာတွေ၊ အသက်တွေနဲ့ ပေးဆပ်ခဲ့ကြရတယ်ဆိုတာကိုတော့ သိကြ စေချင်လို့ စိတ်မကောင်းစွာနဲ့ ဆက်ရေး ရပါတယ်။ ကားမှာပါသွားတဲ့ တပ်သားလှမျိုးဆန်းရဲ့ ပြောပြတာကို ကိုယ်တိုင် ကြားခဲ့ရတဲ့သတင်းက အလွန်ကို စိတ်မကောင်းစရာ ကြေကွဲစရာပါ။ တပ်ကြပ် ဦးတင်ညိုက သရက်အကျဉ်းထောင်ကပါ။ ကျွန်တော်ငယ်ငယ်က ကျွန်တော့ မမကြီး ရှိတဲ့ သရက်အကျဉ်းထောင်ကို ခဏခဏရောက်ခဲ့ဘူးတာကြောင့် ဦးတင်ညိုကို ကောင်း ကောင်းသိနေခဲ့ပါတယ်။ ယာဉ်တန်းမှာ တပ်ကြပ် ဦးတင်ညိုရဲ့ သားလေးလည်း လိုက်ပါသွားခဲ့ပါတယ်။ သူစခန်းထွက်လာတော့ အဖော်အဖြစ်ခေါ်လာခဲ့တာပါ။ သားလေးရဲ့အသက်က ၁၂ နှစ် ဝန်းကျင်ခန့်ပဲ ရှိပါအုံးမယ်။ ကားကတံတားအောက်ကို ပက်လက်ကျသွားချိန်မှာ ကားရဲ့ အင်ဂျင်တုံးကြီးကပြုတ်ထွက်ပြီး တပ်ကြပ်ဦးတင်ညိုကို ကံဆိုးစွာ 'ပိ' သွားခဲ့ပါ တယ်။ ပိုလို့ကံဆိုးတာက တံတားအောက်ကချောင်းရေထဲပါနစ်သွားခဲ့ပါတယ်။ ချောင်းရေက သိပ်တော့ မနက်လှပါဘူး။ ဒီတော့သူ့ရဲ့သားလေးက သူ့ရဲ့အဖေ အသက်ရှုလို့ရအောင် သူ့အဖေရဲ့ဦးခေါင်းလေးကို 'မ' ထားပြီး နှာခေါင်း လေးပေါ်အောင်လုပ်ထားလိုက်ပါတယ်။ သူ့အဖေကိုကယ်ကြပါဦးလို့လည်း ငိုကြွေးရင်းက အော်ဟစ်အကူအညီတောင်းနေခဲ့ပါတယ်။ တပ်ကြပ်ကိုတင်ညိုက သူ့သားလေးရဲ့မျက်နှာကို သေချာကြည့်သွားခဲ့တယ်လို့ သိရပါတယ်။ သူ့ကိုယ်သူ အခြေအနေမဟန်တော့ဘူးဆိုတာ သိနေတာကြောင့် ကြေကွဲစွာ၊ ဝမ်းနည်းစွာနဲ့ နှုတ်ဆက်တဲ့သဘောဖြစ်မှာပါ။ စကားလည်းနည်းနည်းတော့ ပြောသွားလိမ့် မယ်လို့ ထင်ပါတယ်။ တပ်သားလှမျိုးဆန်းနဲ့ အခြားဝန်ထမ်းတွေက တပ်ကြပ် ကိုတင်ညိုကို ကယ်တင်နိုင်ရေးအတွက် ချောင်းဘေးကစိုက်ခင်းတွေကို ကာရံ ထားတဲ့ ခြံစည်းရိုးတိုင်တွေ ချွတ်ယူပြီး အင်ဂျင်တုံးကြီးကို 'မ' ကြပါတယ်။

အင်ဂျင်တုံးကြီးက လေးလွန်းတာရယ် ခြံစည်းရိုး တိုင်တွေက ဆွေးနေတာရယ် ကြောင့်၊ 'မ'လို့မရပဲ ခြံစည်းရိုးတိုင်တွေသာ တစ်ချောင်းပြီး တစ်ချောင်း ကျိုးကုန်ပါတယ်။ နောက်ကြာလာတော့ ဆရာကိုတင်ညိုမှာ တောင့်မခံနိုင်တော့ပဲ ကွယ်လွန်သွားခဲ့ရှာပါတယ်။ အကယ်၍အင်ဂျင်တုံးကြီးကို 'မ'လို့ရခဲ့ရင်လည်း ရေအောက်ထဲ ခန္ဓာကိုယ်ကိုပိနေတာမှာ ဒါဏ်ရာတွေ ရနေမှာကြောင့် အသက်ရှင် နိုင်ဘွယ် မရှိပါဘူး။ ဆရာဦးတင်ညိုရဲ့သားလေးက သူ့အဖေရဲ့ အလောင်းကို မလွှတ်သေးပဲ ဦးခေါင်းလေးကို 'မ'ထားပြီး 'အဖေ့ကိုကယ်ပေးကြပါအုံး'လို့ ပြောပြီးအော်ငိုနေသေးလို့ အတန်ကြာတဲ့အထိ ချော့မော့မှပဲ လွှတ်ပေးတယ်လို့ ပြောပါတယ်။ အလောင်းကတော့ ရေအောက်မှာပဲ ထားရပြီး နောင်မှ ဖော်ကြရပါတယ်။ ဒုတကသက်လွင်ဦးဇနီးရဲ့အလောင်းနဲ့အတူ မြှုပ်နေခဲ့တာပါ။ အဲဒီကလေးက ကျွန်တော်သရက်အကျဉ်းထောင်မှာ တာဝန်ထမ်းစဉ် ၁၉၉၅-၂၀၀၀ ခန့်မှာ တပ်သားလေးအဖြစ် ဝင်ရောက်တာဝန်ထမ်းခဲ့ပါတယ်။ နာမည်တော့ မေ့နေပါပြီ။ အခုတော့ ဘယ်ထောင် ဘယ်စခန်းရောက်နေတယ်မသိတော့ပါဘူး။ ရှေ့ပိုင်းမှာ ခြေထောက်ကျိုးတယ်လို့ ဖော်ပြခဲ့တဲ့ ဒုတပ်ကြပ်သက်လွင်ဦးက တကယ်တော့ အရိုးတွေကြေသွားခဲ့တာပါ။ ဆရာဝန် ကြီးက ခြေထောက်ဖြတ်ရ မယ်လို့ ပြောပေမယ့် မဖြတ်ပါရစေနဲ့လို့ ငြင်းဆန်ပြီး ခြေထောက်ဖြတ်ဖို့အတွက် လက်မှတ်ထိုးမပေးလို့ ကျောက်ပတ်တီးပဲ ကိုင်ပေးထားရပါတယ်။ ဒုတက သက်လွင်ဦးကို ကျွန်တော်ကိုယ်တိုင် သွားတွေ့ပြီး အားပေးခဲ့ပါသေးတယ်။ ကျွန်တော်နဲ့ စကားပြောစဉ်မှာတော့ နည်းနည်းကိုက်နေတယ်လို့ပြောပြီး အေးအေး ဆေးဆေး လန်းလန်း ဆန်းဆန်းပါပဲ။ နောက်နှစ်ရက်လောက်မှာတော့ သူ့ခြေထောက်က ပုပ်စော်နံလာပါပြီ။ သူ့နား သွားသူတွေ အနံ့မခံနိုင်တဲ့အထိ ဖြစ်လာပါတယ်။ "ကိုက်တယ်၊ ကိုက်တယ်" ဆိုပြီး အော်နေရပါပြီ။ မခံ မရပ်နိုင်အောင် ဖြစ်လာတော့မှ ခြေထောက်ဖြတ်ပါ့မယ်လို့ ပြောလာပါတယ်။ ပထမတုန်းကသဘောတူခဲ့ရင် ခြေမျက်စေ့အထက် ဒူးအောက်လောက်ကသာ ဖြတ်ရမှာ ဖြစ်ပေမယ့် နောက်ကျသွားတဲ့အတွက် ဒူးအထက်က ဖြတ်ရပါတော့ တယ်။ ဒါပေမဲ့ စိတ်မကောင်းစရာပါ။ ခြေထောက်ဖြတ်ပြီး နောက်ရက်မှာပဲ ကွယ်လွန်သွားရှာပါတယ်။ ရိုးတွင်းချဉ်ဆီ ပိုးဝင်တယ်ဆိုလား၊ ဘာဖြစ်တယ် ဆိုလားမသိတော့ပါဘူး။ ကားအောက်ကိုပိနေပြီး နောင်မှဖော်ထုတ်ရတဲ့ သူ့ရဲ့ဇနီး

ကိုယ်ဝန်ဆောင်အလောင်းက သူနဲ့ ကိုက် ၁၅၀ အတွင်း လောက်သာ ဝေးတဲ့ ရင်ခွဲရုံမှာ ရှိနေပေမယ့် လမ်းမလျှောက်နိုင်တာကြောင့် သူအသက်ရှိနေစဉ် လေးမှာနှုတ်ဆက်အကြည့်လေးတောင် ကြည့်မသွားနိုင်ခဲ့ပါဘူး။ နောက်သေဆုံး သွားတဲ့ တပ်ကြပ်တစ်ယောက်ကလည်း ကံဆိုးခဲ့ပါတယ်။ ကားမှာဆန်အိတ် တွေတင်လာတာမှာ ဆန်အိတ်တွေက ကားရဲ့နောက်အမြီးထိမရောက်ပဲ နှစ်ပေခွဲ လောက်လွတ်နေပါတယ်။ ရိက္ခာပို့ တာဝန်ခံ ဒုတပ်ကြပ်မောင်ရွှေက သိပ်နေ မကောင်းနေတာကြောင့် လေတိုက်မခံရအောင် အဲဒီလွတ်နေတဲ့ ကားနောက် ပိတ်တံခါးနဲ့ ဆန်အိတ်တွေရဲ့ကြားလေးမှာ စီးခဲ့ပါတယ်။

ကားမ မှောက်ခင်လေးမှာ အခုမှ တောင်ငူ လေးမိုင်စခန်းမှ ပြောင်းလာတဲ့ တပ်ကြပ်ဦးအေးကိုကလည်း ဖျားနေတာကြောင့် ဒုတပ်ကြပ်မောင်ရွှေကို "အဲဒီ နေရာလေး ကျွန်တော်နေပါရစေ၊ လေတိုက်ပြီးချမ်းနေလို့ပါ" လို့ ပြောလာ ပါတယ်။ ဆရာမောင်ရွှေက စိတ်ကောင်းရှိသူ ကူညီတတ်သူဆိုတော့ သူလည်း နေမကောင်းဖြစ်နေပေမယ့် ဖယ်ပေးလိုက်ပါတယ်။ ကားလည်းမှောက်ရော အဲဒီဆရာက ဆန်အိတ်တွေ အောက်ကိုရောက်ပြီး ကွယ်လွန်သွားရှာပါတယ်။ ဆရာမောင်ရွှေနဲ့ နေရာမချိန်းခဲ့ရင် သေချင်မှသေမှာပါ။ "သေချင်တဲ့ကျား တောပြောင်း" ဖြစ်သွားရရှာပါတယ်။

ဒုတပ်ကြပ်မောင်ရွှေကတော့ ကံကောင်းသွားသူလို့ ပြောရမယ်ထင်ပါတယ်။ ဒါပေမယ့် ကံတရားဆိုတာ ဆန်းကျယ်လွန်းပါတယ်။ သူနေရာဖယ်မပေးရပဲ မူလနေရာမှာသာ ရှိနေခဲ့ရင်လည်း သေဘေးကနေ ကြံဖန်ပြီး လွတ်ချင်လွတ် နေအုံးမှာပါ။ မသေခဲ့ပေမယ့် ခါးအောက်ပိုင်ကို ဆန်အိတ်တွေပိပြီး သတိမေ့ သွားခဲ့ပါတယ်။ ခါးရိုးအဆစ်အက်သွားတာကြောင့် ခွဲစိတ်ခန်း ဝင်ခဲ့ရပါတယ်။ အောက်ပိုင်းမသေခဲ့ပေမယ့် ဒီနေ့အထိ တစ်ခါတစ်ရံ ကိုက်ခဲနေတုန်းပါ။ နဂိုမူလ အတိုင်းတော့ မဟုတ်တော့ပါဘူး။

ကချင်ပြည်နယ်လမ်းများ တိုးချဲ့ ဖောက်လုပ်ရေးစခန်းတွေကို ရောက်လာ ကြတဲ့ အရာရှိ အခြားအဆင့်တိုင်းဟာ မိသားစုတွေ ခေါ်မလာကြတာများပါ တယ်။ ကိုယ်တွေတောင် ဘယ်လိုနေရ စားရမယ်မှန်းမသိ ခက်ခဲလှတဲ့ဒေသမှာ မိသားစုတွေကို ခါးသည်းမှုတွေ မကြုံကြစေချင်တာက အိမ်ဦးနတ်များဖြစ်ကြတဲ့ ဝန်ထမ်းတိုင်းပါ။ ဒုတပ်ကြပ် မောင်ရွှေက ကျွန်တော်နဲ့ ဘဲလင်းကျောက်ထုတ်

စခန်း(၂)နဲ့ ရန်-မန်း အမြန်လမ်းမှာ အတူထမ်းဆောင်ခဲ့ဘူးကြတာကြောင့် အလွန်ကိုရင်းနှီး ကြသူတွေပါ။ ခွဲစိတ်ခန်းထဲက ဝင်သွားချိန် ပြန်ထွက်လာချိန်တွေမှာ သူ့အနားမိသားစုတွေ မနေပါဘူး။ ကျွန်တော်ပဲ ရှိနေခဲ့ပါတယ်။ အနီးမှာရှိနေတဲ့ ခင်မင်ကြသူတွေသာအမျိုးလို့ ဆိုရပါမယ်။ ကျွန်တော့ရဲ့ ရောဂါက သက်သာ လာပြီးမို့ ၁၆/၆/၁၉၉၂ ရက်နေ့မှာ ဆေးရုံကဆင်းခဲ့ရပါတယ်။ ဆေးရုံက ဆင်းရတဲ့ ညနေကျမှပဲ မဟေသီက မေမြို့ကနေ ပြန်ရောက်လာခဲ့ပါတယ်။ ကချင်ပြည်နယ်မှာ အဲဒီကာလ တာဝန်ထမ်းဆောင်ကြတဲ့ အရာရှိတိုင်း၊ ဝန်ထမ်း တိုင်း ခါးသည်းမှုတွေကို အနည်းနဲ့အများ ခံစားခဲ့ကြရပါတယ်။ ထောင်ပိုင်ကြီး ဦးစိန်အောင်လည်း ရိက္ခာပို့ လိုက်သွားရာက ကားချောက်ထဲကျပြီး သေဆုံးခဲ့ သွားခဲ့ရတယ်။ ချီဖွေ-ဝိုင်းမော်ဘက်ကို ရိက္ခာတွေ သွားပို့တဲ့ ညွှန်ချုပ်ရုံး စီမံကိန်းဌာနက ပင်စင်ယူသွားတဲ့ ဌာနခွဲ စာရေးကြီးဦးစိုးသန်းလည်း ကားတစ်စီးလုံး သက်တမ်းလွန်နေတဲ့ တံတားပေါ်ကနေ ကျုံကျခဲ့ဘူးပါတယ်။ ကားရော ဆန်တွေရော ချောက်ထဲကျသွားပေမယ့် သူကတော့ ကံကောင်းစွာ တောင်စောင်းက ခြုံတွေပေါ် တင်နေခဲ့ပြီး သတိမေ့နေခဲ့ပါတယ်။ သတိပြန်ရတော့ သူကခြုံပေါ်မှာ ကားနဲ့ဆန်တွေက ဟိုးအောက်မှာလို့ ပြောပြဖူးပါတယ်။

## အလွမ်းပြေခရီး (၁)

ပင်စင်ယူဖို့ ပြင်ဆင်ခွင့် ၄ လခံစားနေစဉ်မှာ ကချင်ပြည်နယ်ကို ပြန်လည်ရောက်ရှိခဲ့ပြီး ဟိုတစ်ချိန်က မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်း တည်ရှိခဲ့ရာနေရာလေးဆီကို ၁-၅-၂၀၁၉ ရက်နေ့မှာ သွားရောက်ဖြစ်ခဲ့ပါတယ်။ ၁၉၉၃က နေ ၁၉၉၅ထိ နေခဲ့ဖူးတာပါ။ လမ်းတွေက နှစ်လမ်းသွားတွေဖြစ်နေပြီး လှပသပ်ရပ်နေတာ ဟိုတုန်းက ကြိုကြား ကြိုကြားရှိခဲ့တဲ့ လမ်းဘေးတလျှောက်အိမ်တွေက အခုတော့ ဆက်စပ်သွားတဲ့အပြင် ခေတ်မီလှပတဲ့တိုက်တာ အဆောက်အဦတွေကအမြင်တွေ ဆန်းနေတာမို့ အတော်မှန်းဆပြီး သွားရပါတယ်။ ဝန်ဆောင်တပ်ရင်းကို ဝင်တဲ့လမ်းရဲ့ ဝဲဘက်ခြမ်းမှာ အလွန်လှပ ခမ်းနားလွန်းလှတဲ့ အဆောက်အဦတွေ ရှိနေပါပြီ။ ကချင်ပြည်နယ်၊ လွှတ်တော်ရုံးတွေလို့ သိရပါတယ်။ ကျွန်တော် နေခဲ့ဖူးတဲ့ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းနေရာကို ရောက်ပါပြီ။ ပျက်စီးနေတဲ့ အဆောက်အဦးအိုကြီးတစ်လုံးနဲ့ သစ်လွင်စွာရှိနေပြီး ဆောက်လုပ်ဆဲ အုတ်ရိုးဝင်းကြီးကို တွေ့မြင်ရပါတယ်။ ပျက်စီးနေတဲ့ အဆောက်

အဦးအိုကြီးကတော့ ဗူး လို့ခေါ်တဲ့ တံခါးကြီးနဲ့ ဗဟိုကင်းတွဲလျက် အဆောက်အဦးဖြစ်ပါတယ်။ သစ်သား အဆောက်အဦကြီးပါ။ ဟိုတုန်းအခါက အဓိကနေရာလည်းဖြစ် ခမ်းနားထည်ဝါဆုံးလည်းဖြစ်တဲ့ ဒီအဆောက်အဦကြီးက အခုတော့ဖြင့် အိုမင်းရင့်ရော်ပြီး နွမ်းလျလို့နေပါပြီ။

သူ့ကိုမဆောက်ခင် ဒီနေရာကိုရှင်းလင်း ရာမှာပါခဲ့တဲ့ တစ်ထောင့်တစ်နေရာက ကြိုးကြပ်ခဲ့ဖူးတဲ့ ကျွန်တော့ကို ပြန်တွေ့တဲ့အခါမှာ သက်ရှိသာဖြစ်ခဲ့မယ်ဆိုရင် ဟိုတုန်းက အကြောင်းတွေကို လွမ်းမောစွာ ပြန်ပြောနေမယ်။ စတင်တည်ဆောက်ခဲ့ကြတဲ့ ထောင်ပိုင်ကြီး ဦးလှကြည်အပါအဝင် ဝန်ထမ်းတွေအကြောင်း တွေကို လည်းမေးနေမယ် မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ငိုကြွေးနေမယ်လို့ တွေးမိပါတယ်။ ဒီအချိန်မှာ လောကဓံတရားရဲ့ ရိုက်ပုတ်မှုဒဏ်တွေကို မခံရသေးတဲ့ အုတ်ရိုး၊ အသစ်ကြီးကတော့ ငါကွ ဆိုတဲ့ပုံစံနဲ့ မာန်တက်နေဟန် အဆောက်အဦးအိုကြီးကိုလည်း ဘာမှမစွမ်းနိုင်တော့ပါလား သနားစရာလေးပါလားဆိုတဲ့ အကြည့် ခေါင်းလေးတညိမ့်ညိမ့်နဲ့ ကရုဏာ သက်နေဟန်တို့ကို အတိုင်းသားမြင်တွေ့နေရပါတယ်။

နောင်တစ်ချိန်ငါလည်းပဲ ဒီအဆောက်အဦအိုကြီးကဲ့သို့ ပျက်သုဉ်းသွားမှာပါလားဆိုတဲ့ အတွေးမျိုး တစ်စက်လေးတောင် မရှိနိုင်တဲ့အပြင် အိပ်မက်တောင်မက်ဖူးသေးမှာ မဟုတ်ပါဘူး။ ကျွန်တော်ကတော့ သံဝေဂတွေ ပိုလို့ရနေပါပြီ။ ၁၉၉၃ တုန်းက ကျွန်တော့ရဲ့ နုပျိုလန်းဆန်း တက်ကြွမှုမျိုး အခု ၂၀၁၉ မှာ လုံးဝလုံးဝ မရှိတော့ပါဘူး။ အဆောက်အဦအိုကြီးကဲ့သို့ 'အို' နေပါပြီလား။ ကျွန်တော်တို့ ရောက်ရှိသွားချိန်မှာတော့ အုတ်ရိုး၊ တည်ဆောက်နေတဲ့ အဖွဲ့ထဲက လူငယ်လေးတစ်ယောက် ထွက်လာပြီး ယဉ်ယဉ်ကျေးကျေး မေးပါတယ်။

"ဦးတို့က ဘယ်ကပါလဲ ဘာအကြောင်းများ ရှိကြပါလဲခင်ဗျာ"

"ဦးက ဒီဝန်ဆောင်တပ်ရင်းကြီးကိုစတင် တည်ဆောက်ခဲ့စဉ်က တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အရာရှိတစ်ယောက်ပါ၊ ဒီမှာတာဝန်ထမ်း ဆောင်တုန်းက ထောင်မှူးလေးပါ၊ အခုတော့ ထောင်ပိုင်ကြီးထိရရှိခဲ့ပြီး ပင်စင်တောင်ယူခဲ့ပါပြီ။ ဒီကိုရောက်တုန်းလေး နေခဲ့ဘူးတဲ့ နေရာလေးကို အလွမ်းပြေလာကြည့်တာပါ"

လို့ရှည်ရှည်လျားလျား ပြောပြလိုက်ပါတယ်။ ဒီလိုပြောမှလည်းဖြစ်မှာပါ။ ကန့်သတ်နေရာလေးတစ်ခုမို့ အခြားသူတွေလာရင်တော့ ကန့်ကွက်၊ တားဆီးမယ်လို့ထင်ပါတယ်။

"အော်ဟုတ်ကဲ့ပါခင်ဗျ"

"အခုညီလေးတို့က ဘာလုပ်နေကြတာလဲ"

"ပေ ၅၀၀ ပတ်လည် အုတ်ရိုး တည်ဆောက်ဖို့ ကန်ထရိုက်ရထားလို့ပါခင်ဗျ"

လက်ရှိထောင်ကို ဒီနေရာရွှေ့ပြီး အဲဒီထောင်ကို အချုပ်ထောင်အဖြစ်ပြောင်းမှာလား ဒါမှမဟုတ် မူလထောင်ကို ဒီအတိုင်းထားပြီး အဲဒီထောင်က အချုပ်သား/သူတွေကို ဒီနေရာကို ရွှေ့ဖို့ အချုပ်ထောင်အဖြစ်ဆောက်တာလား တစ်ခုခုဖြစ်မှာပါ။

"ဦးတို့က ဒီအဆောက်အဦတွေကို ၁၉၉၃ ခုနှစ်လောက်တုန်းက ဆောက်ခဲ့တာကွဲ့"

"ဟုတ်ကဲ့ အခုရှိနေတဲ့ ပျက်နေတဲ့ အဆောက်အဦးမှာ ၁၉၉၃ ခုနှစ်လို့ ရေးထားတာတွေ့ရပါတယ် ဟိုနားကရေကန်မှာလည်း ၁၉၉၃ ခုနှစ်လို့ရေးထားတာကို တွေ့ရပါတယ်ခင်ဗျ"

"အင်း·· ဟုတ်တယ်၊ ဒီဝန်ဆောင်တပ်ရင်းအဆောက်အဦတွေကို ၁၉၉၃ ခုနှစ်မှာ ဆောက်ခဲ့တာ"

"အဲဒီတုန်းက ကျွန်တော်တောင် မမွေးသေးဘူးဗျ"

ဟုဆိုပြီး တည်ဆောက်ရေးတာဝန်ခံလူငယ်လေးကရယ်နေပါတယ်။ရေတွင်းလေးတစ်ခုကို ကြည့်ကြပြီး ကျွန်တော်က-

"ဒီရေတွင်းလေးဆောက်တုန်းက ဦးကဆောက်လုပ်ရေးအဖွဲ့ဝင်လေ၊ တာဝန်ခံ အရာရှိရဲ့ တာဝန်ပေးချက်အရ ရေတွင်းတူးသမားရှာ လိုအပ်တာတွေအတွက် အသေးစိတ်ဆောင်ရွက်ပေးခဲ့ရတာ နှစ်ပေါင်း၂၀ကျော်ထိ ရှိနေသေးတာပဲ"

"ဒီဘက် ရေကန်လေးမှာတော့ ၁၉၉၃လို့ ရေးထားပါတယ်။ ရေတွင်းကျတော့ ၁၉၉၅လို့ ရေးထားတာ တွေ့ရပါတယ်။ ဘာလို့ကွဲလွဲနေပါသလဲခင်ဗျ"

"ရေတွင်းနဲ့ ရေကန်က တပြိုင်တည်းလိုလို လုပ်ကြတာ ဝန်ဆောင်တပ်သားတွေ ရေချိုးဖို့အတွက် စခန်းစတည်တဲ့ ၁၉၉၃ မှာစတင်ခဲ့တာ ရေတွင်းက မြေကြီးတွင်း ကျောက်စည်တွေ မချရသေးဘူး။ ရေတွင်းကရေကိုစက်သီးနဲ့ဆွဲတင် ကန်ထဲထည့် ရေချိုးကြရတာလေ အဲဒီအချိန်ကထောင်ပိုင်ကြီး ဦးလှကြည်

က တပ်ရင်း တာဝန်ခံအရာရှိ၊ ၁၉၉၅ ကျတော့ တပ်ရင်းတာဝန်ခံ အရာရှိက ထောင်မှူးကြီးဦးလှမြင့် သူ့လက်ထက်မှာမှ ကွန်ကရစ်ရေတွင်းလုပ်ဖို့ ခွင့်ပြုတာမို့ ဆောက်ရတာ ရေတွင်း ပြီးတော့ ရေတွင်းပြီးတဲ့ရက်ကိုပဲ မှတ်တမ်းတင် ထားတာ မို့ ခုနှစ်တွေကွဲလွဲနေတာပါ"

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ ဟိုတုန်းက မီးဖိုကြီးနေရာကို တွေ့ရတယ်။ ဖိုကြီး အဆောက်အဦကလည်း ပျက်စီးနေပါပြီ။ ဖိုကြီးလို့ သေချာပြောနိုင်တာက မီးခိုးထွက် အုတ်ခေါင်းတိုင်ကြီးက မပျက်သေးပဲ ကျန်နေ သေးလို့ပါ။ စိတ်ထဲက နေရာဟောင်းလေးကို မှန်းဆ မြင်ယောင်မိပါတယ်။

"ဒါဆို ဟိုနေရာက ထောက်ဂိုထောင်ပေါ့နော်။ ဟိုးဘက်ကတော့ တပ်ကြပ် ခင်ညွန့်တို့ တပ်သားမြင့်အောင်တို့ ဒုတပ်ကြပ် ခင်မောင်ထွန်းတို့ ကားသမား နိုင်လင်းတို့နေခဲ့တဲ့ လိုင်းခန်းနေရာပေါ့"

ကျွန်တော်တို့ နေခဲ့တဲ့ တန်းလျားလေးက ၃ ခန်းတွဲပါ။ ယာဘက်ထိပ်က ကျွန်တော်၊ အလယ်က ထောင်မှူးကိုအေးဝင်း၊ ဝဲဘက်ဆုံးက ထောင်မှူး ကိုစောလှိုင်တို့ နေခဲ့ကြတာပါ။ စတင်တည်တုန်းက အရာရှိတွေက ထောင်ပိုင်ကြီး ဦးလှကြည်၊ ကျွန်တော်၊ ထောင်မှူးကိုစောလှိုင် ထောင်မှူး ကိုကျော်လွင်တို့ပါ။ ၁၉၉၅ကျတော့ ထောင်ပိုင်ကြီးဦးလှကြည်နဲ့ ထောင်မှူးကြီးဦးလှမြင့်တို့ ချိန်းပါ တယ်။ အလံတိုင် အုတ်ခုံလေးကလည်း ရှိနေပါသေးတယ်။

ဗူးဝရဲ့ တစ်ဖက်တစ်ချက်စီမှာက ရုံးခန်းနဲ့ တာဝန်ခံအရာရှိရဲ့နေအိမ်၊ ဟော ဟိုကကွင်းပြင်က ဝန်ဆောင်တပ်သားတွေအတွက် စစ်ရေးပြကွင်း။

ပုံရိပ်ဟောင်းတွေက မျက်စိမြင်ကွင်းမှာ အစီအရီပေါ်လာပြီးနောက် ကြားယောင်လာတာက-

"အပြေးချိန်မှတ်"

"တိတ်"(တစ်လို့ပြောခြင်းပါ)

"အမှတ်စဉ် အမှတ်စဉ် အမှတ်စဉ် ဆို"

တိတ်၊ နှိပ်၊ သုံး၊ လေး၊

တိတ်၊ နှိပ်၊ သုံး၊ လေး၊

ဝန်ဆောင်တပ်သား၊ ဝန်ဆောင်တပ်သား၊

(နှိပ်ဆိုတာ နှစ်လို့ပြောခြင်းပါ)

"ဘာလုပ်နေလဲ"

"လှေကျောင်းနေတယ်"

"ဘာလုပ်ဖို့လဲ"

"တာဝန်ထမ်းဖို့"

"ဘယ်သူ့အတွက်လဲ"

"ပြည်သူ့အတွက်" ဆိုတဲ့ သံပြိုင်အော်သံတွေပါ။

မြင်မြင်သမျှ လွမ်းမောစရာတွေချည်းပါ။ မြို့ထဲနဲ့ ၆ မိုင်ခန့် ဝေးပေမယ့် သမီးကြီး ကျောင်းပို့ ရုံးကိစ္စ ဈေးဝယ်အထွေထွေတွေအတွက် စက်ဘီးနဲ့သာ သွားခဲ့ကြတာပါ။ စက်ဘီးပေါ်မှာ ကျွန်တော်ရယ်၊ ဇနီးရယ်၊ သမီးကြီးရယ်၊ သုံးယောက်စီးပေမယ့် မောလည်းမမော ပင်ပမ်းတယ်လည်းမရှိ၊ တစ်ခါတစ်လေ မြို့ထဲကို သုံးခေါက်လောက်ထိသွားခဲ့ရတာတွေလည်း ရှိပါတယ်။ အုတ်ရိုးဆောက်နေတဲ့ ဝင်းကြီးရဲ့ ရှေ့ဝင်းကြီးက ပထမဦးဆုံး ယာယီဘာရှာ အဆောက်အဦတွေ ဆောက်ခဲ့တာပါ။ အခုတော့ သစ်ပင်ကြီးတွေတောင်အများ ကြီးဖြစ်နေပါလား။ လွမ်းမောစွာနဲ့ ပြန်လည်လို့ နှုတ်ဆက် ထွက်ခွာလာခဲ့ပါတယ်။

"တစ်ချိန်တုန်းကမြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းရေ ဟိုအတိတ်တုန်းက အခြေ အနေတွေကို လွမ်းမောနေတာတွေကို ရပ်လိုက်ပါတော့၊ နောက်ပုံစံအသစ် စိတ်အသစ်တွေမွေးပြီး နောင်ရောက်ရှိလာကြမယ့် သူများကို လူကောင်း၊ သူကောင်းများအဖြစ် ပြန်လည်ပြုပြင်ပေးဖို့ တာဝန်တွေကို အလေးထား ဆောင်ရွက်ပေးပါနော်၊ ကျွန်တော်ကတော့ပြန်လာချင်သေးပေမယ့် လည်း အိုသွားပြီဖြစ်လို့ လက်ခံလို့ မရတော့ဘူးတဲ့ဗျာ"

လို့လည်း ပြောဖြစ်အောင် ပြောခဲ့ပါသေးတယ်။ အတွေ့အကြုံ အပိုင်းအစလေးတစ်ခုပါပဲလေ။ မြစ်ကြီးနား ဝန်ဆောင်တပ်ရင်းအား ၂၁-၅-၂၀၁၂ ရက်နေ့မှာ ပိတ်သိမ်းခဲ့ပါတယ်။ ဖြစ်ခြင်း၊ ပျက်ခြင်းတွေပေါ့လေ။

## ဆရာသို့ ...

မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်း အလွမ်းပြေခရီးနဲ့အတူ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်း စတင်တည်ဆောက်ခဲ့ရာမှာ စနစ်တကျ စီမံအုပ်ချုပ်ခဲ့ပြီး စိတ်ရင်းကောင်း စံနမူနာပြကောင်းဖြစ်တဲ့ ထောင်ပိုင်ကြီးဦးလှကြည်ကိုလည်း ပြန်

လည်လို့ လွမ်းဆွတ်သတိရမိပါတယ်။ ထောင်ပိုင်ကြီးအကြောင်းတွေကို တွေးလာခဲ့မိပါတယ်။ ထောင်ပိုင်ကြီးက ၂၇-၇-၂၀၂၁ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါပြီ။

အဲဒီနေ့က ၁၁း၁၀ နာရီလောက်မှာ ဆရာကြီး မျိုးဝင်း(ဗပသ-ငြိမ်း) ဆီက ဖုန်းဝင်လာပါတယ်။ကိုဗစ်ကာလဆိုတော့ ဖုန်းဝင်လာရင် အလိုလိုကြောက်နေမိပါတယ်။ ဘယ်သူကတော့ ဘာဖြစ်ပြန်ပြီ ဆိုတဲ့ သတင်းစကားတွေချည်းမို့ ဖုန်းဝင်လာတိုင်း ဘယ်သူ ဘာများဖြစ်တဲ့ သတင်းလဲမသိလို့ စိုးရိမ်စိတ်သာ ဖြစ်ရပါတယ်။ ပထမအစမှာ အလာပ သလာပလေးတွေ ပြောနေတော့ တော်သေးတယ် သတင်းဆိုး မဟုတ်ဘူးပေါ့။ နောက်မှ ဆရာ့ကို တစ်ခုပြောမလို့လို့ အစပြန်ချီပြီး "ဆရာဦးလှကြည် ဒီမနက်ဆုံးသွားပြီ" လို့ ပြောလာတော့ ရင်ထဲစူးအောင့်သွားရပါတယ်။

အကျဉ်းဦးစီးဌာနမှာ နှလုံးသားထဲ အလေးအနက်ရှိနေတဲ့ ဆရာမို့ပါ။ ဆရာနဲ့ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းကို စတင်တည်ဆောက်ခဲ့ကြတာကြောင့် ထူးခြားတဲ့သံယောဇဉ်တွေ ဖြစ်ခဲ့ကြပါတယ်။ ၁၉၉၃-၉၄ ခုနှစ်ကာလတွေမှာ အမှတ်တရများစွာပေါ့။ အနေအေးအေး လှုပ်ရှားမှု နှေးနှေး စကားပြောအေးအေး တည်တည် ငြိမ်ငြိမ် စိတ်ထားကောင်းလှသူတစ်ဦးပါ။တာဝန်ဟာ သူ့ဘဝလို့တွေးထားသူပါ။ ဆရာ့ အမျိုးသမီး မမစိန် မြစ်ကြီးနား ခဏလာလို့ ပြန်တဲ့အခါ။ ဘူတာကိုTE-၂၁ သ/၈၂၂ ကားကြီးနဲ့ ကိုယ်တိုင်လိုက်ပို့ပေးပေမယ့် ဘူတာရှေ့ရောက်တဲ့အခါ တပ်သားကံလွင် (ဗပသ ကွယ်လွန်)ကို-

"မင်း အစ်မကိုရထားပေါ် တင်ပေးလိုက်ပါကွာ"

လို့ လေအေးလေးနဲ့ပြောပြီး ဆရာကတော့အောက်ကိုတောင် မဆင်းတော့ပဲ လှည့်ပြန်တာပါ။ သူမရှိတုန်း ဝန်ဆောင်တပ်ရင်းမှာ တစ်ခုခုဖြစ်နေမှာ စိုးရိမ်သူလေ။ ကံလွင်ကတော့ ကားပေါ်တင်လာတဲ့စက်ဘီးလေးကို အောက်ချ မမစိန် ရထားထွက်သွားရင် အဲဒီ စက်ဘီးလေးနဲ့ ပြန်ခဲ့ပေါ့။ တာဝန်နဲ့ အပြင်ထွက်တာကလွဲလို့ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အပြင်ထွက်တယ်ဆိုတာ လုံးဝကို မရှိခဲ့တာပါ။ ကျွန်တော်တို့တွေမှာ ထောင်ပိုင်တစ်ယောက်လုံးက အပြင်မထွက်တော့ အကြောင်းကိစ္စလေးတွေအတွက် အပြင်ထွက်ဖို့ ခက်လှပါတယ်။ ဒါပေမဲ့လည်း ခိုးထွက်ကြတာပါပဲ။ ခိုးစားရင် ပေါ်တယ် ဆိုတာမှန်ပါတယ်။ ကျွန်တော်တို့ ထောင်မှူးလေးတွေ အပြင်ကိုခိုးထွက်တိုင်းလိုလို ဆူးကြီးဝင်းထဲမှာ ဝန်ဆောင် တပ်သား အချင်းချင်းရန်ဖြစ်တာ အပြင်ဘုတ်က ဝန်ဆောင်တပ်သား

ထွက်ပြေးတာတွေက တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ အပြင်ထွက်တာပေါ့ပြီပေါ့။

ဒီတော့ ခေါ်ဆူတော့မယ်ဆိုပြီး စောင့်ကြည့်ပေမယ့် တစ်ခါမှ ခေါ်ဆူဖူးတာမရှိပါဘူး။ အရာရှိတွေပဲ ကိုယ့်အမှားကိုယ်သိရင် ကိုယ့်ဖာသာ ထိန်းသိမ်းကြပေါ့လို့ အသံတိတ် ပြောခဲ့တာပါ။ ဒီတော့ ဆရာ့ကိုပိုလို့ အားနာပြီး မဖြစ်မနေ ကိစ္စကလွဲပြီး ခိုးထွက်မှုတွေကို မလုပ်ကြတော့ပါဘူး။ အကယ်၍ ကျွန်တော်တို့ကို ခေါ်ခေါ်သာဆူခဲ့ရင် ဆရာ့လိုတော့ စခန်းထဲမှာချည်း ကုတ်မနေနိုင်ဘူး။ ကိစ္စရှိရင် ထွက်မှာပဲလို့ အစွဲ့တိုက်ချင်တိုက်ကြမှာပါ။ အခုတော့ ဘာမှ မပြောတဲ့ဆရာ့ကို ပိုလို့လေးစား ကြည်ညိုစိတ်နဲ့ ထိန်းသိမ်းခဲ့ကြပါတယ်။ မြစ်ကြီးနားကို ရောက်ဖူးသူတိုင်း မေခ မလိခ မြစ်ဆုံကို မရောက်ရောက် အောင်သွားတတ်ကြပါတယ်။ ဒါပေမယ့်ဆရာကတော့ ဗပသကိုပြန်ပြောင်းသွားတဲ့အထိ လုံးဝရောက် မသွားခဲ့ပါဘူး။ ဆရာ မသွားမှတော့ ကျွန်တော်တို့လည်း မရောက်ကြတော့ဘူးပေါ့။ ဆရာပြောင်းသွား ပြီးမှသာ ကျွန်တော်တို့တွေ မြစ်ဆုံကို ရောက်ခဲ့ကြရပါတယ်။ မြစ်ဆုံဆိုတာ မြစ်ကြီးနားနဲ့ အတော်ဝေးလို့ မသွားတာကတော့ ဖြစ်သင့်ပါတယ်။ ရှုခင်းဗျူးအလှတွေနဲ့ အလွန်လှပြီး ဝန်ဆောင်တပ်ရင်းနဲ့တစ်မိုင်သာသာလောက်သာ ဝေးတဲ့ ဧရာဝတီမြစ်ဘေးက "ကရိန်နော်"ဆိုတဲ့ အပန်း ဖြေနေရာလေးကိုတောင် ရောက်မသွားခဲ့ပါဘူး။ တာဝန်ကသာ သူ့ဘဝလို့ ခံယူထားသူကိုး။ ဘယ်အရာရှိ ဘယ်ဝန်ထမ်းကိုမှ နင်ပဲငဆ ပြောဖူးတာလည်းမရှိပါဘူး။ လေအေးအေးလေးနဲ့ သဘောပေါက်အောင်သာပြောတတ်သူပါ။

တစ်ရက်မှာ ဒုတပ်ကြပ်ခင်ညွန့်က ပြောလာပါတယ်။

"ဆရာရေ ဆရာဦးလှကြည်ကတော့ တကယ်ကို ထူးခြားလှတယ်ဗျာ"

ကျွန်တော် လိုင်းထဲမှာ အရက် ခိုးရောင်းနေတာ ဆရာတို့လည်းသိကြပါတယ်။ လိုင်းထဲ အရက်မရောင်းရဘူးဆိုတာ သိပေမယ့် မြို့နဲ့အလှမ်းဝေးလှတာကြောင့် အရက်သောက်တတ်တဲ့ ဝန်ထမ်းလေးတွေလည်း အဆင်ပြေ ကျွန်တော်လည်း ဈေးဘိုးရအောင် ရောင်းနေတာပါ" အဲဒါကို ဆရာဦးလှကြည်က-

"တပည့်ကို အကူအညီတစ်ခုတောင်းချင်တယ်ကွာ" တဲ့လေ။

ကျွန်တော်ကလည်း "ထောင်ပိုင်က ငါ့ဆီက ဘာအကူအညီလိုလဲမသိဘူး တတ်နိုင်တဲ့ အကူအညီဆိုပေးရမှာပေါ့"လို့တွေးပြီး ဆရာ ပြောပါခင်ဗျ။ ကျွန်တော် တတ်နိုင်တာ မုန်သမျှ ပေးပါ့မယ် ခင်ဗျ"ပေါ့။

"တပည့်တတ်နိုင်တဲ့အကူအညီပါကွာ၊ တပည့်မပေးနိုင်တဲ့အကူအညီမျိုး မတောင်းပါဘူး" တဲ့လေ၊

"ဒီလိုတပည့်ရ မင်းကလိုင်းထဲမှာ အရက်ရောင်းနေတော့ ဥပဒေနဲ့လည်း မလွတ်ကင်းဘူး။ နောက်ပြီး လိုင်းထဲမှာလည်းမဖြစ်သင့်ဘူးလေ၊ လူကြီးတွေ ကြားသိ သွားရင်လည်း မကောင်းဘူးပေါ့၊ အဲဒီအရက်ကို ဆက်မရောင်း တော့ပဲနေရင် ဆရာ့ကို ကူညီတာပါပဲ။ ဆရာ့ကို ကူညီပါလို့ မေတ္တာရပ်ခံတာပါ ကွာ" တဲ့လေ။ ဘယ်လိုလုပ်ရမလဲ။

"ဟုတ်ကဲ့ပါဆရာ" လို့ပြောလိုက်ရတာပေါ့။ တကယ်လို့ အဲလိုမျိုး အကူအညီတောင်းတာလို့မပြောပဲ မင်းဘာလို့အရက်ရောင်းလဲ ဒါကဥပဒေအရ အရေးယူလို့ရတယ် ဘာဘာ ညာညာ ပြောလာရင် ကျွန်တော့စားဝတ်နေရေး ချောင်လည်ဖို့ ဆရာကဘာပြန်လုပ်ပေးမလဲလို့ ပြန်ပြောမိမယ်ထင်တယ်။

ဆရာ့ရဲ့ လေအေးလေးနဲ့ မေတ္တာရပ်ခံတာပါဆိုတဲ့အပြောလေးက ရင်ထဲထိ ရောက်ပြီး ခံစားလိုက်ရပါတယ်။ ပိုလို့လည်း လေးစားကြည်ညိုသွားရပါတယ် ဗျာ" တဲ့လေ။ အဲလိုမျိုး လေးစားရသောဆရာပါ။

ကျွန်တော် ၂၀၁၉ ခုနှစ်ပင်စင်ယူအပြီး ၂၈-၁-၂၀၂၀ ရက်နေ့မှာ ဆရာ့ဆီ ရောက်အောင်သွားပြီး ကန်တော့ခဲ့တာလေးအတွက် ကျေနပ်နေမိပါတယ်။ အဲဒီတုန်းကသာ ရောက်အောင်မသွားခဲ့ရင် ခုနေခါဆိုတွေ့မြင်ခွင့် မရနိုင်တော့ ဘူးလေ။ ဆရာက တရားစခန်းတွေ တစ်ခုပြီးတစ်ခု ဝင်နေတာမှာ အဲဒီနေ့က တရားစခန်းပြီးလို့ထွက်လာ တဲ့နေ့ပါ၊နောက်ရက်မှာ နောက်တရားစခန်းတစ်ခုကို ထပ်ဝင်မှာပါ။ ကံကောင်းလို့ တွေ့ခွင့် ပြောခွင့် နာယူခွင့်ရခဲ့တာပါ။ အဲဒီတုန်းက ဆရာပြောခဲ့တာလေးကို ခုထိသတိရနေမိပါတယ်။

**"ကိုခင်မောင်ထွန်းရေ ဝန်ထမ်းဘဝမှာ ဟုတ်တာတွေရော မဟုတ်တာ တွေရောကို စိတ်ထဲပါသည်ဖြစ်စေ မပါသည်ဖြစ်စေ လုပ်ခဲ့ကြရတာတွေရှိ မယ်၊ အခုပင်စင်ယူပြီးပြီဆိုတော့ ဟုတ်တာတွေပဲလုပ်တော့ကွာ"** တဲ့လေ။

မှတ်မှတ်သားသားစကားပါပဲ။ ဒုညွှန်ချုပ် ဆရာ ဦးဇော်ထွန်းရဲ့ကျေးဇူး ကြောင့် ကျွန်တော် ပါဝင်ရေးသားခွင့်ရခဲ့တဲ့ ခယောင်းလမ်းကိုလျှောက်ခဲ့သူများ စာအုပ်မှာ ကျွန်တော်ရေးခဲ့တာက ဆရာ ဦးလှကြည်နဲ့အတူ တည်ဆောက်ခဲ့တဲ့ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းအကြောင်းပါ အဲဒီ စာအုပ်လေးကို စာတိုက်

ကနေ ဆရာ့ဆီပို့ပေးခဲ့ပါတယ်။ ဆရာ့အကြောင်းလေးတွေပါတာကို ဆရာဖတ်ပြီး ကျေနပ်နေမယ် ပြုံးနေမယ်လို့ ထင်ပါတယ်။ ဆရာ့ဆီ ဖုန်းဆက်ပြီး -

"ကျွန်တော်ရေးထားတာလေး ဘယ်လိုနေလဲ ဆရာ"လို့

ဖုန်းဆက်မေးချင်ပေမယ့် မမေးဖြစ်ခဲ့ပါဘူး။ ဆရာ တရားစခန်းဝင်နေမှာနဲ့တိုးမှာကြောင့်ရယ်၊ ဆရာပေးမယ့်မှတ်ချက်လေးကို ဆရာ့ဟန် ဆရာ့စတိုင်လေးနဲ့ ဖြေမှာကို မြင်ချင်ကြားချင်လို့ရယ်ပါ။ ဆရာ့ဆီ နောက်ထပ်သွားဦးမယ်၊ ကန်တော့ဦးမယ်၊ အဲဒီအခါကျမှ မေးမယ်လို့တွေးထားလို့ပါ။ အခုတော့ ဖုန်းနဲ့မမေးလိုက်မိတာအတွက် နောင်တကြီးစွာ ရလိုက်ပါတယ်။ မြစ်ကြီးနားဝန်ဆောင်တပ်ရင်းကို စတင်တည်ဆောက်တော့ အရာရှိထဲမှာ ဆရာရယ်၊ ထောင်မှူးကိုကျော်လွင်ရယ်၊ ထောင်မှူးကိုစောလှိုင်ရယ်၊ ကျွန်တော်ရယ်လက်တွဲညီခဲ့ကြပါတယ်။

အဲဒီအထဲမှာထောင်မှူး ကိုစောလှိုင်နဲ့ထောင်မှူး ကိုကျော်လွင်တို့က လူ့လောကကြီးကို စောစီးစွာနှုတ်ဆက်သွားကြပါတယ်။ အခု ဆရာက နှုတ်ဆက်သွားပြန်ပါပြီ။ဆရာ ပြောင်းသွားပြီး ထပ်ရောက်လာကြတဲ့ ထောင်မှူးကြီးဦးလှမြင့် (နောင်ဦးစီးအရာရှိ) ထောင်မှူး ကိုအေးဝင်း(နောင် ဦးစီးအရာရှိ)တို့လည်း ထွက်ခွာသွားကြပြီး ဖြစ်ပါတယ်။ အစပိုင်းမှာ ဖော်ပြခဲ့တဲ့ တပ်သားကံလွင်(နောင် တပ်ကြပ်ကြီး- ဗပသ)တောင် ငယ်ငယ်ရွယ်ရွယ်နဲ့ ထွက်သွားနှင့်ပါပြီ။ မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်းကို စတင်တည်ဆောက်ခဲ့ကြတဲ့ အရာရှိတွေထဲမှာ ကျွန်တော်တစ်ယောက်သာ ကျန်နေရစ်ပါတော့လား။ ကျွန်တော့အလှည့်လည်း မဝေးတော့ပါဘူး။ အဲဒီအခါကျရင် မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းအကြောင်း ဂဃနဏ ဘယ်သူမှပြောပြနိုင်တော့မှာ မဟုတ်ပါဘူး။ ဆရာ့ရဲ့ဇနီး မမစိန်က ဆရာ့ထက်ဦးစွာ အစောကြီး ထွက်ခွာသွားခဲ့တာကြောင့် ဆရာ တစ်ယောက်တည်း လက်ကျန်ဘဝတွေကို ဖြတ်သန်းခဲ့ရတာအတွက်လည်း တွေးမိတိုင်း စိတ်မကောင်းဖြစ်ရပါတယ်။

ဆရာ့ကို တွေ့ဖူးဆုံဖူးသူတိုင်း ချစ်ခင် လေးစားကြည်ညို ကြတယ်လို့ ပြောရင် ဘယ်သူမှ ငြင်းမယ်မထင်ပါဘူး။ အခုဆရာ့ရဲ့နောက်ဆုံးခရီးကို ဆရာ့ရဲ့ မိတ်ဆွေတွေ တပည့်တွေ လုပ်ဖော်ကိုင်ဘက်တွေ ဆရာ့ကိုချစ်ခင်ကြည်ညို လေးစားသူတွေ အားလုံးက လိုက်ပို့ချင် ကြမှာပါ။ ကြားသိကြသူအားလုံးထဲက

အခြေအနေပေးသူအားလုံး လိုက်ပို့ကြပြီး စည်ကား လွန်းနေမှာကို တွေးတော မြင်ယောင်နေမိပါတယ်။ ဒါပေမဲ့ ဆရာရယ် လက်ရှိ အခြေအနေတွေအရ ဘယ်သူမှလိုက်မပို့နိုင်ကြပဲ ခြောက်ခြောက်သွေ့သွေ့နဲ့ ဖြစ်နေမှာကို တွေးပြီး ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။

ဆရာကပင်စင်ယူပြီးကတည်းက တရားစခန်းတွေ တစ်ခုပြီးတစ်ခု ဝင်နေသူမို့ တရားတွေနဲ့ပြည့်နေပြီး သူတော်ကောင်းတစ်ယောက်ဖြစ် နေပါပြီ။ ဆရာ ကောင်းရာသုဂတိ ရောက်ပါစေ။ ရောက်တောင်နေပါပြီလေ။ ဆရာ့အကြောင်း လေးတွေရဲ့ အစိတ်အပိုင်းသေးသေးလေးလောက်ကိုသာရေးပေမယ့် အတော် ရှည်သွားပါတယ်။ ဘယ်သူ ဖတ်ဖတ်မဖတ်ဖတ် ဆရာ့ကို လေးစားစွာဂါရဝပြု နှုတ်ဆက်လွှာလေးအတွက် ကျေနပ်စွာနဲ့ အသိအမှတ်ပြုပေးပါဆရာ။

**ဆရာ ဦးလှကြည်၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အား**
**ဂါရဝပြု ရေးသားပါသည်။**

## အလွမ်းပြေခရီး (၂)

ပင်စင်ယူဖို့ ပြင်ဆင်ခွင့် ၄လခံစားနေတုန်းမှာ ကချင်ပြည်နယ်ကို တစ်ခေါက် ရောက်ခဲ့ပြီး ၃-၅-၂၀၁၉ ရက်နေ့ မနက်ပိုင်းမှာ မြစ်ကြီးနားကနေ မိုးကောင်းမြို့ကို သွားခဲ့ပါတယ်။

ကျွန်တော်တို့ စီးလာတဲ့ကား နမ္မတီး ရောက်တဲ့အခါမှာတော့ ကချင်ပြည် နယ်မှာ ၁၉၉၁ ကနေ ၁၉၉၅ထိ တာဝန်ထမ်းခဲ့ရာမှာ နမ္မတီးနဲ့ ၃ မိုင်ခန့်ဝေးတဲ့ မြို့သစ်ကြီးရွာမှာလည်း နေခဲ့ဖူးတာကို သတိရသွားပြီး အမှတ်တရနေရာလေး တွေကို ဝင်ကြည့်ချင်တာကြောင့် ကားဆရာကို အဲဒီရွာကိုဝင်ပေးဖို့ မေတ္တာရပ်ခံ ရပါတယ်။ ကားဆရာက ဟုတ်ကဲ့ပို့ပေးပါ့မယ်ပြောပြီး မောင်းနေစဉ်မှာ ကျွန်တော့အတွေးတွေက အတိတ်ဆီ ပြန်ရောက်သွားပါတယ်။ မြို့သစ်ကြီးရွာမှာ ရဲဘက် ၉၀ လောက်နဲ့ စခန်းချပြီး နမ္မတီးကနေ နန်းခမ်းခ ရေအားလျှပ်စစ်ကို လမ်းဖောက်ရတာပါ။

အဲဒီကာလတုန်းက ရဲဘက်စခန်းဆိုတာ အတည်တကျမရှိပါဘူး။ ဟိုရွာကိုသွား အဲဒီမှာ လမ်းဖောက်ဆို ဖောက်ရပါတယ်။ အဲဒါထားလိုက်ဦး ဟိုနေရာသွားလိုက် အဲဒီမှာချောင်းကျောက်တွေ စုခွဲပေးဆို ခွဲပေးရပါတယ်။

ရေအားလျှပ်စစ် စီမံကိန်းကိုသွားပြီး လိုအပ်တာတွေ လုပ်ပေးလိုက်ဦးဆိုလည်း မဆိုင်းမတွ သွားရပြန်တာပါပဲ။ အဲဒီလို ရွှေ့ပြောင်းနေရတာတွေကို အကျဉ်းဦးစီး ညွှန်ကြားရေးမှူးချုပ်ရုံးက သိသလားဆိုရင် မသိပါဘူး။ မိုးကောင်းမြို့ပေါ်မှာ ရုံးထိုင်တဲ့ မြစ်ကြီးနား၊ ရွှေဘို ကားလမ်းဖောက်လုပ်ရေးအလုပ်စခန်းက စခန်း တာဝန်ခံကပဲသိပါတယ်။ မိုးကောင်း မဝတဥက္ကဋ္ဌရဲ့အစီအမံပါပဲ၊ မြစ်ကြီးနား-ရွှေဘို၊ကားလမ်း ဖောက်လုပ်ရေး အလုပ်စခန်းလို့ အမည်တပ်ပေမယ့် ဆလက လုပ်ငန်းအပြင် စည်ပင်လုပ်ငန်းတွေ အခြားထွေလီကာလီတွေ ဘာတွေမှန်းကို မသိဘူး လုပ်ကြရတာပါ။ မြို့သစ်ကြီးရွာမှာ စခန်းချပြီးလုပ်ကြရတာ ဖြစ်ပေမယ့် နေဖို့ထိုင်ဖို့ အဆောက်အဦတွေ မရှိပါဘူး။ ပထမ စတင် သွားရောက်စဉ်က ကျွန်တော်မရှိသေးပါဘူး။ ထောင်မှူးဦးစိန်ထွန်းက ဦးဆောင် စတင်ခဲ့တာပါ။ သူပြောပြတာကတော့ ဘယ်မှာနေကြရမှန်း မသိလို့ မြို့သစ်ကြီးရွာ မူလတန်း ကျောင်းလေးမှာ နေဖို့ ကျေးရွာဥက္ကဋ္ဌရော၊ ကျောင်းအုပ်ကြီးကိုရော မေတ္တာရပ်ခံရ ကြောင်း၊ သူတို့ကလည်း ရဲဘက်တွေနေမှာဆိုတော့ ပျက်စီးမှာကြောက်ပြီး ငြင်းကြကြောင်း၊ အသနားခံတော့လည်း နေခွင့်ပြုပေးလို့ လမ်းပေါ်နေရမှာကနေ အမိုးအကာလေးထဲ ရောက်ခဲ့ကြရကြောင်း၊ အဲဒီအချိန်က နွေရာသီ ကျောင်းပိတ် ရက်ဖြစ်လို့ ကံကောင်းသွားကြောင်း၊ နောင်မှာ ကျောင်းပြန်ဖွင့်တော့ ဖယ်ခိုင်းတာ ကြောင့် ဘယ်မှာနေရမှန်းမသိလို့ စိတ်ညစ်ခဲ့ရကြောင်း၊ ဒါနဲ့ ဘုန်းကြီး ကျောင်းမှာ နေခွင့်တောင်းကြည့်ပေမယ့်ဘုန်းကြီးက ခွင့်မပြုကြောင်း၊ ဘုန်းကြီးကျောင်းမှာ ဥပုသ်သည်တွေရှိခြင်း ဘုန်းကြီးကျောင်းကို ဝင်ထွက်နေတဲ့ အထဲမှာ သမီးပျို လေးတွေလည်း ပါတာမို့ ရဲဘက်တွေနဲ့ မသင့်တော်တာကြောင့် မဖြစ်လို့ပါဘူးလို့ ပြောကြောင်း၊ အထပ်ထပ် ပြောလည်းမရတာမို့ ဘာဆက်လုပ်ရမှန်း မသိဖြစ်ခဲ့ ကြောင်း၊ နောက်တော့ ဘုန်းကြီးကျောင်းဝင်းထဲမှာ ရှိနေတဲ့ ခြုံနွယ်တွေ၊ မြက် တွေ၊ အမှိုက်တွေကို ဘုန်းကြီးဆီ ခွင့်တောင်းမနေတော့ပဲ ရဲဘက်တွေနဲ့ ရှင်းလိုက် ကြကြောင်း၊ မနက်တစ်ပိုင်းလုံး ရှင်းလိုက်တာ ကျောင်းဝင်းကြီးရဲ့ တစ်ဝက် ကျော်ကျော်ခန့် ပြီးသွားကြောင်း၊ ဘုန်းကြီးကတော့ ဘာမှမပြောပဲ ကြည့်ပဲ ကြည့်နေ ကြောင်း၊ နေ့လည်ထမင်းစားပြီးတာနဲ့ ခဏလေးပဲနားပြီး ဆက်ရှင်း လိုက်တာမှာ ညနေ ၅ နာရီလောက်ကျတော့ တစ်ဝင်းလုံးရှင်းလင်းပြီး သပ်ယပ် သွားကြောင်း၊ အလုပ်ပြီးလို့ နားနေကြတုန်းမှာ ဘုန်းကြီးက အနားရောက်လာပြီး-

"ကဲ..ဒကာတို့ ကျောင်းဝင်းထဲက ဇရပ်ပေါ်မှာသာ နေကြပေတော့" လို့ပြောလာကြောင်း သိရပါတယ်။

ဘုန်းကြီးကို လုပ်အားအလှူပေးပြီး အသံတိတ်စည်းရုံးမှုက ထိရောက်အောင်မြင်သွားခြင်းပါ။ ထောင်မှူးဦးစိန်ထွန်းက မြို့သစ်ကြီးစခန်းလေးကို စတင်ပျိုးထောင်ပြီး အသားကျနေချိန်မှာ ကျွန်တော်က ဆားမော်စခန်းကနေ မိုးကောင်းမြို့က မြစ်ကြီးနား-ရွှေဘို လမ်းဖောက်လုပ်ရေး အလုပ်စခန်း၊ စခန်းတာဝန်ခံရုံးကို ပြန်လည်ရောက်ရှိနေပါတယ်။

အဲဒီအချိန်မှာပဲ မထင်မှတ်ထားတဲ့ အမိန့်စာတစ်စောင် ထွက်လာပါတယ်။ စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးကျော်ထင်(ဘားမားကြီး)ဆီက အမိန့်စာပါ။ ကျွန်တော့်ကို စခန်းခွဲပြောင်းဖို့ အမိန့်ပါ။

ထွက်လာတဲ့အမိန့်စာမှာ ကျွန်တော်က မြို့သစ်ကြီး နမ်းခမ်းခ အလုပ်စခန်းခွဲကို ပြောင်းရမှာဖြစ်ပြီး အဲဒီစခန်းမှာ ထောင်မှူးဦးစိန်ထွန်းက စခန်းခွဲတာဝန်ခံ၊ ကျွန်တော် က ဦး/ရေး/ထောက် တာဝန်ခံ၊ အကယ်၍ မန္တလေး-ရန်ကုန်တို့ကို သွားရဖို့ ကိစ္စတွေ ပေါ်လာရင် ထောင်မှူးဦးစိန်ထွန်းကသွားရမယ်လို့ ထည့်သွင်းဖော်ပြထား ပါတယ်။ ထူးခြားတဲ့ အမိန့်စာလေးတစ်ခုအဖြစ် အခုထိ အမှတ်ရနေပါသေး တယ်။ နမ်းခမ်းခ စခန်းခွဲ (မြို့သစ်ကြီး)မှာ ထောင်မှူးကိုစိန်ထွန်းနဲ့၊ ကျွန်တော် နှစ်ယောက်အတူတွဲပြီး တာဝန်ထမ်းခဲ့ရပါတယ်။ ရဲဘက်တွေကို ဇရပ်တစ်ခု အပေါ်မှာ ထားကြရပါတယ်။ အပေါ်ပျဉ်ခင်းမှာ မဆန့်လို့ ဇရပ်အောက်ဖက် မှာ ဝါးကပ်တွေခင်းပြီး ထားရပါတယ်။ ဘာအကာအရံမှမရှိတဲ့ ဟင်းလင်းပွင့်ကြီး မို့ ရဲဘက်တွေ ပြေးချင်စိတ်ရှိရင် ပြေးလို့ရနေတဲ့ အနေအထားပါ။ ဒါပေမဲ့ ဘယ်သူမှ မပြေးကြပါဘူး။ သူတို့မပြေးကြပေမယ့် အကယ်၍ ပြေးခဲ့သည်ရှိသော် သို့မဟုတ်တစ်ခုခုဖြစ်ခဲ့သော် ဘယ်သူ့မှာတာဝန်ရှိသလဲ၊ဘယ်သူတွေကို အရေးယူ ရမလဲဆိုတာ အဖြေထုတ်နိုင်ဖို့အတွက် တာဝန်တွေကို တိတိကျကျပေးရမယ် ဆိုတဲ့ အကျဉ်းထောင်လက်စွဲဥပဒေအရ ဝန်ထမ်းတွေကိုနေ့မှာ ဘုတ်လိုက်တာဝန်၊ ဖိုကြီးတာဝန်၊ နောက်တန်းတာဝန်တွေ အသီးသီး တာဝန်ခွဲထားတဲ့အပြင် ညပိုင်းမှာလည်း သူ့အချိန်နဲ့သူ တာဝန်တွေကို စနစ်တကျခွဲဝေ ဆောင်ရွက်ခဲ့ကြပါတယ်။ အကျဉ်းသားတွေကိုလည်း တပ်ခွဲမှူး၊ တပ်စိတ်မှူး၊ ဖိုခေါင်း၊ ညကင်း

ဘာယာ စသည်ဖြင့် စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြပါတယ်။ အလုပ်ကတော့ 'ဆလက' နဲ့ ပူးပေါင်းပြီး လမ်းဖောက်ရတာပါ။

ရိက္ခာထုတ်တော့ မိုးကောင်းမြို့မှာရှိတဲ့ စခန်းတာဝန်ခံရုံးကို တစ်လတစ်ကြိမ် သွားထုတ်ရပါတယ်။ ထော်လာဂျီတစ်စီးရှိပြီး အဲဒါနဲ့ သွားထုတ်ရပါတယ်။ အဲဒီထော်လာဂျီကလည်း စီယာတိုင်မရှိပဲ ကျွဲဂျီလို လက်ကိုင်နှစ်ချောင်းနဲ့ အင်ဂျင် စက်လုံးကို တွဲထားတာကြီးမို့ နည်းနည်းလောက်ကွေ့ဖို့အတွက် မောင်းသူက ထော်လာဂျီပေါ်က မဆင်းပဲ ကွေ့လို့ရပေမယ့် ၄၅ ဒီကရီလောက် ကွေ့ရတော့ မယ်ဆိုရင်တော့ ယာဉ်မောင်းရဲဘက်က မြေကြီးပေါ်ခုန်ဆင်း၊တည့်ပြီဆိုမှ ပြန်ခုန် တက်၊ ပြီးမှမောင်းရတာမျိုးပါ။ မိုးကောင်းကို ရိက္ခာထုတ်သွားရင် မဟောသီ ကလည်း ဈေးဝယ်လိုက်ချင်တာမို့ ခေါ်ရပါတယ်။ သမီးကြီးက ၃ နှစ်ခန့်မို့ သူ့ကိုလည်း ခေါ်ရပါတယ်။ မဟောသီနဲ့သမီးကြီးက ထော်လာဂျီပေါ်မှာ မို့မောက် အောင် တင်ထားတဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ကုလားပဲ၊ ငပိ၊ စတဲ့ ရိက္ခာတွေပေါ်က လိုက်ကြရတာပါ။ ကျွန်တော်ကတော့ ထော်လာဂျီ နောက်ကနေ စက်ဘီးလေးနဲ့ လိုက်ရပါတယ်။ မြို့သစ်ကြီးရောက်ပြီဆိုတော့ လည်း ဘုန်းကြီးကျောင်းထဲထိ ဝင်လို့မရပါဘူး။ ဘုန်းကြီးကျောင်းရှိတဲ့ဘက် ခြမ်းနဲ့က ကြိုးတံတားလေးတစ်ခုခြားနေတာမို့ ရိက္ခာတွေကို လူအားနဲ့ သယ်ကြ ရပြန်ပါတယ်။ အလွန်ဒုက္ခရောက်ပြီးပင်ပန်းလှပါတယ်။ အတွေးတွေထဲနစ်မျော နေတုန်းမှာပဲ-

"မြို့သစ်ကြီးရွာထဲရောက်ပြီဆရာ၊ ဘယ်နေရာကိုသွားရမှာလဲ" ဆိုတဲ့ ကားဆရာရဲ့ အသံကိုကြားကာမှ-

"ဘုန်းကြီးကျောင်းကိုသွားဗျာ၊ သိတယ်မို့လား ကျွန်တော်ကတော့ အမြင်တွေပြောင်းနေတာမို့ မမှတ်မိတော့ဘူးဗျ"

"ရတယ်ဆရာ ကျွန်တော်သိပါတယ်"

ဘုန်းကြီးကျောင်းကို ရောက်ပါပြီ။ကျွန်တော်တို့ကို နေဖို့ခွင့်ပြုပေးတဲ့ နှစ်ထပ် ကျောင်းဆောင်ကြီးကိုလည်း တွေ့ရပါပြီ။ လွန်ခဲ့သော ၂၉ နှစ်က နေခဲ့ဖူးတဲ့ နေရာမို့ရင်ထဲအမျိုးအမည်မသိ ခံစားရပါတယ်။ ဝမ်းနည်းသလိုလို ပျော်သလိုလို ပါပဲ။ အဲဒီနှစ်ထပ်ဆောင်က ကျွန်တော်တို့ရှိတုန်းက ဆောက်လုပ်ဆဲပါ။ အပေါ်ထပ်မှာ ဝန်ထမ်းတွေနေရပါတယ်။ ကျွန်တော်ရယ် မဟောသီရယ်၊ သမီးကြီးရယ်က အောက်ထပ်က အခန်းကျဉ်းလေးထဲမှာ နေရတာပါ။ ထောင်မှူး

ဦးစိန်ထွန်းတို့ မိသားစုက အခြားအခန်းတစ်ခုမှာ နေကြပါတယ်။ဘုရားကျောင်းဆောင်မှာ ဘုရားကိုဦးခိုက်ပြီး ပြန်ဆင်းလာတော့ ဘုန်းကြီးတစ်ပါးကို တွေ့ရပါတယ်။ ဘုန်းကြီးကိုလွန်ခဲ့သော ၂၈ နှစ်က ရဲဘက်တွေနဲ့အတူ ဒီဘုန်းကြီးကျောင်းမှာနေခဲ့ဖူးတဲ့ ထောင်မှူးလေးပါလို့ မိတ်ဆက်ရပါတယ်။

ဘုန်းဘုန်းက ရဲဘက်တွေဘုန်းကြီး ကျောင်းမှာ နေခဲ့ကြဖူးတာကို မြင်တွေ့ဖူးကြောင်း၊ မှတ်မိကြောင်း အဲတုန်းက လူဝတ်နဲ့သာ ရှိသေးကြောင်းပြောပြီး ကျောင်းအောက်က အုတ်တိုက်လေးကို ခေါ်သွားပါတယ်။ ခဏနေတော့ နောက်ဘုန်းဘုန်းတစ်ပါးလည်း ရောက်လာတာမို့ စကားတွေပြောဖြစ်ကြပါတယ်။ အဲဒီဘုန်းဘုန်းကလည်း ရဲဘက်တွေဒီကျောင်းမှာ နေသွားတာကို အမှတ်ရနေကြောင်း၊ အဲဒီတုန်းက သူလည်း လူဝတ်ပဲရှိသေးကြောင်း ပြောပါတယ်။

ကျွန်တော်တို့ရှိနေစဉ်က ဆရာတော်ကြီးက အခြားကြွသွားတာမို့ တွေ့ခွင့်မရလိုက်ပါဘူး။ ကထိန်ရာသီမှာ ရဲဘက်တွေက ဒိုးပတ်တွေတီးကြ၊ ဦးရွှေရိုးအကတွေကကြပြီး ရွာထဲမှာရော၊ အခြားရွာတွေကိုရော လှည့်လည် အလှူခံကြတာ၊ ရသမျှအလှူငွေတွေကို ဘုန်းကြီးထံ ကပ်ကြတာတွေကို ဘုန်းဘုန်းတွေက ပြန်လည်သတိရတယ်လို့ ပြောကြပါတယ်။

"တုတ်သိုင်း ဒါးသိုင်း မီးကြိုးသိုင်းတွေ ကကြတာရော မမှတ်မိဘူးလား ဘုရား" ဆိုတော့-

"မှတ်မိတာပေါ့ ဒကာကြီးရာ၊ သိုင်း ကတဲ့ရဲဘက်ကြီးက တကယ်တော်တယ်ဗျာ ခုထိ မြင်ယောင်နေမိပါတယ်"

"အဲဒီရဲဘက်နာမည်က 'ကောင်းလှ' ပါဘုရား"

ကောင်းလှ ကသိုင်းဆရာတစ်ယောက်ပါ။ တုတ်သိုင်း၊ ဒါးသိုင်းအပြင်၊ ညပိုင်းဆိုရင် ကြိုးစတစ်ခုရဲ့ ဟိုဘက်ထိပ်ဒီဘက်ထိပ်မှာ လောင်စာလုပ်ပြီး မီးတို့လိုက်တော့ မီးတောက်တွေ ဖြစ်သွားပါတယ်။ အဲဒီကြိုးနဲ့သိုင်းကတော့ ကြိုးကကောက်မနေပဲ တဖြောင့်တည်း တန်းနေတာမို့ ကြိုးတစ်ချောင်းနဲ့ 'က' နေတာလို့ မထင်ကြပဲ၊ တုတ်တစ်ချောင်းနဲ့သာ 'က'နေတာလို့ ထင်ကြပါတယ်။ ညအမှောင်မှာ မီးစနှစ်ခု လှုပ်ရှားနေတဲ့ အနေအထားက အလွန်ကြည့်လို့ကောင်းနေတာကြောင့် အဲဒီနယ်ကလူတွေ တအားသဘောကျကြပြီး အလှူငွေတွေ ပိုလို့ ထည့်ကြပါတယ်။

ရဲဘက်တွေရဲ့ ဒိုးပတ်တွေ၊ အကတွေနဲ့ ရွာတွေ လှည့်လည်တာကိုတော့ ထောင်မှူးဦးစိန်ထွန်းက ဦးစီးဦးဆောင်လုပ်ပါတယ်။ ရွာနဲ့လည်း စည်းရုံးရေး အသွင်ဆောင်ပြီး ဆက်ဆံရေး ကောင်းမွန်လှပါတယ်။ ရဲဘက်တွေကိုလည်း စည်းကမ်းနဲ့နေဖို့ ရိုင်းစိုင်းတဲ့ အပြုအမူတွေမရှိကြဖို့ ဘယ်မိန်းမပျိုကိုမှ မစနောက်ကြဖို့ မှာထားတာမှာ သူတို့ကလည်း လိုက်နာ ကြတာမို့ ဘာပြဿနာမှ မရှိခဲ့ကြပါဘူး။

ဘုန်းဘုန်းတွေနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း ဘုန်းဘုန်းတစ်ပါးက ဒကာကြီးတို့ရဲ့ ဓါတ်ပုံတစ်ပုံ ရှိသေးတယ်ဗျဆိုပြီး ဓါတ်ပုံတစ်ပုံကို ပြလာပါ တယ်။ ဓါတ်ပုံက ဖုံတွေ အများကြီးတက်နေတာမို့ အဝတ်တစ်ခုနဲ့ သုတ်လိုက် တော့မှ ကျွန်တော်တို့ ဝန်ထမ်း အချို့နဲ့၊ ရဲဘက်အချို့ စုပေါင်းရိုက်ထားတဲ့ပုံလေး ဖြစ်နေတာကြောင့်၊ သမိုင်းဝင်မှတ်တမ်းလေးတစ်ခုတော့ ရပြီမို့ အရမ်းကို ဝမ်းသာသွားမိပါတယ်။ ထိန်းသိမ်းစောင့် ရှောက်ပေးထားတဲ့ ဘုန်းဘုန်းတို့ကို လည်း ကျေးဇူးအထူးတင်မိပါတယ်။ ဓါတ်ပုံပါ လူတွေကို ကြည့်ရင်း ဒါက ထောင်မှူးဦးစိန်ထွန်း၊ ဒါကဒုတပ်ကြပ် ကိုဟန်ညွန့်၊ ဒီမှာ ရဲဘက် ကောင်းလှ၊ ဒီမှာရဲဘက်ခင်မောင်လွင်၊ ဒီမှာရဲဘက်စံကော ဒီမှာ ရဲဘက်ဦးကျော်မြင့် စသည် ဖြင့် ပြောနေကြတော့ ဘုန်းဘုန်းတို့က နှစ်ပေါင်း (၃၀) လောက်ကြာခဲ့တာတောင် မှတ်မိ နေပါလားလို့ပြောပြီး အံ့ဩနေကြပါတယ်။ မှတ်မိတာပေါ့လေ အုတ် တံတိုင်း မရှိ၊ ဆူးကြိုး မရှိ ဘာအကာအရံမှ မရှိတဲ့ အနေအထားနဲ့နေခဲ့ကြ ရာမှာ ထွက်ပြေးလို့ရရုံမက ကျွန်တော်တို့ကို ရန်ပြုသွားနိုင်တဲ့ အခြေအနေမျိုးမှာ စည်းကမ်းကောင်းကောင်းနဲ့ နေခဲ့ကြတယ်။



ကျွန်တော်တို့နဲ့ မိသားစုတွေကို ဒုက္ခမပေးကြဘူး။ အုပ်ချုပ်သူ၊ အုပ်ချုပ်ခံ အနေအထားမျိုးထက် ညီအစ်ကိုတွေလို၊ မောင်နှမတွေလို၊ ဆွေမျိုးတွေလို၊ မိတ်ဆွေတွေလို နေခဲ့ကြသူတွေပဲ ကျွန်တော်တို့ကို အကျိုးပြုကြသူ စိတ်သောက မပေးကြသူတွေမို့ အားလုံးနီးပါးကို မှတ်မိနေ တာ မဆန်းပါဘူး။ အခုရေးနေတဲ့ စာတွေရယ်နဲ့ ဖော်ပြမယ့် သူတို့ဓါတ်ပုံရယ်ကို သူတို့တွေ သက်ရှိထင်ရှား ရှိနေကြဦးမယ်ဆိုရင် ဖတ်မိကြပါစေ ကြည့်မိကြပါစေလို့ ဆုတောင်းမိပါတယ်။ အကယ်၍ ဖတ်မိသူရှိရင်တော့ လုံးဝ သေချာပေါက် ပြောရဲပါတယ်။ ကျွန်တော်တို့ဆီ ဝမ်းသာအားရနဲ့ ဆက်သွယ်လာကြမှာပါ။

ရဲဘက်တွေအတွက် ထုတ်ပေးတဲ့ဆန်တွေက မဖြူပါဘူး။ ညိုညစ်ညစ်တွေပါ။ ဒီတော့ ထမင်းတွေမလှပါဘူး။ ဆန်ဖြူမှ ထမင်းကလှမှာပါ။ ထမင်းဖြူဖြူ လေးစားကြရစေချင်ပါတယ်။ ဒါနဲ့ ရွာထဲကဟာလာစက်မှာ ဖွပ်ကြပါတယ်။ ဆန်ကတော့ဖြူသွားတာပါပဲ။ နောက်ပြီး သဲ တွေ၊ ခဲတွေလည်း စင်သွားလို့ ရဲဘက်တွေ၊သဲတွေ၊ ခဲတွေ၊ မကိုက်မိ၊ ရွေးကောက်ပွဲ မလုပ်ရ၊ (စပါးလုံး မရွေးရတာကိုပြောတာပါ)၊ ဆန်ကဖြူဖြူမို့ အကြိုက်တွေ့သွားကြပါတယ်။ အရင်ကထက် ပိုစားလာကြတာကြောင့် ဆန်လည်း ပိုကုန်ပါတော့တယ်။ ပိုကုန်ပေမဲ့လည်း ကျွန်တော်တို့နဲ့ လက်တွဲလုပ်ကိုင်ခဲ့ကြတဲ့ ရဲဘက်တွေကောင်း ကောင်းမွန်မွန် စားသောက်ရတဲ့အတွက် ကျေနပ်စိတ်နဲ့ ပီတိဖြစ်ခဲ့ရပါတယ်။

ခဏနေတော့ မိုးကောင်းမြို့ကို ခရီးဆက်ကြပါတယ်။ မိမိတို့ ရဲဘက်တွေနဲ့ နမ္မတီးနဲ့ နမ်းခမ်းခရေအားလျှပ်စစ်ကို ဆက်သွယ်တဲ့ လမ်းမကြီးက အရင်က မြေကြီးလမ်းပါ။ အခုတော့ ချောမွေ့လှပတဲ့ ကတ္တရာလမ်းမကြီးကို ဖြတ်ရတာမို့ အမှတ်တရ ဓါတ်ပုံရိုက်ခဲ့ပါသေးတယ်။ မိုးကောင်းမြို့အဝင် ချောင်းတစ်ခုကိုဖြတ် ဖို့ တံတားတစ်ခုကို ဖြတ်ရပါတယ်။ တံတားအသစ်ဖြစ်နေပါပြီ။ ကျွန်တော်တို့နေ ခဲ့စဉ်က ရထားသာကူးလို့ရတဲ့ တံတားသာရှိပြီး ရထားသာမက ကားတွေပါ ကူးနိုင်ဖို့ ကျွန်တော်တို့ ရဲဘက်တွေနဲ့ ဆောင်ရွက်ခဲ့ကြရတာကို လည်း ပြန်လည်လို့ သတိရသွားရပြန်ပါတယ်။ အဲဒီတံတားကအခုထိရှိနေတာကိုလည်း လှမ်းလို့မြင်ရ ပါတယ်။ ကျွန်းတောရပ်ကွက်ကိုဖြတ်တော့ အဲဒီရပ်ကွက်မှာလည်း ရဲဘက်စခန်း လေးတစ်ခု ရှိခဲ့ဖူးပြီး တာဝန်ထမ်းဆောင်ခဲ့ဖူးတာကို သတိရသွားခဲ့ပါတယ်။ အမှတ်တရ သွားကြည့်ချင်ပေမယ့် တိုက်တာအဆောက်အဦတွေနဲ့ ပြည့်နေပြီမို့ ဝင်ကြည့်လို့ မရတော့ပါဘူး။

မိုးကောင်းမြို့တွင်းရောက်တော့ မိုးကောင်းက မြို့တွင်းလမ်းတွေ ပြုပြင်ခဲ့တာ၊ လမ်းဘေး သစ်ပင်တွေကို အမိန့်အရ တစ်ညလုံးဖြတ်ပြီး ရှင်းလင်းခဲ့ရတာတွေကို ပြန်လည် မြင်ယောင်ရင်း အတူထမ်းဆောင်ခဲ့ကြတဲ့ ထောင်ပိုင်ကြီးဦးကျော်ထင်၊ တပ်သားစောကို၊ တပ်သားခွန်ထင်ကျော်ဦး၊တပ်သားမြင့်စိုး(သာချို)၊ တပ်သားမြင့်ကျော်(အငယ်လေး)၊ တပ်သား ခင်မောင်မြင့်၊ တပ်သားလှဝင်း၊ ဒုတပ်ကြပ် ခင်မောင်ထွန်း စတဲ့ သူတွေကိုလည်း မြင်ယောင် သတိရနေမိပါတယ်။ နောက် ထူးခြားမှုလေးတစ်ခုကတော့ မြစ်ကြီးနားက အလာမှာ ကား ဆရာနဲ့စကားတွေ ပြောရင်း အေးလွင်ကို သိလားဆိုတော့ သိတာပေါ့ပွဲစားလေတဲ့။ အဲဒါ ကျွန်တော့ တပည့်ဗျလို့ ပြောမိလိုက်တာကို ကားဆရာကအေးလွင်ကို ပြောလိုက်တယ် ထင်ပါတယ်။ ကျွန်တော့်ကို လာတွေ့ပါတယ်။ ဝမ်းပမ်းတသာပါပဲ။ အေးလွင်က ၁၉၉၁-၁၉၉၂ ခုနှစ်က အကျဉ်းသား(ရဲဘက်)တစ်ဦးပါ။

ကျွန်တော် ဆားမှော်မှာတာဝန်ကျစဉ်က ထွက်မပြေးဘူးလို့ ယူဆရသူ တစ်ယောက်လို့ ခန့်မှန်းရွေးမိသူတစ်ဦးပါ။ တောက်တိုမယ်ရ ခိုင်းဖို့ မိုးကောင်းကို ဝန်ထမ်းနဲ့အတူ ရိက္ခာထုတ်ထည့်ဖို့တွေအတွက် ရွေးရတာပါ။ လွတ်တဲ့ အထိ အကောင်းဆုံး နေသွားခဲ့ပါတယ်။ သူကမြင်းခြံကပေမယ့် မပြန်တော့ပဲ ဘူတာမှာ ကုန်ထမ်းအလုပ်သမား ဝင်လုပ်ခဲ့တာပါ။ သူ့ရဲ့ကြိုးစားမှုကြောင့် တွန်းလှည်းလေး တစ်စီး ဝယ်လာနိုင်တယ်။ နောက်တော့ နှစ်စီးပိုင်လာတယ်။ နောင်ကျတော့ လုပ်တတ် ကိုင်တတ် ဖြစ်လာပြီး ဘူတာမှာ ပွဲစားဖြစ်လာပါတယ်။ အဆင်ပြေ သွားခဲ့သူပါ။ သူ့ရဲ့သား၊ သမီးများတောင်ဘွဲ့တွေရ၊ အလုပ်တွေရကုန်ပြီလို့ သိရပါတယ်။ အခုပြန်တွေ့တော့ အလာပသလာပ တွေပြောရင်း -

"ဟိုတုန်းက မင်းကိုငါသုံးသာသုံးရတယ် မင်းပုံက လူမိုက်ပုံမို့ ပြေးမယ် ထင်တာကွ" လို့ ပြောမိတော့-

"ကျွန်တော်နေမကောင်းဖြစ်တော့ ဆရာကဆေးတွေထိုး ဆေးတွေတိုက်လို့ သက်သာလာခဲ့တာလေ ကျေးဇူးရှိတာပဲ ဘယ်ပြေးမှာလဲ" လို့ ပြန်ပြောပါတယ်။

အေးလွင်က ငယ်ငယ်ကမဟုတ်မခံ လက်ရဲဇက်ရဲနဲ့ ဘယ်သူ့မှမကြောက်ပဲ ရန်ဖြစ်ပြီ ဆိုတာနဲ့ လက်ကပါပြီးသားပါ။ လက်ချည်းမဟုတ် တုတ်၊ ဒါး၊ မှိန်း၊ တွေနဲ့ တွဲရက်ပါ။ ရိုက်မှု၊ ဒါးထိုးမှု စတဲ့ အမှုတွေနဲ့ ၃ ကြိမ် ထောင်ကျဖူးပါတယ်။ ကျွန်တော်နဲ့တွေ့တော့ ၄ ကြိမ်မြောက်ပါ။ ဒီတစ်ကြိမ်မှာ

တော့ သူဘာမှမကျူးလွန်လိုက်ရပဲ ၈၈ အရေးအခင်းမှာ စစ်ခုံရုံးက ထောင် ၃ နှစ်ချမှတ်ခြင်းခံခဲ့ရတာလို့ ပြောပါတယ်။ လိမ်လိမ်မာမာနေတော့ဖို့ မှာခဲ့ရပါတယ်။ ကျွန်တော်တို့ပြန်တော့ အအေးဘူးတွေ၊ မုံ့တွေကို ဖွတ်ဝယ်ထည့် ပေးလိုက်ပါသေးတယ်။ ဒါတွေဘာလို့ရေးနေလဲဆိုရင် ထောင်မှူးတစ်ယောက်နဲ့ အကျဉ်းသားတစ်ယောက်ရဲ့ ဆက်ဆံရေး အခြေအနေကို ခန့်မှန်းနိုင်ဖို့ပါ။ ကျွန်တော့ရဲ့ အုပ်ချုပ်မှုအောက်မှာလည်း မဟုတ်တော့ဘူး၊ ဝေးကွာခဲ့တာလည်း ၂၈ နှစ်ခန့်ရှိနေပါပြီ။

ဒါတောင် ကျွန်တော်ရောက်ကြောင်းသတင်းရတာနဲ့ အပြေးရောက်လာ ဝမ်းပမ်းတသာနဲ့တွေ့ ကျွန်တော်က သူ့အပေါ်ကောင်းခဲ့ကြောင်းတွေကို ပြန်ပြောခဲ့တာတွေဟာ အံ့ဩဝမ်းသာစရာတွေပါပဲ။ အမှတ်တရအဖြစ် ကျွန်တော် တစ်ခါတည်းသာဝတ်ရသေးတဲ့ ပုဆိုးတစ်ထည်ကိုပေးတော့ ဝမ်းပမ်းတသာယူသွားပါတယ်။ ကျွန်တော်ပေးတာကို အမှတ်တရအဖြစ် ရယူရလို့ဝမ်းသာတဲ့ အနေအထားပါ။ တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာပါပဲ။ ညနေပိုင်းမှာ မြစ်ကြီးနားကို အလာတုန်းကကားလေးနဲ့ပဲ ပြန်ခဲ့ကြပါတယ်။ အတွေ့အကြုံ အပိုင်းအစတစ်ခုပါ။

## တစ်ခါက…

အကျဉ်းဦးစီးဌာနအနေနဲ့ ဒီလိုနေရာတွေမှာ ဘာတွေလုပ်ခဲ့ကြရတယ်၊ ဘယ်လို နေခဲ့ကြတယ်ဆိုတာတွေကို နောင်ကျရင်ဘယ်သူမှ မသိကြတော့ပဲ ပျောက်ကွယ်သွားတော့မှာပါ။ အခုအဲဒီနေရာတွေမှာ ကိုယ်တိုင်တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့ သက်ရှိထင်ရှား ရှိနေသေးတဲ့ပုဂ္ဂိုလ်များကမှ မှတ်တမ်းမတင်ခဲ့ရင် ဘယ်သူတွေကမှ တင်မှာမဟုတ်တော့ပါဘူး။ အခုလက်ရှိအသုံးပြုနေတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတောင် အကျဉ်းဦးစီးရဲ့ လုပ်အားတွေနဲ့ စတင်ခဲ့တာလို့ပြောရင် အချို့အံ့ဩနေကြပါတယ်။

ကျွန်တော်ကတော့ ကြုံတဲ့သူတွေကို စကားစပ်မိရင် ပြောပြမိပါတယ်။ ၁၉၇၉ခုနှစ်လောက်က စတင်ခဲ့ကြောင်း၊ ပထမ ရည်ရွယ်တုန်းက အသွား ၄ လမ်း၊ အပြန် ၄ လမ်းမို့ ၈ လမ်းသွား၊ အမြန်လမ်းမကြီးဖြစ်ကြောင်း လမ်းရဲ့ ပုံသဏ္ဍာန်ကို စိတ်ကူးပန်းချီနဲ့ နိုင်ငံတော်ပိုင် သတင်းစာတွေမှာ ထည့်သွင်း

ဖော်ပြခဲ့ဘူးတာကို အခုထိ မှတ်မိနေကြောင်း၊ ၁၉၈၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာ အရာရှိလေး အဆင့်နဲ့ စတင်တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ လှေလှော်အင်း တာဆုံနှင့် မင်းကုန်းရွာကြားမှာ အမြန်လမ်းမကြီးနှင့်ယှဉ်လျက် ရထားလမ်းတောင် ဖောက်ခဲ့သေးကြောင်း၊ အဲဒီရထားလမ်းဖောက်ရာမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်ကြီးကြပ်ခဲ့ရကြောင်းတွေကို ပြောပြတော့ အချို့တွေက ဩော်ဟုတ်လားလို့ ပြန်ပြောပေမယ့် အချို့က မယုံသလိုရှိကြပါတယ်။

အခုလည်း နမ်းခမ်းခ ရေအားလျှပ်စစ် တည်ဆောက်ရာမှာ ကျွန်တော်တို့ အကျဉ်းဦးစီးကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့ကြောင်းနဲ့ ဖြတ်သန်းခဲ့မှုလေးတွေကို မှတ်မိသမျှ အနည်းငယ် ဖော်ပြလိုပါတယ်။ နောင်တစ်ချိန် အကျဉ်းဦးစီးရဲ့ သမိုင်းများပြုစုခဲ့ရင် ကျွန်တော်ရေးခဲ့တာလေးတွေက အထောက်အထားအဖြစ် အထိုက်အလျောက် ပါကောင်းပါလာနိုင်ပါတယ်။ ကချင်ပြည်နယ်မှာ ရဲဘက်တွေအလုံးအရင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စည်ပင်လုပ်ငန်းတွေကို ဆောင်ရွက်ကြရတာတွေဟာ ၁၉၉၀ခုနှစ်ခန့်က စတင်တယ်လို့ ထင်ပါတယ်။

မြစ်ကြီးနား-ရွှေဘို လမ်းဖောက်လုပ်ရေး အလုပ်စခန်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းဖောက်လုပ်ရေး အလုပ်စခန်း၊ ချီဖွေ-ပိုင်းမော်လမ်း ဖောက်လုပ်ရေး အလုပ်စခန်းတွေ စတင်ခဲ့တာကိုပြောတာပါ။ ဒီစခန်း ၃ ခုလုံးက ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရေး ညွှန်ကြားရေးမှူးရဲ့ကွပ်ကဲမှုအောက်က ဖြစ်ပါတယ်။ [ဘဲလင်းပြည်သူ့အကျိုးပြုတပ်(ရဲဘက်) ရှိစဉ်ကာလက ထောင်မှူးကြီး ဦးကိုကိုလတ် ထောင်မှူးကြီး ဦးဝင်းဆန်းတို့ ကချင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ကြတာ တွေကိုတော့ သီးခြားတစ်ခုအဖြစ် ထားရှိပါမည်]။

ကျွန်တော်က ၁၉၉၁ ခုနှစ်၊ ၁၉၉၅ ခုနှစ်တွေမှာ ကချင်ပြည်နယ်မှာ တာဝန်ထမ်းခဲ့ရပါတယ်။ ပထမဆုံး ကတော့ မြစ်ကြီးနား-ရွှေဘို လမ်းဖောက်လုပ်ရေးစခန်း မိုးကောင်းမြို့မှာပါ။ အဲဒီကာလတွေက KIAက ရထားတွေမိုင်းခွဲ၊ တံတားတွေမိုင်းခွဲ၊ ရထားပေါ်မှာ ဗွီဒီယိုရုံမှာ ပေါ်တာတွေဆွဲတဲ့ အခြေအနေဆိုးတွေ ရှိနေခဲ့ပါတယ်။ လူစီးရထားသွားမယ်ဆိုရင် မိုင်းခံတွဲဆိုတာက ရှေ့ကနေ ကြိုသွားရပါတယ်။ အကာမပါတဲ့ ပက်လက်တွဲပါ။ အခင်းကို သံပြားထူကြီး ခင်းထားပါတယ်။ အဲဒီသံပြားထူကြီး ခင်းထားတဲ့ အပေါ်မှာ ရထားသံလမ်းတွေ တင်ထားပါသေးတယ်။ အကယ်၍ ရထားကို မိုင်းထိခဲ့ရင်လွင့်စင်မသွားအောင်

အလေးအပင်တွေ တင်ထားခြင်းပါ။ နောက်ပိုင်းကျတော့ မိုင်းခံတွဲကို ရှေ့က ကြိုမလွှတ်တော့ပဲ လူစီးရထားစက်ခေါင်းရဲ့ ရှေ့မှာပဲ တွဲချိတ်ထားလိုက်ပါတယ်။ စက်ခေါင်းအပို မရှိတာ၊ ဒါမှမဟုတ် စက်ခေါင်းတစ်လုံးအတွက် စက်သုံးဆီ ချွေတာတာ၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်နိုင်ပါတယ်။

လူစီးရထားတိုင်းရဲ့ နောက်ဆုံးမှာ ဂတ်ဗိုလ်တွဲပါတာ သိကြမှာပါ။ ကချင်ပြည်နယ်က ရထားတွေမှာတော့ ဂတ်ဗိုလ်တွဲရဲ့နောက်မှာ လုံခြုံရေးယူရတဲ့ တပ်မတော်သားတွေပါတဲ့ တွဲတစ်တွဲလည်း ပါပါသေးတယ်။ ထူးခြားမှု တစ်ခုပေါ့။ အဲဒီတွဲမှာ သဲအိတ်တွေ ကာရံထားတာလည်း တွေ့ရပါတယ်။ စက်ခေါင်းရှေ့မှာ ချိတ်တဲ့မိုင်းခံတွဲမှာ မည်သည့်ခရီးသည်မျှ စီးခွင့်မရှိပါဘူး။ ဒါပေမဲ့ အဲဒီကာလက ရထားက နည်းနည်း၊ ခရီးသည်ကများများ၊ ရထား လက်မှတ်ရဖို့က ရှေ့ရှာရတာထက် ခက်လှပါတယ်။ ရထားခေါင်မိုးတွေပေါ်မှာရော တိုးလိုးတွဲလောင်းတွေရော အလုအယက်စီးကြရတာပါ။ ရထားလက်မှတ် မှောင်ခိုရောင်းကြသူတွေအတွက် ခွင်ကောင်းလို့ ပြောရပါမယ်။

ဒီလောက် ရထားစီးရဖို့ခက်ခဲလှတာ၊ လက်မှတ်ရသူရော၊ မရသူရော မိုင်းခံတွဲပေါ် တက်စီးလိုက်ကြတာပါ။ မောင်းချလို့လည်းမရပါဘူး။ ဒါကလည်းအခွင့်ကောင်းယူတတ်သူတွေအတွက် ခွင်ကောင်းတစ်ခု ဖြစ်သွားပြန်ပါတယ်။ ရထားလက်မှတ်ဝယ်ပြီး တရားဝင်စီးတာ မဟုတ်ပေမယ့် ပိုက်ဆံလိုက်ကောက်တာပါပဲ။ ကျသင့်တန်ဘိုးတော့ မပေးရပဲ လျှော့ပေးရတယ်လို့ ထင်ပါတယ်။ စီးကြသူတွေကလည်း ရထားလက်မှတ် တစ်စောင်ရဖို့ ခက်ခဲနေတာမှာ အခုလို စီးခွင့်ရတာကိုပဲ ကျေးဇူးတွေတင်ပြီးငွေကောက်ခံတာကို ကြည်ကြည်ဖြူဖြူပေးကြပါတယ်။

ဆားမှော်ရဲဘက်စခန်းကို ရဲဘက် ၅၀နဲ့ သွားခဲ့ရတုန်းက ရထားကကျပ်သပ်နေတော့ ဘယ်တွဲမှာမှ စီးလို့မရနိုင်ပါဘူး။ မထူးဘူးမိုင်းမိလို့ သေကာမှသေရော တက်ကြကွာဆိုပြီး မိုင်းခံတွဲပေါ်မောင်းတင်လိုက်တာပါပဲ။ အဲလိုဆိုတော့ မိုင်းကွဲရင် ရဲဘက်တွေတော့ သေပစေပေါ့၊ ဖြစ်ချင်ရာဖြစ်ပေါ့လို့ ထင်ကြပါမယ်။ ဘယ်ဟုတ်မှာလဲ ကျွန်တော်ရော၊ မယောသီရော၊ ကျွန်တော့ရဲ့ (၁)နှစ်ခန့်သာရှိသေးတဲ့ သမီးကြီးရော အဲဒီမိုင်းခံတွဲပေါ် တက်လိုက်ခဲ့ကြတာပါ။ မိုင်းမိလို့ သေကြရင် ကျွန်တော်တို့မိသားစုလေးလည်း ရဲဘက်တွေနဲ့အတူ သေကြရမှာပါ။ ကျွန်တော်တို့ကိုတော့ ပိုက်ဆံမတောင်းပါဘူး။ အကျဉ်းဦးစီးဝန်ထမ်းများနဲ့ ရဲဘက်

တွေကတော့ ဘယ်သွားသွား မိုင်းခံတွဲပေါ်ကပဲ စီးကြပါတယ်။ အကာအရံမရှိ တော့ပတ်ဝန်းကျင်ရှုခင်းတွေကိုကောင်းကောင်း မြင်ရတာရယ် လေကောင်းလေသန့် ရတာရယ်ကြောင့် ကျေနပ်ကြပြီး ပျော်ကြပါတယ်။ ဒါပေမဲ့ မိုးတွင်းကာလ၊ မိုးရွာတာနဲ့ ကြုံတော့လည်း မိုးရေချိုးပြီး ကြွက်စုတ်ကလေးတွေ ဖြစ်ကြရပါတယ်။

ရထားပေါ်ကနေ ရဲဘက်တွေ ခုန်ဆင်းပြေးလို့ ရနိုင်ပေမယ့် မပြေးကြပါဘူး။ မိုးကောင်းကနေ နမ္မတီး မြို့သစ်ကြီးကို ရဲဘက် ၅၀ ခန့်နဲ့အတူ ပြောင်းကြရတော့ လည်း ထွန်စက်တစ်စီးနဲ့ သာ ရွှေ့ရတာမို့ လူ၊ပစ္စည်းတွေနဲ့ မမျှတာကြောင့် ပစ္စည်းတွေနဲ့ ဝန်ထမ်းရဲ့ဇနီး ကလေးတွေကိုသာ ထွန်စက်ပေါ်တင်ပြီး ရဲဘက် တွေနဲ့ ဝန်ထမ်းတွေကတော့ ခြေလျင် လျှောက်ကြပေါ့။ မဟေသီနဲ့ သမီးကြီး ကိုလည်း ထွန်စက်ပေါ်တင် ကျွန်တော်ကတော့ အကြွေးတစ်ပိုင်းနဲ့ ဝယ်ထားတဲ့ ကြက်ဖတံဆိပ် စက်ဘီးလေးနဲ့လိုက်ပါတယ်။

မိုးကောင်းနဲ့ မြို့သစ်ကြီးစခန်း၊ အကွာအဝေးက ၁၂ မိုင်ခန့်တော့ ရှိမယ်ထင်ပါတယ်။ ကဲစဉ်းစားသာကြည့်ကြပါတော့။ လမ်းခရီး လုံခြုံရေး စီမံချက် ဘယ်လိုဆွဲကြမလဲ။ ဝန်ထမ်းလေးက ၃ ယောက်ထဲနဲ့ ဘယ်လိုမှစနစ် ကျတဲ့ လုံခြုံရေး စီမံချက်ဆွဲလို့မရနိုင်တဲ့ အခြေအနေမို့ မဆွဲတော့ပါဘူး။ ပြေးချင်တဲ့သူပြေးကြ ကျန်တဲ့သူ ကိုယ့်လူလို့သာမှတ်လိုက်ပါတယ်။ ခရီးမစခင်မှာ တော့ပြောရတာပေါ့။

"ကဲကျွန်တော်တို့ စခန်းတစ်ခုကို ရွှေ့ကြမယ် ခရီးကဝေးတယ် ထွန်စက် ပေါ်မှာလည်း မဆန့်ဘူး ပစ္စည်းထိန်းဖို့ သုံးလေးယောက်ပဲလိုက်ပြီး ကျန်သူတွေ ကတော့ ခြေလျင် သွားကြမယ်။ ဘယ်သူမှမပြေးဘူးလို့လည်း ယုံကြည်တယ်။ ညနေနေဝင်ရီတရောမှရောက်မယ်ထင်တယ်။ တပိုင်တနိုင်ပစ္စည်း လေးတွေကို လည်း ပါအောင်သယ်ခဲ့ကြပါ။ စခန်းရောက်ရင် အားလုံးအစုံမြင်တွေ့ချင်တယ် ဗျာ။ အားလုံးစုံမယ်မို့လား"

"စုံပါမယ်"

"စိတ်ချမယ်နော်"

"စိတ်ချပါ"

ဟုတ်တာမဟုတ်တာ အပထား၊ ဟန်ကိုယ့်ဖို့ ခပ်တည်တည်နဲ့ ပြော လိုက်တာပေါ့။

"အိုကေ သွားကြမယ်"

ထွန်စက်လည်းထွက် လူတွေလည်းထွက်ပေါ့။ ထွန်စက်ကတော့ သွားနှင့်ပါပြီ။ ဝန်ထမ်းတွေနဲ့ ရဲဘက်တွေက ပထမမှာ စုစုစည်းစည်း နောင်တော့လည်း တကွဲတပြား ဖြစ်သွားပါတယ်။ ကိုယ်စီ ပစ္စည်းလေးတွေကလည်းပါတာကြောင့် သွားသူသွား နားသူနားမို့ အတန်းရှည်ကြီး ဖြစ်သွားပါတယ်။ မြို့သစ်ကြီးစခန်း ဝင်တော့ ည ၇ နာရီခန့်ရှိပြီမို့ မှောင်နေပါပြီ။ ဝန်ထမ်းတစ်ယောက်က စခန်းထဲ ဝင်လာသူကို အမည်စာရင်းကြည့်ပြီး ဂေါက်ခြစ်အမှတ် အသားပြု ၂၅ ယောက် ရောက်ပြီ၊ ၃၅ ယောက်ရောက်ပြီ၊ ၄၂ ယောက်ရောက်ပြီ စသည်ဖြင့် စသည်ဖြင့် အသံထွက်ပြီး စာရင်းမှတ်နေတာကို ကျွန်တော်ကနားထောင်နေပြီး အားလုံးစုံမှ စုံပါ့မလားလို့ တွေးပူနေရပါတယ်။ ည ၈ နာရီလောက်မှာတော့ ၅၀ ပြည့်ပြီလို့ အော်သံနဲ့အတူ ကျွန်တော့ကို လာရောက် သတင်းပို့လာပါတယ်။ ဘယ်သူမှ မပြေးလို့ ကျေးဇူးတင်ရပါတယ်။ အားလုံးကိုစုပြီးစကားပြောတော့လည်း အထူး ကျေးဇူးတင်ကြောင်း ပြောမိပါတယ်။ အခုစာရေးရင်းကို အဲဒီတုန်းက အတူတွဲခဲ့ ကြတဲ့ ရဲဘက်တွေကို သတိရပြီး ကျေးဇူးတင်နေတုန်းပါပဲ။

## နမ်းခမ်းခ

မြို့သစ်ကြီးစခန်းမှာ တာဝန်ကျနေစဉ်ကာလ တစ်ရက်မှာမြို့သစ်ကြီးက ရဲဘက်တွေနမ်းခမ်းခ ရေအားလျှပ်စစ်ကို ပြောင်းကြရမယ်၊ မနက်ဖန် မနက်စော စောသွားကြရမယ်၊ ထွန်စက်တစ်စီးပေးမယ် ၂ ရက် ၃ ရက်အတွင်း ဝန်ထမ်းနေဖို့ ရဲဘက်တွေနေဖို့တွေ စီစဉ်ရမယ်၊ စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးကျော်ထင် ကိုယ်တိုင် လာကြည့်မယ်၊ ကျွန်တော်က မြို့သစ်ကြီးမှာရှိတဲ့ အကျဉ်းသားတွေနဲ့ သွားနှင့်ပြီး လိုအပ်တာ တွေလုပ်ထားရမယ်၊ ထောင်မှူးဦးစိန်ထွန်းက ထောင်ပိုင်ကြီး ဆီကအမိန့်နာခံပြီး နောက်ရက်မှ လိုက်လာမယ်လို့ ဆက်သားက ပြောလာပါတယ်။ ဒါအမိန့်ပဲလေ ချက်ချင်းကြီး ဖြစ်နေတယ်။ ပြောင်းဖို့ အတွက်ပြင်ဆင်ရတော့မှာပေါ့။ တောမှော်ကိုလည်း ပြောင်းရမယ်၊ တောမှော် မပြောင်းခင် ကြားဖြတ်တစ်နေရာကို အရင်ပြောင်းရ အုံးမှာပါလား။ တစ်ဦးတစ် ယောက်ထဲ ပြောင်းရတာ မဟုတ်ဘဲ၊ ရဲဘက်တွေနဲ့၊ ပစ္စည်းတွေနဲ့၊ ဝန်ထမ်း မိသားစုတွေနဲ့၊ တစ်ဖွဲ့ကြီးပြောင်းရမှာကြောင့် နောက်နှစ်ရက်လောက်မှ ပြောင်းချင် ပါတယ်လို့ ပြန်ပြောလို့လည်းမဖြစ်နိုင်ပါဘူး။ ဒီတော့ လည်းရှိတဲ့ဝန်ထမ်းလေး

၃ ယောက်လောက်နဲ့ တပ်ခွဲမှူး၊ တပ်စိတ်မှူးလေးတွေကို ခေါ်ပြီး မနက်ဖြန် နမ်းခမ်းခကို ပြောင်းကြရမယ်၊ ပစ္စည်းပစ္စယတွေ မကျန်အောင်ပြင်ဆင်ကြဖို့ ပြောရပါတယ်။

၃၁-၁၀-၁၉၉၂ ရက်နေ့ မနက် စောစောမှာ ထွန်စက်တစ်စီးရောက်လာလို့ ပစ္စည်းတွေ စနစ်တကျတင်ပြီး ဝန်ထမ်းတွေ ရဲဘက် တွေလည်း မျှစီးကြရပါတယ်။ ရဲဘက်က ၄၂ ယောက်ပါ။ ကျွန်တော့ မဟေသီရယ်၊ နှစ်နှစ်အရွယ် သမီးကြီးရယ်၊ ဒုတပ်ကြပ် တင်မောင်ထွေးရဲ့ဇနီးနဲ့ ကလေးတစ်ယောက်ရယ်က တော့ စခန်းပိုင်ထော်လာဂျီလေးနဲ့ လိုက်ကြပေါ့၊ ထော်လာဂျီပေါ်မှာလည်း မချောင်ချိပါဘူး၊ ပစ္စည်းမျိုးစုံနဲ့ ကျပ်ညပ်နေတာပါ၊ ဒီလိုပဲစီးကြရမှာပါပဲ။ မြို့သစ်ကြီးစခန်းနဲ့ နမ်းခမ်းခ ရေအားလျှပ်စစ်က ၆ မိုင်ခန့်ဝေးမယ် ထင်ပါတယ်။ လမ်းတွေကမကောင်းတော့ ထွန်စက်ကလည်း လူးခါနေတာကြောင့် လွင့်စင် ပြုတ်မကျအောင် သေချာကိုင်နိုင်းရပါတယ်။

ရောက်ပါပြီ၊ 'နမ်းခမ်းခ' တဲ့ နာမည်လေးကတော့အပျံစား လှလှလေး၊ ပတ်ဝန်းကျင်ရှုခင်းတွေကလည်း သဘာဝတောတောင်တွေ၊ ရေတံခွန်တွေ၊ ကွေ့ပိုက်စီးဆင်းနေတဲ့ ချောင်းလေးရယ်ကြောင့် လှမှလှ။ ဒါပေမဲ့ ကျွန်တော် တို့ဝန်ထမ်းတွေနဲ့ ရဲဘက်တွေကတော့ကတော့ ဒီလိုအလှတရား တွေကို သတိ တောင်မထားနိုင်ကြပါဘူး။ ဘယ်လိုနေကြရမှာလဲ၊ ဘာတွေလုပ်ကြရမှာလဲ ဘယ်လို တွေပင်ပန်းမလဲ၊ ဘာအခက်အခဲတွေ တွေ့ကြရမလဲ ဆိုတာတွေပဲ တွေးနေကြမှာပါ။

နမ်းခမ်းခစခန်း အဝင်မှာတော့ ဝါးခြမ်းတွေကို ကြာမှောက်ကြာလှန် အနေ အထား ကာရံထားတဲ့ ခြံစည်းရိုးဝင်းကြီးကို တွေ့ရပါတယ်။ ဝင်းထဲမဝင် ခင်မှာဂိတ်ဝက တပ်မတော်သားတစ်ယောက်က ဘယ်သူတွေလဲ ဘာလာ လုပ်လဲ မေးပါတယ်။ အကျဉ်းဦးစီးကပါ၊ ဝန်ထမ်းတွေနဲ့ ရဲဘက်တွေပါ၊ ရေအားလျှပ်စစ်မှာ လုပ်အားပေးဖို့ လာရတာပါဆိုတော့ ဝန်ထမ်းအင်အား၊ ရဲဘက်အင်အား တွေထပ်မေးပြီးမှဝင်ခွင့်ပြုပါတယ်။ ထွန်စက်က ခြံစည်းရိုး ဝင်းကြီးထဲက ကွက်လပ်ကျယ်တစ်ခုမှာ ရပ်ပေးပါတယ်။ လူတွေဆင်းပစ္စည်း တွေချပြီး ထွန်စက်က ပြန်ဖို့လုပ်တော့ ကျွန်တော်က -

"ကျွန်တော်တို့က ဘယ်နေရာနေရမှာလဲဗျ" မေးတော့

"ဒါတော့ကျွန်တော်မသိဘူး ဒီနေရာပို့ပြီးပြန်ခဲ့လို့ပြောလိုက်တာပဲ"

ထပ်မေးလို့လည်း မထူးတော့တာကြောင့် ထပ်မမေးတော့ပါဘူး။ နမ်းခမ်းခ ရေအားလျှပ်စစ်ကို လုံခြုံရေးယူပေးထားတဲ့တပ်မတော်က တပ်ခွဲတစ်ခုရှိတာမို့ ဗိုလ်ကြီးတစ်ယောက်ကို သွားမေးရပါတယ်။ နေဖို့အဆောက်အဦလေး ဘာလေး ရှိမရှိပေါ့။

"အဆောက်အဦ အပိုကတော့မရှိဘူးဗျ၊ ဟိုအဆောက်အဦလေးတော့ရှိတယ်။ ပျက်နေတယ်၊ ဘယ်သူမှမနေဘူး။ ပြင်ပြီးနေချင်လည်းနေလေ"တဲ့။

အဆောက်အဦးကိုသွားကြည့်တော့ တိုင်အခြေတွေကခြတွေစားပြီး မခိုင်ခံ့တော့ပါဘူး။ ထရံတွေကလည်း ဆွေးမြေ့ပေါက်ပြဲနေပါပြီ။ အမိုးကလည်း ပေါက်ပြဲပြီး ဘယ်လိုမှ မလုံခြုံနိုင်တော့ပါဘူး။ အဲဒီကာလ ကချင်ပြည်နယ်မှာ ဒေသဆိုင်ရာ အာဏာပိုင်တွေက ဒီနေရာမှာ စခန်းချဆိုချ၊ မြောင်းတူးဆိုတူး၊ ကျောက်ထု ဆိုထု၊ သစ်ပင်ခုတ်ဆိုခုတ်၊ ဒီနား မလုပ်နဲ့တော့ ဟိုနေရာရွှေ့ဆိုရွှေ့၊ ထပ်ပြောင်းဆိုပြောင်း၊ အမိန့်ပေးသမျှကို မငြင်းဆန်ရဲပဲ ဆောင်ရွက်ကြရတာပါ။ ညွှန်ကြားရေးမှူးချုပ်ရုံးက မသိရှိပါဘူး။ နောက်မှ အစီရင်ခံရပါတယ်။ နေရာထိုင်ခင်းလည်း စီစဉ်ပေးမှုမရှိပါဘူး။ မိမိအစီအစဉ်နဲ့မိမိပါပဲ။

ကျွန်တော့ရှေ့က ဆရာတွေ ပြောစကားအရဆိုရင် တစ်ခါတစ်လေစခန်းကို ဟိုဘက်ရွှေ့ဆိုလို့ ရွှေ့လိုက်တယ်။ စခန်းတာဝန်ခံ ထောင်ပိုင်ကြီးတောင် မသိ လိုက်ဖူးလို့ သိရပါတယ်။ အခုလည်း ဝန်ထမ်းတွေ ရဲဘက်တွေကို ကွင်းပြင် တစ်ခုမှာ ချထားလိုက်ပါပြီ။ နေစရာ ထိုင်စရာမရှိတော့ စိတ်ပျက် လက်ပျက်နဲ့ သေတ္တာလေးတွေ ပေါ်ထိုင်သူကထိုင် ပစ္စည်းထုပ်တွေ ပေါ်ထိုင်သူကထိုင်၊ သစ်ငုတ်တွေပေါ်ထိုင်သူကထိုင်၊ မြေကြီးပေါ်ပဲ ထိုင်သူက ထိုင် နေလိုက်ကြ ပါတယ်။ မိနစ် ၂၀ လောက်ထိုင်အပြီးမှာတော့ ထိုင်နေလို့တော့ ဘာမှဖြစ် မလာဘူးဆိုပြီး ဝန်ထမ်းနဲ့ ရဲဘက်တွေကို ၅ ဦးတစ်ဖွဲ့ ၇ ဦးတစ်ဖွဲ့စသည်ဖြင့်ခွဲပြီး

"အဖွဲ့(၁)က မျှောတိုင်တွေခုတ်မယ်၊

အဖွဲ့(၂)ကအချင်ဝါးတွေခုတ်မယ်၊

အဖွဲ့(၃)ကအခင်းလုပ်ဖို့ဝါးဘိုးဝါး တွေခုတ်မယ်၊

အဖွဲ့(၄)ကအမိုးအတွက်သက်ကယ်တွေရိတ်မယ်၊

အဖွဲ့(၅)ကတိုင်ကျင်းတွေတူးမယ်၊

အဖွဲ့(၆)ကအဆောက်အဦနေရာအတွက် ပေါင်းမြက်တွေရှင်းမယ်၊

ဖိုကြီးအဖွဲ့ကတော့ညနေစာစားနိုင်ကြဖို့တစ်နေရာမှာ ချက်ပြုတ်ကြရပါမယ်၊ နောင်မှ ဖိုကြီးအတွက် အဆောက်အဦဆောက်မယ်၊ အမြန်လုပ်ကြမှဖြစ်မယ်အိပ်ဖို့ အဆောင်လေးတစ်ဆောင်မှ မပြီးရင် ဒီည မြေကြီးပေါ် အိပ်ကြရမယ်၊ အိမ်သာကျင်းနဲ့ အကာလေးကလည်း မပြီးလို့ မရဘူး၊ ထွက်မပြေးကြဘူးလို့လည်းလုံးဝယုံကြည်တယ်၊ ပင်ပန်းကြမယ်ဆိုတာ သိပါတယ်။ နောက်ရက်တွေကျမှပဲ ပိုနားကြပါ၊ ဒီနေ့လေးမှာတော့ မြန်မြန်သွက်သွက်နဲ့ နည်းနည်းနား များများအလုပ်လုပ်ပေးကြပါဗျာ" ဆိုတော့ အားလုံးက တက်တက်ကြွကြွပါပဲ။

"စိတ်ချပါဗိုလ်လေး" တဲ့

"ကဲဒါဆိုလည်းဒါးတွေယူ၊ တံစဉ်တွေယူ၊ တူရွင်းတွေယူ၊ ပေါက်ပြားတွေယူပြီး လုပ်ငန်းစကြရအောင်ဗျာ"

တကယ်ကို ကျေးဇူးတင်စရာ ကောင်းလှပါတယ်။ တာဝန်အသီးသီးအတွက် လိုအပ်တဲ့ ပစ္စည်းလေးတွေယူပြီး စတင်ကြပါတော့တယ်။ အချို့မျောတိုင်နဲ့ ဝါးခုတ်ဖို့ တောထဲဝင်သွားကြပါတယ်။ အချို့အဆောက်အဦနေရာအတွက် ပေါင်းမြက်တွေရှင်းနေကြပါတယ်။ အချို့က အဆောက်အဦအတွက် တိုင်းတာပန္နက်ရိုက်ကြပါတယ်။ အချို့က ပန္နက်ရိုက်ပြီး မြေနေရာမှာမြေကျင်းတွေတူးနေကြပါတယ်။ ဖိုကြီးအဖွဲ့ကလည်းဖိုကျင်းတွေတူး၊ ထင်းခြောက်တွေရှာ၊ ချောင်းထဲရေသွားခပ်ကြပြီး ညနေစာအတွက် ပြင်ဆင်နေကြပါတယ်။

အားလုံးတက်တက် ကြွကြွပါပဲ။ခိုင်းလို့လုပ်ကြတဲ့အနေအထား၊ ကြောက်လို့လုပ်ကြရတဲ့ အနေအထား တစ်ယောက်မှ မရှိပါဘူး။ အားလုံးကမိသားစုဆန်ဆန်ဝိုင်းဝန်းဆောင်ရွက်ကြပါတယ်။ ခွဲဝေပေးတဲ့လုပ်ငန်းပြီးသွားသူတွေ ကလည်းငါတို့တာဝန်ပြီးပြီဆိုပြီး မနားကြပါဘူး။ အခြားမပြီးသေးတဲ့အဖွဲ့တွေကိုဝိုင်းကူကြပါတယ်။ အိပ်ဖို့အဆောင်တစ်ခုကတော့ ပြီးကိုပြီးမှ ဖြစ်မယ်ဆိုတဲ့ရည်မှန်းချက်က တူညီကြတာကြောင့် တက်ညီလက်ညီနဲ့ ဆောင်ရွက်ကြတာမို့ညနေမမှောင်ခင်လေးမှာပဲ ရင်ခွဲဘားတိုက် အကြမ်းထည်လေး ပြီးသွားခဲ့ပါတယ်။ ရင်ခွဲဘားတိုက်ဆိုတာက အဆောက်အဦ အလယ်မှာ ၅ ပေခန့် လျှောက်လမ်းထားပြီး ဘေးနှစ်ဖက်က စုပေါင်းအိပ်ရတဲ့ အိပ်စင်ရှည်နှစ်ခုပါ။ ပေ၅၀×၂၀ပေ

အဆောက်အဦလေးပေါ့။ ရဲဘက်တွေအိပ်ဖို့နေဖို့အဆောက်အဦလေး ပြီးသွားပေမယ့် ကျွန်တော်ရယ်၊ မဟေသီနဲ့ သမီးကြီးရယ်၊ ဝန်ထမ်းလေးတစ်ဦးရဲ့ဇနီးနဲ့၊ ကလေးငယ်လေးရယ်တို့နေဖို့၊ အိပ်ဖို့ အဆောက်အဦအတွက် ဝါးလေးတစ်လုံးတောင် မခုတ်ရသေးပါဘူး။ ဒီတော့ ဒီတစ်ညအတွက် ဘယ်လိုအိပ်ကြမလဲ။ ဝန်ထမ်းတွေက ရဲဘက်တွေနဲ့အတူ ဝင်အိပ်လိုက်ကြကွာလို့ ပြောလိုက်ရင် ပြီးသွားနိုင်ပေမယ့် အမျိုးသမီးနှစ်ဦးနဲ့ ကလေးနှစ်ဦးအတွက် ခက်နေပါပြီ။ ကျွန်တော့ရဲ့မဟေသီက အဲဒီအချိန်မှာ အသက်က ၂၄ နှစ် လုလုပပ၊ (ကျွန်တော့အထင်ပေါ့လေ) ဝန်ထမ်းဇနီးလေးကလည်း ငယ်ငယ်ရွယ်ရွယ် အသက် ၂၀ခန့် ရဲဘက်တွေနဲ့ အတူ တစ်ဆောင်ထဲ ရောနှောအိပ်လို့ မသင့်၊ ရဲဘက်ဆိုမှတော့ ယေဘူယျအားဖြင့် မကောင်းသူတွေလို့သာ သတ်မှတ်ရမှာဖြစ်ပါတယ်။ အတူအိပ်ကြရင် မထင်မှတ်တဲ့ ဆိုးဆိုး ရွားရွားကိစ္စရပ်တွေ ဖြစ်သွားနိုင်ပါတယ်။ ခေါင်းတအားခဲရပါပြီ။ အခြားလည်း အိပ်စရာ မရှိတော့ အိပ်ဆောင်ပြင်ပ တစ်နေရာ ကွင်းပြင်ထဲမှာ အိပ်ခိုင်းရတော့မယ့် အနေအထား ဖြစ်နေပြီမို့ ဘာလုပ်ရမလဲစဉ်းစားရပါပြီ။

**ဝန်ထမ်း၊ ဝန်ထမ်းမိသားစုများနှင့် ရဲဘက်များ တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ အေးချမ်းသာယာ။**

ကျွန်တော့ရဲ့မဟေသီနဲ့သမီးငယ်၊ ဝန်ထမ်းတစ်ယောက်ရဲ့ဇနီးနဲ့ ကလေးငယ်တို့ကို ဘယ်မှာ အိပ်ခိုင်းရမလဲဆိုတာ ခေါင်းခဲနေချိန်မှာ အခြားဝန်ထမ်းများနဲ့ ရဲဘက်တွေပါ စိတ်ဝင်စားနေကြမှာပါ။အဆောက်အဦနောက်တစ်လုံး ထပ်ဆောက်ဖို့လည်း အချိန်က မရှိတော့ပါဘူး။ မှောင်စပျိုးနေပါပြီ။ မနားမနေထပ်ဆောက်မယ်ဆိုလည်း လျှပ်စစ်မီးကမရှိ မီးစက်လည်းမရှိ မှောင်မှောင်မဲမဲ၊ အဆင်မပြေပါဘူး။ ရဲဘက်ထဲမှာ ပြစ်မှုတွေကအစုံပါ၊ လူသတ်မှု၊ ဒါးပြမှု၊ ခိုးမှု၊ လုယက်မှု၊ လက်နက်ကိုင်ဆောင်မှု၊ မူးယစ်မှု၊ လိမ်လည်မှု၊ မုဒိန်းမှုမျိုးစုံပါပဲ။ ပုတီးစိတ်မှားပြီး ထောင်ကျလာသူတော့မပါပါဘူး။

ခြွင်းချက်အားဖြင့် အူတူတူ အတတကြောင့်၊ သူများပယောဂကြောင့်၊ စေတနာအမှားကြောင့် ကျလာသူအချို့တော့လည်း ရှိပါတယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှု မရှိလို့၊ ဒေါသကြီးလို့၊ လောဘကြီးလို့၊ ရမ္မက်ကြီးလို့၊ ကိုယ်ချင်းစာနာမှုမရှိလို့ ပြစ်မှုတွေဖြစ်ပြီး ထောင်ကျလာသူများလို့သာ

ယေဘူယျပြောရမှာ ဖြစ်ပါတယ်။ အချို့ နောင်တတွေရပြီး၊ ပြုပြင်တော့မယ်လို့ ခံယူထားသူတွေ ရှိနိုင်သလို အချို့က အမှားကိုအမှားမှန်း မသိနိုင်ကြသေးပဲ အခါအခွင့်သင့်ရင် ထပ်ချလိုက်အုံးမယ်လို့ ခံယူထားတုန်းလူတွေလည်း ပါနိုင်ပါသေးတယ်။ ဒီည ကျွန်တော့ရဲ့ မဟေသီနဲ့ ဝန်ထမ်းရဲ့ဇနီးတို့ကိုပြီးစီးတဲ့ ရင်ခွဲဘားတိုက်ထဲပဲ ထားဖို့ပဲရှိတာမှာ ထားလို့ဖြစ်ပါ့မလား။ ထားသင့်သလား။ ထားလိုက်ရင်ဘာဖြစ်မလဲ။ ဖောက်ပြန်လိုသူတွေ၊ မရှိရင်တော့ ကောင်းတာပေါ့။ ဖောက်ပြန်လိုသူတွေရှိပြီး ဖောက်ပြန်လိုသူ အင်အားကလည်း များမယ်ဆိုရင် ကျွန်တော်တို့ ဝန်ထမ်းက ကျွန်တော်အပါအဝင်မှ ၄ ယောက်၊ ရဲဘက်က ၄၂ ယောက် ဘယ်လိုမှ အင်အားကမမျှတော့ သူတို့စိတ်ကြိုက်ပါပဲ။ အတွေးတွေများနေပေမယ့် တစ်ခုခုတော့ဆုံးဖြတ်ရပါတော့မယ်။

ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ ဘားရိုက်တော့ပြီးပြီ၊ ဒါတောင် အကြမ်းပဲပြီးတာ အချောသတ်စရာတွေ ကျန်နေသေးတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ မိသားစုတွေနေဖို့ကတော့ ဘာမှမစရသေးဘူး၊ နောက်နေ့မှပဲ ဆက်ဆောက်ရပါတော့မယ်။ ဝန်ထမ်းများနဲ့ ရဲဘက်တွေကိုပြောရပါတယ်။

"ဝန်ထမ်းတွေရော မိသားစုတွေရော၊ခင်ဗျားတို့တွေရော ဒီတဲထဲပဲစုပေါင်းအိပ်ကြရ တော့မယ်ဗျာ၊ ရဲဘက်တွေက ဘားတိုက်တစ်ဖက်ခြမ်းမှာ ရသလောက်နေရာယူကြပါ။ ဒီဘက်ခြမ်းအစွန်ဘက်မှာ မိသားစုတွေအိပ်ကြမယ် မိသားစုတွေနဲ့ တစ်ဆက်တည်းမှာ ကျွန်တော်နဲ့ ဝန်ထမ်းတွေ အိပ်ကြမယ်၊ နေရာလပ်ရှိနေအုံးမှာဖြစ်တယ်။

အဲဒီနေရာလပ်မှာ ဟိုဘက်ခြမ်း မဆန့်တဲ့ ခင်ဗျားတို့တွေထဲက အချို့က အိပ်ကြမယ်၊ ဒီလိုမှမအိပ်လည်း ဘယ်လိုမှအဆင်မပြေနိုင်ဘူး၊ ခင်ဗျားတို့နဲ့ ကျွန်တော်တို့က ထူးခြား တဲ့ရေစက်ကြောင့် လာဆုံကြတယ်ဗျာ၊ ဝတ်ထားတဲ့ အဝတ်အစားလေးပဲ ကွာပါတယ်၊ ကျွန်တော်တို့က ကာကီရောင်၊ ခင်ဗျားတို့က အဖြူရောင်၊ ခင်ဗျားတို့ရဲ့ စိတ်တွေ ပိုမိုဖြူစင်လာကြစေဖို့အတွက် အမြဲသတိပေးနေတဲ့ အရောင်လေးပေါ့။ အခုလည်း ခင်ဗျားတို့ရဲ့ စိတ်တွေဖြူစင်နေကြပါပြီ၊ အများမြင်သလို လူမိုက်တွေ မဟုတ်ကြပါဘူး။ လူမိုက်တွေသာဆိုရင် ပြေးဖို့အခွင့်အရေးတွေ ရနေတာပဲ၊ ပြေးကြပြီပေါ့၊ အခုဘာလို့ မပြေးကြလဲ၊ မိဘ ဇနီး သားသမီးများကို ချစ်ကြလို့ပေါ့။ ထွက်ပြေးရင် ရပေမယ့် မိသားစု

နဲ့ လွှပ်လွှပ်လပ်လပ်နေခွင့်ရကြမှာ မဟုတ်ဖူးလေ၊ ဒီတော့ မိသားစုနဲ့ လွတ်လွတ် လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေချင်တာကြောင့် လွတ်မှုပြန်မယ်၊ ပြစ်မှုကြေး ကျေအောင် ဆပ်မယ်ဆိုတဲ့ စိတ်တွေရှိနေကြလို့ဆိုတာ သေချာပါတယ်။

ကျွန်တော်လုံးဝ ယုံကြည်တယ်၊ ခင်ဗျားတို့နဲ့ကျွန်တော်တို့က အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ ဆိုပေမယ့် တကယ်တော့ မိသားစုတွေပါပဲ၊ ခင်ရာဆွေမျိုးတဲ့ ခင်ဗျား တို့ရော၊ ကျွန်တော်တို့ရော မိဘဆွေမျိုးတွေနဲ့ အဝေးကြီးမှာ ရောက်နေကြတာပါ၊ အခုခင်ဗျားတို့နဲ့ ကျွန်တော်တို့ကနေ့စဉ် ထိတွေ့ဆက်ဆံ နေကြရတယ်၊ တစ်နေ့ ထက်တစ်နေ့ ပိုလို့ခင်မင်ပြီး သံယောဇဉ်တွေ ဖြစ်လာကြတယ်။ ဆွေမျိုးတွေလို ဖြစ်နေကြပါပြီ၊ ဒီတော့ တစ်ဦးအကျိုးတစ်ဦး အကောင်းဆုံးဖြစ်အောင် အပြန် အလှန် စောင့်ရှောက်နေကြလို့လည်း စိတ်ညစ်စရာတွေမရှိပဲ အေးချမ်းနေကြ တာပေါ့ဗျာ၊ သွေးရင်း သားရင်း ဆွေမျိုးတွေလိုကို ဖြစ်နေကြပါပြီ၊ အခု ခင်ဗျားတို့နဲ့အတူ ဘားတိုက်ထဲမှာ အတူအိပ်ကြမယ်ဆိုရင် အဆင်ပြေမလား ဗျာ"

လို့ ရှည်ရှည်ဝေးဝေးပြောရပါတယ်။ ရဲဘက်တစ်ဦးက ပြောလာပါတယ်။

"ဗိုလ်လေးတို့မိသားစုတွေနဲ့အတူ အိပ်ကြရမှာကိုအားနာပါတယ်၊ ဗိုလ်လေး တို့တွေသာ အိပ်ကြပါ၊ ကျွန်တော်တို့တွေကအိပ်ဆောင်အပြင်ဘက် မြေကြီးပေါ်မှာ ပဲ အိပ်ပါ့မယ်၊ အရင်ကလည်း အိပ်ခဲ့ဖူးကြတာပါပဲ၊ အခုအိပ်လည်း ဘာမှ မဖြစ်ပါဘူး၊ ဗိုလ်လေးတို့တွေသာ အေးအေးချမ်းချမ်း အိပ်ကြပါခင်ဗျာ"

နောက် ရဲဘက်တွေကလည်း အဲဒီတင်ပြချက်အတိုင်းသာ သဘောတူ လက်ခံကြပြီး ရဲဘက်တွေအားလုံး အပြင်ထွက် အိပ်မယ်ဖြစ်သွားကြပါတယ်။ ဝမ်းသာလို့ကျတဲ့မျက်ရည်ဆိုတာ ခံစားလိုက်ရပါပြီ။ ရဲဘက်များရဲ့မိမိအပေါ် လေးစား ချစ်ခင်မှုအတိုင်းအတာကို သိမြင်လိုက်ရတာမို့ မျက်ရည်ဝဲသွားရ ပါတယ်။ တိုတိုချုံ့ရရင်တော့ အဲဒီညက ရဲဘက်တွေရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့ဇနီးရယ်၊ ဝန်ထမ်းလေးရဲ့ဇနီးရယ်၊ ကလေးငယ်လေးတွေရယ်၊ ဝန်ထမ်း တွေရယ် တောထဲကတဲကြီးတစ်လုံးမှာ အတူအိပ်ခဲ့ကြပါတယ်။ ဘယ်သူယုံနိုင် ကြမှာလဲနော်။ ရဲဘက်တွေ သူတို့ချည်းသာအိပ်ကြရင် စောင်ခြုံချင်မှခြုံမယ်။ လွတ်လပ်စွာ ခြေပစ်လက်ပစ် အိပ်ကြရင်း ဒူးပေါ်ပေါင်ပေါ်ဖြစ်ချင်ဖြစ်မယ်။ အဲဒီညကတော့ စောင်လေးတွေ ကိုယ်စီခြုံထားကြပါတယ်။ ညကင်းဘာယာ

(အလှည့်ကျကင်းသမား)တွေကလည်း ကင်းစောင့်ရုံသာမဟုတ်ပဲ အအိပ်ကြမ်းသူ ရဲဘက်အချို့ ဒူးပေါ်ပေါင်ပေါ်ဖြစ်နေတာတွေကို စောင်ခြုံပေး၊ ဖုံးဖိပေးနေတာကို ကောင်းကောင်းအိပ်မပျော်တဲ့ ကျွန်တော်ကမြင်တွေ့နေရပါတယ်။ နောက်ရက် မိုးလင်းမှာတော့ မနေ့ကလိုပဲ အဖွဲ့လိုက်တာဝန်တွေပေးပြီး၊ ကျွန်တော်တို့ မိသားစု နေဖို့ရယ် ဝန်ထမ်းတွေ နေဖို့ရယ် တဲလေးတွေအမြန် ဆောက်ကြပြန်ပါတယ်။ မျောတိုင်၊ ဝါး၊ ကြိမ် သက်ကယ်တွေကအထူး အထွေ အထူးရှာစရာမလိုပဲ၊ အနီးက တောထဲမှာ အလွယ်တကူရတာကြောင့် တဲလေး တွေပြီးသွားပါတယ်။ 'သံ'တစ်ချောင်းမပါဘဲ ဝါး၊ နီး၊ ကြိမ်၊ ဝါးသပ်တွေနဲ့ သုံးသွားတာပါ။

ရေနွေးခွက် ရေခွက်တွေကိုတောင် ဝါးခွက်လေးတွေနဲ့ အသုံးပြုကြတာပါ။ စားပွဲ၊ ကုလားထိုင်ကလည်း မြေစိုက်လုပ်ထားတဲ့ ဝါးစားပွဲ၊ ဝါးကုလားထိုင် တွေပါပဲ။ မဟေသီကလည်း၊ ကျွန်တော် သွားလေရာကို လိုက်ခဲ့ပါတယ်။ သမီးကြီးက နှစ်နှစ်ဆိုတော့ ကျောင်းမထားရသေးတာလည်း ပါတာပေါ့။ တောထဲ တောင်ထဲ အပြင် အညိုရောင်၊ အမဲရောင်နယ်မြေထဲမှာ အနေအထိုင် ဆင်းရဲခဲ့ပေမယ့် မိဘတွေဆီ ပြန်နေမယ်လို့ တစ်ခါမျှ မပြောခဲ့ဘူးပဲ ကျွန်တော်နဲ့ အတူ ဒုက္ခသုက္ခတွေကို အေးအတူပူအမျှ မျှဝေခံစားခဲ့သူပါ။ ဒီစခန်းမှာ တပ်မတော်လုံခြုံရေး အထပ်ထပ်နဲ့ နေကြရတယ်။ ဈေးသေးသေးလေး တောင်မရှိ၊ အိမ်ဆိုင်သေးလေးလည်းမရှိ၊ ဘယ်ဘက်ကြည့်ကြည့် တောတောင်တွေ၊ ချောင်းတွေ၊ စစ်သားတွေ၊ ဝန်ထမ်းတွေ၊ ရဲဘက်တွေပဲ မြင်နေကြရပါတယ်။

နေရတဲ့အိမ်က နွားတင်းကုပ်လောက်တောင် မကောင်းတဲ့တဲလေး ဒါပေမဲ့ စိတ်ပျက်တဲ့အနေအထား၊ ဝမ်းနည်းတဲ့ အနေအထားမျိုး လုံးဝမရှိဘဲ၊ အတွေ့အကြုံ သစ်မှာ ပျော်နေတဲ့ဟန်တောင် ရှိနေပါတယ်။ ရဲဘက်များက ကျွန်တော်နေမယ့် တဲလေးကို နေရောင်တွေအများကြီး မကျအောင် သစ်ပင်ကြီးတစ်ရဲ့ အောက် တည့်တည့်မှာ၊ သေချာဆောက်ပေးကြပါတယ်။ ကျွန်တော်နဲ့မဟေသီကလည်း သဘောကျခဲ့ပါတယ်။ ဒါပေမဲ့ ဖုတ်ကနဲ၊ ဖုတ်ကနဲ ကျလာတာတွေရှိလို့ ကြည့်မိတော့ ဥသျှစ်သီးအရွယ်လောက်ရှိတဲ့ အသီးတွေပါ။ မေးကြည့်တော့ ''ငါးပေါက်သီး''တဲ့။ ငါးပေါက်ပင်ကြီးရဲ့ အောက်မှာ ဆောက်မိ နေပါတော့ တယ်။ ငါးပေါက်သီးဆိုတာ ထန်းသီးကိုအခွံခွာလိုက်ရင် သုံးပေါက်ရှိနေတာ မျိုးမှာ သူကငါးပေါက်ရှိနေတာပါ။ ဒါပေမဲ့ ထန်းသီးအပေါက်လောက် မကြီးဘဲ

အပေါက်သေးလေးတွေပါ။ အပေါက်တွေထဲက အဆံတွေကိုသွားကြားထိုးတံလို တုတ်လေးတွေနဲ့ ကော်စားရပါတယ်။ အလွန်စိမ့်ပြီးစားလို့ ကောင်းလှပါတယ်။ ဘန်ဒါစေ့ထက်ကြီးပါတယ်။ စိမ့်ပါတယ်။ ငါးပေါက်ဆံခြောက်ကို လဘက် သုတ်ထဲ ထည့်စားရင်လည်း စားလို့ကောင်းလှပါတယ်။ အခုတော့ ငါးပေါက်ဆံ ကို ယိုထိုးပြီး ရောင်းတာ ပိုလို့စားကောင်းနေပါတယ်။ ပြဿနာက အပင်က မြင့်မြင့်၊ အသီးကမငယ်၊ ခေါင်းပေါ်ကျလို့ကတော့ ခေါင်းကွဲနိုင်၊ အခန့်မသင့်ရင် ဦးနှောက်ထဲ သွေးယိုသည်အထိ ဖြစ်နိုင်ပြီး အသက်ပါ ဆုံးရှုံးနိုင်ပါတယ်။

တဲကိုလည်း နေရာပြောင်းဆောက်ဖို့ မလုပ်ချင်တော့တာမို့ ကျွန်တော်ရော မဟေသီရော တဲအပြင်ကို ထွက်ရင် ဝါးခမောက်ဆောင်းပြီး ထွက်ကြပါတယ်။ သမီးကြီးကိုတော့ တဲအပြင် မထွက်စေဘဲ ထားပါတယ်။ သမီးကြီးပါ တဲအပြင် ထွက်ရင်တော့ သူ့အတွက်ပါ ဝါးခမောက်တစ်လုံး ဆောင်းပေးထားရပါတယ်။ စိတ်ညစ်စရာလို့ မတွေးခဲ့ဘဲ အမှတ်တရလေးတွေအဖြစ် သဘောထားလိုက် ကြပါတယ်။ ၂-၁၁-၁၉၉၂ရက်နေ့မှာ ထောင်မှူး ဦးစိန်ထွန်း ရဲဘက်၆၁ ယောက်နဲ့ ရောက်လာပါတယ်။ မူလရှိနေတဲ့ ရဲဘက် ၄၂ ယောက်နဲ့ဆိုတော့ ၁၀၃ ယောက်ဖြစ်သွားပါတယ်။ ကျွန်တော်က ၅၁ ယောက်၊ ဦးစိန်ထွန်း က ၅၂ ယောက်ခွဲပြီး နှစ်ဖွဲ့ခွဲလိုက်ကြပါတယ်။ ဦးစိန်ထွန်းကလည်း သူ့အဖွဲ့နဲ့ အိပ်ဆောင်တစ်ဆောင် ထပ်ဆောက်ပါတယ်။ နမ်းခမ်းခတောင်ခြေမှာ ရေချိုးရင် တော့ ရေစီးသန်လှတဲ့ ချောင်းထဲသွားချိုးရပါတယ်။ နမ်းခမ်းခချောင်းလို့ ပြောပါတယ်။ ရေစီးကသန်လွန်းတာမို့ ချောင်းထဲကိုဆင်းချိုးလို့ မရပါဘူး။ ချက်ချင်းမျောပါသွားမှာပါ။ ချောင်းကမနက်လှပေမယ့် ရေမနစ်ပဲ သေချာပေါက် သေမှာပါ။

ဘယ်လိုသေမှာလဲဆို ချောင်းတလျှောက် ကျောက်ဆောင် ကျောက်တုံး တွေ ပြည့်နှက်နေတာမို့ ရေစီးသန်သန်မှာပါသွားပြီး ကျောက်ဆောင် ကျောက်တုံး တွေနဲ့ ဦးခေါင်းဆောင့်မိပြီးသေမှာပါ။ ဒီတော့ ချောင်းဘေးမှာထိုင်ပြီး ရေခွက်နဲ့ ခပ်ချိုးရပါတယ်။ ရေခပ်ချိုးတာမှာလည်း ရေစီးက တအားကို သန်လွန်းတာမို့ ရေကိုခပ်ယူဖို့ ခက်လှပါတယ်။ ရေခပ်ယူလို့ရအောင် ရေစီးအားကိုလျှော့ချထား နိုင်တဲ့ ကျောက်တုံးကြီးကြီးရဲ့ ဘေးနားက ချိုးကြရပါတယ်။ ဝန်ထမ်းတွေ ရဲဘက်တွေ ရေချိုးရင်း ပုဆိုး၊ အင်္ကျီ၊ ရေခွက်၊ မတော်တဆပါသွားလို့ကတော့

လိုက်ဆယ်ဖို့ ဘယ်သူမှ မကြိုးစားကြတော့ပါဘူး။ လှမ်းပဲကြည့်နေလိုက်ကြရပါတယ်။ ဘာမှရေထဲမပါအောင် သတိထားပြီး ရေချိုး၊ အဝတ်လျှော်ကြရပါတယ်။ ချောင်းအဖျား ခပ်ဝေးဝေးရောက်မှသာ ရေစီးအား လျော့ကျသွားတာပါ။ ရေအားလျှပ်စစ် ထုတ်ယူမယ့် ချောင်းရေတွေပါ။ နမ်းခမ်းခ ရေအားလျှပ်စစ်တည်ဆောက်ရေးမှာ ရဲဘက်တွေကတော့ မြောင်းတူးတာတွေ၊ လိုအပ်တာတွေ ခိုင်းသမျှတွေ လုပ်ကြရပါတယ်။ အရပ်သား လုပ်အားပေးတွေလည်း အများကြီးပါ။ မိုးကောင်းမြို့ပေါ်ရပ်ကွက်တွေ မိုးကောင်းမြို့နယ်အတွင်းက ပင်းဘော၊ ထိုပူး၊ ဆားမော်၊ နမ္မတီးစတဲ့ရွာတွေက လုပ်အားပေးတွေ အလှည့်ကျလာကြရပါတယ်။

တစ်ခါလာရင် ကိုယ့်ရိက္ခာနဲ့ ကိုယ် ၇ ရက်လား၊ ၃ ရက်လားမသိ လုပ်အားပေးကြရပါတယ်။ အလှည့်ကျမို့ နမ်းခမ်းခ ရေအားလျှပ်စစ်မှာ လုပ်အားပေးတွေ မပြတ်ပါဘူး။ ဒါပေမဲ့ လုပ်အားပေးတွေ ရောက်လာကြတာကိုသာ မြင်ရပြီး တောင်ပေါ်တက်သွားရင် တစ်ယောက်မှမမြင်ရတော့ပဲ ပျောက်သွားကြတာပါ။

နမ်းခမ်းခ ရေအားလျှပ်စစ်တည်နေရာက KIA အဖွဲ့တွေဖြတ်သန်းသွားလာတတ်တဲ့နေရာမို့ တပ်မတော် တပ်ခွဲတစ်ခွဲက လုံခြုံရေးယူပေးထားရပါတယ်။ ခြံစည်းရိုးကို သာမန်ကာရံခြင်းမဟုတ်ပဲ လုံခြုံရေးကို အလေးထားပြီး ဆောင်ရွက်ထားတာတွေ့ရပါတယ်။ မျောတိုင်တွေမှာ ဝါးတန်းတွေတန်းပြီး ဝါးခြမ်းတွေနဲ့ကြာမှောက်ကြာလှန်(ကျမောက်ကျလန်လို့ ပြောကြပါတယ်) ပုံစံမျိုးတွေပြုလုပ်ထားတာမို့ ခြံစည်းရိုးကို အပြင်ကနေ တိုးဝင်ဖို့ ခက်ခဲလှမှာပါ။ ခြံစည်းရိုးမှာ ရှေ့ကဝင်ပေါက်တစ်ခုနဲ့ နောက်ကျောဖက်ရေချောင်းမှာ ရေချိုးဆင်းဖို့အတွက် အပေါက်တစ်ခုမို့ နှစ်ခုသာရှိပါတယ်။

သံကြိုးတွေ၊ သော့တွေ လုံးဝမသုံးပဲ မင်းတုန်း ဂလန့်လို့ ခေါ်မလား မသိပါဘူး။ ခြံစည်းရိုးအတွင်းကသာဖွင့်လို့ရနိုင်ပြီး အပြင်က ဖွင့်ဖို့ ခက်ခဲမယ့် အနေအထားမျိုး လုပ်ထားတာပါ။ ခွေးတစ်ကောင် တိုးဝင်နိုင်ဖို့တောင် မလွယ်လောက်တဲ့ အနေအထားပါ။ ခြံစည်းရိုးကခိုင်ခံ့တဲ့အပြင် လက်နက်ကိုင်လုံခြုံရေးတွေကလည်း အမြဲသတိရှိရှိ စောင့်ကြပ်နေကြတာမို့ စခန်းကို စီးနင်းဖို့ မလွယ်ကူပါဘူး။ KIA က လာတိုက်ခဲ့ရင်တောင် ကျွန်တော်တို့က ဘာမှမလုပ်နိုင်တာမို့ အကာအကွယ်ကိုရှာပြီး နေကြရုံပါပဲ။ သေနတ်မှန်လို့ ဗုံးထိလို့သေတော့

လည်းသေပေါ့ ဘာတတ်နိုင်တာမှတ်လို့၊ ကံကောင်းစွာ ကျွန်တော်တာဝန်ထမ်းနေစဉ်ကာလ အေးချမ်းစွာရှိနေခဲ့ပါတယ်။

လုံခြုံရေး တာဝန်ခံဗိုလ်ကြီးက လုံခြုံရေးဆိုင်ရာအစည်းအဝေးရှိရင် ကျွန်တော့်ကို ဖိတ်လို့ တက်ရောက်ရပါတယ်။ အစည်းအဝေး တက်ရောက်သူကတော့ များများစားစား မရှိပါဘူး။ ဗိုလ်အဆင့်၊ ဒုဗိုလ်အဆင့်၊ အရာခံအဆင့်၊ တပ်ကြပ်ကြီးတို့တွေနဲ့ ရေအားလျှပ်စစ်တည်ဆောက်ရေးအတွက်ရှိနေကြတဲ့ အရပ်သားပညာသည် နှစ်ယောက်သုံးယောက်တို့ပါမှ ၇ ယောက် ၈ ယောက်လောက်ပါပဲ။ ကျွန်တော်ကတော့ အထွေအထူး တင်ပြခဲ့တာမရှိဘဲ နားထောင်ရုံသက်သက်ပါပဲ။ ကျွန်တော်တို့ ရဲဘက်တွေကတော့ ရေမြောင်းတွေတူးရ၊ လမ်းတွေပြင်ရ ထွေလီကာလီတွေ လုပ်ရတာပါပဲ။ ထွက်ပြေးလွတ်မြောက်မှု လုံးဝမရှိကြပါဘူး။ တောထဲမှာ ဈေးသွားဖို့ဈေးမရှိ၊ လဘက်ရည်ဆိုင်မရှိ၊ မုန့်ဆိုင်မရှိဆိုတော့ ဘာအကုန်အကျမှ မရှိပါဘူး။ ဘဲဥ၊ ကြက်ဥ၊ ကြော်စား၊ ပြုတ်စား၊ တောထဲကရတဲ့ မျှစ်နဲ့ အသီးအနှံလေးတွေပဲ စားရပါတယ်။ ဘာပဲပြောပြော စိတ်မညစ်ပဲ ပျော်နေခဲ့ကြပါတယ်။

## နမ်းခမ်းခမှ နမ်းခမ်းသို့

နမ်းခမ်းခတောင်ခြေစခန်းကိုရောက်ပြီး သိပ်မကြာခင်မှာပဲ နန့်းခမ်း စခန်းကို ပြောင်းရွှေ့ဖို့ အမိန့်ထပ်ကျလာပြန်တယ်။ ဝန်ထမ်းဘဝဆိုတာက စေလိုရာသွားရမှာ သဘာဝပါ။

လက်ရှိ နန့်းခမ်းစခန်းခွဲ တာဝန်ခံက ထောင်မှူးကြီး ဦးစိုးမြင့်အောင်ပါ။ ဆရာ ဦးစိုးမြင့်အောင်က ညွန်ကြားရေးမှူးချုပ်ရုံးကို ပြောင်းရွှေ့ရတာကြောင့် ကျွန်တော်က အဲဒီစခန်းရဲ့ စခန်းခွဲတာဝန်ခံ အဖြစ်ပြောင်းရတာပါ။ နန့်းခမ်းစခန်းခွဲက ကချင်ပြည်နယ် မဟုတ်တော့ပဲ စစ်ကိုင်းတိုင်း ထဲပါပါတယ်။ မြစ်ကြီးနား-ရွှေဘိုလမ်း ဖောက်လုပ်ရေးစခန်း လက်အောက်ခံဆိုပေမယ့် ကား လမ်းဖောက်ရတာမဟုတ်ပဲ မီးရထားလမ်းပြုပြင်ရေး စခန်းတစ်ခုပါ။ ဝန်းသိုမြို့နယ်ဖြစ်ပြီး မိုးကောင်းမြို့နဲ့ မိုင် ၁၅ဝ ခန့် ဝေးတယ်ထင်ပါတယ်။

၉-၁၁-၁၉၉၂ ရက်နေ့မှာ ရဲဘက်ခင်မောင်လွင်ကို အဖော်ပြုပြီး နမ္မတီးသွား နမ္မတီးကနေမှ မြစ်ကြီးနားမြို့က ကွပ်ကဲမှုတာဝန်ခံရုံးကို ဖုန်းဆက်သွယ်ရ

ပါတယ်။ အဲဒီကာလတွေက လက်ကိုင်ဖုန်းမပြောနဲ့ ကြိုးဖုန်းတောင် မရှိလို့ ကြိုးဖုန်းရှိတဲ့ နမ္မတီးထိ သွားခဲ့ရတာပါ။ အဲဒီအချိန်မှာ ထောင်မှူးကြီး ဦးစိုးမြင့်အောင်က မြစ်ကြီးနားမြို့ကို ရောက်နေတာပါ။ ကွပ်ကဲမှု တာဝန်ခံနဲ့ သွားတွေ့တယ်ထင်ပါတယ်။ ဦးစိုးမြင့်အောင်က မြစ်ကြီးနားကနေ နန်းခမ်းစခန်းကို နှစ်ရက်အတွင်း ပြန်မှာလို့ သိရပါတယ်။ နောက်ရက် ၁၀-၁၁-၁၉၉၂ ရက်နေ့မှာ ကျွန်တော့ရဲ့အလုပ်ဝတ္တရားများကို ထောင်မှူး ဦးစိန်ထွန်းဆီ လွှဲပြောင်းပေးလိုက်ပါတယ်။ ၁၁-၁၁-၁၉၉၂ ရက်စွဲနဲ့ လွှဲပြောင်းပေးတာပါ။ ၁၁-၁၁-၁၉၉၂ ရက်နေ့ နံနက်ပိုင်းမှာ ရေအားလျှပ်စစ်က ကားလေးတစ်စီး မိုးကောင်းမြို့ကို သွားဖို့ ရှိတာကြောင့် မဟေသီနဲ့ သမီးငယ်လေးကို ထည့်ပေးလိုက်ပါတယ်။ ကျွန်တော် ကတော့ နေ့လည်မှ ရေအားလျှပ်စစ်က ထွန်စက်နဲ့ ထွက်ခဲ့ပါတယ်။

နမ်းခမ်းခ ရေအား လျှပ်စစ်စခန်းခွဲကို နှုတ်ဆက်ခဲ့ပါပြီ။ ၃၁-၁၀-၁၉၉၂ ရက်ကနေ ၁၁-၁၁-၁၉၉၂ ရက်နေ့အထိ ၁၁ ရက်တည်းသာ နေခဲ့ရတာပါလား။ ထွန်စက်မထွက်သေးခင် ရဲဘက် အားလုံးနဲ့ ဝန်ထမ်းတွေက ဘေးနားရပ်ပြီး နှုတ်ဆက်ကြပါတယ်။ မိသားစုလိုနေလာကြသူတွေ ခွဲခွာကြရတော့မယ်ဆိုတော့ ဝမ်းနည်းကြရတာပေါ့။ ကောင်းကောင်းမွန်မွန်နေကြဖို့ ကျန်းမာရေးဂရုစိုက်ကြဖို့ ထွက်မပြေးကြဖို့တွေ မှာရပါတယ်။ ထွန်စက်ကြီး ထွက်ခွာလာတော့ အဝေးကြီးကို ရောက် ပြီး မမြင်ရတော့တဲ့အထိ လက်တွေ ဝှေ့ရမ်းပြနေကြတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရပါတယ်။

ကျွန်တော့ကို ခင်မင်ကြပါလားလို့တွေးပြီး ဝမ်းလည်းသာရပါတယ်။ နှုတ်ဆက်ပွဲဆိုတာမရှိပါဘူး။ နှုတ်ဆက်ပွဲလုပ်မယ်ဆိုလည်း ရက်ပိုင်း အတွင်းတောင် ပြောင်းချင်ပြောင်းနေရတာကြောင့် ခဏခဏလုပ်နေရမှာပါ။ နှုတ်ဆက်လက်ဆောင်ရော ရလားမေးရင် ဘယ်ရမှာလဲ။ အားလုံးက အစားဆင်းရဲ၊ အနေဆင်းရဲ ဘယ်သူ့မှာမှ ဘာမှမရှိကြပါဘူး။ ခွဲခွာရလို့ ဝမ်းနည်းအကြည့်နဲ့၊ ကြည့်ပေးကြတာ၊ လက်ပြ နှုတ်ဆက်ကြတာကကို ခင်မင်မှု သံယောဇဉ်အတိုင်း အတာကို မြင်ရတာမို့ တန်ဘိုးမဖြတ်နိုင်တဲ့ နှုတ်ဆက် လက်ဆောင်လို့ ကျေနပ်စွာ ခံယူမိပါတယ်။

မိုးကောင်းမြို့ကို ၁၈း၀၀ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ ဒီလိုနဲ့ မိုးကောင်း မြို့ကိုရောက် စခန်းတာဝန်ခံထောင်ပိုင်ကြီး ဦးကျော်ထင်ကို သတင်းပို့သြဝါဒခံယူပြီး

၁၆-၁၁-၁၉၉၂ ရက်နေ့ ညနေပိုင်းမှာ နန်းခမ်းကိုပြောင်းဖို့အတွက် မြစ်ကြီးနား မြို့က ထွက်လာတဲ့ စာပို့ရထားကြီးကို မိုးကောင်းဘူတာက စောင့်စီးရပါတယ်။ အထူးအမြန်က နန်းခမ်းဘူတာမှာမရပ်လို့ ကျပ်ကျပ်တည်းတည်း စီးရတဲ့ စာပို့ ရထားကိုပဲ စီးရတာပါ။

ဟိုတုန်းက ရထားစီးတိုင်း မိုင်းထိလို့ သေကာမှသေရော ချောင်ချိတဲ့ "မိုင်းခံတွဲ"မှာပဲ စီးနေကျပါ။ အခုကတော့ မိုင်ပေါင်း ၁၅၀ ခန့်ကွာဝေးတဲ့ နေရာဖြစ်တာရယ် မိုင်းခံတွဲက နဘားဘူတာရောက်ရင် ကချင်ပြည်နယ်ကျော်ပြီမို့ ဖြုတ်ချမှာဖြစ်တာရယ်ကြောင့် ဒီစာပို့ရထားကိုပဲ ကြပ်ကြပ်တည်းတည်းစီးရခြင်း ဖြစ်ပါတယ်။ ရထားတွဲတစ်ခုမှာနေရာယူရင်း ခရီးတစ်ခုကိုသွားရပြန်ပါပြီ။ လမ်းမှာ ထမင်းထုပ်လေးတွေ ဝယ်စားတော့ မုံညင်းပေါင်း၊ ငါးပေါင်း၊ မှိုပေါင်း လေးတွေနဲ့ စားလို့မြိန်လှပါတယ်။ အဲဒီကာလက အခုခေတ်လို ရေသန့်ဘူးတွေ မရှိသေးပါဘူး။ မျက်နှာသစ်ဖို့ ရေသောက်ဖို့အတွက် ရထားဘူတာတွေမှာ ဦးခေါင်းပေါ်ရေအိုးလေးတွေရွက်ပြီး ရထားရဲ့ ဦးခေါင်းဘက်၊ အမြီးဘက်၊ ခေါက်တုံ့ခေါက်ပြန် သွားပြီး ""ရေကုသိုလ်"" ""ရေကုသိုလ်""လို့ အော်နေကြတဲ့ ကလေးမလေးတွေ၊ ကောင်လေးတွေကိုခေါ်ပြီး ရယူရပါတယ်။

သူတို့က ရေတစ်ခွက် ဘယ်လောက်ဆိုပြီး ရောင်းတာ မဟုတ်ပါဘူး။ ""ရေကုသိုလ်""လို့ အော်တဲ့အတိုင်း ကုသိုလ်ပြုကြတာပါ။ ဒါပေမဲ့ ရေရယူတဲ့ ခရီးသည်တွေက မေတ္တာနဲ့ပေးတဲ့ တစ်မတ်၊ ငါးမူး၊တစ်ကျပ်တို့ကိုတော့ ရယူကြ ပါတယ်။ ရထားကို တစ်ညလုံးစီးပြီး နောက်ရက် ၁၀ နာရီခန့်မှာတော့ မဲဇာ ဘူတာကိုကျော်ပြီး တောတောင်တွေ ထူထပ်ကာ အကွေ့အဝိုက်တွေများလှတဲ့ ဘုံချောင်းကို ထပ်ကျော်အပြီးမှာတော့ နန်းခမ်းဘူတာရောက်တော့မယ်ဆိုလို့ ဆင်းဖို့ ပြင်ဆင်ကြရပါပြီ။ အော် နယ်မြေအသစ်၊ ဝန်ထမ်းအသစ်၊ ရဲဘက်အသစ်၊ မိတ်ဆွေအသစ်တွေနဲ့ မိတ်ဆက်ရတော့မှာပါလား။ အတွေ့အကြုံအပိုင်းအစလေး တစ်ခုပါပဲလေ။

**ထောင်မှူးကြီး ဦးစိုးမြင့်အောင်၏ ထူးခြားလှသော လေးစားစရာ ဆောင်ရွက် ချက်များ**

၁၇-၁၁-၁၉၉၂ ရက်နေ့ ၁၀း၃၀ နာရီမှာတော့ ကျွန်တော်တို့ စီးလာတဲ့ ရထားကြီး ဝန်းသိုမြို့နယ် ""နန်းခမ်း""ဘူတာကို ဆိုက်ရောက်ပါပြီ။ ဘူတာ

လေးက သေးသေးလေးရယ်ပါ။ ကျွန်တော်ရဲ့ရှိစုမဲ့စု စက်ဘီးလေးရယ်၊ သံသေတ္တာလေး နှစ်လုံးရယ်၊ အိပ်ယာလိပ်လေးတစ်ခုရယ်၊ ကြိမ်ခြင်းလေး တစ်လုံးရယ်တို့ကို ရထားအလုပ်သမားတွေက ဘူတာရုံလေးရှေ့မှာ စုပုံပေးပါ တယ်။ ဘူတာရုံကရုံပိုင်ကြီးက သံသေတ္တာနှစ်လုံးပေါ်မှာ မှာရေးထားတဲ့ "ထောင်မှူး ခင်မောင်ထွန်း" ဆိုတာလေးကို မြင်တွေ့ပြီး-

"ဆရာ ဘယ်ကပြောင်းလာပါလဲ၊ နန်းခမ်းရဲဘက်စခန်းကို ပြောင်းလာ တာလား"

လို့ မေးလာပါတယ်။

"မိုးကောင်းမြို့နယ် နမ်းခမ်းခရေအားလျှပ်စစ်တည်ဆောက်ရေး ရဲဘက်စခန်းက ပြောင်းလာတာပါခင်ဗျ၊ ဒီရွာက ရဲဘက်စခန်းကို ဘယ်လိုသွားရပါလဲခင်ဗျ"

လက်ညှိုးလေးညွှန်ပြပြီး "ဟိုမှာလေဗျာ မဝေးပါဘူး"

နန်းခမ်းရဲဘက်စခန်းလေးက ဘူတာနဲ့ဆန့်ကျင်ဘက် ရထားသံလမ်းရဲ့ ဟိုဘက်ခြမ်း ကိုက် ၃၀၀ ခန့်မှာ လှမ်းလို့မြင်နေရပါတယ်။ ရုံပိုင်ကြီးနဲ့စကား ပြောနေတုန်းမှာပဲ အကျဉ်းဦးစီး ဝန်ထမ်းတစ်ယောက်နဲ့ ရဲဘက် ၆ ယောက် လောက် ရောက်လာပါတယ်။ ဝန်ထမ်းက ကျွန်တော့ကို အလေးပြုပြီး

"ဆရာတို့ပြောင်းလာတယ် ဘူတာရောက်နေပြီဆိုလို့ ပစ္စည်းတွေသယ်ဖို့ ထောင်မှူးကြီးက လွှတ်လိုက်တာပါ"

ကျွန်တော် ရောက်နေတဲ့ သတင်းကို ထောင်မှူးကြီးက ဘယ်လိုသိသွားပါလိမ့် လို့ တွေးမိပေမယ့် ကျွန်တော့ဘာသာပဲ အဖြေလေးတစ်ခုကိုတွေးလိုက်ပါတယ်။

"နန်းခမ်း ရဲဘက်စခန်းရဲ့ လုပ်ငန်းက ရထားလမ်းပြုပြင်ရေးဖြစ်တယ်၊ ဒီတော့ရထားက ရုံပိုင်ကြီးအပါအဝင် ရထားဝန်ထမ်းအားလုံးက အကျဉ်းဦးစီး ဌာနနဲ့ လုပ်ငန်းချင်း ဆက်စပ်နေတာမို့ ခင်မင်ရင်းနှီးနေကြမယ်၊ ကျွန်တော်က လည်း သူတို့နဲ့ပူးပေါင်း ဆောင်ရွက်ရမယ့် အရာရှိငယ်လေး ဖြစ်နေတာကြောင့် ရထားကဝန်ထမ်းတစ်ယောက်ကို ရုံပိုင်ကြီးက ရဲဘက်စခန်းကို စေလွှတ်ပြီး ပြောနိုင်းလိုက်တာဖြစ်မယ်"လို့ပါ။

ရဲဘက်တွေက ကျွန်တော့ရဲ့ ပစ္စည်းလေးတွေကို သယ်ကြပါပြီ။ ကျွန်တော့ ပစ္စည်းက ဘာမှမရှိလို့ ရဲဘက်သုံးဦးနဲ့တင် လုံလောက်သွားပြီး ကျန် သုံးယောက် က အပိုဖြစ်သွားပါတယ်။ တကယ်တော့ နှစ်ယောက်နဲ့တင် ကျွန်တော့် ပစ္စည်း တွေက သယ်လို့ရတဲ့ အနေအထားပါ။ စခန်းနားရောက်တော့ စခန်းလေးအနေ

အထားကို လှေလာမိပါတယ်။ ဝါးခြံစည်းရိုးကို ပတ်ချာလည် ကာရံထားပါ တယ်။ ဖြစ်သလိုမဟုတ်ပဲ စနစ်တကျ သပ်သပ်ယပ်ယပ် ရှိလှပါတယ်။

စခန်းဧရိယာက တစ်ဧက နီးပါးခန့် ကျယ်ဝန်းမယ်ထင်ပါတယ်။ စခန်း ခြံစည်းရိုးတံခါးထဲ ဝင်လိုက်တာနဲ့ ထောင်မှူးကြီးဦးစိုးမြင့်အောင်နဲ့ ဇနီးအန်တီအေး တို့က ပျူငှာသော အပြုံးတွေနဲ့ နှုတ်ဆက်ကြိုဆိုကြလို့ လမ်းခရီးမှာ နွမ်းနယ်လာ သမျှ လွင့်စင်သွားပြီး ပျော်သွားကြရပါတယ်။ ထောင်မှူးကြီး ဦးစိုးမြင့်အောင်က-

"လာ ခင်ဗျားနေရမယ့်အိမ် ပြမယ်ဆိုပြီး ခေါ်သွားပါတယ်"

ကျွန်တော်တို့နေရမယ့်အိမ်လေးက ပေ၂၀ပတ်လည်ခန့် ဝါးထရံကာ ဝါးကြမ်း ခင်း၊ ဓနိမိုးဖြစ်ပြီး တိုင်တွေကတော့ ကျွန်းဘာကာခြမ်းတွေပါ။ ကျွန်းနံ့ဝါးနံ့လေး တွေတောင် ရနေပါတယ်။ အသစ်ချပ်ချွတ်အိမ်လေးပါ။ ဘရန်းနယူးလေးပေါ့။

"ဆရာ အိမ်လေးက အသစ်လေးလိုပါလား"

"အသစ်လေးဖြစ်နေမှာပေါ့၊ ကိုခင်မောင်ထွန်း လာမယ်လို့ အမိန့်ဝင်လာ ကတည်းက အမြန်ဆောက်နေတာ ၃ ရက်လောက်ရှိပြီ။ လက်စတောင် မသတ် ရသေးဘူး။ ဒီနေ့တော့ နေလို့ အဆင်မပြေနိုင်သေးဘူး၊ နောက်ရက်မှသာ ပြောင်းနေကြ၊ ဒီနေ့တော့ဘူးပေါ် (တံခါးကြီးအပေါ်ထပ်) အိပ်လိုက်ကြ၊ ဒီနေ့ မနက်စာရော ညစာပါ အိမ်မှာချက်ထားတယ်။ အိမ်မှာစားကြ၊ နောက်ရက်မှပဲ ချက်စားကြပေါ့"

"ဆရာရေ နေရေးစားရေး အစစအရံသင့် လုပ်ပေးထားတာမို့ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ ဆရာသမားလုပ်သူက ဆောင်ရွက်ပေးတာမို့ အားလည်း နာလှပါတယ် ဆရာ"

"ရပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က အခုမှသိကြတာမှမဟုတ်တာ ရန်ကုန်-မန္တလေး အမြန်လမ်းကတည်းက ရင်းနှီးခင်မင်ခဲ့ကြတာပဲလေ၊ မခင်မင် ခဲ့ဘူးလည်း ကျွန်တော့်မှာ ဆောင်ရွက်ပေးဖို့ ဝတ္တရားရှိနေတာပဲ၊ ရောက်လာတဲ့ သူ ဘယ်သူဖြစ်ဖြစ် စိတ်ချမ်းသာစေချင်ပါတယ်ဗျာ"

အိမ်နောက်ဘက် ပတ်ကြည့်တော့ အိမ်သာလေးတစ်လုံးကလည်း သပ်သပ် ယပ်ယပ်ဆောက်လုပ်ထားတာ တွေ့ရပါတယ်။ အစစပြင်ဆင်ပေးထားတာမို့ ကျေးဇူးတင်စရာတွေ ချည်းပါပဲ။ တကယ်က ကျွန်တော်က ဆရာဦးစိုးမြင့် အောင်ရဲ့ တာဝန်ဝတ္တရားတွေကို လွှဲပြောင်းရယူရမှာကြောင့် သူပြောင်းသွားတာနဲ့

သူ့ရဲ့နေအိမ်မှာနေရမှာပါ။ ခဏတာလေး နေရဖို့အတွက် အလုပ်ရှုပ်ခံ ငွေကြေး အကုန်အကျခံ အချိန်ကုန်ခံပြီး အိမ်လေးတစ်လုံး ဆောက်လုပ်ပေးဖို့ မလိုပါဘူး။

အခုလို အရံသင့်နေဖို့ ဆောက်လုပ်ပေးထားတာဟာ ကျွန်တော့ကို ခင်မင်ခြင်းနဲ့အတူ အကြီးအကဲကောင်းတစ်ယောက်ဖြစ်ခြင်းကို ပြသရာ ရောက်တယ်လို့ ခံယူမိပါတယ်။ အတုယူရမယ်လို့လည်း တွေးလိုက်မိပါတယ်။ အဲဒီနေ့ ညစာကို အန်တီအေးရဲ့ လက်ရာကောင်းကောင်း ဟင်းလျာများကို အားပါးတရ စားရင်း စကားတွေလည်းအများကြီး ပြောခဲ့ကြပါတယ်။ အိပ်တဲ့အခါမှာတော့ ဘူးပေါ်မှာပေါ့လေ။ ခရီးပမ်းလာတာရယ် အန်တီအေးရဲ့ စားကောင်းလှတဲ့ ဟင်းတွေ၊ ထမင်းတွေကိုအများကြီး စားခဲ့ကြတာရယ်ကြောင့် တရေးတောင်မနိုးလိုက်ကြပဲ တအားကို အိပ်ကောင်းခဲ့ကြပါတယ်။

ဒေါင်××ဒေါင်××ဒေါင်×××ဒေါင်ဆိုတဲ့ သံချောင်း ၃ ချက်ကို တစ်ဆက်တည်းခေါက်ပြီး ၇ စက္ကန့်လောက်ခြားပြီးမှ နောက်တစ်ချက်ခေါက်လိုက်သံကို ကြားမှပဲ နိုးကြပါတော့တယ်။ အကျဉ်းထောင်တွေမှာ အိပ်ဆောင်ဖွင့် အိပ်ဆောင်ပိတ်တွေမှာ လူပေါင်းစစ်လို့ပြည့်တာနဲ့ ခေါက်ရတဲ့ အချက်ပေးသံပါ။ မျက်နှာသစ်ပြီး စခန်းလေးကိုပတ်ပြီး လှေ့လာလိုက်တော့ ရဲဘက်အိပ်ဆောင်ကလည်း လုံလုံခြုံခြုံ၊ သပ်သပ်ယပ်ယပ်၊ ဝန်ထမ်း နေအိမ်လေးတွေကလည်း တကယ့်ကို လှလှပပ၊ သပ်သပ်ယပ်ယပ်၊ ခြံစည်းရိုးကလည်း ခွေးတိုးလို့တောင်မရအောင် ဝါးခြမ်းတွေနဲ့ စေ့နေအောင်ကာရံထားပြီး သပ်လည်းသပ်ယပ် လှပါတယ်။

ထောင်မှူးကြီး ဦးစိုးမြင့်အောင်ရဲ့ စနစ်ကျနမှုအားလုံးဟာ ကျွန်တော့အတွက် ချူးပြီးခပ်ပြီး အခွံနွှာပြီး အရံသင့် စားရုံလေးသာ ဖြစ်နေတာမို့ ကျေနပ်ပီတိဖြစ်ခြင်းများနဲ့အတူ ကျေးဇူးတင်နေမိပါတယ်။ ကျွန်တော်သာ ဒီစခန်းကို အရင်ရောက်မယ်ဆိုရင် ထောင်မှူးကြီးဦးစိုးမြင့်အောင် ဆောင်ရွက်ထားမှု အခြေအနေထက် များစွာနိမ့်ကျနေမှာလို့ အရိုးသားဆုံးဝန်ခံပါတယ်။ မနက်ပိုင်းမှာတော့ ကျွန်တော်နဲ့ မဟေသီတို့ နန်းခမ်းရွာဈေးကို သွားကြပါတယ်။ ရွာဈေးလေးဆိုတော့ သေးသေးလေးပါ။ လိုအပ်တာလေးတွေဝယ်ပြီး စတင်ချက်စားကြပါတယ်။ ထူးခြားမှုတစ်ခုကတော့ ဘဲလင်း အမှတ်(၂) ကျောက်ထုတ်စခန်းမှာ အတူထမ်းဆောင်ခဲ့ဘူးတဲ့ ဒုတပ်ကြပ် ကိုအောင်မောင်း (ခ)ကိုငွေရကို ပြန်တွေ့ရသလို ဘဲလင်း(၂)က နောက် ဝန်ထမ်းတစ်ယောက်ကိုပါ တွေ့ရပါတယ်။

ဒါပေမဲ့ ယူနီဖောင်းဝတ် ဝန်ထမ်းတစ်ဦး အနေနဲ့မဟုတ်ပဲ အဖြူဝတ်ရဲဘက်(အကျဉ်းသား) တစ်ဦးအနေနဲ့ စိတ်မကောင်းစွာ မြင်တွေ့ရခြင်းပါ။ ကျွန်တော်နဲ့ ခွဲခွာချိန်မှာ အလုပ်ကထွက် မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြစ်ပြီး ထောင်ကျခဲ့တာလို့ ပြောပြပါတယ်။ စီးပွားရေးကို ဖြတ်လမ်းက လိုက်ချင်ကြတာကိုး။ မီးရထားလမ်းပြုပြင်ရေး အလုပ်စခန်း(၁)နန်းခမ်းစခန်းကို ရောက်ရှိလာပေမယ့် စာရင်းဇယားတွေက လက်နှန်မှုချုပ်လို့ရမှာရယ်၊ ဆောင်ရွက်ရတဲ့ လုပ်ငန်းတာဝန်တွေကို လေ့လာဖို့ရယ်အတွက် ထောင်မှူးကြီးဦးစိုးမြင့်အောင်က ချက်ချင်းမပြောင်းသေးပဲ လကုန်ပြီးမှ ပြောင်းမှာဖြစ်ပါတယ်။ နေ့စဉ်ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်လေးတွေကို သေချာ လေ့လာနေခဲ့ပါတယ်။

၆-၁၂-၁၉၉၂ ရက်နေ့မှာတော့ ထောင်မှူးကြီးဦးစိုးမြင့်အောင်ဆီက စခန်းခွဲတာဝန်ခံရဲ့ တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူခဲ့ပါတယ်။ အထွေထွေပစ္စည်းတွေ ရိက္ခာပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများကို ဘာမှပြန်မေးစရာမလိုအောင်ကို စနစ်တကျ လွှဲပြောင်းပေးခဲ့ပါတယ်။ ၉-၁၂-၁၉၉၂ ရက်နေ့ညနေပိုင်းမှာ ဆရာဦးစိုးမြင့်အောင်နဲ့ အန်တီအေးတို့ ရထားနဲ့ပြောင်းရွှေ့သွားပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရုံးကိုပါ။ စခန်းမှာ လက်နှိပ်စက်မရှိပါဘူး။ စာရင်းဇယားအားလုံးနီးပါးကို ဆရာကိုယ်တိုင် ရေးသားပြုစုသွားတာတွေ့ရပြီး လက်ရေးကောင်းကောင်း သပ်သပ်ရပ်ရပ်နဲ့မို့ အတုယူခဲ့ရပါတယ်။

စခန်းမှာ ရုံးခန်းရယ်လို့ သီးခြားမရှိပဲ ဆရာက သူ့အိမ်မှာပဲ လူလည်းနေ၊ ရုံးခန်းလည်း လုပ်ထားတာပါ။ ဝန်ထမ်းတွေရဲ့ပြန်လည်ပြောစကားအရ ထောင်မှူးကြီး ဦးစိုးမြင့်အောင်က သူ့အိမ်မှာရုံးကိစ္စပဲလုပ်လုပ် အခြားကိစ္စပဲလုပ်လုပ်၊ အိမ်ရှေ့ဘက်ကို လှည့်ထိုင်ပြီးမှလုပ်ကြောင်း၊ ခြံဝန်းတံခါးက၊သူ့ရဲ့မြင်ကွင်းထဲမှာမို့ ခြံဝင်းထဲက ထွက်သမျှ ဝင်လာသမျှတွေကို မြင်တွေ့နိုင်ကြောင်း၊ မိသားစုတွေ ထွက်တာမြင်ရင် ဘယ်သွားမှာလဲလို့ အမြဲမေးတတ်ကြောင်း၊ ဈေးဝယ်ပါလို့ ပြောသွားပြီး ပြန်လာရင်လည်း လာဦးလို့ခေါ်ပြီး ဝယ်လာသမျှကို စစ်ဆေးတတ်ကြောင်း၊ အမဲသား၊ ဝက်သား၊ ကြက်သားတို့ ဝယ်လာတာတွေ့ရင် နင်တို့ရတဲ့လစာနဲ့ ဒီလို အသားတွေချည်းစားနေရင် ဘယ်လိုလုပ်လောက်ကြေမှာလဲ၊ ဟင်းသီး ဟင်းရွက်၊ ပဲအမျိုးမျိုး စားဖို့ဆုံးမတတ်ကြောင်း၊ ဒါကြောင့် ဝန်ထမ်းရဲ့ ဇနီးသားသမီးများက ဈေးကပြန်လာလို့ အသားဟင်းတွေ

ပါလာရင် ခြံစည်းရိုးကို အရင်ပတ် အသားဟင်းကို ခြံစည်းရိုး ကိုကျော်ပေးပြီးမှ ခြံတံခါးဝက ဝင်ကြရကြောင်း၊ ထောင်မှူးကြီးက ခေါ်စစ်ရင်လည်း ဟင်းသီးဟင်းရွက်များသာ တွေ့ပြီး-

"အေး...ဒီလိုမျိုး ချွေတာစားကြရမှာပေါ့"

လို့ပြောတတ်ကြောင်း သိရပါတယ်။

အုပ်ချုပ်မှု ပုံစံချထားတာကလည်း စနစ်ကျလွန်းလို့ ဘာမှကို ထပ်ပြီး နှမ်းဖြူး စရာမလိုပဲ အလိုက်သင့်လေးသာနေရတာမို့ သက်သာလှပါတယ်။ ဆရာက လုပ်ငန်းခွင်ကိုလည်း ကိုယ်တိုင်လိုက်တတ်ပြီး စနစ်တကျနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်မရှိအောင် ခိုင်းတတ်ကြောင်းလည်း သိရပါတယ်။ ထင်ရှားစွာတွေ့ရတာကတော့ တစ်ရက် ကျွန်တော်လိုက်သွားတဲ့ လုပ်ငန်းခွင်မှာသံလမ်းတွေကို တစ်နေရာရွှေ့ဖို့ဖြစ်လာပါတယ်။ သံလမ်းတွေက အချောင်းပေါင်း ၅၀ ခန့်ရှိပြီး၊ ၂၀ ကိုက်ခန့်အကွာကို ရွှေ့ရမှာပါ။ ကျွန်တော့ အတွေးကတော့ သံလမ်းရဲ့ တစ်ဖက်တစ်ချက်မှာ ရဲဘက်တွေမျှနေကြပြီး တိုင်ပင်ကိုက် 'မ'ပြီး ပုခုံးပေါ်ထမ်းရွှေ့ကြရမယ်ပေါ့။

ဒါပေမဲ့ ကျွန်တော်က ဘာမှမပြောပဲ သူတို့လုပ်နေကျမို့ သူတို့ဘာလုပ်မလဲ ဆိုတာကိုပဲ ကြည့်နေလိုက်ပါတယ်။ သံလမ်းရဲ့ တစ်ဖက်တည်းမှာ ရဲဘက် ၂၀ ဦးခန့်က တန်းစီလိုက်ကြပါတယ်။ သံလမ်းဟိုဘက်ခြမ်းမှာ တစ်ယောက်မှ မနေကြပါဘူး။ တပ်ခွဲမှူးခန့်ထားတဲ့ ရဲဘက်တစ်ယောက်က 'တစ်'လို့ အသံကျယ်ကျယ် အော်လိုက်တာနဲ့ တန်းစီထားတဲ့ရဲဘက်အားလုံးက ခါးတွေကုန်းပြီး သံလမ်းကို ကိုင်လိုက်ကြပါတယ်။ အားလုံးကိုင်ထားပြီးချိန်မှာ 'နှစ်'လို့အော်လိုက်တာနဲ့ ရဲဘက်အားလုံးက ညီညီညွတ်ညွတ် ခါးတွေဆန့်လိုက်ကြတာမို့ သံလမ်းက မြေကြီးနဲ့ ကင်းကွာသွားပါတယ်။ 'သုံး'လို့လည်းထပ်အော်လိုက်ရော ခြေလှမ်းညီညီညာညာနဲ့ ရွှေ့ရမယ့်နေရာကို 'မ' သွားကြပါတော့တယ်။ အားတွေတအားစိုက်ထုတ်နေကြရတဲ့၊ အနေအထားလုံးဝမရှိပဲ သာသာယာယာလေး 'မ'သွားလိုက်ကြတာပါ။ ချရမယ့်နေရာရောက်တော့ တပ်ခွဲမှူးက အထက်အောက် ညီအောင်ကြည့်ပါလို့ ပြောပြီး သူကိုယ်တိုင်လည်း ကြည့်ပါတယ်။ အထက်အောက် သံလမ်းတွေ ညီပြီဆိုတာနဲ့ "ဖြေးဖြေးချ" လို့အော်လိုက်ပါတယ်။ ရဲဘက်တွေကလည်း တစ်ညီတစ်ညာထဲ ဖြေးဖြေးချလိုက်ကြပါတယ်။ ဒီလိုနည်းနဲ့ရှိသမျှသံလမ်းတွေကို မလိုက် ရွှေ့လိုက်ကြတာ

ရဲဘက်တွေလည်းမပင်ပမ်း၊ ထိမိခိုက်မိလည်းမရှိ၊ စနစ်တကျနဲ့ ကြည့်လို့လည်း ကောင်းလှပါတယ်။ ဒီလိုမျိုးစနစ်တကျဖြစ်စေဖို့က ထောင်မှူးကြီးဦးစိုးမြင့်အောင်က နည်းလမ်းပေးခဲ့တာလို့ သိရပါတယ်။ အခုကာလ လုပ်ငန်းခွင်တိုင်းမှာ "safety first"လို့ရေးထားကြပြီး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းစင်ရေးကို ပိုမိုအလေး ထားလာပါတယ်။ ထောင်မှူးကြီး ဦးစိုးမြင့်အောင်ကတော့ ရဲဘက်တွေဘေး အန္တရာယ် ကင်းစင်ရေးအတွက် အဲဒီကာလကတည်းက အလေးထားခဲ့တာပါ လား။ ခေတ်မီခဲ့ စာနာမှုရှိခဲ့တာမို့ များစွာလေးစားခဲ့ရပါတယ်။

နမ်းခန်းစခန်းမှာ တာဝန်ထမ်းဆောင်ရတာ အလွန်ပင် အဆင်ပြေပြီး ပျော်စရာကောင်းပါတယ်။ စခန်းက ရထားလမ်းဘေးတင်ရှိပြီး ရွာကလည်း အတန်အသင့်ကြီးတဲ့ ရွာဖြစ်တော့ လိုအပ်တာတွေ ဝယ်ခြမ်းလို့ကောင်းတယ်။ လုပ်ငန်းတာဝန်ကလည်း ပေါ့ပေါ့ပါးပါး ရှိတယ်။ ရွာနဲ့လည်းဆက်ဆံရေးက အဆင်ပြေတယ်။ ဘာလိုသေးလဲပေါ့ခင်ဗျား။ ဒါပေမဲ့ နမ်းခန်းစခန်းကိုရောက် တာ တစ်လခွဲလောက်ကြာတဲ့အချိန်မှာ နောက်ထပ်ပြောင်းရွှေ့မိန့်က ရောက်လာ ပြန်ပါတယ်။ မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်းကိုတဲ့။

တစ်နှစ်တာကာလအတွင်းမှာပဲ မြစ်ကြီးနား-ရွှေဘိုလမ်းဖောက်လုပ်ရေး အလုပ်စခန်း၊ မိုးကောင်းကနေ ဆားမှော်၊ ဆားမှော်ကနေ မိုးကောင်း၊ မိုးကောင်း ကနေ မြို့သစ်ကြီး၊ မြို့သစ်ကြီးကနေ နမ့်ခမ်းခ၊ နမ်းခမ်းခကနေ နမ့်ခမ်းစခန်း ပေါင်းစုံအောင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ဝန်ထမ်းဘဝ အမှတ် တရ တာဝန်ထမ်းဆောင် ခဲ့ရစဉ်ကာလ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ အတွေ့အကြုံ အပိုင်းအစလေးတွေကို ကျွန်တော်ခံစားမိသလို၊ မြင်မိသလို၊ ရေးသားဖြစ်လိုက် ပါတယ်။ အတွေ့အကြုံ အပိုင်းအစလေးများသာဖြစ်ပေမဲ့ အကျဉ်းဦးစီးဌာန သမိုင်းမှာ တစ်ပိုင်းတစ်စ တစ်တောင့်တစ်နေရာက ပါဝင်ခဲ့တဲ့ အကြောင်းအရာ အချက်အလက်တွေ ဖြစ်တာကြောင့် နောင်လာနောက်သား ဝန်ထမ်းနဲ့ အရာရှိများ အတွက် မှတ်သားစရာ အကျိုးရှိစရာဖြစ်တယ်ဆိုရင် အားထုတ်ကြိုးပမ်းရေးသား ရခြင်းအတွက် ဝမ်းမြောက်မိမှာဖြစ်ပါသည်။

စာဖတ်သူအားလုံးကိုလေးစားလျက်
ခင်မောင်ထွန်း(အကျဉ်းဦးစီး)

# နန်းစံတဲ့ နမ့်စန်

## (၁)

"ငါထောင်ပိုင်ဖိုးထောင်လာပြီဟေ့၊ ကျောက်ထုတ်လုပ်ငန်းအောင်မြင်ရမယ်၊ ရဲဘက်အသေအပျောက်နည်းရမယ်"

နမ့်စန် ကျောက်ထုတ်အလုပ်စခန်းထဲသို့ ဟီးနိုးရိမ်ဂျားကားတစီး အရှိန်ပြင်းစွာ ဝင်လာပြီး စခန်းတာဝန်ခံအိမ်ရှေ့ထိုးရပ်လိုက်ပါတယ်၊ ကားရပ်လိုက်တာနဲ့ တပြိုင်နက် ကားနောက်ခန်းဘက် သေတ္တာအိပ်ရာလိပ်ပေါ်မှာ လိုက်ပါလာတဲ့ အရပ်ဝတ်နဲ့ လူ ၁၀ ယောက်ခန့်က လျှင်မြန်ဖြတ်လတ်စွာ ခုန်ဆင်းလာပြီး ကားရှေ့ခန်းတံခါးကို ပြေးဖွင့်ကြပါတယ်၊ ကားရှေ့ခန်းမှ အရပ်ဝတ်နဲ့ ထောင်ပိုင်ဆိုသူဆင်းလာပြီး ထိုထောင်ပိုင်ဆိုသူကို ဝန်းရံကာ အော်ဟစ်ကြွေးကြော်ကာ ထောင်ဘူးဝဆီသို့ သွားကြပါတယ်။

"ကိုမောင်မောင် ကျွန်တော်တို့စခန်းကို သူပုန်ဝင်စီးတာလား"

စခန်းတာဝန်ခံ ဒုတိယထောင်ပိုင် ဦးကြင်မောင်သန်းက အနီးမှာရုံးလုပ်ငန်း လုပ်နေတဲ့ ထောင်မှူးကြီး မောင်မောင်ကို ပြောလိုက်ပါတယ်၊ စခန်းတာဝန်ခံ အပြောင်းအရွှေ့စာဝင်လာလို့ ခေတ္တရုံးစိုက်ရာ ထောက်ဂိုဒေါင်ပေါ်မှာ ရုံးအဖွဲ့ အလွှဲအပြောင်းအတွက် စီစဉ်ဆောင်ရွက်နေကြပါတယ်။

"တံခါးကြီးဖွင့်ဟေ့၊ ထောင်ပိုင်ကြီးလာတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထောင်ဘူးဝတံခါးကြီးဘက်မှ အော်သံဟစ်သံကြားရပါတယ်၊ မကြာပါ၊ ထောင်ထဲမှ အော်သံဟစ်သံ ပြောသံဆိုသံတွေကြားရပါတယ်၊ မကြာခဏ "ဟုတ်ကဲ့ပါဗိုလ်ကြီး ဟုတ်ကဲ့ပါဗိုလ်ကြီး" ဆိုတဲ့အသံတွေကြားနေရပါတယ်။

နောက်မှစဉ်းစားမိပါတယ်။ အရင်က သူများကကိုယ့်ကို "ဆရာကြီး ဆရာကြီး" ခေါ်ခံခဲ့ရပြီး ကိုယ်က သူများကို "ဗိုလ်ကြီး ဗိုလ်ကြီး" ခေါ်ခဲ့ရသမျှ ခုမှ အတိုးချပြီး "ဗိုလ်ကြီး"လို့ အခေါ်ခံချင်တာ ဖြစ်မှာပါ။

နမ့်စန်ကျောက်ထုတ်အလုပ်စခန်းက ချက်ချင်း "ဆရာကြီး ဆရာလေး

ဆရာသေးသေးလေး" စခန်းမှ " ဗိုလ်ကြီး ဗိုလ်လေး ဗိုလ်သေးသေးလေး" စခန်းအဖြစ် ပြောင်းလဲသွားပါတော့တယ်။

◆ ◆ ◆

(၂)

ဗိုလ်ကြီးဖိုးထောင် ကံကောင်းတယ်လို့ဆိုရမှာပါ။

သူ့မရောက်ခင် နမ့်စန်လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းယူခဲ့ပါတယ်၊ ဆောက်လုပ်ရေးရဲ့ထုံးစံအတိုင်း ဝါးကပ်မိုး ထရံကာ ပျဉ်ခင်းလေးခန်းတွဲ နှစ်ခန်းတွဲ လုံးချင်း အိမ်တွေရွာလေး တရွာလို ပေါ်ထွန်းလာပါတယ်။

ရေ မီး အစုံပါ၊ အားလုံးအဆင့်သင့်ပြီးမှ ဝန်ထမ်းတွေရောက်လာပါတယ်။

ကျောက်သယ်ယူရန် လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းခွင်နဲ့ အကျဉ်းဦးစီးကျောက်ထုတ်လုပ်ငန်းခွင်ကို မြေထိုးစက်တွေ ဓားခုတ်ကောင်လို မြေညှိစက်တွေနဲ့ထိုး မြေလမ်းပေမယ့် ရေအခါခါဖြန်း လမ်းကြိတ်စက်နဲ့ အခါခါကြိတ်ပြီး ကျောက်သယ်ယာဉ်နှစ်စီးလွတ်လပ်စွာသွားနိုင်တဲ့ မြေလမ်းမကြီး ဖောက်ကာ ကျောက်သယ်နေပါတယ်။

ထောင်မှူးကြီးမောင်မောင်က နမ့်စန်စခန်းကို စဖွင့်တော့ ဝန်ထမ်းနဲ့ ရဲဘက်များကို တောင်လေးလုံးစခန်းမှာစုရပ်ထားပါတယ်၊ နမ့်စန်စခန်းကို ကြို့တင်သွားခွင့် စီစဉ်ခွင့်မပြုပါ၊ ရပခရဲ့ခွင့်ပြုချက်ရမှ တဖွဲ့လုံးတခါတည်း သွားရပါတယ်၊ နမ့်စန်စခန်းကို ညနေမှ ရောက်ပါတယ်။

နမ့်စန်စခန်းက ဒေသလုပ်အားပေးနဲ့ဆောက်လုပ်ပါတယ်၊ ရဲဘက်အိပ်ဆောင်လေးလုံးပဲပြီးပါသေးတယ်၊ အိပ်ဆောင်တွေက ဒိုးယိုပေါက်ပါ၊ ဝါးပိုးဝါးပေါ်တဲ့ အရပ်မို့ ဝါးပိုးဝါးတိုင်ထူ ဝါးပိုးဝါးပေါက်ခြမ်းခင်း ဝါးထရံကာ ဝါးကပ်မိုး အိပ်ဆောင်တွေပါ၊ လေးဘက်လေးတန်ဝါးထရံစည်းရိုးကာရံထားပြီး ဘူးဝနေရာ လပ်ထားပါတယ်၊ ဝန်းထရံစည်းရိုးက လေတိုးရင်ကျိုးမှာ စိုးရပါတယ်၊ ရဲဘက်ကတစ်ဆောင် ဝန်ထမ်းကတစ်ဆောင်နေကြရပါတယ်။

အုတ်ရိုးကာတော့ အုတ်ရိုးထောင်၊ ဆူးကြိုးကာတော့ ဆူးကြိုးထောင်၊ ဝါးထရံစည်းရိုးကာတော့ ဝါးထောင်လို့ ခေါ်ရမယ်ထင်ပါတယ်။

သောက်ရေအတွက်နမ့်စန်ကြိုးတံတားမှာရေသွားခပ်ရပြီး ကားမိုးကာနဲ့ယာယီရေကန်လုပ်ပြီးထည့်ထားရပါတယ်။

ရဲဘက်ကအယောက်တစ်ရာ ဝါးဝင်းထရုံစည်းရိုးကာ၊ သော့ခတ်စရာ တံခါး တခုမှမပါ အဟန့်အတားဗလာ နဲ့ ဝါးထောင်ကို ဝန်ထမ်းတသက်မှာ တခါသာ ကြုံဘူးခဲ့ပါတယ်။

မွေးရပ်အညာမြေက နွားခြံလောက်ပင် လုံခြုံမှုမရှိပါ။

ညနေက စစ်ဗျူဟာရုံးက အကြောင်းကြားလာပါတယ်၊ မနက်ဖြန် ရဲဘက် ၁၀၀ ထပ်မံရောက်မယ်တဲ့။

သေပဲ နန္ဒိယ။

ယာယီစခန်းတာဝန်ခံထောင်မှူးကြီးမောင်မောင် နေ့နေ့ညည သူ့အိပ်ယာနားမှာ ဖျာနဲ့အုပ်ထားတဲ့ လက်နက်ခဲယမ်းထုပ်ကို လှန်လှန်ကြည့်ရတာအမောပါ။

"တောင်မှူးကြီးကို ဗိုလ်ကြီးက လာပါဦး"တဲ့ ထောင်မှူးဦးစိုးလွင်မှ လာခေါ်ပါတယ်။ နေဝင်မိုးချုပ်စပြုပါပြီ။

"ဆောက်လုပ်ရေးက ကျောက်တွေကို ကားတွေနဲ့ အင်နဲ့အားနဲ့တိုက်နေတယ်၊ နောက်တပတ်လောက်ဆိုရင် ထုတ်ပြီးသားကျောက်တွေကုန်တော့မှာ၊ ကျောက်ကိုအလျှဉ်မီအောင် ဘယ်လိုထုတ်ကြမလဲ"

မောင်မောင်ပြုံးပြီး နားထောင်ရင်း ထောင်ပိုင်ဖိုးထောင်ကို ကြည့်နေမိပါတယ်။

နောက်ရက်ကျတော့ ထောင်ပိုင်က မောင်မောင်တို့ တာဝန်ပေးထားသော ကျောက်ထုတ်တာဝန်ခံတွေ ဖြုတ်ပြီး လုံခြုံရေးကြီးကြပ်သူအဖြစ် တာဝန်ပြောင်းပေးပါတယ်၊ သူနဲ့အတူပါလာတဲ့ဝန်ထမ်းတွေကို ကျောက်ထုတ်လုပ်ငန်းခွင်မှာ တာဝန်ချထားပါတယ်။

သတင်းပြန်ကြားရပါတယ်။

"စက်မောင်း မတတ်ခင် ဆီခိုးသင်" တဲ့၊

လေမှုတ်စက်ထဲက စက်သုံးဆီကို ဘယ်လိုပြန်ထုတ်ရမလဲဆိုတာ ရဲဘက်တွေကို လိုက်မေးနေပါသတဲ့။

မောင်မောင်က ကျောက်ထုတ်အလုပ်စခန်း စဖွင့်သူအနေနဲ့ စိတ်ကြိုက်အရာရှိတယောက်နဲ့ အခြားအဆင့်ဝန်ထမ်း ၆ယောက်ကို ရွေးချယ်ခေါ်ယူ ခွင့်ရပါတယ်။

အရာရှိထောင်မှူးအနေနဲ့ ဦး ရေး ထောက် လုပ်ငန်း အကုန်ကျွမ်းကျင်တဲ့ ရေဆင်းစခန်းက ထောင်မှူးဦးကြင်မောင်ကိုရွေးခဲ့ပါတယ်၊ သူနဲ့အတူ အလုပ်လုပ်ဖို့ ထောင်မှူးရာထူးတိုးဖြေထားတဲ့ ငွေစာရင်းက တပ်သားဦးကျော်လင်းနိုင်ကို ရွေးခဲ့ပါတယ်။

ဝန်ထမ်းတွေကို အကျဉ်းဦးစီးနဲ့ ကျောက်မိုင်းမခွဲခြားပဲ မျှမျှတတ တာဝန်ပေးကာ ခြိမ်းလိုက်ခြောက်လိုက် ဟိန်းလိုက်ဟောက်လိုက် ချော့လိုက် မော့လိုက်နဲ့ လူကြီးတွေလှည့်မကြည့်ရအောင် ဂါတ်စာရေးတာဝန်ကျွမ်းကျင်တဲ့ လက်ထောက်ထောင်မှူးဦးအေးလွင်။

အထက်မြန်မာပြည်ကျောက်ထုတ်လုပ်ငန်းမှာ မိမိနဲ့အတူ တာဝန်ထမ်းဖူးတဲ့ ကျောက်ထုတ်လုပ်ငန်းကျွမ်းကျင်သူ လက်ထောက်ထောင်မှူးဦးအာဝါး၊ ဦးဆန်းအောင်၊ ဦးကျော်သင်း၊ ဦးအောင်သူရတို့ကို ရွေးချယ်ခဲ့ပါတယ်။

ထောင်မှူးကြီးမောင်မောင်က စခန်းအခြေအနေကို ထောင်ပိုင်ကို တင်ပြပါတယ်၊ ချက်ချင်း အစည်းအဝေးခေါ်ပြီး မူလနဂိုအတိုင်း လက်ထောက်ထောင်မှူးတွေကို ကျောက်ထုတ်လုပ်ငန်းတာဝန်ပြန်ပေးပါတယ်၊ သူတို့စိတ်ကြိုက် နေ့နေ့ညည လွန်ဖောက်ယမ်းခွဲတာဝန်ထမ်းဖို့ ဝန်ထမ်းတဦးစီ တွဲဘက်ပေး လိုက်ပါတယ်၊ ကျောက်ထုတ်လုပ်ငန်းညွှန်ကြားရေးမှူးရုံးက သတ်မှတ်ထားသော ထုံးကျောက်အမျိုးအစားတွင်အသုံးပြုနိုင်တဲ့ စက်သုံးဆီ ယမ်းနဲ့ဆက်စပ် ပစ္စည်းများစံနှုန်းအတိုင်း သုံးစွဲလုပ်ပိုင်ခွင့် အပြည့်အဝပေးကာ သူတို့ကိုအနီးကပ် ကြီးကြပ်ရန် ထောင်မှူး ဦးညွန့်ဝင်းကို တာဝန်ပေးပြီး အစည်းအဝေးရုပ်သိမ်း လိုက်ပါတယ်။

အစည်းအဝေးပြီးတော့ ဆရာဦးအာဝါးနဲ့ ဆရာဦးဆန်းအောင်တို့ အိမ်လိုက် လာပြီး ထောင်မှူးကြီးမောင်မောင်ကို အပြစ်တင်ပါတယ်။

"ထောင်ပိုင်က သူကျွမ်းကျင်တဲ့အလုပ် သူလုပ်သလို ကျွန်တော်ကလည်း ကိုယ်ကျွမ်းကျင်တဲ့အလုပ် ကိုယ်လုပ်တာပါ"လို့ မောင်မောင်ကပြောတော့-

ဆရာဦးဆန်းအောင်က-

"ဆရာကြီးမှာ မာန မရှိဘူးလား"တဲ့။

"သိပ်ရှိတာပေါ့ဗျာ"

"စက်ကရိယာမပြည့်စုံ လွန်ယမ်းမပြည့်စုံပေမဲ့ ကျောက်မထုတ်နိုင်လို့ဆိုပြီး ကျောက်ထုတ်လုပ်တဲ့ပညာကို သုံးနှစ်သင်ခဲ့တဲ့ လုပ်သက်တလျှောက်လုံး ကျောက်ထုတ်လာခဲ့တဲ့ ဦးကြင်မောင်သန်း အရေးယူခံရတယ်လေ"

မောင်မောင်ပြောသမျှ သူတို့နားထောင်နေပါတယ်။

"ခု စက်ယာဉ်ယန္တရား စုံပြီ၊ စက်သုံးဆီ နဲ့ ယမ်းဘီလူး အပြည့်အစုံရှိပြီ၊ လိုသလောက် ဆောက်လုပ်ရေးက သွားယူလို့ ရတယ်လေ"

မောင်မောင်ရေနွေးကြမ်းတခွက် မော့သောက်ပြီး ဆက်ပြောပါတယ်။

"ကျောက်ထုတ်ရာမှာ ထုံးကျောက်က အလွယ်ဆုံး အပျော့ဆုံးပါ၊ ကျွန်တော်တို့ထုတ်မဲ့ ထုံးကျောက်တောင်က မြေပြင်ညီပေါ်မှာ ပုပ္ပားတောင် ကလပ်လိုပေါ်ထွက်နေတယ်၊ တောင်ထိပ်မှာလဲ ရှင်းပစ်ရမဲ့အပေါ်ယံဖုန်းလွှမ်းတဲ့ မြေကြီးလွှာမရှိဘူး၊ တောင်ခြေမှာလဲ ဖယ်ရှားပစ်ရမဲ့ မြေကြီးလွှာမရှိဘူး၊ သဘာဝက ကျောက်ထုတ်ဖို့အကောင်းဆုံးကမွှားယံ လုပ်ပေးထားတယ်၊ ကျောက်ကို လွယ်လွယ်ကူကူနဲ့ ပေါင်မုန့်လှီးသလို လှီးထုတ်ရမဲ့အနေအထားပါ"

မောင်မောင်က ကျောက်ထုတ်လုပ်ငန်းခွင်အခြေအနေကို သေချာရှင်းပြလိုက်ပါတယ်။

"ကျောက်ထုတ်လုပ်ငန်းအောင်မြင်ရင် ဘယ်သူမှ မချီးကျူးပေမဲ့ မအောင်မြင်ရင် ကျောက်မိုင်းက ကောင်တွေ အသုံးမကျဘူးလို့ အပြောခံရမယ်"

"ခင်ဗျားတို့အားလုံး ဒီထက်ခက်ခဲတဲ့ နှမ်းဖတ်မီးသင့်ကျောက်တွေ ထုတ်လာတဲ့သူတွေပါ၊ ကျွန်တော်ကိုကူညီပါ"

"ကျောက်မိုင်းနဲ့ကျောက်မိုင်းက ပြောင်းလာတဲ့ ဝန်ထမ်းတွေရဲ့ ဂုဏ်သိက္ခာကိုအထိအခိုက်မခံနိုင်တာ ကျွန်တော့်မာနပဲ"

မောင်မောင်စကားဆုံးတော့ ဆရာဦးအာဝါးနဲ့ ဆရာဦးဆန်းအောင်တို့ နှုတ်က ပြိုင်တူထွက်လာပါတယ်။

"ဪ ဆရာကြီးရယ်"

(၃)

ထောင်မှူးကြီးမောင်မောင်မန္တလေးကပြန်လာတော့ စတူဒီယိုရေဒီယိုကက်ဆက်တစ်လုံးပါလာပါတယ်၊ ညဦးပိုင်း ရေနွေးကြမ်းသောက်ရင်း ကိုတင်လှိုင်၊ကိုသန်းလှိုင်၊ မောင်မောင်ကြီး၊ စန္ဒရားချစ်ဆွေ၊ မာမာအေး၊ ချိုပြုံး၊ တင်တင်မြ စတဲ့ မြန်မာသံစဉ်တေးတွေ နားထောင်အနားယူပါတယ်။

ဒီအချိန်မှာ ကျန်းမာရေးဌာနက စခန်းကို တွဲဘက်ထားတဲ့ ဆရာဝန်ဒေါက်တာအောင်အောင်နဲ့ ငှက်ဖျားအင်စပက်တော် ဦးမြမောင်တို့ မကြာခဏလာနားထောင်လေ့ရှိပါတယ်၊ သူတို့မိသားစုက လှိုင်လင်နဲ့ပင်လုံမြို့မှာနေကြတာမို့ လူလွတ်လူလွတ်ခြင်း တွဲမိနေပါတယ်။

ကျန်မာရေးဝန်ထမ်းတွေစခန်းကို အမြဲတန်းတွဲထားတဲ့အကြောင်းရင်းက

နဝတDE ကြောင့်ပါ၊စခန်းတာဝန်ခံ ဦးကြင်မောင်သန်းနဲ့ ဦးဖိုးထောင်တို့အလွဲအပြောင်းမှာ ရဲဘက်တွေ အသေအပျောက်များတယ်၊ ကျောက်ထုတ်လုပ်မှုမအောင်မြင်ပါဆိုတဲ့ တင်ပြအစီရင်ခံစာကြောင့်ပါ။

ဌာနဆိုင်ရာစစ်ဆေးရေးလာတဲ့နေ့က စခန်းတခုလုံး တပ်မတော်မှလုံခြုံရေးအပြည့်ယူထားပါတယ်။

ဥက္ကဋ္ဌက ရပခ ဒုတိယတိုင်းမှူး၊ အဖွဲ့ဝင်တွေက အကစမှ ညွှန်ကြားရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးမှူး၊ တဝတမှတိုင်းအဆင့်အဖွဲ့ဝင်နှစ်ဦးစုစုပေါင်း ၅ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

နေ့ခင်းမှာ ထောင်မှူးကြီးမောင်မောင်ကို စစ်ပါတယ်၊ ဒုတိုင်းမှူးက စမေးပါတယ်၊ "ခင်ဗျားက ဒီစခန်းကို စဖွင့်တဲ့လူဆိုတော့ ကျန်းမာရေးကိစ္စနဲ့ပတ်သက်ပြီး ဘာတွေဆောင်ရွက်ခဲ့ပါသလဲ" တဲ့။

မောင်မောင်က စခန်းဖွင့်စက စပြီး မြို့နယ်ကျန်းမာရေးဌာနကို လိပ်မူပြီးကျန်းမာရေးစောင့်ရှောက်မှုအကူအညီပေးရန် တောင်းခံထားပြီး နမ့်စန်ပြည်သူ့ဆေးရုံမှ ဆရာဝန် ဆရာမများ အပတ်စဉ်လာရောက်ကုသတဲ့မှတ်တမ်းများကို တင်ပြခဲ့ပါတယ်။

ဒုတိုင်းမှူးမှ သူတို့လာရောက်စစ်ဆေးတာက အပြစ်ရှာ အပြစ်ပေးဖို့ မဟုတ်ကြောင်း၊ ကူညီဖို့လာကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ရဲဘက်များ သေဆုံးခြင်းမှာ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်ကြောင်း၊ လူ့ပယောဂ မပါကြောင်း၊ ကျောက်ထုတ်လုပ်မှု မအောင်မြင်ရခြင်းမှာ လိုအပ်တဲ့ စက်ယာဉ်ယန္တရားစက်သုံးဆီ ယမ်းနဲ့အပေါင်းပါပစ္စည်းများ မပြည့်စုံ၍ ဖြစ်ကြောင်း၊ နောင်တချိန်သမိုင်းတရားခံမဖြစ်အောင်လာစစ်ပါကြောင်း ရှည်လျားစွာရှင်းပြပါတယ်။

ဒုတိုင်းမှူးကြီးက မေးခွန်းမေးလိုက်၊ အဖြေကိုဒုတိုင်းမှူးကြီးကရွတ်ပြပြီးဒီလိုဟုတ်တယ်မဟုတ်လားမေးလိုက် မောင်မောင်က ဟုတ်ပါတယ်ခင်ဗျာလို့ဖြေလိုက်၊ဒုတိုင်းမှူးကြီးက မေးခွန်းမေးလိုက်၊ အဖြေကို ဒုတိုင်းမှူးကြီးက ရွတ်ပြပြီးဒီလိုမဟုတ်လားမေးလိုက် မောင်မောင်က ဟုတ်ပါတယ်ခင်ဗျာလို့ဖြေလိုက်။

နောက်ဆုံး တိုင်းကျန်းမာရေးအရာရှိ ဆရာဝန်ကြီးက ထောင်မှူးကြီးမောင်မောင် ဟုတ်ပါတယ် ဟုတ်ပါတယ် ဖြေရတာ တော်တော်မောသွားပြီထင်တယ်၊ ရေလေးဘာလေးသောက်ပါဦးလို့ပြောတော့ အဖွဲ့ဝင်အားလုံး ရယ်ပွဲဖွဲ့ပြီး မောင်မောင်ကို စစ်ဆေးမှု ပြီးဆုံးသွားပါတယ်။

"ထောင်ထဲက ဆေးပေးခန်းမှာ အသည်းအသန် ရဲဘက်လူနာ တစ်ယောက် ရှိပါတယ်"

စခန်းဝန်ထမ်းဆေးတပ်သားက ဆရာဝန် ဒေါက်တာအောင်အောင်ကို လာသတင်းပို့ပါတယ်၊ မောင်မောင်က ကက်ဆက်က သီချင်းသံတိုးလိုက်ပါတယ်။

ဆရာဝန်ကကျန်းမာရေးအခြေအနေကို အသေးစိပ်မေးပြီး ဘယ်လိုကုသရမယ်ဆိုတာ အသေးစိပ်ပြောပြနေပါတယ်။

"ထောင်ထဲက ရဲဘက်လူနာတွေက ဆရာဝန်ကိုလက်မခံတော့ဘူးဗျ"

"ပထမတခါ အသည်းအသန်ဖြစ်နေလို့ ကျွန်တော့်ကို လာခေါ်တယ်၊ ကျွန်တော်ဆေးထိုး ဆေးချိတ်ပြီးမကြာခင် ဆုံးသွားတယ်"

ဒေါက်တာအောင်အောင်က ရေနွေးကြမ်းတခွက်မော့သောက်ပြီးဆက်ပြောပါတယ်။

"နောက်တခါ အသည်းအသန်ဖြစ်တယ်ဆိုပြီး လာခေါ်ပါတယ်၊ ထောင်ဘူးဝတံခါးကြီးထဲရောက်တော့ ဆုံးပြီလို့သတင်းပို့တယ်၊ ကျွန်တော့်ရဲ့ကုသမှုကို မခံယူတော့ဘူး"

"ခုလည်းမထူးပါဘူးဗျာ၊ ကျွန်တော်ပြောတဲ့အတိုင်း ဆက်ကုပါ၊ သွားကုံပေါ့" လို့ဆေးတပ်သားကို မှာကြားပြီး ရေနွေးကြမ်းသောက်ကာ သီချင်းဆက် နားထောင်နေပါတယ်။

မောင်မောင်က တပ်သားငမူးလေးစကား ပြန်ကြားယောင်မိပါတယ်။

"ဆရာကြီးရာ ကျနော်လေ ကော့သောင်ဆီဒုန်းစခန်း ရန်-မန်းလမ်းဖေါက်ရေးစခန်း ကချင်ပြည်နယ်ရှေ့တန်းစခန်းတွေ တော်တော်များများရောက်ဘူးပါတယ်၊ ငှက်ဖျား ဝမ်းရောဝမ်းပျက်ဖြစ်လို့သေတဲ့ ရဲဘက်တွေ အများကြီးတွေ့ဘူးပါတယ်"

"ဒါပေမဲ့ ဆရာကြီးရာ ဒီနမ့်စန်စခန်းက ရဲဘက်တွေက သေကို သေလွယ်လွန်းအားကြီးပါတယ်"တဲ့။

သူ့စကားကြားတော့ မောင်မောင်ရယ်ရအခက် ငိုရအခက်။

မောင်မောင်လေးစားရသော ရုံးချုပ်စီမံကိန်းက အရာရှိကြီးက စာတိုလေးတစ်စောင်လူကြုံနဲ့ပို့လိုက်ပါတယ်။

မောင်မောင်ရေ ဆရာရဲ့သူငယ်ချင်းသား မူးယစ်မှုနဲ့ ထောင်(၅)နှစ်ကျပြီး မင်းတို့စခန်းရောက်နေပါတယ်၊ ဥပဒေဘောင်အတွင်းက အတတ်နိုင်ဆုံး အကူအညီပေးပါတဲ့။

မောင်မောင်လည်း ချက်ချင်းအရေးယူဆောင်ရွက်ပြီး စာပြန်လိုက်ပါတယ်။

ဆရာကြီးခင်ဗျား ဆရာကြီးရဲ့သူငယ်ချင်းသားအား ( )ရက်နေ့တွင် ဗုဒ္ဓဘာသာဓလေ့ထုံးစံနဲ့အညီ ဘုန်းကြီးပင့်ကာ သရဏဂုံတင်ပြီး ကောင်းမွန်စွာ သင်္ဂြိုလ်ခဲ့ပါကြောင်း ဝမ်းနည်းစွာ ပြန်ကြားအပ်ပါတယ်။

မောင်မောင်တို့စခန်းဖွင့်စက နမ့်စန်သံချိုင်းကုန်းအနီးမှာ တောရဆောက်တည်နေသော ဘုန်ကြီးတစ်ပါးရှိပါတယ်၊ မောင်မောင်တို့စခန်းဖွင့်ပြီး အတော်ကြာတော့ အသုဘကမ္မဋ္ဌာန်းစီးဖြန်းရလွန်းလို့ ဘယ်ဝယ် ဘယ်ဆီကြွမြန်းတော်မူ သွားတယ် မသိတော့ပါ၊ မောင်မောင်တို့အဖွဲ့မှာလည်း ဘယ်ဝယ်ဆီ တမ်းတကာ မှန်းဆကာ ဘုန်းကြီးပင့်ရမယ်မသိတော့ပါ။

ဒေါက်တာအောင်အောင်က ဆရာဝန်ပီသပါတယ်၊ ခဏကြာတော့

"နောက်နေ့မှ လာနားထောင်တော့မယ်ဗျာ"

"သေတာကသူတို့အပိုင်း ဆေးကုသရမှာက ကျွန်တော်တာဝန်" ဆိုပြီး ပြောပြောဆိုဆို ခြေလှမ်းသွက်သွက်နဲ့ ထောင်ဘက်ကိုထွက်သွားပါတော့တယ်။

မောင်မောင်က ဒေါက်တာအောင်အောင်အကြိုက် ကိုတင်လှိုင်ရဲ့သီချင်းခွေကို ထုတ်ပြီး ကိုယ့်အကြိုက် မာမာအေးရဲ့အခွေကိုထည့်ပြီး မောင့်အချစ်များသီချင်း ကို ဖွင့်နားထောင်ပါတယ်။

ဆံချည်ဆစ်အမျှ×××မေ့မရလေဘူး×××ချစ်ဦး×××
နေ့နေ့ညညပြောင်း×××မိုးဆောင်းနွေအကူး×××
ခြေဦးတည့်ရာ×××လိုက်လို့သာ×××ရှာခဲ့တယ်မောင်ရေ×××
---------------
နာရီတရွေ့ရွေ့×××လွမ်းတမြေ့မြေ့×××
မေ့ရင်မှာပူလောင်×××မောင်×××
မောင့်အချစ်များစူး×××မောင့်အချစ်များစူး×××
ရူးရပြီကောလေ×××

မောင်မောင်က မောင့်အချစ်များသီချင်းကို လိုက်ဆိုနေမိပါတယ်၊ ကြိုက်တဲ့ စာသား ကြိုက်တဲ့အပိုဒ်ဆိုရင် အထပ်ထပ်အခါခါ ဖွင့်ပြီးလိုက်ဆိုနေမိပါတယ်။

မောင့်အချစ်များ×××အသည်းမှာစူး×××
နတ်လဲ နတ်ချင်လေဘူး×××
ချစ်ဦးမောင့်ကို×××မောင့်ကိုချစ်တဲ့သက်သေ×××

"ဆရာကြီးရေ မောင့်အချစ်များ တကယ်စူးနေပါတယ်"

"မောင့်အချစ်များကို နှုတ်လဲမနှုတ်ချင်ပါဘူးဆရာကြီးရေ" တဲ့။

တဖက်အခန်းမှ အမျိုးသမီးတယောက် လှမ်းအော်ပြောသံ ကြားလိုက်ရပါတယ်။

ခုမှသတိရမိပါတယ်။

တဖက်ခန်းမှာ ထောင်မှူး ဦးကြင်မောင်ရဲ့ဇနီး ကျောင်းဆရာမ ဒေါ်နုနုရီ ညနေစောင်းက ရောက်နေပါတယ်၊ နွေကျောင်းပိတ်ရက်မှာ စခန်းမှာနေဖို့ သမီးနှစ်ယောက်နဲ့အတူ ပျဉ်မနားကနေ နမ့်စန်ကို ရထားတစ်တန် ကားတစ်တန်နဲ့ လာခဲ့ရပါတယ်၊ ခရီးပန်းနေကြမှာပါ။

ည ၁၁ နာရီကျော်ပြီလေ။

သန်းခေါင်ကိုနေ့မှတ်ပြီး အရပ်ကိုအားမနာပဲ ကက်ဆက်ဖွင့်ကာ လိုက်ဆိုနေမိပါတယ်၊

အားနာနာနဲ့ ကက်ဆက်ကိုပိတ်ကာ အိပ်ယာထဲဝင်ခဲ့ပါတယ်၊

ကျောက်ထုတ်လုပ်ငန်းခွင်ဖက်က လေမှုတ်စက်လည်သံ တဂျုံးဂျုံး ကျောက်ဖောက်စက် ဖေါက်သံ တဒုံးဒုံးကြားနေရပါတယ်။

အိပ်ရာထဲမှ မေတ္တာအခါခါ ပို့နေမိပါတယ်။

"ညအလုပ်ဆင်း ရဲဘော် ရဲဘက်များ ကျန်းမာပါစေ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းဝေးပါစေ"

## (၄)

ထောင်မှူးကြီးမောင်မောင်နဲ့ ငှက်ဖျားအင်စပက်တော် ဦးမြမောင်နဲ့တွဲမိပါတယ်၊ နှစ်ယောက်စလုံးလက်ဖက်ရည်ကြိုက်သူမို့ နံနက်တခါ နေ့လည်တခါ ငှက်ဖျားဌာနကထုတ်ပေးတဲ့ ဟွန်ဒါဆိုင်ကယ်လေးနဲ့ နမ့်စန်မြို့သွားပြီး လက်ဖက်ရည်ဆိုင် ထိုင်ကြပါတယ်။

နံနက်စောစော ကျောက်ထုတ်လုပ်ငန်းခွင် တောင်ကလပ်ကို လက်ယာရစ်ပတ်စစ်ဆေးပြီး နမ့်စန်သွားပါတယ်၊ အပြန်တောင်ကလပ်ကို လက်ဝဲရစ်ပတ်စစ်ဆေးပြီး စခန်းပြန်ပါတယ်။

လက်ဖက်ရည်ဆိုင်မှာ တွေ့နေကျ ပန်းချီဆရာ မတွေ့လို့မေးမိပါတယ်။

"တောင်ကြီး တာချီလိတ် ၈ နာရီအရောက် ခရီးပေါက်"

ဆိုင်းဘုတ်ရေးနေတာကို သူ့မိတ်ဆွေတွေ တစ်ယောက်ပြီးတစ်ယောက်

လာပြီး ဖြစ်နိုင်ပါ့မလား ရောက်နိုင်ပါ့မလား ခရီးရောပေါက်ပါ့မလားဆိုကာ လာလာ စနေတယ်တဲ့။

ရောက်ရောက် မရောက်ရောက်သူ့အလုပ်မဟုတ်ဘူး ပိုက်ဆံရလို့သူရေးတာလို့ပြန်ပြောပါတယ်၊ ပိုက်ဆံရတိုင်း မဖြစ်နိုင်တာရေးရမလားဆိုပြီး စကြလို့ အိမ်ထဲတံခါးပိတ်ပြီး ဆိုင်းဘုတ်ပြီးအောင်ရေးနေသတဲ့။

"ထောင်မှူးကြီး ဟိုကျောက်သယ်ကားပေါ်တက်သွားတဲ့ ကောင်မလေးသုံးယောက်တွေ့လား၊ အကြီးမက '3D'အလတ်မက '2D'အငယ်မက '1D'ဗျ" လို့ နမ့်စန်အပေါင်းအသင်းကပြောလို့ လက်ဖက်ရည်ဆိုင်ရှေ့ ဆောက်လုပ်ရေးက ကျောက်သယ်ယာဉ်ရှေ့ခန်းမှာ လိုက်ပါသွားတဲ့ကောင်မလေးတွေကိုလှမ်းကြည့်ပြီး ထောင်မှူးကြီးမောင်မောင်ကမေးလိုက်ပါတယ်၊

"တော်လိုက်ကြတာ၊ ဘယ်တက္ကသိုလ်တက်နေကြတာလဲ"

"ဒါကြောင့် ထောင်မှူးကြီး မြို့တက်ပြီး ကျွန်တော်တို့ဆီ ခဏခဏလာပါလို့ ပြောတာပေါ့၊ တောကျလိုက်တာ" တဲ့။

အမှန်တော့ '1D''2D''3D' ဆိုတာ ဆယ်တန်းအောင်ရတဲ့ ဂုဏ်ထူးတွေပြောတာမဟုတ်ဘူးတဲ့။

One Divorce, Two Divorce, Three Divorcee, တခုလပ်(တလင်ကွာ) နှစ်ခုလပ်(နှစ်လင်ကွာ) သုံးခုလပ်(သုံးလင်ကွာ)ကိုပြောတာတဲ့။

မဆလခေတ်မှာ မှောင်ခိုတခေတ်ဆန်းတော့ နမ့်စန်မြို့က အရမ်းဖွံ့ဖြိုးပါတယ်၊ လှိုင်လင်မှာ စစ်ဆေးရေးဂိတ်ရှိတော့ နယ်စပ်ကသယ်လာတဲ့မှောင်ခိုပစ္စည်းတွေကို နမ့်စန်မြို့ကလမ်းခုလတ် စုရပ်ဖြစ်ပါတယ်၊ ဒီမြို့ကိုလာတဲ့ မှောင်ခိုကုန်သည် ပွဲစားတွေက မယားအများအပြားယူပြီး အလုပ်များခဲ့ကြပါတယ်။

ရှစ်လေးလုံး အရေးအခင်းပြီးတော့ မှောင်ခိုခေတ် ပပျောက်သွားပြီး ကျန်ရစ်တဲ့ 'D'လေးတွေက ချဲရောင်းတဲ့ အသက်မွေးဝမ်းကြောင်းကို ပြောင်းလုပ်ကြသတဲ့။

'D'လေးတွေ အကျဉ်းဦးစီးကို မလာဘူးလား" လို့ မေးလို့ မောင်မောင်က မတွေ့မိကြောင်းပြောပြပါတယ်။

"အဲဒါ အကျဉ်းဦးစီးက ဝင်ငွေမကောင်းလို့ မဖွံ့ဖြိုးလို့ မလာတာ၊ ဆောက်လုပ်ရေးက ဖွံ့ဖြိုးလို့ ဆောက်လုပ်ရေးကားသမားနောက်ပါသွားပြီ" တဲ့။

'D'လေးတွေ စခန်းမလာလို့ မောင်မောင်မှာ ဝမ်းနည်းရမလိုလို။

"ထောင်မှူးကြီးတွေ့တာနဲ့ အတော်ပဲဗျာ၊ ရပ်ကွက်က လာတိုင်ထားတယ်၊ လူသေအလောင်းတွေပေါ်နေလို့တဲ့၊ ကျင်းနက်နက်တူးပြီးမြှပ်ပေးပါ" လို့မဝတ အတွင်းရေးမှူးဦးတင်ဝင်းက လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်းပြောပါတယ်၊ မောင်မောင်က-

"ဟုတ်ကဲ့ပါ၊ အတွင်းရေးမှူးကြီး အခုချက်ချင်းသွားစစ်ဆေးလိုက်ပါ့မယ်" လို့ပြောပြီး ဦးမြမောင်နဲ့အတူ ပြည်သူ့ဆေးရုံကိုသွားခဲ့ပါတယ်။

"မနေ့ညမိုးချုပ်ကသေဆုံးသွားတဲ့ ရဲဘက်အလောင်းကို ချက်ချင်းမြှပ်ရမယ် လို့ ဆရာမခိုင်းလို့ တွင်းတိမ်သွားတာပါ၊ အခုမနက်လာပြောလို့ တွင်းနက်နက်ပြန် တူးပြီး မြှပ်ပြီးပါပြီ" တဲ့၊

ဆေးရုံမှာ တာဝန်ချထားတဲ့ မိမိတပ်သားကပြောလို့ မောင်မောင်စိတ် အေးလက်အေးနဲ့ စခန်းကိုပြန်ခဲ့ပါတယ်။

မောင်မောင်အပြန် ကျောက်ထုတ်လုပ်ငန်းခွင်ကို လက်ဝဲရစ်ပတ်တော့ ရဲဘက်တွေက မနက်ထမင်းစားနားလို့ ထောင်ထဲပြန်ဝင်နေပါတယ်၊ လွန်ဖောက် ယမ်းခွဲရဲဘက်တွေက လေမှုတ်စက်သံတညည်နဲ့ လွန်တွင်းတူးနေကြပါတယ်၊

တပ်ခွဲ(၁)ရောက်တော့ တပ်ခွဲတာဝန်ခံ သက်ကျားအို ဆရာကြီး ဦးအာဝါး က '3D' အကြီးမနဲ့ ဟီးဟီးဟားဟား စကားပြောရယ်မောနေပါတယ်။

တပ်ခွဲ(၂)ရောက်တော့ တပ်ခွဲတာဝန်ခံ ဖျတ်ဖျတ်လတ်လတ် ဆရာ ဦးဆန်းအောင်က '2D' အလတ်မနှား ကပ်ထိုင်နေပါတယ်။

တပ်ခွဲ(၃) ရောက်တော့ တပ်ခွဲတာဝန်ခံ လူပျိုသိုး ဆရာ ဦးအောင်သူရက '1D' အငယ်မ စိုးစိုးနဲ့ တီးတိုးစကားပြောနေပါတယ်။

"နမ့်စန် ကျောက်ထုတ်အလုပ်စခန်း ဖွံ့ဖြိုးပြီ ဟေ့ "လို့ ညနေ လက် ဖက်ရည်ဆိုင်သွားရင် ကြွားစရာရပြီမို့ မောင်မောင်ပျော်ရွှင်သွားပါတယ်။

(၅)

VIP ခရီးစဉ်ကြောင့် နမ့်စန်မြို့မှ စစ်ဘက်နယ်ဘက်အရာရှိအရာခံများ တွေ့ဆုံပွဲကျင်းပမဲ့ စုရပ်ခန်းမကို မနက်စောစောကတည်းက ရောက်နေကြ ပါတယ်၊ VIP ကနေ့ခင်းအထိရောက်မလာသေးပါ၊ ကြေးနန်းသတင်းအရ လမ်းခုလတ် စစ်ဆေးရာတွင် ပွဲကြမ်းနေတယ်ဆိုတဲ့ သတင်းကြောင့် စိုးရိမ်ပူပင်မှု အပြည့်နဲ့ စုရပ်ခန်းမမှ မခွာရဲပဲဖြစ်နေကြပါတယ်။

ရောက်လာပါပြီ။

နဝတဒုဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးမောင်အေးကရှေ့မှဝင်လာပြီး သူ့နောက်မှ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ဝန်ကြီးများဝင်လာကြပါတယ်။

"အကျဉ်းဦးစီးထ၊ ဆောက်လုပ်ရေးထ"

စစချင်းဒုတိယဗိုလ်ချုပ်ကြီးမောင်အေးမှ တာဝန်ရှိသူနှစ်ဦးကိုထခိုင်းပါတယ်၊

"ဆောက်လုပ်ရေး အကျဉ်းဦးစီးဌာနက ကျောက်လုံလုံလောက် လောက်ရသလား" လို့ မေးပါတယ်၊ ဆောက်လုပ်ရေးတာဝန်ရှိသူမှ ရရှိကြောင်းဖြေကြားပါတယ်။

"အကျဉ်းဦးစီး ဘာတင်ပြစရာရှိလဲ" လို့ မေးတော့-

တင်ပြစရာမရှိကြောင်း ထောင်ပိုင်ကဖြေကြားလို့ အကျဉ်းဦးစီးထိုင်ဆိုပြီး ထိုင်ခိုင်းလိုက်ပါတယ်။

"ဆောက်လုပ်ရေးက ကျောက်လည်းလုံလောက်အောင်ရတယ်၊ လေယာဉ်ကွင်း တည်ဆောက်ရေးအတွက် ပစ္စည်းစက်ကရိယာ လိုအပ်တာတွေ အကုန်ဖြည့်ဆည်းပေးထားတယ်၊ ဘာကြောင့်စီမံချက်အတိုင်း မပြီးရတာလဲ" လို့ မေးတော့

"မိုးကအဆက်မပြတ်ရွာနေလို့ လုပ်ငန်းနှောင့်နှေးနေပါတယ်" လို့ ဆောက်လုပ်ရေး တာဝန်ရှိသူမှဖြေပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက ထပြီး-

"ငါတို့ ဆူးလေစေတီတော်ကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်တုန်းက မိုးရာသီပါ၊ ငါတို့ စေတီတော်တခုလုံးကိုငုံပြီး အမိုးအကာလုပ်ကာ ရွှေစင်သင်္ကန်း အောင်မြင်အောင်ပူဇော်နိုင်ခဲ့တယ်၊ မင်းတို့လည်း လိုရင်ကြံဆ နည်းလမ်းရှာဆိုသလို မိုးရွာလို့ ငုတ်တုတ်ထိုင်မနေပဲ နည်းလမ်းရှာပြီး စီမံကိန်းအောင်မြင် အောင်ဆောင်ရွက်ပါ" လို့ လမ်းညွှန်သွားပါတယ်။

"စီမံချက်အတိုင်းပြီးအောင်ဆောင်ရွက်ဖို့က မင်းတို့တာဝန်ပဲ၊ ဟိုအကြောင်းပြ ဒီအကြောင်းပြ ပြစရာမလိုဘူး၊ မင်းတို့လိုအပ်တဲ့ပစ္စည်း လိုအပ်တဲ့စက်ကိရိယာမှာရင် ဝန်ကြီးဌာနက ချက်ချင်းအရေးယူ ဆောင်ရွက်ပေးနေတာပဲ"

ဆောက်လုပ်ရေးဝန်ကြီးက ဆက်ပြောပါတယ်၊

"မင်းတို့နေ့မအားညမနား အလုပ်လုပ်ရမယ်၊မင်းတို့သေလည်းအရေးမကြီးဘူး၊ မင်းတို့လိုအင်ဂျင်နီယာတွေ အများကြီးရှိတယ်၊ ဒီစီမံကိန်းက သတ်မှတ်ရက်အတိုင်းမပြီးလို့မဖြစ်ဘူး၊ အဲဒီလိုနားလည်ထား" လို့ဆောက်လုပ်ရေးဝန်ကြီးမှ

ဆန်ရင်းနာနာဖွတ်လိုက်တဲ့အတွက် VIP မှ သိပ်အပြစ်မဆိုတော့ပဲ တွေ့ဆုံပွဲ ပြီးဆုံးသွားပါတယ်။

ထောင်မှူးကြီးမောင်မောင် သတိသံဝေဂရခဲ့ပါတယ်။

ပထမအကြိမ်လာတုန်းက အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက ရှေ့က၊ ရပခတိုင်းမှူး ဗိုလ်ချုပ်မောင်အေးက နောက်က။

အော် ဘဝဆိုတာ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပါတကား။

တွေ့ဆုံပွဲကအပြန် ဗိုလ်ကြီးဖိုးထောင်တစ်ယောက် ခြေဖနောင့်သံဆူးလာတယ်ထင်ရပါတယ်၊ ခြေဖျားထောက်ကာ မြောက်ကြွမြောက်ကြွနဲ့ စခန်းပြန်ရောက်လာပါတယ်။

ထောင်မှူးတွေ လက်ထောက်ထောင်မှူးတွေ အရေးပေါ်အစည်းအဝေး ဆိုပြီးခေါ်တော့ အားလုံးလန့်ဖျပ်သွားပါတယ်၊ကတော်တွေကလည်း စိုးရိမ်စိတ်နဲ့ ရုံးခန်းနား ရစ်သီရစ်သီလုပ်နေကြပါတယ်။

မကြာပါ၊ ထောင်မှူးတယောက် ငွေအထပ်လိုက်ကြီးကိုင်ပြီး ရှေ့ကထွက်လာပါတယ်၊ ရုံးခန်းနားမှာ စောင့်မျှော်နေတဲ့ သူ့ကတော်ကိုပြောပါတယ်၊

"လှေကားသုံးထစ်ဆင်းရင်လူပျိုဖြစ်သတဲ့၊ ဒီနေ့လူပျိုတသိုက်ထောင်ပိုင်ကြီး ဆုချငွေတွေနဲ့ နမ့်စန်မြို့ထဲ သွားကဲမယ်"တဲ့။

"နမ့်စန်ဝန်ထမ်းအိမ်ရာကမြေစိုက်အိမ်တွေ၊ ဆင်းစရာလှေကားသုံးထစ်မရှိလို့ ရှင်တို့လူပျိုမဖြစ်ဘူး"လို့ ကတော်က ပြန်ပြောပါတယ်။

"ခေတ်ကပြောင်းသွားပြီ မိန်းမရာ၊ ခုခေတ်က အိမ်ရှေ့သုံးလှမ်းလျှောက်လိုက်တာနဲ့ လူပျိုတစ်ယောက်ဖြစ်သွားပြီ"

ဆိုတော့ ယောကျ်ားသားတွေက ဩဘာပေး လက်ခုပ်တွေဝိုင်းတီးကြပါတယ်။

ဒါပေမဲ့ ထောင်မှူးကတော်ခြေပလိုက်တဲ့ စကားကြောင့် အားလုံးတိတ်ဆိတ်သွားပါတယ်။

ထောင်မှူးကတော်က-

"ရှင်တို့က လူပျိုဖြစ်အောင် အိမ်ကထွက်ပြီး အိမ်ရှေ့သုံးလှမ်း လှမ်းရအုံးမယ်၊ နောက်ပြီး ပျော်ဖို့ပါးဖို့အတွက် ကားနဲ့သွားရအုန်းမယ်၊ နမ့်စန်ရောက်ရင် ရှာရအုန်းမယ်"

''ကျွန်မတို့ကလေ အိမ်ကပြတင်းပေါက်ကလေးဖွင့်ပြီး ထောင်ဘူးဝတံခါး ဘက်ကိုလှည့်ပြီး-

''လာပါ လာပါ အလကား''လို့အော်လိုက်ရင် ဝတ်ဖြူစင်ကြယ်ဖိုးသူ တော်တွေ တပြုံးပြုံး တရုံးရုံးနဲ့ရောက်လာပြီး ရှင်တို့ နမ့်စန် မဒိုးခင် ကုတင်တောင် ကျိုးကျသွားအုန်းမယ်'' တဲ့။

ကဲ ကိုရွှေယောက်ျားတို့ မှတ်ပလား။

(၆)

''ဇာတ်မင်းသားလေး သိန်းဇော် သိန်းဇော် တိုင်းပြည်ကမျှော်''

ထောင်မှူးကြီး အဲဒီသီချင်းကြားဘူးတယ်မဟုတ်လား။

ခုလည်း-

''နမ့်စန်ဗိုလ်ကြီး ဖိုးထောင် ဖိုးထောင် ရုံးချုပ်ကမျှော်'' ဆိုကြပါတယ်၊

ဇာတ်မင်းသားလေး သိန်းဇော်က ပွဲကတဲ့အခါ ပွဲခင်းထဲကို ပန်းစည်းတွေကြဲ သလို နမ့်စန် ဗိုလ်ကြီးဖိုးထောင်ရုံးချုပ်လာရင် သူ့တပည့်တွေကို အတန်ကြီးတွေ ဖလဲသွားတယ်။

မနေ့ကရောက်လာတဲ့ ထောင်မှူး ထက်ပိုင်(သူက အထက်ပိုင်တယ်လို့ ခဏခဏပြောလို့ပါ) က ထောင်မှူးကြီးမောင်မောင်ကိုလာနှုတ်ဆက်ရင်း ပြောပြနေပါတယ်။

''ထောင်မှူးကြီးက ဒီလောက်ကောင်းတဲ့စခန်းက ဘာကြောင့်ပြောင်း ရတာလဲ''မေးလို့ ထောင်မှူးကြီးက-

''မုန့်ဝေတဲ့ခေတ်ကုန်သွားပြီ၊ တုတ်ဝေတဲ့ခေတ်ရောက်တော့မယ်၊ ဒီစခန်း က အရာရှိရော အခြားအဆင့်ပါ ပြေးနိုင်မှ လွတ်မယ်ဆိုပြီး ပြောင်းဖို့ ကြိုးစား နေတဲ့ သတင်းမကြားဘူးလား'' လို့ပြန်မေးလိုက်ပါတယ်။

''ဆရာရယ် ကျနော်က အရင်းမကျေသေးဘူး၊ ဆရာရော အရင်းကျေပြီ လား'' တဲ့၊

မောင်မောင်က ထောင်မှူးထက်ပိုင်ကို သနားစရာသတ္တဝါအလား ကြည့်ပြီး ပြောလိုက်ပါတယ်။

''ကျနော်က အကျဉ်းဦးစီးရောက်ကတည်းက ဒီရာထူးပဲ၊ ခုလဲဒီရာထူးပဲ၊ ဒါကြောင့် ဒီရာထူးလေး အပွန်းအပဲ့မခံနိုင်လို့ပြောင်းတော့မယ်''

နောင်သုံးနှစ်ကျော်ကြာတော့ ထောင်မှူးထက်ပိုင်ကို မန္တလေးအိုးဘို အကျဉ်းထောင်မှာတွေ့ရပါတယ်၊ တွေ့တွေ့ချင်း-

"ထောင်မှူးကြီးပြောမှန်တယ်ဗျာ၊ ကျွန်တော် အဖျားခတ်ထိသွားပါတယ်၊ အထက်ကိုမနည်းပြောပြီး ဒီထောင်ကို ပြောင်းခဲ့ရတယ်။ အရင်းကမကျေသေးဘူး၊ အပြင်းပြေ အထဲသွားမွှေလိုက်အုန်းမယ်" ပြောပြီး ထွက်သွားပါတယ်။

ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုရမလား။ နောက်သတင်းဆိုးကြားရပါတယ်။

အိုးဘိုထောင် နောက်ချေးပုံထဲ ခဲကျသွားပါတယ်။

ဝန်ထမ်းတွေ အထဲရောက်သူရောက်၊ ဘေးရောက်သူရောက်။

ဘဝပျက်သူပျက်၊ အလုပ်ထွက်သူထွက်။

ထောင်မှူးထက်ပိုင်လဲ အရင်းကျေရုံမက အဖျားပါ ကြွေသွားပါတယ်၊ ပုဂ္ဂလိက ယာဉ်လိုင်းတစ်ခုမှာ ဂိတ်မှူးလုပ်နေတယ်လို့ သတင်းသဲ့သဲ့ ကြားရပါတယ်။

(၇)

နမ့်စန်ကျောက်ထုတ်အလုပ်စခန်း၊ စခန်းတာဝန်ခံ၊ ထောင်ပိုင်ကြီး။ မန္တလေးအိုးဘိုဗဟိုအကျဉ်းထောင်၊ တာဝန်ခံအရာရှိ၊ ထောင်ပိုင်ကြီး။ သူတို့က အရင်းကျေအောင် အတင်းရှာဖွေခဲ့ကြလေသလား။ ကိုယ့်ပေါင်ကို လှန်မထောင်းချင်တော့ပါ မေးတော့မေးလိုက်ချင်ပါတယ်။

ဒီရာထူးတွေ ဘယ်သူတွေပေးအပ်နှင်းထားပါသလဲ။

ဒီတာဝန်တွေကို ဘယ်သူတွေက ချထားပါသလဲ။

နှစ်ရှည်ပြစ်ဒဏ်ကျခံရအောင် ပြစ်မှု ကျူးလွန်နေတဲ့သူတွေကို မင်းနားတစ်ထောင်က မကြားချင်ယောင်ဆောင်နေခဲ့ပါသလား။

တပည့်မကောင်း ဆရာ့ခေါင်းလို့သာကြားဖူးပါတယ်။

အခုတော့ ဆရာမကောင်း တပည့်တွေ 'ဂျောင်း' လို့အရေးယူတာ သင့်တော်ပါ့မလား။

နမ့်စန်မှာ တာဝန်ကျဖူးတာနဲ့ နှစ်နဲ့ချီ စခန်းမှပြောင်းရွှေ့ခဲ့သူ ထောင်မှူးကြီး ထောင်မှူးတို့ကို ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့က မခေါ်မပြော မမေးမမြန်း မစစ်မဆေးပဲ တရားခံပြေးတယောက်လို မျက်ကွယ်စစ်ဆေးပြီးအပြစ်ပေးတာ တရားပါသလား။

မန္တလေး အိုဘိုထောင်ကို ထောင်ခါသလို "ဖြုတ် ထုတ် ပြောင်း" လုပ်ခံရတဲ့ဝန်ထမ်းငယ်တွေက လမ်းဘေးမှာ အိမ်သုံးပရိဘောဂ ကိုယ်ပိုင်ပစ္စည်းလေးတွေချရောင်းတော့။

"ထောင်ဝန်ထမ်းတွေရဲ့ ပစ္စည်းတွေကမသန့်ဘူး၊ မသထာရေစာတွေ၊ သူများမျက်ရည်ကျမှ ရတဲ့ပစ္စည်း၊ ဘယ်လောက်ဈေးချောင်ချောင်မဝယ်နဲ့၊ နိုက်တတ်တယ်"လို့ အရပ်ထဲကပြောစကား လူကြီးမင်းတို့ မကြားဘူးရော့ လေသလား။

ယဉ်ကျေးမှုထွန်းကားတဲ့လူ့ဝန်းကျင်အသိုင်းအဝန်းမှာ ထောင်ဆိုတာ မရှိမဖြစ် လိုအပ်တဲ့နေရာတစ်ခုပါ။

လောဘအားကြီးသူ ဒေါသအားကြီးသူ မောဟအားကြီးသူများကို ထိန်းသိမ်းထားရမဲ့နေရာဖြစ်ပါတယ်။

သူခိုး ဂျပိုး လူဆိုး မုဒိမ်း လူသတ် ဓားပြစတဲ့ လူအန္တတွေ ချုပ်နှောင်ထားရမဲ့နေရာဖြစ်ပါတယ်။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးလို့ ဆိုရိုးစကားရှိပါတယ်။

ဒါပေမဲ့ လူဆိုးတွေနဲ့နီးတဲ့ ထောင်ဝန်ထမ်း လူဆိုးထိမ်းတွေက လူဆိုးတွေ မဟုတ်ပါ။ လိမ္မာတဲ့ထောင်ဝန်ထမ်းများသာ ပင်စင်စားရပါတယ်။

လူဆိုးတွေလို မိုက်ကန်းတဲ့ထောင်ဝန်ထမ်းတွေက အချုပ်ခန်းနဲ့ ထောင်နန်းစံရပါတယ်။

ထောင်ရဲ့အရိပ်အာဝါသက ပူလောင်လှပေမဲ့ မောင်မောင်တို့လို ထောင်ဝန်ထမ်းတွေရဲ့ ဆာလောင်နေတဲ့ ဝမ်းမီးကို သင့်တင့်လျောက်ပတ်စွာ ငြိမ်းအေးစေပါတယ်။

နှစ်ပေါင်းများစွာ နားခိုခဲ့တဲ့ထောင်သစ်ပင်ကြီး။

နှစ်ပေါင်းများစွာ မှီခိုခဲ့တဲ့ထောင်သစ်ပင်ကြီး။

နွေမှာလဲ အရွက်မကြွေစေလိုပါ။

မိုးမှာလဲ အတက်အလက် မကြေစေလိုပါ။

ဆောင်းမှာလဲ အကိုင်းအခက်တွေ ဝေစေလိုပါတယ်။ ။

မောင်မောင်ဝင်း

## နရသိန်တောတွင်းတစ်နေရာမှ အသက်လုပွဲ

မတ်လရောက်သည်နှင့် ကဘော်ချိုင့်ဝှမ်းဒေသသည် သွေ့ခြောက်သာယာရှိလှပေသည်။ ထိုကဲ့သို့သော ပွင့်လင်းရာသီတွင် စခန်း၏ သက်သာချောင်ချိရေး တပ်ဖွဲ့ရံပုံငွေလုပ်ငန်းများအတွက်လည်း အဆင်ပြေလှပါသည်။

အကြောင်းမူကား မုန်ညင်းသိမ်းရာသီဖြစ်သောကြောင့်တည်း။ အပိုဝင်ငွေရရှိရန်အတွက် သက်သာချောင်ချိရေးခေါင်းစဉ်အောက်မှ အရပ်သားတောင်သူဦးကြီးများ၏ မုန်ညင်းစိုက်ကွက်များသို့ လုပ်အားသုံး ဝင်ငွေရရှိပါသည်။ ထိုသို့ တပ်ခွဲလိုက် သွားရောက်လုပ်ကိုင်ရာတွင် လုံခြုံရေးအရ စိုးရိမ်ရသော်လည်း တစ်နှစ်တစ်ခါသာ အခွင့်ခါကောင်းမို့ စွန့်စားဆောင်ရွက်ကြရပါသည်။ တောတောင်လျှိုမြောင်၊ ကိုင်းတောများဖြတ်၍လည်း သွားရောက်သိမ်းဆည်းရပါသည်။ ဈေးကောင်းရသော မုန်ညင်းခင်းများကို အရပ်သားတို့ မနိုင်လှသဖြင့် အကျဉ်းသားလုပ်သား ခေါ်ယူရခြင်း ဖြစ်သည်။ ထိုသို့ လုပ်အားပေးရာတွင် တစ်ဈေးနှုန်းသတ်မှတ်ချက်နှင့် လုပ်အားခ ပေးချေခြင်းဖြစ်၍ တပ်ဖွဲ့ရံပုံငွေအတွက် အကျိုးရှိလှပေသည်။

တစ်နေ့တွင် ဗန္ဓုလရွာအပိုင်မှ မုန်ညင်းသိမ်းရန် တောင်းခံသဖြင့် ချောင်း၊ မြောင်းနှင့် ကိုင်းတောများဖြတ်၍ သွားရောက်လုပ်ကိုင်ခဲ့သည်။ တပ်ခွဲလိုက် မုန်ညင်းရိတ်သိမ်းစဉ် တောကြောင်တစ်ကောင် ထွက်ပြေးသည်နှင့် ကြုံကြိုက်လေ၏။ တောတောင်ထူထပ်သဖြင့် တောကောင်များ ပေါများပေချိမ့်။ ရဲဘက် ၆၀/၇၀ ခန့် လူအုပ်ကြား မုန်ညင်းခင်းကြားမှ ထွက်ပြေးသော တောကြောင်မှာ တောရိုင်း တိရစ္ဆာန်ဖြစ်ရကား ရဲဘက်များလက်မှ လွတ်မြောက်ခဲ့လေသည်။ သို့သော် ကံဆိုးသောတောကြောင်မှာ ကျွန်တော်နှင့် မနီးမဝေးသို့ အသက်လုထွက်ပြေးလေရာ လက်စွဲတော် ဓားရေးပြမှုကြောင့် အနိစ္စရောက်ရလေသည်။ ဤကား အကုသိုလ်အစဟု ကျွန်တော်မသိခဲ့ပေ။ တောကြောင်ရသည်နှင့် လယ်ယာလုပ်ငန်းရှင်သည် အံ့သြခြင်းများစွာဖြင့် ကျွန်တော်၏ ဓားကို ချီးကျူးထောပနာပြု၏။ လူကိုကား အားနာပါးနာသဘောပင် အသိအမှတ်မပြု။

နောက်တစ်နေ့ရောက်သော် တောကြောင်ရသော လုပ်ကွက်အနီး မုန်ညင်းသိမ်းရပြန်ပါသည်။ ရောက်သည်နှင့် တပ်ခွဲနေရာချ လက်နက်ကိုင် လုံခြုံရေး

စနစ်တကျ စီမံပြီး မုန်ညင်းသိမ်းရာ ၇/၈ ပိဿာခန့်ရှိ ချေ(ဂျီ)ငယ်တစ်ကောင် ထွက်ပြေးသည်ကို မြင်တွေ့ရပြန်သည်။ ထုံးစံအတိုင်း အကျဉ်းသားတပ်ခွဲမှူး တပ်စိတ်မှူး နှစ်ဦးမှ အသည်းအသန်လိုက်ရာ မမှီချေ။ တောရိုင်းတိရစ္ဆာန် ခြေလေးချောင်းပါသော ဂျီကို ခြေနှစ်ချောင်းပါသော လူလိုက်မမှီ၊ မောဍ္ဍသာ လဲကျနေသော အကျဉ်းသား တပ်ခွဲမှူး၊ တပ်စိတ်မှူးနှစ်ဦးကို အားမရဖြစ်မိသည်။

ထို့ကြောင့် လက်သုံးတော်ဓားကိုကိုင်လျက် ကျွန်တော်ပြေးလိုက်ရာ ချောင်းငယ်တွင် မှီ၏။ ဂျီငယ်သည် ချောင်းငယ်ကို ခုန်ကူးရာ ကျွန်တော်မှ ခုန်ပျံရင်းလှုပ်တစ်ပြက်ခုတ်လိုက်ရာ ချောင်းငယ် တဖက်မရောက်မီ ဂျီတစ်ကောင် ရလေ၏။ မုန်ညင်းခင်း ယာကြီးရှင်မှာ မနေနိုင်ဘဲ "ဗိုလ်လေး မြန်လိုက်တာ သိုင်းပညာများတတ်သလား ဗိုလ်လေးရဲ့ ဓား ကျွန်တော့်ကိုရောင်းပါ" ဟု ပြောလေ၏။ ကျွန်တော်လည်း သိုင်းမတတ်ကြောင်း၊ လျင်မြန်မှုရှိတာတော့ အငြင်းမပွားလိုကြောင်း ဓားကိုလည်း မရောင်းနိုင်ကြောင်း ပြောခဲ့၏။

ကျွန်တော်၏ ဓားချက်အောက်တွင် အသက်ပျောက်ခဲ့သော တောကြောင်နှင့်ဂျီတို့အား မြိန်ယှက်စွာ စားသောက်ခဲ့ကြချိန်တွင် ပူပင်သောကဟူသည် အလျှင်းမျှ မရှိခဲ့၊ အကုသိုလ်ဆိုသည်ကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်းမရှိ၊ စခန်း၏ သက်သာချောင်ချိရေးကိစ္စရပ်ထဲမှ တစိတ်တဒေသပါဝင်သော မုန်ညင်းသိမ်းရာသီ ကုန်ဆုံးခဲ့ပြီး တပ်ခွဲသိမ်း၍ စခန်းပြန်ရောက်၊ တံခါးကြီးရှေ့တန်းစီ လူစစ်ချိန်တွင် တံခါးကြီးအဝင် မြို့သစ်စခန်း၊ အမှတ်(၁) ဘဝသစ်စိုက်ပျိုးရေး စခန်းဆိုင်းဘုတ်တွင် ပျားအုံတစ်အုံစွဲနေသည်ကို မြင်တွေ့ကြရာဝယ် "ဟာ ပျားအုံ ဒါ Lucky လား၊ Lucky ဖြစ်ပါစေ၊ ပျားစွဲနိမိတ် အကောင်းလား၊ အဆိုးလား၊ တစ်ယောက် တစ်ပေါက်ပြောဆို ဝေဖန်ကြသည်။

အထက်ပါအကြောင်းအရာများဖြစ်ပျက်ခဲ့ပြီး နောက်တစ်နေ့(၈-၃-၂၀၀၆) ရက်နေ့ ရဲဘက်(လုပ်အားရှင်) ၈၆ ယောက်၊ ဝန်ထမ်း လခရ ၁+၅၊ ရဲလခရ၊ ရိုင်ဖယ် ၁၊ စတင်း ၁၊ တစ်တောင့်ထိုး ဂရင်နာ ၁၊ရဲရိုင်ဖယ် ၁၊ မောင်းပြန်ရိုင်ဖယ် ၁၊ ထီလန်းဖာ(ထီ-၁) ကွင်းသို့ ပြန်ထွက်လာခဲ့သည်။ ထီ-၁ လယ်ကွင်းသည် မြို့သစ်-သနန်သွားလမ်းဘေး အရှေ့ဘက်ခြမ်းတွင်ရှိပြီး နားနေတဲဖြင့် ပဏာရ လှပေသည်။ ထီ(၁)အပိုင်လမ်း၏ အနောက်ဘက် ၈ ဧကကွင်း၌ နွေထယ်ရေး ပြုပြင်ရန်ရှိသည်။ နွေထယ်ရေးဆိုသည်မှာ လူအင်အားအသုံးပြု၍ ပေါက်ပြား များဖြင့် ပေါက်လှန်လုပ်ခြင်းကို ဆိုလိုသည်။ လုပ်ငန်းသုံးကိရိယာ အခက်ခဲ

ကြောင့် လုပ်အားရှင် ၈၀ ခန့်၏ ထက်ဝက် ပေါက်လွှန်လုပ်နေချိန်တွင် ကျန် ထက်ဝက်မှာ နားနေချိန်ဖြစ်သည်။ လုပ်အားရှင်များ နားနေချိန်အတွက် ကန္နားဖျင်း၊ မဏ္ဍာပ်ကဲ့သို့ ကောက်ရိုးများဖြင့် အရိပ်ပြုလုပ် ပေးထားသည်မှာ ကျွန်တော် တပ်ခွဲမှူး၏ စေတနာဖြစ်သည်။

## ထူးခြားဖြစ်စဉ်

၀၉း၃၀ နာရီခန့်အချိန် တပ်ခွဲလုပ်ငန်းနေရာချ၊ လက်နက်ကိုင်လုံခြုံရေး နေရာချ၊ ပေါက်လွှန်လုပ်ကွက်၏ တောင်ဘက်လယ်ကွင်းအစပ်တွင် ကျွန်တော် နေရာယူ ကြီးကြပ်နေသည်။ နားနေယာယီအရိပ်တွင် လုပ်အားရှင် ထက်ဝက်ခန့် နားနေသည်။ အနီး၌ တပ်ခွဲကြပ် ရဲလခရနှစ်ဦး သေနတ်နှစ်လက်နှင့် ယာယီ နားနေအရိပ်နှင့် ကိုက် ၂၀/၃၀ ခန့်အကွာတွင် ပေါက်လွှန်လုပ်လျက်ရှိပါသည်။ ပေါက်လွှန် လခရအဖြစ် အကျဉ်းထောင် တပ်သားမြင့်ဆွေ၊ တပ်သား မောင်ဇော် ဘုတ်ကိုင်ဝန်ထမ်းတစ်ဦး အသင့်အနေထားဖြင့် ဆောင်ရွက်နေသည်။

ထိုစဉ် နားနေယာယီအရိပ်ထဲမှ သံပြိုင်အသံတစ်ခု ကြားလိုက်ရသည်။ မြောက်ဘက်စူးစူး ကိုက် ၅၀ ခန့်ရှိ တောအုပ်ဘက်သို့ အကျဉ်းသားအုပ်စုလိုက် ထပြေးခြင်းဖြစ်သည်။ အသံကြားသည် မြင်သည်နှင့်တပြိုင်နက် အသင့်ကိုင်ဆောင် သော ဓားဖြင့်လိုက်ရာ တောစပ်တွင်နှစ်ယောက်မိလေသည်။ အကျဉ်းသား တပ်စိတ်မှူးနှစ်ဦးနှင့် ဝန်ထမ်းတစ်ဦးသို့အပ်၍ တောအုပ်တွင်း လက်သုံးတော်ဓားကို ကျစ်ကျစ်ပါ ဆုတ်လျက် ပြေးလိုက်ရာ တောတွင်းတစ်နေရာတွင် ထွက်ပြေးနှစ် ယောက်ကို မိလေသည်။

"မင်းတို့ မပြေးနဲ့ ငါ့လက်က မလွတ်ဘူး မှောက်နေလိုက်"

အမိန့်ပေးသည်တွင် အချည်းအနီးသာ၊ ထွက်ပြေးသူ နှစ်ယောက်မှာ ခြံနွယ် ပိတ်ပေါင်း ထူထပ်သဖြင့် တစ်ယောက်နောက် တစ်ယောက် ထက်ကြပ်မခွာ ပုံစံဖြစ်၍ ရှေ့ရောက်နေသော ရဲဘက်ကကျွန်တော့်ဘက်လှည့်လာသည်။ ရှေ့ဆုံးမှ ရဲဘက် ကျွန်တော့်ဘက်အလှည့်တွင် ကျွန်တော့်ရှေ့ရှိ ကြောပေးထားသော အကျဉ်းသားကို ကျွန်တော့်ထံစောင့်ထွန်းပြီး တုတ်ဖြင့် ကျွန်တော့်အား ဝင်ရိုက်ပါ တော့သည်။ ၎င်းနောက်ထွက်ပြေးနှစ်ယောက်လုံး ကျွန်တော့်အား ဝိုင်း၍တိုက်ခိုက် ကြပါတော့သည်။ ကျွန်တော်လည်းအန္တရာယ်ကိုမြင်သဖြင့် လက်ဦးအောင် အမြန် ဆုံး ခုခံတိုက်ခိုက်ရပါတော့သည်။ အတန်ကြာတိုက်ခိုက်ကြပြီး တုတ်ကိုင် ထားသော အကျဉ်းသားနှစ်ဦးလုံး သွေးအိုင်ထဲပုံကျသွားလေတော့သည်။

"ဒီမှာ နှစ်ယောက်မိထားပြီဟေ့ လာခေါ်"ဟု အော်ပြောရင်း နောက်သို့ ကြည့်လိုက်ရာ ကျွန်တော့်နောက်တွင် တစ်ယောက်မှပါမလာသည်ကို တွေ့ရသည်။ ကျွန်တော့်ဘေးချက်အောက်တွင် တစ်ယောက်တော့ အသက်ပျောက်ခဲ့ရပါသည်။ အမှန်မှာ သူတို့က ကျွန်တော်တစ်ယောက်တည်းဖြစ်နေသည်ကို သိမြင်ပြီး တိုက်ခိုက်ကြခြင်းဖြစ်သည်။ သူတို့ဘက်ကအောင်မြင်လျှင် ဤနေရာတွင် သေဆုံးသူမှာကျွန်တော်ဖြစ်တော့မည်။ နောက်ကပါလာမလားမသိပဲ ဓားဖြင့်တစ်ယောက်တည်းပြေးလိုက်မိသော ကျွန်တော့်လုပ်ရပ်က အန္တရာယ်ကြီးလှပါသည်။ ထွက်ပြေးအကျဉ်းသား ၃/၄ယောက်နဲ့သာဆိုလျှင် မတွေးဝံ့စရာပါ။

"ဘယ်နားမှာလဲ ဗိုလ်လေး"

"ငါဒီဘက်မှာ"

အကျဉ်းသားတပ်စိတ်မှူးမြင့်ဇော် ရောက်လာရာ သွေးအိုင်ထဲ လဲနေသော အကျဉ်းသား နှစ်ဦးကို မြင်သည်တွင်

"ဟာ နှစ်ယောက်ကြီး ကျွန်တော်မနိုင်ဘူး၊ အပြင်လူသွားခေါ်မယ်"

ဟုပြောဆို၍ ဝန်ထမ်းနှင့် အကျဉ်းသား တပ်စိတ်မှူး ၄ ဦးရောက်ရှိ၍ ထမ်းပိုးသယ်ထုတ်သွားကြသည်။

ကျွန်တော့်သွေးများ ဆူပွက်နေဆဲ ဘယ်နှစ်ယောက်ပြေးသည် မသိ သွေးစွန်းသောဓားဖြင့် တစ်ဦးထဲ လိုက်ရှာနေစဉ် ၅ မိနစ်ခန့်အကြာ အသိတချ ဝင်လာသည်။

"ငါဘာလို့ လိုက်ရှာနေမှာလဲ အပြင်မှာ ငါ့လူတွေ တပ်ခွဲလိုက် ကျန်ခဲ့တာပဲ"

ဟု တွေးတောရင်း သွေးစွန်းဓားဖြင့် တောထဲမှ တပ်ခွဲရှိရာသို့ ထွက်လာခဲ့သည်။ လယ်ကွင်းပြင်ရှိ ကျွန်တော်၏တပ်ခွဲတွင် အားလုံးမှောက်လျက် ဝန်ထမ်းများကဝိုင်းထားသည်။ ကျွန်တော်၏ လက်နက်ကိုင်ဝန်ထမ်းများကို ချီးကျူးရပေမည်။ ကျည်မထွက်သော သေနတ်များဖြင့် ချိန်ရွယ်၍ မှောက်ခိုင်းထား ရခြင်းဖြစ်သည်။ လုပ်အားရှင် တပ်ခွဲလူစာရင်းကို စစ်ကြည့်ရာ ၃ ယောက် လွတ်မြောက်နေသည်။ ထွက်ပြေး စုစုပေါင်းမှာ ၇ ယောက်ဖြစ်၍ ၄ ယောက် ဖမ်းမိ နှစ်ယောက်မှာ အသာတကြည် အညံ့ခံ၍ ဒဏ်ရာမရ၊ တောထဲ၌ ကျွန်တော့်အား တိုက်ခိုက်သူနှစ်ယောက်မှာ တစ်ယောက်သေ၊ တစ်ယောက် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

လုပ်အားရှင် တပ်ခွဲအား ထိ(၁)ထံသို့ စနစ်တကျရွှေ့ပြောင်း၍ ဖမ်းမိ ၃ ယောက် သေဆုံးတစ်ယောက်တို့ကိုရှေ့တွင်ထားလျက် ကျန်သူများအား ထွက်ပြေးသူ၊ ထွက်ပြေးရန် ကြံစည်အားထုတ်သူတို့၏ ကံကြမ္မာအကြောင်း ပြောပြနေပါသည်။ ထိုစဉ် စခန်းတာဝန်ခံနှင့် ဒုတာဝန်ခံတို့ရောက်ရှိလာရာ ဖြစ်စဉ်ကို သတင်းပို့လိုက်ပါသည်။ တာဝန်ခံမှ ဖမ်းမိသူများ နောက်တန်းပြန်ပို့ရန် ညွှန်ကြားသဖြင့် လှည်းပေါ်တင်ကာ ပြန်ပို့လိုက်ပါသည်။

စခန်းသို့ တပ်ခွဲသိမ်းပြန်ရောက်ချိန်တွင် တာဝန်ခံမှ ချက်ချင်းကြေးနန်းပို့ပြီး သွားပြီဖြစ်ပါသည်။ ကျွန်တော်၏ လက်သုံးတော်ဓားအား ရဲစခန်းသို့ အပ်နှံရန် တာဝန်ခံမှ ညွှန်ကြားသဖြင့် ပေးအပ်ခဲ့ပါသည်။ အဆိုပါ ဓါးမှာ တောကြောင်နှင့်ကျီတို့အားရရှိခဲ့စဉ်က ယာခင်းရှင်သည် ၂၀၀၀ိ/-ဖြင့် အမွှဝယ်ယူသော်လည်း မရောင်းခဲ့သောဓားဖြစ်ပါသည်။ တပည့်ကျော် တသ မောင်ဇော်၊ တသ မြင့်ဆွေတို့မှ လက်ဆောင်ပေးခဲ့ရန် တောင်းဆိုသည်ကိုလည်း မပေးခဲ့ပါ။ ယခုအဖြစ်ပျက်များဖြစ်ပွားပြီးချိန်တွင် ကျွန်တော်၏ဓားကို အလကားပေးတော့လည်း မယူကြတော့ဘဲ အကျောက်အကန် ငြင်းဆန်နေကြပါတော့သည်။

ထွက်ပြေးရဲဘက်များအား ကိုယ်တိုင်စွန့်စား၍ ဖမ်းဆီးနှိမ်နင်းခြင်း ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်စေရန် လှုံ့ဆော်သော အခြေခံအကြောင်းများ ရှိပါသည်။ ထိုအချိန်က ဒုညွှန်ချုပ် ဦးဇော်ထွန်း ဘဝသစ်အလုပ်စခန်းများသို့ လာရောက်အားပေးခြင်း၊ လိုအပ်သောညွှန်ကြားမှု ထောက်ပံ့မှုများပေးနေချိန်ဖြစ်သည်။ ဒုညွှန်ချုပ်လာရောက်ချိန်တွင် အရာရှိများအားခေါ်ယူ၍ လုံခြုံရေးနှင့် ပတ်သက်သည်များကို အမြဲမှာကြားခဲ့ပါသည်။ ဒုညွှန်ချုပ်ကြီး၏ ဩဝါဒများတွင် ထူးခြားဖြစ်စဉ်များ နှင့်ပတ်သက်၍ သာဓကများရရှိပါသည်။

"တပည့်တို့ တန်ဘိုးမရှိတဲ့သူတွေ၊ ပြစ်မှုနဲ့ ရောက်လာသူတွေကို ထိန်းသိမ်းရင်းနဲ့ ငါတို့ရဲ့ တန်ဘိုးရှိတဲ့ ဝန်ထမ်းတွေ ပေးဆပ်ခဲ့ရတယ်၊ ဒီစခန်းက ပြောင်းသွားတဲ့ ဦးအောင်ဆန်းလင်းဟာ မြိတ်ဝန်ဆောင်မှာ စိတ်ဖောက်ပြန် အကျဉ်းသားက ဓားနဲ့ခုတ်လို့ ဆေးရုံတင်ထားရတယ်၊ ငါတို့လူအတွက် ခံစားရတယ်၊ ဖြစ်လာရင် ကိုယ့်လူအထိမခံပါနဲ့"ဟုတ်တယ် ပြစ်မှုကျူးလွန်ပြီး ရောက်လာသူတွေဟာ ဥပဒေအရထိန်းသိမ်းရစဉ် ဥပဒေမဲ့ လွတ်မြောက်ဖို့၊ ထွက်ပြေးဖို့၊ မကောင်းတာ အကုန်လုပ်ဖို့ အမြဲစဉ်းစားနေသူတွေဖြစ်သည်။ ကျွန်တော်တွေးမိသည်။

"ငါ့ဆီက ဖြစ်စမ်းပါလား၊ တစ်ကောင်မှ မလွတ်စေရဘူး" လို့ လူငယ်စိတ်နဲ့ အရင်က တွေးမိပါသည်။ နောက်တစ်ခါ ကလေးထောင်မှာ ဆူပူမှုဖြစ်သည်။ ထောင်ပိုင်အလုပ်မှထုတ်ခံရသည်၊ ဒုညွှန်ချုပ်ကြီး ဆင်းလာသည်။ မြို့သစ်စခန်းရောက်ပြီး အရာရှိတွေကို ဆုံးမဩဝါဒပေးသည်။

"တပည့်တို့ မတန်ဘူးကွာ၊ တန်ဘိုးမရှိတဲ့ အကျဉ်းသားတွေကို ထိန်းသိမ်းရင်း တန်ဘိုးရှိတဲ့ ငါတို့ထောင်ဝန်ထမ်းတွေ ဆုံးရှုံးနစ်နာရတယ်။ ကိုယ့်လူ ကိုယ့်ဝန်ထမ်းကို မထိခိုက်စေနဲ့။ ကြိုတင်ကာကွယ်ဖို့ တားဆီးဖို့တွေ သေချာလုပ်ထားဖို့လိုတယ်၊ ဘာဖြစ်ရင် ဘာလုပ်မယ်ဆိုတဲ့ အစီအမံတွေလုပ်ထားရမယ်။"

မှန်သည်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ ပြည်သူ့ဝန်ထမ်းနဲ့ ပြည်သူကို အနှောက်အယှက်ပေးတဲ့ ရာဇဝတ်မှု၊ တည်ဆဲဥပဒေကို ဖေါက်ဖျက်ကျူးလွန်မှုတွေကြောင့် ပြစ်ဒဏ်ကျခံနေရသူတို့နဲ့ တန်ဘိုးချင်းမလဲနိုင်ဘူး၊ ဟုတ်ပါသည် ဒုညွှန်ချုပ်ကြီး ပြောတာမှန်တယ်လို့ ကျွန်တော်မြင်ပါသည်။ ထိုကာလအတွင်း အခြားစခန်း၊ အခြားတပ်ခွဲများမှ ၃ ယောက် ၄ ယောက်လောက် တပြိုင်တည်း ပြေးကြသည်များ ရှိခဲ့ပါသည်။ ကျွန်တော့်တပ်ခွဲသည် နွယ်နီကွင်း စပါးစိုက်ချိန်က စလပိုင်းရဲ့ ရက်တစ်ရက်မှာ ည၇း၃၀မှ စခန်းပြန်ရောက်ခဲ့ဖူးပါသည်။ တစ်ယောက်မှ မပျောက်ခဲ့ပါ။ ကျွန်တော့်တပ်ခွဲအား မီးတုတ်များဖြင့် လာကြိုကြရဖူးပါသည်။ ယခုဖြစ်စဉ်တွင် ကျွန်တော်ကောင်းမွန်စွာ အုပ်ချုပ်ပါလျက် လုံခြုံရေး ကျိုးပေါက်မှုရာခိုင်နှုန်း နည်းပါးပါလျက်၊ ကျွန်တော် စေတနာထားပါလျက် ဘာမျက်နှာမှမထောက် မလုပ်သင့်သည်ကို လုပ်ကြခြင်းဖြစ်ပါသည်။ ကိုယ့်လူ၊ ကိုယ့်ဝန်ထမ်းများ၏ ဘဝတွေကို မထိခိုက်စေလိုပါ။ ပြစ်မှုကျူးလွန်ပြီး ရောက်လာသော အကျဉ်းသားများသည် နောက်ထပ်ကျူးလွန်ရန် အမြဲစဉ်းစားနေတတ်သော၊ ဝန်ထမ်းများကို မကြာခဏ ဒုက္ခပေးတတ်သောသူများ ဖြစ်လေ့ရှိပါသည်။ ထွက်ပြေးလွတ်မြောက်မှုမရှိစေဘဲ အကျဉ်းသားများကို လုံခြုံစွာထိန်းသိမ်းထားရှိရန်မှာ ကျွန်တော်တို့၏ အဓိကတာဝန်ဖြစ်ပါသည်။ တစ်ပါးသူအား သေစေလိုစိတ် အလျှဉ်းမရှိခဲ့သော်ငြား ကျွန်တော်သည် တာဝန်ကို ကျေပြွန်အောင်ထမ်းဆောင်ရင်း ယခုကဲ့သို့ လူ့အသက်သေဆုံးစေသည်အထိ ဖြစ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ဌာနအပေါ် သစ္စာရှိစွာ ရပ်တည်ဆောင်ရွက်ခဲ့သော ကျွန်တော့်လုပ်ရပ်သည် မမှားဟုကျွန်တော်ယုံကြည်ပါသည်။ ။

သီလဝ

## တစ်ခါက လွှန်ကျော်ရက်စွဲများ

(၁)

လွှန်ကျော်စခန်းရဲ့ နာမည်အရင်းက ''ရဲဘက်စီမံကိန်းနှင့်စိုက်ပျိုးမွေးမြူရေး အလုပ်စခန်း''ဖြစ်ပါတယ်၊ ဒီလိုနာမည်မျိုးနဲ့ အရင်ကလည်းရဲဘက်စခန်း မရှိခဲ့သလို ဒီနေ့အထိလည်း မကြားမိသေးပါဘူး၊ ပြည်သူ့အကျိုးပြုတပ်(ရဲဘက်) ဆိုတာကလည်း ဒီအတိုင်းပါပဲ၊ နောင်အနာဂတ်မှာတော့ ဒီလိုနာမည်တွေ ဖြစ်လာလေမလား မသိနိုင်ပါ။ ရဲဘက်စီမံကိန်းနှင့်စိုက်ပျိုးမွေးမြူရေးအလုပ်စခန်း၊ လွှန်ကျော်ဒေသ၊မြစ်သားမြို့နယ်ဆိုပြီး သီးခြားဖွဲ့စည်းပုံတစ်ခုကို (၁၉၇၇)ခုနှစ်က ချမှတ်ပေးခဲ့ပါတယ်။ ဖွဲ့စည်းပုံကတော့၊ ထောင်ပိုင်အဆင့်(၁) (လက်ထောက်ညွှန်ကြားရေးမှူး)တစ်ဦး၊ ဒုတိယထောင်ပိုင် (ဦးစီးအရာရှိ) နှစ်ဦး၊ ထောင်မှူးကြီး ၁၀ ဦး၊ ထောင်မှူး ၃၀ ဦး၊ စာရေးဝန်ထမ်းအဆင့်(၃) တစ်ဦး၊ အဆင့်(၂)နှစ်ဦး၊ အဆင့်(၁) ၁၂ဦး ဖြစ်ပါတယ်၊ ကျန်တာတွေကိုတော့ မမှတ်မိတော့ပါ၊ ဝန်ထမ်းအင်အား စုစုပေါင်းကတော့ ၃၅၂ ယောက်ဖြစ်ပါတယ်၊ ရဲဘက်လေ့ကျင့်ရေးသင်တန်းကျောင်းရဲ့ ဖွဲ့စည်းပုံတစ်ခုကို စိုက်ပျိုးမွေးမြူရေးအလုပ်စခန်းနဲ့ပေါင်းပြီး ထည့်သွင်းရေးဆွဲထားတာပါ။

စခန်းအမည်နဲ့ပတ်သက်လို့ မှတ်မိတာလေးပြောပြပါ့မယ်။ လွှန်ကျော်စခန်းကို နိုင်ငံတော်ရဲ့အကြီးဆုံးပုဂ္ဂိုလ် လာရောက်စစ်ဆေးဖို့ပြင်ဆင်ကြတယ်။ ဒီလိုပြင်ဆင်ရာမှာညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းလုပ်ငန်းညွှန်ကြားရေးမှူး၊ စီမံကိန်းလုပ်ငန်းအထူးအရာရှိ (ညွှန်ကြားရေးမှူးနှင့်ရာထူးတူ)၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းညွှန်ကြားရေးမှူးနဲ့မန္တလေးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူးတို့က စခန်းကို တစ်ပတ်လောက် ကြိုတင်ပြီး လာရောက်ကြီးကြပ်ကြပါတယ်။ အစီရင်ခံစာရဲ့အဖုံးအတွက် အကြမ်းလုပ်ဖို့ညွှန်ချုပ်ကြီးက ကိုကို့ကို တာဝန်ပေးထားပါတယ် ဒီတော့ အကြမ်းပြုစုပြီးတင်ပြလိုက်ပါတယ်။

"မင်းပြတဲ့ ပုံစံကိုတော့ကြိုက်ပါတယ်။ ဒါပေမဲ့ စခန်းရဲ့နာမည်က ရှည်နေတယ်ကွ။ ဒီနာမည်ဘယ်ကရတာလဲ" လို့ပြောလာတော့ ဖွဲ့စည်းပုံကိုပြန်ရှာရပါတယ်၊ ဖွဲ့စည်းပုံတွေ့တာနဲ့ ညွှန်ချုပ်ကို သွားပြလိုက်ပါတယ်။

"အေးကွ နာမည်ကမှန်နေတယ်၊ အဲ့ဒါဘယ်သူ လက်မှတ်ထိုးထားလဲ" လို့မေးလာပြန်ပါတယ်။ ဒါနဲ့ အောက်ကလက်မှတ်ကိုပြလိုက်တော့-

ပုံ ဘခင်

ညွှန်ကြားရေးမှူးချုပ်

ဆိုတော့ "ဟာ ဒါငါ့လက်မှတ်ကွ" လို့ပြောရင်း သူကိုယ်တိုင်လက်မှတ်ရေးထိုးထားတာကိုကြည့်ပြီး ပြုံးနေပါတယ်။ မနက်ပိုင်းကိစ္စတွေပြီးသွားတော့ နေ့စဉ်ကိစ္စတွေအတွက် လေ့လာထားရပါသေးတယ်၊ ပြင်ဆင်စရာတွေ ပြင်ဆင်ထားရပါတယ်၊ အဓိကစားဝတ် နေရေးလေ၊ ပြီးရင်တော့အလုပ်ပေါ့၊ လောလောဆယ် နေ့စဉ်စားဖို့၊ ဖိုခေါင်းနဲ့အိုကေ ရမယ်လို့သူငယ်ချင်းက ပြောထားပါတယ်၊ ဒီတော့ရဲဘက် ထမင်းချက်ဖိုထဲကိုသွားရပါတယ်၊ ဖိုခေါင်း(ရဲဘက်ထမင်းချက်အဖွဲ့ခေါင်းဆောင်)ကို မိတ်ဆက်ရပါတယ်၊ သူထောင်ကျတဲ့နှစ်နဲ့ ကျခံရမဲ့ကျန်ကာလကိုမေးရတာပေါ့။

"ဒါဆိုခင်ဗျားခွင့်တင်လို့ ရနေပြီ" လို့ပြောတော့ ဖိုခေါင်းက-

"ဝမ်းသာလိုက်တာ ကျွန်တော် ဘာလုပ်ရမလဲ" လို့မေးတော့-

"နောက်နှစ်ရက်လောက်နေရင်ရုံးလာခဲ့ပါ၊ လောလောဆယ်တော့ ခွင့်ပုံစံက မရှိသေးဘူး၊ ဌာနချုပ်ကို မှာပေးမယ်" ပေါ့ (ဒီတုံးက ရဲဘက်တွေက သတ်မှတ်စည်းကမ်းနဲ့ ပြည့်စုံရင် ခွင့်ပြန်လို့ရတယ်လေ) အပြောကောင်းတော့ ထမင်းစားဖို့ အဆင်ပြေသလို ထမင်းစားပုဂံနဲ့ ဟင်းပုဂံပါ သီးခြားစီစဉ်ပေးပါတယ်။ နေစရာကတော့ အဆင်သင့်၊ ဒါပေမဲ့ ရေတွင်းနဲ့ အိမ်သာအတွက်ကတော့ တပ်ခွဲမှူး(စခန်းခွဲတာဝန်ခံ၊ထောင်မှူး)နဲ့တွေ့ပြီး အကူအညီ တောင်းရပါတယ်၊ တပ်ခွဲမှူးက သဘောကောင်းတယ်၊ လက်သမား ရဲဘက်နှစ်ယောက်နဲ့ ဆရာတစ်ယောက်ကို စီစဉ်ပေးပြီးလိုအပ်တာတွေလုပ်ပေးပါတယ်၊ အဆင်ပြေတဲ့အပြင် သောက်ရေအိုးနဲ့ရေနံ့ဆီ မီးခွက်ပါ တပ်ခွဲမှူးကလက်ဆောင်ပေးလို့ရလိုက်ပါသေးတယ်၊ မီးခွက်ထဲ ထည့်ဖို့ဆီကတော့ ထွန်စက်မောင်း ရဲဘက်ဆီက ဒီဇယ်ဆီ တောင်းလိုက်ပါတယ်။

ဒီနောက်တော့ရုံးတက်ရမဲ့နေရာ သွားကြည့်ရပြန်ပါတယ်၊ အဆောက်အဦက တော့ ဆောက်လို့ပြီးပါပြီ၊ ပေ ၃၀ × ပေ ၂၀၊ ဝါးကပ်မိုးထရံကာပါ၊ ရုံးရဲ့ အနောက်ဘက်ကနေတွဲလျက် ဘားရိုက်တစ်ခုလည်းပါဝင်နေပါတယ်၊ ဘားရိုက် နဲ့ ရုံးကိုအကာအရံကာမထားပဲ တောက်လျှောက်သွားလို့ရပါတယ်။ ဒါပေမဲ့ ရုံးထဲမှာတော့စားပွဲ၊ ကုလားထိုင် တွေတစ်ခုမှ မရှိသေးပါဘူး၊ ဌာနချုပ်တစ်ခုလုံး ပြောင်းလာမှပဲပါလာမယ်ထင်ရပါတယ်။ အခွဲရုံး ဖြစ်နေတော့ ရုံးတက်စရာ မလိုသေးပါဘူး၊ ထောင်ပိုင်ကြီးခေါ်ရင်သွားပြီး နိုင်းတာလုပ်ပေးလိုက်ရုံပါပဲ။

## (၂)

ထောင်ပိုင်ကြီးက ကိုယ်ပိုင်အမှတ် (က ၁၉၇၈ ဦးမြသွင်)ပါ၊ လွှန်ကျော် စခန်းကိုလည်း ၁၉၇၈ ခုနှစ်မှာစဖွင့်တာလေ။ အကျဉ်းဦးဌာနရဲ့ ကိုယ်ပိုင် အမှတ်တွေကို ၁၉၆၈ခုနှစ်က စပြီးပြောင်းလိုက်ပါတယ်၊ အရာရှိကို(က ၁၉၆၈)က စတယ်လို့ သိရပါတယ်၊ ပိုင်ရှင်ကတော့ က ၁၉၆၈ ဦးသောင်းချစ်တဲ့၊ အခြား အဆင့်တွေကို(က ၆၈၀၀)က စတယ်လို့ သိရပါတယ်၊

ထောင်ပိုင်ကြီး အကြောင်းကို ဆက်ပါ့မယ်၊ သဘော အလွန်ကောင်းပါ တယ်၊ မုံရွာတစ်ဖက်က ညောင်ပင်ကြီးသားလို့ သိရပါတယ်၊ စကားပြောလည်း အလွန်ကောင်းပါတယ်၊ပုံတိုပတ်စတွေကိုလည်းပြောတတ်ပါတယ်၊ အညာသားပီပီ ပွင့်ပွင့်လင်းလင်း ပျော်ပျော် ရွှင်ရွှင် နေတတ်ပါတယ်၊ အကျဉ်းထောင်တွေရေ ရဲဘက်အလုပ်စခန်းတွေမှာပါတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့သူပါ၊ ရှေးဟောင်းနှောင် ဖြစ်တွေပြောပြတာများတစ်ကယ်ပီပြင်ပါတယ်၊ ဗဟုသုတအများကြီးရပါတယ်၊

ထောင်လုပ်ငန်းရောစခန်းလုပ်ငန်းပါကျွမ်းကျင်သူတစ်ယောက်ဖြစ်ပါတယ် လုပ်ငန်းတွေကိုလည်းသင်ပေးပါတယ်၊ မေးသမျှအကုန်ကိုလည်း သည်းခံပြီ ဖြေပေးလေ့ရှိပါတယ်။ မှတ်သားစရာအကောင်းဆုံးကတော့-

"မင်းတို့မှတ်ထားရမှာက ထောင်စခန်းမှာရှိတဲ့ ရဲဘက်၊ အကျဉ်းသား ဝန်ထမ်းနဲ့အရာရှိတစ်ချို့ရဲ့ စိတ်ဓါတ်က ဒီလိုရှိတယ်ကွ၊ မင်းတို့ကို မလိုလား တစ်ဦးက သူနေရာကောင်းရဖို့အရေး၊ စားဖို့ဝါးဖို့ အရေးအတွက် သူက ငါ ပေါင်းပြီး မင်းတို့ကို ယုတ်မာဖို့ ဝန်မလေးတတ်ကြဘူးကွ၊ အေးဒီလိုပါ ငါ့ကိုမလိုသူတစ်ယောက်က သူနေရာကောင်းရဖို့ စားဖို့ဝါးဖို့အတွက်မင်း

နဲ့ပေါင်းပြီး ငါ့ကို ဒုက္ခရောက်အောင်လုပ်ဖို့လည်း ဝန်မလေးကြဘူးကွ၊ တစ်ချို့ကတော့ ဒီလိုမဟုတ်ကြပါဘူး။ ရဲဘက်ရယ်၊ ဝန်ထမ်းရယ်၊ အရာရှိရယ်လို့ ရာထူးကိုခွဲခြားပြီး မဆက်ဆံပဲ စိတ်ဓါတ်ကောင်းကြတယ်ကွ။ ဒီတော့ မင်းတို့က သူတို့ရဲ့စိတ်ဓာတ်ကို လေ့လာ ပြီး သတိထားဆက်ဆံကြကွ" တဲ့။

လွန်ကျော် စခန်းရဲ့ရုံးကိုကွင်းအမှတ်(၆၄၀)မှာ ဆောက်လုပ်ထားတာပါ၊ (၆၄၀)တပ်ခွဲပေါ့၊ ကွင်းအလိုက်ကွင်းအမှတ်တွေကို အစွဲပြုပြီးတပ်ခွဲအမည်တွေကို ပေးထားတာပါ၊ကိုကိုတို့ အတွက် ရိက္ခာကို(၆၄၀) တပ်ခွဲမှာပဲ ထုတ်ရပါတယ်၊ ထမင်းစားဖို့အရေးကို ကိုယ်တိုင်မချက်နိုင်သေးခင် ရဲဘက်ထမင်းဖိုကြီးက တာဝန်ယူထားလို့ ကိုယ့်အတွက်ရတဲ့ ရိက္ခာက ပိုနေ ပါတယ်။

ဒီကိစ္စလည်း ကိုယ့်အရင် ရောက်နေတဲ့ ဝန်ထမ်းကိုပဲ ဆရာတင်လိုက်ပါတယ်၊ ပတ်ဝန်းကျင်လေ့လာရေးကိုတော့ ဝန်ထမ်းတွေနဲ့ ရဲဘက်တွေကိုပဲ ဆရာတင်လိုက်ရပါတယ်၊ သိရတာက စခန်းရဲ့မြောက်ဖက်မှာ ငလိုင်းဇင်ချောင်း ရှိတယ်၊ ရေချိုးလို့အလွန်ကောင်းပါသတဲ့၊ လည်စရာပတ်စရာကျတော့ ငလိုင်းဇင်ချောင်းရဲ့ မြောက်ဘက်မှာ လွန်ကျော်ကျေးရွာရှိပါတယ်တဲ့။

သူ့ရဲ့ လမ်းညွှန်ချက်အတိုင်း လွန်ကျော်ရွာထဲက ဈေးဆိုင်ကိုသွားကြတာပေါ့၊ ဆိုင်ကလေးကရွာထိပ်ရဲ့ ဝါးအဝယ်ဒိုင်နားမှာပါ၊ အရင်ကတော့ ဝါဝယ်တဲ့ ရာသီမှာပဲ ရောင်းတာပါ၊ ဒါပေမဲ့ အခု သူ့ဆိုင်ရဲ့ အနီးနားမှာရဲဘက်စခန်းဖွင့်လိုက်တော့ အမြဲဖွင့်တာပေါ့၊ ဒီဆိုင်မှာ ကိုကိုတို့ရတဲ့ ရိက္ခာကိုရောင်းလိုက်ပါတယ်၊ သူ့ဆိုင်မှာ လက်ဖက်ရည်သောက်၊ ခေါက်ဆွဲဝါးပေါ့၊အရသာကတော့ လာမပြောနဲ့ရော်ဖျန်းနဲ့ ကျန်စုကျော်၊ တောအရသာပေါ့၊ ဒါလည်းပျော်နေကြရတာပါပဲ၊ ဆိုင်ရှင်မိသားစုကလည်း သဘောကောင်း၊ ကိုယ်တွေကလည်း ရိက္ခာတစ်ချို့ကို အလကားပေး၊ သူတို့ကလည်း တစ်ခါတစ်ရံ စားစရာတွေ အလကားကျွေးနဲ့ ဆွေမျိုးတွေလိုဖြစ်ကုန်ကြတာပေါ့။

ဒါကလည်း ကျေးရွာ ဓလေ့လေ။ အလုပ်စခန်းရောက်ပြီး နှစ်လလောက်ကြာတော့ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းက ဝန်ထမ်းတွေရောက်လာပါတယ်၊ သူတို့ကိုလည်းကိုကိုတို့နေတဲ့နေရာမှာ နေရာချထားပေးပါတယ်၊ ဒီတော့ ဝန်ထမ်းများလာလို့ထောင်ပိုင်ကြီးကို ထမင်းချက်တဲ့ ရဲဘက်တစ်ယောက်လောက် တောင်းရတာပေါ့၊ တောင်းတဲ့ရဲဘက်က ကိုကို့သူငယ်ချင်းနဲ့ ရင်နှီးကြတယ်လေ၊

ကိုကိုတို့ကျောက်ဆည်ကလည်းဖြစ် အမှုကလည်းဝန်ထမ်းကနေ စာရင်းဇယားမှား လို့ ထောင်ကျတော့အမှုကောင်းပေါ့၊ ထောင်ပိုင်ကြီးက တပ်ခွဲမှူးနဲ့ ညှိပြီးတော့ ကိုကိုတို့ ပြောတဲ့ရဲဘက်ကိုပဲတာဝန်ချထားပေးပါတယ်။ ဒါပေမဲ့ ဆုံးမစကား ကလေးကတော့ပါတာပေါ့။

"ဒီမှာရဲဘက်အကျဉ်းသားဆိုတာ ကိုယ့်အမေ့လင်မဟုတ်ဘူး သတိထား၊ နောင်လည်းရဲဘက်အကျဉ်းသားကို အိမ်မှာ ခိုင်းစရာရှိရင်ခိုင်းပြီး ပြန်လွှတ်၊ ကိုယ်ကိုယ်တိုင်ခိုင်း မိသားစုနဲ့မလွှဲနဲ့၊ အိမ်မှာလည်းအမြဲမထားနဲ့၊ ပြဿနာတွေ အများကြီး ဖြစ်ခဲ့ဘူးတယ်ကွ"တဲ့။

(၃)

"စါရေးကြီးထပါဦး၊ ကျွန်မယောက်ျား သတိလစ်သွားလို့"အသံကြားလို့ ထလိုက်တော့ ညကအရမ်းမှောင်နေပါပြီ၊လူသူမကွဲပေမဲ့ အသံကို မှတ်မိနေတော့-

"အေး…အေး၊ လာပြီ၊ အခုဘယ်မှာတုန်း"လို့ မေးလိုက်တော့-

"ဆေးခန်းမယ်"လို့ ပြန်ဖြေလာပါတယ်။

"အေး အေး လာသွားရအောင်"ဆိုပြီး အမှောင်ထဲမှာပဲ မမြင်စမ်းကန်း အပြေးသွားလိုက်ရပါတယ်။ လာခေါ်တာက တပ်သားကတော်ပါ၊ သူ့ယောက်ျား က ဘွဲ့ရတပ်သားပါ၊ အလုပ်ဝင်ပြီး မကြာခင်မှာပဲ လွန်ကျော်ကိုပြောင်းလာ တာပါ၊ လွန်ကျော်စခန်းကိုရောက်တာလည်း မကြာသေးပါဘူး၊ ပြောင်းလာပြီး မကြာခင်မှာမိသားစုက လိုက်လာတာပါ၊ သူတို့မှာက အသက် ၄ နှစ်လောက် ကလေးတစ်ယောက်လည်းပါလေရဲ့၊ သူတို့မိသားစုက ကိုကိုတို့နေတဲ့ လိုင်းနဲ့ ကိုက် ၅၀ လောက်သာဝေးပါတယ်၊ သူတို့ အိမ်က ၁၀ ပေပတ်လည် မြေစိုက်တဲ ကလေးပါ၊ မိသားစုကသဘောကောင်းပြီး သူတို့အိမ်မှာ ဟင်းချက်ရင် ကိုကိုတို့ကို ပေးပါတယ်၊ သူတို့နဲ့ သူငယ်ချင်းဖြစ်နေကြပါပြီ၊ ဇနီးမောင်နှံ နှစ်ယောက်လုံးရဲ့ အဖေတွေကလည်းအကျဉ်းထောင်ကအရာရှိတွေပါ၊ အဲ့ဒီဝန်ထမ်းက ၄ကျဖျားဖြစ် နေတာတော့ နှစ်ရက်လောက်ရှိနေပါပြီ၊ ညနေကတောင် တွေ့မိပါသေးတယ်။ အခုလောက် မဆိုးသေးပါဘူး။ အခု ဆေးခန်းရောက်တော့ဆေးမှူးနဲ့တွေ့ပါ တယ်၊ ဆေးမှူးပြောပြတာက-

"ငှက်ဖျားပိုး ဦးနှောက်ထဲရောက်သွားတယ်ထင်ရတယ်၊ ဆေးရုံ အမြန်ပို့ရမယ်"တဲ့။

စခန်းရုံးနဲ့ ခပ်လှမ်းလှမ်းမှာ ဆေးခန်းတစ်ခုရှိပါတယ်၊ ထုံးစံအတိုင်း ဝါးကပ်မိုးထရံကာပေါ့၊ မကြာသေးခင်ကမှ ဌာနချုပ်ကပြောင်းလာတဲ့ ကျားသူနာပြုဆေးမှူးတစ်ဦးထဲက ဆေးခန်းကို တာဝန်ယူထားတာပါ၊ ဆေးဝါး အနည်းငယ်တော့ရှိတာပေါ့၊ အခုလူနာက ငန်းဖမ်းသလို ကယောင်ကတန်းနဲ့ ပက်လက်အနေအထားကနေရုန်းလိုက်ကန်လိုက်နဲ့ သူ့ကို ကိုင်ပေးတော့လည်း ပူလိုက်တာ ချစ်ချစ်တောက်ပါဘဲ။ ဇနီးဖြစ်သူက ကလေးပွေ့ပြီး ငိုနေရှာပါတယ်။ လက်ထဲက ကလေးကလည်းငိုလိုက်တာ၊ ဒီတော့ဘာမှစဉ်းစားမနေပဲ ထောင်ပိုင်ကြီးအိမ်ကို တန်းပြေးလိုက်တာပေါ့၊ ထောင်ပိုင်ကြီးကလည်း-

"ဘယ်လိုလုပ်ကြမလဲ"တဲ့။

"ကျွန်တော်ကတော့ကျောက်ဆည်ဆေးရုံကို အရောက်ပို့ချင်တယ်"လို့ ပြောလိုက်တော့-

ထောင်ပိုင်ကြီးက"လယ်ထွန်စက် နောက်တွဲယာဉ်နဲ့ သွားလိုက်"လို့ပြောပါတယ်၊ ဒါနဲ့ထောင်ပိုင်ကြီးစီစဉ်ပေးတဲ့ နောက်တွဲယာဉ်ပါတဲ့ လယ်ထွန်စက်တစ်စီးနဲ့ ကျောက်ဆည်ဆေးရုံကို သွားဖို့ စီစဉ်ရပါတယ်၊ ထွန်စက်မောင်းကတော့ရဲဘက်ပါ၊ ကိုကိုကလည်း လမ်းခရီးမှာ အကူအညီရအောင် ကိုကိုတို့အဖွဲ့ကို ထမင်းချက်ပေးတဲ့ ရဲဘက်ကိုပါ အဖော်ခေါ်ခဲ့ပါတယ်၊ ထွန်စက်နောက်တွဲယာဉ်ရဲ့ ရှေ့နားမှာလူနာကိုစောင်နဲ့ပတ်ပြီးတင်လိုက်ပါတယ်၊ သူ့ရဲ့ဇနီးနဲ့ကလေးကိုတော့ နောက်နားက လိုက်လို့ပြောရတယ်။

လူနာအခြေအနေက သိပ်မဟန်လို့ပါ၊ ကိုကိုကတော့ လူနာကိုပွေ့ထားရပါတယ်၊ အချိန်ကလည်း ည ၁၀ နာရီကျော်တော့ အရမ်းမှောင်နေတာက တစ်ကြောင်းနဲ့ လမ်းမှာများတစ်ခုခုဖြစ်ရင် ဇနီးနဲ့ ကလေးဒုက္ခရောက်မှာလည်း စိုးလို့ပါ၊ ထွန်စက်ထွက်ခါနီးတော့ ဆေးမှူးက-

"စာရေးကြီးရေ လူနာက လမ်းမှာစိတ်မချရဘူး၊ ကျွန်တော်ကလည်း တစ်ယောက်ထဲ ဆိုတော့လိုက်လို့မရဘူး၊ ဒီတော့လက်ကနေ ဆေးပုလင်းတစ်လုံး ချိတ်ပေးလိုက်မယ်"

ဆိုပြီးလူနာကို ဆေးပုလင်းချိတ်ပေးလိုက်ပါတယ်၊ ဆေးပုလင်းကိုတော့

ကိုကို့ရဲ့ ထမင်းချက် ရဲဘက်က ကိုင်လို့ပေါ့၊ အားလုံးစုံပြီဆိုတော့ ခရီးစတင် ထွက်ခွာ ခဲ့ပါတယ်၊ ထွန်းစက်မောင်းကလည်းခရီးလမ်းကိုကျွမ်းကျင်လို့တော်ပါ သေးတယ်၊မြန်နိုင်သမျှ မြန်သထက် မြန်အောင် မောင်းနေပါတယ်၊ လူနာ ကလည်း ဆေးရုံပို့မယ်ပြောတော့ သည်းခံပြီးငြိမ်နေရှာပါတယ်၊ တစ်ခါတလေ မလှုပ်တော့လို့အသက်ရှူသေးရဲ့လားလို့ စမ်းကြည့်ရတာလည်း မကြာခဏပါပဲ၊ နောက်နားကလိုက်ပါလာတဲ့ ဇနီးနဲ့ကလေးကလည်း ဘာတွေကိုတွေးနေမှန်း မသိပါဘူး၊ ထွန်းစက်သံကြောင့် သူ့ရဲ့ငိုသံကိုတော့ မကြားရတော့ပါဘူး၊ ဒီလိုနဲ့ ၈ မိုင်ခရီးကို နှစ်နာရီလောက်ကြာအောင်မောင်းလိုက်တော့ ရန်ကုန်-မန္တလေး ကားလမ်းကို ရောက်လာပါပြီ၊ မိုးကတော့မှောင်မဲလျက်ပါ၊ ကားလမ်းအတိုင်း မြောက်ဘက်ကို ၄ မိုင် လောက်မောင်းလိုက်တော့ရှေ့မှာ ဟန်မြင့်မိုရ်ရွာက လမ်းမီးတိုင်ကလေးတွေကိုမြင်ရပါတယ်။

ဒီအချိန်မှာ လူနာက ငြိမ်နေပါတယ်၊ ဒါနဲ့ ''သူငယ်ချင်းဆေးရုံ ရောက်တော့ မယ်ကွ၊ မျက်စိဖွင့်ကြည့်'' လို့အားပေးလိုက်ပါတယ်၊ ဒီတော့သူက မျက်စိအဖွင့် လမ်းမီးတိုင်အောက်ကို အရောက်ဆိုတော့ အလင်းရောင်ဖျော့ဖျော့ လမ်းမီး ကလေးကို တွေ့သွားပါတယ်၊ ဒီတော့မှ လေသံတိုးတိုးလေးနဲ့စကားစပြောပါ တယ်၊ သူ့ရဲ့အသံက မပီသလို့-

''သူငယ်ချင်းဘာပြောချင်တာလဲ ပြော ပြော''

လို့ပြန်ပြောရင်း သူ့ရဲ့ ပါးစပ်နားကို ကိုကို့ရဲ့ နားနဲ့ကပ်လို့ နားထောင်မှ ကြားရတာက-

''ရေ ရေ''ပါတဲ့။

သောက်ရေကလည်း ယူမလာမိပါဘူး၊ ထွန်းစက်ရပ်ပြီး ရေရှာရရင်လည်း ညသန်းခေါင် အချိန်ကြီးဘယ်သွားရှာရမလဲ၊ နောက်မှစဉ်းစားလို့ရလာပါတယ်၊ လူနာကို သွင်းထားတဲ့ဆေးပုလင်းရှိတာပဲ၊ မထူးဘူးဆိုပြီး ဆေးပိုက်တွေ အပ်တွေဖြုတ်၊ ပုလင်ဖုံးကို ပါးစပ်နဲ့ကိုက်ဖွင့်ပြီး ဖွင့်ပစ်လိုက်ပါတယ်၊ ပုလင်း ထဲမှာက ဆေးတစ်ဝက်လောက်ကျန်နေသေးပါတယ်၊ အဲ့ဒီပုလင်းကိုလူနာရဲ့ ပါးစပ်မှာ တေ့ပြီးတိုက်လိုက်ပါတယ်၊ လူနာကလည်းအကုန် သောက်လိုက် ပါတယ်။ အဲ့ဒီနောက်တော့ လူနာက သက်သာလို့လားတော့ မသိပါဘူး ငြိမ်နေ ပါတယ်။

ဒီလိုနဲ့ကျောက်ဆည်မြို့ကို နောက်တစ်နေ့ မနက်နှစ်နာရီလောက်မှာ ရောက်ပါတယ်၊ ကျောက်ဆည်မှာက ဘဲလင်းစခန်းတွင် တာဝန်ကျတဲ့ တာဝန်ခံ ဆရာဝန် ဒေါက်တာသန်းဌေးနေထိုင်ပါတယ်၊ သူနေတဲ့အိမ်ကိုလည်း ကိုကိုက ကျောက်ဆည်သားဆိုတော့ သိနေပါတယ်၊ ဒါကြောင့်အရင်ဆုံး ဘဲလင်း ဆရာဝန်ကို သတင်းသွားပို့လိုက်ပါတယ်၊ ဆရာဝန်ကလည်းချက်ချင်း ထကြည့်ပြီး

"ဆေးရုံကို အမြန်မောင်းပါ၊ကျွန်တော်လည်း ချက်ချင်းလိုက်ခဲ့မယ်"တဲ့၊

ဒါနဲ့ကျောက်ဆည်ဆေးရုံကိုမောင်းရတာပေါ့၊ ဆေးရုံရောက်တော့ ဘဲလင်း က ဆရာဝန်က သူ့ကိုယ်ပိုင် ဂျစ်ကားနဲ့လိုက်လာလို့ အချိန်မှီ ရောက်လာပါတယ်၊ လူနာကိုဆေးရုံက အရေးပေါ်ကုသဆောင်မှာ တင်လိုက်ပါတယ်၊ ဆေးရုံက တာဝန်ကျ ဆရာဝန်ရော ဘဲလင်းက ဆရာဝန်ကပါ ဝိုင်းဝန်းကုသပေးကြပါ တယ်၊ မနက်မိုးလင်းတော့ လူနာကသက်သာလို့ စကားတောင်ပြောနိုင်ပါပြီ။ အဲ့ဒီလူနာကနောက်တော့ ထောင်မှူးတစ်ယောက်ဖြစ်လာပါတယ်။

(၄)

"စာရေးကြီးရေ စာပါတယ်ဗျို့"

ပြောနေသူက လွန်ကျော်စခန်းနဲ့ဘဲလင်းစခန်းကို လွန်းပျံပြေးနေတဲ့ထွန်စက် ကို မောင်းနှင်တဲ့ ရဲဘက်ကြီးပေါ့၊ဒီထွန်စက်ရယ် နောက်တွဲ ယာဉ်ရယ်နဲ့ယာဉ် မောင်းကတော့ကိုကိုတို့ရဲ့တစ်ခုတည်းသော အကြီးမားဆုံး ဆက်သွယ်ရေး ကွန်ယက်ကြီး တစ်ခုပါ။ လွန်ကျော်ရောက်ဝန်ထမ်းများနဲ့ နောက်တန်းကျန် မိသားစုတို့ရဲ့ အွန်လိုင်းစနစ်ကြီးတစ်ခုပေါ့၊ စာနဲ့ဆက်သွယ်ပေးသလို လူကြုံ စကားလေးတွေကိုလည်း သယ်လာပေးပါတယ်။ နောက်တန်းကနေ စားစရာ အကြော်အလှော်၊ လူသုံးဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေသယ်လာပေးပါတယ်။ ရှေ့တန်းကနေလည်း ထင်း၊မှို၊မြစ်နဲ့တောကောင် အသားခြောက်တို့ကိုပြန်သယ် သွားပေးလေ့ရှိပါတယ်၊ ဝန်ထမ်းနဲ့ရဲဘက်တွေရဲ့လူစီးကုန်တင်ရထားကြီးပေါ့၊ ဒါတင် ဘယ်ကမလဲ အရေးပေါ်လူနာတင်ယာဉ်ရဲ့တာဝန်ကိုလဲ ထမ်းဆောင် ပေးခဲ့ပါသေးတယ်။ စာအကြောင်းဆက်ပါ့မယ်။ နောက်တန်းကျန် ချစ်ဇနီး မဗိုက်ရဲ့ ပေဖူးလွှာကိုကြည့်လိုက်တော့-

"မောင်ရေ ဖြူဗိုက်တအားနာနေတယ် အမြန်လာ"တဲ့။

အဲဒါမှဒုက္ခ အရင်တစ်ခါပေးလိုက်တဲ့စာထဲမှာက သားဖွားဆရာမနဲ့ ပြထားတယ်၊ဆရာမပြောတာက တစ်လလောက်လိုသေးတယ်၊ မှတ်ထားတဲ့ရက်နဲ့လည်းကိုက်တယ်တဲ့၊အခုဗိုက်နာတယ်ဆိုတော့ဘယ်လိုလုပ်ရပါ့၊မထူးပါဘူး ထောင်ပိုင်ကြီးဆီပဲ ပြေးပြီးနောက်တန်းပြန်ဖို့ ခွင့်တောင်းရပါတယ်၊

"စာရေးတစ်ယောက်ကလည်း ငှက်ဖျားဖြစ်လို့ နောက်တန်းမှာဆေးကုနေတယ်၊ မင်းကထပ်သွားရင် ငါကဘယ်လိုလုပ်ရမှာလဲ" တဲ့။

စခန်းမှာလည်း လူတိုင်းက ငှက်ဖျားနဲ့ မကင်းကြပါဘူး၊ ဖြစ်လိုက်ရင်လည်း အသည်းအသန်ပါ၊ ငှက်ဖျားကြောင့် ဝန်ထမ်းတစ်ယောက် စခန်းမှာကွယ်လွန်သွားခဲ့ရပါတယ်၊ ငှက်ဖျားဖြစ်ရင် ဆေးဝါးတွေ ဆောင်ထားပြီးအမြန်ဆုံးကုရပါတယ်၊ ရှေ့တန်းမှာ ဆေးကုလို့ မရရင်တော့ နောက်တန်းကိုအမြန်ပို့ရပါတယ်၊ ဒါမှစိတ်ချရပါမယ်၊ အဲ့သလိုမလုပ်ရင်တော့ အသက်အန္တရာယ်နဲ့နီးနေပါတယ်၊ ထောင်ပိုင်ကြီးဆီက ခွင့်တောင်းရတာလည်း စာရွက်စာတမ်းမလိုပါဘူး၊ နှုတ်နဲ့ပြောရုံပါပဲ၊ မရမက အပြန်အလှန်ပြောတော့ ပြောကြရပါတယ်၊ နောက်ဆုံးတော့ "ခဏပြန်လိုက်၊ မင့်မိန်းမ မမွေးသေးရင် ချက်ချင်းပြန်လာခဲ့"ဆိုတော့ သဘောတူညီချက်ရပါပြီ။ ဘက်စုံသုံးအမြန်ယာဉ်ထွန်စက်နဲ့ဘဲလင်းသို့ ချီတက်ခဲ့ပါပြီ။ လွန်ကျော်က စထွက်ကတည်းက ညနေစောင်းနေပါပြီ၊ မိုးကလည်း ဖွဲဖွဲလေးရွာနေပြန်ပါတယ်။ မောင်းရတဲ့လမ်းတွေက မြေလမ်းဖြစ်ပြီး မြောင်းဘောင် ဆိုတော့ ရွံ့ဗွက်တွေကလည်နေတာပါ၊ ထွန်စက်မောင်းတဲ့ရဲဘက်ကြီးကတော့စိတ်ရှည် လက်ရှည်နဲ့ မြွေလိမ် မြွေကောက် မောင်းတတ်ပါတယ်၊ ဒီလိုပါဘဲ ဖယ်ယမ်း ဖယ်ယမ်း၊ ခုန်ဆွ၊ ခုန်ဆွနဲ့မောင်းလာလိုက်တာမှိုချုပ်စပြုလာပါပြီ။ စာရေးလိုက်တဲ့ အိမ်သူသက်ထားကလည်းဘေးမသီ ရန်မခဘဲ ရောက်ပါစေ ဆုတောင်းနေရှာမှာပါ။ ကိုယ်ကလည်း မဗိုက် ချောချောမောမောမွေးဖွားနိုင်ဖို့မေတ္တာပို့ ဆုတောင်းနေရတာပေါ့။ နှစ်နာရီလောက်ကြာတော့ကားလမ်းကို ရောက်ပါပြီ။ ဘောင်ထိပ်ဆိုတဲ့နေရာပေါ့။ ဒီနားရောက်ရင် ထွန်စက်ဘီး ၄ လုံးနဲ့ နောက်တွဲယာဉ်ဘီး ၄ လုံးမှာကပ်နေတဲ့ ရွံ့တွေကိုခွာကြရပါတယ်။ မဟုတ်ရင်ရွံ့တွေကများတော့ ကားလမ်းပေါ်ကျရင် တစ်ခြားကားတွေကို စလစ်ဖြစ်နိုင်ပါတယ်။ နောက်တော့ ကားလမ်းအတိုင်း ဆက်မောင်းကြရပါတယ်။ ဘဲလင်းစခန်းကို ည ၉ နာရီကျော်လောက်မှာ ဝင်လာပါတယ်။ ထွန်စက်

ဝင်လာတယ်ဆိုရင်ဘဲ "စာရေးကြီးပါလား"ဆိုတဲ့ အသံကို ကြားရပါတယ်။ မေးသူက ဘဲလင်းစခန်းက ဂါတ်စာရေးကြီးဖြစ်ပါတယ်။ သူက အမြဲတမ်း အသံသြသြကြီးနဲ့ စကားတွေကို အားရပါးရပြောတတ်သူပါ။ တပ်ကြပ်ကြီး ဦးကိုကြီး(ခေတ်ပုံပါ)သူက အဖြူအမဲ ခေတ်က ခေတ်ပုံရိုက်တတ်သလို ဖလင် ဆေးပြီးခေတ်ပုံလည်း ကူးတတ်ပါတယ်၊ ကင်မရာကအစပြုလို့ ဖလင်ဆေးတာနဲ့ ခေတ်ပုံကူးတဲ့ ကရိယာတွေကိုပါ သက်သာချောင်ချိရေးရန်ပုံငွေက ဝယ်ပေးထား တာပါ၊ ဘဲလင်းစခန်းတစ်ခုလုံး လွှန်ကျော်ကိုရွှေ့ပြောင်းတဲ့အခါမှာ ခေတ်ပုံ ပစ္စည်းတွေလည်း ပါလာပါတယ်။ ဆရာဦးကိုကြီးကတော့ ပင်စင်သွားပါ ပြီ။ သူရဲ့တပည့်ဖြစ်သူ ခေတ်ပုံစောအောင်က ဆက်လက်တာဝန်ယူပါတယ်။ လွှန်ကျော်စခန်းဖျက်သိမ်းတော့ ခေတ်ပုံ ပစ္စည်းတွေနဲ့အတူ ခေတ်ပုံစောအောင် လည်းညွှန်ကြားရေးမှူးချုပ်ရုံးကို ပြောင်းရွှေ့သွားပါတယ်။

"ဟုတ် ပါ ပါတယ်ခင်ဗျ"လို့ ဖြေလိုက်ရင်ပဲ။

"မွေးပြီးပြီဗျ၊ အားလုံးအိုကေဘဲ၊ ယောကျ်ားလေးဗျ"တဲ့။

ရင်ထဲကအလုံးကြီး ကျသွားပါပြီ။ လိုင်းခန်းရောက်တော့မိခင်ရောကလေးပါ ကျန်းမာတာကိုတွေ့ရပါတယ်၊ ဇနီးသည်ရဲ့ ဘေးမှာ ဝန်ထမ်းတွေရော မိသားစု တွေပါ အများကြီးတွေ့ရပါတယ်၊ သူတို့တွေရဲ့ တစ်ယောက်တစ်ပေါက် ပြောပြတာတွေကြောင့် ကိုကို့ရဲ့ ဇနီးသည် ဗိုက်နာသည်မှ မွေးဖွားပြီး လက်ရှိ တွေ့နေရတဲ့အခြေအနေအထိကို မျက်စေ့ထဲ မှာကွင်းကွင်း ကွက်ကွက်မြင်လာ ပါတော့တယ်။

"မအေးဂျမ်းရေ၊ ကျွန်မ ဗိုက်အရမ်းနာနေတယ်"

"ဟုတ်လား ဒါဆို သားဖွားဆရာမကို ပြရမှာပေါ့ စာရေးကြီးကတော် သွားလို့တော့မဖြစ်ဘူး၊ ကျွန်မယောကျ်ား ကိုဘအေးကို သွားခေါ်ခိုင်းပေးမယ်"

ကိုဘအေးကလည်း ဆယ်ခန်းတွဲလိုင်းမှာ တစ်ဦးတည်းသော ယောကျ်ားပါ၊ ကိုကိုရှိတုန်းက သူက ဒုတိယလိုင်းမှူးပါ၊ အခုတော့ ဆယ်အိမ်မှာရှိတဲ့ ယောကျ်ား ကိုးယောက်က လွှန်ကျော်ကို ရောက်နေတာပါ၊ ဒါ့ကြောင့် သူက လိုင်းမှူးပေါ့၊ ကိုဘအေးတစ်ယောက် သားဖွားဆရာမရှိရာ ဘဲလင်းကျေးရွာကို အပြေး ချီတက်ရပါတယ်၊ ဘဲလင်းစခန်းရဲ့ ဗဟိုကင်းရှေ့အရောက်မှာတော့ ဒုတပ်ကြပ် ကိုတင်ဝင်းမောင်နဲ့တွေ့ပါတယ်။

"ဟော့ကောင် ဘအေး ပျာရီးပျာယာနဲ့ ဘယ်သွားမလို့လဲ"

"ဆရာရေ စာရေးကြီးကိုလှရွှေရဲ့ ဇနီး ဗိုက်နာနေလို့ သားဖွားဆရာမ ကိုသွားပင့်မလို့"

"မင်းအဲ့လို ခြေကျင်သွားနေရင် အချိန်ကြာလိမ့်မယ်၊ ဒီတော့ မင်းက ငါ့အိမ်ကိုသွား ငါ့မိန်းမ ဆွေလေးနဲ့ တွေ့တဲ့ မိန်းမတွေ သွားပြောလိုက် ဆရာမပင့်တာငါလုပ်မယ်" ကိုဘအေးက ကိုတင်ဝင်းမောင် နေတဲ့လိုင်းကို ရောက်တော့ ဆွေလေးကိုတွေ့ပါတယ်၊ အကျိုးအကြောင်းပြောပြလိုက်တော့ ဆွေလေးက တပ်သား ကိုသန်းထွန်းရဲ့ဇနီး မဝင်းကို လက်ဆွဲလို့ ကိုကိုရဲ့ ဇနီးသည်ရှိရာ လိုင်းခန်းကို အပြေးချီတက်ကြပါတယ်။

ကိုတင်ဝင်းမောင်ကတော့ ညွန်ကြားရေးမှူးရဲ့ နေအိမ်ကို အပြေးတက်နဲ့ သွားလိုက်ပါတယ်၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးရန်နိုင်ထွန်း အိမ်ရှေ့ရောက်တော့ ညွှန်မှူးက သူ့ဇနီးနဲ့အတူ အပြင်သွားဖို့ ပြင်ဆင်နေတာကို တွေ့ရပါတယ်။ သူတို့ရှေ့မှာလည်း မန်းတစ်ညှ၊ လမ်းတစ်လလို့ အမည်ရတဲ့ နီဆန်းဂျူနီယာ ကားအစိမ်းလေးရပ်ထားပါတယ်။ အဲ့ဒီကားကို အမြဲမောင်းနေသော ဒုတပ်ကြပ် ဦးတင်မောင်ကလည်း ကားပေါ်တက်မဲ့ ညွှန်မှူးနဲ့ သူ့ဇနီးကို ခရီးဦးကြိုပြု နေပါတယ်။ ကိုတင်ဝင်းမောင်ကတော့-

"ဗိုလ်မှူးခင်ဗျာ စာရေးကြီး ဦးလှရွှေရဲ့ဇနီး ဗိုက်နာနေလို့ပါဗျ"

"ဟုတ်လား သူ့ယောက်ကျားက လွန်ကျော်မှာကွ၊ အဲ့တော့ မင်းကဘာလုပ် ပေးမှာတုန်း"

"ဗိုလ်မှူးခင်ဗျား ကျွန်တော် သားဖွားဆရာမ သွားပင့်ချင်လို့"

ကိုတင်ဝင်းမောင်ရဲ့ စကားမဆုံးခင်မှာဘဲ ညွှန်မှူးက-

"ကိုင်း ကိုတင်မောင်ရေ၊ ငါအပြင်မသွားတော့ဘူး။ တင်ဝင်းမောင်နဲ့ သားဖွားဆရာမသာ သွားပင့်လိုက်တော့"

ညွှန်မှူးရဲ့ စကားဆုံးတာနဲ့ ကိုတင်ဝင်းမောင်က ညွှန်မှူးကို အလေးပြု ပြီး ကားပေါ်တက်ဖို့ပြင်ဆင်လိုက်တာပေါ့။ အဲ့ဒီအချိန်မှာညွှန်မှူးက သူ့ဇနီးကို ပြောနေတဲ့အသံကိုပါ ကိုတင်ဝင်းမောင်ကြားနေပါတယ်။

"ကိုင်း မိန်းမရေ မင်းလည်းအပြင်မသွားရမဲ့ အတူတူ လှရွှေ မိန်းမအိမ် သွားပြီး လိုတာတွေ လုပ်ပေးလိုက်ပါကွာ"

ကိုတင်ဝင်းမောင်က သားဖွားဆရာမနဲ့အတူ ရောက်လာချိန်မှာတော့ ဝန်ထမ်းဇနီးတွေကလည်း အနီးပိတ်ကစလို့ ဆေးဝါးမကျန် လူအင်အားပါ ကူညီကြတာ လိုလေသေးမရှိအောင်ပဲတဲ့။ ကလေးမွေးပြီး အချင်းကို မြေမြှုပ်တာကစလို့ မီးနေသည်အတွက်လည်း ဘာမှလိုလေသေးမရှိပါဘူး။ ပိုဆိုးတာက မိခင် နို့ချိုရည်ကို ဆာနေတဲ့ သားတော်မောင်က ငိုနေပါသတဲ့။ ဇနီးသည်ကလည်း ကလေးကို နို့တိုက်ဖို့ အသင့်အနေအထားမဖြစ်သေးတော့ ကလေးက စို့လို့မရပါဘူး။

သားဖွားဆရာမက ကလေးနို့စို့လို့ရအောင် ပြုပြင်ရမဲ့နည်းလမ်းတွေ သင်ပေးထားပါတယ်။ လောလောဆယ် ငိုနေတဲ့ သားတော်မောင်ကိုတော့ ကလေးမွေးထားတာ မကြာသေးတဲ့ ဆွေလေးက နို့တိုက်ပေးပါတယ်၊ အဲ့ဒီ ကျေးဇူးရှင်အားလုံးကို ကျွန်တော် ဘယ်တော့မှမေ့မည်မဟုတ်ပါ။ နောက်တစ်နေ့မှာတော့ ဇနီးဖြစ်သူက ပြောပြပါတယ်၊ ဘဲလင်းစခန်းတာဝန်ခံက နောက်တန်းကျန်မိသားစုတွေကိုဂရုစိုက်ပါတယ်၊ ရိက္ခာထောက်ပံ့ပေးတယ်တဲ့။

(၅)

"ဒီတခေါက်လစာကို မင်းသွားထုတ်လိုက်"

ထောင်ပိုင်ကြီးကပြောတော့ ပျော်လိုက်တာ၊ နောက်တန်းကို ပြန်ရမယ်၊ဇနီးနဲ့ မွေးကင်းစ သားလေးကိုလည်း တွေ့ရမယ်၊ လူသုံးဆေးဝါးနဲ့ လိုအပ်တာလေးတွေ လည်းဝယ်ရမယ်၊ တောထဲမှာစားချင်စိတ်ပေါ်ပြီး မစားရတဲ့အစားအစာ လေးတွေ ကိုလည်းစားမယ်လို့ အတွေးနယ်ချဲ့နေတုန်း-

"ဟော့ကောင် ငါပြောတာရော ကြားရဲ့လား"

ထောင်ပိုင်ကြီးကထပ်ပြီး ပြောလိုက်မှ-

"ဟုတ်ကဲ့ ကြားပါတယ် ခင်ဗျ"

"အေး ဒါဆိုသွားပြင်ဆင်တော့၊ မနက်ဖန် လစာထုတ်ရမှာ၊ ငွေထုတ်ပြီး ချက်ချင်းပြန်လာခဲ့၊ ကားကြုံမစောင့်နဲ့" လို့ ထပ်ပြီးပြောတော့မှ-

"ဟုတ်ကဲ့၊ ငွေထုတ်ပြီး ချက်ချင်းပြန်လာခဲ့ပါ့မယ်"

လို့ပြောပြီးတာနဲ့ တဲတန်းလျားကို အမြန်ချီတက်လိုက်ပါတယ်။ အလုပ်စခန်းရဲ့ အုပ်ချုပ်မှုအားလုံးကို နောက်တန်းကပဲ စီမံပေးပါတယ်။ လစာကိုလည်း လွှန်ကျော်အတွက် သီးခြား လစာဘီလ်တစ်စောင်ရေးဆွဲထားပါတယ်။ လွှန်ကျော်

ရောက်ဝန်ထမ်းတစ်ချို့ထဲက မိသားစု လိုက်လာသူတွေက စခန်းမှာ လစာ ထုတ်ကြပါတယ်။ တစ်ချို့ကတော့ မူလထောင်က ပြောင်းလာကတဲက မိသားစု ကိုထောင်မှာပဲ ထားခဲ့ကြပါတယ်။ သူတို့ကလည်း စခန်းမှာ လစာထုတ်ပြီး ကားကြုံရှိတဲ့အခါမှစာတိုက်ကနေမိသားစုထံကို ငွေလွှဲကြတာပေါ့၊ နောက်တန်းချန် မိသားစုကိုတော့ ဘဲလင်းမှာပဲ လစာထုတ်လိုကထုတ်ပေးပါတယ်။ တဲတန်းလျား ကို ရောက်တာနဲ့အိတ်ထဲအဝတ်တစ်စုံထဲ့ပြီး နီးရာဝန်ထမ်းတွေကိုလူကြုံ မှာစရာရှိရင်မှာကြဖို့ လိုက်ပြောရပါတယ်။ မှာတမ်းရှည်တွေကို စာနဲ့တစ်မျိုး နှုတ်နဲ့တစ်ဖုံမှာ ကြပါတယ်။

ဒါမျိုးကို ကိုယ်ချင်းစာပြီး သေသေချာချာ လုပ်ပေးရတယ်။ အားလုံးအိုကေ ဆိုတော့ ထောင်ပိုင်ကြီးဆီကိုသွားပြီး သတင်းပို့ လိုက်ပါတယ်။ ထောင်ပိုင်ကြီးက ရုံးအတွက် လိုတာတွေမှာပြီးပြီဆိုတော့ နောက်တန်းပြန်ရန် အဆင်သင့်ပေါ့။ သွားရမယ်ဆိုမှသတိရတယ်။ ကိုကိုတို့ရဲ့ တစ်ခုတည်းသော ဆက်သွယ်ရေး ကွန်ယက် လွန်းပျံယာဉ်က ဖျားနေပါတယ်။ သူလည်း နေ့စဉ်နီးပါး နေ့မအား ညမနားသွားနေရတော့ဖြစ်ပြီပေါ့။ သူ့ကိုကုမဲ့ ဒေါက်တာကလည်း စခန်းမှာ မရှိသေးဘူးလေ။ မြို့မှာသွားပြီး ပင့်နေရတုန်းပါ။ ပိုဆိုးတာက ထွန်စက် အပိုပစ္စည်း လိုအပ်တာပါ။ ဒါလည်း ဒေါက်တာကစစ်ဆေးပြီးမှ သိရမှာပါ။ လိုတာကိုလည်းမြို့ကိုပဲ သွားဝယ်ရမှာပါ။ ဒီတော့သူပြန်လည် ကျန်းမာလာဖို့ က ရက်တွေကြာဦးမှာပါ၊ သူမရှိလည်းဘာဖြစ်လဲကိုယ်ပိုင်ယာဉ်ရှိပဲ့၊ ကားနံပါတ် ပြောရလား ၉၆၉၃ တဲ့။ စခန်းကထွက်တာနဲ့အိတ်ကို ကျောမှာပိုးလိုက်ပါတယ်။

မိုးကအဆက်မပြတ် တဖွဲဖွဲကျနေလေတော့ မိုးကာအစုတ်ကလေးတစ်ထည် ကိုလည်းခြုံရပြန်တယ်လေ။ နောက်တော့ပုဆိုးကို ခါးတောင်းကြိုက်ရပြန်ပါ တယ်။ မဟုတ်ရင် ခရီးကတွင်မှာမဟုတ်ပါဘူး။ လွန်ကျော် တစ်ဝိုက်ကမြေသား တွေက မိုးရေကြောင့် ရွှံ့စေးဖြစ်နေပါပြီ။ ညှပ်ဖိနပ်နဲ့ နင်းလို့ကတော့ ဖိနပ်ကို ရွှံ့ တစ်ပိဿာလောက် ကပ်ပါလာနိုင်ပါတယ်။ ဒီတော့ တစ်ရံတည်းသော ရော်ဘာ ဘိနပ် ခပ်နွမ်းနွမ်းကလေးကို ခါးမှာထိုးလို့ ဂိုးပြီပေါ့။ စခန်းကနေ စထွက်နိုင် တာက နေ့လည် နှစ်နာရီဆိုတော့ ကားလမ်းရောက်ရင် ကားမီဖို့က အရေးကြီး ပြန်ပါတယ်။ ခတ်သုတ်သုတ်နှင်နိုင်မှပါ။ ကိုယ်ကသာ လောနေရတာပါ။ အောက်ကမြေကြီးက မိုးရေနဲ့တွေ့တော့ ပျော့တော့တော့ ဖြစ်နေပါပြီ။

မြေကလည်း စေးလိုက်တာများ လောက်စာလုံးလုံးလို့ရပါတယ်။ သူ့ကိုနင်းလိုက်ရင် တစ်ခါထဲ မခွဲနိုင်မခွာရက်နိုင် အားကုန်ဆွဲထားလိုက်တာများ မပြောချင်တော့ပါဘူး၊ တော်တော့်ကို ချစ်နေပုံရပါတယ်။ ဒီကလည်း ဘယ်ရမလဲ အတင်းရုန်းရတာပေါ့၊ နောက်ပြီး စိတ်ထဲကနေပြောပစ်လိုက်တယ်။

"ဒီမှာမြေကြီး မင်းကြိုက်သလောက်ဆွဲထားပါစေ ငါကတော့ရုန်းမှာပဲ၊ မင်းထက်ချစ်ရမဲ့သူတွေက ငါ့ကိုကြိုနေမှာကွ" လို့ပေါ့။

ဒီလိုနဲ့ ၄ မိုင်လောက်လျှောက်မိတော့ရှာခိုင်ကြီးကျေးရွာကိုရောက်ပါပြီ။ ဒီမှာတော့ခဏနားရပါတယ်၊ ရွာအဝင်နားက နီးတဲ့အိမ်မှာရေတောင်းသောက်ပေါ့။ ကြာကြာနားလို့ကလည်း မဖြစ်သေးပါဘူး။ မိုးကကျနေဆဲပါ၊ ဒီ့ထက်မိုးများလို့ လေပါတိုက်လာရင်သွားဖို့ ပိုခက်မယ်လေ။ ဒီတော့ဆက်လျှောက်ရတာပေါ့၊ မိုးကာပေါ်မှာမိုးက အဆက်ပြတ် ကျနေလို့ ရွှဲစိုနေသလို မိုးကာအတွင်းကချွေးကလည်း နဖူးကနေခြေဖျားဆီသို့ မိုးရွာနေသလိုပါပဲ။ ရွှဲရွှဲစိုပေါ့၊ ဒါပေမဲ့ခွဲတော့ မလျှော့နဲ့ မမှောင်ခင် ဘောင်ထိပ်ရောက်ဖို့ အရေးကိုသာတွေးလို့ ဆက်လျှောက်ရတာပေါ့။ နောက်ထပ် တစ်နာရီခွဲလောက် ကြာတော့ရောက်ပါပြီဗျ ဘောင်ထိပ်။ ရန်ကုန် မန္တလေးကားလမ်းကိုလည်းမြင်လိုက်ရရော အမောတွေနဲ့ ချွေးတွေဟာ ကြက်ပျောက်ငှက်ပျောက် ဘယ်ရောက်သွားပါလိမ့်နော်။ ဒီတော့နား မနေတော့ပဲ မိုးကာကို ချွတ်လို့အိတ်ထဲကိုထည့်လိုက်ပါတယ်။ ခါးတောင်းကြိုက် ကိုလည်း ဖြုတ်လိုက်ပါတယ်။ ခါးက ဖိနပ်ကိုချပြီး စီးလိုက်ပါတယ်၊ နောက်ပြီး ချောင်းထဲကိုဆင်းပြီး မျက်နှာသစ်ရပါတယ်။

နောက်ပြီးတော့အိတ်ထဲက အပိုတစ်စုံထည့်လာတဲ့ အဝတ်တစ်စုံကိုလဲလိုက်တော့ ဘယ်သူကပြောမှာလဲ တောသားလို့၊ အခုတော့ မြို့သားဖြစ်သွားပြီဆိုတော့ ကားစောင့်ပေါ့။ ညနေ ၅ နာရီကျော်နေပြီဆိုတော့ ကားကရှားသွားပါပြီ။ မိတ္ထီလာမန္တလေးကားကို အခါက ထားပြီးစောင့်ရတာလေ။ အဲ့ဒီကာလတုန်းက မိတ္ထီလာမန္တလေးပြေးတဲ့ ကားကမိုက်ပူ ဘတ်စ်ကားကြီးတွေပါ။ တစ်ခါတစ်ရံ သူတို့ မလာခင် လာသမျှကားကို အကုန်တားရပါတယ်။ မရပ်တာရှိသလိုရပ်တဲ့ ကားကိုတော့အကျိုးအကြောင်းရှင်းပြရင် တင်သွားတတ်ပါတယ်။ အခုလည်း ကျေးဇူးရှင်လော်လီကားတစ်စီးက သဘောကောင်းလို့ အလကား တင်သွားပါတယ်။ ဒါပေမဲ့ လော်လီကားက နောက်မှာကုန်အပြည့်တင်ပြီး မိုးကာပိတ်လို့ ကြိုးနဲ့ အခိုင်အမာ တုတ်ထားပါတယ်။

ရှေ့ခန်းမှာကလည်းကားဆရာနဲ့ သူ့တပည့်နှစ်ယောက်ဆိုတော့ ပြည့်နေပါတယ်။ ကားဆရာကတော့-

"ခင်ဗျားမြင်တဲ့အတိုင်းပဲ လိုက်စရာ နေရာမရှိဘူး၊ ခင်ဗျားအရေးကြီးရင် ခြေနင်းခုံပေါ်ကနေလိုက်ခဲ့"လို့ ပြောလာပါတယ်။

"ရတယ်ဗျာ ကျွန်တော်ဖြစ်အောင် လိုက်ပါ့မယ်"ဆိုတော့ ကားဆရာက-

"ကောင်းပြီလေ ဒါဆိုလည်းတက်၊ လက်ကတော့တံခါးပိတ်ကို မြဲမြဲကိုင်ထားနော်"

"ဟုတ်ကဲ့ပါ"လို့ပြောပြီး ကားဆရာထိုင်ခုံရဲ့ အပြင်ဘက်ခြေနင်းခုံပေါ်ကို တက်လိုက်ပြီး မတ်တတ်ရပ်လိုက်ပါတယ်။ နောက်ပြီး သူပြောသလို သူ့ဘေးနားက တံခါးပိတ်ကို လက်နှစ်ဖက်နဲ့ မြဲမြဲကိုင်ထားလိုက်ပါတယ်။ ဘုရားမတာပါ။ မိုးကတိတ်သွားလို့ နောက်ပြီး ကားခမပေးရတော့ စရိတ်သက်သာတာပေါ့။ ငွေအပိုမကုန်တော့ပါဘူး။ ဘာဖြစ်လို့လည်း ဆိုရင် အဲ့အချိန်က ဒီခရီးကိုဘယ်သူကမှ ခရီးစရိတ်ထုတ်မပေးပါဘူး။ အိပ်စိုက်နဲ့သွားကြရတာပါ။ ဒီလိုနဲ့ဘဲလင်းအကြော်ဆိုင် လမ်းခွဲကို ည ၇ နာရီလောက်ရောက်ပါတယ်။ အဲ့ဒီကနေလည်း ၉၆၉၃ နဲ့ ဌာနချုပ်ကို အရောက်ချီတက်ရ ပြန်တယ်။ ဌာနချုပ်ရောက်တာနဲ့ ရှေ့တန်းက စာကြဲ့နဲ့စကားကြုံ တွေလိုက်ဝေရပါတယ်။ ပြီးတော့ပြောရသေးတယ်။ မနက်ဖန်ပြန်မှာအမှာစကား၊ စာနဲ့ပေါ့ပေါ့ပါးပါးပေးစရာတွေကို လိုင်းခန်းမှာ စောစောလာပေးကြလို့၊ နောက်တစ်နေ့မိုးလင်းတာနဲ့လာပေးကြပါတယ်။ ကိုကိုကလည်းမနက် ၇ နာရီမှာလစာထုတ်၊ စခန်းအတွက်လိုတာတွေ တောင်းခံပြီး စောစော ပြန်ထွက်ခဲ့ရပါတယ်။

အပြန်မှာ လစာငွေတွေပါနေတော့ မိုးချုပ်လို့မဖြစ်ပါဘူး။ အပြန်ခရီးကလည်းထုံးစံအတိုင်း အကြော်ဆိုင် လမ်းခွဲကို ကုန်းကြောင်းလျှောက် ရန်ကုန်မန္တလေးကား လမ်းကနေဘောင်ထိပ်အထိ ရရာကြုံရာ ကားကိုစီးပေါ့၊ ဘောင်ထိပ်ရောက်တော့ မနက် ၁၀ နာရီလောက်ရှိနေပါပြီ။ အဲ့ဒီမှာ ၉၆၉၃ ကို ဆီဖြည့်ရပါမယ်။ ရိုးရိုးဆီက ပါဝါနဲတော့ ရှန်းအားနဲပါတယ်။ ဒီတော့ စကိုင်းဘီယာ (ထန်းရည်)တစ်ပုလင်းလောက်ထည့်၊ အကြော်လေးဘာလေးဝါးပြီး ဗိုက်ဖြည့်လိုက်ပါတယ်။ အားလုံးအိုကေပြီဆိုတော့ အလာတုန်းကအတိုင်း တောသားပြန်လုပ်ရပါတယ်။ လမ်းတစ်ဝက်မှာရေဆာရင်သောက်ဖို့(ရေဆာဘီယာသောက်)

စကိုင်းဘီယာတစ်ပုလင်း ပါဆယ်ဆွဲ၊ ဆက်လျှောက်ရတာပေါ့။ အပြန်ခရီးက ပါဝါဆီနဲ့မြင်းဖြူကိုစီးလာရတော့ ၉ မိုင်ကျော်ခရီးကို ၃ နာရီနဲ့ရောက်ခဲ့တာပေါ့။

(၆)

"မောင်ရေ၊ ဖြူတို့သားမိ လွှန်ကျော်စခန်းလိုက်နေတော့မယ်"

အိမ်သူသက်ထားကတော့ ပူဆာနေပါပြီ၊ အဲဒါမှပြဿနာ ဘယ်လိုဖြေရှင်းရပါ့။

"ဖြူရယ်၊ စခန်းမှာကဘာမှ ပြည့်စုံသေးတာမဟုတ်ဘူး၊ နောက်ပြီးကလေးကလည်း ငယ်သေးတယ်လေ"လို့ပြောကြည့်လိုက်တော့ ပြန်ပြောလိုက်ပုံက-

"နောက်တန်းကမိသားစုတွေ စခန်းကိုလိုက်ကုန်ကြပြီ။ နောက်ပြီးမိသားစုခွဲနေရတာ ဟိုဟာပူရဒီဟာပူရနဲ့ စိတ်ရှုတ်တယ်။ ကောင်းတူဆိုးဖက် အတူတူခံစားကြတာပေါ့"တဲ့။ တွေးကြည့်လိုက်တော့ ဟုတ်နေပါတယ်။ နောက်တန်းကမိသားစုကျန်းမာရေးမကောင်းရင် ရှေ့တန်းက ဝန်ထမ်းကပြန်ဖို့ခက်။ ရှေ့တန်းမှာ ဝန်ထမ်းဖြစ်နေတဲ့ဒုက္ခတွေကိုလည်း နောက်တန်းကျန်မိသားစုက မကယ်နိုင်၊ ဒီအထဲ စားအိုးက ကွဲနေတော့ မစုမိ မဆောင်းမိ၊ ရှေ့တန်းရောက်ဝန်ထမ်းကလည်း အထိန်းအကွပ်လုပ်ပေးမယ့် အနီးအနားမှာ ဇနီးမယားမရှိ၊ တွေးကြည့်ရင် အင်မတန် ရင်လေးစရာပါ။ ဒီကရှေ့လည်း မိုးတွင်းဆိုတော့ ကားကြုံကခက်ပြီ၊ ဒီတော့ ကဲဖြစ်ချင်ရာဖြစ် နောက်မှကြည့်လုပ်တာပေါ့။

"ဒီတစ်ခါ ကားကြုံရှိရင် မောင်ခေါ်ရာလိုက်ခဲ့ပေတော့ ဖြူရေ"လို့ပဲပြောလိုက်ရပါတယ်။ စခန်းကို ဇနီးနဲ့ ကလေး ရောက်လာကြတော့ နဂိုနေတဲ့တဲအိမ်ကလေးမှာ အခန်းကလေးတစ်ခု ကန့်ပြီးနေကြပါတယ်။ ဇနီးသည်ကတော့ "နေရမဲ့အိမ်က ဒါပဲလား" လို့မေးလာတော့လည်း "အေးလေကွာ၊ဒါတောင် အရင်က ရဲဘက်ဧည့်တွေ့ဆောင်၊ အခုတော့ဧည့်တွေ့ဆောင်အသစ်ထပ်ဆောက်နိုင်လို့ မောင်တို့ အပိုင်ရထားတာ" လို့ပြောပြလိုက်ပါတယ်။

ဒီတော့မှ "မောင်ရယ် ဖြူတို့နောက်တန်းမှာနေရတဲ့အခန်းကလည်း ရဲဘက်ဧည့်တွေ့ဆောင်မှာဘဲ နေခဲ့ရတာပါလေ၊ နေရာနှစ်ခုလုံးတောင်ပေါ့၊ အခုလည်း လာပြန်ပြီ ရဲဘက်ဧည့်တွေ့ဆောင်"တဲ့။

ဒီတော့ "ဟုတ်တယ် ဖြူရေ မောင်တို့လူပျိုတုန်းကစပြီး ဒီနေ့အထိနေလာတဲ့လိုင်းခန်းအားလုံးဟာ နေရာသာပြောင်းသွားမယ် ရဲဘက်ဧည့်တွေ့ဆောင်ဆိုတဲ့နာမည်ကတော့ မပြောင်းသေးပါဘူး။ အဲ့ဒါကိုခေါ်တာကွ ဘဝလို့" လို့ပြောချလိုက်တော့ဘာမှပြန်မပြောတော့ဘူး။

ပြောမယ့်သာပြောရတာပါ၊ လိုင်းကိုသေသေချာချာ ပြန်ကြည့်တော့ အမိုးကမိုးမလုံတော့ပါဘူး။ မိုးမရွာရင်တော့ ညအခါကောင်းကင်ပြာကြီးရဲ့ ကြယ်ရောင်လရောင်ကလေးတွေက အခန်းထဲကျနေလို့ မီးထွန်းစရာမလိုပါဘူး။ ထရံကိုလည်း ဝါးအစိုတွေနဲ့ အရေးပေါ် ရက်လုပ်ထားရတာလေ။ အခုခြောက်သွားတော့ ကျဲလိုက်တာ၊ ပြူတင်းပေါက်မလိုပဲ ပတ်ဝန်းကျင် ရှုခင်းတွေကိုအိပ်ရင်းကြည့်ရုံပါဘဲ။ အောက်က ကြမ်းခင်းကိုတော့ ဝါးကို အနုအရင့်ခွဲခြားမနေပဲ၊ ရရာခုတ်ပြီး ဝါးခြမ်းခွဲကာ ခင်းထားရပါတယ်။ သူ့ခမျာလည်း လူနင်းပါများတော့ဖွဲ့စည်းပုံပျက်နေပါပြီ။ ဟိုတစ်ချောင်း ဒီတစ်ချောင်းနဲ့ နင်းလိုတဲ့ခြေထောက်ကသာခြေမျက်စေ့နဲ့ရှာပြီးနင်းပေတော့။ မဟုတ်လို့ကတော့ ကြမ်းကြွံရင်နှုတ် လို့ရတယ်ဆိုပေမဲ့ ခြေသလုံးကတော့ ဟက်တက်ကွဲမှာပါ။ နေ့ရာသီအတွက်ကတော့ အဲယားကွန်းထက်သာပါတယ်။ ကြမ်းကြားလေတဲ့၊ အေးမှအေး၊ ဆောင်းတွင်းဆိုရင်တော့ သေပြီဆရာ အေးလိုက်တဲ့ဖြစ်ခြင်း။ ကိုယ်တွေ ဒီလိုနေရတာ တော်သေးတယ်မှတ်ပါ။ နောက်ပြောင်းလာတဲ့မိသားမှန်သမျှ မြေစိုက်တဲကလေးတွေနဲ့ နေရတာ။ အဆောက်အဦ အကြီးကြီးတွေ ဆောက်တဲ့နေရာကအဖျားဖြတ်ထားတဲ့ တိုင်တိုကလေးတွေကို ထောင်ရပါတယ်၊ နီးရာဝါးရုံကဝါးကိုခုတ်ပြီးတန်း လုပ်ရပါတယ်။ ကိုင်းပင်နဲ့ မြက်ပင်တွေကို ဝါးခြမ်းပြားနဲ့ညှပ်ပြီး အမိုးအကာ လုပ်ရပါတယ်။ စခန်းတာဝန်ခံနဲ့တပ်ခွဲမှူးတို့ကလည်းစီစဉ်ပေးပါတယ်။ ဒါပေမဲ့ စခန်းရုံးနဲ့တပ်ခွဲတွေမှာက ရဲဘက်ဘားရိုက်နဲ့ ရိက္ခာဂိုဒေါင်တွေကိုဦးစားပေး ဆောက်နေရတာလေ၊ မိုးမများခင်ရိက္ခာလှောင်ထားနိုင်မှဖြစ်မှာပေါ့။ မိုးများလို့ကတော့ ထွန်စက်တောင်မနည်း ရုန်းနေရတာပါ။ တစ်ဖက်ကလည်း မြေယာဖော်ထုတ်ဖို့အပြင် ဖော်ထုတ်ပြီးတဲ့မြေတွေပေါ်မှာ ချည်မျှင်ရှည်ဝါ စိုက်ပျိုးဖို့ ပြင်နေရတော့ ဝန်ထမ်းဖက်ကို သိပ်မလှည့်နိုင်သေးတာပါ။

ပြောမယ့်သာပြောရတာပါ၊ အလုပ်စခန်းစတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၇၈ ခုနှစ်မှ စခန်းပိတ်သိမ်းတဲ့ ၁၉၈၆ ခုနှစ်အထိ ၉ နှစ်ခန့်ကို ဝန်ထမ်း ၃၀၀ ကျော်ရဲ့

မိသားစုတွေဟာ ယာယီတဲနန်းကိုသာ စံမြန်းခဲ့ကြရတာများပါတယ်။ လွှန်ကျော် စခန်းကိုပြောင်းရွှေ့ရောက်ရှိလာတဲ့ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားနည်းပြနဲ့ အခြားဌာနက တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအားလုံး ဒီဒုက္ခကို ခံစားရတာပါ။ ဒီလိုပါဘဲ ၁၉၇၈ ခုနှစ်ကနေ ၁၉၈၈ အထိ မြန်မာ တစ်ပြည်လုံးမှာဖွင့်ခဲ့တဲ့ တစ်ခြား ရဲဘက်အလုပ်စခန်းတွေမှာလည်း ဒီလိုပါဘဲ။

"စာရေးကြီးရှိလာဗျို့" အခုလို မေးလာသူကတော့ (၆၄၀)စခန်းက တပ်ခွဲမှူး ထောင်မှူးတစ်ယောက်ပါ။

"ဟုတ်ရှိပါတယ်ခင်ဗျ" လို့ဖြေလိုက်တော့-

"ဗိုလ်ကြီးခေါ်နေပါတယ်ဗျ" ဒီတော့စခန်းရုံးကို အပြေးလေး သွားလိုက်ပါတယ်။

ဗိုလ်ကြီးဆိုသူက စခန်းတာဝန်ခံအဖြစ် အသစ်ရောက်ရှိလာသူပါ၊ ၁၉၇၉ ခုနှစ်ရဲ့ နှစ်ကုန်ပိုင်းလောက်မှာတော့ထောင်ပိုင်ကြီး ဦးမြသွင် သက်ပြည့်ပင်စင် ယူသွားပြီ ဖြစ်ပါတယ်။ စခန်းတာဝန်ခံ အသစ်အဖြစ် ဗိုလ်ကြီးသန်းထွန်း ရောက်လာပါတယ်။ စခန်း တာဝန်ခံ အသစ်အနေနဲ့ ရောက်လာကာစမှာတော့ သူဝတ်ထားတဲ့ ယူနီဖေါင်းက တပ်မတော်က ဗိုလ်ကြီး ဝတ်စုံနဲ့ပါ။ ဒါ့ကြောင့် သူ့ကိုအများကလည်း ဗိုလ်ကြီးလို့ပဲခေါ်ကြပါတယ်။ အခြားဌာနကသူတွေက ဗိုလ်ကြီးသန်းထွန်းလို့ ခေါ်ကြပါတယ်၊ သူ့ရဲ့တပ်မတော် ကိုယ်ပိုင်အမှတ်ကတော့ (ကြည်း ၆၂၃၆)ပါ၊ ဗိုလ်ကြီးရောက်ပြီး နှစ်လလောက်ကြာမှ အကျဉ်းဦးစီးဝတ်စုံ ကို လဲလှယ်ဝတ်ဆင်တာပါ၊ဒီတော့ထောင်ပိုင်အဆင့်(၁)ရာထူးနဲ့ပါ(လက်ရှိအခေါ် လက်ထောက်ညွှန်ကြားရေးမှူး) ဗိုလ်ကြီးကရောက်လာတော့ မိသားစုဆိုလို့သူ့ရဲ့ မိခင်ဖြစ်သူတစ်ဦးပါ ပါလာပါသေးတယ်။စခန်းတာဝန်ခံက နေစရာအိမ်မရှိ သေးပါဘူး။ ရုံးခန်းနဲ့တွဲဆောက်ထားတဲ့ အခန်းငယ်ကလေးတွေမှာ မိခင်က တစ်ခန်း သူက တစ်ခန်းနေကြပါတယ်။ သူ့မိခင်ကြီးကိုတော့ကိုကိုတို့က အဘွား လို့ခေါ်ကြပါတယ်။

ကိုကိုတစ်ယောက် ရုံးကို ရောက်တော့ဗိုလ်ကြီးနဲ့စကားတွေပြောဖြစ်ကြ ပါတယ်။ မိသားစုအကြောင်းတွေ အလုပ်စခန်းရဲ့အကြောင်းတွေကိုထွေရာလေးပါး ပြောကြပါတယ်။ ကိုကိုရဲ့ မိသားစုရောက်နေတာကို သိသွားတော့ "ဒီလိုဆိုမင်း တို့မိသားစုလည်း ရုံးကိုပြောင်းလာကြ အဘွားနဲ့အဖော်ရတာပေါ့"တဲ့၊ ဒါနဲ့ပဲ

အဘွားနေတဲ့ အခန်းရဲ့ဘေးနားက အခန်းလွတ်ကို ကိုကိုတို့ မိသားစု အမြန်ဆုံး ပြောင်းလိုက်ကြရပါတယ်။ ဒီတော့ကိုကိုက ရုံးတက်တာတို့၊ စိုက်ကွင်း စစ်ဆေးတာတို့ကိုဗိုလ်ကြီးနဲ့ အတူသွားဖြစ်ကြတာပေါ့။ ဗိုလ်ကြီးကလည်း အသက်က ၅၀ ကျော်ကျော်သာရှိတာပါ။ သူ့ရဲ့ ပုံစံက ပိန်ပါးပါးနဲ့ အရွယ်တင်ပါတယ်။ ဖြတ်ဖြတ် လတ်လတ် ရှိပါတယ်။

အလုပ်ကို စိတ်ဝင်စားပါတယ်။ ဟိတ်တွေ ဟန်တွေမရှိပါဘူး။ ဝန်ထမ်း အားလုံးရဲ့အပေါ်မှာ မိသားစုစိတ်ဓာတ်နဲ့သာ ဆက်ဆံပါတယ်။ သူ့ရဲ့ သွားတာ လာတာ လုပ်တာကိုင်တာတွေဟာ အရမ်းကို ပေါ့ပါး သွက်လက်နေတာပါ၊ သူနဲ့အတူသွားရတဲ့ အသက် ၂၀ ကျော် ကိုယ်တွေတောင် လိုက်မမီပါဘူး။ ဗဟုတကြွယ်ဝပြီး စကားပြောလည်း အလွန်ကောင်းပါတယ်။ ဗိုလ်ကြီးနဲ့အတူ မနက်မိုးမလင်းခင် ရဲဘက်တွေ တန်းစီချိန်ကစလို့ လိုက်လံ စစ်ဆေးရပါတယ်။ ရဲဘက်တွေစိုက်ကွင်းထဲ အလုပ်ဆင်းတဲ့နေရာကို လိုက်လံ စစ်ဆေးတဲ့အခါမှာ လည်း အတူလိုက်ရပါတယ်။ မနက် ၈ နာရီကျော်လောက်မှာ စခန်းတာဝန်ခံရုံးကို ပြန်လာပြီး နံနက်စာ စားကြပါတယ်။ ကိုကိုရဲ့ဇနီးက စားရေးသောက်ရေး အတွက် ဝေယျာဝစ္စကိစ္စတွေကို ဆောင်ရွက်ပေးရတာပေါ့။ အဘွားကတော့ ကိုကိုတို့ရဲ့ ကလေးကို ထိန်းပေးပါတယ်။နံနက်စာ စားပြီး ရုံးလုပ်ငန်းတွေလုပ်ကြ ပါတယ်။ ရုံးကိုတော့ ဘဲလင်းက စာရေး တစ်ချို့နဲ့ရုံးအကူ ဝန်ထမ်းတစ်ချို့ ပြောင်းလာကြပါပြီ။

ဒီတော့ရုံးအဖွဲ့က ၁၀ ယောက်ကျော်ဆိုတော့ ပျော်စရာကြီးဖြစ်လာပါပြီ။ ရုံးအလုပ်တွေကို နှစ်ပိုင်းခွဲထားပါတယ်၊ ဦးစီးလုပ်ငန်းပိုင်းကတော့အကျဉ်းထောင် တစ်ခုရဲ့ နဂို မူလရုံး လုပ်ငန်းအားလုံးကို လုပ်ကြရပါတယ်။ နောက်တစ်ခု ကတော့ စီမံကိန်းအပိုင်းပါ။ ၁၉၇၈ခုနှစ် ကမှစတင်ဖွဲ့စည်းခဲ့တဲ့ "အကျဉ်းသား များ လုပ်အားဖြင့်ကုန်ထုတ်လုပ်ရေးအဖွဲ့"ရဲ့ မူဝါဒစနစ်အတိုင်းပဲ ဆောင်ရွက် ရတာပေါ့။ စီမံချက်ရေးဆွဲခြင်းတွေ၊ ငွေစာရင်းရေးဆွဲခြင်းတွေကို လုပ်ငန်းသစ် စတင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လွန်ကျော်နဲ့အတူတူစတင်ဖွင့်လှစ်ကြတဲ့ အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်စခန်းတွေလည်းအတူတူပါပဲ။ တစ်ချို့ သောထောင်တွေမှာလည်း ကြက်၊ဝက်၊ငုံးစတဲ့စီမံကိန်းမွေးမြူရေးလုပ်ငန်းတွေကို တစ်ပြိုင်နက်တည်းအကောင်အထည်ဖော်ကြတာပါ၊ အကျဉ်းသားများလုပ်အား

ဖြင့်ကုန်ထုတ်လုပ်ရေးအဖွဲ့နဲ့အတူတူ စီမံကိန်းလုပ်ငန်း ညွှန်ကြားရေးမှူးနဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းညွှန်ကြားရေးမှူး တို့ကိုလည်းခန့်ထားပြီး တာဝန်ပေးလာပါတယ်။

ဘဲလင်းစခန်းမှ ညွှန်ကြားရေးမှူးကလည်း ပထမဆုံးသော စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းညွှန်ကြားရေးမှူးဖြစ်လာပါတယ်။ ထူးခြားတာကတော့ လွှန်ကျော်စခန်းရဲ့ စခန်းတာဝန်ခံဗိုလ်ကြီးနဲ့ ပထမဆုံးစိုက်မွေးညွှန်မှူးတို့က တပ်မတော်မှာ ဗိုလ်သင်တန်း အမှတ်စဉ်တူတွေဖြစ်နေကြပါတယ်။ စီမံကိန်း လုပ်ငန်းရုံးမှာလည်း ညွှန်ကြားရေးမှူးအပြင် ညွှန်မှူးနဲ့ လစာတူ အထူးအရာရှိ တစ်ဦးလည်းခန့် ထားလာပါတယ်၊ ငွေစာရင်းလုပ်ငန်းအတွက်လည်း ပုံသေ လစာ(၁၅၀၀ိ/)စားတစ်ဦးနဲ့ ကျွမ်းကျင်သူများကို ဖွဲ့စည်းပုံအတိုင်း ခန့်ထားပါ တယ်။ ၁၉၇၈-၇၉ ဘဏ္ဍာရေးနှစ်ကစလို့ ၄နှစ်စီမံချက်နဲ့ နှစ်စဉ် လုပ်ငန်းစီမံချက် တွေကို ရေးဆွဲကြရပါတယ်။ ရန်ပုံငွေကိုလည်း အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေး အဖွဲ့ရန်ပုံငွေအဖြစ် သီးခြားရေးဆွဲကြရပါတယ်။ စီမံကိန်း လုပ်ငန်းတွေ ရေးဆွဲရတာ ရုံးအဖွဲ့အားလုံးနေ့ ညမနားကြရပါဘူး။ ညတိုင်းနီးပါး မိုးလင်းကြပါတယ်၊ ယာယီရုံးကလေးမှာ စာရေးကရိယာက မရှိတဝက် ရှိတစ်ဝက်နဲ့ပါ။ လက်နှိပ်စက်ကအဟောင်း၊ မကောင်းချက်က ဂတ်စတင်နာခေါ် စာကူးစက်၊ ဂဏန်းတွက်စက်ကခေတ်မမီ၊ လက်နဲ့ချည်းတွက်၊ မီးစက်တောင် မရှိလို့အောက်လင်းမီးလို့ခေါ်တဲ့ ရေနံဆီ မီးအိမ်ကို လေထိုး၊ အမျိုးမျိုးသော အခက်အခဲတွေကို ဗွေမယူ၊ ကွန်ပြူတာခေတ်ကိုတော့ အားကျသား။(ထိုစဉ်က အလုပ်စခန်းအားလုံးမှာတာဝန်ထမ်းဆောင်ခဲ့ကြသောလုပ်ဖေါ် ကိုင်ဖက်အရာရှိ အရာခံ အကြပ်တပ်သား၊ စာရေးနဲ့အရပ်သားဝန်ထမ်းအားလုံးကို သတိရ လေးစားလျက်)။

(၇)

"မဖြူရေ၊ မဖြူ ထပါဦး" ဇနီးဖြစ်သူကိုခေါ်သံနဲ့အတူ-

"ဘုန်းဘုန်းဘုန်း" လို့ တဲနံရံ ဝါးထရံကိုလက်နဲ့ပုတ်တဲ့အသံကတစ်ပြိုင် တည်း ပေါ်လာပါတယ်။ အသံကတော့ တပ်ခွဲမှူးရဲ့ အသံဆိုတာ အလွတ်ရ နေပါတယ်။ မျက်စိဖွင့်ကြည့်တော့လည်း မှောင်မဲလို့ ဒါဆို အချိန်ကမိုးမလင်း သေးဘူးပေါ့။ ဒါနဲ့ပဲယောင်ရမ်းပြီး အိပ်ရာကအပြေးထပြီး-

''ဟာ အန်ကယ်ဘာဖြစ်လို့လဲ''လို့ မေးလိုက်တော့-

''စာရေးကြီးရေ ကျုပ်မိန်းမ မွေးနေလို့ဗျ အဲ့ဒါလိုက်ခဲ့ပါဦး'' သူက ပြောတော့ နှစ်ယောက်သား တပ်ခွဲမှူးနေတဲ့တဲအိမ်ဆီ အပြေးသွားကြတယ်။ ဖ၄၀ တပ်ခွဲမှူးရဲ့အသက်ကတော့ ၅၅ နှစ်လောက်ရှိမယ်ထင်ရပါတယ်။ တပ်ကြပ်ကြီးကနေထောင်မှူးဖြစ်လာသူပါ။ အဲဒီကာလတုန်းက လက်ထောက်ထောင်မှူး (ဘောကြယ်)ရာထူးတွေမရှိပါဘူး။ တပ်ကြပ်ကြီးကနေရာထူးတိုးရင် ထောင်မှူးပါပဲ၊တပ်ခွဲမှူးက ခပ်ဝဝ၊ထောင်ထောင်မောင်းမောင်းနဲ့အလုပ်ကို အလွန်ကြိုးစားသူဖြစ်ပါတယ်။ စိုက်ကွင်းထဲသွားတဲ့အခါမှာ သူ့ရဲ့ခါးမှာက တံစဉ်(မြက်ရိတ်ကရိယာ)ကို ထိုးထားပါတယ်။ သူ့ရဲ့ ပခုံးပေါ်မှာကတော့ တူးရွင်းတစ်ဖက်၊ ခက်ရင်းခွ (အချွန်နှစ်ခွရှိတဲ့မှိန်း) တစ်ဖက်တစ်ချက်ကို အရိုးရှည်ဝါးနဲ့ တပ်ထားတဲ့ ကရိယာကို ထမ်းပြီးသွားလေ့ရှိပါတယ်။ တူးရွင်းနဲ့ စိုက်ကွင်းရဲ့ လိုအပ်တဲ့နေရာမှာ ရေသွင်းမြောင်းဖော်ပါတယ်၊ မှိန်းကတော့ရေမြောင်းတွေကိုဖျက်တဲ့ကြွက်တွေကို ထိုးတာပေါ့၊ တံစဉ်ကတော့အပြန်မှာ သူ့ရဲ့ ကိုယ်ပိုင်နွားနဲ့ နိုင်ငံပိုင်နွားတွေအတွက်နွားစာမြက်ရိတ်ပါတယ်။ ဒီပုံရိပ်ကိုမြင်နေကျ အရင်ထောင်ပိုင်ကြီးကတော့ သူ့ကိုနာမည်ပြောင်တစ်ခုပေးထားပါတယ်။ ''တံစဉ် ကွာတားမိန်း''တဲ့။

သူရဲ့လက်ရှိ ဇနီးက နောက်အိမ်ထောင်ဖြစ်ပါတယ်၊ ဒီဇနီးနဲ့နှစ်နှစ်ခန့် ပေါင်းပြီး သားတစ်ဦးမွေးထားပြီးပါပြီ။ အခုမွေးတာ ဒုတိယကလေးပေါ့။ တပ်ခွဲမှူးရဲ့တဲကိုရောက်လို့တဲထဲကို ဝင်လိုက်တော့ မြင်ရတာက တပ်ခွဲမှူးဇနီးက ပက်လက်အနေအထားပါ။ မွေးကင်းစကလေးကတော့ အချင်းတန်းလန်းနဲ့ အပြင်ရောက်နေပါတယ်၊ ကိုကိုတို့ရဲ့ နောက်ကို လိုက်လာတဲ့ စခန်းတာဝန်ခံရဲ့မိခင် (အဘွား)ကလည်းမွေးလူနာရဲ့ဘေးကနေပြုစုနေလေရဲ့၊ကိုကိုက ဘာလုပ်ပေးရမလဲလို့ စဉ်းစားတော့မှ ဆေးမှူးကိုသတိရလာတယ်။ ဒါနဲ့ပဲ ဆေးမှူးကို ပြေးခေါ်လိုက်ပါတယ်။

ဆေးမှူးကလည်း ချက်ချင်းလိုက်လာပြီး သားဖွားဆရာ လုပ်ပေးပါတယ်၊ ကိုကိုရဲ့ဇနီးကလည်း လိုက်လာပြီး ဝိုင်းဝန်းပြုစုပေးကြပါတယ်။ အားလုံးစုံတော့ မိခင်ရောကလေးပါကျန်းမာပါတယ်ပေါ့။ ဒီတုန်းကလဲ(ဖ၄၀)တပ်ခွဲနဲ့စခန်းရုံးနှစ်ခုပေါင်းမှာ အမျိုးသမီးဆိုလို့အဘွားရယ်။ တပ်ခွဲမှူးကတော်နဲ့ကိုကိုရဲ့ဇနီး သုံးဦးပဲရှိတာကိုး။ တစ်ခြားသော တပ်ခွဲတွေမှာလည်း အမျိုးသမီး တစ်ဦးစ နှစ်ဦးစ

တော့ရှိနေပါတယ်။ ဒါပေမဲ့ တပ်ခွဲတွေက တစ်ခုနဲ့ တစ်ခုအနည်းဆုံး တစ်မိုင်လောက်ဝေးကြတယ်။

အလုပ်စခန်းမှာ ကတပ်ခွဲ(၆)ခုနဲ့ ဆောင်ရွက်နေကြရတာပါ။ တပ်ခွဲတွေကို စခန်းတာဝန်ခံလိုက်စစ်ရတာကတော့ (၉၆၉၃)ပေါ့၊ စခန်းအတွက် နိုင်းနွားတွေရောက်လာမှ နွားလှည်းတွေကို စပြီးသုံးရတာပါ။ ပတ်ဝန်းကျင်ရွာက လှည်းငှားရတာလည်းရှိတာပေါ့။ တပ်ခွဲမှူးတွေကတစ်ပတ်တစ်ခါ စခန်းရုံးကို အစည်းအဝေးလာတက်ရပါတယ်။ အဲ့ဒီအခါ နွားလှည်းနဲ့လာကြရပါတယ်။ အပြန်ခရီးမှာတော့ လိုအပ်တဲ့ ရိက္ခာအမယ်တွေကို ထုတ်လို့ သယ်ယူကြတာပေါ့။ စခန်းတာဝန်ခံကတော့ လှည်းယာဉ်ကလေးတစ်စီးကို သူ့ရဲ့ ကိုယ်ပိုင်ငွေနဲ့ အိတ်စိုက်ဝယ်လိုက်ပါတယ်။ ဒါနဲ့ပဲ ၇ မိုင်လောက် ဝေးတဲ့တပ်ခွဲတွေကို လိုက်လံစစ်ရပါတယ်။ ပြည်ထဲရေးဝန်ကြီးလာစစ်တော့လည်း တပ်ခွဲအားလုံးကို ခြေလျင်ပါပဲ။ ဝန်ကြီးကတပ်ခွဲအားလုံးကို စစ်ဆေးပြီးတော့ စခန်းတာဝန်ခံကို တပ်ခွဲတွေကိုဘယ်လိုလိုက်လံစစ်ဆေးသလဲလို့မေးတော့ အခြေအနေအမှန်ကို သိသွားပါတယ်။ ဒီတော့တစ်နေ့ကို ၅၀ိ/နှုန်းနဲ့ဂျစ်ကားတစ်စီး ငှားရမ်းသုံးစွဲခွင့်ပြုခဲ့ပါတယ်၊ ဒီတော့မှ လုပ်ငန်းလုပ်ရတာ အဆင်ပြေလာပါတယ်။ ဒါပေမဲ့ မိုးတွင်းမှာတော့ စခန်းဧရိယာအတွင်းက မြေသားလမ်းဆိုတော့ ကားမောင်းလို့မရပါဘူး၊ နွားလှည်းပဲအားကိုးရတာပါ။ အလုပ်စခန်းအနေနဲ့၁၉၇၈-၇၉ ခုဘဏ္ဍာရေးနှစ်ကစလို့ စီမံကိန်းသီးနှံဖြစ်တဲ့ချည်မျှင်ရှည်ဝါကို စတင်စိုက်ပျိုးနေရပါပြီ၊ မြေယာဖော်ထုတ်မှုကိုလည်း နေ့စဉ် ဆောင်ရွက်နေရသလို ဖေါ်ထုတ်ပြီးတာနဲ့မြေယာပြုပြင်လို့ဝါသီးနှံကို ချက်ချင်းစိုက်ကြရပါတယ်။ မြေယာပြုပြင်တဲ့လုပ်ငန်းကတော့ လယ်ထွန်စက်နဲ့ ထယ်ထိုးရပါတယ်။ ပထမအကြိမ်ထယ်ထိုးပြီးရင် ပေါင်းပင်၊ မြက်ပင်တွေပြန်ပေါက်အောင် တစ်ပတ်လောက်စောင့်ရတယ်၊ ပေါင်းမြက်တွေပြန်ပေါက်လာတာနဲ့ဒုတိယအကြိမ်ထယ်ပြန်ထိုးရပါတယ်၊ နောက်တော့ မြေညက်သွားအောင်ထွန်နှစ်ကြိမ်လောက်မွှေပေါ့၊ မြေညက်သွားတော့မှ စိုက်တန်းရဖို့ကြောင်းဆွဲရပါတယ်။ စိုက်တန်းကိုနွားရှိပါက နွားနဲ့ဆွဲသလို၊ နွားမအားလည်း လူနဲ့ဆွဲပေါ့။ ပထမကြောင်းကို ၄ ပေကြားဆွဲပြီး၊ ဒုတိယကြောင်းကို ၃ ပေခြားလို့ပထမကြောင်းပေါ်မှာ ကန့်လန့်ဖြတ်ပြီးဆွဲရပါတယ်။ ဒီတော့ တန်းကြား ၄ ပေ၊ ပင်ကြား ၃ ပေဆုံမှတ်တွေရလာပါတယ်၊ ဆုံမှတ်နေရာမှာ ၄ လက်မ

နက်အောင်လက်နဲ့ ကျင်းတူးပြီး ဝါစေ့ ၅ စေ့လောက် ထည့်လိုက်ရင် ဝါစိုက်ပြီး ပါပြီ။ မိုးရွာရင် ဒါမှမဟုတ် ရေသွင်းလိုက်လို့ကတော့ ၃ ရက်ကြာရင် အပင် ပေါက်လာပါပြီ။

(၈)

"မောင်ရေထတော့နှိုးခရာမှုတ်နေပြီ" ဇနီးဖြစ်သူက နှိုးလိုက်တော့၊ ဟုတ်ပါ တယ်၊ နိုးခရာသံကို ကြားနေရပါပြီ။ မနက်တိုင်း ၅ နာရီခွဲဆိုရင် နှိုးခရာ မှုတ်နေကြပါ။ ခရာမှုတ်သူက ရဲဘက်ကြီးပါ။ နာမည်က "မိုးမှောင်"တဲ့။ သူကတပ်မတော်ကနေ စစ်စည်းကမ်းဖောက် ဖျက်မှုနဲ့ထောင်ကျလာသူပေါ့၊ တိုင်းရင်းသားဖြစ်လို့ စကားဝဲပေမဲ့ စစ်ခရာမှုတ်တာတော့ ကျွမ်းကျင်ပါတယ်။

သာသာယာယာနဲ့ အဖြတ်အတောက်ကောင်းတော့ နေ့စဉ်ကြားနေရပေမဲ့ မရိုးပါဘူး၊ နားထောင်လို့ကောင်းပါတယ်။ သူမှုတ်တဲ့ခရာဟာ ဘဲလင်းတုန်းက ရဲဘက်သင်တန်းဖွင့်ပွဲ သင်တန်းဆင်းပွဲတွေမှာမှုတ်တဲ့ စစ်ခရာသံမျိုးပါ၊ နှိုးခရာ သံကြောင့် ဘားရိုက်မှာတစ်ညတာ အိပ်စက်အနားယူကြတဲ့ ရဲဘက်အားလုံး ထကြရတာပေါ့။ မိလ္လာတက်၊ မျက်နှာသစ်ကြနဲ့အသံတွေကြားနေရပါတယ်၊ ကြားရမှာပေါ့ကိုကိုတို့နေတဲ့နေရာနဲ့ ရဲဘက်ဘားရိုက်တို့ ရဲဘက်တန်းစီကွင်းတို့ ရဲဘက် ထမင်းချက် ဖိုကြီးနဲ့ရိက္ခာ အထွေထွေ ပစ္စည်းဂိုဒေါင်တို့က နီးနေလို့ပါ။ ရဲဘက်တွေက တစ်ကိုယ်ရည် သန့်ရှင်းရေးကိစ္စပြီးတာနဲ့ ပုံစံပန်းကန်ဆွဲပြီးဖိုကြီး ထဲကိုထွက် လာကြပါတယ်။

နံနက်စာကတော့ပုံမှန်ဆန်ပြုတ်ပါ။ တစ်ပတ်ကို နှစ်ခါလောက်တော့ ထမင်းကြော်ကျွေးပါတယ်။ ရဲဘက်တွေ နံနက်စာစားတဲ့ နေရာမှာအကြော်သည် အစ်မကြီးတစ်ယောက် ရှိပါတယ်။ သူက ထွန်းစက်မောင်း ရဲဘက်ကြီးရဲ့ဇနီးပေါ့၊ ထောင်ဝင်စာလာတွေ့ရင်း မပြန်တော့ဘဲ လွန်ကျော်ရွာ ထဲက အကြော်သည် အဒေါ်ကြီး အိမ်မှာနေလို့ အကြော်ကူရောင်းတာပေါ့၊ နံနက်စာစားပြီးတာနဲ့ဘား ရိုက်ကိုပြန်ကြပြီး ယူနီဖောင်းလဲကြရပါတယ်၊ ဘောင်းဘီရှည်အပြာရောင်၊ အင်္ကျီလက်ရှည်အပြာရောင်တွေကိုဝတ်၊ သံပုရာခွံဦးထုတ်ကို ဆောင်း၊ ပတ္တူ(ရှူး) ဘိနပ်ကိုစီး၊ ရေဘူးကိုယ်စီခါးမှာချိတ်ပေါ့။

တစ်ချို့ကတော့ ပုခုံးမှာပလိုင်းတစ်လုံး လွယ်လိုက်သေးတယ်၊ ပလိုင်းထဲမှာ တော့ ရေနွေးတည်တဲ့ ချိုင့်နဲ့စားစရာ စသည်ဖြင့် တိုလီမိုလီအကုန်ထဲ့လို့

တန်းစီကွင်းကို ထွက်လာကြပါတယ်။ တန်းစီကွင်းမှာရဲဘက် တပ်ခွဲမှူးက ၆ နာရီခွဲဆိုရင် တန်းစီဖို့ခရာ မှုတ်ပါတယ်၊ သူမှုတ်တဲ့ခရာကရိုးရိုး(Whistle)ပါ၊ ဒီတော့ ရဲဘက်တွေက တပ်စုအလိုက်၊ တပ်စိတ်အလိုက်တန်းစီကြရပါတယ်။

တန်းစီတာကလည်း အေးစေ၊ရှေ့ကြည့်တပ်စု သတိစသည်ဖြင့် လက်နက်မဲ့ စစ်ရေးပြပုံစံ အပြည့်ပါ၊ ရဲဘက်တပ်စိတ်မှူးတပ်စုမှူးတွေက ကိုယ့်တပ်စု တပ်စိတ်ကို လူစစ်ဆေးတယ်။ နောက်ပြီး ရဲဘက်တပ်ခွဲမှူး ထံသတင်းပို့ကြတာပေါ့။ ရဲဘက်တပ်ခွဲမှူးကရှိရင်း၊ တန်းစီ၊ တာဝန်နဲ့ပျက်ကွက်စာရင်းကိုတွက်ချက်ပါတယ်၊ တာဝန်ဆိုတာကဖိုကြီး၊ မီးလွှာ စသည်ဖြင့်ပါ။ ပျက်ကွက်တဲ့ စာရင်းကိုလည်း ဆေးနားကျန်၊ လိုင်းစစ် စသည်ဖြင့်အသေးစိတ် စာရင်းတွက်ရတယ်။ တပ်ခွဲမှူး ထောင်မှူးကတော့ဘုတ် လိုက်မဲ့ ဝန်ထမ်းတွေကိုတန်းစီ လူစစ်ပါတယ်၊ ဒီနောက်တော့ ရဲဘက်တပ်ခွဲမှူးထံကနေ ရဲဘက်အင်အား စာရင်းနဲ့ တန်းအပ်တာကို လက်ခံပါတယ်။ တန်းအပ်တာ လက်ခံပြီး၊ ဝန်ထမ်းနဲ့ ရဲဘက်အားလုံးကို တပ်ခွဲမှူးထောင်မှူးက ဦးဆောင်လို့ နိုင်ငံတော်အလံကို အလေးပြုကြပါတယ်။

ဒီအချိန်မှာလည်း အလံတင်ခရာကို မိုးမှောင်က စနစ်တကျ မှုတ်ပါတယ်။ နောက်တော့ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနဲ့ ရဲဘော်အပေါင်းကို အလေးပြုပြီး သစ္စာဆိုကြပါတယ်။ ဝန်ထမ်းနဲ့ရဲဘက်အားလုံးကိုတပ်ခွဲမှူး ထောင်မှူး ကတစ်နေ့တာ လုပ်ဆောင်ရမဲ့လုပ်ငန်းတွေကိုမှာကြားပြီး တန်းဖြုတ်ပေးလိုက်ပါတယ်။ တန်းဖြုတ်ပြီးတာနဲ့ဆေးနားရဲဘက်တွေကို ဆေးမှူးကစစ်ဆေး ပါတယ်။

ဆေးမှူးကလည်းတန်းစီကွင်းဘေးနားက ဆေးခန်းမှာပဲနေတော့ နီးပါတယ်။ ဆေးမှူးကစစ်ဆေးတဲ့အခါမှာ ရောဂါမရှိဘဲ အလုပ်မလုပ်ချင်လို့ ဆေးနားလိုက်သူ (ရဲဘက်စခန်းအခေါ်လက်ကောက်)ကိုတော့ ဆေးအဆင့်(A)သတ်မှတ်လို့ ရှေ့တန်းလိုက်စေပေါ့၊ သာမန်ရောဂါသည်နဲ့ နလံထတွေကိုတော့ စားဆေးပေး၊ ဆေးအဆင့်(B)သတ်မှတ်လို့ နောက်တန်းသန့်ရှင်းရေးပေါ့။ သူတို့ရှေ့တန်းကိုလိုက်ရင် တော့ရေနွေးတည်ပေါ့။

အမှန်တစ်ကယ် မကျန်းမာတဲ့ ရဲဘက်ကိုတော့ ဆေးဝါးကုသပေးပြီး ဆေးအဆင့်(C)သတ်မှတ်လို့ ဆေးနားပေးပါတယ်။ ဒီနောက်တော့ဘုတ်လိုက် ဝန်ထမ်းက ဦးဆောင်လို့ ရဲဘက်တပ်စုမှူး တပ်စိတ်မှူး တွေကလုပ်ငန်းသုံး ကရိယာတွေကို ဂိုဒေါင်ကနေထုတ်ကြရပါတယ်။ ပေါက်တူး၊ ပေါက်ပြား၊ပေါက်

ချွန်း၊ ဂေါ်ပြားနဲ့ဒါးတွေပေါ့၊ တစ်ချို့ကတော့ ခိုင်းနွားတွေကို ဆွဲလို့တံပိုး၊ ထွန်တုံး၊ ထွန်တံတွေပါသယ်ကြရပါတယ်။

အားလုံးစုံရင် လုပ်ငန်းခွင်ကို မနက် ၇ နာရီမှာ စတင်လို့ ထွက်ကြရပါတယ်။ လုပ်ငန်းခွင်သွားတဲ့အခါလည်း တန်းစီလို့သွားကြရပါတယ်။ ပခုံးမှာ လုပ်ငန်းသုံးပစ္စည်းတွေကိုယ်စီ ထမ်းပြီး တေးသီချင်းတကျော်ကျော်နဲ့ ပျော်ပျော်ရွှင်ရွှင်သွားကြပါတယ်။ သူတို့သွားနေတဲ့ မနက်ခင်းကို ရှမ်းရိုးမတောင်တန်းကြီး နောက်ခံထားပြီး ကြည့်လိုက်ရင် ရောမဇာတ်ကားထဲက လူအုပ်ကြီးသွားနေသလိုပါပဲ၊ အားတက်ဖွယ်ရာပါ။

(၉)

ကိုကိုတို့စာရေးနှစ်ယောက်နဲ့အတူ စတင်လက်တွဲရတဲ့ ဝန်ထမ်းကတော့ စိုက်ပျိုးရေးနည်းပြ အဆင့်(၁) ရာထူးနဲ့ (ထောင်မှူးနဲ့လစာတူ) ကိုစိုးဝင်းဦး၊ ဘွဲ့ရ တပ်သားဖြစ်တဲ့ ကိုမင်းသူရွှေအုန်းနဲ့ကိုကြည်လှိုင်တို့ရောက်လာပါတယ်၊ သူတို့ ၃ ယောက်လုံးက နောက်ပိုင်းမှာ ထောင်မှူးဖြစ်သွားကြပါတယ်။

တဖြည်းဖြည်းနဲ့ ဘဲလင်းစခန်းက နောက်ချန်အဖွဲ့တွေလည်း အင်အားထက်ဝက်ကျော်လောက် ရောက်ရှိလာပါပြီ။ စခန်းတာဝန်ခံရုံးနဲ့အတူ စခန်းရုံးကိုလည်း ဆောက်လုပ်ပြီးစီးနေပါပြီ။ ဒီတော့ ဘဲလင်းက ရုံးလုပ်ငန်းတစ်ချို့က လွန်ကျော်စခန်းသို့ပြောင်းရွှေ့လို့ စတင် ဆောင်ရွက်နေပါပြီ၊ ရုံးမှာတော့ ထောင်မှူးကြီး ဦးတင်ဆန်း၊ ထောင်မှူးဦးမြင့်အေးနဲ့ဦးမြင့်လှိုင်၊ စာရေးအဆင့်(၂)ဦးသက်ရှည် စာရေးအဆင့်(၁)တွေဖြစ်ကြတဲ့ ကိုမြင့်ဆွေ၊ ကိုခင်မောင်ရည်၊ ကိုဗိုလ်စောအောင် ကိုလှငြိမ်း၊ ကိုမောင်မောင်၊ ကိုမြင့်ဦး၊ ကိုဝင်းသိန်း၊ ကိုနှင်းဝေနဲ့ ကိုအောင်ကျော်ဦးတို့ ရောက်ရှိလာပါပြီး နောက်ပြီးရုံးအကူဝန်ထမ်း တစ်ချို့လည်း ရောက်လာပါပြီ။

စာရေးတစ်ယောက်အနေနဲ့ မိမိဌာနရဲ့ဝန်ထမ်းများနဲ့ အပြင်အခြားသော ဌာနဆိုင်ရာများနဲ့လည်း အတူတွဲဘက်လို့တာဝန် ထမ်းဆောင်ရပြန်ပါတယ်၊ နောက်ပြီး ရက်ရှည်လာရောက်ပြီး ခေတ္တတွဲဖက်ကြတဲ့ဌာနဆိုင်ရာတွေ လည်းရှိပါတယ်၊ အဲ့ဒီအထဲမှာ လုပ်ငန်းလို အပ်ချက်အရ လာရောက်စစ်ဆေး တိုင်းတာတဲ့အဖွဲ့တစ်ခုလည်းရှိခဲ့ပါတယ်၊ သူတို့တွေကတော့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်က ဖြစ်ပါတယ်၊လာရောက်ရတဲ့ အကြောင်းကတော့ လွန်ကျော်ရဲဘက်စခန်းကို စိုက်ပျိုးရေးသုတေသနခြံ တစ်ခုအဖြစ် တည်ဆောက်ဖို့ ဖြစ်မြောက်

နိုင်စွမ်းရှိမရှိ အကြိုလာရောက်လေ့လာကြတာ ဖြစ်ပါတယ်။ ဒီလိုပါပဲ ကူးစက်ရောဂါတိုက်ဖျက်ရေး(ငှက်ဖျား)ဌာနက အဖွဲ့တစ်ဖွဲ့ကလည်းရက်ရှည် လာရောက်လို့ ငှက်ဖျားရောဂါအတွက် သုတေသန လုပ်ကြပါတယ်။

လွန်ကျော်က စိုက်ကွင်းတွေကိုအလိုအလျောက်ရေဖြန်းတဲ့စနစ် ဆောင်ရွက်ဖို့ မြေအောက်ရေရှိရေးအဖွဲ့တစ်ဖွဲ့ကလည်း လာရောက်တွဲဖက် လုပ်ဆောင်ခဲ့ဖူးပါတယ်။ နောက်တစ်ခုကတော့ လွန်ကျော်စခန်းရဲ့ ဖေါ်ထုတ်ပြီးမြေယာများကိုဧက (အတိုင်းအတာ) အမှန်ရဖို့အတွက် ပြင်ဦးလွင် မြေတိုင်းအဖွဲ့နဲ့ရန်ကုန်မြေတိုင်းအဖွဲ့နှစ်ဖွဲ့တို့လာရောက်တိုင်းတာစစ်ဆေး ပေးကြပါတယ်။ နောက်ပြီး လွန်ကျော်စခန်းမှာ အမြဲတမ်း တွဲဖက် တာဝန်ထမ်းဆောင်နေကြတဲ့ အခြားသောဌာနဆိုင်ရာဝန်ထမ်းတွေလည်းရှိပါတယ်။ သူတို့ကတော့-

၁။ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ဒုတိယမြို့နယ်မန်နေဂျာတစ်ဦး၊ အုပ်စုမန်နေဂျာတစ်ဦးနဲ့ ကျေးရွာမန်နေဂျာသုံးဦး ပေါင်း ၅ ဦးပါ။

၂။ စက်မှုလယ်ယာဦးစီးဌာနကလည်း လယ်ထွန်စက်ငါးစီးနဲ့ လယ်ထွန်စက်မောင်း ခေါင်းဆောင်တစ်ဦးအပါအဝင် လယ်ထွန်စက်မောင်း လေးဦးနဲ့ ပေါင်း ၅ ဦး။

၃။ မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားတစ်စီး(ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအပြည့်)နဲ့ မီးသတ်တပ်စုမှူးအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် အင်အားတပ်စုတစ်စုတို့ဖြစ်ကြပါတယ်။

နောက်ပြီး မိုးလေဝသဌာနမှ ဝန်ထမ်းတစ်ဦးကလည်း မိုးရေချိန်နဲ့ လေတိုက်နှုန်းတိုင်းတာဖို့ ကရိယာတွေ တပ်ဆင်ပေးပြီး တိုင်းတာရေးစနစ်တွေကိုပါ သင်ကြားပေးပါတယ်။ ဒီတော့ မိမိစခန်းမှာဖြစ်ပေါ်နေတဲ့ မိုးရေချိန်နဲ့ လေတိုက်နှုန်းကို ကိုကိုအပါအဝင် ဝန်ထမ်းတစ်ချို့ဟာ တိုင်းတာတတ်သွားကြတယ်။

ဒါ့အပြင် အခြားသောဌာနဆိုင်ရာများ လာရောက်တွဲဖက်ထားတဲ့ဝန်ထမ်းတွေနဲ့ထိတွေ့ပြီး သင်ကြားခွင့်တွေရခဲ့ပါတယ်။ ပိုမိုထူးခြားတာကတော့ ချည်မျှင်ရှည်ဝါသီးနှံအတွက် ပိုးသတ်ဆေး၊ ပိုးမွှားနဲ့ရောဂါဆိုင်ရာပညာရှင် ထိုင်းနိုင်ငံသားတစ်ဦး ကိုယ်တိုင်မကြာခဏ လာရောက် သင်တန်းပို့ချပါတယ်၊ ဒီသင်တန်းကိုလည်းကိုကိုကတက် ခွင့်ရပါတယ်။ နောက်ပြီး လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းက ပိုးသုတေသနပညာရှင် တစ်ဦးကလည်း ဝါသီးနှံမှာ

ကျရောက်ဖျက်ဆီးတတ်တဲ့ ပိုးမွှားများကို သုတေသန လာရောက်ဆောင်ရွက်လို့ ကိုကိုက ပါဝင်ကူညီဆောင်ရွက်ရင်း လေ့လာသင်ကြားခွင့်ရခဲ့ပါတယ်။

ဒါ့အပြင်လွန်ကျော် စခန်းရုံးမှာ ကိုကိုကတော့ စီမံကိန်းဌာနမှာတာဝန်ကျပါတယ်၊ဒီဌာနမှာ လုပ်ငန်းစီမံချက် ရေးဆွဲခြင်း မြေယာဖေါ်ထုတ်ခြင်းနဲ့စိုက်ကွင်း စိုက်ကွက်ဖေါ်ထုတ်စိုက်ပျိုးခြင်းတို့ရဲ့ တိုးတက်မှုအခြေအနေကို အစီရင်ခံစာ ရေးသားရတာဖြစ်ပါတယ်။ နောက်ပြီး လုပ်ငန်းအတွက်အပတ်စဉ် စခန်းတာဝန်ခံ အစည်းအဝေး၊ လစဉ်ကြီးကြပ်ရေး အစည်းအဝေးမှာ အစည်းအဝေး မှတ်တမ်း တင်ရတဲ့တာဝန်တွေကို ထမ်းဆောင်ရပါတယ်။ မြေယာဖေါ်ထုတ်စိုက်ပျိုးတဲ့ လုပ်ငန်းကို စာနဲ့ရေးသားဖို့ဆိုတာ သူ့ရဲ့လုပ်ငန်းသဘာဝကို သိဖို့လိုပါတယ်။ ဥပမာ တောခုတ်ခြင်း၊ ငုတ်တူးခြင်း၊ ကျွန်းခွေခြင်း၊ မီးရှို့ခြင်း၊ အပြောင်းရှင်းခြင်း၊ ထယ်ထိုးခြင်း၊ထွန်မွှေခြင်းစတဲ့ လုပ်ငန်းတွေရဲ့ အခေါ်အဝေါ်တွေနဲ့ လုပ်ငန်း အတိုင်းအတာဖြစ်တဲ့ တစ်ဧက၊ ထွန်တစ်စပ်၊ ထယ်တစ်စပ်၊စတာတွေကိုလည်း သိရှိနားလည်ထားဖို့လိုပြန်ပါသေးတယ်။

ဒီတော့ လုပ်ငန်းခွင်အရောက်ကွင်းဆင်းရပါတယ်။ လွန်ကျော်စခန်းရဲ့ ဧရိယာ အကျယ်အဝန်းအနေနဲ့ ကွင်းတစ်ခုလုံးဟာ ၄၁၈၇ ဧက ကျယ်ဝန်း ပါတယ်။ တစ်ဧကမှာ ၄၃၅၆၀ စတုန်းပေရှိပါတယ်၊ ၂၀၈.၇၁ ပေပတ်လည် တစ်ကွက်ဆိုရင်တစ်ဧကပေါ့ ၄၁၈၇ ဧကရှိတဲ့၊ စခန်းတစ်ခုလုံးရဲ့ အကျယ် အဝန်းကတော့ ပျမ်းမျှအလျား ၇မိုင်ခန့်နဲ့အနံ နှစ်မိုင်ခန့်ရှိပါတယ် ကွင်းဆင်းတာ ကိုတော့ စခန်းတာဝန်ခံ ဗိုလ်ကြီးနဲ့အတူခြေလျင်ပဲချီတက်ရတာပါ၊ တစ်နှစ်လောက် နေတော့ မြင်းနဲ့သွားဖို့စီစဉ်သေးတယ်။

ဒါပေမဲ့အဆင် မပြေခဲ့ပါဘူး၊ နောက်မှ နွားလှည်းနဲ့ သွားရတာပါ။ ဒီလို သွားလာရင်းနဲ့လုပ်ငန်းသဘာဝကို လေ့လာလိုက် အစီရင်ခံစာရေးလိုက် အစည်း အဝေးမှတ်တမ်းရေးလိုက်နဲ့ဆိုတော့ မြေရှင်းကိုတောခုတ်လုပ်ငန်းစတင် ဆောင်ရွက် တာကနေ ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုး ထုတ်လုပ်ရောင်းချသည်အထိ လုပ်ငန်း သဘာဝတွေကို နားလည်အောင် သင်ကြားရပါတယ်။

လွန်ကျော်စခန်းမှာ အဓိကသီးနှံကတော့ ချည်မျှင်ရှည်ဝါ စိုက်ပျိုးတာပါ။ တစ်ခြားသီးနှံဖြစ်တဲ့ စပါးနဲ့နှံစားပြောင်းတို့ကိုလည်း စိုက်ပျိုးထုတ်လုပ်ပါတယ်။ ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ဖို့ စီမံချက်ရေးဆွဲတင်ပြခဲ့ပေမဲ့ မမွေးဖြစ်ခဲ့ပါဘူး။

စိုက်ပျိုးရေးလုပ်ငန်းသုံးအတွက် ခိုင်းနွား ၄၀ ကောင်လောက် မွေးထားပါတယ်။

လွှန်ကျော်စခန်းရဲ့ ထူးခြားချက်တွေကိုပြောရရင် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ တစ်ခုရှိပါတယ်။ အဲဒီအဖွဲ့ထဲမှာ စခန်းတာဝန်ခံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပြီး အခြားဌာနဆိုင်ရာများဖြစ်တဲ့မြစ်သား မြို့နယ်လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ မြစ်သား မြို့နယ်စက်မှု လယ်ယာဦးစီးဌာန၊ မြစ်သားမြို့နယ် အမှတ်(၁)စက်မှု ဝါလုပ်ငန်း၊ မြစ်သားမြို့နယ် ဆည်မြောင်း ဦးစီးဌာနနဲ့မြစ်သားမြို့နယ် မြေစာရင်း ဦးစီးဌာနတို့က မြို့နယ်အဆင့်အရာရှိတွေက အဖွဲ့ဝင်အဖြစ် ပါဝင်ကြပါတယ်။ နောက်တစ်ဖွဲ့ကတော့ တိုင်းကြီးကြပ်ရေးအဖွဲ့ပါ။ အဲဒီအဖွဲ့မှာလည်း အကျဉ်း ဦးစီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပြီး စခန်းတာဝန်ခံက အတွင်းရေးမှူးပါ။ အဖွဲ့ဝင်များအနေနဲ့ ကတော့ မန္တလေးတိုင်းမှ တိုင်းအဆင့်အရာရှိများ ဖြစ်ကြတဲ့ လယ်စိုက်ရှင်း၊ စက်မှု လယ်ယာ၊ ဆည်မြောင်းနဲ့ မြေစာရင်းတို့ ပါဝင်ကြပါတယ်။ စခန်းတာဝန်ခံ နဲ့စိုက်ကွင်းတာဝန်ခံတွေကတော့တစ်ပတ်တစ်ကြိမ်အစည်းအဝေးပြုလုပ်ပြီး မြို့နယ် စိုက်ကြပ် အစည်းအဝေးကိုတော့ တစ်လတစ်ကြိမ် စခန်းမှာ အစည်းအဝေးပြု လုပ်ပါတယ်။ တိုင်းအဆင့် စိုက်ကြပ်ကိုလည်း သုံးလတစ်ကြိမ်စခန်းမှာပဲ အစည်းအဝေး ပြုလုပ်လေ့ရှိပါတယ်၊ အဲ့ဒီအစည်းအဝေးအားလုံးကို ကိုကိုက အစည်းအဝေး မှတ်တမ်းရေးရပြီး အစည်းအဝေးမှတ်တမ်းကို ညွှန်ကြားရေးမှူးချုပ် အထိဖြန့်ဝေရပါတယ်။

ဒီလိုပညာရှင်တွေက ပြောကြားတဲ့သက်ဆိုင်ရာဌာနရဲ့ နည်းပညာရပ်ဆိုင်ရာ စကားလုံးတွေကို စီကာပတ်ကုံးရေးနိုင်ဖို့ဆိုရင်လေ့လာရပါတယ်၊ သင်ယူရပါ တယ်၊ ဒီနည်းပညာတွေဟာ မိမိဌာနနဲ့ မသက်ဆိုင်ပေမဲ့ကိုကိုက စနစ်တကျ လေ့လာသင်ကြားခဲ့ပါတယ်။ ဒါလည်း စာရေးနည်းတစ်မျိုးပါပဲ။ အဲ့ဒီလို အဖွဲ့တွေ လာရောက်တဲ့အခါမှာ ကိုကိုက သူတို့နဲ့အတူလိုက်ပါပြီး ကူညီဆောင် ရွက်ပေးရလေ့ရှိပါတယ်။ သူတို့ကို ကူညီ ဆောင်ရွက်ရင်း သူတို့ထံမှ ပညာရပ် များကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ ဒါတွေကို ဖော်ပြနေရခြင်းဟာ လွှန်ကျော် စခန်းဟာ တစ်ချိန်က နိုင်ငံတော်စီမံကိန်းတစ်ခု ဖြစ်ခဲ့တယ်ဆိုတာကို သိစေချင် တာပါ။ နောက်ပြီး စာရေးဝန်ထမ်းတစ်ယောက်ဟာရုံးလုပ်ငန်းဖြစ်တဲ့ ဦးရေး

ထောက် ငွေစာရင်း(MD ,OA)တွေကိုသင်ကြားရတဲ့အပြင် အခြား ဆက်စပ်နေတဲ့ လုပ်ငန်းတွေကိုပါ သင်ကြားလေ့လာရကြောင်းတင်ပြလိုတာပါ။ လွှန်ကျော်စခန်းကိုပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးက နိုင်ငံပိုင်စိုက်ကွင်းလို့ အမြဲပြောလေ့ရှိပါတယ်။ နောက်ပြီးကိုယ်တိုင်ကလည်း ပျမ်းမျှ ၆ လတစ်ကြိမ်လောက် လာရောက် စစ်ဆေးသလို အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီးကိုလည်း လာရောက် စစ်ဆေးစေပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးစတဲ့ ဝန်ကြီး ၄ ပါးနဲ့အတူ လာရောက် စစ်ဆေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတလာဖို့အထိ ၃ရက်လောက်ပြင်ဆင် ထားပြီးမှ အစီအစဉ်ပျက်သွားလို့မလာဖြစ်တော့ပါဘူး။ ဝန်ကြီးအဆင့် လာရောက်မယ်ဆိုရင်တော့ မန္တလေးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူးက နှစ်ရက်လောက်ကြိုတင်ပြီး စခန်းကိုလာရောက် နေထိုင်ပါတယ်။ သူကိုယ်တိုင် ကြီးကြပ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့သမ္မတကြီး လာရောက်မည့်အခါမှာတော့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဘခင်၊ စီမံကိန်းလုပ်ငန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးတင်အုန်း၊ စီမံကိန်းလုပ်ငန်း အကြံပေးအရာရှိ ဗိုလ်မှူးကြီးစောမြသိန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးရန်နိုင်ထွန်းနဲ့ မန္တလေးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူး ဗိုလ်မှူးဘမှန်တို့က ၃ ရက်လောက်ကြိုရောက်ပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ဗိုလ်မှူးကြီးဘခင်က အစီရင်ခံစာကို ရေးသားပါတယ်။ ဗိုလ်မှူးကြီး စောမြသိန်းက စာရင်းဇယားတွေကို ရေးဆွဲပါတယ်။

ဗိုလ်မှူးကြီးတင်အုန်းက အားလုံးကိုပြန်လည်စစ်ဆေးပါတယ်။ စခန်းတာဝန်ခံဗိုလ်ကြီးသန်းထွန်းရယ်၊ ဗိုလ်မှူးရန်နိုင်ထွန်းရယ်က စိုက်ကွင်းအတွင်း လိုက်လံရှင်း ပြသမည့်နေရာများကို ပြင်ဆင်ကြပါတယ်၊ ဒီနေရာမှာ ကိုကို ကမြေယာဖော်ထုတ်ရေး စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ လိုအပ်တဲ့ အချက်အလက်တွေကို မေးသမျှ ဖြေကြားရပြီး ဦးသက်ရှည်ကတော့ ငွေစာရင်းဆိုင်ရာများကို ရှာဖွေတင်ပြပေးရပါတယ်။ ရန်ကုန်ရုံးချုပ်ကို သွားတဲ့အခါ ဆရာဦးသန်းတင် (စီမံကိန်းလုပ်ငန်းရုံးတွင် ငွေစာရင်းကျွမ်းကျင်သူအဖြစ်ခန့်ထားသူ)ထံမှာ(OA)ငွေစာရင်းနဲ့ ပတ်သက်ပြီး

လှေ့လာခွင့်ရပါတယ်။ ၁၉၈၀ ခုနှစ် နှစ်ကုန်အထိ၊ ၁၉၇၈-၇၉ခုနှစ် ဘဏ္ဍာရေး နှစ်ကစလို့ ၁၉၈၀-၈၁ခု ဘဏ္ဍာရေးနှစ်ရဲ့ နှစ်စပိုင်းအထိ စီမံချက်တွေ ပြန်လည်ရေးဆွဲနေရပါတယ်။ အဲ့ဒါနဲ့တစ်ပြိုင်တည်း (OA)ငွေစာရင်းတွေအတွက် စီမံကိန်းလုပ်ငန်းရုံးက စည်းကမ်းစည်းမျဉ်းတွေ ထုတ်ပြန်နေပါတယ်။ တည်ဆောက် ရေးကာလက သုံးနှစ်လောက် ကြာနေပါတယ်။ အဲ့ဒီလို တည်ဆောက်တဲ့နေရာမှာ ဆရာဦးသန်းတင်လို စာရင်းဆိုင်ရာဘွဲ့တွေ မြောက်များစွာရထားသူကို လစာ ၁၅၀၀ိ/ ပေးပြီး ခန့်ထားတာပေါ့။

ဒါ့အပြင် ဆရာဦးစိန်ငွေး(စီမံကိန်း) လိုစာရင်းညာရှင်တွေကို စီမံကိန်း ညွှန်ကြားရေးမှူးရုံးမှာ ခန့်ထားခဲ့ပါတယ်။ အဲ့ဒီအဖွဲ့က အလုပ်စခန်းများသို့ (OA)စာရင်းပညာသင်ပေးရင်း စာရင်းစစ်လုပ်ငန်းများကိုလည်း တပြိုင်တည်း ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ လွန်ကျော်စခန်းကိုလည်း စီမံကိန်းလုပ်ငန်းရုံးက စာရင်းစစ်အဖွဲ့များ မကြာခနလာရောက်နေကြပြီလေ။ ၁၉၈၀ခုနှစ် နှစ်ဝက် လောက်မှာတော့ လွန်ကျော်စခန်းရုံးကို ၆၄၀ကွင်းကနေ ၆၃၈ကွင်း(ပေတော) ကိုပြောင်းရွှေ့ပါတယ်။ ရုံးကတော့ ၈၀×၃၀ ပေကျယ်ဝန်းပါတယ်။ ရုံးဝန်ထမ်း အင်အားကလည်း ၃၀ ယောက်လောက် ရှိလာတာပေါ့။ ရုံးရဲ့မြောက်ဘက်ထိပ်မှာ ၃၀×၂၀ ပေအခန်းဖွဲ့ပြီးစခန်းတာဝန်ခံကရုံးထိုင်ပါတယ်။ ကျန်တဲ့ ၃၀×၆၀ ပေ ကတော့ ဒုတိယစခန်းတာဝန်ခံနဲ့ ရုံးအဖွဲ့များရဲ့နေရာပေါ့၊ ရုံးအဖွဲ့ကို အနောက် ဖက်ခြမ်းမှာ ဒုတိယတာဝန်ခံဦးဆောင်တဲ့ ဦးစီးလုပ်ငန်းအဖွဲ့က နေရာယူ ထားပါတယ်။

အဲ့ဒီအဖွဲ့မှာ ဦးရေးထောက်နဲ့(MD)ငွေစာရင်း ပါဝင်ပါတယ်၊ အရှေ့ဘက် ခြမ်းမှာကတော့ လုပ်ငန်းအဖွဲ့ဖြစ်ပြီး (OA)ငွေစာရင်းနဲ့စီမံကိန်း အဖွဲ့တွေပါဝင် ပါတယ်၊ OA အဖွဲ့နဲ့ MDအဖွဲ့က ညနေတိုင်းဘောလုံးပွဲရှိတယ်။ OAအဖွဲ့ကို တာဝန်ခံကိုယ်တိုင် အားပေးသလို MDအဖွဲ့ကိုလည်း ဒုတိယတာဝန်ခံ ဒုတိယထောင်ပိုင် ဦးသွင်ကအားပေးပါတယ်။ ဆရာသမားနှစ်ဦးက အသင်း ပိုင်ရှင်တွေပေါ့။ ကျန်တဲ့အားကစားတွေကိုလည်း အားပေးပါတယ်။ နှစ်စဉ် လွတ်လပ်ရေးနေ့ ပြည်ထောင်စုနေ့နဲ့ စခန်းမွေးနေ့ပေါင်းပြီး ကျင်းပတဲ့နေ့တွေ မှာစခန်းတာဝန်ခံရုံးရဲ့(က)နဲ့(ခ)သင်းအပါအဖြစ် နှစ်သင်း ပါဝင်ခဲ့ပါတယ်။ တပ်ခွဲပေါင်းစုံကလည်း အသင်းတစ်သင်းစီပါဝင်ကြပါတယ်၊ ဘောလုံးနဲ့ ဘော်လီ

ဘော အပါအဝင်အခြားသောအားကစားတွေကို အသင်းတွေက ပြိုင်ဆိုင်ကြရတာပါ။ အခြားသော မြန်မာ့အခါကြီးရက်ကြီးတွေမှာလည်း သက်ဆိုင်ရာပွဲတော်တွေအလိုက် ပျော်ပွဲရွှင်ပွဲနဲ့ အားကစားပွဲတွေကို ကျင်းပပေးပါတယ်။ အခါကြီးရက်ကြီးတွေမှာ ဆရာတော်သံဃာတော်တွေကိုပင့်ဖိတ်လို့ အလှူအတန်းပွဲတော်တွေလည်း ကျင်းပတာပေါ့။ အခြားဘာသာရေးဖြစ်တဲ့ပွဲတော် တွေလည်း ကျင်းပပေးပါတယ်၊ ခရစ်စမတ်ပွဲတော်လိုမျိုးတွေပေါ့။

## (၁၀)

၁၉၈၀ ခုနှစ်ရဲ့နှစ်ဝက်လောက်မှာတော့လွန်ကျော်စခန်းမှာ ချည်မျှင်ရှည်ဝါစိုက်ဧက ၅၀၀ နီးပါးဖြစ်လာပါပြီ။ အဲ့ဒီအချိန်က ဝါသီးနှံမှာ ကျရောက်တဲ့ပိုးမွှားကာကွယ်ရေးအတွက်၊ မာလာသီယွန် အင်ဒရင်း၊ပိုတက် စတဲ့ရေဖျော်ဆေးတွေဖြန်းပက်ရပါတယ်။ အဲ့ဒီဆေးတွေကို A8 ကျောပိုးဆေးဖြန်းကရိယာ၊ ADM ကျောပိုးဆေးဖျန်းစက်၊ လက်တွန်းတုန်ကင်စက်တုန်ကင်နဲ့ လယ်ထွန်စက်နဲ့ဖြန်းရတဲ့ Carpet Sprayer ဆေးဖြန်းကရိယာတွေနဲ့ ပက်ဖြန်းကြရပါတယ်။

နောက်ပိုင်းမှာခေတ်မီပိုးသတ်ဆေးတွေကိုအမှတ်(၁)စက်မှု ဝန်ကြီးဌာနကနိုင်ငံခြားကနေ တိုက်ရိုက်မှာယူတင်သွင်းခဲ့ပါတယ်။ လွန်ကျော်စခန်းကို ခေတ်မီပိုးသတ်ဆေးတွေကိုပို့ဆောင် ပေးခဲ့ပါတယ်။ အဲ့ဒီဆေးတွေက ရေဖျော်စရာမလိုပါဘူး(EC Formulation)မဟုတ်ပဲ (ULVFormulation)ဖြစ်ပါတယ်။ ဆေးအမည်တွေကတော့ စုတ်ပိုးနဲ့ရွက်စားပိုးများအတွက် (သိုင်အိုဒင်)နဲ့ သီးလုံးဖေါက်ပိုးနဲ့ ခေါင်ညွှန့်ထိုးပိုးများအတွက် (ဟော့စတာသီယွန်)တို့ဖြစ်ပါတယ်။

ဒီဆေးတွေကို(မိုက်ခရွန်)လို့ခေါ်တဲ့ ဆေးဖြန်းကရိယာနဲ့ဖြန်းရတာပါ။ သူကလေတိုက်နှုန်းကို အဓိကထားဖြန်းရတာပါ၊ သတ်မှတ်လေတိုက်နှုန်းမပြည့်ရင်၊ ဒါမှမဟုတ် ပိုနေရင်ဖြန်းလို့ မရပါဘူး။ ဓါတ်ခဲ ၈ လုံး ထည့်ရပြီး ၁၆ ဧကသာဖြန်းလို့ ရပါတယ်၊ တစ်ဧကို ဆေးရည်တစ်လီတာပဲ ကုန်ပါတယ်။ လူတစ်ယောက်ဟာ တစ်ဧကကိုဖြန်းချိန်နာရီဝက်သာကြာမြင့်ပါတယ်။ လေတိုက်နှုန်းအဆင်ပြေရင် လူတစ်ယောက်ဟာတစ်နေ့ ၁၅ ဧကလောက်တော့ အေးအေးဆေးဆေး ဖြန်းနိုင်ပါတယ်။

လေတိုက်နှုန်းတိုင်းတာတဲ့ လက်ကိုင် ကရိယာကိုလည်းပေးထားပါတယ်။ ကိုယ်တိုင် တိုင်းတာတတ်အောင် သင်ယူထားပါတယ်။ ဒီအကြောင်းကိုအသေးစိတ် ပြောနေရတာ အကြောင်းရှိပါတယ်၊ ဒီဆေးဖြန်းကရိယာနဲ့ ဆေးတွေအကြောင်းကို ကိုကို ကိုယ်တိုင်နိုင်ငံခြားသား ပညာရှင်ထံမှ စကားပြန်မှတဆင့်သင်တန်းတက်ရပါတယ်။ သင်တန်းပြီးတော့ ဝန်ထမ်း ၁၀ ယောက်နဲ့ အကျဉ်းသား ၅၀ ယောက်ကိုပြန်လည် သင်တန်းပေးရတာပေါ့။ သင်တန်းပြီးတာနဲ့ ဝန်ထမ်း ၃ယောက်အပါအဝင် အမာခံရဲဘက် ၃၀ယောက်ကို ကိုကိုက ဦးစီးပြီး လွှန်ကျော်စခန်းရှိတပ်ခွဲအားလုံးကို နေ့စဉ်ဆေးဖြန်းရတာပေါ့။ မနက်လင်းရင် ဝန်ထမ်း ၃ ယောက်ကိုခေါ် ရဲဘက် ၃၀ ယောက် (သေဒဏ်ကနေ ကျွန်းပြောင်းပြီး ၁၀နှစ်တည်သွားတဲ့ရဲဘက် ၁၀ ယောက်ကျော်အပါအဝင်) ကိုဘုတ်ထုတ်ရပါတယ်၊ ပြီးရင်လိုအပ်တဲ့ဆေးဖြန်းကရိယာတွေကိုထုတ်ရပါတယ်၊ ဆေးပေပါကိုတော့ နွားလှည်းနဲ့တင်ရတာပေါ့၊ စိုက်ကွင်းတွေက အဝေးဆုံး ၇ မိုင်ထိ အသွားအပြန်လမ်းလျှောက်ရပါတယ်၊ ဆေးဖြန်းမဲ့တပ်ခွဲတွေကို ညစဉ် ဇယားဆွဲပြီးမှတ်တမ်းပြုစုကြရပါတယ်။

မှတ်တမ်းများ အရအလှည့်ကျဖြန်းရတာဖြစ်ပါတယ်။ အလှည့်မကျပေမဲ့ အရေးပေါ် လိုအပ်ကြောင်းတပ်ခွဲမှူးက တင်ပြလာရင်လည်း ကြားဖြတ်သွားရောက် ဖြန်းပေးရပါတယ်။ မနက်ပိုင်းမှာ ဘယ်တပ်ခွဲကို သွားမယ်ဆိုတာ ထမင်းပို့မဲ့အဖွဲ့ကိုကြိုတင် ပြောခဲ့ရပါတယ်။ ထမင်းပို့အဖွဲ့က နေ့လည်ပိုင်းမှာ ကိုကိုအပါအဝင် ဝန်ထမ်းများ အတွက် ထမင်းချိုင့်တွေကို သက်ဆိုင်ရာအိမ်မှာ သွားယူရပါတယ်။

ရဲဘက် ၃၀ ယောက်အတွက် ဖိုကြီးက ထမင်းဆွဲလို့ နွားလှည်းနဲ့ လိုက်ပို့ပါတယ်။ နီးရင်တော့ မနက် ၁၁ နာရီမှာ ထမင်းစားရပါတယ်။ လုပ်ငန်းခွင်ဝေးရင်တော့ ၁၂ ကျော်မှစားရတာပေါ့။ ကိုင်တွယ်ရတဲ့ ပိုးသတ်ဆေးတွေဟာ ပြင်းအားအလွန်ကောင်းပါတယ်။ ထိသေစနစ်ဖြစ်လို့ ဖျက်ပိုးတွေဟာ ဆေးထိရုံနဲ့သေသွားပါတယ်။ ပိုးသတ်ဆေး ကိုင်တွယ်သူတွေကိုလည်း ဆေးထိမိရင်တောင်ပူလောင်စေပါတယ်။ ပါးစပ်နဲ့ နှာခေါင်းထဲမဝင်အောင် အဝတ်နဲ့ပိတ်ထားနိုင်ပေမဲ့ မျက်စေ့ထဲကိုတော့ မကြာခဏ ဝင်ကြပါတယ်။

ဝန်ထမ်းနဲ့ရဲဘက်တွေကို နှာခေါင်းစည်းတပ်ပေးနိုင်ပေမဲ့ ကိုကိုကတပ်လို့ မရပါဘူး။ ကိုကိုကဆေးဖြန်းသူတွေကို ခရာနဲ့ အမိန့်ပေးတဲ့ စနစ်နဲ့သင်ကြား ထားတာပါ။ ကိုကိုက ခရာမှုတ်ပြီး စမယ်၊ ရပ်မယ်၊ နှိမ့်မယ်၊ မြှင့်မယ် စသည်ဖြင့် အချက်ပေးရတာကြောင့်ပါ။ ဒီတော့ဆေးတွေရဲ့ အနံ့ကိုရှုနေရ တင်မကဘူး မျက်စေ့ထဲပါအဝင်ခံနေရတာပေါ့။ ဒီလိုဖြန်းရတာ တစ်ရက်လည်း မဟုတ် တစ်လလည်းမက တစ်နှစ်ကုန်လို့လည်းမပြီးပဲ နှစ်ရှည်လများဆောင် ရွက်ခဲ့ရတာပါ။ ဒါတွေကို ရှမ်းရိုးမတောင်တန်းကြီးက အသိဆုံးပါ။ ကိုကိုလို စာရေးဝန်ထမ်းတစ်ယောက်က ဝန်ထမ်း ၃ ယောက်နဲ့ ရဲဘက် ၃၀ ယောက် ကိုဦးစီးဘုတ်ထုတ်နေရပါတယ်။

ဒါ့အပြင် စခန်းတာဝန်ခံရုံးရဲ့အနားမှာရှိတဲ့ ချည်မျှင်ရှည်ဝါ ၁၀ ဧက စံပြစိုက်ကွင်းကိုလည်းဝန်ထမ်းတစ်ယောက် ရဲဘက် ၁၀ ယောက်နဲ့ တာဝန်ခံ စိုက်ပျိုးထုတ်လုပ်နေခဲ့ရပါတယ်။ အဲ့ဒီစိုက်ကွင်းက အထွက်နှုန်း အကောင်းဆုံး ထွက်ရှိခဲ့ပါတယ်။

(၁၁)

လွှန်ကျော်စခန်းကိုဝန်ကြီးချုပ်နဲ့ဝန်ကြီးတွေ မကြာခဏ လာရောက်စစ်ဆေး ကြပါတယ်။ လွှန်ကျော်ကလည်း "ဖုန်း"အလွှန်ကြီးတာကိုး၊ "ဘုန်း" ကြီးတာ မဟုတ်ဘူး ဖုန်းကြီးတာပါ။ တစ်နေ့တော့ ကိုကိုတို့ရုံးကို ဆက်သွယ်ရေး စာတိုက်နဲ့ကြေးနန်းဝန်ကြီးဌာနက ဝန်ထမ်းတွေရောက်လာပါတယ်။ သူတို့က စခန်းတာဝန်ခံနဲ့တွေ့ပြီး "လွှန်ကျော်စခန်းအတွက် ကျောက်ဆည်မြို့ကနေ တယ်လီ ဖုန်းသွယ်လာတာ အခုစခန်းကိုရောက်ဖို့ ၄ မိုင်လောက်ပဲ ကျန်နေပါတယ်။ ကျွန်တော်တို့ကချမှတ်ပေးတဲ့ ရန်ပုံငွေအတိုင်း တယ်လီဖုန်းတိုင် အရေအတွက် ကိုဝယ်ယူစိုက်ထူလာပေမဲ့ မူလခန့်မှန်းချက်နဲ့ကွာနေပါတယ်။ တယ်လီဖုန်းတိုင်တွေ လည်းလိုနေသလို အလုပ်သမားခလည်းလိုနေပါတယ်" လို့ ပြောလာပါတယ်။

ကျောက်ဆည်မြို့နဲ့ လွှန်ကျော်ရဲဘက်စခန်းကလည်း မိုင်နှစ်ဆယ် ကျော်ဝေးနေတာပါ။ ဒီတော့စခန်းတာဝန်ခံက "ဒါလောက်ကတော့ ကူညီ နိုင်ပါတယ်။ တစ်ပတ်အတွင်း ကူညီဆောင်ရွက်ပေးမယ်" လို့ ပြန်ပြောလိုက် တာပေါ့။ နောက်ရက်ကစလို့ ရဲဘက် ၂၀ ယောက်ကို ဝန်ထမ်းနှစ်ယောက်နဲ့အတူ တောင်ပေါ်တက်ပြီး တယ်လီဖုန်းတိုင်ခုတ်စေပါတယ်။တယ်လီဖုန်းတိုင်တွေ

ရပြီဆိုတော့ လက်သမားကျွမ်းကျင် ဝန်ထမ်းတစ်ဦးနဲ့ ရဲဘက် ၁၀ ယောက်ကို ဆက်သွယ်ရေးအဖွဲ့နဲ့တွဲပေးလိုက်တာပေါ့။ နှစ်ပတ် လောက်ကြာတော့ ကိုကိုတို့စခန်းကိုတယ်လီဖုန်း ရောက်လာပါတယ်။ တယ်လီဖုန်းက အမဲရောင်ဖြစ်ပြီး ဖုန်းရဲ့ဘေးကနေ လက်ကိုင်နဲ့လှည့်ပြီး ကျောက်ဆည်အိတ်ချိန်းကို ခေါ်ရတာပါ။ အိတ်ချိန်းကနေမှတဆင့် ကိုယ်ပြောချင်တဲ့ဖုန်းအမှတ်ကို ပြောရတာပါ။ အိတ်ချိန်းကနေ တစ်ဖက်က ဖုန်းကိုဆက်သွယ်ပြီး စခန်းနဲ့ချိတ်ဆက်ပေးရတဲ့ စနစ်ဖြစ်ပါတယ်။

အိုကေပြီဆိုတော့ တယ်လီဖုန်းဖွင့်ပွဲအနေနဲ့ တာဝန်ခံကပထမဆုံး ညွှန်ကြားရေးမှူးချုပ်ရုံးကို ဖုန်းဆက်သွယ်လိုက်ပါတယ်။ "ရုံးချုပ်ကလားခင်ဗျ၊ ကျွန်တော်က လွန်ကျော်စခန်းက စခန်းတာဝန်ခံ ဗိုလ်ကြီးသန်းထွန်းပါ ကျွန်တော်တို့စခန်းကို တယ်လီဖုန်းတပ်ဆင်ပြီးပါပြီ၊ ဖုန်းနံပတ်က ကျောက်ဆည်(------) ဖြစ်ပါတယ်။ အဲ့ဒါဆက်သွယ်လို့ ရအောင်သတင်းပို့တာပါ" လို့ ပြောလိုက်ပါတယ်။ ခဏကြာပြောပြီးဖုန်းချလိုက်တာပေါ့၊ နာရီဝက်လောက်ကြာတော့ ရုံးချုပ်က ဖုန်းပြန်ခေါ်ပါတယ်။ စခန်းတာဝန်ခံကလည်း ပြန်ပြောလိုက်တာ-

"ဟုတ်ကဲ့ပါခင်ဗျ၊ ပြန်စစ်ပါ့မယ်၊ ပြန်မေးပါ့မယ် လေးစားပါတယ်" ဆိုပြီးဖုန်းချပြီးဗိုလ်ကြီးပြန်ပြောပြတာက-

"ဟော့ကောင်ရေ ပြဿနာတော့တက်ပြီကွ၊ ညွှန်ချုပ်က လွန်ကျော်စခန်းကို ဘယ်သူ့ခွင့်ပြုချက်နဲ့ ဖုန်းသွယ်တာလဲ ရန်ပုံငွေဘယ်သူချပေးတာလဲ၊ ဖုန်းပြောခတွေ ဘယ်သူပေးမှာလဲဆိုပြီး လဲပေါင်းများစွာ မေးခွန်းတွေမေးနေတယ်ကွ…" တဲ့။ ဒီတော့ဘယ်တတ်နိုင်ပါ့မလဲ။ ကျောက်ဆည်မှာရှိတဲ့ ဆက် သွယ်ရေးရုံးကို ပြေးပြီး မေးရတော့တာပေါ့၊ ဆက်သွယ်ရေးရုံးရောက်မှ သိရတဲ့အဖြေက အခုဆက်သွယ်ခွင့်ရထားတဲ့ဖုန်းက လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း လွန်ကျော်ချည်မျှင်ရှည်ဝါ သုတေသနစိုက်ပျိုးရေးခြံအတွက် ဖြစ်နေပါတယ်၊ အဲ့ဒီစိုက်ကွင်းက ကျောက်ဆည်မြို့နယ်ထဲမှာတည်ရှိပြီး ရဲဘက်စခန်းကမြစ်သားမြို့နယ်ထဲမှာပါ၊ လွန်ကျော်ခြင်းတော့ တူသား၊ နောက်ပိုင်းမှာတော့ လွန်ကျော်ခြံ၊ လွန်ကျော် ရဲဘက်စခန်းဆိုပြီးခွဲခြားခေါ်နေကြရတာပေါ့၊ ဒီခြံကို စခန်းတာဝန်ခံနဲ့ ကိုကိုတို့မကြာခဏ သွားရောက်လေ့လာခဲ့ကြပါတယ်၊ ခြံမှာကစိုက်ပျိုးပညာကို ဒေါက်တာဘွဲ့ရထားသူလည်း

ရှိပါတယ်။ ဒီတော့ပညာရှင်တွေထံမှာ သင်ကြားရတာရှိသလို အပြန်အလှန် အတွေ့အကြုံတွေကိုလည်းမျှ ဝေကြပါတယ်၊ဒီခြံနဲ့က လည်းအကျိုးပေးချင်တော့ လွန်ကျော်ရဲ့ဘက် စခန်းသိမ်းတဲ့အခါ အဆောက်အဦတွေ ဖေါ်ထုတ်ပြီးမြေတွေနဲ့ မဖော်ထုတ်ရသေးတဲ့ မြေတွေအားလုံးကိုလွန်ကျော်ခြံသို့ လွှဲပြောင်း ပေးအပ်ခဲ့ရပါတယ်

စခန်းမှာရှိတဲ့တစ်စီးတည်းသော လယ်ထွန် စက်နဲ့နောက်တွဲယာဉ်ကိုတော့ ကျောင်းကားလုပ်ထားပါတယ်။ စခန်းနဲ့ ၄ မိုင်လောက်ဝေးတဲ့ ရွာခိုင်ကြီးရွာ မူလတန်းကျောင်းကိုပို့ပေးရတာပေါ့။ အဲ့ဒီအချိန်က မူလတန်းအဆင့် ကျောင်းသား တွေပဲ ကျောင်းသွားနိုင်သေးတာပါ၊ ဒါတောင်မှ မိုးမရွာ ထွန်စက်မပျက်မှ အဆင်ပြေတာပါ။ တစ်ခါတစ်ရံ ကျောင်းသားကလေးတွေက ထွန်စက်လမ်းချော် တာတို့ စက်ပျက်ဘီးပေါက်နဲ့ကြုံရင်လမ်းမှာ ပါလာတဲ့ထမင်းချိုင့်ကိုစားပြီး စောင့်နေရတာပါ၊ အပြန်ခရီးကိုတော့ နီးစပ်ရာရွာကသနားလို့ နွားလှည်းနဲ့ စခန်းကိုပြန်ပို့ပေးရတာတွေလည်း ရှိခဲ့ပါတယ်။ နောက်တော့ စခန်းတာဝန်ခံအတွက် ဂျစ်ကားတစ်စီး ငှားရမ်းခွင့်ရထားသလို မီးချစ်ပုံး ပုံစံဘတ်စ်ကားလေး တစ်စီး လည်းငှားရမ်းခွင့်ရပါတယ်။

အဲ့ဒီကားကိုတော့ အလယ်တန်းနဲ့အထက်တန်းကျောင်းသားများအတွက် မြစ်သားမြို့ကကျောင်းကို ပို့တာပေါ့။ နောက်ထပ်လော်လီကား တစ်စီးကို တော့မြစ်သားမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီက အုပ်ချုပ်မှုသုံးဖို့ စီစဉ်ပေးထားပါတယ်။ စခန်းမှာကတော့ ဂျစ်ကားကို(ဗိုလ်ကြီးကား) ဘတ်စ်ကား ကို (ကျောင်းကား)လော်လီကားကို(ချောကား)လို့ အမည်တွင်တာပေါ့။ စခန်းမှာ ရှိတဲ့ ၅ နှစ်အောက်လမ်းကောင်းကောင်း မလျှောက်နိုင်သေးတဲ့ ကလေးတွေက မိုးတွင်း ၆ လဆို စခန်းအပြင်မရောက်ဖူးကြပါဘူး။ ကားဆိုရင် ၃ စီးပဲမြင်ဖူးကြ တာပါ။ တစ်ခုသောပွင့်လင်းရာသီမှာ ကိုကိုနဲ့ဇနီးက ငှက်ဖျားဖြစ်တဲ့ စကား ပြောတတ်ခါစ နှစ်နှစ်အရွယ် သားတော်မောင်ကိုပိုက်လို့ ကျောက်ဆည်ဆေးရုံကို သွားကြတာပေါ့။ ကားလမ်းရောက်တယ်ဆိုတာနဲ့ ကလေးကဟိုကြည့်ဒီကြည့်နဲ့ ကားတွေ သွားတာလာတာစပြီး မြင်တာပေါ့။

ဂျစ်ကားတွေ့ရင် "ဗိုလ်ကြီးကားကွ"၊ ဘတ်စ်ကားတွေ့ရင် "ကျောင်း ကားဟော့"၊ လော်လီကားတွေကြတော့ "ချောကားကြီး"ဆိုပြီး အော်ပါလေ ရော။ ဘေးလူတွေကကြည့်ပြီး အံ့သြနေကြတာပေါ့။ ဟိုက်လက်လိုင်းကား

တွေ့တော့ "ဒီကောင်က ဘာကားလဲကွ" တဲ့။ ပိုဆိုးတာက မြို့ပေါ်ရောက်တော့တွေ့သမျှကားတွေကိုမေးရင်း မီးရထားတွေ့တော့ "ဒီကားက မိုက်တယ်ဟေ့ အရှည်ကြီးပဲ" တဲ့၊ အဆိုးဆုံးကတော့ တူညီဝတ်စုံ အပြာရောင်ဝတ်ထားတဲ့ လျှပ်စစ်ကဝန်ထမ်းတွေလည်းမြင်ရော "ရဲဘက်တွေကွ" လို့ အော်နေလို့ ကိုကိုက သူ့ပါးစပ်ကို လက်နဲ့ပိတ်ထားလိုက်ရပါတယ်။

(၁၂)

ကိုကိုရဲ့စာရေးဝန်ထမ်းဘဝဟာ ၁၉၈၁ခုနှစ်ကုန်မှာတော့ လုပ်သက် ၄နှစ်ကျော်ပါပြီ။ စာရေးဝန်ထမ်းအဆင့်(၂)ဆိုတဲ့ရာထူးကို လစာ ၁၈၅/ နဲ့လွန်ကျော်စခန်းမှာ တာဝန်ထမ်းဆောင်မြဲပေါ့၊ စာရေးဆိုပေမဲ့ အရင်ကပြောသလို ရုံးထိုင်လိုက်၊ ဘုတ်ထုတ်လိုက်၊ဝါစိုက်လိုက်၊ဆေးဖြန်းလိုက်၊ စခန်း တာဝန်ခံရဲ့နောက်လိုက်နဲ့ ဘဝများကိုဖြတ်သန်းဆဲပါ၊ လွန်ကျော်စခန်းကလည်းတဖြည်းဖြည်းနဲ့မြေဧကတွေဖေါ်ထုတ်တာ ဧက ၁၅၀၀ လောက်ရှိလာပါပြီ၊ ချည်မျှင်ရှည်ဝါစိုက်ဧကလည်း ၁၀၀၀ နီးပါးဖြစ်လာပါပြီ၊ လမ်းပန်း ဆက်သွယ်ရေးအနေနဲ့ကလည်း စက်မှု(၁)ဝန်ကြီးက ငွေကျပ် ၈ သိန်းကို မြစ်သားမြို့၊ မြို့နယ်ပြည်သူ့ကောင်စီကို ချမှတ်ပေးပါတယ်။ မြစ်သားဥက္ကဋ္ဌကလည်း အဲ့ဒီရန်ပုံငွေနဲ့ လွန်ကျော်ကျေးရွာမှာရှိတဲ့ ချည်မျှင်ဝါအဝယ်ဒိုင်ကနေ ရန်ကုန်မန္တလေးကားလမ်းအထိ ဂဝံလမ်း ၈ မိုင်ကို ခင်းပေးတာပေါ့၊ ဒီတော့မှ လမ်းတစ်လျောက်က ရွာတွေလည်း ဖွံ့ဖြိုးစည်ပင်လာပါတယ်၊ ရွာတွေကလည်းမြင်းလှည်းထောင်ကြပါတယ်၊ ရဲဘက်စခန်းနဲ့ ရန်ကုန်-မန္တလေးကားလမ်းမှာရှိတဲ့ လက်ညှိုးထိုး ဒေသဟာ မြင်းလှည်းဂိတ်တစ်ခု ဖြစ်လာတာပေါ့။ သွားရေးလာရေးလည်း တဖြည်းဖြည်း အဆင်ပြေလာပါတယ်။

လွန်ကျော်ရဲဘက်စခန်းကို ပြည်ထဲရေးဝန်ကြီးအနေနဲ့ နိုင်ငံတော်စိုက်ကွင်းလို့ အမည်တွင်စေတဲ့အပြင် ပြစ်ဒဏ်စေ့လို့လွတ်မြောက်သွားတဲ့ ရဲဘက်တွေကို ရွာတစ်ရွာတည်ပေးဖို့အထိစဉ်းစားထားခဲ့တာပါ၊ ပြစ်ဒဏ်က လွတ်မြောက်သွားတဲ့ ရဲဘက်က ဆန္ဒရှိရင် လုပ်ကိုင်စားသောက်ဖို့ မြေဧကအချို့ရယ် စိုက်ပျိုးထုတ်လုပ်ဖို့ ပစ္စည်းကရိယာရယ်၊ အရင်းအနှီးငွေကြေးရယ် စိုက်ထုတ်ပေးဖို့ ရည်ရွယ်ထားပြီး ဖြစ်ပါတယ်၊ လွတ်လူ ရဲဘက်သုံးယောက်လောက်ကို တောင်ဝန်ထမ်း

ပြန်လည်ခန့်ထားပေးသည်အထိ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ အခြေအနေအရမအောင်မြင်ခဲ့ပါဘူး။

လွှန်ကျော်စခန်းရဲ့လက်အောက်ခံ မိုင်းမောစခန်းကိုလည်း တပ်မတော်မှာ စစ်အကျဉ်းထောင်ထားသလို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဝန်ထမ်းများ ပြန်လည်ပြုပြင်ရေးစခန်း တည်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ပြစ်ဒဏ်ကျူးလွှန်မိခဲ့လို့ ပြစ်ဒဏ်ပေးတဲ့အခါမှာ အလုပ်ဖြုတ် ပစ်မဲ့အစား ဝန်ထမ်းကသဘောတူပါက မိုင်းမောစခန်းမှာကာလတစ်ခု အထိထား ရှိပြီး သတ်မှတ်ကာလပြီးမြောက်ပါက မူလလုပ်ငန်းပြန်လည်ထမ်းဆောင်စေတာ ကိုဆောင်ရွက်ဖို့ပါ၊ ဒါလည်းမအောင်မြင်ခဲ့ပါဘူး။ လွှန်ကျော်နဲ့မိုင်းမောစခန်း တွေရဲ့ ရည်ရွယ်ချက်တွေမအောင်မြင်တဲ့အပြင် ဖျက်သိမ်းတဲ့ အထိဖြစ်သွားရ တာပါ၊ မိုင်းမောစခန်းမှာတော့ ကြက်သွန်နီနဲ့အခြားသီးနှံတစ်ချို့ကို စိုက်ပျိုး ထုတ်လုပ်ပါတယ်။

လွှန်ကျော်စခန်း စတင်ဖွင့်တဲ့ ၁၉၇၈ ခုနှစ်မှာပဲ အကျဉ်းသားလုပ်အား ဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တာပါ၊ လွှန်ကျော်စခန်းနဲ့အတူ ရဲဘက် ၁၀၀၀ စခန်း ၃ ခု၊ ရဲဘက် ၅၀၀ စခန်း ၃ နဲ့ ဘဲလင်းမှာ ကျောက်ထုတ် အလုပ်စခန်းတစ်ခုတို့ ဖွင့်လှစ်ခဲ့တာကိုမှတ်မိပါတယ်။ အဲဒီအရင်က ၁၉၇၆ ခုနှစ်ကတည်းက ရွှေသူဌေးတာစိုက်ပျိုးရေးအလုပ်စခန်းကို စတင်ဖွင့်လှစ်ခဲ့တယ် လို့လည်းမှတ်သားခဲ့ရပါတယ်။ ဒါ့အပြင်အင်းစိန်ထောင်မှာ ငုံးမွေးမြူရေး လုပ်ငန်းနဲ့ဝက်မွေးမြူရေးလုပ်ငန်းတွေလည်းလုပ်ကိုင်ကြရပါတယ်။

မန္တလေးထောင်မှာလည်း ဝက်မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်နေ ပါတယ်၊ ဒါ့အပြင် ရဲဘက် ၅၀၀၀ ယောက်ဖွဲ့စည်းပုံနဲ့အတူရန်ကုန်မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေးအလုပ်စခန်းတစ်ခုလည်းပေါ်ထွက်လာပါတယ်၊ ၁၉၇၈ ခုနှစ်မတိုင်ခင်က ညွှန်ကြားရေးမှူးရာထူး ၄ နေရာသာရှိခဲ့တာပါ၊ ရန်ကုန် တိုင်းထောင်အုပ်စုညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းထောင်အုပ်စုညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ထောင်အုပ်စု ညွှန်ကြားရေးမှူးနဲ့ ဧရာဝတီတိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူးတို့ဖြစ်ပါတယ်၊ တိုးချဲ့ဖွင့်လှစ်လိုက်တဲ့ အလုပ်စခန်းတွေနဲ့ စီမံကိန်းဝင်မွေးမြူရေးလုပ်တဲ့ ထောင်တွေနဲ့အတူ အကျဉ်းဦးဌာနမှာ ညွှန်ကြား ရေးမှူးရာထူး ၄ နေရာထပ်တိုးလာပါတယ်။ စီမံကိန်းလုပ်ငန်းညွှန်ကြားရေးမှူး၊

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူး၊ ကျောက်ထုတ်လုပ်ငန်း ညွှန်ကြားရေးမှူးနဲ့အမြန်လမ်းဖောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးတို့ပေါ့။

ဒါ့အပြင် အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးရန်ပုံငွေဆိုတဲ့ (OA)Other account ငွေစာရင်းတစ်ခု စတင်ဖြစ်ပေါ်လာပါတယ်၊ ဒီတော့ လုပ်ငန်းစီမံချက်တွေနဲ့လျာထားရန်ပုံငွေတွေကိုနှစ်စဉ်ရေးဆွဲရသလို သုံးစွဲပြီး ငွေကြေးတွေကိုလည်း လချုပ်နှစ်ချုပ်တွေရေးဆွဲရတာပေါ့၊ လုပ်ငန်း အသစ်ဖြစ်တော့ မဖြစ်မနေသင်ကြရတာပေါ့၊ မကြာခဏဆိုသလိုလည်း အကျဉ်းဦးဌာန ရုံးချုပ်ကိုချီတက်ကြရပါတယ်။ ရုံးချုပ်သွားရင်လည်း လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ သူအားလုံး အဖွဲ့လိုက်သွားကြရတာပါ၊ စခန်းတစ်ခုကို အနည်းဆုံး တာဝန်ခံ တစ်ယောက်နဲ့ တပည့်နှစ်ယောက်လောက်တော့ပါလာကြတယ်။ စခန်း ၇ ခု လောက်ဆိုတော့ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနဲ့ပြည်လမ်းထောင့်မှာရှိတဲ့ အကျဉ်း ဦးစီးဌာရုံးချုပ်(ရန်ကုန်ထောင်ဟောင်း)မှာ ပျော်စရာကြီးပေါ့။

(၁၃)

လွန်ကျော်စခန်းဟာ နိုင်ငံပိုင်စိုက်ကွင်းဖြစ်တာနဲ့အညီပွင့်လင်းရာသီမှာ လေ့လာရေး ကျောင်းသားများ လာရောက်ကြပါတယ်။ ထို့အတူ မန္တလေးမှ တပ်မတော် မိသားစုများလည်း ဝါကောက်လုပ်အားပေးလာရောက်ကြပါတယ်။ ဒါ့အပြင်ချည်မျှင်ရှည်ဝါနဲ့ပတ်သက်လို့ သုတေသနလုပ်ငန်းအချို့လည်း ဆောင်ရွက်ကြပါတယ်။ လွန်ကျော်စခန်းရဲ့ မြေယာဖော်ထုတ်မှု လျာထားချက်က ၄၁၈၇ ဧကဖြစ်ပါတယ်။ အဲ့ဒီလျာထားချက်ပြည့်မြောက်ပြီး ချည်မျှင်ရှည် ဝါများကို လျာထားချက်အပြည့်စိုက်ပျိုးပြီးပါက လေယာဉ်နဲ့ဆေးဖျန်းဖို့ကိုတောင် အကြံလေ့လာလို့ သုတေသနလုပ်ခဲ့ပါသေးတယ်။

လွန်ကျော်စခန်းမှာ အရာရှိနဲ့ဝန်ထမ်းအင်အားက များလာပါပြီ။ ဝန်ထမ်း မိသားစုများပါ တဖြည်းဖြည်းလိုက်ပါနေထိုင်ကြပါပြီ။ စခန်းမှာ အတော့်ကို စည်ကားလားပါတယ်၊ လက်ရှိခေတ်မှာလို ဝန်ထမ်းထောက်ပံ့ကြေးတွေ မရကြ သေးပါဘူး။ တပ်ဖွဲ့ရန်ပုံငွေတွေကလည်း မကျယ်ပြန့်သေးတော့ မိသားစုတွေမှာ စားဝတ်နေရေး ကျပ်တည်းခဲ့ကြရပါတယ်။ စခန်းတာဝန်ခံကလည်း မိသားစုတွေ အတွက် စပါးစိုက်ပြီး ရလာတဲ့စပါးကို ဆန်ကြိတ်ပါတယ်။ အဆိုပါဆန်ကိုအခမဲ့

ဝေပေးခဲ့ပါတယ်။ ဝန်ထမ်းမိသားစုတို့ အနေနဲ့ အလကားရတဲ့ဆန်နဲ့ ဌာနက တရားဝင်ထုတ်ပေးတဲ့ ရိက္ခာစကေးတွေ ရရှိလေတော့ တော်သေးတာပေါ့။ နောက်ပြီး သဘာဝကပေးတဲ့ တောထွက်အသီးအရွက်တွေကလည်း ပေါများလှပါတယ်။ အဲဒီအသီးအရွက်တွေနဲ့ဆိုတော့ စားဝတ်နေရေး နည်းနည်းတော့အဆင်ပြေပါတယ်။ ဘာပြောပြောတစ်ပတ်တစ်ခါ ဝက်သားတစ်လှည့် အမဲသားတစ်လှည့် ၄၅ကျပ်သားလောက် ရိက္ခာစိ ရနေတော့လည်း စားရေးအတွက် မဆိုးသေးပါဘူး။

လွန်ကျော်စခန်းရဲ့ဖွဲ့စည်းပုံက ကြီးမားလေတော့ ဝန်ထမ်းက အမြဲလိုအပ်နေတာပေါ့။ ဝန်ထမ်းလာလျှောက်တဲ့ လူတွေကလည်း များသားလား၊ ဘွဲ့ရ တပ်သားတွေဆိုလည်း အများကြီးပါပဲ၊ သူတို့တွေတောင် အခုဆို အများဆုံး လက်ထောက် ညွှန်ကြားရေးမှူးအဆင့်တွေနဲ့ပင်စင်သွားကုန်ကြပါပြီ။ တစ်ချို့လည်း ပညာ အရည်အချင်း နည်းပါးပေမဲ့ လွန်ကျော်စခန်းမှာ တပ်သားနဲ့ အလုပ်ဝင်ကြတာပေါ့။ နောက်တော့လည်း ပညာရေးကိုကြိုးစားတော့ ၁၀ တန်းအောင်ကြပါတယ်။ ဒီတော့စာရေးဝန်ထမ်းတွေဖြစ်ကြပါတယ်။ ထပ်ပြီး ကြိုးစားကြတော့လည်း ဘွဲ့တွေဘာတွေရကြပြီလေ၊ ဘွဲ့ရတော့ ထောင်မှူးဆိုတဲ့ အရာရှိဝင်ပေါက်ကို ဝင်ရောက် ဖြေဆိုကြတာပေါ့။ အောင်မြင်တဲ့သူတွေက ထောင်မှူးဆိုတဲ့ အရာရှိတွေဖြစ်ကုန်ကြတာပေါ့။ ဒီနေရာမှာ ကြုံလို့အလုပ်လာလျှောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းကို ပြောပြချင်ပါတယ်၊ သူ့ကို အင်တာဗျူး မေးခွန်းမေးကြည့်ပါတယ်-

"ပညာအရည်အချင်း" လို့မေးတာ

"ဘာကိုဆိုလိုတာလဲ" လို့ပြန်မေးပါတယ်။ ဒီတော့-

"ဘယ်နှစ်တန်းအောင်သလဲ" လို့မေးတော့ သူက-

"ဒုတိယတန်း" တဲ့။

"ဒုတိယတန်းဆိုတော့ ဘယ်နှစ်တန်းတုန်း" လို့ပြန်မေးတော့-

"လေးတန်း" တဲ့။ ဒီတော့ စိတ်မရှည်လေသံနဲ့-

"မင်း ပထမပြောတော့ ဒုတိယတန်းဆို၊ အခုလေးတန်း ဖြစ်နေပြန်ပြီ ဘယ်လို ဖြစ်ရတာလဲ" လို့ပြန်မေးတော့-

"ဟုတ်တယ်လေ" တဲ့

"မင်းဟာက ငါနားမရှင်းဘူး" ဆိုတော့

"စာရေးကြီးကလည်း ကျွန်တော်က ပထမနှစ်မှာ ကြက်ချေးတန်း၊ ဒုတိယနှစ်မှာ သူငယ်တန်း၊ တတိယနှစ်မှာ တစ်တန်း၊ စတုတ္ထနှစ်မှာ နှစ်တန်းလေ၊ တစ်နှစ်မှ မကျဘူး၊ စုစုပေါင်းတော့ လေးတန်းပေါ့ဗျ" တဲ့။

"ဟုတ်ပါပြီဆရာရယ် ကျွန်တော်မှားပါတယ်" လို့ ပြန်ပြောလိုက်ရပါတယ် နောက်တစ်ယောက်ကျတော့-

"ပညာအရည်အချင်း" ဆိုတော့-

"စာမတတ်ဘူးတဲ့"

"ဒါဆိုအလုပ်မရဘူး" လို့ဆိုတော့-

"ရပါတယ်လို့ပြောပါတယ်" တဲ့။

"ဘယ်သူကပြောလဲ" ဆိုတော့-

"ရဲဘက်တပ်စိတ်မှူးက" တဲ့။

"သူတောင် စာမတတ်ပဲအလုပ်ရတာတဲ့" လို့ဆက်ပြောပြန်တယ်။ ဒါနဲ့

"မင်းက ဘာဝန်ထမ်းလုပ်မှာလဲ" လို့ မေးလိုက်တော့-

"ရဲဘက်လုပ်မှာ" တဲ့။ ဒီတော့မှ သဘောပေါက်သွားတယ်။

ဌာနအကြောင်း သေသေချာချာမသိ နားမလည်တဲ့ ရှာသားတွေကို တစ်စုံတစ်ယောက်က အချွန်နဲ့မပြီး ဂျောက်တွန်းလိုက်ပြီဆိုတာကို။

## (၁၄)

အကျဉ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောက်ရွက်နေတဲ့ နိုင်ငံပိုင်လွှန်ကျော်စိုက်ကွင်း မဖော်ထုတ်ခင်ကတည်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ လွှန်ကျော်စိုက်ပျိုးရေး သုတေသနခြံရှိခဲ့တာပါ၊ ကိုကိုတို့စခန်းရဲ့ အရှေ့မြောက်ဖက်မှာ တည်ရှိတာပါ၊ အဲ့ဒီခြံကတော့ ယနေ့အထိရှိနေပြီး ချည်မျှင်ရှည်ဝါသုတေသနလုပ်ငန်းများ ဆောင်ရွက်နေတာပါ၊ အဲ့ဒီခြံကကိုကိုတို့စခန်းထက်နှစ်ပေါင်းများစွာစောပြီး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပေမဲ့ လူသိနည်းနေတာပါ၊ ကိုကိုတို့စခန်းကိုတော့ ဝန်ကြီးများ မကြာခန လာရောက်စစ်ဆေးနေပါတယ်။

ဝန်ကြီးလေးပါးနဲ့အတူ ဝန်ကြီးချုပ်လာစစ်တော့ ရဟတ်ယာဉ် ၃စီးတောင် လာတာဆိုတော့ လူသိပိုများတာပေါ့။ ဒီတော့ တယ်လီဖုန်းတပ်ဆင်တဲ့အဖွဲ့ကလည်း လွှန်ကျော်ခြင်းမှားပြီးလာတပ်ခဲ့တာဖြစ်ကြောင်းကို ရေးခဲ့ပြီးပါပြီ၊

အဲ့ဒီအခြေအနေကို စနစ်တကျစာရေးပြီး ရုံးချုပ်ကို အစီရင်ခံလိုက်ရပါတယ်။ ဒီတော့မှ ရုံးချုပ်ကလည်း အနီးဆုံးဖြစ်တဲ့ မြစ်သားမြို့ အိတ်ချိန်းနဲ့ပြောင်းပြီး ဆက်သွယ်စေခဲ့ပါတယ်။ တယ်လီဖုန်းဆက်သွယ်ခနဲ့ ပြောဆိုခတွေကလည်း ရန်ပုံငွေတွေချပေးမည်ဖြစ်ကြောင်း ပြန်ကြားလာပါတယ်။

ဘာပြောပြော တောထဲတောင်ထဲမှာ တယ်လီဖုန်းဆက်သွယ်ခွင့်ရလာပါတယ်။ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းက လွှန်ကျော်ခြံအတွက်ကတော့ ဆက်သွယ်ရေးကနေ နောက်တစ်ကြိမ်ပြန်သွယ်ပေးရတာပေါ့။ ကိုကိုတို့စခန်းအတွက်တယ်လီဖုန်းကို ပေတော(၆၃၈)ကွင်းမှာရှိတဲ့စခန်းတာဝန်ခံရုံးမှာ တပ်ဆင်ထားပါတယ်၊(Extension)အဖြစ်(၆၄၀)ကွင်းမှာရှိတဲ့ စခန်းတာဝန်ခံအိမ်မှာလည်း တတ်ဆင်ထားပါတယ်၊ တစ်ချက်လှည့်ရင် တာဝန်ခံအိမ်နဲ့ရုံးကိုအပြန်အလှန်ခေါ်တာဖြစ်ပြီး သုံးချက်လှည့်ပါက အိတ်ချိန်းကိုခေါ်တာဖြစ်ကြောင်း ဇတ်တိုက်လေ့ကျင့်ထားရပါတယ်။ တယ်လီဖုန်းရတာကကောင်းပေမဲ့ အပြေးအလွှားတွေလည်းဖြစ်ရပါတယ်၊ တစ်ခါတော့ ရုံးချုပ်ကဖုန်းလာပါတယ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက စခန်းတာဝန်ခံကို ဝန်ကြီးများရုံးမှာ မနက်ဖန်အရောက်လာတွေ့ပါတဲ့၊ ဒီတော့စခန်းတာဝန်ခံက-

"ဟော့ကောင် မင်းက စီမံချက်တို့အစီရင်ခံစာတို့ယူခဲ့၊ ပြီးရင် အိမ်ပြန်ပြီး မင်းရဲ့ အဝတ်အစားတွေထည့် အားလုံးပြီးရင်ရုံးကစောင့်နေ ငါလည်းအိမ်ပြန်ပြီး ယူစရာရှိတာတွေယူပြီးအမြန်လာခဲ့မယ်" ဆိုပြီးအိမ်ပြန်သွားပါတယ်။

နာရီဝက်လောက်အကြာ နံနက် ၁၀ နာရီလောက်မှာတော့ ဆရာတပည့်နှစ်ယောက် လွှန်ကျော်စခန်းကနေ ကျောက်ဆည်မြို့ကို စတင်ထွက်ခွာကြရပါတယ်၊ ကျောက်ဆည်ဘူတာကို နံနက် ၁၁း၃၀ လောက်မှာ ရောက်ကြပါတယ်။ မန္တလေး-ရန်ကုန် စာပို့ရထားလက်မှတ်ဝယ်ရပါတယ်။ ကိုကိုတို့ရောက်ချိန်က မန္တလေးကနေ စာပို့ရထားထွက်လာချိန် ဖြစ်နေပါတယ်။ အထက်တန်းရော၊ ရိုးရိုးတန်းပါထိုင်ခုံလက်မှတ်မရတော့ပါဘူး။ ထုံးစံအတိုင်းရိုးရိုးတန်းထိုင်ခုံမဲ့ နှစ်စောင်ဝယ်လိုက်ရပါတယ်။ ဒီတစ်ခါတော့ရုံပိုင်ကြီးက စာတိုက်တွဲကတွဲထိန်းကို ပြောပြီးတင်ပေးလိုက်ပါတယ်။ ဆရာတပည့်နှစ်ယောက်ရထားပေါ်ကို တိုးပြီးတက်စရာမလိုတော့ပါဘူး၊ စာတိုက်တွဲပေါ်ကို အေးအေးဆေး တက်လိုက်ရပါတယ်၊ စာတိုက်တွဲပေါ်ကိုရောက်မှ စခန်းတာဝန်ခံကလည်း ဒုတိယဝန်ကြီး

ကိုတင်ပြဖို့ အစီရင်ခံစာလေးတစ်စောင်ဖြစ်အောင်ပြင်ဆင်ရတာပေါ့။ ဒုတိယဝန်ကြီးကလည်းအသစ်ရောက်လာသူဖြစ်နေပါတယ်။ ဒုဝန်ကြီးကတော့ ဗိုလ်မှူးကြီးမင်းနောင်ပါ၊ အစီရင်ခံစာအတွက် လုပ်ငန်းအခြေအနေတွေကိုလည်း တပည့်ဖြစ်သူကိုကိုနဲ့ တိုင်ပင်လို့ ရေးသားကြရတာပေါ့။ လွန်ကျော်စခန်းရဲ့ဖြစ်စဉ်သမိုင်းနဲ့တိုးတက်မှုရဲ့ နောက်ဆုံးအခြေအနေတို့စာတိုက်တွဲပေါ်မှာ ရထားစီးနေရင်းရေးသားပြုစုကြရပါတယ်။ နောက်ဆုံးတော့ ဒုဝန်ကြီးအား တင်ပြမဲ့အစီရင်ခံစာလက်ရေးမူ စာကြမ်းလေးတစ်စောင်ဖြစ်လာပါပြီ၊ ဒီလိုနဲ့ ရထားပေါ်မှာစာရေးကြရင်း ညပိုင်းမှာတော့ စခန်းတာဝန်ခံဗိုလ်ကြီးကစာတိုက်တွဲရဲ့ ဖိုင်တင်စင်အလွတ်ပေါ်တက်အိပ်လိုက်တာပေါ့၊ တပည့်ဖြစ်သူ ကိုကိုကတော့ စာအိပ်တွေကိုထည့်ထားတဲ့အဝတ်အိတ်ကြီးတွေကို မှီလို့မှေးရတာပါ၊ ရန်ကုန်ဘူတာကြီးကိုရောက်တာနဲ့ အငှားကား(သုံးဘီး)ငှားလို့ ဗိုလ်ချုပ်လမ်းက အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးကို ချီတက်ရပါတယ်။ ရုံးချုပ်ကိုရောက်တော့ နံနက်(၁၀)နာရီ ရှိနေပါပြီ၊ ညွှန်ကြားရေးမှူးချုပ်ကို သွားသတင်းပို့ခဲ့ပါတယ်။ ဒါပေမဲ့ညွှန်ချုပ်မရှိတဲ့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူးကိုသာသတင်းပို့ခဲ့ရပါတယ်။ စိုက်မွေးညွှန်မှူးက ဒုဝန်ကြီးထံကိုသာ အမြန်သွားဖို့လမ်းညွှန်ပါတယ်။ ဒီလိုနဲ့ ဆရာတပည့်နှစ်ယောက်ကဝန်ကြီးများ ရုံးကို ကမန်းကတန်း ဆက်လက်ချီတက်ခဲ့ပါတော့တယ်။ လွန်ကျော်ရက်စွဲတွေထဲက အသည်းအသန် ဆောင်ရွက်ခဲ့ကြရတဲ့ အမှတ်တရ ဖြစ်ရပ်လေးတစ်ခုပါ။

## (၁၅)

လွန်ကျော်စခန်းမှာ လုပ်ငန်းတွေများလာသလို လူကြီးတွေကလည်း စိတ်ဝင်စားမှု များလာပါတယ်။ စခန်းရဲ့လုပ်ငန်းစီမံချက် ရေးဆွဲရတာပြဿနာနည်းပေမယ့် (ဘတ်ဂျက်) ရန်ပုံငွေရေးဆွဲရတာ ခက်ခဲလှပါတယ်။ လွန်ကျော်စခန်းရဲ့ ဖွဲ့စည်းပုံအတိုင်းဝယ်ရမဲ့ စက်ကရိယာတွေက များပြားပါတယ်။ ပိုးသတ်ဆေးတွေကလည်း နိုင်ငံခြားက တိုက်ရိုက်မှာရတော့ဈေးကြီးပါတယ်။ ဒီတော့ အရှုံးအမြတ်မှာ အရှုံးဖက်ကို ဦးတည်နေတာက များပါတယ်။

ပြည်ထဲရေးဝန်ကြီးကတော့ "ရှုံးပါစေ၊ ဒို့ကပြည်တွင်းငွေပဲ ရှုံးတာကွ၊ ချည်ထည်တွေကို နိုင်ငံခြားကတင်သွင်းမဲ့အစား ပြည်တွင်းမှာအဆင့်မြင့်

ချည်မျှင်ရှည်ဝါတွေစိုက်ပျိုးကြမယ်၊ နောက်ပြီး ချည်ထည်တွေကို ကိုယ်တိုင် ထုတ်လုပ်ကြမယ်၊ ဒါဆိုရင် ပြည်ပကို နိုင်ငံခြားငွေအတွက် သက်သာမယ်၊ ဒါ့အပြင် မြေလွတ်မြေရိုင်းတွေကနေ စိုက်ပျိုးမြေတွေဖြစ်ပေါ်လာမယ်'' လို့ပြောပါတယ်။ လွှန်ကျော်စခန်းရဲ့စီမံချက်နဲ့ ရန်ပုံငွေရေးဆွဲဖို့ ဗိုလ်ကြီးရယ်၊ ကိုထွန်းသန်းရယ်၊ ကိုကိုရယ် အကျဉ်းဦးစီးဌာန ရုံးချုပ်ကိုရောက်နေကြတာဖြစ် ပါတယ်။ ၃ ရက်လောက်လုပ်လိုက်ကြရပါတယ်။ လုပ်ငန်းပြီးစီးသွားတဲ့ ဘတ်ဂျက်မူကြမ်းကို စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူးကိုတင်ပြ လိုက်ပါတယ်။ စိုက်မွေးညွှန်မှူးက အတည်ပြုလို့ စီမံကိန်းလုပ်ငန်းရုံးကို ဆက် တင်လိုက်ပါတယ်။ ညနေရုံးဆင်းတော့ စိုက်မွေးညွှန်မှူးနဲ့ဗိုလ်ကြီးတို့ကပြန်သွား ပါတယ်။ ကိုကိုနဲ့ ကိုထွန်းသန်းတို့ကတော့ စိုက်မွေးရုံးမှာ ကျန်ခဲ့ပါတယ်၊ အဲ့ဒီရုံးမှာ အချိန်ပိုဆင်းတဲ့ ရုံးအဖွဲ့နဲ့လက်နှိပ်စက်ရိုက်နေကြတာပေါ့။ အဲ့ဒီအချိန်က အလုပ်စခန်းတွေက လာရောက်ကြတဲ့ တာဝန်ခံနဲ့တပည့်တွေဟာ ရန်ကုန်မှာ တစ်ခြားတည်းစရာနေရာမရှိရင် စီမံကိန်းရုံးရဲ့အပေါ်ထပ် စိုက်မွေးရုံးရဲ့ဘေးက အခန်းလွတ်မှာ တည်းခိုကြရပါတယ်။

လုပ်ငန်းအကြောင်းပြန်ဆက်ရရင် ည ၉ နာရီလောက်မှာ စီမံကိန်းရုံးကနေ စိုက်မွေးရုံးကို ဖုန်းလာပါတယ်။ လွှန်ကျော်အဖွဲ့စီမံကိန်းရုံးကိုလာခဲ့ပါတဲ့။ ဒီတော့ ကိုကိုနဲ့ ကိုထွန်းသန်းက မှတ်စုစာအုပ်ကလေးတွေ ကိုယ်စီကိုင်လို့စီမံကိန်းရုံးကို သွားလိုက်ပါတယ်၊ စီမံကိန်းရုံးရောက်တော့ ညွှန်ကြားရေးမှူးက အတော်လေး တင်းမာတဲ့မျက်နှာထားနဲ့-

''မင်းတို့ဆရာတွေရော''စခန်းတာဝန်ခံနဲ့ စိုက်မွေးညွှန်မှူးကို ရည်ရွယ်လို့ မေးလိုက်တာပေါ့၊ ကိုကိုတို့နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ဘူးသလိုနဲ့ကြည့်နေတုန်း-

''မရှိဘူးမဟုတ်လား၊ ဒီတော့မင်းတို့ပဲတာဝန်ယူပေါ့ကွ''လို့ ဒီဂရီ တက်နေ တဲ့လေသံနဲ့ ဆက်ပြောက်ပါတယ်၊ နှစ်ယောက်လုံးကတော့ ဝစီပိတ် ကျင့်နေလိုက် ပါတယ်၊ ဒီတော့ ညွှန်မှူးကမတ်တတ်ထရပ်ပြီး-

''မင်းတို့စခန်းက ရန်ပုံငွေ တင်ပြတာတွေက အရမ်းများနေတယ်၊ အဲ့လောက်ခွင့်မပြုနိုင်ဘူး၊ ငါဖြတ်ထားတဲ့အတိုင်းပြန်လုပ်ခဲ့၊ ပြီးရင်ပြန်လာပြ ငါစောင့်နေမယ်''

လို့ပြတ်ပြတ်သားသားပြောလိုက်ပြီး သူ့ရဲ့စားပွဲပေါ်ကို စာရွက်တွေ ပစ်ချလိုက်ပါတယ်၊ ကိုကိုတို့နှစ်ယောက်သားက သိပ်စဉ်းစားမနေပါဘူး။ လေသံ ခပ်မာမာနဲ့-

"ဟုတ်ကဲ့"လို့ တိုတိုတုတ်တုတ် ပြန်ပြောလိုက်ပါတယ်။ နောက်ပြီး စာရွက်တွေကို ကောက်လို့ပြန်လာလိုက်တာပေါ့။ စိုက်မွေးရုံးပေါ်ရောက်မှဖြတ် ထားတဲ့ငွေတွေကို ပြန်စစ်လိုက်တာ၊ ပိုးသတ်ဆေးအပိုင်းမှာ များနေပါတယ်၊ ဒီတော့ကိုကိုက-

"ကဲသူငယ်ချင်းရေ ဘယ်လိုလုပ်ကြမလဲ" ကိုထွန်းသန်းကလည်း ပဲခူး သနပ်ပင် နွားတံဆိပ်ဆေးပေါ့လိပ်ကိုဖွာရင်း-

"အေးကွ ဗိုလ်ကြီးက ၈ မိုင်မှာတည်းတာ သူ့ကိုဆက်သွယ်ရအောင် ကလည်း အဲ့ဒီအိမ်မှာ ဖုန်းကမရှိဘူး"

ကိုကိုကလည်း လက်ထဲက ရန်ပုံငွေဇယားကိုစိုက်ကြည့်ရင်း-

"အေးဟုတ်တယ်၊ မနက်ထိစောင့်နေလို့ကလည်း မဖြစ်ဘူး။ ဘယ်လို လုပ်မလဲ"

ကိုထွန်းသန်းက ဖွာလက်စဆေးလိပ်ကိုဘေးချပြီး-

"အချိန်ကလည်း တဖြေးဖြေးညဥ့်နက်လာပြီ၊ဘာမှစဉ်းစားမနေနဲ့ ၈ မိုင်ကို သွားပြီး ဗိုလ်ကြီးကို တင်ပြကြမယ်" ဒီတော့ကိုကိုကလည်း-

"အေးကောင်းတယ်" လို့ပြောပြီး ရန်ပုံငွေဇယားတွေကို ပိုက်လို့နှစ်ယောက် သား စိုက်မွေးရုံးအပေါ်ထပ်ကနေ အောက်ထပ်ကို ခြေသံမကြားအောင် ချွတ်နင်း လို့ အသာဆင်းလိုက်ကြပါတယ်။ အောက်ရောက်တော့ စီမံကိန်းရုံးဘေးကနေ ဗိုလ်ချုပ်လမ်းကို ရုံးထဲမှာထိုင်နေတဲ့ ညွှန်မှူးမမြင်အောင် ပုန်းထွက် လိုက်တာ ပေါ့၊ ဒီအထိကပြဿနာမရှိပေမဲ့ လမ်းဘေးရောက်တော့ အရှေ့ဘက်သွား ဖို့ပြင်လိုက်ပါတယ်။

စီမံကိန်းရုံးရဲ့တောင်ဘက်(ဗိုလ်ချုပ်လမ်းဘက်) ပြတင်းပေါက်ကဖွင့် ထားတဲ့အပြင် အထဲက စကားသံတွေကိုပါ ကြားနေရတာပေါ့၊ ပိုဆိုးတာက အထဲက မီးရောင်က ပြတင်းပေါက်ကနေလမ်းပေါ်ကိုကျနေတာပါ၊ ဒီတော့ ကိုထွန်းသန်းက မေးငေါ့ပြီး (ဘယ်လိုသွားကြမလဲလို့ အသံတိတ် အချက်ပြ) ပါတယ်၊ ကိုကိုကလည်းလက်ထဲကစာရွက်တွေကိုအသာပိုက်လို့ ပြတင်းပေါက်

အောက်ကနေ မိချောင်းတက်နဲ့ သွားပြလိုက်တာပေါ့၊ သူလည်းမိချောင်းတက်နဲ့ဖြတ်လိုက်ပါတယ်၊ မီးရောင်လွန်သွားမှ နှစ်ယောက်သား စိန်ဂျွန်းဈေးဘက်ကိုအပြေးတက်ကြတာပေါ့၊ ပြည်လမ်းမကြီးပေါ်မှာ မီးရောင်တွေလင်းနေပါတယ်၊ ဒါပေမဲ့ ညကတိတ်ဆိတ်လွန်းပါတယ်၊ ကားအသွားအလာကလည်းမရှိပါဘူး၊ နှစ်ယောက်သား စိန်ဂျွန်းဈေးကိုကျောပေးလို့ ကားစောင့်နေတာပေါ့၊ မိနစ် ၂၀ လောက်ကြာမှ သုံးဘီးကားတစ်စီးကိုတွေ့လိုက်ပါတယ်။

"အဲ့ဒီကားကိုတားကွာ" လို့ ကိုထွန်းသန်းကပြောတော့ ကိုကိုကလည်း တားလိုက်ပါတယ်၊ သုံးဘီးကားကလေးက အရှိန်သတ်လို့ ရပ်ပေးတာပေါ့၊ ကားဆရာက၊

"ဘယ်သွားမှာလဲ"

"၈ မိုင်ပါ"

"၂၅ကျပ်တော့ပေး"

"များတယ်ဗျာ ၂၀ ထား"

ဒီတော့ကားဆရာလည်း-

"ရတယ်လေ တက်"

ဒီတော့နှစ်ယောက်လုံး ကားပေါ်တက်တော့ ကားဆရာကလည်း မောင်းလိုက်တာ ပြည်လမ်းမကြီးကို သူတစ်ယောက်တည်း ပိုင်တာကြနေတာပဲ၊ လမ်းရဲ့အလယ်ရောက်လိုက်၊ လမ်းဘေးကိုရောက်လိုက်နဲ့ပါ ကားအသွားအလာရှင်းလို့တော်ပါသေးတယ်၊ သူ့ဘယ်လိုမောင်းမောင်း နောက်ကလိုက်ပါလာတဲ့ နှစ်ယောက်သားကတော့ အိပ်ရေးပျက်တာတွေ များတာရယ်၊ အတွေးကိုယ်စီတွေးတာတွေကို ပေါင်းပြီးစပ်ပြီး စကားမပြောတော့ပဲ၊ မှေးတစ်ချက်ငိုက်တစ်ချက်နဲ့ပေါ့၊ ကားက ၇ မိုင်လောက် အရောက်မှာတော့-

"ဝုန်း" ဆိုတဲ့အသံကို ကြားလိုက်တော့ နှစ်ယောက်စလုံးမျက်လုံးပြူးပြီး လန့်သွားတာပေါ့၊ လမ်းဘေးဝဲယာကိုကြည့်လိုက်တော့လည်း သုံးဘီးက မြက်တောထဲရောက်နေပါပြီ၊ ဒါပေမဲ့ ကားကမရပ်သေးပဲ ကားဆရာက ကားကို ဖွတ်အတင်းလမ်းပေါ် ဆွဲတင်မောင်းနေတာပါ၊ နောက်ကလူတွေကတော့စကောထဲ ဇီးသီးထည့်လိုမွှေသလိုဖြစ်နေတာပေါ့၊ ပါးစပ်ကလည်း အော်မိအော်ရာ၊ တ,မိတ,ရာတွေအော်လို့ တ,လို့ပေါ့၊ ကိုကိုကထိုင်ခုံကို မြဲမြဲဖက်ထားလိုက်ပါတယ်၊ ကိုထွန်းသန်းကတော့ ကြမ်းပြင်မှာ ပြားပြားဝပ်လို့ပေါ့၊ မကြာလိုက်ပါဘူး။

''ဒုံး''ဆိုတဲ့အသံကြားလို့ လှမ်းကြည့်လိုက်တော့ ကားက လမ်းဘေးက ဓာတ်တိုင်ကို ဝင်တိုက်ပြီး ရပ်သွားတာတွေ့လိုက်ရတာပေါ့၊ ဒီတော့ကားပေါ်က အပြေးဆင်းလိုက်ရပါတယ်၊ နှစ်ယောက်သားလည်း ဒူးရော၊ တစ်တောင်တွေမှာ ပါ ညှိမဲကုန်ကြတာပေါ့၊ ကားဆရာ ကိုဘသောင်းကတော့ နဖူးမှာ အာလူး ဖူးသီးထလို့ပါ၊ ဒီတော့ ကိုကိုက စိတ်ဆိုးတဲ့လေသံနဲ့-

''ခင်ဗျားဗျာ ဘယ်လိုမောင်းတာလဲ မသေကောင်းမပျောက်ကောင်း ကံကောင်းလို့ပေါ့'' ဆိုတော့ ကားဆရာက နဖူးပေါ်က အာလူးသီးကို သူ့ပုဆိုးနဲ့ကျပ်ပူတိုက်ရင်းက

''တောင်းပန်ပါတယ်ဗျာ ကျွန်တော်က အမောင်းသင်နေတာပါ ဆရာတို့ ရယ်''တဲ့။ ဒီတော့ကိုထွန်းသန်းကလည်း

''မင်းအစကပြောပါလား'' လို့နာသွားတဲ့ဒူးခေါင်းကို ပွတ်ရင်း ပြောတာ ပေါ့၊ ဒီတော့ကိုဘသောင်းကလည်း စိတ်ပျက်လက်ပျက်ငိုမဲ့မဲ့အသံနဲ့-

''ကားခလည်း မပေးပါနဲ့တော့ဆရာတို့ရယ်''တဲ့။ ကိုကိုကလည်း-

''ဒါဆိုလည်းပြီးရော''ဆိုပြီး ဒူးနာနေတဲ့နှစ်ယောက်သားမှာ ထော့နဲ့ ထော့နဲ့ နဲ့ဖြေးဖြေးလေး ခြေလျင်ဆက်လျှောက်ခဲ့ရပါတယ်။

(၁၆)

''ဟော့ကောင် မင်းခြေထောက် အောက်မှာမြွေမြွေ''ဆိုတော့ ကြောက်အား လန့်အားနဲ့ထခုန်လိုက်တာများ၊ မျောက်ငပိကိုင်မိုင်မိသလိုပါပဲ၊ ထခုန်လိုက်တဲ့သူက လူသတ်မှုနဲ့ထောင်ကျလာတဲ့ ရဲဘက်ပါ၊ သူကတော့ အသက်(၂၅)နှစ်လောက်ပဲ ရှိမယ့် တိုင်းရင်းသားတစ်ဦးပါ၊ အသားဖြူဖြူ အရပ်ပုပု၊ဂျစ်ကန်ကန်ပုံစံနဲ့ပါ၊ သူဝါစိုက်နေတာက တစ်ကျင်းကိုဝါစေ့ ၅စေ့ကနေ ၇စေ့အထိပဲ ထည့်ရမှာကို လက်တစ်ဆုပ်အစေ့ ၅၀ လောက်ထည့်နေတာပါ၊ သူ့လုပ်ရပ်ကိုမြင်တဲ့ကိုကိုက-

''ဟော့ကောင် ဒီမှာ၊မင်းက ဝါစေ့တွေ စိုက်ကျင်းထဲထည့်နေတာအရမ်းများ တယ်၊ မင်းကို မင်းဆရာက မပြောဘူးလား''ဆိုတော့ ကြောင်တောင်တောင်နဲ့ ကြည့်နေတယ်၊ ဒီတော့-

''ပြောနေတာမကြားဘူးလား''လို့ပြောမှ၊ စကားပြန်ရဲဘက် တစ်ဦး ရောက်လာပါတယ်၊စကားပြန်က တိုင်းရင်းသား စကားရော၊ မြန်မာစကားပါ ကျွမ်းကျင်ပါတယ်၊ စကားပြန်ကပြောတာက-

"ဆရာကြီးသူက ဗမာစကား နားမလည်ဘူး" ဒီတော့ ကိုကိုက

"အော်ဟုတ်လား၊ ဒါဆို ခင်ဗျားပဲကြည့်ပြောပေးလိုက်ပေါ့"လို့ ပြောပြီး တစ်ခြားရဲဘက်တွေ ဝါစိုက်တာကို လိုက်ကြည့်နေလိုက်ပါတယ်။ ဒီလိုနဲ့ဗမာစကားမတတ်သူရဲ့နောက်ကိုမသိမသာ အသာလေးခြေသံမကြားအောင် သွားလိုက်ပါတယ်၊ သူ့အနားကိုရောက်တော့မှ သူ့နောက်ကနေ မြွေ မြွေ ဆိုပြီး အော်လိုက်တာပါ။ ဒီတော့မှထခုန်တဲ့ ငနဲသားကို

"မင်းက ဗမာစကားနားမလည်ဘူးဆို"လို့မေးလိုက်တော့

"နီးနီးသော့ သတ်လယ်"တဲ့ ဒီတော့ ကိုကိုက

"အေး နီးနီးသတ်ရင် ကွန်းကွန်းကွန်း စိုက်ကွာ"လို့ပြောလိုက်တော့

"အေးပါ"တဲ့၊ ကြည့်လေ ဒါလည်း လက်ကောက်တစ်မျိုးပါဘဲ၊ အေးလေ ပြောသာပြောရတာပါ၊ သူတို့လည်း အလုပ်ပင်ပန်းလာတော့နားချင်လို့ နည်းမျိုးစုံ ထွင်ကြရတာနေမှာပေါ့၊ ဒါပေမဲ့ ဆရာတွေကလည်း(၁၂)ကြိုးတတ်ထားတော့၊ လက်ကောက်တွေကိုဖြောင့်ပေးတတ်ပါတယ်။

အလုပ်စခန်းရဲ့ အဓိကစိုက်ပျိုးရေးသီးနှံက ချည်မျှင်ရှည်ဝါဖြစ်ပါတယ်၊ ချည်မျှင်ရှည်ဝါကတော့ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ အဓိကကုန်ကြမ်းပါ၊ ဒေသခံတောင်သူတွေလည်း ဝါစိုက်ကြပါတယ်၊ ဒါပေမဲ့ သူတို့ကချည်မျှင်ရှည်ဝါမျိုးကိုစိုက်ပျိုးသူနည်းပါတယ်၊ သာမန်ဒေသခံမျိုးတွေကိုသာ စိုက်ကြပါတယ်။ စခန်းမှာတော့ချည်မျှင်ရှည်ဝါကို စတုန်းဘီးလ် ၇၊ စတုန်းဘီးလ် ၂၁၃နဲ့ အက်စ်အာတီ ၁ ဆိုပြီး အမျိုးအစား သုံးမျိုးလောက် စိုက်ပျိုးခဲ့ပါတယ်။

## (၁၇)

လွန်ကျော်ရဲဘက်စီမံကိန်းနှင့် စိုက်ပျိုးမွေးမြူရေးအလုပ်စခန်းအနေဖြင့် ၁၉၈၃ ခုနှစ်မှာ ဖော်ထုတ်ပြီးမြေဧက(၂၀၀၀)ကျော်လာပါပြီ။ မြေဧကပေါင်း(၁၅၀၀)ကိုလည်း စိုက်ပျိုးနေပြီဖြစ်ပါတယ်၊ ထို့အပြင် မော်တော်ယာဉ်များ၊ စိုက်ပျိုးရေးသုံး လယ်ထွန်စက်နှင့် ဆက်စပ်ကရိယာများ၊ ရေစုတ်စက်မျိုးစုံ၊ခေတ်မီ ဆေးဖြန်း ကိရိယာမျိုးစုံတို့ကိုလည်း ပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်၊ အလွန်သာယာသော စခန်းတစ်ခုဖြစ်သလို ဧည့်သည်များလည်း မကြာခဏ လာရောက်လည်ပတ်

ကြပါတယ်၊ လစဉ်လိုလို ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ၊ ပိတ်ကားထောင် ရုပ်ရှင်များ၊ ကထိန်ကဲ့သို့သော အလှူအတန်းများနှင့် စည်ကားလျက် ရှိပါတယ်၊ စခန်းတာဝန်ခံ ဗိုလ်ကြီးသန်းထွန်းလည်း ရာထူးတိုးလို့ ရောဝတီ တိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူး ဖြစ်သွားပါတယ်။ တိုက်ဆိုင်တယ်လို့ ပြောရမလား၊ အဆိုပါကာလ၏ နောက်ပိုင်းမှာ လွန်ကျော်စခန်းဟာ စတင် ပျက်စီးလာပါတယ်၊ ခန့်မှန်း ၁၉၈၄ ခုနှစ်လောက်ကစပြီး လွန်ကျော်စခန်းမှ အင်အားစုများကို ရုပ်စောက်မြို့နယ် ထီးခမ်းနှင့်ဘန်းကန် ကော်ဖီစိုက်ပျိုးရေးအလုပ်စခန်းသို့ စတင်ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာ လွန်ကျော်စခန်းရဲ့ ဖော်ထုတ်ပြီး မြေနှင့်မဖော်ထုတ်ရသေးသောမြေများ၊ ဆောက်လုပ်ထားသော အဆောက်အဦ အားလုံးကို လွန်ကျော် စိုက်ပျိုးရေးသုတေသန ခြံသို့ လွှဲပြောင်း ပေးအပ်လိုက် ပါတော့တယ်။

တစ်ချိန်တစ်ခါက တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ လွန်ကျော်ရဲ့ အမှတ်တရ ရက်စွဲကာလများက လွမ်းဆွတ်ဖွယ် ကောင်းလှပါတယ်။ တာဝန်မှ အငြိမ်းစား ယူခဲ့ပြီးပေမယ့်လည်း မကြာခန သတိရနေမိလောက်အောင် လွန်ကျော်က ကျွန်တော့်ဝန်ထမ်းဘဝရဲ့ ဆေးရောင်စုံပန်းချီကားတစ်ချပ်ပါပဲ။

ထောင်မှူးကြီးကိုကို

## ကျွန်မနဲ့အဝေးဆုံးသူများ

ကျွန်မနဲ့ ထောင်က မနီးစပ်ပါ။ ကျွန်မတို့ မိသားစုအသိုင်းအဝိုင်းမှာ ဥပဒေကိုချိုးဖောက်လို့ အပြစ်ကျသူမရှိ၊ အကျဉ်းဦးစီးမှာ တာဝန်ထမ်းဆောင်သူ မရှိပါ။

ကျွန်မအဘိုး၊အဘွားတွေက ရပ်ကွက်လူကြီးခေါ်ရင်တောင် သိက္ခာကျလှပြီ၊ ဖြူစင်တဲ့အသက်မွေး ဝမ်းကျောင်းနဲ့ ရှင်သန်ရပ်တည်ပြီး အမှောင်နယ်မြေလို့ သတ်မှတ်တဲ့ နေရာဒေသနဲ့ ခပ်ဝေးဝေး ခပ်ကင်းကင်းနေကြ၏။ ဂုဏ်သိက္ခာကို အသက်နဲ့ထပ်တူ တန်ကြေးထားကြသောသူများပါ။

ကျွန်မကြီးပြင်းလာ၍ ကျောင်းနေသည့်အခါမှစ၍ အချုပ်ကားကြီးများကို လုံးဝမကြည့်ပါ၊ မြင်ရင်ကျောခိုင်းပြီး ရပ်နေဖြစ်တတ်၏။

အရပ်ထဲမှာ မှူးပြီးပြန်လာတဲ့လူက ထောင်ထွက်တစ်ယောက်လို့သိတိုင်း မျက်နှာလွှဲပြီး မကြည့်ပါ။

ထိုသူကိုကြောက်သလို ထိုသူ၏ အပြုအမူကိုလည်း လက်မခံနိုင်၍ ဖြစ်ပါသည်။ တခါတလေ မျက်နှာရောင်စုံမလေးများကိုမြင်ရင်လည်း သိတဲ့သူများက တီးတိုး ပြောကြ၏။

''အဲ့ဒါ ဟိုဟာလုပ်စားတဲ့သူတွေတဲ့''

ငယ်သေးတော့ ဟိုဟာ လုပ်စားတာကို သဘောမပေါက်နားမလည်ပါ။ တည့်တည့်မကြည့်ဘဲ အိမ်အပေါ်ထပ်မှ ချောင်းကြည့်ခဲ့သူပါ။

ဤကဲ့သို့သော ကျွန်မသည် ၂၃-၇-၇၉ မှာ အကျဉ်းဦးစီးဌာနသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကြောက်တာကတစ်ပိုင်း၊ မလုပ်ချင်တာကတစ်ပိုင်း၊ ဒါပေမဲ့ ဆယ်တန်းကို နှစ်နှစ်ကျပြီးချိန်မှာတော့ မိဘများကို အားနာသနားပြီး ကျွန်မရဲဆေးတင်ကာ အကျဉ်းဦးစီးကိုခြေချခဲ့ပါသည်။

(၂)

ကျွန်မရှေ့မှာ အသားမည်းမည်း ခပ်မိုက်မိုက်နဲ့ထိုင်နေတာ ဗိုလ်မှူးဘမှန်တဲ့။ သူက ညွှန်ကြားရေးမှူးတဲ့။ ထိုလူကြီးဘေးမှာ ထိုင်နေတာတော့ ကတုံးနဲ့ ခပ်ဖြူဖြူ ခပ်နွဲ့နွဲ့လူတစ်ယောက်ပါ။ မျက်နှာသေလေးနဲ့ ကျွန်မထိုင်နေပေမဲ့ ထိုကတုံးနဲ့လူကြီးကို ကြည့်ပြီး စိတ်ထဲမှာ ရယ်ချင်သွား၏။ ဒါပေမဲ့ မရယ်ရဲပါ၊ အလုပ်မခန့်ရင် ဘယ်လိုလုပ်မလဲ။

အလုပ်ဝင်တာ ကြာတော့ သိလာပါသည်။ ထိုကတုံးနဲ့လူကြီးက ရေမှာ ငါးရွေး၊ ထောင်မှာ စိန်ရွေးလို့ ကျော်ကြားခဲ့တဲ့သူကြီး။ အကျဉ်းသားတွေ အမည်ပေးလောက်အောင် စည်းကမ်းကောင်းမွန်စွာနဲ့ အုပ်ချုပ်ကိုင်တွယ်နိုင်ခဲ့သော ထောင်ပိုင်ကြီးတစ်ယောက်ဆိုတာသိခဲ့ရ၏။

ပညာအရည်အချင်းနဲ့ ကိုယ်ရေးအကျဉ်းချုပ်ကို လျှောက်လွှာထဲမှာ ပါပြီးသားမို့ အသေးစိတ်မမေးတော့ပါဘူး။ မေးခဲ့ရင်လည်း နှစ်ပေါင်း ၄၀ နှစ်ကျော်ပြီဆိုတော့ မမှတ်မိတော့ပါ။ တစ်ခုမှတ်မိတာတော့ရှိပါသည်။ ညွှန်ကြားရေးမှူးကြီးက မေးခြင်းပါ။

"သမီးနေရာမရွေး ပို့တဲ့ဆီတာဝန်ထမ်းဆောင်နိုင်လား"

"သမီးသွားနိုင်ပါတယ်ရှင့်"

ခပ်မြန်မြန် ခပ်သွက်သွက်ဖြေလိုက်၏၊ နေရာမရွေးဆိုတာဘာပြောမှန်းမသိ။ ထောင်ဆိုတာလည်း မသိ။ ထောင်တွေ ဘယ်မှာရှိမှန်းလည်း မနီးစပ်တဲ့ဘဝ။ အမိရင်ခွင်နဲ့ ကျောင်းနဲ့ကူးခဲ့သောကျွန်မ၊ မိဘမပါဘဲ ဘယ်မြို့ ဘယ်ရွာမှ သွားဘူးသူမဟုတ်။

ဒါပေမဲ့ ခရီးသွားခြင်းကို ဝါသနာပါသောကျွန်မ နေရာ မရွေးသွားနိုင်လား ဆိုသော စကားတစ်ခွန်းနဲ့ပင် ပြီးပြည့်စုံသွား၏။

ကျွန်မအလုပ်ရခဲ့ပါသည်။ အမျိုးသမီးအားလုံး ၃၀ ကျော် အသက်တွေက ရှိလှမှ ၂၀ ကျော်တွေ။ အားလုံးက နုပျိုသစ်လွင်လှပလို့။

ကျွန်မတို့ လုပ်တဲ့နှစ်က ကျောက်မိုင်းနဲ့ အကျဉ်းဦးစီးပေါင်းစည်းသော နှစ်ဟုထင်ပါသည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နဲ့ တာဝန်ကျတဲ့အစ်မတွေက တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ထောင်မှူးတွေ။ နောက်မှ သိရ၏။ ထိုအစ်မတွေက ကျောက်မိုင်းမှ ပြောင်းလာသူတွေတဲ့။

ကျောက်မိုင်းတွေပေါ်လာတော့ ဝန်ထမ်းအင်အားလိုတယ်လေ။ ဒါကြောင့် ကျွန်မတို့တစ်တွေကို ၃၀ တောင်ခန့်လိုက်တာပေါ့၊ အလုပ်လည်းရ၊ လခလည်းရ၊ အမေကတော့မျက်နှာမကောင်း။ ပြောလိုက်ပါသေးသည်။

"မပျော်ရင် ပေပြီးမလုပ်နဲ့တဲ့"

(၃)

စစ်ရေးပြလေ့ကျင့်ပြီး အကျဉ်းထောင်လက်စွဲ ဥပဒေကို သင်ရ၏။

သင်တန်းကျောင်းအုပ်ကြီးက ဒုတိယထောင်ပိုင် ပွန်းဗဟာဒူး။

သင်တန်းဆရာမက စစ်သမီးဟောင်း၊ သင်တန်းသူတွေထဲမှာ ကျောက်မိုင်းက အစ်မတွေပါ၏။ ကျွန်မ မှတ်မိတာကတော့ ဒေါ်တင်တင်ကျော် (ဦးစီး၊ အငြိမ်းစား)၊ ထူးထူးခြားခြားမှတ်မိနေတာလည်း အရမ်းလှလို့ပါ။ စကားပြော နူးညံ့သိမ်မွေ့ပြီး ပြုံးလိုက်တိုင်း ကျွန်မငေးမိ၏။

ဒေါ်တင်တင်ကျော်တို့က အရာရှိသင်တန်း၊ ကျွန်မတို့က အခြေခံသင်တန်း၊ ဒါပေမဲ့ အရာရှိနဲ့ အခြေခံသင်တန်းကိုပေါင်းပြီး တပ်စုတစ်စု၊ ကျွန်မတို့တပ်စုက (၃)ပေါ့။

စစ်ရေးပြ၊ သေနတ်ပစ်၊ သေနတ်ဖြုတ်တပ်တာတွေနဲ့ ရိုင်ဖယ်ကို ရင်မှာကပ်ပြီး အပြေးတက်လေ့ကျင့်ခန်းတွေက မိန်းမတစ်ယောက်အနေနဲ့ ပင်ပန်းဆင်းရဲတာမှန်ပေမယ့် လုပ်နိုင်ခဲ့ပါသည်။

သင်တန်းကာလ အမှတ်တရများစွာထဲမှာမှ ရယ်စရာတစ်ခုကိုတော့ မှတ်မိနေ၏။

နံနက်ဆို စစ်ရေးပြလေ့ကျင့်၊ နေ့လယ်ပိုင်း ထောင်ဥပဒေတွေကို သင်ကြားမှတ်သားရ၏။ သင်တန်းမှူး ထောင်မှူးကြီး ဦးကျော်ရှိန် (ညွှန်ချုပ်ကြီး ဦးဘခင်၏သား)။

ည ၆း၃၀ ခန့်မှ စာသင်ခန်းဝင်၏။ တစ်နေ့တာသင်ကြားမှုများကို ကျက်မှတ်ရ၏။ ဒီအချိန်မှာ စူးရှတဲ့ ခရာသံထွက်လာ၏။ စာသင်ခန်းထဲက သင်တန်းသား/သင်တန်းသူတွေအားလုံးတန်းစီရသည်။ အားလုံး ကြွက်စီကြွက်စီပေါ့။ သင်တန်းဆရာရောက်လာမှ အားလုံးသိသွား၏။

အကြောင်းက စာမိလို့။ ဘာစာမှမဟုတ် ရည်းစားစာ။ အားလုံးစိတ်ဝင်စားသွား၏။ ဒီလောက်စည်းကမ်းတင်းကြပ်၊ ဒီလောက်ပင်ပန်းရတဲ့အထဲ ဘယ်ငနဲကများ ရည်းစားစာပေးပါလဲပေါ့။ ပေးတဲ့ဝန်ထမ်းမှာ ကသ နံပါတ်(၃၆)တဲ့။

ဒါလည်းကျွန်မစိတ်မဝင်စား။ ကိုယ့်အလုပ်မှမဟုတ်တာ အနေသာကြီးလေ။ စာပေးခံရတဲ့ ကသ နံပါတ်က (၈၆)တဲ့။

ဘုရားရေ ဒါဆိုကျွန်မရဲ့ ကသ နံပါတ်။ ကျွန်မခေါင်းမွေးတွေ ထောင်ပြီး ခေါင်းကြီးသွား၏။ သင်တန်းကာလမှာ သနတ်ခါးမလိမ်းရ။ မျက်နှာပြောင်၊ ဆံပင်ကို ပြောင်ရှင်းအောင် သိမ်းထားရ၏။ ဆံပင်တစ်ပင်ကျလျှင် အမှတ်ဖြတ်ခံရသည်။

ဤကဲ့သို့သော မိန်းမများကို စာပေးသော သင်တန်းသားငနဲကို ကျွန်မ မေတ္တာကြိတ်ပို့မိ၏။ ဒါသက်သက်အရူးကွဲတာ။ ကျွန်မသိက္ခာကို ချခြင်းပင်။ မနက်ရောက်တော့ စီရင်ချက်ချ၏။ သင်တန်းမှူးကချခြင်းပါ။ သင်တန်းသူက ဘာမှမသိ။ သင်တန်းသားက တစ်ဖက်သတ်ရေးထားသောစာ။ ဒီတော့ သင်တန်းချိန် စည်းကမ်းမလိုက်နာတဲ့ကောင် ကျောပိုးအိတ်ထဲခဲထဲ့၍ စစ်ရေးပြကွင်းထဲမှာ နာရီဝက်ပြေးခိုင်း၏။

စစ်ရေးပြကွင်းထဲမှာ ကျောပိုးအိတ်လွယ်ရင်းပြေးနေသော (၃၆)ကို ကျွန်မ ကျေနပ်စွာ ကြည့်နေမိ၏။ ကောင်းတယ် ဒီလောက်အကြောပြောင်တဲ့ ငနဲ မှတ်ပြီလား။

## (၄)

ကျွန်မ တာဝန်ကျ မိန်းမထောင်ထဲသို့ တာဝန်နဲ့ ဝင်ရောက်ရသောအချိန်မှာ မထင်မှတ်သော မြင်ကွင်းများကို မြင်ရ၏။

မိန်းမတွေ အများကြီး အစွယ်စုံ။

ငေးငိုင်မနေ၊ ငိုမနေပေ။ သနတ်ခါးအဖွေးသားနဲ့ သွားလာလှုပ်ရှားနေကြ၏။

ယက္ကန်းခတ်၊ ယက္ကန်းချ အလုပ်များ။ ထိုစဉ်က မန္တလေး အမျိုးသမီး ထောင်မှာ ယက္ကန်း ၁၇ စင်ရှိသည်။ ဒါက မိန်းမဆောင်(၁)၊ မိန်းမဆောင်(၂) မှာတော့ ကလေးအမေတွေ၊ တရုတ်လဝကမှုတွေ၊ နိုင်ငံရေးသမား၊ စီးပွား ရေးသမားတွေကို ထားသည်။

မိန်းမဆောင် (၂)မှာ တိုက်ခန်း နှစ်ခန်းရှိ၏။ တစ်ခန်းက ထောင်ထဲမှာ ရန်ဖြစ်သူ စည်းကမ်းဖောက်သူတွေကို ထား၏။ တစ်ခန်းက ကိုယ်မကောင်း သူတွေကို ထားသည်။ ကျွန်မက ထိုအခန်းများရှိရာသို့ မရောက်၊ ရောက်ါ ကြောက်၍ဖြစ်သည်။ အချို့ အကျဉ်းသူများကတော့ သွားကြ၏။ သွားရတဲ့

အကြောင်းရင်းက အစားအသောက်ပေါ၍ ဖြစ်သည်။ ကိုယ်မကောင်းသူတွေက မူးယစ်ဆေးဝါးမှုတို့ အရက်မှုတို့များ၏။ သူတို့က အပြင်လောကမှာ ငွေလှုံတော့ ထောင်ဝင်စာတွေ အစားအသောက်တွေများ၏။ ထောင်ထဲမှာ ထောင်ဝင်စာ လာမတွေ့သူများအတွက်တော့ နေရာကောင်းပါ။ ပြောတတ်၊ဆိုတတ်၊ ပေါင်းတတ်ရင် သူတို့က လက်မနှေး ပေးကမ်း ကျွေးမွေးကြ၏။

ကျွန်မကတော့ သူတို့ကျွေးတာ ဘယ်တော့မှမစား။ တစ်ခါ သူတို့ ထောင်ဝင်စာလာ၍ ကျွန်မ ထောင်ဝင်စာ လိုက်ပြပေးရ၏။ ထောင်ဝင်စာဆိုတာ သံဇကာနှစ်ခုကြား သတ်မှတ်ထားသော အကွာအဝေး နှစ်ခုကြားမှာ ဟိုဘက် ဒီဘက် တွေ့ရဆုံရခြင်းပါ။ အပြစ်ကျ အကျဉ်းသူနဲ့ ပြင်ပမှာလာတွေ့သူ ဆွေမျိုးရင်း တွေ့ရခြင်းပေါ့။

အကျဉ်းသူကလည်း သူမှာချင်တာတွေမှာ စားချင်တာတွေပြောပေါ့။

အပြင်ဘက်က လာတွေ့သူကလည်း ခေါင်းတယမ်းယမ်း၊ လက်တခါခါ။ ငတ်စိဖြစ်နေတဲ့လက်ချောင်းတွေမှာလဲ ရွှေလက်စွပ်ကြီးတွေက တဝင်းဝင်း၊ ခြေထောက်ကို သားရေပြားနဲ့ စီးထား၏။ ဖိနပ်ကတံဆိပ်အကောင်းစားကြီး။ ထောင်ဝင်စာအထုပ်ထဲမှာလည်း စပျစ်သီး၊ ပန်းသီးတွေနဲ့ ဈေးကြီးတဲ့ မုန့်တွေက ခြင်းတောင်းထဲမှာ အပြည့်။

ဒါတွေမြင်ကတည်းက ကျွန်မသူတို့ပေးတာ ဘယ်တော့မှ မစား။

သူတို့ကတော့ ထွတ်ထွတ်မြတ်မြတ်စားစေချင်လို့ လက်ဆောင်ပေးကြပေမဲ့ ကျွန်မက မစားပါ။ ကျွန်တဲ့ဆရာမတွေ စားတာမြင်ပါရဲ့။ ဒါကြောင့်လားမသိ ကျွန်တဲ့ ဆရာမတွေနဲ့ သူတို့က အစေးကပ်ပြီး ကျွန်မနဲ့တော့ ခပ်လန်လန်။

ဒီလောက် ရှောင်တဲ့နေရာကို အေးသီတာကြောင့် ကျွန်မရောက်ခဲ့ရ၏။ အေးသီတာက အကျဉ်းသူပါ။ လူကသာ အေးသီတာ ရန်ပွဲတိုင်းသူမပါရင်မပြီး။ ဒဏ်ပေး၊ အပြစ်ပေး၊ ခံရတာလည်းစုံနေပြီ။ ရန်စွယ်ပါသလားမသိ ထစ်ဆို အေးသီတာပင်။

အဲဒီအဆောင်(၂)မှာ လူ ၃၀၀ ကျော်လောက်ရှိ၏။ ကျွန်မတို့ ဝန်ထမ်း ဆရာမတွေလည်းလှည့်ပတ်စစ်ဆေးမျက်စိဒေါက်ထောက်ကြည့်တာပဲ၊ ဒီတစ်ခါ ဖြစ်တာလည်း အေးသီတာပင်၊ တစ်ဘက်မှ အကျဉ်းသူကို အလစ်မှာ ဘယ်လို ဆွဲဆောင့်လိုက်သည်မသိ၊ အဆစ်လွဲပြီး ဆေးစည်းရသည်။

ကျွန်မတို့လည်း တာဝန်ရှိသူတွေရဲ့ ပြောဆိုခံရ၊အေးသီတာလည်း တိုက်ပိတ်ခံရ၏။

ကောင်းတယ်၊ ဒီလောက်စွာတဲ့မိန်းမ ကျွန်မ ကောက်ချက်ချသံမပြီးသေး။ ဆရာမ နော်လှချစ် သော့တွဲလေးဆွဲပြီး ရောက်လာ၏။ သူမက တိုက်တာဝန်ကျသည်။

"မမချစ် ပိတ်ခဲ့ပြီလား"

"မဝင်ပေါင် အေ၊ မဝင်နိုင်ဘူးတဲ့၊ သတ္တိရှိတဲ့သူ လာပိတ်တဲ့၊ ငါလည်း မမကြီး သတင်းသွားပို့မလို့"

မမကြီးဆိုကာ ထောင်မှူးဒေါ်စုစုဝင်းကို ခေါ်ခြင်းပါ။

ကျွန်မ ဒေါသထောင်းကနဲဖြစ်သွား၏။လူပါးဝလို့ သူကပဲ အပြစ်ကျူးလွန်သေး၊ ပေးတဲ့အပြစ် မခံတဲ့အပြင် တိုက်ထဲကို မဝင်နိုင်ဘူးဆိုပါလား။

ထောင်းကနဲထွက်လာသော ဒေါသနဲ့အတူ ကျွန်မလုပ်ရပ်ကလည်းမြန်ဆန်လှ၏။ အထက်အမိန့်ကို စောင့်မနေ။ ငါကိုယ်တိုင်လုပ်နိုင်သော ဆုံးဖြတ်နိုင်သောကိစ္စ။

ထောင်ဥပဒေနဲ့ ကျွန်မတို့ ဝန်ထမ်းဆရာတွေကို စိန်ခေါ်စော်ကား မထီမဲ့မြင်လုပ်တဲ့ကိစ္စ၊ ထောင်ထဲမှာ ထောင်စည်းကမ်းနဲ့ နေရင် ကျွန်မတို့ ဝန်ထမ်းတွေ သူတို့ကို လက်ညှိုးနဲ့ပင် ထိုးစရာမလို။

အခုတော့ ထောင်စည်းကမ်းကို ဖောက်ဖျက်ရုံတင်မက ဘဝတူအပြစ်ကျအကျဉ်းသူကို နိုင်ထက်စီးနင်း လုပ်တဲ့ကိစ္စ၊ အမှုကမသေး။

ဒါတောင် အသိတရားမရ၊ သူက ပေးတဲ့အပြစ်မခံတဲ့အပြင် ယခုတော့ တိုက်ခန်းထဲကို မဝင်နိုင်ဘူးတဲ့၊ ဒီအပြစ်ဒဏ်ပေးတာလည်းကျွန်မတို့ မဟုတ်။ မိန်းမဆောင်မှာ ရာထူးအမြင့်ဆုံး ထောင်မှူး ဒေါ်စုစုဝင်းကပေးတဲ့ အမိန့်၊ သူမရဲ့နောက်ဆုံးစကားက ကြိုက်တဲ့သူလာပိတ်တဲ့၊ ဒါသက်သက်ထောင်ပါးဝတာပဲ။ လူပါးဝတာပဲလေ။ ကျွန်မတို့ ဝန်ထမ်းတွေကို စိန်ခေါ်တာလေ။

သော့တွဲကို နော်လှချစ်လက်ထဲမှ ဆွဲယူရင်း ကျွန်မတိုက်ခန်းဘက်သို့ ထွက်ခဲ့၏။

တိုက်ခန်းဘက်ရောက်တော့ ဟုတ်တယ်။ သူက တိုက်ခန်းအပြင်မှာ မထီတထီရပ်လို့၊ သူမနဲ့ ကျွန်မက ယှဉ်လိုက်ရင် ဆင်နဲ့ဆိတ်၊ သူမက ကိုယ်

ခန္ဓာထွားကြိုင်းသူ၊ ဒါတွေကို ကျွန်မ မတွေးအား။ ကျွန်မဒေါသက အထွတ်အထိပ်။

"ဟေ့ အေးသီတာ၊ နင်က မဝင်ဘူးဆို၊ ကြိုက်တဲ့သူလာခဲ့ ဟုတ်လား။ အေးအခုငါလာပြီ၊ နင်အခု တိုက်ထဲဝင်စမ်း၊ မဝင်ရင် နင်နဲ့ငါ တွေ့ပြီမှတ်"

အံ့ဩစရာတော့ ကောင်း၏။ ကျွန်မရဲ့ အသံနဲ့ မာန်ကိုပဲ လန့်သွားသလား၊ သူမကို တကယ်တွယ်တော့မယ့် ဆရာမလို့ အောင်းမေ့သွားသလားမသိ သူမ ယုန်လေးတစ်ကောင်လို တိုက်ခန်းထဲဝင်သွား၏။ စောစောက မထီမဲ့မြင်ဟန်တွေ မာန်တွေ မရှိတော့ပေ။

ကျွန်မ တိုက်ခန်းကို ဆောင့်ပိတ်ပြီး သော့ခတ်ဖြစ်လိုက်၏။

"အေးသီတာ နင်နောက်တစ်ခါ ငါတို့ဝန်ထမ်းတွေကို စော်ကားစမ်း။ ငါကတော့ အထက်အရာရှိ သတင်းမပို့ဘူး၊ ငါ့လက်နဲ့ နင်ထိပ်တိုက် တွေ့မယ်မှတ်"

ကျွန်မ ဒေါသဖြစ်ဖြစ်နဲ့ ပြောဆိုပြီး လှည့်ထွက်ခဲ့၏။ ကျွန်မနောက်မှာ ဘယ်ဆရာမမှ မပါ၊ တိုက်တာဝန်ကျ နော်လှချစ်လည်း ဘယ်ရောက်နေမှန်းမသိ။ တကယ်တန်းအေးသီတာနဲ့ ကျွန်မယှဉ်ချကြရင် ကျွန်မတစ်ယောက်ထဲ၊ ရပါတယ်လေ။ တစ်ကောင်ထဲပေမယ့် ခြသေ့ပေါ့။ ဒါပေမဲ့ ကျွန်မ နည်းနည်းတော့ ဒေါပွသွား၏။ အမှန်ဆို သူတို့ လိုက်လာသင့်တယ်လေ။

ကျွန်မ စိတ်တိုတိုနဲ့ ထွက်လာပြီး တိုက်ခန်းဘက် မျက်လုံး ဝေ့ကြည့်လိုက်၏။

ဘုရားရေ…

အားကျတဲ့မျက်လုံး၊ အားကိုးတဲ့မျက်လုံး၊ အထင်ကြီးတဲ့မျက်လုံးတွေနဲ့ ကြည့်နေတဲ့၊ ကျွန်မကို စိတ်ထဲမှာ ချဉ်နေတဲ့သူများ၊ ကျွန်မကြောက်တဲ့ ကိုယ်ရေပြားရောဂါသည်များ ကျွန်မကို သူရဲကောင်းကြီး ထင်သွားပုံရ၏။

ဟုတ်မှာပေါ့။ အေးသီတာက အဆောင်မကြီးသာမက တိုက်ခန်းဘက်ထိ ဗိုလ်ကျတတ်၏။ သူတောင်းသမျှပေးရင် ကြည်ဖြူပြီး တောင်းလို့မပေးရင် စောင်းမြောင်း ရန်လုပ်မှုတွေကို သူတို့လည်း ခံရတယ်လေ။

အခုတော့ အေးသီတာ…ပွကြီး၊ တိုက်ထဲမှာ မှတ်ထား…။ ဒါမှ တို့ဆရာမလို့ ရင်ထဲက ပြောချင်လဲ ပြောနေမှာပေါ့။

ဒါ ကျွန်မ အတွေးများပါ။

ဖြတ်သန်းခဲ့ရတဲ့ ထောင်အကြောင်းများရေးရရင်တော့ တစ်ထောင့်တစ်ည ပုံပြင်များလို ဆုံးနိုင်မည်မဟုတ်ပါ။

ကျွန်မအဆောင်(၂)မှာ တာဝန်ကျတုန်း အေးသီတာလို ထောင်ပွဲကြီးတို့နဲ့ တွေ့ခဲ့ရသလို စီးပွားရေးသမားများကိုလည်း တွေ့ခဲ့ရ၏။

မန္တလေးမှ နာမည်ကြီးတဲ့ နဂါးဒေါ်ဦး၊ ထိုအချိန်က စီးပွားရေးမှုနဲ့ ထောင်ထဲမှာ၊ အပြင်မှာ ထောင်ဝင်စာလာတွေ့တဲ့သူတွေက သူမကို လက်အုပ်လေးချီပြီးပြောတာ တွေ့ရ၏။ အရင်က ငယ်သေးတော့ စဉ်းစားမရ၊ လူလူချင်း ဘာလို့ လက်အုပ်ချီရတာလဲပေါ့။

နောက်စာတွေဖတ်တော့မှ နဂါးဒေါ်ဦး ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းကန်ဘုရားတွေက အများကြီးပဲတဲ့။ ဒါကြောင့် ဘုရားအစ်မ၊ ကျောင်းအစ်မမို့ လက်အုပ်လေးချီပြီး ပြောတာထင်ပါရဲ့။

အရမ်းတည်ငြိမ်အေးဆေးပြီး ကျွန်မတို့လို ဝန်ထမ်းငယ်ဆရာမလေးများ မန္တးမနပ်လေးများကိုလည်း ထောင်ဝင်စာလာရင် မုန့်ကျွေးတတ်သူပါ။

နောက်တစ်ဦးက လူထုဒေါ်အမာ။ အဲဒီအန်တီက သီးသန့်မှု၊ သတင်းစာတွေ ဂျာနယ်တွေ စာတွေဖတ်ရ၏။ ဘုရား၊ တရားလည်းမြဲပြီး အမြဲအေးချမ်းသော အပြုံးလေးများနဲ့ တိုးညှင်းစွာ စကားဆိုတတ်သူပါ။ ကျွန်မကိုလည်းဘုရားရှစ်ခိုး တိုင်း ရှစ်ခိုးရအောင် အမြဲခေါ်၏။

ပိန်ပိန် ပါးပါးလေးနဲ့ အဆောင်(၂) အုတ်ရိုးပတ်လည် နေ့တိုင်းလမ်း လျှောက်တတ်သူ၊ ကျွန်မတို့ အသက်ကလည်း ၂၀ ဆိုတော့ သူမအကြောင်း မသိပါဘူး။

စာတွေဖတ်တော့မှ လူထုဒေါ်အမာဆိုတာ ကမ္ဘာကျော်တဲ့သူ၊ စာတွေရေး နေတဲ့သူမှန်း သိခဲ့ရ၏။ သူ့ခင်ပွန်း လူထုဦးလှကလည်းစာရေးဆရာတစ်ဦးပင်၊ လူထုဦးလှရဲ့ တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များကို ကျွန်မက နှစ်ခြိုက်စွာဖတ်သူ အားပေးသူပါ။

သူတို့ဇနီးမောင်နှံက စာရေးဆရာများ၊ လူထုဒေါ်အမာရဲ့ သားက တက္ကသိုလ်ကျောင်းသား စိုးဝင်း၊ သခင်သန်းထွန်း၏ နောက်ဆုံးနေ့ စာအုပ်ကို ဖတ်မိချိန်မှာ ကျွန်မ များစွာ အံ့ဩသွား၏။ စိုးဝင်းက တောခိုသူ၊ ပြီးတော့

ကွန်မြူနစ်ဝါဒကို ယုံကြည်သူ။ တောထဲမှာ အမိနဲ့အဖကို အရင်းရှင်တွေလို့ ပြောပြီး သတ်ချင်နေသူ၊ ကျွန်မမှာ အံ့ဩလို့မဆုံး။

ဒီလောက်အေးဆေး သိမ်မွေ့ပြီး ဘုရားတရားမြဲတဲ့ လူထုဒေါ်အမာတို့မှာ ဒီလို သားတစ်ယောက်ရှိခဲ့တာကိုလေ၊ နောက်ဆုံးသူလည်း မိဘပြစ်မှားလို့ ဒဏ်သင့်တာနေမှာပေါ့၊ တောထဲမှာ သတ်ခံရ၏။

ဒါ ကျွန်မ အခြေခံသင်တန်းဆင်းပြီး ကြုံတွေ့ခဲ့ရတဲ့ အတွေ့ကြုံများစွာထဲက အတွေ့ကြုံလေးတွေပါ။ နောက်လုပ်သက် ၃ နှစ်လောက်ရောက်တော့ မန္တလေး ဗဟိုအကျဉ်းထောင်မှ မုံရွာအကျဉ်းထောင်သို့ ပြောင်း၍ တာဝန်ထမ်းဆောင်ရ၏။ ထိုချိန်မှာ 'သူမ'ကို ကျွန်မတွေ့ခဲ့ရ၏။ 'သူမ'ကတော့ (၅၀၅)ပုဒ်မဖြင့် ထောင်ထဲရောက်ခဲ့သူ။ သီးသန့် အကျဉ်းသူပါ၊ (၅၀၅)ပုဒ်မဆိုတာတော့ နိုင်ငံတော်ရဲ့ တည်မြဲအမိန့်တစ်ခုကို ဖောက်ဖျက် ကျူးလွန်တဲ့ပုဒ်မပေါ့၊ သူမနဲ့ကျွန်မ မုံရွာအကျဉ်းထောင်မှာ တွေ့ဆုံခဲ့တာပါ။

(၅)

တမာတန်းနဲ့ စိမ်းသောမြေ၊ တမာပန်းနဲ့ မွှေးသောမြေ၊ တမာပန်းရနံ့ မွှေးမွှေးလေးများကို ကျွန်မ အရမ်းနှစ်သက် သဘောကျသူပါ။

တမာတန်းများနဲ့လှတဲ့ မုံရွာမြေကတော့ ပူပုံက ကမ်းကုန်၊ မုံရွာအပူကိုတော့ ကျွန်မကြောက်၏။ကျွန်မတို့နေရတဲ့ အိမ်တွေကလည်းသွပ်မိုး၊ အိမ်ကတစ်ဆင့် ကိုင်လို့ အခန်းမရှိ၊ ထိုနေရာကျဉ်းလေးမှာ ကျွန်မတို့ ဝန်ထမ်းအများစု နေခဲ့ရ၏။ နေ့ခင်းပိုင်းဆို မိသားစုအားလုံး အိမ်အောက်ဝင်ပြီး ဖျာခင်းနေကြ၏။ အပေါ်မှာ ဘယ်လိုမှ မနေနိုင်။

တာဝန်ပြီးချိန် တမာပန်းရနံ့ မွှေးမွှေးလေးများကို ရှူရှိုက်ရင်း ချင်းတွင်းမြစ်ကြီးကို ငေးမောကြည့်၊ မြစ်ရေစီးသံကို နားထောင်ဖြတ်သန်းခဲ့သော နှစ်ပေါင်းများစွာ၊ နေ့ရက်များစွာကို ဖြတ်ကျော်ခဲ့၏။

သွေးပျက်စရာကောင်းတဲ့ ၈၈ အရေးအခင်းမှာ အုပ်ချုပ်မှုတွေ ရပ်တန့်သွားအောင် မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ အမဲစက်ကြီးတွေကို ဖြတ်ကျော်ခဲ့၏။ ပြီးတော့ နေ့ည လည်ပတ်နေသော တာဝန်များ၊ ဒီအချိန်မှာ သူမကို စတင်တွေ့ရှိခဲ့တာပါ။

ကျွန်မ တာဝန်ထမ်းဆောင်တဲ့ မုံရွာအကျဉ်းထောင်မှာ နိုင်ငံရေးသမား မရှိ၊ သာမာန်အပြစ်ကျ အကျဉ်းသူများသာရှိ၏။

ပြီးတော့ မုံရွာထောင်က (ဃ)အဆင့်ဆိုတော့ ထောင်ကသေး၏၊ ထောင်ရာဇဝင်ကတော့ မသေး။ အင်္ဂလိပ်ခေတ်ကတည်းက ထောင်၊ နှစ်ပေါင်း (၁၀၀) ကျော်ပြီ။ ထောင်ထဲမှာ ကွန်မြူနစ်ဝါဒကို လက်ခံကျင့်သုံးသော သခင်သန်းထွန်း ထောင်ကျခဲ့၏။

ထောင်သေးတော့ ကျွန်မတို့ မိန်းမထောင်ကလည်းသေး၏။ ကျဉ်း၏။ ရှေ့ယခင်က မိန်းမအကျဉ်းသူမရှိတော့ သီးသန့် အပြစ်ကျတဲ့ အကျဉ်းသားတွေထားတဲ့ နေရာလို့ ကြားသိရ၏။

ယခု ကျွန်မတို့ခေတ်ရောက်လာတော့ မိန်းမအကျဉ်းသူတွေများလာ၏။ ကလေးမိခင် အပြစ်ကျတွေ ရောက်လာ၏။ ပုဒ်မတွေကတော့ အစုံ လူသတ်မှု၊ ခိုးမှု၊ ဓားပြမှု၊ မူးယစ်ဆေးဝါးမှုတွေနဲ့ ပြည့်တန်ဆာမှုတွေပါ။

အကျဉ်းသူ၊ အချုပ်သူဦးရေလည်းအယောက် ၂၀၀ပင်မပြည့်၊ ဒါကြောင့်လည်း ရှိတဲ့အင်အားလေးနဲ့ ကျွန်မတို့ နိုင်နင်းစွာ အုပ်ချုပ်နိုင်ခဲ့သည်။

ဒီအချိန်မှာ သူမ ရောက်လာခြင်းပါ။ ကျွန်မတို့တွေ နိုင်ငံရေးသမားနဲ့ နီးကပ်စွာ ထိတွေ့ မကိုင်တွယ်ဘူးခဲ့။ မန္တလေးထောင်မှာ တာဝန်ကျစဉ်တုန်းကတော့ အထက်အရာရှိ ရှိ၍ ကျွန်မတို့က ကလေးသာသာ၊ သူတို့ ကြီးကြပ်မှုအောက်မှာ အေးဆေးစွာ တာဝန်ထမ်းဆောင်ရရုံပင်။ ဒီလောက်ခေါင်းမကြီး၊ ခေါင်းမစား၊ ယခုကျွန်မအထက်အရာရှိက ထောင်ကျရုံးနဲ့ အဆောင်ကို တွဲကိုင်နေရ၏။

မိန်းမဆောင်ထဲကို တစ်ခါတစ်ရံမှ ဝင်၏၊ အဓိက ထိတွေ့ရတာက ကျွန်မ၊ ဒီအချိန်မှာ ကျွန်မရာထူးက တပ်ကြပ်ပါ။သူမ ရောက်လာတော့ သူမ၏ နေ့စဉ်ဆောင်ရွက်မှုများကို ရေးပြီး ထောင်ပိုင်ကြီးထံ တင်ရ၏။

အပတ်စဉ် လိုအပ်ရင် ပြင်ပဆေးရုံက ဆရာဝန် ခေါ်ပြပေးရ၏။ ယခင်ခေတ်က ယခုခေတ်လို ဆရာဝန်သီးသန့်မရှိ။

ရန်ကုန်၊ မန္တလေးထောင်ကြီးတွေမှာတော့ သီးသန့် ဆရာဝန်ကြီးတွေရှိ၏။

ယခု ကျွန်မတို့ ထောင်ကတော့ (ဃ)အဆင့်မို့ ထောင်ဆရာဝန် သီးသန့် မရှိ။

လုပ်သက်လေးကလည်းရ၊ ထောင်နဲ့ထိတွေ့မှုတွေက များလာတော့ ကျွန်မ ဝါရင့်လာ၏။

မုဆိုးကို စိုင်သင်သလို အကျဉ်းသူများ၏ အကွေ့အကောက် အဖြေအဖြောင့်များကို ကျွန်မနားလည် သဘောပေါက်လာသည်။ သင်တန်းမှ ပို့ချမှုစာတွေ့များနဲ့ ပေါင်းစပ်ပြီး ကျွန်မ ကိုင်တွယ်အုပ်ချုပ်တတ်လာသည်။

ကျွန်မကို ချစ်ခင်လေးစားသော အကျဉ်းသူတွေများလာ၏။

လက်တွေ့ကတော့ ၈၈ အရေးအခင်းမှာ အကျဉ်းသူများကို မဆူပူအောင် ကိုင်တွယ်နိုင်ခြင်းက ကျွန်မတို့တတွေရဲ့ စံများပါ။

ထိုအချိန်က အင်းစိန်ထောင်၊ မန္တလေးထောင်၊ စစ်တွေထောင်တွေမှာ ဆူနေကြချိန်ဖြစ်ပါသည်။ သူမနဲ့ ကျွန်မ အဆင်ပြေပါသည်။

ကျွန်မရဲ့ လူသားဆန်စွာ မေတ္တာတရားဖြင့် ဆက်ဆံမှုအောက်မှာ သူမနဲ့ ကျွန်မက အဆင်ပြေချောမွေ့လို့ အဖုအထစ်မရှိ၊ သူမ၏လိုအပ်ချက်များကို စည်းကမ်းဘောင်အတွင်းမှ ဖြည့်ဆည်းပေး၊ ကျွန်မ မတတ်နိုင်တာများကိုလည်း ထောင်ပိုင်ကြီးကို တင်ပြပေးခဲ့သည်။

သူမကတော့ ဘုရားတရားလုပ်၊ တရားထိုင်၊ တစ်ခါတလေ စာဖတ်ပေါ့။

ကျွန်မကလည်း ပူပြင်းတဲ့မုံရွာရဲ့ တစ်နေ့တာတွေကို စာအုပ်တွေ ဖတ်ရင်း ဖြတ်သန်းခဲ့သည်။ စာအုပ်တွေက သူမ ဆီကရ၏။ စာဖတ်ဝါသနာပါသော ကျွန်မအတွက်တော့ အိုကေပြီး စိုပြေနေ၏။

ထောင်လုံခြုံရေးကို စစ်ဆေး၊ အကျဉ်းသူအများစုရဲ့ လုပ်ငန်းခွင်ကို ကြီးကြပ်၊ မကျန်းမာတဲ့ အကျဉ်းသူများကို ဆေးခန်းပြ၊ ပြီးရင်တော့ ကျွန်မနားလို့ရ၏။ နားလို့ရတဲ့အချိန် သူမဆီက စာအုပ်တွေ ယူဖတ်၏။

တစ်ခါတစ်လေတော့လည်း လူရဲ့ သဘောက ပြောရခက်၏။ ခန့်မှန်းရခက်၏။ ဒီလောက်အဆင်ပြေအောင် လုပ်ပေးတဲ့ကြားက ဗွေဖောက်လာသည်။

သူမ နေရတဲ့ အဆောင် ပတ်ဝန်းကျင်က ကျဉ်း၏။ ပြီးတော့ မုံရွာက အရမ်းပူရင်မနေနိုင်၊ဒီတော့ ကျွန်မက လူသားချင်းစာနာစွာ မိန်းမဆောင် သူမ နေတဲ့နေရာ စည်းခြားထားသောတံခါးလေးကို သော့မခတ်ဘဲ ဖွင့်ပေးထား၏။

အနီးမှာ ကျွန်မတို့ ရုံးခန်းရှိ၏။ ရုံးခန်းဆိုပေမယ့် ကြီးကျယ် ခန့်ငြားမှုမရှိပါ။ ကုတင်တစ်လုံးနဲ့ စားပွဲရှိ၏။ နေ့ခင်းဆို တာဝန်ကျတဲ့ ဆရာမတွေထိုင်၏။

ညဘက်ဆိုရင် ညတာဝန်ကျတဲ့ ဆရာမတွေ ကင်းတာဝန်နားချိန် အိပ်သော နေရာ၊ ဘာအကာအရံမှမရှိသော ရုံးခန်းဆိုပါတော့။ စားပွဲပေါ်မှာတော့ အလုပ်ချ စာအုပ်နဲ့ အကျဉ်းသူတွေနေရာချပေးသောစာအုပ်၊ ထိုစာအုပ်နှစ်အုပ် အမြဲရှိ၏။

သူမက နေ့ခင်းနေ့လည် အရမ်းပူတဲ့အချိန် သူမနေတဲ့ အခန်းထဲမှ ထွက် လာပြီး ခုံတစ်ခုချပြီး ထိုင်ချင်ထိုင်၏။ စာဖတ်ချင်ရင် ဖတ်၏။ ဒါပါပဲ။

ဒီနေရာလေးကလွဲပြီး အကျဉ်းသူအများစုရှိတဲ့နေရာကို သွားလာခွင့်မရှိ။ မသွားရ။ ဒီစည်းကို သူမလည်း သိ၏။ ကျွန်မလည်း သိ၏။ ပူလောင်တဲ့ ဒဏ်ကို ခံစားရသူအချင်းချင်း ကျွန်မတို့နှစ်ဦးသားသိတဲ့ စည်းမျဉ်းတစ်ခုပင်၊ သူမကလည်း ကျေးဇူးတင်၏။ ပူအိုက်သော ဒဏ်မှ ခဏတာ လွတ်ကင်းခွင့် ရ၍ပင်။

ဒါပေမဲ့ စည်းကမ်းကိုဖောက်သူက သူမ၊ တစ်နေ့ ကျွန်မယုံကြည်စိတ်ချ ရသော အကျဉ်းသူလေးများက သတင်းပေး၏။

"ဆရာမကို ထောင်ပိုင်ကြီးခေါ်တုန်း စာပွဲပေါ်က စာအုပ် နှစ်အုပ်ကို ယူသွားတယ် ဆရာမ"

သတင်းကအသေအချာပင်၊ သူမကို အကဲခတ်သော်လည်း ခပ်တည်တည်၊ ပြီးတော့ ဒီစာအုပ်နှစ်အုပ်ကလည်း အရေးကြီးသော စာအုပ်များ မဟုတ်၊ ကျွန်မ ခိုးကြောင်ခိုးဝှက်လုပ်ထားသော စာအုပ်များမဟုတ်။ တာဝန်မှူး၊ ထောင် မှူးကြီး၊ ထောင်ပိုင်အဆင့်ဆင့် လက်မှတ်ထိုးသောစာအုပ်။ သူမနဲ့လည်း နည်း နည်းလေးမှ မသက်ဆိုင်။ သူက ဘာသဘောပါလိမ့်။

ဒါနဲ့ ကျွန်မလည်း စာအုပ်နှစ်အုပ်ကို စာပွဲပေါ် မထားဘဲအဆောင်မကြီး အခန်းမှာ ထားလိုက်၏။ ဒါလည်းမရ ကျွန်မ မရှိတဲ့အချိန် အဆောင်မကြီးထဲ ဝင်ယူ၏။ အဆောင်မကြီးကလည်း သူမထိုင်နေတဲ့ နေရာနဲ့ မဝေး။ ခြေလှမ်း ၅လှမ်းလောက်လှမ်းရင် ရောက်၏။

ဒါဆိုရင် သူမ လွန်ခြင်းပင်၊ စည်းကို ဖောက်ခြင်းပင်။ ကျွန်မ တာဝန် ရှိသူတွေ သတင်းပို့၏။ သူတို့ကလည်းပြော၏။ ထောင်ပိုင်ကြီး အစည်းအဝေး ကပြန်လာရင် တင်ပြပေးမယ်တဲ့။

ဒါနဲ့ ကျွန်မ စိတ်လေးလေးနဲ့ မိန်းမဆောင် ပြန်ရောက်လာ၏။ စိတ်ထဲမှာ လည်း မကောင်းလှ။ ကျွန်မ၏ ယုံကြည်မှုကို သူမ ချိုးဖောက်ခြင်းပင်။

အကယ်၍ သူမ သိချင်တယ်ဆိုရင်လည်းပြောပါ။ ကျွန်မ အထက်ကို တင်ပြပေးဖို့ ဝန်မလေးပါ။

ကျွန်မမှာ ဘာမှ လျှို့ဝှက်ချက်မရှိတော့ သူမကို မပြပေးရဲစရာ အကြောင်း မရှိ၊ ဒါပေမဲ့ သေချာစဉ်းစားကြည့်တော့ သူနဲ့ ဘာမှမဆိုင်၊ မသက်ဆိုင်တဲ့ အရာတစ်ခုကို ပြမှုခြင်းက စည်းဖောက်ခြင်း စည်းကျော်ခြင်းပင်။

လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ စည်းဆိုတာ အမြဲရှိ၏။ ဒီစည်းတွေ ကြားမှာ လူတွေက သွားလာနေထိုင်ကြ၏။ သူမလို အမျိုးသမီးတစ်ယောက်က စည်းကို ပိုပြီးနားလည်သဘောပေါက်လိုက်နာဖို့ လိုအပ်တယ်လို့ ကျွန်မ ထင်ပါသည်။

မိန်းမထောင်ထဲရောက်တော့ မြင်ရတဲ့မြင်ကွင်းက ကျွန်မစိတ်ကို တင်းကနဲ ဖြစ်စေတာကတော့ အမှန်ပင်။

သော့မခတ်ဘဲ နားလည်မှုပေးခဲ့သော တံခါးပေါက်လေးဘေးမှာ ခြေ တဘက်တင်ရင်း သူမ ရပ်နေ၏။ သူမ ဘေးမှာ သူမကို ကူညီလုပ်ကိုင်ပေးရန် ပေးထားသော အကျဉ်းသူရှိနေ၏။ နှစ်ယောက်စလုံးက ကျွန်မဆီက ယူသွား သော စာအုပ်ကို ခေါင်းချင်းဆိုင် ဖတ်နေခြင်းပင်။ ဒါကတော့ စည်းကျော်ရုံတင် မက စည်းပါဖောက်ခြင်းပင်။

ကျွန်မ သူမတို့ဘေးသို့ အေးဆေးစွာလျှောက်သွား၏။ ပြီးမှလေသံအေးနဲ့-

"ညီမ အဲဒီစာအုပ်ကို ပြန်ပေးပါ။ ညီမသိချင်ရင် အထက်လူကြီးကို တင်ပြပေးမယ် ခွင့်ပြုချက်ရရင် ယူဖတ်ပေါ့"

ဒါလည်းမရ၊ လက်ထဲက စာအုပ်ကို ပြန်မပေး၊ ကျွန်မကို ပြန်ကြည့်၏။ ထီမထင်သော အကြည့်၊ ကြည့်တော့ ဘာလုပ်ချင်လဲဆိုသောအကြည့်။

ထောင်းကနဲထွက်လာသော ဒေါသနဲ့အတူ ကျွန်မလက်တွေကလည်းစာအုပ်ပေါ် ရောက်သွား၏။ ဆွဲယူရင်း စာအုပ်ကို စားပွဲပေါ်တင်ထားလိုက်သည်။ သူမ ကျွန်မဆီကို အပြေးတပိုင်းလာ၏။ စာအုပ်ပြန်ယူဖို့လား၊ ဒါမှမဟုတ် ကျွန်မကို ဘာလုပ်ချင်လို့လဲ။ ဒါပေမဲ့ ကျွန်မနဲ့တစ်ပေလောက်အကွာမှာ ရပ်တန့်သွား၏။

အကြည့်ကတင်းမာ၏။ ကျွန်မအကြည့်ကလည်း သူမအကြည့်ထက် နည်း နည်းလေးမှမလျော့။ တင်းမာပြတ်သားသော အကြည့်နဲ့ ပြန်ကြည့်လိုက်၏။ သူမ ချာကနဲ ပြန်လှည့်ထွက်သွား၏။

မိန်းမထောင် အဖွင့်အပိတ်လုပ်သည့် တံခါးရှေ့ သွားထိုင်နေ၏။ ရိုးရိုးထိုင်တာမဟုတ်၊ ပေါင်ကို ချိတ်ပြီး ထိုင်နေခြင်းပါ။

ထိုင်နေတာမှ အကြာကြီး နေ့ခင်း (၁၂)နာရီထိုးလို့ တန်းပိတ်ချိန်နီးပြီ၊ သူမက ထိုင်နေဆဲ၊ မာန်တင်းတင်း ဟန်တင်းတင်းနဲ့၊ ကျွန်မ အကျဉ်းသူများကို အဆောင်ထဲသွင်းပြီး လူစစ်သော့ခတ် တန်းပိတ်လိုက်သည်။

သူမအနီးသို့သွားပြီး-

"ညီမရေ အခန်းထဲဝင်ပါ၊ (၁၂)နာရီထိုးပြီ တန်းပိတ်ရတော့မယ်"

သူမက နည်းနည်းလေးမှ မလှုပ်၊ ပြန်လည်းမဖြေ၊ ထောင်ပိုင်အဝင်ကို စောင့် နေခြင်းပင်။ မကြာခင် ထောင်ပိုင်ကြီး ဝင်ရောက်လာ၏။ အစည်းအဝေးက ပြန်လာခြင်းပါ။ (ထောင်ပိုင်ကြီးက ဗိုလ်ကြီးခင်အေးမောင်ပါ)။

"တင်ပြစရာရှိရင် အခန်းထဲကနေ တင်ပြလို့ရတယ်လေ။ ဘာလို့ အဝင်အထွက်အပေါက်ကြီးမှာ ပိတ်ထိုင်နေတာလဲ။ ကဲ…ကဲ (၁၂)နာရီထိုးပြီ အထဲဝင်တော့"

သူမ ထောင်ပိုင်ကြီးစကားတော့ နားထောင်သား။ သူမအခန်းထဲသို့ ဝင်သွား၏။

နောက်တစ်နေ့ရောက်တော့ သူမ အစာမစားတော့။ သူမထံပို့နေကျ ထမင်းဟင်းကို မယူတော့။ သဘောကတော့ အစာငတ်ခံ ဆန္ဒပြခြင်းပေါ့။

ထောင်ပိုင်ကြီးလည်း အကြိမ်ကြိမ် ဝင်၏။ မေး၏။ သူမကတော့ ဘာမှ မပြော။

နေ့ထမင်း၊ ညထမင်း မစားတော့။ အပြင်သို့ ပြန်ထုတ်၏။

အစိုးကတော့ ကျွန်မကို မကျေနပ်ခြင်းပါ။

ဒီလို အစာမစားလျှင် ညွှန်မှူးဝင်လာမည်၊ ကျန်တဲ့ ပတ်သက်တဲ့ ဌာနဆိုင်ရာတွေ ဝင်လာမည်၊ ထောင်ပိုင်ခေါင်းရှုပ်တော့မည်၊ ထောင်အလုပ်ရှုပ်တော့မည်။

ထောင်ပိုင်ကြီးက ကျွန်မကို သူ့ရုံးခန်းသို့ ခေါ်၏။

"အနေအထားကို ကျွန်တော် သိပြီးပါပြီ၊ ဆရာမ မမှားပါဘူး။ ဒါပေမဲ့ အခုလို အစာမစားတော့ ညွှန်မှူးလာတော့မယ်ဗျာ"

ကျွန်မ ထောင်ပိုင်ကြီးကို စိတ်မကောင်းစွာ ကြည့်မိ၏။ အကျဉ်းသားတွေအပေါ်ရော၊ ဝန်ထမ်းတွေအပေါ်ရော ကောင်းတဲ့သူပါ။ ပြီးတော့ သူ့ခြေထောက်တစ်ချောင်းက တိုင်းပြည်အတွက် ပေးလှူခဲ့သူ။

နောက်ဆုံး ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာချပြီး ပြောလိုက်၏။

"အခုကက ကျွန်မကို မကျေနပ်တာပါ။ ကျွန်မသူ့ကို တောင်းပန်လိုက်ပါ့မယ်။ တောင်းပန်လို့မှ ထမင်းဆက်မစားရင်တော့ ထောင်ပိုင်ကြီးလုပ်သင့်တာဆက်လုပ်ပါ"

ထောင်ပိုင်ကြီးမျက်နှာ စိတ်မကောင်းဖြစ်နေတာက အထင်းသားပင်။

ကျွန်မနဲ့ ထောင်မှူးကြီးနဲ့ သူမ အခန်းသို့ဝင်ရ၏။ လမ်းမှာ ကျွန်မ ထောင်မှူးကြီးကို ပြောရ၏။

"ဆရာ သူ့အခန်းထဲကို ရောက်ရင် ကျွန်မကို အားမနာနဲ့ များများအော်ပြီး ဆူပေးသိလား၊ ဆရာတို့ မအော်မငေါက်မခြင်း ကျေနပ်မှာမဟုတ်ဘူး"

သူမ အခန်းထဲရောက်တော့ ထောင်မှူးကြီးက ကျွန်မကို ကြိမ်းတော့၏။

"ဆရာမ ပြောတာဆိုတာသတိထားပါ။ ကျွန်တဲ့ အကျဉ်းသူလို ပြောလို့ဆိုလို့မရဘူးလေ။ ခင်ဗျားပြောတာဆိုတာတွေ ကျွန်တော်တို့ကြားတယ်၊ နောက်ဆိုစကားနဲ့ သတိမပေးဘူး။ စာနဲ့ရေးတင်မယ်။ နောက်ဆုံးအကြိမ် သတိပေးခြင်းပဲ"တဲ့။

ကျွန်မက မျက်နှာသေလေးနဲ့ ခေါင်းငိုက်စိုက်။ တရားခံလို မလှုပ်မယှက်လေး ငြိမ်ကုပ်လို့။ ကျွန်မ ပုံလေးက သနားစရာ၊ ကိုယ်မမှားဘဲနဲ့ တောင်းပန်ရတာ ရင်ထဲက စစ်ကနဲ နာလာ၏။ ဒါပေမဲ့ ကျွန်မမှုံရှာထောင် မျက်နှာကိုကြည့်ရမယ်လေ။

"ညီမရယ် အစ်မမှားသွားပါတယ် ပြောမိဆိုမိတာတွေ ခွင့်လွှတ်ပါနော်"

ဒီတော့ သူမအသံထွက်လာ၏။ မျက်နှာကြောလျှော့လာသည်။ ကျွန်မကို တကယ်ပဲ သနားသွားသလားတော့ မသိပါ။

"ထောင်မှူးကြီးရယ် ဒီလောက်လည်းမဆူပါနဲ့။ ကျွန်မကျေနပ်ပါတယ်"

သူမ အခန်းမှ အောင်မြင်စွာ ကျွန်မတို့ ထွက်ခွာခဲ့၏။ ထိုနေ့နံနက်ပိုင်းမှာ သူမ ထမင်းပြန်စား၏။ ဒီအဖြစ်လေးကို ကျွန်မ ပင်စင်ယူပြီးထိ သတိရအမှတ်ရနေမိ၏။

ဒါပေမဲ့ သူမကို ကျွန်မအကြိတ်အခဲမရှိပါ။ ကျွန်မနဲ့အဆင်ပြေစဉ်က သူမကျွေးခဲ့တဲ့မုန့်တွေ၊စာအုပ်တွေအတွက် ကျွန်မကျေးဇူးတင်စွာ အမှတ်ရနေမိ၏။ သူမကရော ကျွန်မကျွေးခဲ့တဲ့ လက်ဖက်သုပ်တွေနဲ့ တာဝန်ခံမသိအောင်တံခါး

ကို ဖွင့်ပေးခဲ့တဲ့ ကျွန်မကို အမှတ်မှရပါ့မလား။ ကျွန်မကတော့ ယနေ့တိုင် ဖြူစင်တဲ့စိတ်နဲ့ သူမကို တခါတလေ သတိရနေဆဲပါ။

(၆)

တောင်တန်းကြီးတွေကို ချစ်တတ်သောကျွန်မ၊ တောင်ပြာတန်းပုံပါသော ဗီနိုင်းများကို ခုံခုံမင်မင် စုံမက်စွာ ဝယ်တတ်သော ကျွန်မ၊ တောင်ပြာတန်းကြီးတွေကိုကြည့်၍ ရင်ခုန်ခဲ့ရသောကျွန်မ၊ ဒီလောက်ကို တောင်ပြာတန်းကြီးတွေကို ကျွန်မချစ်သူပါ။ ဒါတွေကို တောင်ပြာတန်းကြီးတွေက သိနေသလားမသိ၊ တောင်ပြာတန်းကြီးတွေကို တိမ်ဖြူဖြူတွေရစ်သိုင်းပြီးလှနေသော နာဂ တောင်တန်းကြီးရှိရာ ခန္တီးမြေကို အပြောင်းကျ၏။

ခန္တီးမြို့ဆိုတာ မြန်မာပြည်ရဲ့ ထိပ်ဖျားတစ်နေရာမှာ ရှိနေသောမြို့၊ ခန္တီး ပြောင်းရမယ်ဆိုတော့ ညီမများက ငိုကြ၏။ ဝေးသောနေရာကို မသွားစေချင်ကြ။ ကျွန်မအမေရှိရင်လည်းလွှတ်မှာမဟုတ် အလုပ်ထွက်ခိုင်းမှာ အသေအချာပါ။အစ်မကြီးကတော့ အားပေးရှာ၏။ ငိုနေသော ညီမငယ်များကို အပြစ်ပြော၏။ "ညည်းတို့က ခရီးသွားရမယ့်သူကို အားမပေးဘဲ ငိုစရာလား၊ ညီမလေး ဘာမှ အားမငယ်နဲ့၊ နိုင်ငံ့တာဝန်နဲ့သွားရတာ ဂုဏ်ယူစရာတောင် ကောင်းသေးတယ်။ ခရီးသွား အတွေ့အကြုံရတာပေါ့။ ကိုယ့်နိုင်ငံထဲသွားရတာ ဘာဖြစ်လဲ တချို့များ နိုင်ငံခြားတောင် အလုပ်သွားလုပ်နေကြသေးတာ"

ဒီလိုနဲ့ ကျွန်မသင်္ဘောကြီးစီးပြီး ခန္တီးခရီးကို စတင်ခဲ့၏။ ထောင်နဲ့ အိမ်၊ အိမ်နဲ့ထောင် ကျင်လည်နေရသော ကျွန်မ၊ ယခုတော့ သင်္ဘောကြီးပေါ်မှာ ကျွန်မ အရမ်းပျော်နေ၏။

ကနီ၊ မော်လိုက်၊ ဖောင်းပြင်မြို့တွေကျော်ဖြတ်ပြီးတော့ လူကနေကျား အဖြစ်ပြောင်းလို့ရတယ်ဆိုတဲ့ ပုံပြင်ထဲက ထမံသီကို တအံ့တဩငေးမောရင်ခုန်လို့၊ ထမံသီကို ကျော်ဖြတ်ပြီးတာတောင် ခန္တီးမြို့ကို မရောက်သေးပေ။

သင်္ဘောပေါ်မှာရောင်းတဲ့ ကော်ဖီဆိုင်မှာသွားထိုင်၊ တရိပ်ရိပ်ကျန်ရစ်ခဲ့တဲ့ သဘာဝအလှတွေကို ငေးမောကြည့်ပြီး သောက်ခဲ့ရတဲ့ ကော်ဖီခါးခါးတစ်ခွက်က လည်းအရသာရှိလှ၏။ ခရီးသွားနေတဲ့ အချိန်မှာ ကျွန်မ ခေါင်းထဲမှာ အတိတ်၊ အနာဂါတ်မရှိ၊ ပစ္စုပ္ပန်မှာ ခရီးသွားအလှ၏ ဖမ်းစားမှုအပေါ်မှာ ကျွန်မ အရာရာကို

မေ့လျော့နေတတ်၏။ ဒါကြောင့် အနောက်နိုင်ငံ သားတွေ ကမ္ဘာလှည့်ကြတာ၊ ကမ္ဘာပတ်ကြတာလားမသိ။

(၄)ရက်မြောက် နေ့မှာတော့ ခန္တီးမြေကို ရောက်ပါပြီ။ နှင်းတွေ ဝေ့ဝဲနေတဲ့ အောက်မှာ ခရီးသည်တွေ သင်္ဘောပေါ်မှဆင်းပြီး မိမိလိုရာခရီးဆက်ကြ၏။

ကျွန်မကတော့ မဆင်းသေး။

ကျွန်မကိုလာကြိုမယ့်သူလည်းရှိမှာမဟုတ်။ ခန္တီးထောင်ကို ဆိုင်ကယ်ငှားပြီး သွားရမှာလား၊ ခန္တီးမြို့က တည်းခိုခန်းမှာ တစ်ညအိပ်ပြီး ခန္တီးထောင်ကို ဖုန်းဆက်ရမလား၊ ကျွန်မ ခရီးစဉ်ဆွဲနေ၏။ ဒီအချိန်မှာ အသံတစ်ခု ကြား လိုက်ရသည်။

"ဟော့ ခန္တီးထောင်အတွက် ဆန်အိတ်တွေက သင်္ဘောဝမ်းထဲမှာ ခရီးသည် တွေရှင်းရင် ဝင်ယူတော့"

ဒီအသံ ကျွန်မအတွက်တော့ မင်္ဂလာအရှိဆုံးအသံ၊ ကြိုမယ့်သူဝေးနေတဲ့ အချိန်၊ ဒီအသံတစ်ခုထဲနဲ့ ကျွန်မအားရှိသွား၏။ ဒါခန္တီးထောင်က အရာရှိသော် လည်းကောင်း၊ ဝန်ထမ်းသော်လည်းကောင်း ဖြစ်ရမည်။

ကျွန်မ အသံရှင်ရှိရာသို့ သွားလိုက်၏။ အသားဖြူဖြူနဲ့ လူတစ်ယောက် အကျဉ်းဦးစီးယူနီဖောင်းနဲ့ အရာရှိတစ်ယောက်၊ဆန်အိတ်တွေ၊ ပဲအိတ်တွေ သယ်ဖို့ စီမံကွပ်ကဲနေခြင်းပါ။

"ဆရာ ကျွန်မက ခန္တီးထောင်ကို ပြောင်းလာတဲ့ ဝန်ထမ်းပါ"

"အော် ဆရာမ ရောက်လာပြီပဲ။ အခုအပတ်သင်္ဘောနဲ့ပါလာမယ် မထင် ဘူး။ ဒါဆို ဆရာမယူရမယ့် ပစ္စည်းတွေသယ်ခဲ့မယ်။ သင်္ဘောဆိပ်အပေါ်ကနေ စောင့်နေပါ။ ကျွန်တော် ရိက္ခာတွေချပြီးရင် လာခဲ့ပါ့မယ်"

နောက်မှသိရ၏။ ဒီဆရာအမည်က ထောင်မှူးဦးခင်မောင်မြင့်၊ နာရီဝက် ခန့်အကြာမှာ ဆရာ ရောက်လာ၏။

"ဆရာမ ဒီဆန်အိတ်တင်ထားတဲ့ ထော်လာဂျီနဲ့ လိုက်သွားပါ။ ကျွန်တော် ကတော့ ရေလမ်းကနေ ရိက္ခာတွေတင်ပြီး လိုက်ခဲ့မယ်"

ဆရာမပစ္စည်းတွေလည်း တင်ပေးလိုက်ပြီ။ ကျွန်မထော်လာဂျီ မောင်းသူရဲ့ ဘေးမှာ ဝင်ထိုင်လိုက်၏။ မောင်းပါပြီ။ အကွေ့အကောက် အတက်အဆင်း လမ်းဆိုပေမယ့် မြေနီလမ်း ချိုင့်ခွက်လမ်း၊ ထော်လာဂျီ မောင်းလို့ထွက်လာတဲ့

မီးခိုးငွေ့တွေက မဲမှောင်လို့။ ထော်လာဂျီအသံက တဒုတ်ဒုတ် တဒိုင်းဒိုင်းနဲ့ တောင်တက်တောင်ဆင်းလမ်းတွေမှာ ယိမ်းထိုးလို့။ ကျွန်မ ဝဲယာ အလှအပတွေကို မကြည့်အား။ လက်ကိုင်တန်းကို ဆုပ်ကိုင်ပြီး လိမ့်မကျအောင်ထိန်းနေရ၏။

ခန္တီးမြို့နဲ့ ထောင်က (၄)မိုင်လောက်ဝေး၏။ ကြမ်းတမ်းတဲ့ တောင်တက်တောင်ဆင်းလမ်းများကို ဖြတ်သန်းပြီးချိန်မှာတော့ ထော်လာဂျီက ထိုးရပ်သွား၏။ စက်ပျက်သွားလို့တဲ့။ ဒီအချိန်မှာ ခန္တီးမိုးက ကျွန်မကို ကြိုဆို၏။ သည်းလိုက်တဲ့မိုး၊ သည်းသည်းမည်းမည်းကို ရွာတော့သည်။ မိုးကြိုးက ဝင်းခနဲ၊ လက်ခနဲ၊ ဒိုင်းခနဲ ပစ်ချလိုက်ပုံများ အမြောက်တွေ တပြိုင်တည်း ပစ်ချလိုက်သလို။

"ဆရာမ ဒီလမ်းကနေ တည့်တည့်လျှောက်သွားပါ။ ခန္တီးထောင်နဲ့ မဝေးတော့ဘူး။ ရောက်တော့မှာပါ။ ကျွန်တော်တို့ ဆရာမ ပစ္စည်းတွေထမ်းပြီး နောက်ကလိုက်ခဲ့မယ်"

ရဲဘက်လေးက ရိုရိုသေသေပြောပြီး သူ့တစ်ကိုယ်လုံးလည်း မိုးရေတွေစို၍ ကြွက်စုတ်တစ်ကောင်လို။ ကျွန်မတစ်ကိုယ်လုံးလည်း သကြင်္န်မိုးမင်းသမီးကျလို့ မိုးရေတွေ စိုရွှဲလို့။ တောင်ပေါ်ကကျလာတဲ့ ရေနီတွေက ကျွန်မခြေထောက်ကို ဖြတ်စီးလို့။ စီးလာတဲ့ ကတ္တီပါဖိနပ်လေးကို လက်ကချွတ်ကိုင်ရင်း ကျွန်မ လျှောက်ခဲ့၏။

သူတို့ပြောတော့ နီးနီးလေးပါ၊ လျှောက်လိုက်ရတဲ့ တောင်တက် တောင်ဆင်းလမ်း ခြေထောက်တွေနာလာတော့ ကျွန်မ ဖိနပ်ကို ချစီးလိုက်၏။ ဖိနပ်ကမကြွ မိုးရေထဲက ရွှံ့မြေတွေမှာ နစ်နေ၏။ ဒါနဲ့ ဖိနပ်ကို ပြန်ချွတ်ပြီး ပြန်လျှောက် နာရီဝက်ခန့် မရှိတရှိမှာ မိုးသည်းသည်းမှာ ထီးထီးကြီးရှိနေတဲ့ ခန္တီးထောင်ကြီးကို ရောက်ပါပြီ။

ထောင်ကြီးက ကျွန်မတို့ မုံရွာထောင်လို ဖြူဖွေးသစ်လွင်မနေဘဲ ရေညှိတွေနဲ့ မည်းညစ်လို့ ဘယ်လောက်မိုးတွေ ရွာထားလဲ မသိ။ အော်…ခန္တီးမိုးနဲ့အတူ ကျွန်မရောက်ခဲ့ပြီ ခန္တီးမြေ။

(၇)

ခန္တီးထောင်မှာ ကိုက်လိုက်တဲ့ဖြုတ်၊ ကိုက်လိုက်တဲ့ခြင်၊ ခြင်ကလည်း နယ်ချဲ့လို့။ ညနေဝင်ချိန်ဆို အုပ်စုဖွဲ့ပြီး လာသလားမသိ။ ကိုက်တာထက် ငှက်ဖျား ပိုးပါတာ အရေးကြီး၏။

ထောင်မှူး ဒေါ်မျိုးမျိုးအောင် ငှက်ဖျားဆေးတွေ သောက်ပြီး အဖျားကမကျ။

ဆရာမ ဒေါ်တင်တင်မျိုး ငှက်ဖျားမိလို့ ဆေးထိုးတိုင်း ကြောက်လို့ အော် တဲ့အသံက အတိုင်းသား၊ ဝန်ထမ်းတွေလည်း ငှက်ဖျားမိလို့ ငှက်ဖျားရုပ်လေးတွေ၊ သူ့အို၊ သူနာရုပ်ပေါက်နေ၏။

ကျွန်မကတော့ သူတို့တတွေကြည့်ပြီး အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် အမြဲဝတ်ထား၏။ ခြင်ကိုက်ပြီး ငှက်ဖျားမိမှာကြောက်လို့ပါ။ မကြောက်လို့လည်း မရ။ ကိုယ့်ရှေ့ကသူတွေ ခံစားနေတာမချိမဆန့် အကျဉ်းသူတွေကတော့ အခြားထောင်မှာလိုမဟုတ်။ ခြင်တောင်ကို အရှည်ကြီး အကြီးစားချုပ်ပြီး တန်းစီ ဝင်အိပ်ကြ၏။ သူတို့အတွက် ဂွမ်းစောင်ပါးတွေ စောင်တွေထုတ်ပေးတာလည်း မြင်ခဲ့ရ၏။ အကျဉ်းသူကလည်းမများပါ၊ လက်ချိုးရေတွက်လို့ ရ၏။ အများစုက တိုင်းရင်းသားသူတွေ၊ အမှုတွေက မူးယစ်ဆေးဝါးမှုတွေများ၏၊ သူတို့တွေ ရိုးရိုးသားသား မလုပ်စားကြပဲ မူးယစ်ဆေးဝါးတွေ ဘာလို့ ရောင်းဝယ်ကြပါလိမ့်။ မြို့ပေါ်မှာလို ဘိန်းဖြူမဟုတ် ဘိန်းမဲတွေ၊ လီဆူးမလေးတစ်ယောက်ကို ကျွန်မမေးကြည့်၏၊ သူမက မူးယစ်ဆေးဝါးမှုနဲ့ အပြစ်ကျလာသည်။ ပြီးတော့ ရှားရှားပါးပါး ၁၀တန်းအောင်ထားသူ၊ လူပုံက နွဲ့နွဲ့ဖြူဖြူလေးနဲ့ ကိုရီးယားမလေးနဲ့ အတော်တူ၏။

အမည်က အားကီရဲ။

"ဘိန်းမဲရောင်းတော့ ငွေများများရတယ်လေ။ အစကတော့ ကျွန်မလည်း မရောင်းပါဘူး။ ကလေးတစ်ယောက်ရပြီး ယောကျ်ားက နောက်မိန်းမယူသွား လို့ ရောင်းဖြစ်သွားတာပါ"

"နေပါဦး၊ နင်တို့ အဲဒီဘိန်းမဲတွေ ဘယ်နားသွားဝယ်ကြတာလဲ"

"နာဂ ရွာတွေ သွားဝယ်ကြတာပေါ့။ ဒီတောင်တန်းကြီးပေါ်မှာ နာဂ ရွာတွေက တစ်ရွာနဲ့ တစ်ရွာ ဆက်နေကြတာ။ လူစိမ်းဝင်လာရင် သူတို့က အချက်ပေးပြီးသား။ နာဂရွာ ၁၀ ရွာလောက်ဖြတ်ပြီးရင် ဘိန်းမဲရတဲ့ရွာ ရောက် ပြီလေ။ အဲဒီရွာတွေက ဆရာမတို့ အစိုးရနဲ့ ဗိုလ်ကြီးတွေကို မသိဘူး။ သူတို့ မှာ နာဂဗိုလ်ကြီးတွေ ရှိတယ်လေ။ အဲဒီဗိုလ်ကြီးတွေဆီက ဘိန်းမဲဝယ်လို့ရတယ်။ အရမ်းချမ်းသာတာ၊ ဆရာမတို့လို သေးသေးလေးတွေ မဝတ်ဘူး။ အခေါက်ရွှေ တွေကို လိမ်ပြီး ပတ်လိုက်ရင် လက်ကောက်ဆွဲကြိုးရပြီ။ ရွှေကသန့်တော့

အိနေပြီး လိမ်လို့ရတယ်လေ။ သူတို့ဆီက ဘိန်းမဲဝယ်ရတယ်။ သူတို့က သစ္စာရှိရင်ကြိုက်တယ်။ လိမ်ရင်ညာရင် မုန်းတယ်လေ။ ပိုက်ဆံကို တစ်ဝက်ပေးပြီးမှ ကျန်တဲ့တစ်ဝက်ကို ဘိန်းမဲရောင်းပြီးမှ ငွေချေရတာ၊ ညာလို့မရဘူး။ လိမ်ရင် ဝါးကြောနဲ့ လည်ပင်းလှီးသတ်တာ"

ဘုရားရေ…။

သူတို့သတ်နည်းကလည်း ကြောက်စရာ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုပုံပြင်တွေကလည်း တစ်ယောက်တစ်မျိုး မရိုးနိုင်ပေ။

ခန္တီးထောင်ကသေးတော့ လုပ်ငန်းက သိပ်မရှိ။ နံနက်ပိုင်း တန်းဖွင့်လူစစ် ဆန်ပြုတ်တိုက်ပြီး လုံခြုံရေး လှည့်ပတ်စစ်ရင်ပြီးပြီ၊ အေးဆေးလှ၏။

အကျဉ်းသူများကတော့ တစ်ထောင်လုံးကျွေးတဲ့ ဆန်တွေကို ပြာကြ၊ စပါးလုံးရွေးကြ၊ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် စိုက်ခင်းတွေ ရေလောင်း သူတို့အလုပ်။

ခန္တီးထောင် တာဝန်ကျစဉ် "သူမနဲ့"ဆုံဆည်းခဲ့ရ၏။ သူမက နိုင်ငံရေးပြစ်မှု၊ ပြစ်ဒဏ်က ၂၅ နှစ်၊ ကွန်ပြူတာကျွမ်းကျင်နဲ့ ဘွဲ့နှစ်ဘွဲ့ရထားသူ။ ခဲမှန်ဘူးတဲ့ စာသူငယ်လို ကျွန်မစကားကို သတိထားပြီး ထိန်းပြောရ၏။ သူမက ကျွန်မညီမအရွယ်ပါ။ ကျွန်မထက် ငယ်တာပေါ့။

"ညီမရေ၊ အစ်မတို့ ဒီအချိန်မှာ တာဝန်ကို ခဏမေ့ထားမယ်။ ညီမလည်း ညီမခံယူချက်ကို ခဏမေ့ထားလိုက်။ တူညီတာတစ်ခုကတော့ ရှိတယ်လေ။ အဲဒါကတော့ ညီမလည်း အုတ်နံရံ ၄ ဘက်ကြားမှာ ရောက်နေတာ။ အစ်မလည်း အုတ်နံရံ ၄ ဘက်ကြားမှာ ရောက်နေတာ။ ခံစားချက်ကတော့ အတူတူပဲ။ ညီမလည်း မိဝေးဖဝေးမှာ ရောက်နေတာ။ အစ်မလဲ မိဝေးဖဝေးမှာ ရောက်နေကြတာလေ။ လိုအပ်တဲ့ အခက်အခဲကိုပြောပါ။ အစ်မ စည်းဘောင်အတွင်းက အကူအညီပေးပါမယ်။ အစ်မ မတတ်နိုင်တာတော့ အထက်အရာရှိကို တင်ပြရမှာပေါ့။ အားမငယ်ပါနဲ့။ ဘုရားတရားမမေ့ပါနဲ့၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အခွင့်အရေးတွေ ရောက်ဦးမှာပါ။ ကျန်းမာအောင်နေနော်"

ကျွန်မရဲ့ ဖြူစင်တဲ့ အားပေးစကားများပါ။ အကျဉ်းသူများ အားလပ်ချိန် ကစားရန် ကျွန်မအိမ်မှ ကြက်တောင်နဲ့ ဘက်တံယူပြီး ကြက်တောင်တစ်လှည့်စီ ရိုက်ကြ၏။ သူမလည်းကြက်တောင်ဝင်ရိုက်၏။ ခန္တီးရဲ့ အေးချမ်းတဲ့ နံနက်ခင်း

မှာ ကျွန်မတို့မိန်းမဆောင်ကို ပတ်ပြေးကြသည်။ ကချင်၊ နာဂ၊ လီဆူ အကျဉ်းသူလေးတွေကလည်း ကျွန်မနောက်က လိုက်ပြေးကြ၏။

ခန္တီးမိန်းမထောင်က မုံရွာမိန်းမထောင်လိုမဟုတ်။ အကျယ်ကြီး၊ အဆောင်မျက်နှာစာမှာ နှင်းဆီ၊ စပယ်တွေ စိုက်ထား၏။ စပယ်ပန်းတွေက နှင်းပွင့်နှင်းခဲတွေအောက်မှာ ဖွေးဖွေးလှုပ်၊ တခါခူးပြီးရင် ပလတ်စတစ်ခွက် အကြီးနဲ့ နှစ်ခွက်ကျော်ကျော်ရ၏။

ဘုရားလှူ ပန်းကြိုက်တဲ့ ဝန်ထမ်းဆရာမတွေလည်းပန်၊ တိုင်းရင်းသားအကျဉ်း သူခေါင်းတွေမှာလဲ စပယ်ပန်းကုံးတွေ တဝေဝေနဲ့ မွှေးပျံ့လို့၊ အထက်လူကြီးတွေကလည်းခန္တီးထောင်ကို ဘေးမဲ့ပေးထားပုံရ၏။ သိပ်မလာကြ။ တစ်ခါတလေမှ လာကြ၏။ သူမနဲ့ ကျွန်မလည်း အဆင်ပြေနေ၏။ အဆင်ပြေတာလည်းကောင်းပါတယ်။ သူတို့စိတ်က ခန့်မှန်းရခက်၏။ အခုတော့ သူမက ကျွန်မကို စစ်တုရင် ကစားနည်း သင်ပေး၏။ ကျွန်မတတ်လာတော့ အားချိန် သူမနဲ့ ကစား၏။ ကျွန်မတို့ ကစားပွဲ တစ်ခါတလေကြာ၏။ သူမက တိုက်စစ်နဲ့ ကစား၏။ ကျွန်မက ခံစစ်နဲ့ ပိတ်ဆို့ပြီး အရှုံးမပေး။

"ဆရာမက ဉာဏ်ကောင်းတယ်။ လွယ်လွယ်နဲ့ အနိုင်ယူလို့ မရဘူး။ ဆရာမက ခံစစ်ကောင်းတာပဲ။ အခြားသူတွေနဲ့ကစားရင် သူတို့က လွယ်လွယ်နဲ့ အရှုံးပေးကြတော့ ကြာတော့ ပျင်းစရာကောင်းတယ်။ ဆရာမနဲ့ ကစားရတာ စိတ်ဝင်စားစရာကောင်းတယ်။ နေပါဦး မေးပါဦးမယ်။ ဘုရင်မတို့ဘုရင်တို့ဆိုတာ လုပ်ပိုင်ခွင့်တွေ အများကြီး အခွင့်အရေးတွေ အများကြီးဒါကို ပွန်းလေးတွေနဲ့ ဘာလို့လဲပစ်ရတာလဲ၊ အမှန်ဆို ပွန်းလေးတွေကို ကျွေးပစ်ရမှာလေ"

ဒါ သူမမေးခွန်းများ။

ကျွန်မကလည်းမကောင်း၊ သင်ပေးတဲ့သူကိုမှအားမနာ၊မနိုင်မှန်းသိပေမဲ့ လွယ်လွယ်နဲ့ အရှုံးမပေး။ တစ်ခါတလေ ခံစစ်ကောင်းဖို့အတွက် အကောင်ကြီးတွေကိုလည်း ပွန်းရုပ်လေးတွေနဲ့ လဲရင် လဲပစ်တတ်သူ။

"ကျွန်မက အစွဲမထားဘူး။ အကောင်သေးလေးတွေမှာလဲ ကိုယ်ပိုင်အစွမ်းတွေ ရှိတယ်လေ။ ခံစစ်ကောင်းဖို့အတွက်ဆိုရင် ကျွန်မကလဲပစ်ရင် လဲပစ်မှာပဲ"

သူမ ပြုံးနေ၏။

"ဆရာမက စစ်တုရင်ထဲက ကာဆယ်ကြီး (စစ်သူကြီး)ပဲ။ အတော်ကို တော်တာပဲ။ ဒီနေ့ကစပြီး ဆရာမလို့ မခေါ်တော့ဘူး။ ကာဆယ်ကြီးလို့ ခေါ်တော့မယ်"

ထိုနေ့မှစ၍ သူမက ကျွန်မကို ကာဆယ်ကြီးလို့ ခေါ်၏။

အခုတော့လည်း-

မှိုင်းညို့ မြင့်မားပြာလွင့်တဲ့ နာဂတောင်တန်းကြီးလည်း အဝေးမှာ၊ ကျွန်မ အနှစ် ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ အကျဉ်းထောင်ကြီးတွေကလည်း အဝေးမှာ၊ စိတ်ထားနှလုံးသားလှတဲ့ ဆရာမလို့ ပိုင်းချစ်ကြတဲ့ အကျဉ်းသူတွေကလည်း ကျွန်မနဲ့ အဝေးဆုံးနေရာတွေမှာလေ။


ကျွန်မတစ်ယောက်ထဲ ခယောင်းလမ်းကို လျှောက်ခဲ့သူများကို တွေးရင်း လွမ်းရင်း ရေးရင်းပေါ့။ လွတ်လပ်တဲ့ "ဘဝ"တစ်ခု သယ်ပိုးရင်း ပြာလွင်တဲ့ ကောင်းကင်ထဲက ငှက်ကလေးတစ်ကောင်လို ကျွန်မပျံသန်းချင်ပါသည်။

ဆန္ဒများစွာနဲ့ပေါ့-

(ကျွန်မနဲ့ အဝေးဆုံးသူများ)

ရွှေသုန္ဒရီ(သလ္လာဝတီ)
(၂၅-၂-၂၀၂၂)

◆ ◆ ◆


ခယောင်းလမ်းကိုလျှောက်ခဲ့သူများ
ဂျေးလ်ဆယ်လီကျော်ဝင်း
ခင်မောင်ထွန်း (အကျဉ်းဦးစီး)
ထောင်မှူးကြီးကိုကို